မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား
စာအုပ်အမှတ်(၃၁)မှ အမှတ်(၃၉) အထိ၊
ကျမ်း ၉ အုပ်ကို
အနှစ်ချုပ်၍ ဖော်ပြထားသည်။
ဤစာအုပ်တွင် ဆရာတော် ဟောထားသော
တရားအပုဒ်ပေါင်း ၁၁၂ ပုဒ် ပါသည်။
ထို စာအားလုံးကို တစ်ပုဒ်ချင်း အရသာခံ၍
တရားသဘောကို ထိထိမိမိ သိရအောင်
အနှစ်ချုပ် (Digest) ရေးထားပါသည်။
ဤ စာတစ်အုပ်ကို ဖတ်ရလျှင်
မူရင်း စာအုပ်ကြီး ၉ အုပ်ကို ဖတ်ရသကဲ့သို့
တရားအရသာ ခံစားရအောင်
တရားအမြင် အားလုံးကိုပါ သိနားလည်အောင်
ဆရာဆန်းလွင် (ရှင်အာဒိစ္စရံသီ) က
ကြိုးပမ်းထားပါသည်။

# ဆန်းလွင်

(ရှင်အာဒိစ္စရံသီ)

# မိုးကုတ်ဝိပဿနာ

## အလုပ်စဉ်တရားစာအုပ်

( ၃၉ အုပ် အနှစ်ချုပ် )



စတုတ္ထကဏ္ဍ
( စာအုပ် အမှတ် ၃၁ မှ ၃၉ အထိ )

နန်း ဧ ဝီ စာ ပေ
အမှတ် ၂၀၀၊ ပထမထပ်၊ ၃၆ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃
E-mail:naneizar@myanmar.com.mm

စာမူခွင့်ပြုချက်အမှတ်

၄၀၂/၂၀၀၂ (၁၁)

◆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၄၀၁၄၀၅၁၂၀၈

◆

ပထမအကြိမ်

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ

◆

မျက်နှာဖုံးပန်းချီ

ကျော်ဖြူစံ

◆

မျက်နှာဖုံးဒီဇိုင်း

ချစ်ကြည်

◆

အတွင်းဖလင်

AZ

◆

တန်ဖိုး

၃၀၀၀ ကျပ်

◆

အုပ်ရေ

၅၀၀

◆

ထုတ်ဝေသူ

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၀)
အမှတ် ၁၁၁၊ ၁၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◆

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်ဇင်၊ ခိုင်ရည်မွန်ပုံနှိပ်တိုက် (၀၄၂၂၉)
အမှတ် ၈၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

◆

# ဆဝန်းလျှင်

(ရှင်အာဒိစ္စရံသီ)

# မိုးကုတ်ဝိပဿနာ

## အလေ့ပ်စဉ်တရားစာအုပ်

( ၃၉ အုပ် အနှစ်ချုပ် )

စတုတ္ထကဏ္ဍ
( စာအုပ် အမှတ် ၃၁ မှ ၃၉ အထိ )

# မိုးကုတ်ဆရာတော်ဘုရားကြီး
# ဦးဝိမလ
## (၁၂၆၁–၁၃၂၄)

မန္တလေးတိုင်း၊ မြစ်ငယ်မြို့နယ် (ဒုဋ္ဌဝတီ) ခေါ် မြစ်ငယ်မြစ် တစ်ဖက်ကမ်းရှိ ဥယျာဉ်တော်ရွာတွင် ခမည်းတော် ***ဦးအောင်ထွန်း***၊ မယ်တော် ***ဒေါ်ရွှေအိတ်*** တို့မှ သက္ကရာဇ် ၁၂၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် နှစ်နာရီ မိနစ်သုံးဆယ်အချိန်တွင် ဖွားမြင်တော်မူသည်။ အမည်ရင်းမှာ မောင်လှဘော်ဖြစ်သည်။ အသက် ၉ နှစ်သားအရွယ်တွင် ဥယျာဉ်တော်ရွာ ဂွေးပင်တောရကျောင်းဆရာတော် ***ဦးဇာဂရ*** ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် သွတ်သွင်းပြီး ဘွဲ့တော်မှာ ***ရှင်ဝိမလ*** ဖြစ်သည်။ ကိုရင်ဝိမလ ၁၂ နှစ်သားအရွယ်တွင် သက်န်းတော်ကို ပထမအကြိမ် ပျားစွဲသည်။

အစ်မကြီး အရင်းဖြစ်သူ သီလရှင် ***ဒေါ်သုစာရီ*** က အမရပူရမြို့ မင်္ဂလာကျောင်းတိုက် ဆရာတော်ကြီး ***ဦးသုဇာတ*** ထံ အပ်နှံ၍ ဆရာတော်ကြီးနှင့် အဘိဓမ္မာအရာတွင် နာမည်ကျော် ***ပထမကျော် ဦးအုန်း*** တို့ထံတွင် အဘိဓမ္မာပညာရပ်များကို သင်ယူခဲ့သည်။

၁၂၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့ သက်တော် ၂၀ အရွယ်တွင် မင်္ဂလာတိုက်ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ရဟန်းခံယူသောနေ့ အိမ်မှ ထွက်တော်မူရာတွင် သက်န်းတော်ကို ဒုတိယအကြိမ် ပျားစွဲသည်။

၁၂၈၃ ခုနှစ်တွင် အစ်မဖြစ်သူ သီလရှင် ***ဒေါ်သုစာရီ*** နှင့် မိုးကုတ်မြို့သူ သီလရှင် ***ဒေါ်ဝိစာရီ*** တို့က ဒုတိယအကြိမ် သိမ်ထပ်သိက္ခာတင် မင်္ဂလာပြုကြရာမှ မိုးကုတ်ဆရာတော်ဟူသော အမည်တော်ကို ခေါ်ဝေါ်နိုင်ရန် အခြေခံ အကြောင်းတစ်ရပ် ဖြစ်ခဲ့သည်။

၁၂၈၆ ခုနှစ်တွင် ပထမကျော်ဆရာကြီး ဦးအုန်း လက်စမသတ်ခဲ့ရသော နာမည်ကျော် ***'အဘိဓမ္မာတံခွန်ကျမ်းကြီး'*** ကို လက်စသတ် ရေးသားတော်မူသည်။ ***'ယမကမဉ္ဇရီကျမ်း'*** နှင့် ***'ပုထုဇန အလင်းပြကျမ်း'*** များကိုလည်း ပြုစုတော်မူခဲ့သည်။

ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်ကို မိုးကုတ်ဆရာတော်၏ တရားစာအုပ်များကို ဖတ်ကြည့်မိမှ နားလည်သည်ဟု စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးများကပင် ချီးကျူးရသည်။

၁၃၀၃ ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မိုးကုတ်မြို့၌ သီတင်းသုံး နေထိုင်တော်မူသည်။ ၁၃၀၇ ခုနှစ်တွင် ညောင်လေးပင်၊ အမရပူရ၊ မန္တလေးနှင့် မိုးကုတ်မှ တပည့်ဒါယကာ၊ ဒါယိကာမများကို နှိုးဆော်ကာ ရန်ကုန်မြို့၊ ဗိုလ်တထောင်စေတီတော်၌ ရတနာစိန်ဖူးတော်ကို တင်လှူတော်မူခဲ့သည်။

၁၃၁၆ ခုနှစ်တွင် ***ဒေါ်ဒေါ်အုံ၊ ဒေါ်ဒေါ်ဖုံ*** တို့က မိုးကုတ်မြို့တွင် ***'မင်္ဂလာတိုက်'*** ဟု ကမ္ပည်းထိုးကာ တိုက်ကျောင်း ဆောက်လုပ်လှူဒါန်းတော်မူသည်။ စစ်ဘေးစစ်ဒဏ်မှ ပို၍ စိတ်ချရန် မိုးကုတ်မြို့နှင့် ၄ မိုင်ခန့်ဝေးသော ဘော်ဘတန့် တောင်ပေါ်ရွာရှိ ကျောက်လိုဏ်ဂူများတွင် ကြွရောက် သီတင်းသုံးတော်မူသည်။

၁၃၂၄ ခုနှစ် ဝါဆိုလဆန်း ၇ ရက်နေ့တွင် သာသနာရေးဦးစီးဌာနမှ လှူဒါန်း ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

၁၃၂၄ ခု သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် တစ်နာရီ မိနစ်နှစ်ဆယ် အချိန်တွင် ခန္ဓာဇာတ်သိမ်း၍ အကြွင်းမဲ့ အေးငြိမ်းတော်မူပြီး ဘဝနတ်ထံ ပျံလွန်တော်မူသည်။



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး



ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

# ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

## (၁၉၃၈-၂၀၀၂)

ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် အဘ ဦးဖိုးညွန့်၊ အမိ ဒေါ်လှကြီးတို့မှ ၁၉၃၈ ခု ဇန်နဝါရီ လ ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဆန်းလွင် ပင် ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ဒဿနိကဗေဒ ဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ (ရွှေတံဆိပ်) ရသည်။ မဟာဝိဇ္ဇာတန်း တက်ပြီးနောက် မြစ်ကြီးနား ကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်များ၌ ကထိက အဖြစ် အမှုထမ်းဆောင်ခဲ့သည်။

အသက် ၁၈ နှစ်အရွယ်တွင် မိဘရိုးရာ အစ္စလာမ်ဘာသာမှ ခရစ်ယာန် ဘာသာသို့ ဝင်ရောက် လေ့လာပြီး မနှစ်သက်၍ လေးနှစ်အကြာတွင် ခရစ်ယာန် ဘာသာကို စွန့်လွှတ်လိုက်သည်။

အသက် ၂၂ နှစ်တွင် ကွန်မြူနစ်ဝါဒကို လေ့လာပြီး ဘာသာအယူဝါဒများကို စွန့်ပယ်၍ ကမ္ဘာ့အတွေးအခေါ် မျိုးစုံ၊ ဘာသာမျိုးစုံကို လေ့လာသည်။

အသက် ၃၂ နှစ်တွင် ဗုဒ္ဓကိုယ်ကျင့်တရား ပညာကျမ်း ပြုစုရန် ပါမောက္ခ၏ တာဝန် ပေးချက်အရ ကမ္ဘာ့အေး ဗုဒ္ဓဘာသာ တက္ကသိုလ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာကို စတင်လေ့လာသော အခါမှ စ၍ မိမိ ရှာဖွေနေသော သစ္စာဝါဒကို တွေ့ပြီဟု ဝမ်းသာပြီး ပိဋကတ်သုံးပုံ (မြန်မာပြန်) ကို ကုန်အောင် လေ့လာသည်။

၁၉၇၂ တွင် တက္ကသိုလ်က ထွက်ပြီး ရုပ်ရှင်ဒါရိုက်တာ ဇာပ်သည်။ ဒါရိုက်တာ အဖြစ် *'မျက်နှာငယ်ရမှာက မောင့်ချစ်ဦး'၊ 'လောကကို အလှဆင်မယ်'၊ 'မနော်ဟရီအလှ'* ရုပ်ရှင် ဇာတ်ကားများနှင့် ရုပ်ရှင်ဇာတ်ညွှန်း အနေဖြင့် *'ငါ့ညီ ငါ့မြေ ငါ့အမေ'၊ 'လကွယ်မိုးနှောင်း'* နှင့် *'မသည်းနှုရဲ့ သံသရာ'* ဇာတ်ကားများကို ရေးသားခဲ့သည်။ *'ရုပ်ရှင်အနုပညာနှင့် ရုပ်ရှင် အတတ်ပညာကျမ်း'* ကို ဆန်းလွင် အမည်ဖြင့် ပြုစုခဲ့သည်။ *'ဖဲသမား'* (Gambler) အမည်ဖြင့် ပြန်ဆိုခဲ့သော ဘာသာပြန်ဝတ္ထုမှာ ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန် စာပေ စတုတ္ထဆု ရရှိခဲ့သည်။

လုံးချင်းစာအုပ်များ အနေဖြင့် *သျှင်ဥတ္တမဂျော်သို့ ပြန်ကြားချက်နှင့် ရွှေဥဒေါင်းသို့ ပြန်ကြားချက်၊ ဖီလိုဆိုဖီ ကကြီး ခကွေး၊ ကမ္ဘာ့တွေးခေါ် ရှင်ကြီးများ၊ တိုင်းစတိုင်း၊ ဘာထရန်ရပ်ဆယ်၊ တရုတ်တွေးခေါ် ရှင်ကြီးများ၊ ဂရိရှေးတွေးခေါ် ရှင်ကြီးများ၊ တရားတွေ့ဖို့ ချမ်းမြေ့ဖို့ အတွေးအမြင် ဆောင်းပါးများ၊ ကျူရှိုးရှင်၊ ထိပ်ဆုံးက စပိုင်၊ ရွှေတောင်တက်ဒဿန၊ ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်အကြောင်း၊ သစ္စာဉာဏ်ပွင့် ဒဿန၊ သေခြင်း ဒဿန၊ ဂိုးလ်စတိန်း ကိုယ်တွေ့ ဝိပဿနာ (ဦးဟန်ထွေးနှင့် ပူးတွဲရေးသည်)၊ မိုးကုတ် ဝိပဿနာ ရှုနည်း၊ ထေရဝါဒ အတ်မြစ်များအဖွင့်၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန၊ ဗုဒ္ဓဘာသာ သိမှတ်ဖွယ်ရာများ၊ ထေရဝါဒ အခြေခံ အယူအဆများကို အဆင့်မြင့် နားလည်ခြင်း၊ ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး တရား၊ မွေ ဒဿနစာစု စသည်များအား* ရေးသားခဲ့သည်။ တက္ကသိုလ် အောင်မှူး အမည်ဖြင့်လည်း *စိတ်ညှို့ အိပ်မွေ့ချနည်းနှင့် အသုံးချနည်း အပြည့်အစုံ* စာအုပ်ကို ရေးသားပြုစုခဲ့သည်။ အင်တာနေရှင်နယ် မဂ္ဂဇင်းနှင့် မွေရှုပ်စုံမဂ္ဂဇင်းတို့တွင် အယ်ဒီတာချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

အသက် ၅၈ နှစ်တွင် ပဲခူးတိုင်း၊ ဒိုးသောင်ကျေးရွာ၊ ရွှေမင်းဝင်ရပ်ကွက်၊ မွေစာရီကျောင်း တွင် ရဟန်းအဖြစ် ခံယူပြီး ရွှေမင်းဝင် နိုင်ငံတကာ ဝိပဿနာ အလုပ်စခန်းကို ဖွင့်လှစ်ခဲ့သည်။ ၂၆၊ ၁၁၊ ၂၀၀၂ (အင်္ဂါနေ့) ည ၁၀ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ရည်ညွှန်းချက်

မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်များကို ရက်ရောသော စေတနာဖြင့် လှူဒါန်းခဲ့ကြသော ဓမ္မမိတ်ဆွေ ဦးဝင်းလှိုင်၊ ဒေါ်အေးအေးရီ မိသားစုနှင့် ဦးမြင့်တင်၊ ဒေါ်သိန်းသိန်းဆင့် မိသားစုတို့အတွက်

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၃၁)** | | |
| ၁။ | ဒိဋ္ဌိပြုတ်ရင် သောတာပန် တည်သည် | – | ၁၆ |
| ၂။ | တဏှာသတ်ရင် သကဒါဂါမ် တည်နိုင်ကြောင်း | – | ၁၈ |
| ၃။ | လူမိုက်နှင့် လူမိုက်ထက် ပိုမိုက်သောသူ | – | ၂၂ |
| ၄။ | ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးနှင့် တရားနာနေကြပုံ | – | ၂၅ |
| ၅။ | အနိစ္စနှင့် အနိစ္စလက္ခဏာ | – | ၂၇ |
| ၆။ | အာယတန ၁၂ ပါး အဆိပ်ရောသောရေ မသောက်မိစေရန် | – | ၃၀ |
| ၇။ | ခဏကောင်းကို မလွန်ကြပါစေနဲ့၊ နောက်ပိုင်း အဂ္ဂိဝစ္ဆသုတ် | – | ၃၂ |
| ၈။ | နိဗ္ဗာန်သွား လမ်းပြမြေပုံကြီး | – | ၃၅ |
| ၉။ | နှလုံးသွင်း မှန်ရမည်။ အားထုတ်မှု ရှိရမည်။ | – | ၃၇ |
| ၁၀။ | သင်္ခါရတရား အလုပ်ပေးတရား | – | ၃၉ |
| ၁၁။ | စကားနှစ်ခွန်း အလုပ်ပေးတရား | – | ၄၀ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၃၂)** | | |
| ၁။ | အခေါ်ရှိနှင့် တကယ်ရှိ၊ အရှိနှစ်ပါး ခွဲခြားရန် | – | ၄၈ |
| ၂။ | ဩဃ လေးပါးမှာ နစ်မြုပ်နေပုံ၊ ၎င်းမှ ထွက်ပုံ | – | ၅၁ |
| ၃။ | ဘုရား ဖြစ်တာသည် ပဋိစ္စသမုပ္ပါဒ် သိလို့ | – | ၅၄ |
| ၄။ | သစ္စာလေးပါး | – | ၅၇ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅။ | နိဗ္ဗာန် အရှာမလွဲရန် | – | ၆၀ |
| ၆။ | ရှေ့နောက် မလွဲကြစေနဲ့ (ဝိပဿနာ အားထုတ်မှုနှင့် သားရေး၊ သမီးရေး ရှေ့နောက် မလွဲကြစေနဲ့) | – | ၆၂ |
| ၇။ | ဆန္ဒ ဂုဏ်တာဝန်နှင့် ဒကာ့တာဝန်(အဇေလ ကဿပမေး၊ ဘုရားဖြေ) | – | ၆၆ |
| ၈။ | မိတ်ဆွေကောင်း တစ်ယောက်က ပြောသည်ဟု သဘောထားပြီး ကျင့်လျှင်ပင် အကျိုး ဖြစ်ထွန်းနိုင်ပါပြီ။ | – | ၇၀ |
| ၉။ | ကိုယ့်အသေ ကိုယ်ကြည့်ရင် ဝိပဿနာ | – | ၇၂ |
| ၁၀။ | သက္ကာယဒိဋ္ဌိ ခွာရေးတရား | – | ၇၆ |
| ၁၁။ | သေရမှာ ကြောက်သူနှင့် သေရမှာ မကြောက်သူ | – | ၇၈ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၃၃)** | | |
| ၁။ | ဒီခန္ဓာ ပယ်ချပြီးနောက် ခန္ဓာမရတာ အကောင်းဆုံး၊ အရှင်ဆန္ဒ ဝတ္ထု (၁) | – | ၈၇ |
| ၂။ | တွင်းအောင်းသော ကြွက်ပမာ၊ ပုဂ္ဂိုလ် ၄ မျိုး၊ အရှင်ဆန္ဒဝတ္ထု (၂) | – | ၈၉ |
| ၃။ | အလေးဂရုပြု၍ နေစရာ၊ အရှင်ဆန္ဒ ဝတ္ထု (၃) | – | ၉၂ |
| ၄။ | တရားနာရင်း မဆုံးခင် ထပြေးသူ၊ အဓိပတိ သုံးပါးနှင့် တရား အားထုတ်ပါ၊ နံနက် အားထုတ်၊ ညနေ တရား ရနိုင်သည် | – | ၉၄ |
| ၅။ | ဟာသိတမြို့ ဦးမာဒင်အား ဟောကြားဆုံးမသော တရား | – | ၉၇ |
| ၆။ | သဒ္ဓါ တရားဖြင့် ဩဃကို လွန်မြောက်နိုင်ပုံ | – | ၁၀၂ |
| ၇။ | မာဂဏ္ဍီ အယူနှင့် ဘုရားအဖြေ | – | ၁၀၄ |
| ၈။ | ကိုယ်တွင်း စုံစမ်းရေး | – | ၁၀၈ |
| ၉။ | ဘေးကြီးလေးပါး အလုပ်ပေးတရား | – | ၁၁၀ |
| ၁၀။ | ပဏ္ဍိတာနုဋ္ဌ သေဝနာ | – | ၁၁၂ |
| ၁၁။ | နီဝရဏ ပယ်နည်း (၁)၊ သံသရာတွင်း နေထိုင်ရပုံ | – | ၁၁၄ |
| ၁၂။ | နီဝရဏ ပယ်နည်း (၂) | – | ၁၁၇ |
| ၁၃။ | နီဝရဏ ပယ်နည်း (၃) | – | ၁၂၀ |

စဉ် အကြောင်းအရာ စာမျက်နှာ

**မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၃၄)**

၁။ ဗာလပဏ္ဍိတ သုတ် အဆက်၊ သူတောင်းစား ခြောက်ယောက် ဥပမာပြ - ၁၂၈
၂။ ဝိပဿနာအစ စိတ်ဝိညာဉ်က ဖြစ်ပုံ၊ သမ္မာဒိဋ္ဌိ ၅ မျိုး - ၁၃၁
၃။ ဝိပဿနာ သမ္မာဒိဋ္ဌိနှင့် မဂ္ဂသမ္မာဒိဋ္ဌိ ရှင်းပုံ - ၁၃၄
၄။ သမ္မာဒိဋ္ဌိ ၅ မျိုးမှ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိကို ရှင်း၊ နောက်ပိုင်း တဏှာကောက်ပုံ ရှင်း - ၁၃၈
၅။ သမ္မာဒိဋ္ဌိ ၅ မျိုးမှ မဂ္ဂသမ္မာဒိဋ္ဌိနှင့် ဖိုလ်သမ္မာဒိဋ္ဌိကို ရှင်း - ၁၄၀
၆။ အဇာတသတ်ကို ဟော– နိဝရဏ ငါးပါးမှ ကာမစ္ဆန္ဒ နိဝရဏ - ၁၄၃
၇။ အဇာတသတ်ကို ဟော၊ နိဝရဏ ငါးပါးမှ ဒေါသနှင့် ထိနမိဒ္ဓကို ပယ်နည်း - ၁၄၅
၈။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ နိဝရဏတရားတော် - ၁၄၇
၉။ ကုက္ကုစ္စအပြစ် ကြောက်စရာကောင်းပုံ (အာစိဏ္ဏကံ၊ အာသန္နကံ၊ ရေကပတ္တနဂါး ဥပမာပြ) - ၁၄၉
၁၀။ နိဝရဏအဆက်၊ ဝိစိကိစ္ဆာ သတ်ပုံ - ၁၅၁
၁၁။ ဘိက္ခုနီမ ငါးရာအား အရှင်နန္ဒာက နွား စားနှင့် အသားအရေခွာ ပမာပြ တရား - ၁၅၄
၁၂။ ဣန္ဒြိယ ဘာဝနာသုတ်၊ ကိုးကွယ်ရာ အားထားရာ ရှိကြပါစေ - ၁၅၇

**မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၃၅)**

၁။ သူဌေးကတော် ဓမ္မဒိန္နာ ကျွတ်တမ်းဝင်သောနေ့ - ၁၆၄
၂။ အရှင်နန္ဒက ဘိက္ခုနီမ ငါးရာအား တရားပေးပုံ - ၁၆၉
၃။ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် ပိုင်းခြားပုံ - ၁၇၃
၄။ ကိုယ့်အရေးကို ကိုယ်သိရှိရန် - ၁၇၆
၅။ ဘုရားဝါဒနှင့် ဘုရား ဟောလေ့ရှိသော တရား - ၁၇၇
၆။ မီးတစ်ဆယ့်တစ်ပါး လောင်နေပုံ - ၁၈၀
၇။ သခ်တဒ္ဒိ အသခ်တကို ရှာပုံ - ၁၈၂
၈။ ဝေဒနာ ကမ္မဋ္ဌာန်းရှုနည်း - ၁၈၄

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၉။ | ပဋိစ္စသမုပ္ပါဒ်ကို နားမလည်လို့ အပါယ်တွင် လှစည်နေပုံ | – | ၁၈၇ |
| ၁၀။ | စိတ္တာနုပဿနာ ရှုနည်း၊ အလွန် မှတ်သားဖွယ်ရာများ | – | ၁၉၀ |
| ၁၁။ | မဂ်အတုအယောင် ၁၀ ပါး ပေါ်လာပုံ | – | ၁၉၃ |
| ၁၂။ | အတ္တနှင့် အဲတ္တနိယ ပြုတ်ရေး | – | ၁၉၅ |
| ၁၃။ | ဘယ်တရား ပို့တဲ့ဆီ သွားကြမလဲ၊ တရားပဲ အားကိုးစရာ ရှိပုံ | – | ၁၉၈ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၃၆)** | | |
| ၁။ | နိဗ္ဗာန်အကြောင်း၊ ဒုက္ခပျောက်ဆေး၊ မဂ်ရေအေး | – | ၂၀၇ |
| ၂။ | ကံကောင်းလို့ နိဗ္ဗာန် ရောက်လိမ့်မည်လို့ မယူပါနှင့် | – | ၂၁၁ |
| ၃။ | နိစ္စဒိဋ္ဌိ ပြုတ်ရန် စိတ္တာနုပဿနာ အလုပ်ပေးတရား | – | ၂၁၄ |
| ၄။ | ဓာတ်ထက် ကမ္မဘဝ ပိုပြီး ကြောက်စရာကောင်းပုံ | – | ၂၁၉ |
| ၅။ | ဒုလ္လဘတရား ငါးပါး | – | ၂၂၂ |
| ၆။ | အတ္တဒိဋ္ဌိ တန်းလန်းဆိုလျှင် နိဗ္ဗာန်ကို မမြင်နိုင် | – | ၂၂၃ |
| ၇။ | ဥပနိဿယမှ မဂ္ဂပစ္စည်း ဖြစ်လာအောင် ထောက်ပံ့ ကျေးဇူးပြုပုံ | – | ၂၂၆ |
| ၈။ | နိဗ္ဗာန်ဆိုတာ ဘာတဲ့တုံး၊ ဝေးသလား နီးသလား | – | ၂၃၀ |
| ၉။ | ခန္ဓာထဲ ရှိကောင်းသော တရားနှင့် မရှိကောင်းသောတရား | – | ၂၃၃ |
| ၁၀။ | ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေ (၁) | – | ၂၃၆ |
| ၁၁။ | ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေ (၂) | – | ၂၄၀ |
| ၁၂။ | နှလုံးသွင်း မှန်ရင် နိဗ္ဗာန် ရောက်သည် | – | ၂၄၅ |
| ၁၃။ | မဂ္ဂသစ္စာမှ အရိယာသစ္စာသို့ ကူးပြောင်းရေး | – | ၂၄၇ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၃၇)** | | |
| ၁။ | သတိ အရေးကြီးလှပုံ | – | ၂၅၆ |
| ၂။ | ပုထုဇဉ် နှစ်မျိုး ချိန်ခွင်နှင့် ချိန်ကြည့်ရန် | – | ၂၅၈ |
| ၃။ | အနာဂတ်ဘေးစောင့်နေသူများ | – | ၂၆၁ |
| ၄။ | အဝိဇ္ဇာ သုံးပါးထား၍ အားထုတ်ပါ | – | ၂၆၄ |
| ၅။ | ဝေဒနာသတ်တရား | – | ၂၆၈ |
| ၆။ | အဝိဇ္ဇာ ဖုံးမှု ငါးချက် (၁) | – | ၂၇၀ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇။ | အဝိဇ္ဇာ ဖုံးမှု ငါးချက် (၂) | – | ၂၇၃ |
| ၈။ | အဝိဇ္ဇာ ဖုံးမှု ငါးချက် (၃) | – | ၂၇၆ |
| ၉။ | အဝိဇ္ဇာ ဖုံးမှု ငါးချက် (၄) | – | ၂၇၇ |
| ၁၀။ | သမုဒယသစ္စာ၏ နိဒါနဠ သဘော (၁) | – | ၂၈၀ |
| ၁၁။ | သမုဒယသစ္စာ၏ နိဒါနဠ သဘော (၂) | – | ၂၈၂ |
| ၁၂။ | ဘဝဂါမိနိကံကြောင့် ဒုက္ခတွေ့ရပုံ | – | ၂၈၅ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၈)** | | |
| ၁။ | သတိပဋ္ဌာန်နှင့် သတိပဋ္ဌာန ဘာဝနာ | – | ၂၉၂ |
| ၂။ | ဘယ်က လာ၍၊ ဘယ်လို နေပြီး၊ ဘယ်သွားရမည်နည်း | – | ၂၉၅ |
| ၃။ | ဝေဒနာ နုပဿနာ ကမ္မဋ္ဌာန်း (ဆ ဆက္ကသုတ်) | – | ၂၉၇ |
| ၄။ | အကြောင်း မကောင်းလို့ ဖြစ်တဲ့ ခန္ဓာ ငါးပါး | – | ၂၉၉ |
| ၅။ | ခန္ဓာကိုယ်တွင်းသား သုံးသပ်နည်း | – | ၃၀၀ |
| ၆။ | ယာယီအိမ်နှင့် အမြဲနေအိမ် (အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်) | – | ၃၀၂ |
| ၇။ | ဝိပဿနာ အလုပ်ပေးတရား | – | ၃၀၄ |
| ၈။ | စိတ္တနုပဿနာ သင်တန်း | – | ၃၀၇ |
| ၉။ | ဉာဏ်အမြင်နှင့် မျက်လုံးအမြင်<br>(ခန္ဓာငါးပါး ဝိပဿနာရှုပုံ) | – | ၃၀၉ |
| ၁၀။ | ပဋိစ္စသမုပ္ပာဒ်နှင့် ပဋိစ္စသမုပ္ပန္န | – | ၃၁၁ |
| ၁၁။ | ကလျာဏမိတ္တကြောင့် လုံးလုံး နိဗ္ဗာန်ရောက်ကြောင်း | – | ၃၁၄ |
| ၁၂။ | တဏှာရေထဲ မမျောပါနှင့် | – | ၃၁၇ |
| ၁၃။ | ကိုယ့်ကိုယ်ကိုယ် အကဲခတ်နိုင်သော တရား | – | ၃၂၂ |
| ၁၄။ | ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းနှင့် ဒိဋ္ဌိခွာနည်း ယှဉ်၍ ဟောသည့်<br>တရား | – | ၃၂၅ |
| ၁၅။ | လူ့သံယောဇဉ် စွန့်မှ နိဗ္ဗာန်ရောက် | – | ၃၂၅ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၉)** | | |
| ၁။ | ဒီခန္ဓာ စွန့်ပြီးနောက် ခန္ဓာ မရတာသည် အပြစ်<br>အကင်းဆုံး | – | ၃၃၂ |
| ၂။ | အနှစ်ကို ရအောင် ရှာနည်း | – | ၃၃၅ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃။ | သေပွဲကွဲ ဒုက္ခသစ္စာ | - | ၃၃၉ |
| ၄။ | ဝွေးချိန်နှင့် အလုပ်ချိန် တစ်မျိုးစီ ထားပါ | - | ၃၄၂ |
| ၅။ | ခန္ဓာကိုယ်ကို ဝိပဿနာ ရှုရန် | - | ၃၄၆ |
| ၆။ | ကုသိုလ်နှင့် အကုသိုလ်ကို ရွေးချယ်ရန် | - | ၃၅၀ |
| ၇။ | ဒိဋ္ဌိကြီး တုပ်မှုကို ဖြေပေးမည့် တရား | - | ၃၅၃ |
| ၈။ | မတင်းတိမ်ကောင်းသော တရား ငါးပါး | - | ၃၅၆ |
| ၉။ | မမေ့တဲ့ ပုဂ္ဂိုလ် နိဗ္ဗာန် ရောက်ပါတယ် | - | ၃၅၉ |
| ၁၀။ | ဒုက္ခကို ဘယ်သူ ပြုတာတုံး | - | ၃၆၃ |
| ၁၁။ | ဖွားဖက်တော် အရှင်ဆန္န မထေရ် (၁) | - | ၃၆၅ |
| ၁၂။ | ဖွားဖက်တော် အရှင်ဆန္န မထေရ် (၂) | - | ၃၆၉ |

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၃၁)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၃၁)

**နိဒါန်း**

ဤနိဒါန်းကိုလည်း ဆရာကြီး ဦးသံဒိုင် မကွယ်လွန်မီက ရေးသားခဲ့လေသည်။ မိုးကုတ် ဆရာတော်ကြီးသည် သက်တော်ထင်ရှား ရှိစဉ်အခါက ပဋိစ္စသမုပ္ပာဒ် တရားတော်ကို လည်ပုံ၊ ဖြတ်ပုံ အလုံးစုံနှင့် သစ္စာ တရားတော်ကိုသာ အစဉ် အရေးထား၍ ဟောကြားတော်မူခဲ့ပုံ၊ ထိုတရားကိုသာ ဆရာတော်က အဘယ်ကြောင့် ဦးစားပေး ဟောရသနည်း ဆိုလျှင် ပဋိစ္စသမုပ္ပာဒ်ကို နားမလည်ဘဲ တရားအားထုတ်ခဲ့ကြသော ရဟန်းတော်များ ဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်အခါက တရား မရခဲ့ဘဲ ရှိခဲ့ကြသောကြောင့် ဖြစ်ပုံများကို ဦးသံဒိုင်က ဖော်ပြသည်။ (လယ်တီဆရာတော်ဘုရားကြီးလည်း ပဋိစ္စသမုပ္ပာဒ် တရားတော်ကို လူသိများအောင် ဖော်ထုတ်တော် မူခဲ့ကြောင်း)လည်း ဖော်ပြထားသည်။ ပစ္စုပ္ပန် ကာလ၌ ခန္ဓာငါးပါး ဖြစ်ပြီး ပျက်ပုံ (ဖြစ်ပျက်)ကို သိမြင်၊ နားလည်ခြင်း မရှိပါလျှင် သက္ကာယဒိဋ္ဌိ (ငါစွဲ)ကို ဖျောက်ဖျက်ရန်မှာ မဖြစ်နိုင်ကြောင်း ပြသည်။ အရှင်ဆန္နကို ဥပမာပြသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် ယောဂီများ တရား အားမထုတ်မီ ပဋိစ္စသမုပ္ပာဒ်ကို နားလည်အောင် သင်ကြားရေး အစီအစဉ်ကို ချထား ပေးသနားတော် မူခဲ့လေသည်။ ဤသို့ ပဋိစ္စသမုပ္ပာဒ်ကို ဦးစားပေး၍ သင်ကြား ပေးတော်မူခြင်းမှာ ဒိဋ္ဌိ ဖြုတ်ရန်အတွက် ဖြစ်သည်။ ဆရာတော်သည် ဟောရိုးဟောစဉ် တရားမျိုးကို မဟောဘဲ သစ္စာဉာဏ်သို့ ရောက်အောင် ထိုးဖောက်၍ လောကုတ္တရာ ဉာဏ်သစ်လောင်း တရားကို ဟောတော်မူသည်။ ဒိဋ္ဌိ ပြုတ်မှ သောတာပန် တည်သည်။

သောတာပန် တည်မှသာ အပါယ်တံခါး ပိတ်သည်။ ဒိဋ္ဌိကြောင့် အပါယ်ကျရသည်။ ဒိဋ္ဌိပြုတ်မှသာ အပါယ်ဘေးက လွတ်မည် ဖြစ်သည်။ ဒိဋ္ဌိကို အသိနှင့် အရင်ဖြုတ်ပြီးမှ ပွားများ အားထုတ်မှုဖြင့် အပြီးအပြတ် ပယ်သတ်ရမည် ဖြစ်ကြောင်း ပြသည်။ စိတ်ကို စိတ်အတိုင်းတိုင်း ထားလျှင် ပြီးသည်။ တရား အားထုတ်နေစရာ မလိုဆိုသော ကျောက်သဘော် ဝါဒကိုလည်း ဝေဖန်ပြထားသည်။ ဒိဋ္ဌိ ရှိသူမှာ မာနလည်း လာသည်။ တဏှာလည်း လာသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိသည် သံသရာချဲ့ တရား၊ ပပဥ္စတရား ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက် လည်ခြင်းသည် သံသရာလည်ခြင်း ဖြစ်သည်။ ခန္ဓာ ပေါ်ပုံ၊ အာယတန တရားများ၊ ဓာတ်များ ဖြစ်ပုံကို မသိလျှင် ပဋိစ္စသမုပ္ပါဒ် အစဉ်တန်းတော့သည်။ ဤပဋိစ္စသမုပ္ပါဒ် အစဉ် တန်းခြင်းသည် ဒုက္ခစက် လည်ခြင်း ဖြစ်သည်ဟု မသိလျှင် ငါစွဲ ဝင်တော့သည်။ အသိမှား၊ အမှတ်မှား၊ အယူမှား ဖြစ်တော့သည်။ ထို့ကြောင့် ဒိဋ္ဌိ ဖြုတ်မှု အရေးပါပုံကို ပြသည်။ မိုးကုတ် ဆရာတော်ဘုရားကြီးသည် ထိုအကြောင်းကြောင့် ဒိဋ္ဌိ ဖြုတ်ရေး တရားကို ထပ်တလဲလဲ ဟောတော်မူခြင်း ဖြစ်ကြောင်း ပြထားသည်။

*

## ၁။ ဒိဋ္ဌိပြုတ်ရင် သောတာပန် တည်သည်

[ ၁၉–၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောသော တရား ]

ဒကာ၊ ဒကာမများ တရားပွဲ လာနာတာ ခန္ဓာဝန်ကြီး ထမ်းပြီး လာရတာ အစချီလျက် ဤတရားကို ဟောကြားတော်မူသည်။ ဤခန္ဓာ ဝန်ထုပ်ကြီး ဘယ်သူပေးသလဲ ဆိုလျှင် တဏှာ ပေးတာ ဖြစ်သည်။ ထိုခန္ဓာကို တဏှာကပင် အမျိုးမျိုး နှိုင်းနေပုံ အရှုး လုပ်နေပုံကို ဟောသည်။ ငိုနိုင်း၊ ပူနိုင်း၊ ဆွေးနိုင်းတာလည်း တဏှာပင် ဖြစ်ပုံကို ပြသည်။ ဒုက္ခဝတ္ထု၊ ဒုက္ခစုကို တဏှာက ပေးသည်။ သို့သော် ပုထုဇဉ်၏ စိတ်ထဲတွင် ဒုက္ခကြုံရ၊ ဒုက္ခ ရောက်ရတာ တဏှာကြောင့် ဖြစ်သည်ဟု မသိ။ ထင်လည်း မထင်တတ်၊ ကံမကောင်းလို့ ဖြစ်သည်ဟုသာ ထင်တတ်ကြသည်။ [နှာ–၃] တရားခံ ဖမ်းတော့ ကံကို ဖမ်းကြပုံကို ပြသည်။ ခိုးတဲ့လူကို မမိဘဲ ပန်းထိမ်သည်ကို သွားဖမ်းသလို ဖြစ်နေသည်ဟု ဆိုသည်။ ဒီတော့ တဏှာကို သတ်ချင်စိတ်၊ ပယ်ချင်စိတ် မပေါ်တော့ဟု သဘောရှင်းအောင် သုံးသပ်ပြသည်။ ပဋိစ္စသမုပ္ပါဒ်မှာ တဏှာ၊ ဥပါဒါန် ပြီးမှ ကံကို ရောက်ပုံကို ထောက်ပြသည်။ ကံပေါ်မှာ တဏှာ၊ ဥပါဒါန်က အုပ်ချုပ်ထားသည်။ [နှာ–၆]

ဒါကြောင့် သမုဒယသစ္စာ တဏှာ၊ ဥပါဒါန် မချုပ်သရွေ့ ကာလပတ်လုံး ဒုက္ခသစ္စာ မရပ်စဲကြောင်း၊ တစ်သံသရာလုံး ဒုက္ခ မစဲဘဲ ဖြစ်နေခဲ့ရတာသည် တရားခံ အစစ်ကို ဖွဲ့ချက် မတင်နိုင်ခဲ့သောကြောင့် ဖြစ်သည် ဆို၏။ နေ့တိုင်း အလုပ်တွေ လုပ်နေရတာ၊ ရှာနေရတာသည် ကံကြောင့်လား၊ တဏှာကြောင့်လား သဘောကွဲအောင် စဉ်းစားခိုင်းသည်။ [နှာ–၈] ၃၁ ဘုံသားတွေပေါ်မှာ တဏှာသည် သာ ကြိုးကိုင် ဆရာကြီး ဖြစ်သည်။ သို့ဖြစ်သောကြောင့် တဏှာချုပ်မှ ဒုက္ခချုပ်သည် ဟု မှတ်ရမည်။ [နှာ–၉] သစ္စာဆိုက်အောင် ကြည့်လိုက်တော့ ကံမပါဘူးဟု ဆို သည်။ ပုထုဇဉ်တွေကတော့ ကောင်းလည်း ကံ၊ မကောင်းလည်း ကံ ဆိုပြီး တဏှာကို ဖယ်လျက် ကံကို ရိုးမယ်ဖွဲ့ကြသည်ဟု ဆိုသည်။ သောတာပန် တည်တာတောင် အပါယ်ဒုက္ခပဲ ငြိမ်းသည်။ တဏှာ ကျန်သေးသောကြောင့် လူ့ပြည်၊ နတ်ပြည်မှာ ခန္ဓာတွေ ထမ်းခံရသေးသည်။ [နှာ–၁၀]

ဤတွင် ဆရာတော်က ဒိဋ္ဌိနှင့် တဏှာ တဏှာက ပိုပြီး အစွမ်းထက်သည်ဟု ဆိုသည်။ ဒိဋ္ဌိက အပါယ်ဒုက္ခပဲ ပေးသည်။ တဏှာက သုဂတိ ဒုက္ခပါ ပေးနိုင်သည်။ ရဟန္တာ ဖြစ်မှသာ တဏှာကုန်သည်။ ချမ်းသာစစ်ကို လိုချင်လျှင် တဏှာကို သတ်ရမည်။ အောက်ဆုံး မဂ်ကို လိုချင်လျှင် ဒိဋ္ဌိကို သတ်ရမည်။ [နှာ–၁၁] ဒါကြောင့် ဝိပဿနာ ဆိုရုံနှင့်လည်း မပြီးသေး။ ဒိဋ္ဌိ သတ်ရမည့် အဆင့်၊ တဏှာ သတ်ရမည့် အဆင့် သဘော ကွဲအောင် သိဖို့ လိုသေးသည်။ ထို့နောက် ယမက ဒိဋ္ဌိပယ်ပြီးသား ယမိုက် ကျမ်းမှာ အဋ္ဌမ ဇောဟု ပြထားသည်ဟု ဆို၏။ [နှာ– ၁၁] ဇောကို အပြန် ယူရကြောင်း ပြသည်။ ဒိဋ္ဌာန သယံ ပဟောတိ။ ဒါကြောင့် အထက်မဂ်ကို လိုချင်လျှင် တဏှာကို သတ်မှ ရသည်။ တဏှာ ဘယ်မှာ နေသလဲ။ တဏှာသည် ခန္ဓာ ငါးပါးမှာ မှီနေသည်။ မှီရာရှိလျှင် တည်ရာ ရှိသည်။ ပဋ္ဌပါဒါ နက္ခန္ဓာဟု ဓမ္မစကြာမှာ ပြပုံကို ထောက်ပြသည်။ သူ့ကို သတ်ချင်လျှင် သူ၏မှီရာ ခန္ဓာငါးပါးကို ရှုရမည်။ ဒါကြောင့် အထက် မဂ်ကို တက်ရန်အတွက် ယမက ရဟန်းကို အရှင်သာရိပုတ္တရာက တဏှာ သတ်ပုံကို ဟောသည်။ [နှာ–၁၃] ပြီးမှ ပုဂ္ဂိုလ် ပညတ် (နာမည် တပ်ထားသူသည်) ခန္ဓာငါးပါး ပရမတ်နှင့် နေပုံကို ပြသည်။

ထို့နောက် ပုထုဇဉ်သည် ဘုရားထက်ပင် မိမိခန္ဓာကို ခင်နေပုံ၊ ကြည်ညိုစွာ လုပ်ကျွေးနေပုံများကို သဘောရှင်းအောင် ဟောပြမိန့်သည်။ [နှာ-၁၆] 'အတ္တသမံ ပေမံ နတ္ထိ' မိမိနှင့်တူသော၊ ချစ်သောသူသည် တခြား မရှိကြောင်း ဘုရားပင်

ဟောရသည်။ ထိုမိမိကိုယ်ကို ခင်သော တဏှာကို သတ်ရမည်။ လူကြီးတွေကလည်း သမုဒယသစ္စာကို ဖြတ်ရမည်ဟု မသင်။ ပွားရမည်ဟုသာ သင်တတ်ကြသည်။ ကိုယ့်ကိုယ်ကိုယ် ခင်ရမည်။ မခင်လျှင် လူ့တိရစ္ဆာန်ပေါ့ဟုပင် ဆိုကြသည်။ [နာ–၁၇] ဘုရားကတော့ ကိုယ့်ကိုယ်ကိုယ် ခင်မှု တဏှာကို သတ်ရမည်ဟု သင်ကြားတော်မူသည်။ တဏှာဆိုတာ ပွားကောင်းသော အရာ မဟုတ်ကြောင်း ပြသည်။ [နာ–၁၈] ဒိဋ္ဌိက မဂ်စား တစ်ချက်တည်းနှင့် ပြတ်သည်။ တဏှာက မဂ်လေးချက်နှင့် ဖြတ်မှ ပြတ်သည်။ အရှင်ယမကကို အရှင်သာရိပုတ္တရာက အထက် မဂ် တက်ဖို့ရာအတွက် တဏှာသတ်ကြောင်းကို ဟောတော်မူသည်။ ပြီးမှ ခန္ဓာငါးပါး သည် သူသတ်ယောက်ျား ဖြစ်သည်ဟု ဆိုသည်။ ခန္ဓာငါးပါး သတ်ပုံကို ဆက်ဟော သည်။ [နာ–၁၉]

သို့သော် ထိုခန္ဓာငါးပါးကို ပုထုဇဉ်သည် အခင်ဆုံး ဖြစ်သည်။ သူသတ် သမားမှန်း မသိလို့ ခင်နေခြင်း ဖြစ်၏။ [နာ–၂၃] အရှင်သာရိပုတ္တရာက ယမက ရဟန်းအား ခန္ဓာငါးပါး တစ်ပါးပါးကို လူသတ်သမား (ဝဓက) ဖြစ်အောင် မြင် အောင် ရှုစမ်းပါဟု သင်ပေးသည်။ [နာ–၂၆] လူသတ်ယောက်ျားဟု မြင်တတ်မှသာ ခန္ဓာငါးပါးကို ခင်သော တဏှာ သေမည် ဖြစ်၏။ ခန္ဓာငါးပါးကို သူသတ်ယောက်ျား ဟု မြင်အောင် ရှုပုံက တစ်မျိုးဖြစ်သည် ဆို၏။ [နာ–၂၈] ဝဓတောနှင့် ရှုခြင်း ဖြစ်၏။ ခန္ဓာ ရှိသမျှ အသေမလွတ်ပါ။ ခန္ဓာ မရှိမှသာ အသေလွတ်သည်။ [နာ– ၃၈] ခန္ဓာနိရောဓာ နိဗ္ဗာန် ဖြစ်၏။ တဏှာသတ်မှ အထက်မဂ်ကို ရသည်။ အောက် မဂ်ကို လိုချင်လျှင် ဒိဋ္ဌိကို သတ်ရမည်ဟု ဟောထားသည်။ [နာ–၃၉]

(မှတ်ချက်– ဤတရားတွင် တဏှာသတ်မှု၊ ပယ်မှုကို ဦးစားပေး ဟောတော် မူသည်။ သို့သော် ခေါင်းစဉ်တွင် 'ဒိဋ္ဌိ ဖြုတ်ရင် သောတာပန် တည်သည်'ဟု ခေါင်းတတ်ထားသည်မှာ လွဲနေသယောင် ထင်ရသည်။)

*

## ၂။ တဏှာသတ်ရင် သကဒါဂါမ် တည်နိုင်ကြောင်း

[ ၂၀–၁–၆၀ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

ယနေ့ သီးသန့် တရားတစ်ပုဒ်ကို ဟောမည်ဟု အစချီလျက် ဤတရားကို ဟောပါသည်။ အဖိုးတန်မည့် တရား ဖြစ်သည်ဟု ဆိုသည်။ ပုထုဇဉ်တွေ စိတ်ထဲမှာ ကံ အမိ၊ ကံ အဖဟု ယူဆ ထားကြကြောင်း၊ နေရာတကာ ကံကိုသာ ရိုးမယ်ဖွဲ့

နေကြကြောင်း၊ ကံသည် လူသွားရာ အရိပ် လိုက်ပါသလို၊ နွားသွားရာ လှည်းဘီး လိုက်ပါနေသလို ဖြစ်သည်ဟု ယူဆတတ်ကြကြောင်း ဟောပြသည်။ စေတနာသည် ကံဆိုသောကြောင့် ကံသည် နာမ်တရား ဖြစ်သည်။ နာမ်တရားသည် ကံလုပ်ပြီး ကတည်းက ချုပ်သွားပြီ ဖြစ်၏။ လူတွေ ထင်သလို လိုက်နိုင်သော သတ္တိ သူ့မှာ မရှိကြောင်း ဟောသည်။ [နှာ–၄၁] သို့သော် လူတွေ စိတ်ထဲမှာ ကံက လုပ်ပြီးလျှင် မချုပ်ဘဲ အထည်ဒြပ် ပါပြီး နောက်က လိုက်နေသလို ယူဆနေကြသည်။ ဤသို့ ကံကို အမြဲ လိုက်နေသော အရာတစ်ခုဟု ရှုမြင်ပါက သဿတဒိဋ္ဌိ ဖြစ်တော့သည်။ [နှာ–၄၂]

ဤသို့ ယူဆလျှင် မှားသောကြောင့် ဆရာသမားက အယူ ဖြောင့်အောင် လုပ်ပေးရမည်ဟု ဆိုသည်။ ဤတွင် ဆရာတော်က ကံသည် နာမ်ဓမ္မ ဖြစ်သော ကြောင့် လုပ်ပြီးလျှင် ဖြစ်ပျက် ဖြစ်ပုံကို ဟောသည်။ ကံလည်း ဖြစ်ပျက်ပဲ ဖြစ်သည်။ ပြီးမှ အင်္ဂုတ္တိုရ် ပါဠိတော်မှာ တိုက်ရိုက် ဟောတာရော၊ ဆောင် ဟောတားတာရော ရှိကြောင်းပြသည်။ [နှာ–၄၄] တိုက်ရိုက် ယူရမည့် တရားကို တိုက်ရိုက် ယူရမည်။ ဆောင် ဟောသော တရားကို သွယ်ဝိုက်၍ အဓိပ္ပာယ် ကောက်ယူရမည်။ မယူလျှင် ဘုရားကိုရော၊ တရားကိုပါ စွပ်စွဲရာ ကျသည်။ [နှာ–၄၅] ကံသည် အရိပ်ပမာ လိုက်နေသည်။ 'ဆာယာဝ အနပါယိနီ' ဆိုသော စကားသည် ဆောင်ဟော တရား ဖြစ်သည်ဟု ရှင်းပြသည်။ [နှာ–၄၆] နေယျတ္ထတရား ဖြစ်၏။ ဘာကြောင့် ဤသို့ ဟောသလဲ ဆိုလျှင် မိမိတို့ ပြုထားသော ကံတွေသည် အလကား ဖြစ်သွားတာပဲဟု ယူလိုက်မည် စိုးသောကြောင့် ဆောင်ဟောရသည်ဟု သုံးသပ်ထားသည်။ [နှာ–၄၇]

ဒါကြောင့် နီတတ္ထ ဒေသနာကို တိုက်ရိုက် မယူအပ်ဟု ဆိုသည်။ [နှာ–၄၈] တိုက်ရိုက် ယူလိုက်လျှင် ကမ္မသကတဉာဏ် ဖြစ်သော်လည်း သဿတဒိဋ္ဌိဘက် ရောက်သွားသည်။ ဒါကြောင့် ဘယ်လို ယူရမလဲ ဟောမည် ဆိုသည်။ [နှာ–၅၂] ကံကို နာမ် ရုပ်က အကြောင်း ပြုလိုက်သောကြောင့် အလားတူ နာမ် ရုပ် တစ်ခု ပေါ်သည်ဟု ယူရမည်။ [နှာ–၅၃] ဒီဘဝက နာမ် ရုပ်ကလည်း မလိုက်ဘူး။ နာမ် ရုပ် အသစ်တစ်ခုလည်း ပေါ်သည်ဟု ယူရမည်။ အကြောင်းအကျိုးပဲ ဆက် သည်။ အထည် မလိုက်ကြောင်း ပြသည်။ ပဋ္ဌာန်း ပါဠိတော်၌ 'အနန္တရ ရ နိရုဒ္ဓါ စိတ္တသောသိကာ ဓမ္မ ပစ္စုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ အနန္တရ ပစ္စယေန

ပစ္စယော'ဟု ဟောထားပုံကို ကိုးကားပြသည်။ [နှာ–၅၃] အနန္တရ နိရုဒ္ဓါ အရင်ဖြစ်ပြီး ချုပ်ကုန်သော ဓမ္မတို့နှင့် ပစ္စုပ္ပန္နာနံ အတူလိုက်၍ ဖြစ်ကုန်သော ဓမ္မတို့သည် (စိတ်စေတသိတ်တို့သည်) အနန္တရ ပစ္စယေန ပစ္စယော အကြား မလပ်ဘဲ တစ်ပြိုင်နက် အကျိုးပြုသည်။ [နှာ–၅၄] ဘဝဟောင်းက ပြုခဲ့သော စေတနာ ကံတွေသည် ချုပ်ပြီးနောက် ဘဝသစ်မှာ ရုပ်သစ်၊ နာမ်သစ် ထပ်မံ ပေါ်ပေါက် လာသည်ဟု ယူရမည် ဆိုသည်။ [နှာ–၅၅] အကြောင်းနှင့် အကျိုးသည် တစ်ဆက်တည်း လိုက်သည်။ ကြားမှာ အပိုင်းအခြား မရှိဘဲ လိုက်သည်။ (ဤတွင် အနန္တရပစ္စည်း တပ်ပုံကို နားလည်ရမည်)။ အကြောင်းချုပ်လို့ အကျိုးပေါ်သည်ဟု ယူလိုက်လျှင် လူသွားရာ ကံက အရိပ်ပမာ ပါသည်ဆိုသော စကားလို သဿတဒိဋ္ဌိ မဖြစ်တော့ကြောင်း ရှင်းပြသည်။ ဤသို့ အထည်လည်း မလိုက်၊ အကြောင်း မကင်း၍ ထပ်မံ ပေါ်လာသည့် သဘောကို **အနန္တရ ပစ္စည်း နာနက္ခဏိက ကမ္မ ပစ္စည်း**ဟု ဟောသည်။ ဤသို့ မြင်တတ်မှ သဿတဒိဋ္ဌိ ပြုတ်သည်။ *[နှာ-၅၈]*

ထို့နောက် ဝဋ္ဋကြောင်းကို ဟောသည်။ ခန္ဓာဝဂ္ဂ သံယုတ် ပါဠိတော်မှာ လာသည်ဟု ဆိုသည်။ [နှာ–၅၉] သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံး၍ နေတော်မူစဉ် ရဟန်းတစ်ပါးက ချဉ်းကပ်လာပြီး ဘုရားကို ပုစ္ဆာ တင်သည်။ ဥပါဒါနက္ခန္ဓာ ဆိုတာ ဘာလဲဟု မေးသည်။ ဘုရားက ရထားသော ခန္ဓာငါးပါးသည် ဥပါဒါန် (စွဲလမ်းမှု)၏ အာရုံ ဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာ ဖြစ်ပုံကို ဟောသည်။ ပြီးနောက် ပုထုဇဉ် ခန္ဓာကိုယ်ကို စွဲလမ်းမှု သန်ပုံကို ချဲ့ဟောသည်။ [နှာ–၆၁] ထိုအခါ ရဟန်းက ဥပါဒါန်နှင့် ခန္ဓာဟာ အတူတူပဲလားဟု မေးပြန်သည်။ [နှာ–၆၂] ဘုရားက ဥပါဒါန်က တခြား၊ ခန္ဓာက တခြား၊ စွဲလမ်း နေမှုကြောင့်သာ ဥပါဒါနက္ခန္ဓာ ဖြစ်ပုံကို ဟောသည်။ [နှာ–၆၃] ဥပါဒါန်က တဏှာ၊ ခန္ဓာက ခန္ဓာငါးပါး။ ထိုအခါ ရဟန်းက သက္ကာယဒိဋ္ဌိဆိုတာ ဘာကို ခေါ်တာလဲဟု မေးပြန် သည်။ ဘုရားက ခန္ဓာငါးပါး တစ်ပါးပါးကို ငါဟု ထင်မြင် ယူဆလျှင် သက္ကာယဒိဋ္ဌိ ဖြစ်ကြောင်း ရှင်းပြသည်။ ရဟန်းက သက္ကာယဒိဋ္ဌိ ပြုတ်ပုံ ဟောပါဦးဟု လျှောက် ထားသည်။ ခန္ဓာငါးပါးကို ငါမဟုတ်ဘူး၊ ရုပ်ဟာ ရုပ်ပဲ၊ စိတ်ဟာ စိတ်ပဲ၊ ဝေဒနာဟာ ဝေဒနာပဲ၊ သညာဟာ သညာပဲ၊ စေတနာဟာ စေတနာပဲဟု ယူလျှင် သက္ကာယဒိဋ္ဌိ ပြုတ်ကြောင်း ဟောသည်။ [နှာ–၆၄] သက္ကာယဒိဋ္ဌိ မရှိလျှင် ခန္ဓာငါးပါးသည် အနတ္တပဲဟု မြင်နိုင်သည်။

ဤသို့ ခန္ဓာငါးပါး အနတ္တပဲဟု ဟောသောအခါ ရဟာန်း ငါးရာထဲက တစ်ပါးက ဖောက်လာသည်။ [နှာ-၆၅] ထိုရဟာန်းက အားလုံး အနတ္တပဲဟု ဆိုလျှင် ဘယ်ဟာ အားကိုးရမလဲဟု စဉ်းစားသည်။ ထိုရဟာန်း စဉ်းစားနေပုံကို မြတ်စွာဘုရား သိမြင်တော်မူသည်။ ထိုအခါ ရဟာန်းက အနတ္တ မဟုတ်တာ ကံပဲ ကျန်တော့သည်။ ကံသာလျှင် မိမိဥစ္စာ ဖြစ်တော့သည်ဟု ကံကို သဿတဒိဋ္ဌိစွဲဖြင့် အားကိုးနေပြန်သည်။ [နှာ-၆၇] ဘုရားက အဝိဇ္ဇာ အားကြီးသော အသိ အလိမ္မာ ဉာဏ် နည်းသော ပုဂ္ဂိုလ်၊ တဏှာ ကြီးမှုးသော စိတ်ရှိသော ပုဂ္ဂိုလ်သည် ဘုရား ဟော တရားကို လွန်ပြီး သွားတတ်ကြောင်းကို ဟောတော်မူသည်။ 'အဝိဇ္ဇာဂတော တဏှာ ဓိပတေယျေန စေတသာ' စင်စစ် ကံလည်း အနတ္တပင် ဖြစ်၏။ ကံလည်း ဖြစ်ပြီး ချုပ်သည် ဖြစ်၏။ အကျိုးပေး သတ္တိသာ ကျန်၏။ [နှာ-၇၁] ကံကို အတ္တစွဲဖြင့် ယူလျှင် ကမ္မဝါဒီ သဿတဒိဋ္ဌိ ဖြစ်တော့သည်။ ကမ္မသကတဉာဏ်သည် သာသနာပမှာလည်း ရှိသည်။ ရုပ်နာမ် ဓမ္မတို့၏ ဖြစ်ပျက်ကို မြင်သော ဝိပဿနာ ဉာဏ်၊ သစ္စာ နုလောမိကဉာဏ်သာလျှင် သာသနာတွင်းဉာဏ် ဖြစ်သည်။ ထိုဉာဏ် သို့ရောက်အောင် တက်ရမည်ဟု ဆိုသည်။ [နှာ-၇၃] ငါလုပ်ငါရသည် ဆိုသော အမြင်သည် အတ္တဒိဋ္ဌိ အမြင်သာ ဖြစ်သည်။ ကမ္မသကတ ဉာဏ်သည် ဒိဋ္ဌိ မပြုတ် သေး။ ထိုဉာဏ်ဖြင့် နိဗ္ဗာန်ကို မရသေးပါ။ [နှာ-၇၄] အတ္တဒိဋ္ဌိ ရှိနေလျှင် သစ္စာ နုလောမိကဉာဏ်ကို မရနိုင်ပါ။ သစ္စာ နုလောမိကဉာဏ် မရလျှင် မဂ်ဉာဏ်ကိုလည်း မရပါ။

ထို့နောက် သစ္စာနှင့် လျော်သော အလုပ်တရားကို ပြသည်။ [နှာ-၇၇] ခန္ဓာငါးပါး တစ်ပါးပါးသည် ဒုက္ခသစ္စာ ဖြစ်သည်ဟု သိမြင်ပါက ကျန်ခန္ဓာများ လည်း ဒုက္ခသစ္စာချည်းပင် ဖြစ်သည်။ ထိုသို့ သိမြင်ပြီ ဆိုပါက သစ္စာ နုလောမိက ဉာဏ် ပေါ်ပြီဟု ဆိုသည်။ [နှာ-၇၉] ခန္ဓာ ပြတာက ဒုက္ခသစ္စာ၊ သစ္စာကို သိတာက ဉာဏ် (သစ္စာ နုလောမိကဉာဏ်) ဖြစ်သည်။ သာသနာတွင်းဉာဏ် ဖြစ်ပြီ။ [နှာ-၈၀] သစ္စာဉာဏ်သည် ဒုက္ခသစ္စာကို သိသည်။ သိတာက မဂ္ဂသစ္စာ ဖြစ်သည်။ မဂ္ဂသစ္စာ လာလျှင် သမုဒယသစ္စာ သေသည်။ တဏှာချုပ်သည်။ ထိုအခါ နိရောဓ သစ္စာ ပေါ်တော့သည်။ ဒုက္ခသစ္စာကို သိလျှင် ဒုက္ခကို မုန်းလာသည်။ ဒုက္ခသစ္စာကြီးမှ လွတ်မြောက်ချင်လာသည်။ သစ္စာဉာဏ်တွေ တိုးတက်လာသည်။ [နှာ-၈၆] ဒုက္ခ ချုပ်တာကို မြင်သော ဉာဏ်သည် နိဗ္ဗာန် ဖြစ်သည်။

(မှတ်ချက်– ဤတရားကိုလည်း ရှေ့မှာ တခြား ခေါင်းစဉ်ဖြင့် ဟောဖူးပြီ။ ယခု တရားတွင် 'တဏှာသတ်ရင် သကဒါဂါမိ' တည်နိုင်ကြောင်းဟု ခေါင်းစဉ် တပ်ထားသည်မှာ လွဲချော်နေသည်ဟု ထင်သည်။)

*

## ၃။ လူမိုက်နှင့် လူမိုက်ထက် ပိုမိုက်သောသူ

[ ၂၁–၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

လူမိုက်က တစ်မျိုး၊ လူမိုက်ထက် မိုက်သောသူက တစ်မျိုး ရှိတယ်လို့ မှတ်ရမည် အစချီလျက် ဤတရားကို ဟောပါသည်။ ပြီးမှ ခန္ဓာငါးပါးနှင့် တရား နာနေကြကြောင်း၊ တရား အသံက ပြောင်းတိုင်း၊ ကြားပုံ ပြောင်းတိုင်း ခန္ဓာကလည်း ပြောင်းနေကြောင်း၊ ကြားစိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်သည်။ ဝိညာဏက္ခန္ဓာသည် သူနှင့် သဟဇာတ ဖြစ်သော ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတို့နှင့် တွဲလျက် ဖြစ်သည်။ ကြားစိတ် ဖြစ်ရာမှာ အစ ကြားရုပ် ရှိကြောင်း ရှင်းပြသည်။ တရား နာနေတာ အနိစ္စခန္ဓာ (ပြောင်းနေသော ခန္ဓာ)နှင့် နာနေကြတာ ဖြစ်သည်။ [နှာ–၈၉] ဤသို့ ဖော်မပြောလျှင် ငါတစ်ယောက်တည်းပဲ တရားနာနေတာဟု ထင်နေနိုင်သည်။ ခန္ဓာ၏ ဖြစ်စဉ်အပေါ် ဉာဏ်မရောက်ဘဲ တရားနာနေကြသည်။ မသိမှု (အဝိဇ္ဇာ)နှင့် တရား နာနေကြခြင်း ဖြစ်သည်ဟု ဆိုသည်။ [နှာ–၉၀] မသိမှု အဝိဇ္ဇာနှင့် တရားနာနေတာ လူမိုက်တွေပဲဟု သုံးသပ်ပြသည်။ မိုက်မဲတာ အဝိဇ္ဇာပဲဟု ဆိုသည်။ ခန္ဓာ ဒုက္ခသစ္စာကြီးနှင့် အတူနေပါလျက် သတိမပြုမိ၍ မသိဘဲ နေခြင်းသည် မိုက်မဲခြင်းပင် ဖြစ်ကြောင်း ထပ်ရှင်းပြသည်။ [နှာ–၉၅] ရထားသော ခန္ဓာကိုယ်ကြီးသည် အနိစ္စမှန်း မသိ၊ ဒုက္ခမှန်း မသိ၊ အနတ္တမှန်း မသိဘဲ ထိုခန္ဓာကိုယ်နှင့် အတူနေပြီး ငါ့ကိုယ်၊ ငါ့ဟာ ထင်နေခြင်းသည် မိုက်မဲခြင်း ပင် ဖြစ်ပုံကို ထပ်မံ ပြပြန်သည်။ [နှာ–၉၆]

ထို့နောက် လူမိုက်ထက် ပိုပြီး မိုက်သောသူ ရှိသေးကြောင်း ဟောသည်။ မိုက်သည်ထက် မိုက်တယ် ဆိုသော သူသည် ဒီသား၊ ဒီသမီး၊ ဒီမြေး၊ ဒီမြစ်နှင့် မခွဲချင်၊ ရောက်ရာဘဝမှာ အတူတကွ ဖြစ်ရပါစေဟု ဆုတောင်းသူ ဖြစ်သည်။ ဒီဘဝ၊ ဒီခန္ဓာ ဒုက္ခသစ္စာကို မသိရုံမျှ မက နောက်ဘဝ၊ နောက်ခန္ဓာ ဒုက္ခသစ္စာတွေကို ထပ်မံပြီး ရလိုကြောင်း ဆုတောင်းသူသည် မိုက်သည်ထက် ပို၍ မိုက်မဲသူ ဖြစ်သည် ဟု ဟောသည်။ အဝိဇ္ဇာ ဦးစီးပြီး နေသူက လူမိုက်။ အဝိဇ္ဇာ ဦးစီးပြီး တဏှာဖြင့်

ဘုံဘဝ ဒုက္ခ ခန္ဓာသစ္စာကို ထပ်မံ ရလိုကြောင်း ဆုတောင်းတာက လူမိုက်ထက် ပိုပြီး မိုက်မဲသူ ဖြစ်သည်။ ရပ်ထဲ၊ ရွာထဲမှာ လူမိုက်ထက်၊ မိုက်သည်ထက် ပိုမိုက်သူက ပိုများသည်ဟု ဆိုသည်။ [နှာ–၉၈] ထိုမိုက်သည်ထက် ပိုမိုက်မှုကို ဇာတ်သိမ်းချင် လျှင် ပထမမဂ် ရအောင် အားထုတ်ရမည်။ ပထမမဂ် ရမှသာ မိုက်ဇာတ်သိမ်းမည်ဟု ဆိုသည်။ [နှာ–၁၀၇] ဤတရားသည် လူမိုက်ကို လူလိမ္မာဖြစ်အောင် ပြုပြင်သော တရား ဖြစ်သည်။ သို့သော် တစ်ခါ မိုက်သောသူကို ပြုပြင်ရတာ လွယ်သည်။ နှစ်ခါ မိုက်သူကိုမူ ပြင်ရခက်တော့သည်။ ဒါက လောကုတ္တရာ မဂ်ဉာဏ် ရမှသာ မိုက်သည်ထက် မိုက်မှုကို ဇာတ်သိမ်းစေနိုင်သည်။ [နှာ–၁၀၈]

ထို့နောက် ဒီဘဝ လူလိမ္မာဖြစ်အောင် ကြိုးစားကြဖို့ တိုက်တွန်းသည်။ မိုက်မဲခြင်းကို သမ္မာဒိဋ္ဌိ အမြင်မှန်နှင့် တိုက်ဖျက်ပစ်လျှင် အလိမ္မာဘက် ဝင်နိုင်သည် ဟု ဆိုသည်။ 'နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ ကိလေသာ မရေန္တော ဂစ္ဆတီတိ မဂ္ဂေါ' ဆိုသောကြောင့် ဒုတိယ အမိုက်ကို မဂ်က ဖြတ်တောက်ပေးသည်။ [နှာ–၁၀၈] ထိုနောက် အင်္ဂုလိမာလကို မြတ်စွာဘုရား ကယ်တင်ပုံကို ဟောသည်။ [နှာ–၁၀၉] အင်္ဂုလိမာလသည် မိုက်မဲစွာ လူသတ်နေသည်။ မိခင်ကို သတ်မိပါက မိုက်သည် ထက် မိုက်ပြီး ပဉ္စာနန္တရိယကံ ထိုက်တော့မည်ကို မြင်၍ ဘုရားက ကယ်တော်မူခြင်း ဖြစ်သည်။ တရား အားထုတ်ကြပါဟု ဆရာတော် တိုက်တွန်းနေခြင်းမှာ မိုက်သည် ထက် မိုက်မှာ စိုး၍ ဖြစ်သည်ဟု ဆိုသည်။ ထို့နောက် ယမကဝတ္ထုကို ပြန်ဆက် ဟောသည်။ ယမကက ရဟန္တာ သေလျှင် ဘာမှ မဖြစ်တော့ဘူးဟု ယူဆပြီး လိုက်ပြော နေသည်။ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်။ ၆၂ ပါးသော ဒိဋ္ဌိတို့ ဖြစ်သည် ရှိသော သက္ကာယဒိဋ္ဌိကို အဦးထား၍ ဖြစ်သည်။ 'ဒွါသဋ္ဌိ ဒိဋ္ဌိယော ဥပ္ပဇ္ဇကာနာ သက္ကာယဒိဋ္ဌိ ပမုခေနေဝ ဥပ္ပဇ္ဇန္တိ' သက္ကာယဒိဋ္ဌိကြောင့် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ကြောင်း ပြသည်။ ခန္ဓာငါးပါးကို ယမက ရဟန္တာဟု ပညတ်တင်ပြီး စွဲနေသည်။ အတ္တဒိဋ္ဌိ ဖြစ်နေခြင်း ဖြစ်သည်။

ထို့ကြောင့် ရှင်ယမကကို ရှင်သာရိပုတ္တရာက တရားဟောရသည်။ ခန္ဓာငါးပါးကို ပြပြီး ဟောလိုက်သည်။ ယမက ဒိဋ္ဌိ ပြုတ်သွားသည်။ ဒိဋ္ဌိပြုတ်မှ ရဟန္တာဆိုသော သမုတိ ပညတ်လည်း ပျောက်သွားသည်။ ထိုအခါကျမှ ရှင် ယမကကို ရှင်သာရိပုတ္တရာက သစ္စာကို ဟောသည်။ 'ဒုက္ခ မေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ' ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာသာ ရှိကြောင်း ပြသော ပါဠိတော် ဖြစ်သည်။ ဒိဋ္ဌိပြုတ်ပြီး သစ္စာကို မြင်သောကြောင့် အရှင်ယမက သောတာပန် တည်သည်။ ဒါကြောင့် သောတာပန် တည်ချင်လျှင် ဒိဋ္ဌိကို ဦးစားပေး ဖြုတ်ပါဟု

တိုက်တွန်းထားသည်။ [နှာ–၁၁၂] ဒါဆို ရဟန္တာသေလျှင် ဘယ်လိုဖြေမလဲဟု မေးတော့ အရှင်ယမကက 'ဒုက္ခသာ အန္တ ကရိသတိ'ဟု ဖြေမည်ဖြစ်ကြောင်း ဆိုသည်။ 'ဒုက္ခ ဆုံးသွားပါပြီ'ဟု ဖြေသည်။ ဘုရားနှင့် အရှင်သာရိပုတ္တရာက သာဓု ခေါ်သည်။ ဒါကြောင့် ဒုက္ခ ဆုံးသွား၊ ချုပ်သွားတာ နိဗ္ဗာန်ဖြစ်ကြောင်း ဟောသည်။ [နှာ–၁၁၄]

ထို့နောက် အရှင်သာရိပုတ္တရာက ယမကကို ရဟန္တာ ဖြစ်အောင် ဆက်ဟောသည်။ ဥပမာဖြင့် ဟောသည်။ သူဌေးသား နှစ်ယောက် ရှိသည်။ တစ်ယောက်က လိမ္မာသည် တစ်ယောက်က မိုက်သည်။ သတ်မည့်သူက ငါးယောက် ရှိသည်။ လူသတ်သမား ငါးယောက်က သူဌေးသား နှစ်ဦးထံ အတွင်းလူအဖြစ် ဝင်ပြီးမှ သတ်ဖို့ ကြံစည်သည်။ [နှာ–၁၁၅] မလိမ္မာသော သူဌေးသားထံ လူသတ်သမား ငါးယောက်က အစေအားဝင်ရန် အယုံသွင်းပြီး ပြောသည်။ ထိုသဘောသည် ဝဋ္ဋနိဿိတ ခေါ်သော လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝကို ဆုတောင်းယူခြင်းနှင့် တူသည် ဆို၏။ [နှာ–၁၁၆] ခန္ဓာငါးပါးသည် လူသတ်ယောကျ်ားများ ဖြစ်သည်။

ထို့နောက် သတ္တဝါကို ခန္ဓာငါးပါး သတ်ပုံကို အကျယ်ဟောသည်။ ထို လူသတ်ယောကျ်ား၊ ခန္ဓာငါးပါးကို ဖြစ်ပျက် ရှုနိုင်းသည်။ သူသတ်ယောကျ်ားတွေ 'ဝဓကော ဝဓကော'ဟု ရှုနိုင်းသည်။ ကံမကောင်းလို့ သေရတာ မဟုတ်ဘဲ ရှေ့ပုံပေါ်မှာ နေသူကိုလည်း ခန္ဓာသတ်၍ သေရပုံကို ပြသည်။ [နှာ–၁၁၉] ထို့နောက် ရာဓသုတ်ကို ထည့်ဟောသည်။ ရာဓရဟန်းက သေမင်းကို သိချင်ပါတယ်ဟု လျှောက်သည်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ခန္ဓာငါးပါးသည် သေမင်း (မာရော)ပင် ဖြစ်ကြောင်း ဟောသည်။ ဤတရားသည် တဏှာသတ်သော တရား ဖြစ်သည် ဆို၏။ [နှာ–၁၂၂] ခန္ဓာကို လူသတ်ယောကျ်ားမှန်း သိလျှင် လူသတ် ယောကျ်ား ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊ သိလိုက်တာက မဂ္ဂသစ္စာ ဖြစ်သည်။ သူသတ် ယောကျ်ားမှန်း သိတော့ ထိုခန္ဓာကို မခင်တော့ပါ။ မခင်တော့လျှင် တဏှာ(သမုဒယ သစ္စာ) သေပြီ။ သမုဒယသစ္စာ သေပါက နောက်ဒုက္ခ ချုပ်ငြိမ်း၊ ရုပ်သိမ်းတော့သည်။ နိရောဓ သစ္စာ (နိဗ္ဗာန်) ပေါ်ပြီ။ [နှာ–၁၂၃]

ထို့နောက် ခန္ဓာငါးပါး နိပ်စက် ညှဉ်းပမ်းနေပုံကို အကျယ်ဟောသည်။ ပုထုဇဉ်၏ ဖောက်ပြန် ပျက်စီး(သေ)နေသော ခန္ဓာကို ရွက်ဆောင်လျက် တဏှာ နိုင်းရာ လုပ်ရင်း ငါ့ကိုယ်၊ ငါ့ဟာ အထင်နှင့် ပျော်ရွှင် ပြုံးရယ်နေကြသော မိုက်မဲပုံ၊ နောက်ဘဝ၊ နောက်ခန္ဓာ ရလို၍ ဆုတောင်းခြင်း ( မိုက်သည်ထက် မိုက်မဲပုံ)များ

ကို ဆက်ဟောသည်။ [နာ–၁၂၆] အထက်ကဆိုသော အတိုင်း ပစ္စုပ္ပန်မှာပင် နိရောဓသစ္စာကို မျက်မှောက် ပြုနိုင်အောင် ကြိုးစားဖို့ တိုက်တွန်းသည်။ 'သန္တိ အာရမ္မ' အရ အသက်ရှင်တုန်း နိဗ္ဗာန်မြင်ထားမှ သေလျှင် နိဗ္ဗာန် ရောက်နိုင်သည်။ [နာ–၁၂၇] ထို့နောက် ခန္ဓာငါးပါးကို သူသတ်ယောက်ျားတွေဟု သိမှသာ မသေရာ (နိဗ္ဗာန်)ကို ရောက်နိုင်သည်ဟု ကောက်ချက် ချထားသည်။ [နာ–၁၂၈] ဒါမှသာ ပစ္စုပ္ပန်မှာ နိဗ္ဗာန် တွေ့နိုင်သည် ဆို၏။ အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၄။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးနှင့် တရားနာနေကြပုံ

[ ၂၂–၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

တရားနာနေကြတာ ဘယ်သူတွေလဲဆိုလျှင် ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးတွေပါဟု အစချီလျက် ဤတရားကို ဟောသည်။ အကြောင်း ပေါ်လိုက် အကြောင်း ချုပ်လိုက်၊ အကျိုးပေါ်လိုက် အကျိုး ချုပ်လိုက်နှင့် နာနေရခြင်း ဖြစ်ပုံကို ပြသည်။ လူမိုက်နှင့် လူလိမ္မာ (ဗာလ ပဏ္ဍိတ) ကွဲပြားပုံ၊ မတူပုံကို နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်၌ လာကြောင်း ဟောပြန်သည်။ လာပုံကတော့ တူသည်။ လာပုံ တူကြသော်လည်း သွားပုံက မတူပါ။ ထူးခြား ကွဲပြားပုံကို ရှင်းပြသည်။ လူမိုက်နှင့် မတူအောင် ထူးခြားအောင် လုပ်ဖို့ အရေးသည် ကိုယ့်အရေး ဖြစ်သည်။ လူလိမ္မာ ဖြစ်ချင်သူတွေက မိမိ၏ ဘဝအလားကို ပြင်ဆင်ရမည်။ တရား နာနေစဉ်မှာ ပြင်ချိန် ရှိသေးသည်။ [နာ–၁၃၂] လူမိုက်ရော၊ လူလိမ္မာပါ နှစ်ယောက်စလုံး ပုညာဘိ သင်္ခါရ အပုညာဘိ သင်္ခါရ နှစ်ခုက လာကြတာ အတူတူပင် ဖြစ်သည်။ ယခုဘဝ ပဋိသန္ဓေ ဝိညာဉ် ဖြစ်တာလည်း တူကြသည်။ ပဋိသန္ဓေ ဝိညာဉ် ပဝတ္တိ ဝိညာဉ် ဖြစ်တာလည်း တူကြသည်။ နာမ်ရုပ် ဖြစ်တာလည်း တူသည်။ သဠာယတန ဖြစ်တာလည်း တူသည်။ ဖဿ ဖြစ်တာလည်း တူသည်။ ဝေဒနာ ဖြစ်တာအထိ တူသည်။

သို့သော် လူမိုက်က ဝေဒနာမှ တဏှာကို သွားသည်။ လူလိမ္မာက ဝေဒနာမှ တဏှာ၊ ဥပါဒါန်၊ ကံကို သွားသည်။ လူလိမ္မာက ဝေဒနာက တဏှာ မဖြစ်အောင် လုပ်သည်။ လာရာ ပဋိစ္စသမုပ္ပါဒ် တူသော်လည်း အသွား ပဋိစ္စသမုပ္ပါဒ် မတူပါ။ လူမိုက်က သံသရာ ခရီးသည် ဖြစ်သည်။ လူလိမ္မာက သံသရာ ခရီးသည် မဖြစ်တော့ဘူးဟု ဆိုသည်။ [နာ–၁၃၅] လူမိုက်က 'ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ'

ဒုက္ခက္ခန္ဓာ ဆက်သွားသည်။ လူလိမ္မာက 'ဒုက္ခက္ခန္ဓာသဿ နိရောဓော ဟောတိ' ဖြစ်သွားသည်။ လူမိုက် ဘဝက ဒုက္ခ ဆက်သည်။ လူလိမ္မာ ဘဝက ဒုက္ခ ဆုံးသည်။ [နှာ-၁၃၆] လူမိုက်နှင့် လူလိမ္မာက ပဋိစ္စသမုပ္ပာဒ် အစ၊ အလယ်မှာ တူကြသည်။ သို့သော် အဆုံးသတ်ပုံမှာ ကွာခြားသွားသည်။ [နှာ-၁၃၉]

ဒါဆို ခုထိ ဒုက္ခက္ခန္ဓာသဿ နိရောဓ- မဖြစ်သေးတာ ဒုက္ခခန္ဓာ မဆုံးသေးတာ ဟာဖြင့် ဘယ်တုန်းကမှ မိမိတို့သည် လူလိမ္မာ မဖြစ်ခဲ့ကြသေးသောကြောင့် ဖြစ်ကြောင်း သုံးသပ်ထားသည်။ ဒါကြောင့် မိမိတို့သည် တစ်သံသရာလုံးမှာ အဝိဇ္ဇာ သင်္ခါရနှင့် စပြီး 'ဒုက္ခက္ခန္ဓာသဿ သမုဒယော ဟောတိ'ဖြင့် ဆုံးခဲ့ကြကြောင်းမှာ ထင်ရှားပြီ။ တစ်သံသရာလုံး မိုက်တွင်း နက်ခဲ့ကြကြောင်းမှာ ထင်ရှားပြီ။ ဘုရားက လူမိုက်နှင့် လူလိမ္မာ ဘဝ အလား မတူပုံကို ပြရုံ သာမက အကျင့် (ဘဝ နေနည်း) မတူပုံကိုလည်း ပြသည်။ လူမိုက်က မဂ္ဂဖြဟ္မာစရိယ အကျင့်ကို မကျင့်။ လူလိမ္မာက မဂ္ဂဖြဟ္မာစရိယ အကျင့်ကို ကျင့်ကြောင်း ပြသည်။ [နှာ-၁၄၇] လူမိုက်က ဝိပဿနာ အားမထုတ်ဘူး။ လူလိမ္မာက ဝိပဿနာ အလုပ်ကို အားထုတ်သည်ဟု ဆိုလိုသည်။ လူလိမ္မာမှာ မဂ္ဂင်ငါးပါး (လောကီမဂ်) ပေါ်သည်။ မဂ္ဂင်ရှစ်ပါး (လောကုတ္တရာမဂ်) ပေါ်သည်။ လူမိုက်မှာ မဂ်ဉာဏ် လုံးဝ မပေါ်ပါ။ [နှာ-၁၄၈]

ထို့နောက် ဆရာတော်ကြီးက စိတ်ကြိုက်သော ပုဂ္ဂိုလ် စိတ္တာနုပဿနာ ရှုဖို့၊ ဝေဒနာ ကြိုက်သော ပုဂ္ဂိုလ်က ဝေဒနာ နုပဿနာကို ရှုဖို့ တိုက်တွန်းသည်။ [နှာ-၁၅၀] ဝိပဿနာ ရှုနိုင်းတာသည် မဂ္ဂဖြဟ္မာစရိယကို ကျင့်နိုင်းတာ ဖြစ်သည်။ ဒုက္ခက္ခန္ဓာ ဖြစ်ကြောင်းကို ဓာတ်သိမ်းရန်မှာ ဝိပဿနာ အားထုတ်ရမည်ဟု ဆိုလို ခြင်း ဖြစ်သည်။ မဂ္ဂဖြဟ္မာစရိယ အလုပ် (ဝိပဿနာ)ကို အားမထုတ်သေးလျှင် ဒုက္ခ ဓာတ်မသိမ်းသေးဟု နားလည်ရမည်။ ပြုးချိန်၊ ပျော်ချိန် မဟုတ်သေးဟု သိသင့်သည်။ ဒါကြောင့် ခန္ဓာငါးပါး တစ်ပါးပါး ကြိုက်ရာ ရှုပါ။ သတိပဋ္ဌာန် လေးပါးထဲက တစ်ပါး ဖြစ်သွားလိမ့်မည်ဟု ဆိုသည်။ [နှာ-၁၆၀] ခန္ဓာငါးပါး၏ ဖြစ်ပျက် (သမုဒယ/ဝယ)ကို မြင်အောင် ရှုရမည်။ ရှုလိုက်လျှင် ခန္ဓာဖြစ်ပျက် ဒုက္ခသစ္စာကို မြင်လာသည်။

ခန္ဓာက ဒုက္ခသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ၊ ရှေ့ပိုင်းမှာ ဒုက္ခသစ္စာကို မြင် သည်။ နောက်ပိုင်းမှာ သမုဒယသစ္စာကို ပယ်ဖြတ်သည်။ လူမိုက်မှာက ဝေဒနာ နောက်က တဏှာ လိုက်သည်။ လူလိမ္မာမှာ ဝေဒနာ နောက်က မဂ် လိုက်သည်။ မဂ် လိုက်သဖြင့် ဝေဒနာ သေလျှင် တဏှာ၊ ဥပါဒါန်၊ ကံ သေသည်။ သမုဒယသစ္စာ

ပြတ်ပြီး နောက် ဒုက္ခသစ္စာ မလာနိုင်တော့ပါ။ လူမိုက်နှင့် လူလိမ္မာ ကွာခြားသွားပုံ ထူးသည်။ [နာ–၁၆၂] မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်ကို ကျင့်မှ ရသည်။ ဆုတောင်း၍ မရကြောင်း ဟောသည်။ ဒါကြောင့် လူလိမ္မာ ဖြစ်ချင်လျှင် ဝိပဿနာ (မဂ္ဂပြဟ္မာ စရိယ)ကို ကျင့်ရမည်။ [နာ–၁၆၃] လူလိမ္မာမှာ ဇာဒနာ နောက်က မဂ္ဂပြဟ္မာစရိယ လိုက်သည်။ လူမိုက်မှာ ဝေဒနာ နောက်က တဏှာ လိုက်သည်။ ဤသို့ ထူးခြားသည်။ လူမိုက်က နောက် တစ်ဖန် ပြန်၍ ပဋိသန္ဓေ နေသည်။ လူလိမ္မာက နောက် တစ်ဖန် ပြန်၍ ပဋိသန္ဓေ မနေတော့ပါ။ [နာ–၁၆၄] အချိန်ကုန်၍ တရားနားလိုက်သည်။

**(မှတ်ချက်– ဤတရားကို 'ပဋိစ္စသမုပ္ပာဒ် အကြောင်းအကျိုးနှင့် တရားနာနေကြပုံ'ဟုခေါင်းတတ်ထား သော်လည်း လူမိုက်နှင့် လူလိမ္မာ ကွဲပုံကိုသာ အဓိက ပြထားသည်။)**

*

## ၅။ အနိစ္စနဲ့ အနိစ္စလက္ခဏာ

[၂၆–၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား]

သမ္မာဒိဋ္ဌိ လာလျှင် မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အကုန်ပြုတ်တယ်ဟု အစချီပြီး ဤတရားကို ဟောပါသည်။ သမ္မာဒိဋ္ဌိ ဖြစ်အောင် ဘယ်လို လုပ်မလဲ ဆိုလျှင် သတိသမ္ပဇဉ် (သတိ၊ ပညာ)ဖြင့် ခန္ဓာကို ကြည့်ရမည်ဟု ဆိုသည်။ သို့သော် သမ္မာဒိဋ္ဌိ ဖြစ်ဖို့ အရေးမှာ ကိုယ်တိုင်လုပ်၍ မဖြစ်၊ ဆရာကောင်း( ကလျာဏမိတ္တ) ရမှ ဖြစ်ကြောင်း ဟောသည်။ [နာ–၁၇၂] သောတာပန် တည်ရေး ကိစ္စမှာ သူတော်ကောင်း ဆရာကို ဆည်းကပ်ရမည်။ သစ္စာတရားကို နာရမည်။ ဟုတ်တိုင်းမှန်စွာ မြင်အောင် နှလုံးသွင်းမှု ရှိရမည်။ နှလုံးသွင်း မှန်ပြီးနောက် ပွားများ အားထုတ်ခြင်းလည်း ရှိမှ ဖြစ်သည်။ ထို့နောက် သမ္မာဒိဋ္ဌိ ဖြစ်အောင် လေးလေးစားစား နာကြပါ ဆိုပြီး 'ဝိညာဏံ ဘိက္ခဝေ ဘိက္ခုဝညာဏဉ္စ ပဿတိ သာယံ ဘိက္ခဝေ သမ္မာဒိဋ္ဌိ သမ္မာပဿံ နိဗ္ဗိန္ဒတိ'။ သံယုတ်ပါဠိတော်ကို ထုတ်ပြသည်။ [နာ–၁၇၃] ရဟန်းတို့ ဝိညာဉ်ခေါ် စိတ်ကလေးသည် ပေါ်ပြီး ပျောက်ပျက်သွားသော အနိစ္စ တရားကလေး ဖြစ်ပုံကို မြင်အောင် ကြည့်ရမည်ဟု ဆိုလိုသည်။ ထိုသို့ အနိစ္စပဲဟု ရှုမြင်လိုက်ခြင်းသည် သမ္မာဒိဋ္ဌိကို ဖြစ်ပေါ်စေသည်။ သက္ကာယဒိဋ္ဌိကို ပပျောက်စေသည်။ စိတ် ...းသည် ဖြစ်ပြီး ရှုဉာဏ်ဖြင့် ကြည့်လိုက်တော့ မရှိ...

သည် သမ္မာဒိဋ္ဌိ ဖြစ်သည်။ [နှာ-၁၇၄] မရှိ ဖြစ်တတ်သော တရားကို မရှိဘူးဟု သိလိုက်ခြင်းသည် အမြင်မှန် ဖြစ်၏။ အနိစ္စကို အနိစ္စဟု သိလျှင် သမ္မာဒိဋ္ဌိ ဖြစ်သည်ဟု ထပ်ရှင်းသည်။

ထို့နောက် ပုထုဇဉ် သန္တာန်မှာ ပုထုဇဉ်စိတ်သာ ဖြစ်ပေါ်တတ်ကြောင်းကို ဟောသည်။ အကြောင်း တိုက်ဆိုင်လျှင် ပေါ်သောစိတ်က အရင်ပေါ်သည်။ ရှုဉာဏ်က နောက်မှ ပေါ်သည်။ မိမိသန္တာန်မှာ စိတ်နှစ်စိတ် ပြိုင်ပြီး မပေါ်နိုင်ပါ။ တစ်စိတ် ပေါ်ပြီး ပျက်မှ နောက် တစ်စိတ် ပေါ်နိုင်သည်။ စိတ်ပေါ်၍ ရှုလိုက်သောအခါ ရှုဉာဏ်ထဲမှာ မရှိတာဘဲ တွေ့ရမည်။ [နှာ-၁၇၆] ဤသို့ သိလျှင် သမ္မာဒိဋ္ဌိ ဖြစ်သည်ဟု သံယုတ် ပါဠိတော်မှာ မြတ်စွာဘုရား ဟောထားကြောင်း ထောက်ပြသည်။ [နှာ-၁၇၇] စိတ်ဆိုတာ ဖြစ်ပြီး ပျက်သောကြောင့် အနိစ္စ ဖြစ်သည်။ ရှုလိုက်တော့ မရှိတာက အနိစ္စလက္ခဏာ ဖြစ်သည်ဟု ရှင်းပြသည်။ စိတ်ဆိုတာ အနိစ္စ တရားမို့ အနိစ္စလက္ခဏာကို ပြသွားသည်ဟု ဆိုသည်။ အရှိကို အရှိအတိုင်း မဖောက်မပြန် ကောင်းစွာ မြင်လျှင် သမ္မာဒိဋ္ဌိ ဖြစ်ပြီ။ ဒိဋ္ဌိ အားလုံး ပြေးပြီ။ [နှာ-၁၇၈] ဒါဆို ရှေ့ပိုင်းက ပြတာက အနိစ္စ လက္ခဏာ။ ထိုလက္ခဏာကို မြင်လိုက်တာ၊ သိလိုက်တာက သမ္မာဒိဋ္ဌိ ဖြစ်သည်။ 'သယံ ဟောတိ သမ္မာဒိဋ္ဌိ' [နှာ-၁၈၂] ဒါ သက္ကာယဒိဋ္ဌိ ပြုတ်နည်း ဖြစ်သည် ဆို၏။

ထို့နောက် အနိစ္စနှင့် အနိစ္စလက္ခဏာ သဘောကို ကွဲအောင် ရှင်းပြသည်။ ခန္ဓာငါးပါးက အနိစ္စ ဖြစ်၏။ ဖြစ်ပြီး မရှိတော့တာက အနိစ္စလက္ခဏာ ဖြစ်သည် ဆို၏။ [နှာ-၁၉၀] ရှေ့က အနိစ္စလက္ခဏာ၊ နောက်က သိလိုက်တာက သမ္မာဒိဋ္ဌိ။ အနိစ္စလက္ခဏာနှင့် သမ္မာဒိဋ္ဌိ ကိုက်သွားလျှင် ကိလေသာ ကြားမရှိတော့ပါ။ [နှာ-၁၉၄] ထို့နောက် ခန္ဓာငါးပါး၏ အနိစ္စလက္ခဏာကို သိလိုက်လျှင် ပဋိစ္စသမုပ္ပါဒ် လည်ပုံကို ပြသည်။ [နှာ-၁၉၅] ဒိဋ္ဌုပါဒါန်က စပုံကို ပြသည်။ သမ္မာဒိဋ္ဌိ (ဝိပဿနာဉာဏ်) မဝင်လျှင် တစ်နေ့တစ်နေ့ ဒိဋ္ဌိဦးစီးသော ကံများ မရေမတွက်နိုင် ဖြစ်ပုံကို ပြသည်။ ထိုကံများကို ပျောက်ပျက်မသွားအောင် တဏှာ၊ ဥပါဒါန်က ချုပ်ထိန်းထားသည်။ ထိုကံများကို မဂ်ဖြင့် ဖြတ်ရမည်ဟု ဆိုသည်။ [နှာ-၁၉၉] ယနေ့ ရှုခိုင်းတာ ဝဋ် ပြတ်အောင်၊ သမ္မာဒိဋ္ဌိ ဖြစ်သဖြင့် မိစ္ဆာဒိဋ္ဌိ ပ ပျောက်အောင် ရှုခိုင်းခြင်း ဖြစ်သည်ဟု ဆိုသည်။ [နှာ-၂၀၂] အနိစ္စကို မမြင်လျှင် ဒိဋ္ဌိဝင်သည်။ မဂ်ဉာဏ် မဝင်သေးသရွေ့ ဒိဋ္ဌုပါဒါန်နှင့် ကံတွေ လိုက်နေမှာပဲဟု ဆိုသည်။ [နှာ-၂၀၃]

ဒါကြောင့် ဘယ်စိတ်ပေါ်ပေါ် အနိစ္စပဲ။ ဉာဏ်နှင့် ကြည့်လိုက်။ မရှိတော့ဘူး။ ဒါဆို အနိစ္စလက္ခဏာကို တွေ့ပြီ။ သမ္မာဒိဋ္ဌိ ဖြစ်ပြီ။ သမ္မာဒိဋ္ဌိ ဖြစ်သည်နှင့် မိစ္ဆာဒိဋ္ဌိ ပြုတ်တော့သည်။ ရှုရမည်။ မရှုဘဲနှင့် ဒိဋ္ဌိ ပြုတ်တယ်ဆိုလျှင် အလကားပြောတာဟု ဆိုသည်။ [နှာ–၂၀၄] ထို့နောက် အရှင်ခေမာ ဝတ္ထုကို ဟောသည်။ ရဟန်းကြီး ခြောက်ဆယ်က ကောသမ္ဗီပြည်မှာ နေသည်။ အရှင်ဒါသက က သီတင်းငယ် ဖြစ်သည်။ သူ့ကို အရှင်ခေမာထံ သွားပြီး သတင်း မေးခိုင်းသည်။ ကျန်းမာရဲ့လား ဆိုတော့ အရှင်ခေမာက ငါ မကျန်းမာဘူးဟု ဖြေလိုက်သည်။ ရဟန်းကြီးများက အရှင်ဒါသက ကို နောက်တစ်ခေါက် စေပြီး ခန္ဓာငါးပါးကို အရှင်ခေမာက ငါ၊ ငါ့ ဥစ္စာဟု မှတ်ယူ နေသလားဟု မေးခိုင်းသည်။ အရှင်ဒါသက သွားမေးရပြန်သည်။ အရှင်ခေမာ က ခန္ဓာငါးပါးကို ငါစွဲ မစွဲကြောင်း ဖြေလိုက်သည်။ ရဟန်းကြီးများက နောက်တစ်ခေါက် အရှင်ဒါသက ကို လွှတ်ပြီး မေးပြန်သည်။ ခန္ဓာ ငါးပါးကို ငါ၊ ငါ့ဥစ္စာ မစွဲဘူး ဆိုလျှင် ရဟန္တာ ဖြစ်ပြီလားဟု မေးသည်။ အရှင်ခေမာက ခန္ဓာငါးပါးကို ငါစွဲ မစွဲပါ။ အနိစ္စ လက္ခဏာကို မြင်ပါပြီဟု ဖြေသည်။ သို့သော် ရဟန္တာတော့ မဟုတ်သေးဘူးလို့ ဖြေလိုက်သည်။ [နှာ–၂၀၆]

ခန္ဓာငါးပါးကို ငါ့ဟာ၊ ငါ့ဥစ္စာလည်း မစွဲပါ။ ရဟန္တာလည်း မဖြစ်သေးပါ ဆိုသောကြောင့် ရုပ်ကို ငါစွဲ မစွဲတာလား၊ ရုပ်မှ တစ်ပါးသော ခန္ဓာတွေကို ငါစွဲ မစွဲတာလားဟု ထပ်မေးခိုင်းပြန်သည်။ ထိုအခါ အရှင်ခေမာက ခန္ဓာငါးပါး တစ်ပါးစီကိုတော့ ငါ့ဟာ၊ ငါ့ဥစ္စာ မစွဲတော့သော်လည်း ငါလိုလို ထင်မှု အစွဲကလေးတော့ ကျန်သေးသည်ဟု ဖြေပြန်သည်။ မာနစွဲကလေးတော့ ကျန်သေးသည်။ [နှာ–၂၀၇] ဒိဋ္ဌိငါတော့ မကျန်တော့သော်လည်း မာနငါတော့ ကျန်သေးသည်။ ငါလိုလို ထင်မှုကလေး ကျန်သေးသည် ဆိုသော စကား၏ အဓိပ္ပာယ်ကို ရဟန်းတော်များက ထပ်မေးခိုင်းပြန်သည်။ [နှာ–၂၀၈] ထိုအခါ အရှင်ခေမာက အရှင်ဒါသက ကို မဖြေတော့ဘဲ သူကိုယ်တိုင်ပဲ လိုက်ဖြေတော့မည် ဆိုပြီး လိုက်သွားသည်။

ထို့နောက် ငါထင်မှုသည် ခန္ဓာ တစ်ပါးစီ အပေါ်မှာ ထင်နေခြင်း မဟုတ်၊ ခန္ဓာ အစုအပေါင်း အပေါ်မှာ ထင်နေခြင်း ဖြစ်ကြောင်း၊ မာန ငါစွဲကလေး ကျန်နေကြောင်းကို ရှင်းပြသည်။ [နှာ–၂၁၀] ထိုသဘောကို ပဒုမ္မာကြာပန်း ဥပမာ ပေးပြီး ရှင်းပြထားသည်။ ကြာပန်း မွှေးတာ အရွက်က မွှေးတာလည်း မဟုတ်၊ အရိုးက မွှေးတာလည်း မဟုတ်၊ ပွင့်ဖတ် ဝတ်ဆံက မွှေးတာလည်း မဟုတ် အစုအပေါင်းက မွှေးသလိုပဲဟု ဆိုသည်။ အပါယ်ကျမည့် ဒိဋ္ဌိစွဲတော့ မရှိတော့ပါ။

ဖြစ်ကောင်း တဏှာ၊ မာနကလေး ကျန်နေခြင်းကို ဆိုလိုသည်။ [နှာ-၂၁၂] အနာဂါမ်မှာ မာနစွဲကလေး ရှိသေးသည်ဟူလို။ ဒီလို အစုအပေါင်းကလေး အပေါ် တဏှာ၊ မာနစွဲကလေး ကျန်နေသေးပါက ဖြစ်ပျက်ကိုပဲ ပြန်ရှုရမည်ဟု ဆိုသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး အတိုင်းပဲ သွားမည်။ ထို့နောက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်မှာ ဒိဋ္ဌိ ပြုတ်သော်လည်း မာန ကျန်နေပုံကို ခဝါသည် ရေးက အဝတ်ဖြူအောင် လျှော်ဖွပ်သော်လည်း ဆပ်ပြာနံ့ ကျန်နေပုံ ဥပမာပြ ရှင်းသည်။ [နှာ-၂၁၃] ရူပရာဂ၊ အရူပရာဂ မာန အနံ့ကလေး ကျန်နေကြောင်း ရှင်းထားသည်။ ထိုအနံ့အသက် အားလုံး အရဟတ္တမဂ် ရသောအခါ စင်ကြယ်သွားပုံကို ပြသည်။ ဤတွင် အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၆။ အာယတန ၁၂ ပါး အဆိပ်ရေသောရေ မသောက်မိစေရန်

[ ၇-၃-၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရဟန်းတွေကို ခန္ဓာကိုယ်ထဲမှာ ဘာတွေ ရှိနေသလဲဟု မေးတာကို မှတ်ထားဖို့ လိုတယ် အစချီပြီး ဤတရားကို ဟောကြားတော် မူသည်။ ခန္ဓာကိုယ် အတွင်းမှာ ရှိတာတွေကို သုံးသပ်ကြည့်ပါက နိဗ္ဗာန်၊ မဂ်၊ ဖိုလ် ရောက်ခြင်း၏ အကြောင်းတွေကို တွေ့ပါလိမ့်မည်ဟု ဆိုသည်။ ခန္ဓာကိုယ် အတွင်းမှာ သုံးသပ်သောအခါ ပြောင်းပြန် သုံးသပ်ရသည်။ အကျိုးကနေပြီး အကြောင်းကို ပြန်ရှာလိုက်လို့ ရှိလျှင် အမြစ်မူလ အကြောင်းကို တွေ့သည်။ ပဋိလုံ စဉ်းစားနည်း ဖြစ်သည်။ နွယ်ဖျားကနေ ကိုင်ဆွဲလိုက်လျှင် အမြစ်ကို ဖော်ထုတ်နိုင် သကဲ့သို့ ဖြစ်သည်။ [နှာ-၂၁၈] ခန္ဓာထဲမှာ အို၊ နာ၊ သေ ဘာကြောင့် ဖြစ်ရသလဲ အကြောင်းကို မသိလျှင်၊ အကြောင်းကို မဖြတ်တတ်လျှင် အစဉ်အမြဲ ခေါင်းစင်း ခံနေကြရမည်ဟု ဆိုသည်။

ဤတရားကို မြတ်စွာဘုရားသည် သမ္မသနသုတ်မှာ ဟောကြားတော်မူကြောင်း ကိုးကား ပြထားသည်။ အို၊ နာ၊ သေ ဘယ်က လာ။ ခန္ဓာက လာသည်။ 'ဥပဓိနိဒါန' ခန္ဓာက အိုနေ၊ နာနေ၊ သေနေတာကို အန္တရာယ်ကင်း၊ ဘေးရှင်းအောင် ဘယ်လိုပင် ပရိတ်ရွတ်ရွတ် မရပ်နိုင်ကြောင်း ဟောသည်။ အို၊ နာ၊ သေ အန္တရာယ်ကို ဘုရားရှင် ကိုယ်တော်တိုင်ပင် မလွတ်နိုင်ဘဲ ရင်ဆိုင်ကြရပုံကို ပြသည်။ [နှာ-၂၂၀] အို၊ နာ၊ သေ ခန္ဓာက လာသည်။ ခန္ဓာ မဖြစ်မှသာ အို၊ နာ၊ သေ လွတ်မည်

ဖြစ်၏။ ခန္ဓာဒုက္ခကို သုခ ဖြစ်အောင် မလုပ်နိုင်ပါ။ မဂ်ကသာ ဒုက္ခချုပ်အောင် လုပ်ဆောင်နိုင်သည်။ ဒါကြောင့် မိမိအားထုတ်သော သတိပဋ္ဌာန်လေးပါး တစ်ပါးပါး ကို အားကိုးရမည်။ [နှာ-၂၂၂] ခန္ဓာငါးပါးက အကြောင်း သမုဒယသစ္စာ၊ အို၊ နာ၊ သေက အကျိုး ဒုက္ခသစ္စာ ဖြစ်သည်။ ဒီခန္ဓာငါးပါး ချုပ်ငြိမ်းအောင် ကျင့်သော အကျင့်က မဂ္ဂသစ္စာ၊ ကျင့်လို့ ချုပ်ငြိမ်းသွားတာက နိရောဓသစ္စာ ဖြစ်သည်။ တစ်ခါ ခန္ဓာက ဘယ်က လာသလဲ။ လက်သည် ရှာဦး။ ဆုတောင်း တဏှာက လာသည်။ တဏှာသည် အမျိုးမျိုးသော ခန္ဓာဖြစ်အောင် လုပ်နိုင်သည်။ ဒုက္ခအမျိုးမျိုး ကို ပေးနိုင်သည်။ ခိုင်းရှင်သလောက် ခိုင်းပြီး ပိန်ချုံးတော့ နွားသတ်ရုံသို့ ပို့သော နွားရှင်ထက် တဏှာက ပိုဆိုးပုံကို ပြသည်။ [နှာ-၂၂၄]

ဒါကြောင့် လုံးဝ မပေါင်းကောင်းတာ တဏှာ ဖြစ်သည်။ ဤတွင် တဏှာ သည် သမုဒယသစ္စာ ဖြစ်သည်။ ခန္ဓာငါးပါးက ဒုက္ခသစ္စာ ဖြစ်သည်။ တဏှာက ဘယ်က လာသလဲ။ ခင်ရာမင်ရာ၊ အာယတန ၁၂ ပါးက လာသည်။ ဝိပဿနာ အလုပ်မှာ ခင်ရာမင်ရာကို ဝိပဿနာ ရှုကြရမည်။ ခင်ရာမင်ရာကို ဖြတ်ချလိုက် ရမည်။ [နှာ-၂၂၆] ဝိပဿနာ ဘယ်က စ ရမှာပါလိမ့် ဆိုတော့ အာယတန ၁၂ ပါး မှာ ပေါ်သော ခင်ရာမင်ရာကို ရှုရမည်။ [နှာ-၂၂၇] တဏှာ ချုပ်အောင် ရှုရမည်။ တဏှာ ချုပ်မှသာ ခန္ဓာမလာ၊ ဇာတိ ချုပ်တော့မည် ဖြစ်၏။ တဏှာ ချုပ်လျှင် နိဗ္ဗာန်ပေါ်ပြီ။ [နှာ-၂၂၈] သို့သော် ပုထုဇဉ်သည် ခန္ဓာချုပ်အောင် မလုပ်ဘဲ ခန္ဓာကို အနန္တ ရာယ်ကင်း ဘေးရှင်းအောင် နည်းမျိုးစုံဖြင့် ပူဇော်ပသ ပြီး ကာကွယ် နေကြပုံကို ပြသည်။ [နှာ-၂၃၀] အဆိပ်ပင်ကြီးကို ရေလောင်းနေကြသည်နှင့် တူ၏။ ပုထုဇဉ်စိတ်မှာ ခန္ဓာကို ငါ့ဟာ၊ ငါ့ဥစ္စာ ထင်နေတတ်ကြသည်။ ထိုသို့ ထင်၍ ခင်ကြခြင်း ဖြစ်သည်။ ဘုရား ပွင့်လာတာသည် အဆိပ်သီးကို စားမိမည် စိုးသောကြောင့် ဖြစ်ကြောင်း ဟောသည်။ [နှာ-၂၃၂] ဘုရားက ခန္ဓာငါးပါးသည် ငါ့ကိုယ်လည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ ဖြစ်ကြောင်း ပြသည်။ ငါ၊ အတ္တဒိဋ္ဌိ၊ ငါ့ဥစ္စာက တဏှာ ဖြစ်သည်။ ငါ့ကိုယ်၊ ငါ့ဟာ မဟုတ်မှန်း သိလျှင် လိုချင်သော တဏှာ မလာတော့။ တဏှာ ချုပ်သည်။ [နှာ-၂၃၈] တဏှာ ချုပ်လျှင် နောက်ထပ် ခန္ဓာဒုက္ခသစ္စာ မလာတော့ပါ။ ဝိပဿနာ ရှုလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ သေသည်။ အဆိပ်ကို မမျိုးတော့ပါ။ [နှာ-၂၄၀] ဝိပဿနာ မရှုသောသူမှာ တဏှာ၊ မာန၊ ဒိဋ္ဌိ လာသည်။ ခင်ရာမင်ရာ လာသည်။ အဆိပ်ခွက် လာသည်။

အဆိပ်ကို မမျိုမိဖို့ဘဲ အရေးကြီးသည်။ [နှာ–၂၄၄] ဆရာတော်က ကိုယ့်ခန္ဓာ ဖြစ်စေ၊ သားသမီး ခန္ဓာ ဖြစ်စေ မခင်နဲ့ဟု သတိပေးသည်။

ထို့နောက် မြတ်စွာဘုရားက အရှင်အာနန္ဒာအား ဘုရားကို အမြတ်ဆုံး ပူဇော်နည်းမှာ ဓမ္မာနု ဓမ္မပဋိပန္နဖြင့် ပူဇော်ခြင်း ဖြစ်ကြောင်း ဟောပုံကို ပြသည်။ [နှာ–၂၄၈] တရားဖြင့် ပူဇော်ခြင်းကို ဘုရား အကြိုက်ဆုံးပဲဟု ဆိုသည်။ ထို့နောက် တရားဖြင့် ပူဇော်နည်းကို ပေးမည် ဆိုပြီး သင့်တင့်စွာ နှလုံးသွင်းပြီး အားထုတ်ကြပါဟု ဆိုသည်။ [နှာ–၂၅၁] ယောနိသော မနသိကာရ။ တရား အားမထုတ်သူ၊ အသင့်အားဖြင့် နှလုံး မသွင်းသူသည် ကိုယ့်ကိုယ်ကိုယ် အသေလွတ်အောင် မကယ်တင်သူ၊ ဘုရားကိုလည်း မကြည်ညိုသူ ဖြစ်သည်။ လူမိုက်ဟု ဆိုသည်။ [နှာ–၂၅၂] နှလုံးသွင်း မှန်စွာဖြင့် တရားကို အားထုတ်ရမည်။ [နှာ–၂၅၅] ခန္ဓာ ငါးပါးသည် ဖြစ်ပြီး ပျက်သော တရားသာ ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ ဖြစ်သည်။ ခင်စရာ၊ မင်စရာ မဟုတ်ဘူးဟု နားလည်ခြင်းသည် အသင့်အားဖြင့် နှလုံးသွင်းခြင်း ဖြစ်သည်။ ဖြစ်ပြီး ပျက်တဲ့ တရားဟု သိနေခြင်းသည် မဂ်ဖြစ်သည်။ ထိုအခါ တဏှာ နေရာမှာ မဂ်ဝင်နေပြီ။ [နှာ–၂၅၆] ခင်စရာ၊ မင်စရာ အစစ်ကို ရှာတော့ ကိုယ့်ခန္ဓာကို တွေ့သည်။ ထိုခန္ဓာကို ဝိပဿနာ ရှုရမည်ဟု နည်းပေးသည်။ [နှာ–၂၅၇] သတိပဋ္ဌာန် လေးပါး တစ်ပါးပါး ရှုဖို့ တိုက်တွန်းသည်။ ကြိုက်ရာ ခန္ဓာကို ရွေးပြီး ဖြစ်ပျက် ရှုပါဟု ဖော်ပြသည်။ အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၇။ ခဏကောင်းကို မလွန်ကြပါစေနဲ့၊ နောက်ပိုင်း အဂ္ဂဝဏ္ဏသုတ်

[ ၂–၂–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

အခု တွေ့ကြုံရတဲ့ ခဏဟာ အလွန်ရှားပါတယ် အစချီလျက် ဤတရားကို ဟောပါသည်။ သာသနာနှင့် မကြုံနိုင်သော ခဏ ရှစ် ခဏ ရှိသည်။ ကျွတ်တမ်း ဝင်နိုင်တာက တစ်ခဏပဲ ရှိသည်။ ဒါကြောင့် ဤတစ်ခဏနှင့် ကြုံဖို့ရာ အလွန်ပင် ခဲယဉ်းသည်။ ယခုလို ဘုရားပွင့်တဲ့အခါ လူဖြစ်တဲ့ ခဏသာလျှင် အဖိုးတန်သော ခဏ ဖြစ်သည်။ ထို့နောက် အသညသတ်ဘုံနှင့် အရူပ ဘုံကို ရောက်နေလျှင် တရား မရနိုင်ကြောင်းကို ဟောသည်။ [နှာ–၂၆၁] ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံ၊ အဟိတ် ပုဂ္ဂိုလ်တွေ ဘဝ ရောက်ပြန်လျှင်လည်း အကျွတ်တရား မရနိုင်ပုံကို

ဆက်ဟောသည်။ လူပြည်မှာ လာဖြစ်သော်လည်း မိစ္ဆာဒိဋ္ဌိ ဖြစ်နေမည် ဆိုလျှင်လည်း တရား မနာ တရား မရနိုင်တော့ပါ။ ဘုရားပွင့်ဆဲ အခါပင် ဖြစ်စေကာမူလည်း မိမိသည် ဆွံ့အပြီး ပြောတာ နားမလည်နိုင်သူ ဖြစ်လျှင်၊ ဘုရား မပွင့်သော သာသနာပ မှာ လူဖြစ်လျှင် ရပ်ပြစ်ရှစ်ပါး ကြုံရသည့် အတွက် တရား မရနိုင်ပါ။ [နာ–၂၆၃] ယခု မျက်မှောက် ခဏမှာမူ လူလည်း ဖြစ်လာ၊ သာသနာနှင့်လည်း ကြုံရသည်။ ထောင်တတ်သော နာလည်း ရှိသည်။ ဉာဏ်ပညာလည်း ပြည့်စုံသည်။ ကြုံရခဲသော ခဏ ဖြစ်သည်။ ဤခဏနှင့် လွဲချော်သွားပါက နစ်နာဆုံးရှုံးမှု ကြုံကြရပေမည်။

ဒါကြောင့် ဤခဏလေးမှာ အသေမဦးခင် ဉာဏ်ဦးပြီး မဂ်ဆိုက်မှသာ ကြုံခဲသော ခဏနှင့် ကြုံရကျိုး နပ်ပေလိမ့်မည်။ ဆရာတော်က ဤအကြောင်းကြောင့် တရား အားထုတ်ရန် အချိန် မဆိုင်းကြပါနှင့်၊ အချိန် မဆွဲကြပါနှင့်ဟု တိုက်တွန်း ထားသည်။ ယခု အသက်ရှင်ဆဲ ခဏမှာ မိမိတို့သည် နက်နဲသော ပရမတ်တရား၊ ဓာတ်တရားတွေကို နားလည်နိုင်သော ဉာဏ်လည်း ရှိကြသည်။ တရား အားထုတ်လျှင် တရား ရနိုင်သော အခွင့်ကောင်း၊ အခါကောင်းလည်း ဖြစ်သည်။ ဒါကြောင့် နောက်ဘုရား သာသနာကို မျှော်ပြီး စောင့်နေစရာလည်း မလိုတော့ပါ။ နောက်ပြန် မဆွဲကြပါနှင့်ဟု တိုက်တွန်း နှိုးဆော်သည်။ [နာ–၂၆၅] ဤဘဝသည် သုညတမွေကို နားလည်နိုင်သော ဘဝ ဖြစ်သည်။ သုညတမွေဆိုတာ ရုပ်နာမ်တွေသာ ဖြစ်သည်။ ရုပ်နာမ်မွေလည်း ဖြစ်ပျက်ပဲ ရှိသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိဟု သိမြင်ခြင်း ဖြစ်၏။ [နာ–၂၆၆] 'ခဏော ဝေမာဉပစ္စဂါ ခဏာတီတာဟိသော ခန္တိ နိရယမှိ သမပ္ပိတာ' ယခု ကြုံရသော ခဏကို မလွန်မြောက်ပါစေနှင့်၊ အလွဲသုံးစား လုပ်ပြီး အချိန်တွေကို မဖြုန်းလိုက်ကြပါနှင့်၊ ထိုခဏကို လွန်သွားစေပါက သောကပရိဒေဝနှင့် နေကြရပေမည်။ ငရဲသို့ ရောက်ကြရပေတော့မည် ဟူလို။ [နာ–၂၆၇]

ခန္ဓာ၏ လမ်းစဉ်က သေလမ်းသို့ သွားနေသည်။ ယခု ရထားသော ခဏကလေးသည် မသေရာကို ရှာနိုင်သော ခဏကလေး ဖြစ်၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရနိုင်သော ခဏကလေး ဖြစ်နေသည်။ ထိုသို့ တန်ဖိုးရှိသော ခဏကလေးထဲ ရောက်နေစေကာမူ မဂ်ဉာဏ်နှင့် ဒုက္ခချုပ်သော နိဗ္ဗာန်ကို အာရုံ မပြုနိုင်သေးလျှင် ခန္ဓာကတော့ သွားမြဲ သေလမ်းသို့သာ သွားနေပေလိမ့်မည်။ ဒါကြောင့် ဉာဏ်မဦးခင် အသေဦးသွားပါက ကိုယ်ကျိုး နည်းရပေတော့မည်။ ဒါကြောင့် ခန္ဓာက သူ့လမ်း သေလမ်းကို သွားနေသည်။ မိမိတို့ကလည်း မဂ်လမ်း၊ ဖိုလ်လမ်း၊ ကိုယ်သွားရမည့်

လမ်းကို သွားကြရပေလိမ့်မည်။ [နှာ–၂၇၁] သားရေး၊ သမီးရေး၊ စီးပွားရေးတွေ ရှုပ်မနေကြပါနှင့်၊ ကိုယ့်အရေးကိုယ် ကြိုးကြစမ်းပါဟု တိုက်တွန်းထားသည်။ [နှာ–၂၇၄] အပါယ် မကျအောင်လည်း မိမိကိုယ်တိုင် လုပ်မှ ရသည်။ နိဗ္ဗာန် ရောက်အောင်လည်း မိမိကိုယ်တိုင် လုပ်မှ ရသည်။

ထို့နောက် ရထားသော ခဏကလေးကို မဂ်၊ ဖိုလ် ရအောင် အသုံးချဖို့၊ အလကား ကုန်ဆုံး မသွားအောင် သတိထားဖို့ ဟောသည်။ ပြီးမှ အဂ္ဂိဝစ္ဆ ပုဏ္ဏား ဝတ္ထုကို ဆက်ဟောသည်။ 'ဒိဋ္ဌိစင်မှ နိဗ္ဗာန်သိတယ်' ဆိုသော စကားဖြင့် စ လိုက်သည်။ [နှာ–၂၈၁] ဒိဋ္ဌိ မစင်ဘဲနှင့် နိဗ္ဗာန်အကြောင်း ပြောလျှင် မိရိုးဖလာ စကားမျှသာ ဖြစ်သည်။ တကယ် ရောက်ချင်သော နိဗ္ဗာန် မဟုတ်ဟု ဆိုသည်။ ဒါကြောင့် နိဗ္ဗာန်ကို နားလည်ချင်လျှင် ဒိဋ္ဌိစင်အောင် လုပ်ပါဟု ဆိုသည်။ ဒိဋ္ဌိ မစင်ပါက နိဗ္ဗာန်သည် ခန္ဓာစာတ် ချုပ်ငြိမ်း ရုပ်သိမ်းတာ ဖြစ်သည်ဟု ဆိုပါက အိုခန္ဓာ မရှိရင် ဘယ်လို လုပ်မလဲ၊ ဘာနဲ့ စားပြီး ဘာနဲ့ ဝတ်မလဲဟု ဆင်ခြေပေးလိမ့်မည်။ ဒါကြောင့် ဒိဋ္ဌိစင်မှ နိဗ္ဗာန်မြင်သည်ဟု ပြောခြင်း ဖြစ်သည်။ [နှာ–၂၈၂]

ထို့နောက် အမှန်သစ္စာကို မြင်ပြီး နိဗ္ဗာန်ကို လိုချင်မှသာ နိဗ္ဗာန်ကို ရသည်။ အမှားမြင်ပြီး ရိုးရာပြော နိဗ္ဗာန် အမြင်ဖြင့်မူ နိဗ္ဗာန် မရနိုင်ကြောင်း ပြသည်။ [နှာ–၂၈၅] ဒါကြောင့် နိဗ္ဗာန်ကို ရချင်လျှင် ဒိဋ္ဌိကို အရင် စင်အောင် လုပ်ရမည်ဟု ဆိုသည်။ [နှာ–၂၈၆] ပြီးမှ အဂ္ဂိဝစ္ဆ ပုဏ္ဏား အမေးများကို ဆက်ဟောသည်။ ရှင်ကြီး ဂေါတမ၊ သတ္တလောကသည် မြဲသလား၊ သတ္တလောကသည် မမြဲဘူးလား၊ သတ္တလောကမှာ အဆုံး ရှိသလား၊ သတ္တလောကမှာ အဆုံး မရှိဘူးလား၊ အသက်နှင့် ကိုယ်သည် အတူတူပဲလား၊ မတူဘူးလား၊ သတ္တဝါသေရင် ဖြစ်သေးလား၊ မဖြစ်တော့ဘူးလား စသည့် မေးခွန်းများကို အဂ္ဂိဝစ္ဆ ပုဏ္ဏားက မေးသည်။ ဘုရားက ငါ့မှာ ထိုအယူ မရှိဟုသာ ဖြေတော်မူသည်။ ဒါဆို ရှင်ကြီး ဂေါတမရဲ့ အယူကို ပြောစမ်းပါဟု ဆိုသည်။ ဘုရားက ငါ့အယူမှာ ရုပ်တရား၊ နာမ်တရားတို့သည် ဖြစ်ပျက်နေကြသည်။ ခန္ဓာငါးပါးသည် ဖြစ်ပျက်ပဲ ရှိသည်။ ဖြစ်ပျက်ပဲ ရှိတယ်ဆိုတာ ငါ့အယူပဲဟု ဆိုသည်။ [နှာ–၂၈၉] ခန္ဓာငါးပါး၏ ဖြစ်ပျက်ကို မြင်မှသာ ဗုဒ္ဓဘာသာ စစ်စစ် ဖြစ်သည်ဟု ဆရာတော်က သုံးသပ် ပြထားသည်။

ထိုအခါ ပုဏ္ဏားက ခန္ဓာငါးပါး ဖြစ်ပျက်ပဲ ရှိတယ်ဆိုသော အယူသည် ဘာအကျိုးရှိသလဲ။ ဘုရားက ထိုသို့ယူလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်သည်။

ဥပါဒါန် ပြုတ်သည်ဟု ဖြေသည်။ [ နှာ–၂၉၁ ] ဥပါဒါန် ချုပ်လျှင် ကံချုပ်သည်။ ဇာတိ မလာနိုင်တော့ပါ။ ဇာတိ ချုပ်လျှင် နိဗ္ဗာန် ရပြီ ဖြစ်၏။ [ နှာ–၂၉၃ ] ဒိဋ္ဌိ ပြုတ်မှ နိဗ္ဗာန်ရကြောင်း ဆွဲဟောနေတာသည် ရိုးရာ ပြင်ဘက်ကို ရောက်အောင် ဆွဲထုတ်နေတာဟု ဆိုသည်။ [ နှာ–၂၉၃ ] ထို့နောက် ရိုးရာ အယူအစွဲများကို ဝေဖန် ထားသည်။ [ နှာ–၂၉၄ ] ဒိဋ္ဌိပြုတ်မှ နိဗ္ဗာန်ရောက်မယ် ဆိုသော သဘောကို ပေါ်လွင်စေရန် ဤဝတ္ထုကို ထုတ်ခြင်း ဖြစ်သည်။ ထို့နောက် အဂ္ဂိဝစ္ဆက ဥပါဒါန် ချုပ်သော ပုဂ္ဂိုလ် ဘယ်သွားဖြစ်သလဲဟု ထပ်မေးသည်။ ဘုရားက ငါ့မှာ ထိုအယူ လည်း မရှိကြောင်း ဖြေသည်။ ဒါဖြင့် ဘယ်မှာမှ မဖြစ်တော့ဘူးလားဟု မေးပြန် သည်။ ထိုအမေးကိုလည်း ဘုရားက ပယ်တော်မူသည်။ [ နှာ–၂၉၇ ] ပုဏ္ဏားက ဒိဋ္ဌိနှင့် မေးနေခြင်း ဖြစ်သည်။ ဘုရားက တဏှာ၊ ဥပါဒါန် ချုပ်လျှင် ဘယ်မှ မဖြစ်တော့ဘူး၊ ဒုက္ခတွေအားလုံး ချုပ်ငြိမ်းသွားခြင်းသာ ဖြစ်ကြောင်း ဟောသည်။ ထိုအခါ ပုဏ္ဏားက နားမလည်သဖြင့် သူ့မှာ ဉာဏ်တုံးပြီဟု ဆိုသည်။ ဉာဏ်တုံးရ ခြင်းမှာ ပဋိစ္စသမုပ္ပာဒ်ကို နားလည်၍ ဒိဋ္ဌိ ပြုတ်ပြီး မဖြစ်သောကြောင့် ဖြစ်၏။ ဒိဋ္ဌိ ပြုတ်မှသာ နိဗ္ဗာန်ကို သဘောကျနိုင်ပုံကို ဆက်ဟောသည်။ အချိန်ကုန်သဖြင့် တရား ရပ်နားလိုက်သည်။

*

## ၈။ နိဗ္ဗာန်သွား လမ်းပြမြေပုံကြီး

[ ၈–၃–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

တရားနာကြတာ တရား အားထုတ်ဖို့ နည်းယူတာပဲဟု အစချီလျက် ဤ တရားကို ဟောပါသည်။ ဘာကြောင့် တရား အားထုတ်နည်း ယူကြတာလဲ ဆိုလျှင် ဒုက္ခခပ်သိမ်း ငြိမ်းသော နိဗ္ဗာန်ကို ရောက်ချင်လို့ ဖြစ်သည် ဆို၏။ ထို့နောက် နိဗ္ဗာန်ရောက်ခြင်း အစမှာ ဘာကို ရရမှာလဲ ဆိုသော ပုစ္ဆာကို ဖြေသည်။ နိဗ္ဗာန် ရောက်ခြင်း၏ အစသည် သမ္မာဒိဋ္ဌိကဟု ဖြေရသည်။ [ နှာ–၃၀၅ ] သမ္မာဒိဋ္ဌိသည် အမြင်မှန် ဖြစ်၏။ အမြင်မှန် ရမှသာ နိဗ္ဗာန်ကို ရောက်နိုင်သည်။ ဒါကြောင့် သမ္မာဒိဋ္ဌိ မရဘဲနှင့်တော့ နိဗ္ဗာန်ကို မရောက်နိုင်ဘူးဟု နားလည်ရမည်။ သမ္မာဒိဋ္ဌိ ရမှသာလျှင် သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်ရှစ်ပါး တစ်ခါတည်း ပါလာသည်။ [ နှာ–၃၀၈ ] တစ်ခါ သမ္မာဒိဋ္ဌိ ရခြင်း၏ အစသည် ဘယ်ကလဲဟု မေးပြန်သည်။ သမ္မာဒိဋ္ဌိ

အစသည် သစ္စာတရားကို နာမှုပဲ။ နှလုံးသွင်းမှန်သော တရားကို နာမှုဖြစ်သည်။ သမ္မာဒိဋ္ဌိသုတ်မှာ ဒီအတိုင်း လာသည်ဟု ဟောထားသည်။ [နှာ–၃၀၉] သမ္မာဒိဋ္ဌိ အစ တရားနာပြီး နှလုံးသွင်း မှန်မှုက ဖြစ်သည်။ နှလုံးသွင်း မမှန်သော တရားကို နာမိလျှင် ဖြုဟ္မာပြည် ရောက်သွားနိုင်သည်။ ဒါလောက်နှင့်တော့ မဖြစ်ဘူးဟု ဆိုသည်။ အပြ သုံးချက်၊ အကြောင်းနှစ်ချက် ရှိသွားပြီ။ [နှာ–၃၁၁] သောတာပန် တည်ချင်လျှင် တရားမနာဘဲနှင့် မတည်နိုင်ဘူးဟု မိန့်မှာသည်။ [နှာ–၃၁၂]

နှလုံးသွင်းမှန်သော တရားကို နာမှ၊ သမ္မာဒိဋ္ဌိ ဖြစ်မှ နိဗ္ဗာန်ကို ရသည်။ တရားကလည်း ဘယ်တရားကို နာရမလဲဆိုလျှင် နိဿတ္တ၊ နိဇ္ဇီဝ တရားကို နာမှဟု ဆိုသည်။ သတ္တဝါ မဟုတ်၊ အသက်ဝိညာဉ်ကောင် မဟုတ် ဆိုသော တရား (အနတ္တတရား)ကို နာရမှ ဖြစ်သည်။ [နှာ–၃၁၃] သုညတ တရား၊ သတ္တဝါမှ ဆိတ်သုဉ်းသော တရားကို နာရမည်။ ဤတရားသည် နိဗ္ဗာန်ကိုသွားသော မြေပုံညွှန်း ဖြစ်သည်ဟု ဆိုသည်။ [နှာ–၃၁၄] တရားနာပြီး နှလုံးသွင်း မှန်မှ သမ္မာဒိဋ္ဌိ ဖြစ်သည်။ သမ္မာဒိဋ္ဌိ ဖြစ်ပြီးမှ 'ဘာဝေတဗ္ဗ ကိစ္စ'ကို ပွားလိုက်လျှင် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်သည်ဟု ဆိုသည်။ [နှာ–၃၁၅] ဤကား နိဗ္ဗာန်ရောက်ချင်သော ပုဂ္ဂိုလ် ဆောင်ရမည့် လမ်းညွှန်မြေပုံ ဖြစ်သည်ဟု ဟောထားသည်။ [နှာ–၃၁၆] ဘယ်လို ကျင့်ရမလဲ ဆိုလျှင် နိဿတ္တ၊ နိဇ္ဇီဝ ဖြစ်အောင် ကျင့်ရမည်။ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ အသက်ဝိညာဉ်ကောင် မဟုတ်၊ ရုပ်နာမ် ဓမ္မမျှသာပဲ ဟူ၍၊ ဒုက္ခသစ္စာပဲ ဟူ၍ မြင်အောင် ကျင့်ရမည်။ [နှာ–၃၃၉] ဒီလို မမြင်သေးသရွေ့ နိဗ္ဗာန်သွား မြေပုံအစစ် ပျောက်ပြီဟု နားလည်ရမည်။ အသက် ဝိညာဉ်ကောင် မဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ နိဇ္ဇီဝ၊ နိဿတ္တဟု မြင်လျှင် ယောနိသော မနသိကာရ ဖြစ်ပြီ။ သမ္မဒိဋ္ဌိ ဖြစ်ပြီ။ သမ္မာဒိဋ္ဌိ ဖြစ်လျှင် နိဗ္ဗာန်ကို ရောက်ပြီဟု ဟောသည်။ [နှာ–၃၄၀]

ဤတရားကိုပင် အပြန်အားဖြင့် ဆင်ခြင်ပြပြန်သည်။ တဏှာ ဘယ်က လာသလဲ။ ခင်ရာမင်ရာက လာသည်။ ခင်ရာမင်ရာ ဘယ်က လာသလဲ။ နိဿတ္တ၊ နိဇ္ဇီဝ အမြင် ပျောက်ရာက လာသည်။ ဘာကြောင့် ထိုသမ္မာဒိဋ္ဌိ အမြင် ပျောက်သလဲ။ နှလုံးသွင်းမှန်သော တရားကို မနာရ၍ ဖြစ်သည်။ [နှာ–၃၄၁] ဒါကြောင့် နိဗ္ဗာန် သွားတဲ့ မြေပုံ၏ အစကို တွေ့ချင်လျှင် နိဿတ္တ၊ နိဇ္ဇီဝ အမြင်ကို ရှာရမည်ဟု ဆိုသည်။ မရှိတာ မြင်ရမည်ဆိုတော့ ဒိဋ္ဌိအစွဲ နာနေတာကို ဖြုတ်ရမည်။ ဤဒိဋ္ဌိစွဲကို ပွားများပြီးလည်း နောက်ဆုံး ဖြုတ်ရမည်။ [နှာ–၃၄၂] အကြားနှင့် မပြီးဘူး။

အပွားနှင့်မှ ငြိုးကြောင်းလည်း ဟောထားသည်။ တဏှာသည် ဘဝတိုင်း အာဆေစန သတ္တိ ထုံလာခဲ့တာ ဖြစ်သောကြောင့် ဘာဝေတဗ္ဗ ကိစ္စနှင့် သူ့ကို တုံ့ပြန်မှသာ ပြတ်နိုင်ကြောင်း ဟောသည်။ [နာ–၃၄၃]

ထို့နောက် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသည် အနှစ် ထုတ်လိုက်တော့ အနိစ္စ တရား၊ ဒုက္ခသစ္စာ ဖြစ်ပုံကို ပြသည်။ ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခ ဖြစ်သောကြောင့် နိဿတ္တ နိဇ္ဇီဝ ဖြစ်ပုံကို ပြသည်။ ပုဂ္ဂိုလ် သတ္တဝါမှ ဆိတ်သုဉ်းသည့် သဘောကို မြင်အောင် သုံးသပ်ပြသည်။ ဤကဲ့သို့ မြင်အောင် ခန္ဓာငါးပါး တစ်ပါးပါးကို ရှုပါ။ ရှုလျှင် အကုန်ပါသည်ဟု ဆိုသည်။ [နာ–၃၄၅] အရှင်သာရိပုတ္တရာ ဟောတော်မူသော ကျူစည်း ဥပမာဖြင့် ရုပ်လဲလျှင် နာမ်လဲသည့် သဘောကို ပြသည်။ ဤတွင် ဝိညာဉ်ကြောင့်လည်း နာမ်ရုပ် ဖြစ်သည်။ နာမ်ရုပ်ကြောင့်လည်း ဝိညာဉ်ဖြစ်သည် ဆိုသော အချက်ကို ပေါ်ပေါ် လွင်လွင် ဟောတော်မူသည်။ ရုပ်နှင့် နာမ်သည် အချင်းချင်း ကျေးဇူး ပြုနေသည့် သဘောကို ပြခြင်း ဖြစ်၏။ [နာ–၃၄၆] ဒါကြောင့် ရုပ်ကြိုက် ရုပ်ရှု၊ စိတ်ကြိုက် စိတ်ရှု၊ ဝေဒနာကြိုက် ဝေဒနာရှုဟု တိုက်တွန်းထားသည်။ ဘာပဲရှုရှု ဖြစ်ပျက် (ဒုက္ခသစ္စာ)ချည်းပဲ ဖြစ်သည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာဟု သိတာက မဂ္ဂသစ္စာ။ မဂ်ဝင်လိုက်တော့ တဏှာ သေသည်။ သမုဒယသစ္စာ မလာတော့။ မလာတော့လျှင် နောက်ခန္ဓာ ဒုက္ခသစ္စာ မလာဘဲ ငြိမ်းသည်။ နိဗ္ဗာန်သဘော ပေါ်ပြီ။ ဤတွင် အရိုန်စေ၍ တရားကို ရပ်လိုက်သည်။

*

## ၄။ နလုံးသွင်း မှန်ရမည်၊ အားထုတ်မှု မှန်ရမည်

[ ၁၃–၃–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ဗုဒ္ဓ ရှင်တော်မြတ်ဘုရားသည် 'အတုမရှိ'သော ကိုယ်တော်မြတ်ကြီး ဖြစ်သည်ဟု အစချီလျက် ဤတရားကို ဟောကြားတော်မူသည်။ အတုမရှိ ကိုယ်တော်မြတ်ကြီး ဖြစ်သော်လည်း သတ္တဝါများကို သူကဲ့သို့ပင် အတူတကွ ဒုက္ခစပ်သိမ်း ငြိမ်းသော နိဗ္ဗာန်ကို ရောက်စေလိုတယ်။ သတ္တဝါတွေ အပေါ် သူနှင့်ထပ်တူ မေတ္တာ ထားတော်မူသည်ဟု ဆိုလိုသည်။ ပါဠိတော်မှာ 'မယုံ ပိဓေါ ဘိက္ခဝေ ယောနိသော မနသိကာရာ၊ ယောနိသော သမ္မပ္ပဓာနာ အနုတ္တရံ ဝိမုတ္တိံ အနုပ္ပတ္တံ အနုတ္တရံ ဝိမုတ္တိံ'၊ သစ္ဆိကာတဗ္ဗံ တုမှေပိယောနိသော မနသိကာရာ ယောနိသော

သမ္ပပ္ပမာနာ အနုတ္တရံ ဝိမုတ္တိံ အနုပါပုဏာထ အနုတ္တရံ ဝိမုတ္တိံ သစ္ဆိကရောထ'။ [နှာ–၃၁၅] ဆိုလိုရင်းမှာ ငါ ဘုရားသည် ယောနိသော မနသိကာရဖြင့် မှန်မှန်ကန်ကန် နှလုံးသွင်းခြင်းကြောင့်၊ မှန်မှန်ကန်ကန် အားထုတ်ခြင်းကြောင့် အတုမရှိ မြတ်လှသော၊ သေခြင်းကင်းသော အရဟတ္တဖိုလ်၊ နိဗ္ဗာန်သို့ ရောက်လည်း ရောက်ပါပြီ။ မျက်မှောက်လည်း ပြုပါပြီ။ သင်တို့လည်း ငါနှင့်ထပ်တူ ယောနိသော မနသိကာရဖြင့် နှလုံးသွင်း မှန်ကန်စွာဖြင့် ငါရောက်သော နိဗ္ဗာန်ကို ရောက်ကြပါစေ၊ မျက်မှောက် ပြုနိုင်ကြပါစေ ဟူလို။ မဟာကရုဏာတော်ကို ဖော်ပြခြင်း ဖြစ်၏။ နှလုံးသွင်းလည်းမှန်၊ အားလည်း ထုတ်ကြရမည်ဟု ပြဋ္ဌန်းခြင်း ဖြစ်သည်။ [နှာ–၃၅၄]

ထို့နောက် နှလုံးသွင်း မှန်မှု သဘောကို ရှင်းပြထားသည်။ မြင်စိတ်တစ်ခု ပေါ်လျှင် ငါက မြင်တာ မဟုတ်ဘဲ ဝိညာဏက္ခန္ဓာက မြင်တာဟု သိခြင်းသည် နှလုံးသွင်း မှန်ခြင်း ဖြစ်သည်ဟု ဆိုသည်။ ပုဂ္ဂိုလ်၊ သတ္တဝါက မြင်တာ မဟုတ်၊ မြင်စိတ်က မြင်တာဟု နားလည်ရမည်။ [နှာ–၃၆၃] ထိုမြင်စိတ်သည်လည်း မြင်ပြီး မရှိတော့ပါ။ မရှိတာကို သိမြင်လိုက်ပြီ ဆိုပါက နှလုံးသွင်း တည့်ပြီ၊ မှန်ပြီဟု ဆိုသည်။ အားထုတ်လိုက်တော့ ဒုက္ခသစ္စာကို သိသည်။ [နှာ–၃၆၈] ဒုက္ခသစ္စာကို ထိုးထွင်းပြီး ပိုင်ပိုင်နိုင်နိုင် သိလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ကြောင်း ဟောသည်။ သစ္စာကို သိခြင်း ဖြစ်သည်။ 'စက္ခုံ ဥဒပါဒိ' ဖြစ်တော့၏။ နိဗ္ဗာန် ရောက်ချင်သော ပုဂ္ဂိုလ်သည် နှလုံးသွင်း မှန်ပြီးလျှင် အားထုတ်မှု ရှိမှ ကိစ္စပြီးမည်ဟု ဆိုသည်။ နှလုံးသွင်း မှန်ပြီ ဆိုပါက ဉာတပရိညာဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပြုတ်ပြီ။ အားထုတ်မှု ရှိသောအခါ ဖြစ်ပျက် ဒုက္ခသစ္စာကို သိသည်။ [နှာ–၃၆၉] အားထုတ်သောအခါမှ သစ္စာကို ပိုင်ပိုင်နိုင်နိုင် သိသည်။ ခန္ဓာကို မြင်မှ ပုဂ္ဂိုလ်၊ သတ္တဝါ မြင်မှု ဆိတ်သုဉ်းသွားသည်။ [နှာ–၃၇၁] မဂ်က ကိလေသာ (တဏှာ)ကိုလည်း သတ်သည်။ နိဗ္ဗာန်ကိုလည်း ပို့သည်။ နှစ်ကိစ္စ ဆောင်ရွက်သည်။ [နှာ–၃၇၄]

ထို့နောက် နှလုံးသွင်း မှန်အောင် လုပ်ဖို့နှင့် မဂ်ဉာဏ်ရအောင် အားထုတ်ရေးများကို တိုက်တွန်း၍ ဟောကြားတော်မူသည်။ ပြီးမှ အလုပ်တရား ပြခန်းသို့ ရောက်သည်။ [နှာ–၃၈၃] နှလုံးသွင်း မှန်တာသည် အကြောင်း ပဋိစ္စသမုပ္ပာဒ်နှင့် အကျိုး ပဋိစ္စသမုပ္ပာဒ်ကို သိခြင်း ဖြစ်သည်။ မြင်စိတ် ပေါ်ရာမှာ မြင်အောင် လုပ်တာက အကြောင်း (အာရုံဒွါရ)က ပဋိစ္စသမုပ္ပာဒ်၊ မြင်လာတဲ့ စိတ်ကလေးက

ပဋိစ္စသမုပ္ပန် ဖြစ်ကြောင်း ရှင်းထားသည်။ ဒါက ခန္ဓာပေါ်တာ ဖြစ်သည်။ ဤသို့ ခန္ဓာ ပေါ်တာကို သိအောင် လုပ်ပါဟု ဆိုသည်။ သိလျှင် ယောနိသော မနသိကာရ ဆိုက်သည်။ [နာ–၃၈၄] မြင်စိတ် ပေါ်တာသည် ငါမြင်တာ မဟုတ်ပါ။ မြင်ခန္ဓာက မြင်တာသာ ဖြစ်သည်။ [နာ–၃၈၅] နှလုံးသွင်း မှန်ပြီဆိုလျှင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သေသည်ဟု ဆိုသည်။ [နာ–၃၈၆] ဖြစ်ပျက်မြင်၍ ဒိဋ္ဌိစင်ခြင်း ဖြစ်သည်။ ဖြစ်ပျက် မြင်ခြင်းသည် မဂ်ဝင်ခြင်းလည်း ဖြစ်သည်။ ဖြစ်တာက ခန္ဓာ၊ ပျက်သွားတာက ဒုက္ခ ဖြစ်သည်။ (သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဘိဒုက္ခ) နှလုံးသွင်းမှန်တော့ ခန္ဓာကို သိသည်။ အပျက်မြင်တော့ ဒုက္ခသစ္စာကို သိသည် ဟုလည်း ရှင်းထားသည်။ နှလုံးသွင်း မှန်ပြီး အားထုတ်ရေး တရားကို ဆက်ဟောသည်။ [နာ–၃၈၉] တရား အားထုတ်ခြင်းကို လုပ်ဖြစ်အောင် လုပ်ကြဖို့ကို ထပ်မံ တိုက်တွန်းသည်။ အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၁၀။ သင်္ခါရတရား

[ ၁၈–၃–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားသော တရား ]

သင်္ခါရတရား၏ သဘောကို အရင်ရှင်းပြမယ်ဟု အစချီပြီး ဤတရားကို ဟောတော်မူသည်။ ခန္ဓာကိုယ် တစ်ကိုယ်လုံးသည် သင်္ခါရ တရားပဲဟု မှတ်ထားပါ။ ခန္ဓာကိုယ်သည် ပြုပြင်ထား၍ ဖြစ်နေခြင်း ဖြစ်သည်။ ကံပြုပြင်လို့ ခန္ဓာကိုယ်က ဖြစ်။ ကံသည် သင်္ခါရ ဖြစ်၏။ [နာ–၃၉၆] ခန္ဓာကိုယ်ကို ကံက ပြုပြင်နေတာ ဖြစ်သည့်အတွက် ထိုခန္ဓာကိုယ်ကို မိမိက မပိုင်ပါ။ သူများ ပြုပြင်တိုင်း ခံနေရသော ကြောင့် ခန္ဓာကိုယ်သည် သင်္ခါရတရား ဖြစ်၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်ချင်တိုင်း ပြုပြင်နေတာကို ခန္ဓာက ခံနေရသည်။ [နာ–၃၉၉] (ဤတွင် သင်္ခါရက္ခန္ဓာကို ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်ထားသော ခန္ဓာဟု ဖွင့်ဆိုတား သည်။) ထိုခန္ဓာငါးပါးသည် အကြောင်းတရား လေးပါး ပြုပြင်သလိုသာ ခံနေရ သည်။ ထိုအထဲမှာ ကိုယ်ပိုင်ကိုယ်ဆိုင် ဆိုတာ ဘာမှ မပါဟု မိန့်ဆိုထားသည်။ [နာ–၄၀၁]

ဒါကြောင့် ခန္ဓာကို ဝိပဿနာ ရှုမည်ဆိုလျှင် သင်္ခါရ တရားကိုပင် ရှုရမည်။ ထိုတရားသည် အနတ္တတရား ဖြစ်သည်။ ဒါကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တစ်ခုခုကို ဖြုတ်လိုက်လျှင် ကျန်တာ အကုန်ပြုတ်ကြောင်း ဟောသည်။ [နာ–

၄၀၂] သင်္ခါရ တရား ဟူသမျှ ခေတ္တချည်းပဲ။ ခုပေါ်၊ ခုပျောက်ချည်းသာ ဖြစ်ပုံကို ဆက်ရှင်းသည်။ သင်္ခါရ တရားကို မသိလျှင် အတ္တဒိဋ္ဌိ ဝင်သည်။ အတ္တဒိဋ္ဌိ ဝင်လာလျှင် ခန္ဓာကို ခင်သော တဏှာ ဝင်လာသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ (ပပဉ္စ) တရားတွေ ဝင်လာတော့သည်။ [နှာ–၄၁၄] သင်္ခါရကို သိမှသာ ပပဉ္စ ချုပ်နိုင်ကြောင်း ဟောသည်။ ထို့နောက် သုဘဒ်ရဟန်းက မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုခါနီးတွင် မေးခွန်း ပုစ္ဆာများ လာမေးပုံ အကြောင်းကို ဆက်ဟောသည်။ ဤတရားတွင် သေခါနီး ဖြစ်ပျက်မြင်အောင် ဝိပဿနာ ရှုနိုင်လျှင် သေခြင်းကို အထိုက်အလျောက် တားထားနိုင်ကြောင်း ဟောသည်။ [နှာ–၄၂၀] ဘုရားက ပရိနိဗ္ဗာန် မပြုသေးဘဲ ဖလသမာပတ် ဝင်စားပြီး သုဘဒ်ကို စောင့်နေကြောင်းကို သက်သေပြသည်။

ထို့နောက် မြတ်စွာဘုရားက ဝိပဿနာ အလုပ်ကိုသာ လုပ်မည်ဆိုလျှင် လောကမှာ ရဟန္တာ ဘယ်အခါမှ မဆိတ်သုဉ်းကြောင်း 'ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟာရေယျုံ အသုညော လောလော အရဟန္တေဟိအဿ' ဟောသည်။ [နှာ–၄၂၁] ထို့နောက် စိတ်ဓာတ် ပြုပြင်ရေး တရားများကို ဟောပြန်သည်။ အကြောင်းအမျိုးမျိုး ပြပြီး ဒကာ၊ ဒကာမများ ဝိပဿနာ အလုပ်ကို မလုပ်ဘဲ အပျင်းထူတတ်ကြပုံကို ဝေဖန်ပြသည်။ ဘုရားက သုဘဒ်ရဟန်းကြီးကို 'သင်္ခါရာ သဿတာနတ္ထိ' သင်္ခါရ တရားသည် ဘယ်တော့မှ ခိုင်မြဲခြင်း မရှိကြောင်း ဟောပုံကို ပြသည်။ ထို့နောက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်နိုင်သော အချိန်တွေ ကျန်ရှိ နေသေးကြောင်း ဟောပြီး အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၁၁။ စကားနှစ်ခွန်း

[ ၂၅–၃–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပြောသောစကား နှစ်ခွန်းပဲ ရှိသည် အစချီလျက် ဤတရားကို ဟောသည်။ ဘုရားသည် ဟုတ်မှန်၍ အကျိုးရှိသော စကားကိုသာ ပြောသည်။ သူတစ်ပါး ကြိုက်ကြိုက် မကြိုက်ကြိုက် ပြောသည်။ နောက်စကားတစ်မျိုးက ဟုတ်သည်၊ မှန်သည်၊ အကျိုးရှိသည်၊ သူတစ်ပါးလည်း နှစ်သက်သည် ဆိုလျှင် ထိုစကားကို ပြောသည်။ သို့သော် ထိုစကား နှစ်မျိုးကို ပြောရာမှာ ဆိုခွင့်ကာလကို ကြည့်၍သာ ပြောသည်။ [နှာ–၄၃၀] ပထမ စကားကိုတော့ ဆိုခွင့်ကာလ

ကို မလွန်စေမူ၍ ပြောသည်။ ဥပမာအားဖြင့် လေးဖက်တွား ကလေးငယ်တစ်ဦး သည် အိုးခြမ်းပဲ့ကို စားစရာ ထင်၍ ကောက်မျိုသည် ဆိုအံ့။ ထိုအခါ ကလေးကို ဘယ်လက်ဖြင့် မိခင်သည် ပွေ့ပိုက်ပြီး ကလေး၏ ပါးစပ်ကို ညာဘက်လက်ဖြင့် ဖျစ်ညှစ်ကာ လက်ညှိုးကို ကလေးပါးစပ်ထဲ သွင်းပြီး အိုးခြမ်းပဲ့ကို ကလော်ထုတ်ရ သည်။ ကလေးက မကြိုက်၍ ငိုငို၊ အာခေါင်မှာ သွေးပဲ ထွက်ထွက် ညှစ်ပြီး ကလော်ရမည်သာ ဖြစ်ပုံကို ပြသည်။

ဘာကြောင့် ကလေးမကြိုက်သည့် အလုပ်ကို အားသုံးပြီး လုပ်ရသနည်း ဆိုလျှင် ကလေးကို သနား၍ ဖြစ်၏။ ဘုရားလည်း ထို့အတူပင်။ ဟုတ်သည်၊ မှန်သည်၊ အကျိုးရှိသည် ဆိုလျှင် ထိုစကားကို နာသူ ကြိုက်ကြိုက် မကြိုက်ကြိုက် ပြောရမည်သာ ဖြစ်၏။ ဘုန်းကြီးကလည်း ဘုရား နည်းလမ်းအတိုင်း ဟုတ်မှန်၍ အကျိုးရှိသော စကားကို ဒကာ၊ ဒကာမများ မကြိုက်လည်း ပြောရမည်သာ ဖြစ် ကြောင်း ဟောသည်။ [နှာ-၄၃၃] ဒုတိယစကားမှာ ဟုတ်သည်၊ မှန်သည်၊ အကျိုး ရှိသည်၊ သူတစ်ပါးလည်း ကြိုက်သည် ထိုစကားကို ဆိုခွင့်ကာလကို မလွန်စေဘဲ ပြောရမည် ဖြစ်သည်။ ပြောသင့်သော စကားကို ပြောသင့်သော အချိန် မလွန်မီ ပြောမှသာ အကျိုးကျေးဇူး ရှိနိုင်သည်။ အချိန်လွန်မှ ပြောပါက အကျိုးမဲ့ ဖြစ်နိုင် သည်။ ပဋာစာရာသာတိမင်း ဝတ္ထုကို ထုတ်ပြသည်။ ထိုမင်းသည် နက်ဖြန် နတ်ရွာစံမည် ကို မြင်တော်မူသဖြင့် ယနေ့ ကြွသွားပြီး ဘုရားက တရား ဟောရသည်။ သူကတော့ တရားကိုလည်း ကြိုက်နှစ်သက်ပါသည်။ ဗာဟိယ ဒါရုစီရိယ ဥပမာကိုလည်း ပြသည်။ ဘုရားက တရားဟောလိုက်ပြီးနောက် ဟိုနားရောက်တော့ နွားဝှေ့၍ သေရသည်။ ဘုရားနှင့် တွေ့၍ တရားနာရသဖြင့် ရဟန္တာ ဖြစ်ပြီးမှ သေရသဖြင့် မြတ်သည်။ ဟောသင့်သော တရားကို အချိန်မဆွဲဘဲ ဟောရန် အရေးကြီးကြောင်း ပြသည်။ [နှာ-၄၃၆]

ပြီးနောက် လူတွေက သစ္စာဟောလျှင် ရွှေသ၊ ငွေသ မပါ၍ မကြိုက် ဖြစ်တတ်ပုံကို ထောက်ပြသည်။ ဤတရားကို မြတ်စွာဘုရားသည် အဘယရာဇ ကုမာရမင်းကို ဟောသောတရား ဖြစ်သည်။ မဇ္ဈိမ ပဏ္ဏာသမှာ လာသည် ဆို၏။ [နှာ-၄၄၇] ပြီးမှ ဝတ္ထုကြောင်းကို ဟောသည်။ နိဂဏ္ဍနာဋပုတ္တ ဆရာကြီးက အဘယရာဇကုမာရ မင်းသားကို မိုပြီ ဘုရားကို ဂုဏ်သရေ ပျက်အောင် လုပ်ဖို့ အားထုတ်နေသည်။ စွပ်စွဲဖို့ ကြံစည်နေလေသည်။ ဘုရားသည် သူတစ်ပါး မကြိုက် တာချည်း ပြောနေသည့် အတွက် ပုထုဇဉ်ပဲ ဖြစ်သည်ဟု စွပ်စွဲရန် ကြံစည်ထားသည်။

ဘုရားက သူတစ်ပါး မကြိုက်တာကို ငါမပြောဘူးဟု ဆိုလျှင်လည်း ဒေဝဒတ်အား ဘုရားက မင်းဟာ ငရဲကို သွားမည့်ပုဂ္ဂိုလ် ဖြစ်သည်ဟု ဆိုခဲ့သော စကားကို ကိုင်ပြီး စွပ်စွဲဖို့ စဉ်းစားထားသည်။ မပြောဘူး ဆိုလည်း မလွတ်၊ ပြောတယ်ဆိုလည်း မလွတ်အောင် ဖမ်းဖို့ စဉ်းစားထားခြင်း ဖြစ်သည်။ နိဂဏ္ဍနာဋပုတ္တက ဤသို့ နှစ်စွန်းထွက် ပုစ္ဆာကို အဘယရာဇကုမာရ မင်းသားအား သင်ပေးပြီး မေးခိုင်းလေသည်။ [နှာ–၄၄၉] ထိုအခါ အဘယရာဇကုမာရ မင်းသားသည် မြတ်စွာဘုရားအား အမေးပုစ္ဆာ ထုတ်နိုင်ရန် အိမ်သို့ ဆွမ်းစား ပင့်သည်။ ဆွမ်းကိစ္စ ပြီးသောအခါ အထက်ပါ နှစ်စွန်းထွက်သော ပုစ္ဆာကို မေးတော့သည်။ အရှင်ဘုရားသည် သူများ မကြိုက်သော စကားကို ပြောပါသလားဟု မေးသည်။ ဘုရားက ငါသည် အခွင့်အခါကို ကြည့်ပြီး ပြောသင့်လျှင် ပြောသည်။ မပြောသင့်လျှင် မပြောဘူးဟု ဖြေတော်မူသည်။ ဤသို့ ဖြေလိုက်သောအခါ နိဂဏ္ဍကြီး ခက်သွားသည်။ [နှာ–၄၅၀] ဤပုစ္ဆာကို မေးဖို့ နိဂဏ္ဍကြီးသည် လေးလတိုင် ကြံစည်ခဲ့ရသည် ဆို၏။

ပြီးနောက် ဘုရားက လောကမှာ စကားခြောက်မျိုး ရှိကြောင်း သို့သော် ဘုရား သုံးစွဲတာက နှစ်မျိုးပဲ ရှိကြောင်း ဟောသည်။ စကားခြောက်ခွန်း အနက်ပြပြီး နှစ်ခွန်းကို ပယ်လျှင် လေးခွန်း ကျန်သည်။ လေးခွန်းမှာ (၁) မဟုတ်မမှန်၊ အကျိုးလည်း မရှိ၊ သူတစ်ပါး ကြိုက်သော စကားတစ်မျိုး၊ (၂) ဟုတ်သည်၊ မှန်သည်၊ အကျိုးမရှိ၊ သူတစ်ပါး မကြိုက်သော စကားတစ်မျိုး၊ (၃) မဟုတ်၊ မမှန်၊ အကျိုးမရှိ၊ သူတစ်ပါး မကြိုက်သော စကားတစ်မျိုး၊ (၄) ဟုတ်သည်၊ မှန်သည်၊ အကျိုးမရှိ၊ သူတစ်ပါး ကြိုက်သော စကားတစ်မျိုး။ ထိုလေးမျိုးကို ဘုရား ပြောလေ့ မရှိပါ။ ပယ်သည် ဆို၏။ [နှာ–၄၅၆]

ဘုရားသည် မေးသမျှ မေးခွန်းကို ပြေအောင် ဖြေတော်မူနိုင်သည်။ ထိုသို့ ဖြေနိုင်အောင် ကြိုတင် ကြံစည်ထားပါသလား ဘုရားဟု အဘယ မင်းသားက ထပ်မေးပြန်သည်။ သို့မဟုတ် မေးခွန်းရောက်လာမှ ဖြေတာလားဟု မေးသည်။ [နှာ–၄၅၇] မြတ်စွာဘုရားက သူ့ကို မေးခွန်း ပြန်မေးပြီး ဖြေသည်။ မင်းသားရဲ့ အိမ်မှာ စီးနင်းစရာ ရထား ရှိသလား။ ထိုရထားကို ပြင်ဆင်ရမည် ဆိုလျှင် ပြင်ဆင်ရေး ကိစ္စကို မိမိက နားလည်ထားမှသာ ပျက်လျှင် ပြင်ဆင်နိုင်သည် မဟုတ်လား။ ထိုကိစ္စတွင် အစကတည်းက ပျက်မှုကို သိထား၍ ပြင်ဆင်နိုင်တာလား၊ ခုပျက်တာ မြင်မှ ပြုပြင်တာလားဟု မေးသည်။ ပျက်တာမြင်မှ ပြင်ဆင်ရတာ

ဖြစ်ပါသည်။ ထို့အတူပင် ငါဘုရားလည်း ပုဗ္ဗာလာမှ သင့်သလို အဖြေပေးကြောင်း ဖြေတော်မူသည်။ [နှ၁–၄၅၈]

ထို့နောက် ဖဿကြောင့် ဝေဒနာက္ခန္ဓာကြီး ပေါ်လာပုံကို ပြသည်။ ဖဿ ချုပ်မှ ဝေဒနာက္ခန္ဓာ (ဒုက္ခသစ္စာ) ချုပ်ပုံကိုလည်း ပြသည်။ ထို့နောက် ဤတရားတွင် ဖဿကြောင့် တဏှာ ဖြစ်နိုင်သည့် သဘောကို ထုတ်ပြသည်။ 'ကာယ သမ္ဘဿော လောကေ၊ ပိယရူပံ ဧတ္ထေသာ တဏှာ' ကို ဟောပြီး ဖဿကို ဖြစ်ပျက်ရှုရမည် ဟု ထင်ထင်ရှားရှား ဟောပြတော်မူသည်။ [နှ၁–၄၆၃] ဖဿမှာ ဖြစ်ပျက် မရှုနိုင်လျှင် ဝေဒနာကို မိအောင်ဖမ်းပြီး ရှုရကြောင်း အတိအလင်း ဆက်ဟောသည်။ 'ဥပေက္ခာ ဝေဒနာလောကေ (ပ)မနော သမ္ဘဿဇာ ဝေဒနာလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာတဏှာ' ပြီးမှ ဖဿက ဖြစ်ပျက် ရှုရတာ သိပ်မခက်ကြောင်း၊ ဝေဒနာသာ ခက်ကြောင်းလည်း ဟောသည်။ [နှ၁–၄၆၃] ဝေဒနာကို ရှုရာမှာ ယောဂီသည် ဒုက္ခ ဝေဒနာကိုသာ ရှုတတ်ပြီး သုခဝေဒနာကို မရှုတတ်ကြပုံကို ပြသည်။ [နှ၁–၄၆၄] ဒုက္ခသစ္စာကို မြင်အောင် ရှုရမည်။ ခန္ဓာထဲမှာ ရှုရမည်။ ဖြစ်ပျက်က ဒုက္ခ သစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ ဖြစ်ပျက် ဆက်ရှု၊ ဆုံးသွားလျှင် နိရောဓသစ္စာ၊ တွေ့နေသေးလျှင် ဒုက္ခသစ္စာ ဖြစ်သည်။ [နှ၁–၄၆၅] ဒုက္ခကို သိသောမဂ် လာလျှင် တဏှာ (သမုဒယ သစ္စာ) မလာတော့ပါ။ ဒါကြောင့် ဒုက္ခသစ္စာနှင့် မဂ္ဂသစ္စာ ပေါ်အောင် လုပ်ရမည်။ ကိုယ့်ကိုယ်ကိုယ် ဆုံးမ ရမည်။ တရား အားထုတ်ရမည်။ အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

○

ဤတွင် အလုပ်စဉ် တရားစာအုပ် အမှတ်(၃၁) ပြီး၏။

[illegible]

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စခဲ့တရား

စာအုပ်အမှတ်(၃၂)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၃၂)

**နိဒါန်း**

ဤစာ နိဒါန်းကိုလည်း ဆရာကြီး ဦးသံဒိုင် မကွယ်လွန်မီက ရေးသားခဲ့သည်။ ဤကျမ်းတွင် ဆရာတော်ကြီးသည် ဩဃ လေးပါးမှာ နစ်မြုပ်နေကြပုံနှင့် ဩဃမှ လွတ်မြောက်ကြောင်း တရားကို ဟောထားသည်။ ဆရာကြီး ဦးသံဒိုင်သည် ထိုအချက်ကို စာဖတ်သူတို့ သတိပြုမိအောင် မီးမောင်းထိုး၍ ပြလိုပုံ ပေါ်သည်။ ပထမ ပဋိစ္စသမုပ္ပာဒ် တရား၏ သဘော အစစ်အမှန်မှာ ပရမတ် ခန္ဓာကြီး၏ ဖြစ်ပုံသဘော ဖြစ်ကြောင်း ရှင်းပြသည်။ ခန္ဓာဆိုသည်မှာလည်း စင်စစ် ဒုက္ခသစ္စာကြီးသာ ဖြစ်ကြောင်း၊ ပဋိစ္စသမုပ္ပာဒ် သဘောကို သိမှသာ ခန္ဓာသဘောကို သိသည်။ ခန္ဓာကို သိမှသာ ဒုက္ခဖြစ်စဉ်၊ ဒုက္ခ ဖြစ်ကြောင်း တရားများကို သိနိုင်ကြောင်း ပြသည်။ ဒုက္ခစက် သံသရာသည် သမုဒ္ဒရာ၏ ဝဲဩဃနှင့် တူပုံ၊ ဩဃသည် ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ၄ ပါး ပြားကြောင်းကို ပြသည်။ ခန္ဓာ သဘောကို မသိသူသည် ထိုဩဃ လေးပါး၌ မျောပါ နစ်မြုပ် နေရပါလျက် ဒုက္ခကို ဒုက္ခမှန်း မသိ ဖြစ်နေကြသည်။ ဗုဒ္ဓ မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပာဒ် ဖြစ်ကြောင်း၊ ချုပ်ကြောင်းကို သိပြီးနောက် ဘုရားအဖြစ်ကို ရောက်တော်မူသည်။ ပဋိစ္စသမုပ္ပာဒ် လည်ပုံ၊ ဖြတ်ပုံကို သိနားလည်သောအခါ ဤတရားတို့သည် ရုပ်နာမ် နှစ်ပါး၊ ခန္ဓာငါးပါးသာလျှင် ဖြစ်၍ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ မဟုတ်ပါတကားဟု သိနားလည်လာရသည်။

ထိုအခါ တဒင်္ဂအားဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ဖြတ်နိုင်သည်။ အကြောင်းတိုက်ဆိုင်၍သာ ခန္ဓာငါးပါး ဖြစ်ပေါ်လာပြီး ပျက်သွားပုံကို ခန္ဓာ ဉာဏ်ရောက်သိသောအခါ ထိုခန္ဓာအပေါ် နှစ်သက် သာယာ တွယ်တာမှု၊ တဏှာ၊ ဥပါဒါန်ကင်းဝေးလာသည်။ ဘာစိတ်ပဲ ပေါ်ပေါ် ပေါ်လာသမျှ ဝိညာဏက္ခန္ဓာ (စိတ်)ကလေးတွေကို အကဲခတ်နေသဖြင့် ခန္ဓာငါးပါး ဖြစ်ပျက် တရားပဲဟု သိနားလည်လိုက်ခြင်းသည် ဝိပဿနာမဂ် ဖြစ်ပြီဟု ဆိုသည်။ ဖြစ်ပျက်နှင့် မဂ် ကိုက်နေလျှင် ကိလေသာကြားမဝင်နိုင်လျှင်ပင် တဏှာ၊ ဥပါဒါန်၊ ကံ (သမုဒယ သစ္စာ)ကို ပယ်သတ်နိုင်တော့သည်။ ဤကား ဒုက္ခသစ္စာနှင့် မဂ္ဂသစ္စာကို သိလိုက်ခြင်း ဖြစ်၏။ မိုးကုတ်ဆရာတော်ဘုရားကြီးက သစ္စာသိဖို့သာ အရေးကြီးကြောင်း ဟောသည်။ ဒါကြောင့်အချိန်ရှိတုန်း အသေမဦးမီ ဉာဏ် (သစ္စာဉာဏ်) ဦးအောင် အားထုတ်သင့်ကြောင်းတိုက်တွန်းထားသည်။

*

## ၁။ အခေါ်ရှိနှင့် တကယ်ရှိ၊ အရှိနှစ်ပါး ခွဲခြားရန်

[ ၂၄–၃–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောတော်မူသော တရား ]

ဒီကနေ့ အရှိနှစ်မျိုးကို ဟောရမည် အစချီပြီး ဤတရားကို ဟောသည်။ အခေါ်ရှိ တစ်မျိုးနှင့် ပင်ကိုရှိ (တကယ်ရှိ)က တစ်မျိုး ဖြစ်သည်။ အခေါ်ရှိကိုလိုက်စားပြီး နေကြလျှင် သေမင်းနိုင်ငံကို သွားရမည်။ ပင်ကိုရှိ၊ တကယ်ရှိကိုသိမှသာ သေမင်း လွတ်ရာ သွားရမည်ဟု ဆိုသည်။ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်မှာ လာကြောင်း ပြသည်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမက အခေါ်ရှိ၊ ခန္ဓာငါးပါးက တကယ်ရှိ ဖြစ်ကြောင်း ရှင်းပြသည်။ ခန္ဓာငါးပါး တကယ်ရှိကို မသိဘဲအခေါ်ရှိ ယောကျ်ား၊ မိန်းမ၊ သားသမီး၊ လင်မယား ဆိုတာတွေကို ရှိသည်ထင်ပြီးခင်နေကြမှုကြောင့် ပူဆွေး ငိုကြွေး နေကြရပုံကို ပြသည်။ [ နှာ–၃ ] မရှိတရား (အခေါ်ရှိ)က နှိပ်စက်တာဟု ဆိုသည်။ [ နှာ–၅ ] ဥပမာအားဖြင့် ခွေးကို ခဲကောက်သလို လုပ်ပြီး ခဲမပါဘဲ လက်သီးဆုပ်ဖြင့် ပစ်ပေါက်မည့်ဟန် ပြလျှင် ခွေးပြေးရာ၌ခဲမရှိတာနှင့် ခြောက်၍ ကြောက်ပုံနှင့် နှိုင်းပြသည်။ [ နှာ–၇ ] ခွေးစိတ်ထဲမှာမရှိတာကို အရှိထင်၍ ထွက်ပြေးခြင်း ဖြစ်သည်။ သားကြောင့် မိဘများ ပူပင်သောကရောက်ရာမှာလည်း သားဆိုသော မရှိ ပညတ်က နှိပ်စက်၍ ဖြစ်ရပုံကို ပြသည်။ တစ်သံသရာလုံး ပုထုဇဉ်ကို အခေါ်ရှိ ပညတ်ကသာ နှိပ်စက်လာခဲ့သည်။ [ နှာ–

၉] ပါဠိတော်ကို ထုတ်ပြသည်။ ဘုရားဟောကို ဟောနေကြောင်း ရှင်းသည်။ 'အကွေယျ သညိနော သတ္တာ အကွေယျသ္မိံ ပတိဋ္ဌိတာ အကွေယျံ အပရိညာယ ယောဂမာယန္တိ မစ္စုနော' ကို ပြသည်။ သမုတ်ထားအပ်သော ပညတ် (အခေါ်ရှိ) များကို တကယ်ရှိတွေလို့ စွဲမှတ်မှုကြောင့် သတ္တဝါတွေသည် ယောဂ လေးပါးသို့ ဆွဲချခြင်းကို ခံကြရသည် ဆို၏။ [နာ–၁၂] ဓနွာ၊ ဇာတိ၊ ဇရာ၊ မရဏတွေ ကြုံ ရတာသည် ကံမကောင်း အကြောင်းမလှ၍ မဟုတ်၊ သမုတိသစ္စာကို မကျော်နိုင်လို့ ဖြစ်ကြောင်း ဟောသည်။

သေမင်းနိုင်ငံကို အဖန်ဖန် ရောက်ရတာသည် အခေါ်ရှိကို တကယ်ရှိ ထင်နေသောကြောင့် ဖြစ်သည် ဆို၏။ [နာ–၁၄] သေမင်းနိုင်ငံသို့ ရောက်ပုံကို ပဋိစ္စသမုပ္ပာဒ် ပြမှ ရှင်းမည်။ ခန္ဓာငါးပါးကို သမီး လုပ်လိုက်တော့ ခေါ်ရုံမျှ သမုတ် ထားတာကို တကယ်အရှိပဲ ထင်လိုက်တော့ သညာ ဝိပလ္လာသ ဝင်လာတော့ သည်။ အမှတ်မှားပြီ။ [နာ–၁၅] ထိုအခါ အမှတ်မှား (သညာ ဝိပလ္လာသ) နှိပ်စက် တော့သည်။ အမှတ်မှားတော့ အသိမှားလည်း လိုက်လာသည်။ ထို့နောက် အယူမှား ဖြစ်လာတော့သည်။ သုံးချက်ဆင့် အမှားဟု ဆိုသည်။ (သညာ ဝိပလ္လာသ၊ စိတ္တ ဝိပလ္လာသ၊ ဒိဋ္ဌိ ဝိပလ္လာသ)ကို ပြခြင်း ဖြစ်သည်။ [နာ–၁၆] အယူမှားကြောင့် သေလျှင် အပါယ်ကျပုံကို ပြသည်။ [နာ–၁၇] ဝိပဿနာ အလုပ်ကို ဟောပေးမည့် ဆရာနှင့် မတွေ့ကြလျှင် အားလုံး အယူမှားနှင့်ချည်းသာ သေနေကြရပေတော့ သည်။ ဒါကြောင့် ဘုရားက လူတစ်သိန်းသေလို့ လူတစ်ယောက်ပင် သုဂတိ ဘဝသို့ မရောက်နိုင်ကြောင်း ဟောတော်မူရသည်။ [နာ–၁၈]

အခေါ်ရှိ တရားက ပညတ်၊ သမုတိသစ္စာ၊ တကယ်ရှိ တရားက ပရမတ္ထ သစ္စာ ဖြစ်သည်။ [နာ–၂၁] ထိုအမှတ်မှား၊ အသိမှား၊ အယူမှားကို ဘယ်တော့ စွန့်နိုင်မလဲ။ ဝိပဿနာ မလုပ်သရွေ့ မစွန့်နိုင်ကြောင်း ပြထားသည်။ [နာ–၂၃] တစ်သံသရာလုံး ပုထုဇဉ် အမိုက်သည် မှားပြီး ရူးသော သေခဲ့ရကြောင်း ဟောသည်။ [နာ–၂၄] အမှား သုံးချက်ကို အမှန်သုံးချက် ဖြစ်အောင် ပြုပြင်ကြရမည် ဆိုသည်။ အခေါ်ရှိက သမီး၊ တကယ်ရှိက ခန္ဓာငါးပါး၊ အမှတ် မှန်သွားပြီ။ အမှတ် မှန်သွားပါ က အသိကလည်း မှန်ပြီ။ ခင်စရာ၊ မင်စရာ မရှိတော့ပါ။ မိဘ ဝတ္တရား ရှိသည့် အတိုင်း ထောက်ပံ့ ပြုစုရုံသာ ရှိတော့သည်။ [နာ–၂၈] အမှန်သိမှ ငါစွဲ ဒိဋ္ဌိ ပြုတ်သည်။ ဒိဋ္ဌိ ပြုတ်ပြီး သေလျှင် သောတာပန် သေတာ ဖြစ်သောကြောင့် အပါယ်တံခါး ပိတ်သည်။ [နာ–၂၉] တစ်သံသရာလုံးမှာ အမှားသုံးချက်ပဲ နေခဲ့

ကြရသည်။ ပြင်ပေးမည့် ဆရာလည်း မတွေ့၊ ပြင်နိုင်သော အမှန်သုံးချက် မြင်သော ဉာဏ်လည်း မရခဲ့ကြ။

ဒါကြောင့် သေမင်း၏ စားဖတ်၊ ဝါးဖတ်ချည်း ဖြစ်ခဲ့ကြရသည်။ ဝိပ္ပလ္လာသ သုံးချက်က လွတ်မှသာ သေမင်းလက်က လွတ်သည်ဟု ဟောသည်။ [နှာ–၃၁] လူတိုင်း ပုထုဇဉ်မှန်က အယူမှားနှင့်ချည်း သေကြရသည်။ ထိုအယူမှားက အာသန္နကံ ဖြစ်နေသည်။ သေခါနီးကံ။ ထိုကံက အကျိုးပေးတော့ အရင် အကျိုးပေးသည်။ ဝိနိပါတ ဘေးဖြင့် အပါယ်ဘဝသို့ ပရမ်းပတာ ကျတော့သည်။ [နှာ–၃၄] ဤသို့ ဟောပြီးမှ တရားသားကို ပြန်ကောက်သည်။ အခေါ်ရှိနှင့် တကယ်ရှိ မကွဲသောကြောင့် ဝိပ္ပလ္လာသ ဖြစ်ရကြောင်း ဟောသည်။ [နှာ–၃၅] ဒိဋ္ဌိ ဝိပ္ပလ္လာသကို ပယ်နိုင်ပါမှ အပါယ်လေးပါးက လွတ်နိုင်သည်။ မပယ်နိုင်လျှင် မလွတ်ကြောင်း ပြသည်။ ဒါကြောင့် ဝိပ္ပလ္လာသ သုံးချက်ကို ပယ်ရမည်။ ပြီးမှ အရှင်သဟိဒ္ဒိထံ နတ်သားတစ်ဦး လာမေး၍ အရှင်သဟိဒ္ဒိ ဖြေပုံ ဝတ္ထုကြောင်းကို ထုတ်ပြသည်။ သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် အရှင်သဟိဒ္ဒိ သုတ်မှာ လာကြောင်း ဟောသည်။ [နှာ–၃၆] အမှတ်မှား၊ အသိမှား၊ အယူမှားကို ပယ်ဖို့မှာ သမုတိ သစ္စာကို အမှန်ရှိ မယူဘဲ အခေါ်ရှိ ထားရမည်။ သား၊ သမီး၊ မိဘ ဆိုတာ အခေါ်ပဲ ရှိသည်။ တကယ်ရှိက ခန္ဓာငါးပါးပဲ ရှိသည်။ ဤသို့ သိမြင်ပြီ ဆိုမှသာ အမှန်သိ ဖြစ်သည်။ [နှာ–၃၇]

ထိုခန္ဓာငါးပါး အရှိတရားသည် ငါ၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု ဆို၍ မရပါ။ ဤသို့ သိမြင် နားလည်လျှင် ဝိပ္ပလ္လာသ သုံးချက် ပြုတ်ပြီ။ ဤအမှတ်မှား၊ အသိမှား၊ အယူမှား (ဝိပ္ပလ္လာသ) သုံးချက်ကို သေခါနီးမှ ဖြုတ်၍ မဖြစ်တော့။ ခုကတည်းက အစွဲပြုတ်အောင် ဖြုတ်ထားကြရမည်။ [နှာ–၄၀] ဝိပဿနာဉာဏ်နှင့် ရှုမှသာ အမှတ်မှား၊ အသိမှား၊ အယူမှား ပြုတ်သည်။ ဒါကြောင့် ခန္ဓာငါးပါး တစ်ပါးပါးကို ဝိပဿနာ ရှုရမည်။ [နှာ–၄၁] ဖြစ်ပျက် ရှုရမည်။ ဝေဒနာ ရှု ရှုလျှင် ဝေဒနာက္ခန္ဓာသည်လည်း ဖြစ်ပြီး ပျက်သည်။ ထိုသို့ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်လျှင် ဝိပ္ပလ္လာသ ပြုတ်သည်။ [နှာ–၄၃] ဖြစ်ပျက် မြင်ခြင်းကြောင့် သညာဝိပ္ပလ္လာသ၊ စိတ္တ ဝိပ္ပလ္လာသ၊ ဒိဋ္ဌိ ဝိပ္ပလ္လာသ ပြုတ်ပုံကို ဟောသည်။ ဝိပ္ပလ္လာသ သုံးပါး ပြုတ်လျှင် သောတာပန် ဖြစ်ပြီ။ သေလျှင် အပါယ်တံခါး ပိတ်ပြီ။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဖြစ်ပျက် ဒုက္ခ သစ္စာကို သိခြင်းက မဂ္ဂသစ္စာ ဖြစ်သည်။ ဝိပ္ပလ္လာသ သုံးခု သေသွားတာက သမုဒယ သစ္စာ သေတာ ဖြစ်၏။ အပါယ် လေးပါးက

လွတ်မြောက်ခြင်းက နိရောဓသစ္စာ နိဗ္ဗာန် ဖြစ်ပြီ။ အောက်သံသရာ တစ်ခုလုံး နိရောဓ ချုပ်ဆုံးသွားပြီ။ သောတာပန်သည် ပထမနိဗ္ဗာန်ကို ရသည်ဟု ဟောရင်း အချိန်စေ့သည်။ တရားကို ဤတွင် ရပ်နားလိုက်သည်။

*

## ၂။ ဩဃ လေးပါးမှာ နစ်မြုပ်နေပုံ၊ ၎င်းမှ ထွက်ပုံ

[ ၂၇–၃–၆၁ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ဩဃဆိုတာ ဝဲလို့မှတ်ပါ အစချီလျက် ဤတရားကို ဟောသည်။ ဩဃ လေးမျိုး ရှိသည်။ ထိုဩဃ လေးမျိုးက လွတ်မြောက်ပြီး ဝဲဩဃ မရှိတဲ့ နေရာကို ရောက်အောင် သွားသောနည်းကို နတ်သား တစ်ဦးက မေး၍ ဘုရားက ဖြေကြားသည်။ ထိုတရားကို အလုပ်စခန်းနှင့်တကွ နာကြရမည်ဟု ဆရာတော်ကြီးက ဆိုသည်။ [နှာ–၄၆] ပြီးမှ ဩဃ လေးမျိုးကို အရင်ပြောသည်။ (၁) ကာမောဃ၊ (၂) ဘဝေါဃ၊ (၃) ဒိဋ္ဌောဃ၊ (၄) အဝိဇ္ဇောဃ။ ဤဩဃ လေးမျိုး ကိုယ့်သန္တာန်မှာ ဖြစ်ပုံကို သိရမည်။ မသိလျှင် သတိပဋ္ဌာန်က မဖြစ်ဟု ဆိုသည်။ သတိပဋ္ဌာန် ဖြစ်မှသာ သတိပဋ္ဌာန ဘာဝနာ ဖြစ်သည်။ ထို့နောက် ကာမောဃကို ရှင်းပြသည်။ အဆင်းကလေး တစ်ခုကို မြင်လျှင် ကြိုက်သည်၊ နှစ်သက်သည်၊ ခင်သည်၊ လောဘ တဏှာကလေး ဖြစ်လာသည်။ ထိုသို့ ဖြစ်ခြင်းသည် ကာမောဃ ဖြစ်ခြင်း ဖြစ်၏။ အဆင်း၊ အသံ၊ အနံ့၊ အရသာတွေ အပေါ်မှာ သာယာခြင်းသည် ကာမောဃ ဖြစ်၏။ ခင်တွယ်သော တဏှာကို ဆိုလိုကြောင်း ရှင်းပြထားသည်။ [နှာ–၄၇] ရူပဘုံ၊ အရူပဘုံတွေမှာ ဖြစ်ချင်သော တဏှာသည် ဘဝေါဃ ဖြစ်၏။ ဈာန်ပေါ်မှာ သာယာနေတာသည် ဘဝေါဃပဲဟု ဆိုသည်။ ဒိဋ္ဌောဃ ဆိုတာက ငါ့ကိုယ်၊ ငါ ဟာ ထင်နေသော အထင်မှား ဖြစ်သည်။ သက္ကာယဒိဋ္ဌိ ၂၀၊ ဒသဝတ္ထုက ဒိဋ္ဌိ ဆယ်ပါး၊ ဒိဋ္ဌိ ၆၂ ပါး တို့သည် ဒိဋ္ဌောဃများ ဖြစ်ကြသည်။ ဘုရားနှင့် တပည့်သာဝကများကသာ မကယ်ကြလျှင် ထိုဩဃ လေးပါးထဲမှာ သတ္တဝါတွေ နစ်မျော နေကြမည်သာ ဖြစ်၏။ အဝိဇ္ဇောဃ ဆိုတာက ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ မှန်း မသိ၊ လောဘ တဏှာက သမုဒယသစ္စာမှန်း မသိခြင်းမျိုး ဖြစ်သည်။ နိဗ္ဗာန်ကို မသိခြင်း၊ မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးကို မသိခြင်းသည်လည်း အဝိဇ္ဇောဃ ပင် ဖြစ်သည်။ ဤကား ဩဃလေးပါး ဖြစ်၏။ လူတွေ ဩဃ လေးပါးထဲ

လည်နေပုံကို အကျယ်ဟောသည်။ [နှာ-၄၉] ဤသို့ လည်ရင်း သံသရာဝဲထဲ နစ်မြုပ်ကြရသည်ကို ပြသည်။ လူတွေမှာ ဩဃ လေးပါး လှည့်နေသော်လည်း လှည့်နေမှန်း မသိဘဲ ဖြစ်နေကြသည်။ ဩဃထဲ လည်နေကြလျှင်တော့ မြုပ်ကြရတော့မှာပဲဟု သိသင့်၏။ [နှာ-၅၃] လှည့်မှန်းသိအောင် ဆရာက ဟောပြ၍ လှည့်မှန်း သိပြီး နစ်မှာ၊ မြုပ်မှာကို ကြောက်တတ်မှသာ ဩဃထဲက လွတ်မြောက်ပေလိမ့်မည်။ ဝဲဩဃထဲ လှည့်နေရတာကို ဆရာတော်က လူ့သစ်တုံးဟု ခေါ်သည်။ [နှာ-၅၅] တစ်နေ့တာ ဘဝမှာ ဒိဋ္ဌောဃက အရင် လှည့်သည်။

ထို့နောက် ကာမောဃ လှည့်သည်။ ဘာမှန်း မသိဘဲ တဏှာ ခိုင်းတာ လုပ်နေကြရသည်မှာ အဝိဇ္ဇောဃ လှည့်ခြင်း ဖြစ်သည်။ [နှာ-၅၆] ဩဃ လေးပါးက မလွတ်လို့ရှိလျှင် လည်လမ်းချည်းပဲ မှတ်ပါဟု ဆိုသည်။ ထို့နောက် နေ့စဉ် လူ့ဘဝ ဖြစ်တည်ပုံထဲမှာ ဩဃ လေးပါး လှည့်နေပုံကို ပေါ်လွင်အောင်၊ နားလည်လွယ်အောင် ဖြစ်စဉ် ကိုက်ပြသည်။ [နှာ-၆၂] ကုသိုလ်ကောင်းမှု လုပ်တာက နည်းသည်။ တစ်နေ့တစ်နေ့ ဩဃဝဲ လှည့်သည့် အကြိမ်က မရေမတွက်နိုင်အောင် ဖြစ်သည်။ ဒါကြောင့် ဩဃကို လွန်မြောက်အောင် အားထုတ်ကြရမည်ဟု ဆိုသည်။ [နှာ-၆၃] ဘုရားထံ နတ်သားတစ်ဦးက လာမေး၍ ဘုရားက ဟောသောတရား ဖြစ်သည်။ နတ်သားက ကဿပ ဘုရား လက်ထက်က ဘုရားကို ဖူးရတော့ ဩဃ အကြောင်း မေးဖူးပါသည်။ သို့သော် ဩဃအကြောင်းသာ ကြားဖူးပြီး ထိုဩဃက လွန်မြောက်ကြောင်း တရားကို မကြားဘူးကြောင်း လျှောက်ထားသည်။ အလုပ်စဉ် သဘောကို မသိ၍ နတ်သား မေးခြင်းဖြစ်သည်။ 'ကထံ နုမာရိသ ဩဃံ တရတိ' အရှင်ဘုရားသည် အဘယ်အကြောင်းကြောင့် ဩဃ လေးပါးကို လွန်မြောက်ပါသနည်းဟု မေးခြင်း ဖြစ်သည်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါသည် ရပ်လည်း မနေဘူး။ အားထုတ်ပြီးလည်း မကူးဘူး။ ဒီနည်းနှင့် ဩဃ လေးပါးက လွတ်မြောက်ကြောင်းကို ဟောတော်မူသည်။ [နှာ-၆၆]

ဆရာတော်က ဤစကား နှစ်လုံးပဲ မှတ်ထားပါ။ ဒီစကားနှစ်လုံးကို ရှင်းရင်း မဂ်၊ ဖိုလ် ရောက်နိုင်တဲ့ နည်းကို ပေးမည်ဟု ဆိုသည်။ ဘုရားက ရပ်လည်း မနေဘူး၊ အလွန်လည်း အားမထုတ်ဘဲနှင့် ဩဃမှ လွန်မြောက်ခဲ့ကြောင်း ဟောတော်မူသည်။ ဤတွင် ရပ်နေတယ်ဆိုတာက ရိုးရာအတိုင်း သားရေး၊ သမီးရေး၊ စီးပွားရေး နှင့် အချိန်ကုန်ခြင်းကို ဆိုလိုသည်။ ရပ်နေလျှင် မြုပ်သည်။ အားထုတ်လျှင်လည်း

မျောသည်။ မိဘရိုးရာအတိုင်း ဝိပဿနာအလုပ် မလုပ်ဘဲ နေလျှင်လည်း သံသရာထဲမှာ မြုပ်သည်။ ဘုံဘဝ ကောင်းတသော ဝဋ္ဋကုသိုလ်တွေ လုပ်ပြန်လျှင်လည်း သံသရာမှာ မျောရပြန်သည်။ [နာ-၆၉] ဘုရားက သူသည် မြုပ်လမ်းနှင့် မျောလမ်းကို ရှောင်ခဲ့ကြောင်း ဟောခြင်း ဖြစ်သည်။ [နာ-၇၀] ဘုရား လမ်းစဉ်သည် မဇ္ဈိမ ပဋိပဒါ အလယ်လမ်း ဖြစ်သည်။ [နာ-၇၂] တစ်နည်း အကုသိုလ် လုပ်လျှင် မြုပ်သည်။ ဘုံဘဝ ကောင်းတသော ကုသိုလ်တွေ လုပ်နေလျှင်လည်း မျောသည်။ မြုပ်လမ်း၊ မျောလမ်းကို ဆရာတော်က သဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိ ကြားက လမ်းဖြစ်ကြောင်းလည်း ရှင်းထားသည်။ [နာ-၇၃] ကာမသုခလ္လိက လမ်းက မြုပ်လမ်း ဖြစ်သည်။

ကိုယ်ကို ညှဉ်းဆဲပြီး ကျင့်သော သမထလမ်း၊ အတ္တကိလမထနုယောဂက လည်း မျောလမ်း ဖြစ်သည် ဆို၏။ မဇ္ဈိမ ပဋိပဒါခေါ် အလယ်လမ်းသည် ဝိပဿနာ မဂ္ဂင်လမ်း ဖြစ်သည်။ ထိုလမ်းသည် ယောနိသော မနသိကာရလမ်း ဖြစ်သည်။ [နာ-၇၅] ထို့နောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိနေခြင်းသည် နှလုံးသွင်း မှန်ပုံကို ဟောသည်။ [နာ-၇၆] အလယ်လမ်းသည်သာ နှလုံးသွင်း မှန်သောလမ်း ဖြစ်သည်။ နှလုံးသွင်း မှန်တယ်ဆိုတာ ဘာပေါ်မှာ မှန်တာလဲ ဆိုလျှင် ခန္ဓာပေါ်မှာ နှလုံးသွင်း မှန်ခြင်းကို ဆိုလိုသည်။ ခန္ဓာပေါ်မှာ ပင်ကိုရှိနှင့် အသိနှင့် ကိုက်နေလျှင် နှလုံးသွင်း မှန်သည်ဟု ဆိုရသည်။ [နာ-၇၈] တစ်သံသရာလုံးမှာ ဤသို့ နှလုံးသွင်း မမှန်ခဲ့ကြပါ။ အရှိနှင့် အသိ မကိုက်ခဲ့ကြပါ။ ယားသော ဝေဒနာကလေး ပေါ်တာကို ငါယားလိုက်တာဟု ယူဆလျှင် ဝေဒနာကို ငါလုပ်ခြင်း ဖြစ်သည်။ နှလုံးသွင်း မှားပြီ။ ဝေဒနာဟာ ဝေဒနာပဲ၊ ဝေဒနာက္ခန္ဓာ တစ်ခုပဲ၊ သူလည်း ဖြစ်ပြီး ပျက်တတ်သော တရားတစ်ခုပဲ၊ အနိစ္စပဲဟု သိလျှင် နှလုံးသွင်းမှန်သည်။ ယောနိသော မနသိကာရနှင့် သမ္မာဒိဋ္ဌိ တွဲသွားသည်။ [နာ-၈၀]

နှလုံးသွင်း မှားလျှင် မိစ္ဆာဒိဋ္ဌိ လိုက်သည်။ နှလုံးသွင်း မှန်တာက ဝိဇ္ဇာ၊ နှလုံးသွင်း မှားတာက အဝိဇ္ဇာ ဖြစ်ကြောင်းလည်း ဟောသည်။ [နာ-၈၁] ဝိဇ္ဇာဖြစ်မှ မဂ္ဂင် ဆိုက်သည်။ ထို့နောက် ဆရာတော်က ဖြစ်ပျက် ရှုလျှင် အလယ်လမ်း မဂ္ဂင်လမ်းကို ရောက်တယ် ဟုလည်း မိန့်ဆိုတော်မူသည်။ [နာ-၈၁] သုခဝေဒနာ ပေါ်လည်း ဖြစ်ပျက်ရှု၊ ဖြစ်ပျက်မြင်လျှင် ထိုဝေဒနာကို မလိုချင်တော့ပါ။ မလိုချင်ပြီ ဆိုမှ ကာမဟေယ ချုပ်တော့သည်။ [နာ-၈၂] ဖြစ်ပျက်သည် ငါ့ကိုယ်၊ ငါဟာ၊ ငါ့ဥစ္စာ မဟုတ်ပါ။ ငါမဟုတ်မှန်း သိပါက ဒိဋ္ဌေယ ချုပ်သည်။ [နာ-၈၃]

ဝိဇ္ဇာ အမြင်ကြောင့် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဖြစ်သည်။ ထိုအခါ အဝိဇ္ဇာချုပ်သည်။ အဝိဇ္ဇောဃ ချုပ်တော့သည်။ ဘယ်ဘုံ၊ ဘယ်ဘဝ ရောက်ရောက် ပေါ်သော ဝေဒနာက္ခန္ဓာ အားလုံး အနိစ္စချည်း၊ ဒုက္ခချည်း၊ အနတ္တချည်း ဖြစ်သည်။ ဤသို့ သိမှသာ ဘုံဘဝကို မလိုချင်တော့ပါ။

ထိုအခါ ဘဝေါဃ၊ ဘဝါသဝ ချုပ်သည်။ ဖြစ်ပျက် မြင်မှ အာသဝေါတရား လေးပါး ချုပ်သည်။ ဆရာတော်က ဖြစ်ပျက်ကို လူတိုင်း မမြင်ဘူး။ သမ္မာဒိဋ္ဌိ ဝိဇ္ဇာပါမှ မြင်သည် ဆို၏။ [နာ–၈၅] ဤအာသဝေါတရား လေးပါး ပယ်လိုက်လျှင် သူတို့ကြောင့် လည်ရသော ဩဃလေးတွေမှ လွတ်တော့သည်။ ဖြစ်ပျက် မြင်အောင် ရှုသော သူမှာ မြုပ်ခြင်း မျောခြင်းမှ လွတ်သည်။ ရပ်လည်း မနေဘူး။ အားလည်း မထုတ်ဘဲ အလယ်လမ်းကို ကျင့်ခြင်းဖြင့်သာ ဩဃလေးပါးမှ လွန် မြောက်ကြောင်းကို ထပ်ရှင်းသည်။ အောက် သံသရာကို သွားမည့် အာသဝေါတရားတွေ အကုန် ချုပ်သည်။ အာသဝေါတရား အားလုံး ကုန်ချင်ရင် အလယ်လမ်းလိုက်၊ နှလုံးသွင်း မှန်အောင် လုပ်ပါဟု တိုက်တွန်းရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၃။ ဘုရား ဖြစ်တာသည် ပဋိစ္စသမုပ္ပာဒ် သိလို့

[ ၂၄–၁၀–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘုရားအဖြစ်သို့ ဘယ်လို ရောက်လာသလဲ မေးခွန်းဖြင့် အစချီလျက် ဤတရားကို ဟောပါသည်။ ဆရာတော်က ဘုရားဖြစ်တာ ပဋိစ္စသမုပ္ပာဒ် ဖြစ်ပုံ (အနုလုံ)နှင့် ပဋိစ္စသမုပ္ပာဒ် ချုပ်ပုံ (ပဋိလုံ)ကို သိပြီးမှ ဘုရားဖြစ်တာဟု ရှင်းပြသည်။ ပဋိစ္စသမုပ္ပာဒ် ဖြစ်တာ ဒုက္ခသစ္စာ၊ ပဋိစ္စ သမုပ္ပာဒ် ချုပ်တာက နိရောဓသစ္စာ ဖြစ်သည်။ ဒုက္ခသစ္စာကို ပိုင်ပိုင် သိပြီးနောက် ဒုက္ခချုပ်သော နိရောဓသစ္စာဉာဏ်ကို မျက်မှောက် ပြုနိုင်ခြင်းကြောင့် ဘုရား ဖြစ်တာဟု ဆိုသည်။ 'ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ အာတာပိနော ဈာယတော ဗြာဟ္မဏဿ အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ ယတော ပဇာနာတိ သဟေတုဓမ္မံ' ပဋိစ္စသမုပ္ပာဒ် ဖြစ်ပုံရော ချုပ်ပုံကိုပါ သိမြင်သောအခါ ဘုရားအဖြစ်သို့ ရောက်တော်မူကြောင်း ဟောသည်။ [နာ–၈၉] ပဋိစ္စသမုပ္ပာဒ်ဆိုကာ ခန္ဓာဖြစ်စဉ် တန်းတာပဲဟု အဓိပ္ပာယ် ဖွင့်ပြသည်။ ခန္ဓာဖြစ်စဉ် တန်းတယ် ဆိုသည်မှာလည်း ဒုက္ခတွေ တစ်သီ

ဘစ်တန်းကြီး ဖြစ်သွားခြင်းပင် ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် ချုပ်တယ်ဆိုတာသည် ဒုက္ခတွေ အကုန် ရပ်စဲသွားခြင်းပင် ဖြစ်တော့သည်။ [နာ-၉၀]

ဒါကြောင့် ပဋိစ္စသမုပ္ပာဒ် ဖြစ်တာသည် ဒုက္ခသစ္စာ၊ ပဋိစ္စသမုပ္ပာဒ် ချုပ်တာသည် နိရောဓသစ္စာ (နိဗ္ဗာန်)ပင် ဖြစ်၏။ ခန္ဓာသည် ဤသို့ စက်လည်နေသည်ဟု ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်း ဒေသနာကို ကြည့်ပြီး နားလည်ရမည်။ ထိုစက်ရဟတ်ကို ဤသို့လျှင် မဂ်ဖြင့် ဖြတ်လည်း ရတာပဲဟု သိရမည်။ ထို့နောက် ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်း စာရွက်ကို တစ်အိမ်တစ်ရွက် ဆောင်ထားကြရေးကို တိုက်တွန်းသည်။ [နာ-၉၂] ထို့နောက် ဘုရားက သံသရာအစကို ရှာမရဟု ဟောကြောင်း ပြသည်။ သံသရာခရီး ရှည်လွန်းပုံကို ဟောသည်။ 'အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗာကောဋိန ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာ သံယောဇနာနံ သန္ဓာဝတံ သံသရတံ' သံယုတ်ပါဠိတော်။ ရဟန်းတို့ ခန္ဓာ အစဉ်ကြီးသည် မသိအပ်သော အစရှိ၏။ ရှေ့အစွန်းလည်း မထင်ဘူး။ သံသရာ ရှည်လျားပုံကို ဟောခြင်း ဖြစ်သည်။

ပြီးမှ ခန္ဓာလုပ်သော လက်သည်ကို ဖြတ်ရမည်ဟု ဆိုသည်။ ခန္ဓာ၏ အစကို ရှာမတွေ့သော်လည်း ခန္ဓာလုပ်သော လက်သည်ကိုမူ ရှာတွေ့သည်။ [နာ-၉၅] ခန္ဓာ၏ အစ မူလသည်ကား အဝိဇ္ဇာနှင့် တဏှာပင် ဖြစ်၏။ ထို့နောက် အဝိဇ္ဇာနှင့် တဏှာကို ရှင်းပြသည်။ သစ္စာလေးပါး မသိတာ အဝိဇ္ဇာ၊ ရောက်ရာဘဝ ခုံတာက တဏှာဟု အဓိပ္ပာယ် ဖွင့်ပြသည်။ ဒုက္ခ ရေသောက်မြစ် နှစ်ခုသည် အဝိဇ္ဇာနှင့် တဏှာ ဖြစ်သည်။ ထို့နောက်မှ ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းတွင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဆက်ပြီး အကြောင်းကြောင့် အကျိုး ဖြစ်ပုံများကို ပြသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အဝိုင်းပြေး ဖြစ်နေပုံကို ပြသည်။ အတိတ်က အကြောင်း ငါးပါးကို လုပ်ခဲ့သည်။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေကို လုပ်ခဲ့သည်။ ထို့ကြောင့် ပစ္စုပ္ပန်မှာ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာငါးပါးကို အကျိုးဆက်အဖြစ် ရသည်။ တစ်ခါ ပစ္စုပ္ပန်မှာလည်း ရထားသော ခန္ဓာကြီးကို ဒုက္ခသစ္စာဟု မသိ ဖြစ်ပြန်သည်။ မသိသည့်အတွက် အဝိဇ္ဇာ သင်္ခါရတွေကို လုပ်ပြန်သည်။ တဏှာ၊ ဥပါဒါန်၊ ကံတွေ လာပြန်၏။ ပစ္စုပ္ပန် ခန္ဓာကြီးထဲက သမုဒယ သစ္စာတွေ ပေါက်ပွားရပြန်သည်။ [နာ-၉၈] အနာဂတ်ရဲ့ အကြောင်းတွေ ပေါက်ပွား လာခြင်း ဖြစ်၏။

ထို့ကြောင့် အနာဂတ်မှာ အကျိုးအဖြစ် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာငါးပါးကို ရပြန်သည်။ သစ္စာဖွဲ့လိုက်လျှင် အတိတ်က ပြုသော သမုဒယသစ္စာကြောင့် ပစ္စုပ္ပန်မှာ ဒုက္ခသစ္စာ ခန္ဓာကြီး ရသည်။ တစ်ခါ ပစ္စုပ္ပန်မှာ ခန္ဓာ ဒုက္ခသစ္စာကို မသိမှုကြောင့် သမုဒယသစ္စာတွေကို ထပ်လုပ်သည်။ ဒါကြောင့် အနာဂတ်မှာ ခန္ဓာ ဒုက္ခသစ္စာကို ရရပြန်တော့သည်။ [နာ-၉၉] ဤသို့လျှင် သမုဒယနှင့် ဒုက္ခသစ္စာချည်း လည့်နေရသည်။ သမုဒယ မချုပ်သရွေ့ ဒုက္ခ မသိမ်းဘူး ဟု ဆိုသည်။ ပဋိစ္စသမုပ္ပာဒ် ဖြစ်ပုံကို ဟောမှ၊ သိမှ ကိုယ့်အမှားကို မြင်သည်။ အမှား မြင်မှသာ ပြင်ချင်စိတ် ပေါ်မည်။ ထို့နောက် ပဋိစ္စသမုပ္ပာဒ် အဝိုင်းကြီးကို လှည်းဘီးကြီးဖြင့် ဥပမာပြု၍ ဟောသည်။ အဝိဇ္ဇာနှင့် တဏှာကို လှည်းဘီး အလယ်က ပုံတောင်းကြီးနှင့် နှိုင်းပြသည်။ ဘုံဘဝကို တောင့်တပြီး ပြုလုပ်သော ကုသိုလ်တွေက ဒေါက်တွေဟု ဆိုသည်။ ပုညာဘိသင်္ခါရတွေ၊ ဝဋ် ကုသိုလ်တွေက ဒေါက်တွေ။ သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် လုပ်တာတွေက အကုသိုလ်တွေ ဖြစ်သည်။ အပုညာဘိ သင်္ခါရတွေကလည်း ဒေါက်တွေ ဖြစ်၏။ ဒေါက်တွေကို အုပ်ချုပ်ထားတာက ဇရာ၊ မရဏ ဆိုသော သံပတ်ခွေ ဖြစ်သည်။ ဘယ်ဘုံ၊ ဘယ်ဘဝ ရောက်ရောက် ဇရာ၊ မရဏ သံပတ်ခွေထဲက မထွက်နိုင်ပုံကို ပြသည်။ အာသဝက ဝင်ရိုးဖြစ်သည် ဆို၏။ [နာ-၁၀၉] ဒီလို အဝိုင်းပြေး စက်လှည့် နေရသဖြင့် တစ်သံသရာလုံးမှာ အိုပွဲ၊ သေပွဲချည်း နွှဲခဲ့ရသည်။

ဒါကြောင့် ဤဖြစ်စဉ်တွင် ဝင်ရိုးလည်း ကျိုးပါမှ ပုံတောင်းလည်း ပြုတ်ပါမှ ဘီးကြီး အလည် ရပ်ပေတော့မည်။ [နာ-၁၁၀] ဝင်ရိုးကျိုး၍ ပုံတောင်းပျက်အောင် လုပ်ရမည်။ အဝိုင်းပြေး ဘဝကို ကြည့်လျှင် သမုဒယသစ္စာနှင့် ဒုက္ခသစ္စာချည်း ဖြစ်ခဲ့သည်။ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာ မပါခဲ့ဘူးပါ။ မဂ္ဂသစ္စာက ဝင်ရိုးချိုးမည့် သစ္စာ ဖြစ်၏။ [နာ-၁၁၃] တစ်သံသရာလုံး ဘီးလည်၍သာ နေခဲ့ရသည်။ ဝင်ရိုး ချိုးနည်း၊ ပုံတောင်း ဖျက်နည်းကို မသိခဲ့ကြ။ ဆရာတော်ကြီးက ဝဋ်ကို တောင့်တ သော ကုသိုလ် မလုပ်ကြပါနှင့်ဟု တောင်းပန်သည်။ [နာ-၁၁၃] အဝိဇ္ဇာ တဏှာ ဦးစီးသော ကုသိုလ်၊ သားရေး၊ သမီးရေး၊ စီးပွားရေး အကုသိုလ်တွေ အားလုံးသည် အို၊ နာ၊ သေမှာပဲ လမ်းဆုံးကြရသည်။ အသေသာ နေရာပြောင်းခဲ့ရသည်။ သေပွဲက မလွတ်ခဲ့ကြပါ။

ထို့နောက် သစ္စာမသိဘဲ ရှုသော အရှုကို ဆရာတော်က အရှုမခံကြောင်း ရှင်းပြသည်။ [နာ-၁၂၇] ထို့နောက် တရားဖြတ်လမ်းကို ပြမည် ဆိုသည်။ [နာ-

၁၃၃] ဝေဒနာနောက်က မင်္ဂမလိုက်လျှင် တဏှာ၊ ဥပါဒါန်၊ ကံတွေ ဆက်ဖြစ်သွား လိမ့်မည်။ ခန္ဓာငါးပါးကို သတိပဋ္ဌာန် လေးပါးဖြင့် ဝေပုံချပုံကို ထပ်ပြပြန်သည်။ [နှာ–၁၃၄] ထို့နောက် ဆရာတော်က စိတ်ကိုပဲ ရှုပါဟု သင်ကြားသည်။ [နှာ–၁၃၅] ပြီးမှ စိတ္တာနုပဿနာ ရှုပုံကို ပြသည်။ ဘာစိတ်ပဲလာလာ ဖြစ်ပျက် ရှုပါ။ ဖြစ်ပျက်ကို မြင်လျှင် မင်္ဂဖြစ်ပြီ။ ဝေဒနာနောက်က မင်္ဂ၊ ဝိညာဉ် နောက်က မင်္ဂ ဝင်လျှင် တဏှာ မလာနိုင်တော့ပါ။ ထိုအခါ ဝေဒနာ နိရောဓ ဖြစ်သွားသည်။ ဝေဒနာ နိရောဓာ ဆိုလျှင် တဏှာ နိရောဓော ဖြစ်ပြီ။ [နှာ–၁၃၅] အကြောင်း သမုဒယ ပြတ်တော့သည်။ အကြောင်း သမုဒယ ချုပ်လျှင် အနာဂတ် ဒုက္ခသစ္စာ အကျိုး မပေါ်တော့ပါ။ ဒါကြောင့် ဝေဒနာကို ရှုလိုက်လျှင် သံသရာ ပြတ်သည်ဟု ဆိုသည်။ [နှာ–၁၃၆] လှည်းပုံတောင်းကြီး ပျက်ပြီ။ တဏှာ၊ ဥပါဒါန်၊ ကံတွေ ချုပ်သွားသောကြောင့် လှည်းဒေါက်တွေလည်း ကျိုးပြီ။ ဒါကြောင့် ဝိပဿနာ အလုပ် လုပ်နေတာသည် ပုံတောင်းချိုးတာ၊ ဒေါက်ပြုတ်အောင် လုပ်နေတာ ဖြစ် ကြောင်း ဟောသည်။ ပုံတောင်းလည်းကျိုး၊ ဒေါက်တွေလည်း ပြုတ်ပြီ ဆိုမှဖြင့် ဇရာ၊ မရဏ အကွပ်ကြီး မလာနိုင်တော့ကြောင်း ဟောသည်။ ဝိပဿနာမှ တစ်ပါး ကယ်စရာ မရှိကြောင်း ဟောရင်း အချိန်စေ့၍ တရားနားလိုက်ပါသည်။

*

## ၄။ သစ္စာလေးပါး

[ ၁၀–၁၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

တရားကို နှလုံးသွင်းခိုင်းတာ ကယ်တင်ချင်လို့ဟု အစချီ၍ ဤတရားကို ဟောပါသည်။ ကယ်တင်ခြင်းဆိုတာ ဒုက္ခစပ်သိမ်း ငြိမ်းရာ နိဗ္ဗာန်ကို ပို့ဆောင်တာ၊ ထောင့်ငါးရာ ကိလေသာမီး ချုပ်ငြိမ်း ရပ်သိမ်းတာ၊ အပါယ်တံခါး ပိတ်အောင် လုပ်တာ ဖြစ်ကြောင်း ဟောသည်။ ဤကား ဆရာတော်၏ ကြီးမားသော ကရုဏာ ကိုပြခြင်း ဖြစ်၏။ ဒကာ၊ ဒကာမများ အနေနှင့် ကိုယ့်အရေး ကိုယ်သိပြီး ကြိုးစား ကြရမည်ဟု ဆိုသည်။ ကြိုးစားကြရာမှာလည်း အစွန်းလမ်းတွေ မလိုက်မိဘဲ မဇ္ဈိမ ပဋိပဒါ အလယ်လမ်းကို လိုက်ဖို့ အရေးကြီးကြောင်းလည်း ဟောသည်။ [နှာ–၁၄၃] မဂ္ဂင်လမ်းကို လိုက်ဖို့ အရေးကြီးပုံကိုလည်း ပြသည်။ ပရမတ် ခန္ဓာကြီး က အို၊ နာ၊ သေ လမ်းကိုပဲ သွားနေတာ၊ မချမ်းသာဘူးဟု မြင်တတ်ရမည်။ ခန္ဓာက အသေလမ်းကို သွားနေတာ ရပ်လို့ မရဘူးဟု ဆိုသည်။ ခန္ဓာကို ဆုတောင်းသော

လမ်းသည် အသေလမ်းချည်း ဖြစ်၏။ ခန္ဓာဇာတ်သိမ်းသော လမ်းကိုသာ အနေလမ်းဟု မှတ်ပါ ဆိုသည်။ [နာ–၁၄၅] အနေလမ်းက ဉာဏ်လမ်း ဖြစ်သည်။ အလယ်လမ်း မဂ်လမ်းကို ဆိုလိုသည်။ ဤတရားသည် သေလမ်းကို ရှောင်ပြီး နေလမ်းသို့ ပို့ဆောင်သော တရား ဖြစ်ကြောင်း ဟောသည်။ [နာ–၁၄၆] မဂ်လမ်းဆိုတာ နိဗ္ဗာန်သို့ သွားရာလမ်း ဖြစ်သည်။ ဤသည်မှာ ဉာဏ်နှင့် သွားရသောလမ်း ဖြစ်၏။ အသေလမ်း ဆုံးအောင် လိုက်မှ အနေ နိဗ္ဗာန်ကို တွေ့ရမည် ဖြစ်သည်။

ထို့နောက် သံဝေဂ တရားများ ဟောသည်။ သေခါနီး နိမိတ်ထင်ပုံများကို ဟောသည်။ ဝိပဿနာဉာဏ် ရအောင် လုပ်မထားသော ပုဂ္ဂိုလ်မှာ ထိတ်လန့်ရပုံ၊ ဝိပဿနာဉာဏ် ရထားသော ပုဂ္ဂိုလ်များ ပြုံးပြီး သေနိုင်ပုံကို ဟောသည်။ မြတ်စွာဘုရားက 'ဈာယတ ဘိက္ခဝေ မာပမာဒတ္ထ' ဂါထာဖြင့် မသေခင် ဝိပဿနာ ရှုကြ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြနှင့်ဟု ဟောကြောင်း ပြသည်။ [နာ–၁၅၁] မေ့လျော့ ပေါ့ဆနေခဲ့မိခြင်းအတွက် သေရာ ညောင်စောင်း ရောက်ခါမှ နှလုံးမသာခြင်း မဖြစ်ကြပါနှင့်ဟု မှာကြားခဲ့ပုံကို ပြသည်။ အချိန် မနှောင်းမီ ဝိပဿနာ အလုပ်ကို လုပ်ဖို့ ဆရာကောင်းနှင့် တွေ့တုန်း ဝိပဿနာ လုပ်ကြဖို့ကို ထပ်တလဲလဲ တိုက်တွန်းသည်။ ဆရာတော်ကြီး၏ ကြီးမားသော ကရုဏာ ပေါ်လွင်သည်။ ဆရာတော်က ဒကာ၊ ဒကာမများကို အသေလမ်းမှ အနေလမ်းသို့ ပြောင်းရေးကို ဟောကြားနေခြင်း ဖြစ်သည်။ ကိုယ့်စိတ် ကိုယ်ရှုရေး တရားကို တိုက်တိုက်တွန်းတွန်း ဟောတော်မူသည်။ [နာ–၁၅၅] ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုဖို့ကို သင်ကြားသည်။ ရှုစိတ်၊ ရှုက်စိတ်၏ ဖြစ်ပျက်ကို မြင်အောင် ရှုရမည်။ ဖြစ်ပျက် (မရှိတာက) အနိစ္စ၊ အကဲခတ်တာ၊ ရှုမြင်တာက မဂ္ဂဖြစ်သည် ဆို၏။ အနိစ္စနှင့် မဂ္ဂ တွဲပေးပါဟု ဆိုသည်။ [နာ–၁၅၆] ရှုစိတ် ရှုက်စိတ်က ဖြစ်ပျက်၊ သိတာက မဂ်ဖြစ်၏။ အနိစ္စ နောက်က မဂ်ကလေး လိုက်ပေးရမည်။ [နာ–၁၅၇] စိတ်နှစ်စိတ် ပြိုင်ပြီး ဖြစ်ရိုးထုံးစံ မရှိပါ။

ဒါကြောင့် ရှေ့စိတ်ပေါ်ပြီး နောက်စိတ်ပေါ်တော့ ရှေ့စိတ် မရှိတော့ပါ။ မရှိတော့ဘူးဟု သိလိုက်တာက မဂ္ဂ ဖြစ်၏။ ထို မဂ်စိတ်ကလေးက တဏှာကို သတ်ပစ်လိုက်သည်။ တဏှာ ချုပ်သွားပြီ။ တဏှာ ချုပ်လျှင် ဥပါဒါန်၊ ကံတွေလည်း ချုပ်ရတော့သည်။ [နာ–၁၅၈] သံသရာလည်း ပြတ်ရတော့၏။ ခန္ဓာ အာယတန ဓာတ်အစဉ်ကြီးလည်း ပြတ်၏။ သံသရာဆိုတာ 'ခန္ဓာနဉ္စ သမုဒယော ဟောတိ' ဖြစ်၏။ သံသရာ ပြတ်လျှင် ဒုက္ခ စက်ကြီးလည်း ပြတ်ရလေပြီ။ [နာ–၁၅၈]

ဆရာဘုန်းကြီးက ဘယ်လိုများ ကယ်တင်ပါလိမ့်။ ဒုက္ခတွေ မရအောင် ကယ်တင်သည်။ သံသရာ ပြတ်သွားပြီ။ သံသရာ ပြတ်တယ်ဆိုတာ ဒုက္ခအစဉ်ကြီး ပြတ်သွားတာပင် ဖြစ်၏။ ဤတရားသည် ဒုက္ခသတ်၍ ကိလေသာ ရပ်သော တရားဖြစ်သည် ဆို၏။ ဝိပဿနာ တရားဟာ ခက်သလား မေးလျှင် ကိုယ့်စိတ်ကို ကိုယ် အကဲမခတ်တတ်လျှင် ခက်သည်။ ဝိပဿနာတရားဟာ စိတ္တာနုပဿနာကို ဟောနေတယ်ဟု ဆိုသည်။ [နှာ-၁၆၀] ဝိပဿနာဆိုတာ ကိုယ့်အသေ ကိုယ်သိတာ ဟုလည်း ဆိုသည်။ ဧကစိတ္တ သမ္ဘာယုတ္တာ အရ စိတ်တစ်ခုသာ တစ်ကြိမ်မှာ ဖြစ်နိုင်ပုံကို ဟောသည်။ ပထမစိတ်ကို ဒုတိယစိတ်နှင့် အကဲခတ်တော့ ဒုတိယနှင့် အသက်ရှင်စဉ် ပထမစိတ် မရှိတော့ပါ။ သေသွားပြီ။ ဤသို့ သိလျှင် ကိုယ့်အသေကို ကိုယ်မြင်အောင် ကြည့်ရမည်ဟု ဆိုသည်။ [နှာ-၁၆၂] ကိုယ့်အသေ ကိုယ်သိသော ပုဂ္ဂိုလ် ဖြစ်ပြီဆိုလျှင် နောက်ဘဝ ဘာဖြစ်ချင်တယ် ဆိုသော တဏှာ မလာတော့ပါ။ ၁ ကို ၂ နှင့် ရှုပါ။ ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုပါ ဆိုတာ ၁ က အနိစ္စ ၂ က မဂ္ဂ ဖြစ်ကြောင်း ဟောထားသည်။ [နှာ-၁၆၅] မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ၊ သေတာက သမုဒယ၊ ရောက်တာက နိဗ္ဗာန်ဟုလည်း ဟောသည်။ [နှာ-၁၆၆]

ထို့နောက် ဒကာ၊ ဒကာမများသည် ပုထုဇဉ်တွေ ဖြစ်ကြောင်း၊ ပုထုဇဉ်စိတ် အားလုံးကို ဝိပဿနာ ရှုကောင်းကြောင်း ဟောပြန်သည်။ ဘာစိတ်ပဲ လာလာ၊ လာသမျှစိတ်ကို ဖြစ်ပျက် ရှုရမည်ဟု ဆိုသည်။ [နှာ-၁၆၈] ထိုသို့ ရှုလိုက်လျှင် အရှုခံ စိတ်ကလေး မရှိတော့ပါ။ မရှိတာက အနိစ္စ ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ၊ ရောက်တာက နိဗ္ဗာန် (နိရောဓသစ္စာ) ဖြစ်သည်။ သစ္စာလေးချက် တစ်ချက်တည်း ရသည်။ ပြီးမှ မေ့မေ့လျော့လျော့ မနေသင့်ကြောင်း၊ တရား အားမထုတ်ဘဲ မေ့လျော့ နေခဲ့မိသောကြောင့် သေရာ ညောင်စောင်းကျမှ နှလုံးမသာ မဖြစ်ကြစေရန် တိုက်တွန်းပြန်သည်။ ဝိပဿနာရှုမှ အချိန်တိုင်း မိမိသေနေတာကို သိနိုင်သည်။ သေနေတာကို သိမှသာ မုန်းဉာဏ် ပေါ်နိုင်သည်။ မုန်းဉာဏ်ဆိုတာ နိဗ္ဗိန္ဒဉာဏ် ဖြစ်၏။ နိဗ္ဗိန္ဒဉာဏ် ရောက်လည်း မလျော့နှင့်ဦး။ ဆက်ရှုရဦးမည်။ မုန်းဉာဏ်ဖြင့် အသေဆုံးထိ ရောက်အောင် ဆက်ရှုပါ။ အသေဆုံးမှ နိဗ္ဗာန်ကို ရောက်ပုံ ဟောသည်။ [နှာ-၁၇၅] ခန္ဓာသည် မွေးလိုက်၊ သေလိုက် ဖြစ်နေပုံကို ပြပြန်သည်။ ဖြစ်ပျက်မုန်းဉာဏ် ပေါ်ဖို့အတွက် ဟောခြင်းဖြစ်သည်။ သစ္စာအမြင် ပေါ်အောင် ဟောသည်။ ဖြစ်ပျက် မြင်တာက ယထာဘူတဉာဏ်၊

ဖြစ်ပျက် မုန်းတာက နိဗ္ဗိန္ဒာဉာဏ်၊ ဖြစ်ပျက် ဆုံးတာက မဂ်ဉာဏ် ဖြစ်သည်။ သုံးဉာဏ်ဖြင့် ကိစ္စပြီးနိုင်ကြောင်း ဟောသည်။ အချိန်စေ့၍ တရားရပ်နားလိုက်သည်။

*

## ၅။ နိဗ္ဗာန် အရှာမလွဲရန်

[ ၁၁–၁၁–၆၀ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသောတရား ]

ဒုက္ခငြိမ်းတာသည် နိဗ္ဗာန်ဖြစ်ကြောင်း အစချီလျက် ဤတရားကို ဟောတော်မူသည်။ ထောင့်ငါးရာ ကိလေသာ ငြိမ်းတာလည်း နိဗ္ဗာန်ဖြစ်သည်။ ဘေးအပေါင်း၊ ရန်အပေါင်း လွတ်ရာသည် နိဗ္ဗာန်ဖြစ်သည်။ ဘေးလွတ်ရာသို့ ရောက်ပြီးမှသာ စိတ်အေးနိုင်ကြမည် ဖြစ်သည်။ သားရေး၊ သမီးရေး၊ စီးပွားရေးကို နောက်ထားပါ။ ဘေးလွတ်ရေးကို ရှေ့ထားပါဟု တိုက်တွန်းထားသည်။ အိုနာသေရေး အပါယ်ဘေးလွတ်ရေးကို ရှေ့ထားပါ။ ပထမ ဦးစားပေး အလုပ်ဟု သဘော ထားဖို့ မှာကြားသည်။ [နှာ–၁၈၀] တစ်သံသရာလုံး ရှေ့နောက် လွဲခဲ့ကြပုံကို ပြသည်။ ဆရာကောင်းနှင့် ကြုံဖို့ မလွယ်ကြောင်း၊ ကံကောင်း ထောက်မ၍ ဆရာကောင်းနှင့် တွေ့တုန်း ပြုပြင်ဖို့ လိုပုံကို ဟောသည်။ [နှာ–၁၈၃] ယခုအချိန်သည် အထိသုံးပါး ညီချိန်ဖြစ်သည်။ ထို့နောက် နိဗ္ဗာန်ဆိုတာ ၃၁ ဘုံထဲမှာ မရှိဘူး။ ဟိုဘုံ ရောက်ချင် ဒီဘုံ ရောက်ချင်သော ပုဂ္ဂိုလ်များ သံသရာ လည်ကြရသည်။ ၃၁ ဘုံ ထဲမှာ ချမ်းသာ ရှာ၍ မရကြောင်း၊ ချမ်းသာ ရှာရင်း ဆင်းရဲသာ တွေ့ကြုံရမည် ဖြစ်ကြောင်း ဟောသည်။ နိဗ္ဗာန်သည် ခန္ဓာကိုယ်အဆုံး တစ်လံ(လေးတောင်) အကွာမှာ ရှိသည်ဟု ဆိုသည်။ [နှာ–၁၈၄] ချမ်းသာ ရှိနေလျှင် လွဲမှားနေပုံကို ပြသည်။ ချမ်းသာ မရှိတဲ့နေရာ ချမ်းသာရှာ၍ မရကြောင်း ပြသည်။

၃၁ ဘုံထဲမှာ နိဗ္ဗာန် မရှာနှင့်။ နိဗ္ဗာန် မရှိ၍ မတွေ့နိုင်ပါ။ နိဗ္ဗာန်သည် ခန္ဓာဆုံး တစ်လံကွာမှာ ရှိသည်။ အရှာလွဲ မနေနှင့်။ မျက်စိလည် မနေကြနှင့်ဟု ဆုံးမသည်။ [နှာ–၁၈၅] နိဗ္ဗာန်သည် နီးလျက် ဝေးနေသည်မှာ မျက်စိလည်နေ၍ ဖြစ်သည် ဆို၏။ ရှေးက မုဆိုးသား တစ်ယောက် သမထ အားထုတ်၍ ဈာန်၊ အဘိဉာဏ် ရသည်။ သူသည် စကြဝဠာတွေထဲမှာ မအိုရာ၊ မနာရာ၊ မသေရာကို လိုက်ရှာသည်။ ဘယ်နေရာမှ မအိုရာ၊ မနာရာ၊ မသေရာ ရှာမရ ဖြစ်သည်။ နောက်တော့ သူလည်း သေသည်။ သေတော့ နတ်သား ဖြစ်သွားသည်။ ဘုရား

ပွင့်သောအခါ နတ်သားအဖြစ်ဖြင့် ဘုရားကို လာလျှောက်သည်။ ရောဟိတ နတ်သား ဝတ္ထုကို ဟောခြင်း ဖြစ်၏။ ၃၁ ဘုံမှာ လျှောက်ပြီး ရှာခဲ့ပုံ၊ နိဗ္ဗာန်ကို ရှာ၍ မတွေ့ရပုံကို ထိုနတ်သားက ဘုရားအား လျှောက်ထားသည်။

ထိုအခါ ဘုရားက ၃၁ ဘုံထဲမှာ နိဗ္ဗာန်ကို ရှာ၍ မရကြောင်း၊ ခန္ဓာကိုယ် အဆုံး တစ်လံအကွာမှာသာ နိဗ္ဗာန်ကို ရှာသင့်ကြောင်း ဟောတော်မူသည်။ [နာ–၁၉၀] တစ်လံမျှလောက်သော ခန္ဓာကိုယ်ကို ဝိပဿနာ ရှုလိုက်သောအခါ ဖြစ်မှု၊ ပျက်မှု ပေါ်လာသည်။ ဖြစ်ပျက်မှ တခြား ဘာမျှ မရှိပါ။ ဉာဏ်မျက်လုံးနှင့် ကြည့်လိုက်တော့ ဖြစ်မှု၊ ပျက်မှုတွေကို တွေ့သည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ ဖြစ်သည်။ ခန္ဓာကိုယ် ဘယ်နေရာ ကြည့်ကြည့် ဖြစ်ပြီး ပျက်တာချည်းပဲ ဖြစ်သည်။ ဖြစ်ပျက် သင်္ခါရ လောက၊ ထိုသင်္ခါရ လောက ဆုံးသွားလျှင် နိဗ္ဗာန်ဆိုသော အသခ်တဓာတ် ကြီး ရှိသည်။ ဒါကြောင့် ခန္ဓာတစ်လံကွာမှာ နိဗ္ဗာန်ရှိကြောင်း ဆိုခြင်းဖြစ်သည်။ [နာ–၁၉၁] ဖြစ်ပျက်ကိုမှ မတွေ့လျှင် နိဗ္ဗာန်ကို ဘယ်လိုရှာရှာ မတွေ့ဟု ဆိုသည်။ ခန္ဓာ ဆုံးအောင် ရှုရမည်။ ခန္ဓာဆုံးအောင် လိုက်သော ပုဂ္ဂိုလ် နိဗ္ဗာန်ကို တွေ့ရသည်။ ခန္ဓာရှာသော ပုဂ္ဂိုလ် ဒုက္ခတွေ့ရသည်။ [နာ–၁၉၆] မသေခင် နိဗ္ဗာန်ကို တွေ့အောင် ရှာပါဟု ဆိုသည်။ အားထုတ်မည်ဆိုလျှင် ခုနစ်ရက်ဖြင့် ရနိုင်သည် ဟုလည်း အားပေးစကား ဆိုထားသည်။ [နာ–၁၉၉] ခန္ဓာ ဒုက္ခသစ္စာကို မသိသော ပုဂ္ဂိုလ်သည် သုခနိဗ္ဗာန်ကို တွေ့ဖို့ ခဲယဉ်းသည်ဟု ဟောသည်။ နိဗ္ဗာန်ကို ဉာဏ်နှင့် ရှာလိုက် တော့လည်း အနီးကလေးမှာပင် တွေ့ရသည်။ ရှာတတ်သောဉာဏ် ရဖို့ပဲ အရေးကြီး သည်။ ထိုဉာဏ်ကို ပေး၍ မရပါ။ ဆရာ အကူအညီဖြင့် အားထုတ်မှ ရသည်။ ဘုရားနှင့် ပစ္စေကဗုဒ္ဓါက လွဲလျှင် လူတိုင်း ဆရာ၏ အကူအညီ လိုသည်ချည်းပင်။ ယခု ဆရာအရေးကြီးကြောင်း သိရပြီ။ ဆရာက အနာပျောက်ဆေးကို ပေးနေပြီ။ အနာရှိသူက ဆေးကို မယူဘဲ ထွက်ပြေးနေလျှင် မရပါ။ ယူတတ်ဖို့၊ သုံးတတ်ဖို့ လိုသည်။

ထို့နောက် ဝိပဿနာ ရှုဖို့ သင်သည်။ ခန္ဓာတစ်ခုကို ရွေးရှု။ ဖြစ်ပျက် မြင်အောင်ရှု။ ဖြစ်ပျက် တစ်လုံးမြင်ရင် ပြီးသည်။ တစ်ကိုယ်လုံးမှာ ရုပ်လည်း မရှိ။ နာမ်လည်း မရှိ။ ဖြစ်ပျက် (အနိစ္စ)ပဲ ရှိတာ တွေ့လိမ့်မည်။ ခင်ဗျားတို့မှာ ရှိတာက ဖြစ်ပျက်၊ ဆရာ ပေးတာက ဉာဏ် (မဂ်)၊ ဖြစ်ပျက်နှင့် မဂ်ကို တွဲလိုက်ပါဟု ဆိုသည်။ [နာ–၂၀၇] ထိုအခါ ကိုယ့်ခန္ဓာ ဖြစ်ပျက် (အသေ)ကို ကိုယ့်ဉာဏ်က မြင်ပြီ။ [နာ–၂၀၈] ဖြစ်ပျက်နှင့် မဂ် တွဲနိုင်လျှင် ယထာဘူတဉာဏ် ရသည်။

သဘာဝကို ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်ကို ရပြီ။ ဤဉာဏ်ဖြင့် သေလျှင် ဒုတိယဘဝမှာ နိဗ္ဗာန်ကို ရနိုင်သည်ဟု ပြတ်ပြတ်သားသား ဟောပါသည်။ [ နှာ–၂၀၉ ] ဖြစ်ပျက်ကို မြင်ပြီဆိုလျှင် ရုပ်တွေ၊ နာမ်တွေတောင် ခွဲနေစရာ မလိုတော့ပါ။ ဖြစ်ပျက် တစ်လုံးတည်း ရှုဖို့ပဲ ရှိတော့သည်။

ထို့နောက် ဉာဏ်တစ်ဆင့် တက်ဖို့ ဟောပြန်သည်။ ခု ဉာဏ်မျက်လုံး တပ်ကြည့်တော့မှ ခဏခဏ ကိုယ့်အသေ ကိုယ်မြင်သည်။ ဤကဲ့သို့ ကိုယ့်အသေ ကိုယ်မြင်လျှင် ဒုတိယဘဝမှာ ပဋိသန္ဓေ မနေချင်တော့ပါ။ ဉာဏ်တစ်ဆင့် တက်လျှင် ဒီဖြစ်ပျက်တွေကို မုန်းဉာဏ် ဝင်လာသည်။ မုန်းလျက်လည်း ပေရှုပါဟု ဆိုသည်။ မုန်းဉာဏ်ဝင်လျှင် နိဗ္ဗိန္ဒာဉာဏ်သို့ ရောက်ပြီ။ ထိုဉာဏ် ရင့်လာလျှင် ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို မြင်သော မဂ်ဉာဏ် (လောကုတ္တရာမဂ်) ဝင်လာလိမ့်မည်။ [ နှာ–၂၁၃ ] ထိုအခါ ဒုက္ခ ပျောက်သွားသည်။ ဒုက္ခ နိရောဓော နိဗ္ဗာန် ဖြစ်သည်။ နောက်ဘဝ နောက်ခန္ဓာ မလာတာသည် အနုပါဒိသေသ နိဗ္ဗာန် ဖြစ်ကြောင်း ဟောရင်း အချိန် စေ့၍ တရားနားသည်။

*

## ၆။ ရှေ့နောက် မလွဲကြစေနဲ့ (ဝိပဿနာ အားထုတ်မှုနှင့် သားရေး၊ သမီးရေး ရှေ့နောက် မလွဲကြစေနဲ့)

[ ၁၄–၁၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

သတိပေးစခန်းကို စပြောမယ် အစချီလျက် ဤတရားကို ဟောသည်။ ဒကာ၊ ဒကာမတွေ တဏှာရေထဲမှာ မျောနေကြသည်။ စီးပွားရေး တဏှာရေထဲမှာ မျောနေကြသည်။ ကာမောဃ (တဏှာရေ)ထဲ မျောနေကြခြင်း ဖြစ်သည်။ မျောတဲ့ အလုပ်ပဲ လုပ်နေကြလျှင် မြုပ်လိမ့်ဦးမည် ဟုလည်း သတိပေးပြန်သည်။ [ နှာ–၂၁၇ ] လူတွေက အမျောသမား၊ အမြုပ်သမား ဘဝမှာပဲ ပျော်နေကြသည်ဟု ဝေဖန်ပြသည်။ ထို့နောက် လူ့ဘဝ ရခဲပုံ အကြောင်းကို လိပ်ကန်း ထမ်းပိုးပေါက် ခေါင်းစွပ် ဥပမာပြ ဟောသည်။ [ နှာ–၂၂၁ ] ဒါကြောင့် လူ့ဘဝ ရတာ မရစဖူး အရထူးတာ ဖြစ်ကြောင်း၊ ဒါကြောင့် ရထားသော လူ့ဘဝကို အလွဲသုံးစား မလုပ်မိဖို့ အရေးကြီး ကြောင်းကို ဟောသည်။ ရခဲလှသော ဘဝကို ရောက်ခိုက်မှာ နိဗ္ဗာန်ကို အရယူမည် ဆိုသော စိတ် မွေးသင့်ကြောင်း ဟောသည်။ ကျွတ်တမ်း ဝင်နိုင်သော ဘဝကို ရခဲ့ပြီးမှ အမြုပ်ကြီး မြုပ်သွားရဦးမည် ဆိုလျှင် လူဖြစ်ရှုံးကြောင်းလည်း ဟောသည်။

ဒါကြောင့် ကိုယ့်ဒုက္ခ ငြိမ်းရေးကို ဦးစားပေးပါ။ သားရေး၊ သမီးရေး၊ စီးပွားရေးကို နောက်ထားပါဟု တိုက်တွန်းသည်။ ရှေ့နောက် ခွဲရုံနှင့် မွဲပါ့မလားဟု မေးသည်။ [နှာ–၂၂၆] ဘာကြောင့် သူတော်ကောင်း အလုပ်ကို ရှေ့ထား လုပ်သင့်သလဲ မေးလျှင် သူတော်ကောင်း အလုပ်ဆိုတာ ကံကောင်းတုန်း၊ ဉာဏ်ကောင်းတုန်းမှာ လုပ်မှ ခရီးရောက်ကြောင်း ဖြေသည်။ အသက်ကြီးမှ ကံမွဲ၊ ဉာဏ်မွဲမှ လုပ်လို့ မရဘူးဟု ဆိုသည်။ [နှာ–၂၂၇] မရနိုင်တဲ့ အချိန်ကျမှ နိဗ္ဗာန် လိုချင်လို့ ခရီးမရောက်ဘူးဟု ဟောသည်။ ကံကောင်း၊ ဉာဏ်ကောင်းသည့် အချိန်တွေကို တဏှာ ခိုင်းတာ လုပ်ရင်း ဖြုန်းမပစ်သင့်ကြောင်း ဆုံးမသည်။ ကံမွဲ၊ ဉာဏ်မွဲချိန်ကျမှ ဝိပဿနာ လုပ်သည့် ပုဂ္ဂိုလ်တွေလည်း ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်အောင် ပေပြီး ရှုပါဟု ဆိုသည်။ ကံမွဲ၊ ဉာဏ်မွဲချိန်ကျမှ လုပ်တော့ ခက်တော့ ခက်တယ်။ ဒါပေမဲ့ ဖြစ်ပျက် မြင်အောင် လုပ်ရမှာပဲဟု ဆိုသည်။ ကြိုးစားလျက်နှင့် ကြာနေတာ သူများ အပြစ်မဟုတ်၊ ကိုယ့်အပြစ်ပင် ဖြစ်ကြောင်း ဝေဖန်ပြသည်။ [နှာ–၂၂၉] ရှေ့နောက် လွဲခဲ့သော အပြစ်ကို မြင်အောင် ဝေဖန်ပြသည်။ ဆရာတော်၏ သဘောမှာ ငယ်တုန်း၊ ကံကောင်း၊ ဉာဏ်ကောင်းတုန်းမှာ အသေလွတ်၊ ဒုက္ခလွတ်သည့် အလုပ်ကို လုပ်ရမည် ဟူ၍ ဖြစ်သည်။ [နှာ–၂၃၁]

ထို့နောက်မှ အလုပ်အစဉ်ကို ပြသည်။ ကြိုက်ရာ နေရာမှာ ထိုင်ပါ။ ထိုင်ပြီး အသက်ကို မှန်မှန် ရှူပါ။ နှာသီးဖျားမှာ စိတ်ထားပြီး ထွက်လေကိုလည်း သိပါ။ ဝင်လေကိုလည်းသိပါ။ ထိုသို့ သိသိနေခြင်းသည် သမထကို မှတည်လိုက်တာ ဖြစ်ကြောင်း ဆိုသည်။ [နှာ–၂၃၂] အာနာပါနဆိုတဲ့ သမထကို မှတည်လိုက်တာဟု ထပ်ဟောသည်။ သမထကို မှတည်သော်လည်း သမထက နိဗ္ဗာန်ရောက်တာ မဟုတ်ဘူး။ ဝိပဿနာဘက်ကို ကူးကြရမည်။ သမာဓိတည်ပြီး လာပြီဆိုလျှင် ခန္ဓာမှာ ဘာပဲပေါ်ပေါ် ထွက်လေဝင်လေ ရှုရာကို ဖြုတ်ပြီး ပေါ်ရာကို ရှုပါ။ ယားတာပေါ် ယားတာကိုရှု။ လှုပ်လာလျှင် လှုပ်လာတာကိုရှု။ ယားတာ၊ လှုပ်တာတွေကို ရှုတော့ ဘာတွေ့မလဲ။ ဖောက်ပြန်တာကို တွေ့သည်။ ပျက်စီးတာကို တွေ့သည်။ ဖောက်ပြန် ပျက်စီးတာ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ ဖြစ်သည်။ ဒုက္ခသစ္စာပဲဟု သိလိုက်တာက မဂ္ဂသစ္စာ ဖြစ်သည်။ ဤသို့ ရှုနေပါက တစ်ကိုယ်လုံးမှာ ဖောက်ပြန်လာတာ၊ ပြီးတော့ ပျက်စီးသွားတာတွေချည်း တွေ့နေရမည်။ ခန္ဓာကြီး၏ သဘောက ဒုက္ခသစ္စာ အမှန်ပါကလားဟု သိသွားမည်။

ဒါကြောင့် ဖောက်ပြန် ပျက်စီးနေသည့် နေရာတိုင်းကို ဉာဏ်လှည့်လိုက်ပါဟု ဆရာတော်က ဟောသည်။ [နာ–၂၃၅] ပြီးလျှင် အားထုတ်သော စိတ်ကလေးကို ပြန်လိုက်ပါ။ ဟာဒယဝတ္ထုပေါ် ဉာဏ်စိုက်ပါဟု ဆိုသည်။ ဘေးမှာပေါ်ရင် ဘေးလိုက်၊ ဘေးမှာ မပေါ်ရင် အတွင်းလိုက်ဟု ဆိုသည်။ တစ်ကိုယ်လုံးမှာ ဒုက္ခသစ္စာတွေချည်းပဲ တွေ့နေရမည်။ ဒုက္ခသစ္စာတွေချည်း ကျကျနန မြင်လျှင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်တယ်ဟု အတိအကျ ဟောတော်မူသည်။ [နာ–၂၃၆] ဒီတိုင်း ဆက်ကြည့်ပါ။ ပေါ်ရာကို လိုက်ပါ။ ပေါ်တာ မရှိလျှင် ဟာဒယဝတ္ထုပေါ်က ထွက်လေစိတ်၊ ဝင်လေစိတ်ကို ပြန်ရှုပါ။ ပင့်ကူလို ကျင့်ပါဟု အားထုတ်နည်းကို ပြသည်။ ခန္ဓာကိုယ်ကတော့ ဒုက္ခတွေချည်း ပြနေမည်သာ ဖြစ်၏။ ဉာဏ်ရင့်လာတော့ ဒီဒုက္ခသစ္စာတွေကို မလိုချင်၊ မရချင်၊ ငြီးငွေ့သောစိတ်၊ အသိဉာဏ် ဖြစ်ပေါ်လာမည် ဖြစ်၏။ ဤဒုက္ခတွေကို မုန်းလာပြီဆိုမှ ဒုက္ခအဆုံးကို ရောက်သွားမည် ဖြစ်၏။ ဒုက္ခအဆုံး နိရောဓသစ္စာ နိဗ္ဗာန် ဖြစ်၏။ ဒုက္ခအဆုံး နိဗ္ဗာန်ကို တွေ့သောဉာဏ်သည် မဂ်ဉာဏ်အစစ် ဖြစ်သည် ဆို၏။ [နာ–၂၃၇] ထိုကဲ့သို့ ရှုနေရင်းကပင် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု ထင်နေသော ဒိဋ္ဌိနှင့် တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာ မလာဘဲ အလိုလို ပျောက်သွားသည် ဆို၏။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ချုပ်လျှင် အပါယ်တံခါး ပိတ်တော့သည်။ ဤသို့ အပါယ်တံခါး ပိတ်အောင် အားထုတ်ပြီးပြီ ဆိုပါက သားရေး၊ သမီးရေး၊ စီးပွားရေး ဘာပဲ လုပ်လုပ် လုပ်ချင်ရာ လုပ်တော့။ စိတ်အေးရပြီဟု ဆိုသည်။ [နာ–၂၃၈] နောက်ထပ် ပဋိသန္ဓေ နေဦး၊ သေဦးတော့ ခုနစ်ဘဝပဲ။ သုဂတိ ဘဝမှာချည်း ဖြစ်ပြီး အဆုံးမှာ နိဗ္ဗာန် ကူးရုံပဲဟု ဆိုသည်။

သားရေး၊ သမီးရေး၊ စီးပွားရေးကိုတော့ မလိုက်တော့ပါဘူး။ တရားကိုပဲ ဆက်ပြီး အားထုတ်တော့မည်ဟု ဆုံးဖြတ်လျှင်လည်း ဆက် အားထုတ်လျှင် ဤတစ်ဘဝတည်းဖြင့် ကိစ္စ ပြီးသွားနိုင်သည်ဟု အားပေးစကား ဆိုထားသည်။ [နာ–၂၃၈] လုပ်မစားနှင့်ဟု ဟန့်ထားသည် မဟုတ်ကြောင်း၊ ရှေ့နှင့်နောက် ခွဲပြီး လုပ်ဖို့ ကိုသာ ပြောလိုကြောင်း ရှင်းပြသည်။ တစ်နေ့တာ ဘဝမှာ ဘာပဲ လုပ်ချင် လုပ်ချင် တဏှာခိုင်းတာ မလုပ်ခင် တရား အလုပ်ကလေးကို အရင် ဦးစားပေးပြီး လုပ်လိုက်ဦးမယ်ဟု ဆုံးဖြတ်ပြီး လုပ်တတ်လျှင် အကျိုးအမြတ်ချည်း ဖြစ်ပုံကို ပြသည်။ [နာ–၂၃၉] ဤသို့ ရှေ့နောက် ခွဲတတ်လျှင် ကြာတော့ ဉာဏ် ရင့်လာပြီး ဒုက္ခအားလုံး ချုပ်ဆုံးသွားမည် ဖြစ်ကြောင်း ဟောသည်။ ရှေ့နောက် ခွဲပါ ဆိုတာ

သည် အသေ မဦးခင် ဉာဏ်ဦးအောင် လုပ်ဖို့ကို ဆိုခြင်းဖြစ်သည်။ ဘုရား အဆူဆူနှင့် လွဲခဲ့ကြတာ ဘာကြောင့်လဲဆိုလျှင် ရှေ့နောက် မခွဲတတ်လို့ဟု ပြောသည်။ စားတာ၊ အိပ်တာက အစ ဝိပဿနာကို ရှေ့ထားပါဟု တိုက်တွန်းတော် မူသည်။ ကိုယ့်အရေးကို ကိုယ်သိခြင်း အဓိပ္ပာယ်ဖြစ်ကြောင်း ဝေဖန်ပြသည်။ ပြီးမှ သိကြားမင်း ဝတ္ထုကြောင်းကို ဆက်ဟောသည်။ သိကြားမင်းက လူတွေဟာ မေတ္တာလည်း ပို့ကြပါ၏၊ ချမ်းသာရေးကိုလည်း လိုက်စားကြပါ၏၊ သို့ပါလျက် အဘယ်ကြောင့် အန္တရာယ် မကင်း၊ ဘေးမရှင်း ဖြစ်နေကြရပါသနည်းဟု ဘုရားကို မေးလျှောက်သည်။ ဘုရားက ဣဿာ၊ မစ္ဆရိယကြောင့်ဟု ဖြေတော်မူသည်။ ဣဿာ မစ္ဆရိယ ရှိသော ပုဂ္ဂိုလ်သည် ဘယ်တော့မှ မကျန်းမာဘူး၊ ဘယ်တော့မှ မချမ်းသာဘူး ဟု မိန့်ထားသည်။ [နှာ–၂၄၃] ဆရာတော်က အမှိုက်ရှိလို့ ခွေးချေးရှိတာဟု ထင်ရှားအောင် တင်စား၍လည်း ဟောတော်မူသည်။

ဒါကြောင့် ဣဿာလာလည်း ဖြစ်ပျက် ရှု၊ မစ္ဆရိယလာလည်း ဖြစ်ပျက် ရှုဟု နည်းလမ်းပေးသည်။ သူတို့လာမှ ရှုမယ်လို့တော့ မလုပ်ကြပါနှင့်။ မလာခင်က ရှုပါ။ ရှုနေလျှင် ဣဿာ မစ္ဆရိယ ဝင်ခွင့် မရနိုင်ကြောင်းလည်း ရှင်းပြထားသည်။ ဤကား ကာကွယ်နည်း ဖြစ်သည်။ ဖြစ်ပျက်ရှုတဲ့ နေရာ မဂ်သာရောက်ပါစေ၊ မဂ္ဂင်ငါးပါးနှင့် ရှုတာ မကြာခင် မဂ္ဂင်ရှစ်ပါး ပြည့်သွားလိမ့်မည် ဆို၏။ [နှာ–၂၄၅] ထိုအခါ သိကြားမင်းက ဣဿာ၊ မစ္ဆရိယသည် ဘာကြောင့် ဖြစ်ရသလဲဟု မေးပြန်သည်။ မိမိသန္တာန်မှာ ချစ်ခြင်း၊ မုန်းခြင်းတရား ရှိသောကြောင့် ဣဿာ၊ မစ္ဆရိယ ဖြစ်ပေါ်လာရသည်ဟု ဖြေတော်မူသည်။ [နှာ–၂၄၇] ချစ်ခြင်း၊ မုန်းခြင်းကို စွန့်နိုင် လျှင် ဣဿာ မစ္ဆရိယ လွတ်သည်။ ဤကား အကျဉ်းနည်း ဝိပဿနာရှုပုံ ဖြစ်သည် ဆို၏။ [နှာ–၂၄၈] ထို့နောက် သာသနာကြီးနှင့် ကြုံနေပါလျက် သာသနာ့ အရသာကို ခံစားရသူ ရှားကြောင်း၊ ဘုရား အဆုံးအမ မိမိသန္တာန်မှာ မတည်လျှင် သာသနာပ သားပဲ ဖြစ်ကြောင်း ဟောသည်။ ဝိပဿနာ အလုပ်ကို လုပ်နေမှ သာသနာတွင်းသား ဖြစ်သည်။ လောကီ အလုပ်တွေနှင့် အချိန်ကုန်နေသရွေ့တော့ သာသနာပ သားပဲ ဖြစ်နေမည်ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ–၂၄၉] သာသနာခေတ်ကြီးထဲ လူဖြစ်ပါလျက် သူ့ ရင်ထဲမှာ သာသနာ၏ အနှစ်သာရ ဘာမျှ မခံစားရလျှင် သာသနာပ သားပဲဟု ဆိုသည်။ ထိုသူမှာ သာသနာ ကွယ်နေသည်။ တရားအလုပ် မလုပ်လျှင်လည်း သာသနာ ကွယ်သည်။ သေလျှင်လည်း သာသနာ ကွယ်နိုင်ကြောင်း ဟောသည်။

တစ်ခါ သိကြားမင်းက ဘုရားကို ဆက်မေးပြန်သည်။ အရှင်ဘုရား ဣဿာ မစ္ဆရိယသည် ချစ်ခြင်း၊ မုန်းခြင်းက လာသည် ဆိုပါလျှင် ချစ်ခြင်း၊ မုန်းခြင်းသည် ဘယ်က လာတာလဲ ဘုရားဟု မေးလျှောက်ပြန်သည်။ ဘုရားက ချစ်ခြင်း၊ မုန်းခြင်း သည် ဆန္ဒက လာကြောင်း ဖြေတော်မူသည်။ ထို့နောက် ဆန္ဒပြီးမှ လောဘ ပေါ်လာ တတ်ပုံကို ရှင်းပြသည်။ ဒါကြောင့် ဆရာတော်က ဆန္ဒ လာတိုင်း ထိုဆန္ဒကိုလည်း ဖြစ်ပျက်ရှုဟု သွန်သင် ညွှန်ပြသည်။ ချစ်ခြင်း၊ မုန်းခြင်း မလာအောင် ဆန္ဒကို ဖြစ်ပျက်ရှုပါ ဆိုသည်။ [နာ၁–၂၅၂] ဆန္ဒကို ဖြစ်ပျက် ရှုတတ်လျှင် ချစ်ခြင်း လောဘတဏှာနှင့် မုန်းခြင်း ဒေါသ သေသည်။ ပဋိစ္စသမုပ္ပာဒ် ပြတ်တော့သည်။

ဒါကြောင့် နိဗ္ဗာန်ကို လိုချင်လျှင် ဆန္ဒကို ဝိပဿနာ ရှုပါဟု တိုက်တွန်းထား သည်။ [နာ၁–၂၅၄] ဖြစ်ပျက် ရှုခြင်းကြောင့် အာသဝ ကုန်ပုံကို ပြပြန်သည်။ ဘုရားထံက အဖြေမှန်ကို သိကြားမင်း ရသွားသည်။ တစ်ခါ သိကြားက ဒီဆန္ဒက ကော ဘယ်က လာပါသလဲဘုရားဟု မေးလျှောက်ပြန်သည်။ ဘုရားက ကြံလုံး စည်လုံးက လာသည်ဟု ဖြေတော်မူသည်။ စာလိုသုံးတော့ ဝိတက်က လာသည်။ [နာ၁–၂၅၆] ထို့နောက် ဝိတက် သုံးမျိုးရှိကြောင်း ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တို့ ဖြစ်သည်။ ဝိတက်သုံးမျိုးကြောင့် ဆန္ဒသုံးမျိုး ဖြစ်ကြောင်းလည်း ပြသည်။ ထို့နောက် ဝိတက်ရှုနည်း နိဿရည်းကို နက်ဖြန်ပြမည် ဆို၍ အချိန်စေ့ သဖြင့် တရားသိမ်းလိုက်သည်။

*

## ၇။ ဆရာ့တာဝန်နှင့် ဒကာ့တာဝန် (အဓေလကဿပ မေး၊ ဘုရား ဖြေ)

[ ၂၃–၁၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ဒုက္ခသစ္စာကို မသိသမျှ ကာလပတ်လုံး ဒုက္ခသစ္စာကိုပဲ လိုချင်၊ ရချင်ကြလိမ့် မည် အစချီလျက် ဤတရားကိုဟောပါသည်။ ခန္ဓာထဲမှာ ဒုက္ခတွေ တန်းစီပြီး ဖြစ်နေသော ပဋိစ္စသမုပ္ပာဒ်ကို မသိလျှင် နောက်ဘဝ လူဖြစ်ချင်၊ နတ်ဖြစ်ချင်သော သဘော ဖြစ်လာလိမ့်မည်။ နောက်ဘဝ၊ နောက်ဒုက္ခ လိုချင်တာ လာတော့သည်။ ဒုက္ခသစ္စာ မသိလို့ တောင်းချင်သောဆု တောင်းပြီးနောက် မသာထည် ဒုက္ခသစ္စာတွေ ရနေကြရသည်ဟု ဆိုသည်။ [နာ၁–၂၅၉] ဘာကြောင့် မသာထည်တွေ ရနေကြသလဲ။ လက်ရှိ ဒုက္ခသစ္စာကို မသိ၍ ဖြစ်၏။ ဒုက္ခသစ္စာကို သိလျှင် အနာဂတ် ခန္ဓာတွေကို လိုချင်၊ ရချင်စိတ် မရှိတော့ပါ။ အနာဂတ်ခန္ဓာတွေ ရပ်သိမ်းသွားခြင်းသည် နိဗ္ဗာန်

ဖြစ်သည်။ [နာ–၂၆၀] ဒါကြောင့် ရထားသော ခန္ဓာကြီးသည် ဒုက္ခသစ္စာကြီး ဖြစ်ကြောင်း သိအောင်၊ မြင်အောင် ပြောပေးဖို့ အရေးသည် ဘုန်းကြီး အရေးဖြစ်သည် ဟု ဆရာတော်က ဆိုသည်။ ဆရာက ဒုက္ခသစ္စာကို သိအောင်၊ မြင်အောင်၊ နား လည်အောင် ဟောမည်။ ဒကာ၊ ဒကာမများက ထောင်တတ်သော နားနှင့် ထောင်ပြီး ဉာဏ်နှင့် ဝေဖန်ပါဟု ဆိုသည်။ ခန္ဓာကြီးက နေ့တိုင်း သုသာန် သွားမယ်ချည်း ပြောနေသည်။ ဤခန္ဓာကြီးသည် မိမိတို့ကို အမြဲတမ်း နှိပ်စက်နေသည်။ ခန္ဓာ ရှိနေသရွေ့ ဒုက္ခသစ္စာ ရှိနေမည်သာ ဖြစ်သည်။ ဒါကြောင့် ဉာဏ်ရှိသော ပုဂ္ဂိုလ်သည် ခန္ဓာမရှိသော နိဗ္ဗာန်ကိုသာ တောင့်တသည်။

ထို့နောက် ဝိပဿနာဉာဏ်နှင့် ကြည့်မှ မြင်နိုင်သော ဒုက္ခကို ဆက်ဟောပြန် သည်။ အဆင်းတစ်ခုကို စက္ခုဝိညာဏ်က မြင်သည်။ ထိုမြင်တတ်သော တရား ကလေးသည် ဒုက္ခသစ္စာပင် ဖြစ်သည်။ မြင်စိတ်ကလေးသည် ဒီနေရာ ဖြစ်ပြီး ဒီနေရာမှာတင် ပျက် ရသည်။ မြင်စိတ်ကလေးသည် ဖြစ်ပျက် ဒုက္ခသစ္စာပဲဟု ပြသည်။ ဝိညာဏက္ခန္ဓာ ဒုက္ခသစ္စာပဲ ဖြစ်သည်။ ဒီခန္ဓာ မမြဲဘူး၊ ဖြစ်ပျက်ပဲ၊ ဒုက္ခ သစ္စာပဲဟု ပေါ်အောင် ပြသည်။ [နာ–၂၆၇] မြင်စိတ်ကလေး ပေါ်တော့ မြင်မှု အပေါ်မှာ သာယာသောစိတ် ဖြစ်ပြန်သည်။ သာယာတာ၊ နှစ်သက်တာက လောဘ စိတ် ဖြစ်သည်။ သာယာတုန်း၊ နှစ်သက်တုန်း၊ ကောင်းတုန်း ရှိသေးသည်။ ပျက်စီး သွားပြန်သည်။ မြင်တော့ သာယာနှစ်သက်သည်။ သာယာနှစ်သက်တော့ လိုချင်၊ ရချင်သော တဏှာလာသည်။ လိုချင်၊ ရချင်တာကို စွဲလမ်းမှု ဥပါဒါန် လာသည်။ ဥပါဒါန် လာတော့ မရရအောင် လုပ်မှု ကံလာသည်။ လိုချင် စွဲလမ်းမှုကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံတွေ လုပ်ရတာလည်း ဒုက္ခပင် ဖြစ်သည်။ အားလုံး ဖြစ်ပြီး ပျက်တာချည်း ပေါ်နေသည်။ ဒုက္ခသစ္စာချည်း မှတ်ရမည်။ အနေ ဒုက္ခသစ္စာ နှင့် အသေ ဒုက္ခသစ္စာ ချည်းပဲ ရှိသည်။ တစ်နေ့လုံး ပုထုဇဉ် ခန္ဓာမှာ ဒုက္ခသစ္စာ စက်ကြီး လည်နေပုံကို ရှင်းပြထားသည်။ [နာ–၂၇၀] ဒါတွေ ပေါ်တိုင်းပေါ်တိုင်း ဉာဏ်ကလေးနှင့် လိုက်ပါ။ လိုက်လျှင် ပထမ ဒုက္ခသစ္စာ စက်ကြီးက ဖြစ်ပျက်၊ နောက်က သိလိုက်တာ ကလေးက မဂ်ဖြစ်နေမည်။ အဲဒါ ဝိပဿနာ အလုပ်ပဲဟု ဆိုသည်။ [နာ–၂၇၁]

ဝိပဿနာ ဆိုတာ ခန္ဓာစက် လည်တာကို နောက်က ဉာဏ်စွက်ရတာပဲ ဖြစ်သည်။ ခန္ဓာနောက်က ဉာဏ်လိုက်တာ ဝိပဿနာဟု ဆိုသည်။ စားချင်စိတ် ပေါ်တာလည်း ဒုက္ခသစ္စာပဲ၊ စွဲလမ်းစိတ် ပေါ်တာလည်း ဒုက္ခသစ္စာပဲ၊ အားထုတ်တဲ့

ကံတွေလည်း ဒုက္ခသစ္စာချည်းပဲ ဖြစ်သည်။ ဒုက္ခမှန်း မသိတာ မကြည့်လို့ မသိတာ ဖြစ်သည်။ အိပ်ချင်စိတ် ပေါ်တာတောင် သတိကပ်ပြီး ကြည့်တတ်လျှင် ဒုက္ခပေါ်မှန်း သိနိုင်သည်။ ကုသိုလ်စိတ်ပဲ ဖြစ်ဖြစ်၊ ဣဿာစိတ်၊ မစ္ဆရိယစိတ်၊ ဥဒ္ဓစ္စစိတ် ဘယ်အကုသိုလ်စိတ်ပဲ ဖြစ်ဖြစ် ဒုက္ခသစ္စာချည်းပဲ ဖြစ်သည်။ ထိုစိတ်တွေ ပေါ်တိုင်း သိလျှင် ပစ္စုပ္ပန် ဒုက္ခသိ ဖြစ်၏။ ပစ္စုပ္ပန် ဒုက္ခကို သိလျှင် နောက်ခန္ဓာကြီးလာလည်း ဤအတိုင်းပင် ဒွါရ ခြောက်ပေါက်မှာ ဒုက္ခတွေချည်း ရောက်နေမှာပါပဲဟု ဉာဏ်ဖြင့် သိနိုင်သည်။ သိလျှင် အနာဂတ် ဒုက္ခတွေကို မလိုချင်တော့ပါ။ ပစ္စုပ္ပန် ဒုက္ခသစ္စာကို သိအောင် ဟောဖို့ အရေးသည် ဆရာ့အရေး၊ ရှင်းရှင်း သိအောင် အားထုတ်ဖို့ အရေးသည် ဒကာ၊ ဒကာမများ အရေး ဖြစ်ကြောင်း ခွဲပြသည်။ [နှာ–၂၇၄] 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိ ဒုက္ခာ' ဒီခန္ဓာထဲ ဘာပဲပေါ်ပေါ် ဒုက္ခသစ္စာ ချည်းသာ ဖြစ်၏။ ပေါ်တာ၊ ပျက်တာကို သိမှ ခန္ဓာကြီးကို မလိုချင် ဖြစ်သည်။ ထိုအခါမှ သမုဒယ ချုပ်သည်။ သမုဒယ ချုပ်လျှင် ဥပါဒါန် ချုပ်သည်။ ကံတွေလည်း ချုပ်သည်။ ဥပါဒါန်၊ ကံ ချုပ်သဖြင့် နောက်ဒုက္ခ မပေါ်လာတာသည် နိရောဓသစ္စာ ဖြစ်၏။ သစ္စာသိလျှင် ဝဋ်ကျွတ်တယ်ဟု ဟောထားသည်။ [နှာ–၂၇၅] တရား အားလုံး သစ္စာထဲမှာ အကျုံးဝင်ကြောင်း ဆက်ဟောသည်။ [နှာ–၂၇၆] ဓမ္မာနုပဿနာကို ဤတရားတွင် မှတ်ည်ဟောသည် ဆို၏။ ပြီးမှဝဋ္ဋကြောင်းကို ထုတ်ပြသည်။

မြတ်စွာဘုရား သာဝတ္ထိပြည်ကို ဆွမ်းခံ ဝင်လာတော့ အဝတ်မပါသော အစေလကဿပ ဆိုသော တက္ကတွန်းနှင့် တွေ့သည်။ ကဿပက အရှင်ဘုရား ပုစ္ဆာကလေး မေးပါရစေဟု လျှောက်သည်။ ဘုရားက ဆွမ်းခံရင်းမို့ မမေးပါနှင့်ဟု ဆိုသည်။ ဤသို့ဖြင့် ကဿပက ၃ ကြိမ်တိုင် မေးခွန်းပုစ္ဆာ မေးခွင့် တောင်းသည်။ ဘုရားက အစေလကဿပ၏ ဉာဏ်ရင့်ချိန်ကို သိ၍ မေးခွန်း မေးခွင့်ပြုသည်။ ထိုအခါ ကဿပက 'ဒုက္ခဟာ မိမိပြုတာလား ဘုရား'ဟု မေးသည်။ ဘုရားက မဟုတ်ဘူးဟု ဖြေသည်။ ငါ့ကိုယ်၊ ငါ့ဟာဟု ယူလိုက်လျှင် သဿတဒိဋ္ဌိ ဖြစ်သွားမည်ကြောင့် ဘုရားက မဟုတ်ဘူးဟု ဖြေခြင်း ဖြစ်သည်။ ထိုအခါ ကဿပက 'ဒါဆို ဒုက္ခကို သူတစ်ပါး ပြုတာလား ဘုရား'ဟု မေးပြန်သည်။ ဘုရားက 'ဒီလိုလည်း မဟုတ်ဘူး'ဟု ဖြေသည်။ ပဋိစ္စသမုပ္ပာဒ် အရ မြင်စိတ်ကလေး ဖြစ်ပြီး ပျက်တာ ဒုက္ခသစ္စာ ဖြစ်ပုံ ပြခဲ့ပြီ။

ဒါကြောင့် ဒုက္ခကို ငါပြုသလား၊ သူတစ်ပါး ပြုသလားဟု မေးခြင်းအား ဘုရားက ပယ်ခြင်းဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ်ကို နားမလည်လျှင် ဒိဋ္ဌိ ဘယ်တော့မှ

မစင်ကြောင်း ထပ်ဟောသည်။ [နာ-၂၈၀] ဒိဋ္ဌိ မစင်လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရနိုင်ဟုလည်း ဟောသည်။ ဒုက္ခသည် အကြောင်းဖြစ်လို့ အကျိုးပေါ်တာသာ ဖြစ်သည်။ ငါ၊ သူတစ်ပါး ပြုသည် မဟုတ်ဟု နားလည်ရမည်။ ခန္ဓာထဲမှာ ဒုက္ခ ဖြစ်တာ သူ့အကြောင်းနှင့်သူ ဖြစ်တာသာ ဖြစ်သည်။ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ ကြောင့် မဟုတ်ပါ။ ပုဂ္ဂိုလ်၊ သတ္တဝါကြောင့် မဟုတ်ပါ။ ပဋိစ္စသမုပ္ပာဒ် အကြောင်းက ပြုလို့ ဖြစ်တာ ဖြစ်သည်။ ငါလုပ်လို့ ငါဖြစ်တာ ဆိုသော သဿတဒိဋ္ဌိကို ဖြုတ်နေ ခြင်း ဖြစ်သည် ဆို၏။ [နာ-၂၈၂] ပဋိစ္စသမုပ္ပာဒ်ကို နားမလည်လျှင် သဿတဒိဋ္ဌိ ဖြစ်သည်။ ဤသို့ မြင်ပြီး ဒိဋ္ဌိစင်သွားမှ မဂ် ရနိုင်သည်ဟု ဆိုသည်။ အကြောင်း သမုဒယကြောင့် တစ်နေ့လုံး အကျိုး ဒုက္ခတွေ လည့်ပြီး ပေါ်နေရပုံကို ရှင်းပြသည်။

ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိ အမြင်ကို ပယ်နိုင်လျှင် သမ္မာဒိဋ္ဌိ အမြင် ရောက်လာသည်။ တစ်ခါ ဒုက္ခကို သူတစ်ပါး ပြုတာလားဟု ကဿပက မေးပြန်သည်။ ဘုရားက ဒါလည်း မဟုတ်ဘူးဟု ဖြေသည်။ အကြောင်းရှိလို့ အကျိုးပေါ်တာပဲ ဖြစ်သည်။ အကြောင်း သမုဒယကြောင့် အကျိုး ဒုက္ခ ဖြစ်ရသည်ဟုသာ နားလည်ရမည်။ ကဿပ အမေးက ဥစ္ဆေဒဒိဋ္ဌိ အမေး ဖြစ်သည်။ ပြုသူတခြား ခံစားသူ တခြားလားဟု မေးခြင်း ဖြစ်သည်။ ဘုရားက ထိုအမေးကိုလည်း ပယ်သည်။ ခန္ဓာမှာ ဘယ်စိတ် အစဉ်တန်းပြီး ဖြစ်ဖြစ်၊ ဘယ်ရုပ် အစဉ်တန်းပြီး ဖြစ်ဖြစ် အကြောင်းကြောင့် အကျိုး ဖြစ်တာဟု သိမြင်ရမည်။ ပုဂ္ဂိုလ်၊ သတ္တဝါ မပါပါ။ ပဋိစ္စသမုပ္ပာဒ် အစဉ် တန်းခြင်းသာ ဖြစ်သည်။ ဤကဲ့သို့ သဿတဒိဋ္ဌိ စင်မှ ဝိပဿနာဉာဏ်ကို ဟော လိုက်လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရနိုင်သည်။ ကဿပက နောက်ထပ် ပုစ္ဆာ ထုတ်ပြန်သည်။ ရှင်ကြီးဂေါတမ ဒါဆို ဒုက္ခကို မိမိရော သူတစ်ပါးရော ပေါင်းပြီး လုပ်တာလားဟု မေးပြန်သည်။ ဘုရားက ဒါလည်း မဟုတ်ပါဘူးဟု ဖြေလိုက်သည်။ ပဋိစ္စသမုပ္ပာဒ်အရ အကြောင်းဖြစ်လို့ အကျိုးဖြစ်တာ၊ အကြောင်းချုပ်လျှင် အကျိုး ချုပ်သည်ဟု သိထားပါက ဤ(ဘုရား၏)အဖြေ နားလည်နိုင်သည်။ ကဿပ မကျေနပ်သေး။ စတုတ္ထ ပုစ္ဆာကို ဆက်မေးပြန်သည်။ ရှင်ကြီးဂေါတမ ဒါဆိုရင် ဒုက္ခဟာ သူ့ အလိုလို ဖြစ်တာလား။ ဘုရားက ဒါလည်း မဟုတ်ဘူးဟု ဖြေသည်။ ဤအဖြေကိုလည်း ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက် သဘောကို နားလည်သူသည် အလွယ်တကူ နားလည်နိုင်ပါသည်။ အကြောင်း သမုဒယကြောင့် အကျိုး ဒုက္ခ ဖြစ်ခြင်းသာ ဖြစ်၏။ [နာ-၂၉၂]

တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံဖြစ်သည်။ အားလုံး ဒုက္ခသစ္စာချည်း ဖြစ်၏။ခန္ဓာကြီး တစ်ခုလုံး ဒုက္ခသစ္စာချည်း ဖြစ်၏။ မိစ္ဆာဒိဋ္ဌိ အမြင်တွေ စင်သွားပြီ။ စင်သွားလျှင် သမ္မာဒိဋ္ဌိ အမြင် ဖြစ်ပေါ်လာပြီး ပုဗ္ဗဘာဂ မဂ်မျိုးစေ့ ရပြီဟု ဆိုသည်။ [နှာ–၂၉၅] အဖေလကဿပက မေးပြန်သည်။ ရှင်ကြီးဂေါတမ ဒုက္ခဟာ မရှိဘူးလားဟု မေးသည်။ ဘုရားက ဒုက္ခရှိသည်ဟု ဖြေသည်။ ခန္ဓာ တစ်ခုလုံး အချိန်တိုင်းမှာ ဒုက္ခစက် လည်နေသည်။ ကောင်းပြီ၊ ဒါဆို ဒုက္ခရှိလျှင် ဒုက္ခကို မသိနိုင်ဘူးလားဟု ထပ်မေးသည်။ ဘုရားက သိနိုင်ကြောင်း ဖြေလေသည်။ [နှာ–၂၉၇] ဒိဋ္ဌိ စင်ရေးကို ဟောရင်း အချိန်စေ့သည်။ အလုပ်တရားကို နက်ဖြန်မှ ဟောတော့မည် ဆိုပြီး တရားကို ရပ်နားလိုက်သည်။

*

## ၈။ မိတ်ဆွေကောင်း တစ်ယောက်က ပြောသည်ဟု သဘောထားပြီး ကျင့်လျှင်ပင် အကျိုး ဖြစ်ထွန်းနိုင်ပါပြီ။

[ ၁၈–၁၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

မြတ်စွာဘုရား ဟောတာကို မိတ်ဆွေကောင်း တစ်ယောက် ပြောသော စကားဟူ၍ မှတ်ယူမည် ဆိုလျှင် ဒုက္ခခပ်သိမ်း ငြိမ်းပါလိမ့်မည်။ 'မိတ္တ ဝတာယသ မုဒါဝရထမာ သပတ္တဝတာယ' အစချီလျက် ဤတရားကို ဟောတော်မူသည်။ (ဥပရိပဏ္ဏာသ ပါဠိတော်– မဟာသုညတ သုတ်) ဘုရားကို မိတ်ဆွေလို သဘောထားသင့်ကြောင်း၊ ရန်သူလို သဘောထားပြီး အရွဲ့မတိုက်သင့်ကြောင်း သတိပေးဆုံးမသည်။ [နှာ–၃၀၂] ဘုရားကို အရွဲ့မတိုက်ဘူး၊ မိတ်ဆွေကောင်းလို သဘောထားလျှင် အမှန်မြင် မျက်လုံးကလေး ပေးချင်သည် ဆို၏။ ပြီးနောက် ကစ္စာနယေါတ္တသုတ်မှာ လာသော ဘုရားလက်ထက်က ကစ္စာနအနွယ် ရဟန်းတစ်ပါး၏ မေးခွန်းအကြောင်းကို ဆက်ဟောသည်။ သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိတိ ဘန္တေ ဝုစ္စတိ ကိတ္တာဝတာနခေါ ဘန္တေ သမ္မာဒိဋ္ဌိ ဝုစ္စတိ' သမ္မာဒိဋ္ဌိ (အမြင်မှန်) အမြင်မှန်ဟု ပြောနေကြပါသည်။ အမြင်မှန်ဆိုတာ ဘာပါလဲဘုရားဟု မေးခြင်း ဖြစ်သည်။ [နှာ–၃၀၆] ခန္ဓာ၏ ပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာ၏ ဖြစ်မှု၊ ပျက်မှုကို သိတာသည် အမှန် မျက်လုံး ဖြစ်သည်။ မိမိ ခန္ဓာကိုယ်ကြီး ခဏခဏ ဖြစ်နေတာလည်း သိရမည်။ ခဏခဏ အနိစ္စ ရောက်နေတာလည်း သိရမည်။ ထိုသို့ သိသော၊ မြင်သော မျက်လုံးသည် အမှန်မြင် မျက်လုံး၊ ပညာမျက်လုံး ဖြစ်သည်။ မိဘရိုးရာ မျက်လုံးက အဖေမြင်၊

အမေမြင်၊ မောင်မြင်၊ ညီမမြင် မျက်လုံး၊ သမုတိမျက်လုံး ဖြစ်သည်။ [နှာ-၃၀၇] အမှန်မြင် မျက်လုံး ရမှသာ အငိုပွဲလည်း သိမ်းပြီး အပါယ်ငရဲမီးလည်း ငြိမ်းပါလိမ့်မည်။

ထို့နောက် အကြောင်းတိုက်ဆိုင်လျှင် ကြားစိတ်ကလေး ပေါ်ပုံ ပဋိစ္စသမုပ္ပါဒ်ကို စပြန်သည်။ အကြောင်းရှိလျှင် အကျိုး ဖြစ်ပေါ်လာသည်။ အကြောင်း ချုပ်လျှင်လည်း အကျိုး ချုပ်သည်။ ကြားစိတ်ကလေး ပေါ်ပြီး ပျက်သွားပုံကို ပြသည်။ ဤကြားစိတ်သည် ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်ပါ။ ဖြစ်ပြီး ပျက်သွားသော တရားကလေး တစ်ခုမျှသာပဲဟု ရှုတတ်လျှင် သမ္မာဒိဋ္ဌိ မျက်လုံး ဖြစ်ပြီ။ ဤတွင် သမ္မာဒိဋ္ဌိ ဖြစ်ခြင်းမှာ ငါကြားတယ်ဟု စွဲသော သက္ကာယဒိဋ္ဌိလည်း မပါ၊ ကြားစိတ်ကလေးသည် မြဲသည် ထင်သော သဿတဒိဋ္ဌိလည်း မပါ၍ ဖြစ်သည်။ [နှာ-၃၁၈] ယောကျ်ားလည်း မရှိ၊ မိန်းမလည်း မရှိ၊ အကြောင်းတိုက်ဆိုင်၍ ပေါ်လာသော ဓမ္မကလေး၊ ပေါ်ပြီး ပျက်သော ဓမ္မကလေးပဲ ရှိသည်ဟု နားလည် လာရသည်။ အနိစ္စ ရှိတာကို အနိစ္စပဲ ရှိတယ်ဟု သိလိုက်လျှင် အရှိနှင့် အသိ ကိုက်သွားသည်။ သမ္မာဒိဋ္ဌိ ဖြစ်ပြီ။ အရှိနှင့်အသိ မကိုက်လျှင် အမြင်မှား မိစ္ဆာဒိဋ္ဌိ ဖြစ်၏။ တစ်သံသရာလုံး အမြင်မှန် မရခဲ့။ အမြင်မှားနှင့်ချည်း နေခဲ့ကြရကြောင်း ဟောသည်။ [နှာ-၃၂၀] သမ္မာဒိဋ္ဌိ ဆိုတာ အရှိနှင့်အသိ ကိုက်တာဖြစ်ကြောင်း ထပ်ဟောသည်။

ထို့နောက် ရိုးရာအမြင်မှာ ကြားစိတ်ကို ငါကြားတယ် လုပ်တတ်ပုံကို ပြသည်။ [နှာ-၃၂၄] ကြားစိတ်ကို ငါလုပ်မိလျှင် ငါကြားတော့ ငါငိုချင်တယ် ဆိုသလို ကြားစိတ်ကြောင့် သောကပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသတွေ ဆက်တိုက်လာပုံ၊ သေလျှင် အပါယ်ဘေး ကြုံရပုံများကို ဆက်ဟောသည်။ [နှာ-၃၂၅] ဖြစ်ပြီး ပျက်တာပဲဟု သိမှသာ အနိစ္စရှိလို့ အနိစ္စဟု သိခြင်းဖြစ်သည်။ ဤသို့ သိလျှင် သောကပရိဒေဝတွေ မလာတော့ပါ။ သမ္မာဒိဋ္ဌိ မျက်လုံး ဖြစ်သွား၍ မလာခြင်း ဖြစ်သည်။ သမ္မာဒိဋ္ဌိ မရလျှင် ငိုပွဲနှင့် အပါယ်ပွဲပဲ ရှိတယ်ဟု ဆိုသည်။ [နှာ-၃၂၆] ပဋိစ္စသမုပ္ပါဒ် ဖြစ်တာကလေးကို မြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ လွတ်သည်။ ပျက်တာကို မြင်လျှင် သဿတဒိဋ္ဌိက လွတ်သည်။ လောကမှာ ငါလည်းမရှိ၊ သူလည်းမရှိ ဖြစ်ပြီး ပျက်တတ်သော တရားပဲ ရှိသည်။ ဤသို့ သိလျှင် ဒိဋ္ဌိအမြင်အားလုံး စင်သည်။ အပါယ်တံခါး ပိတ်သော အမြင်ဖြစ်ပြီ။ [နှာ-၃၂၇] အပြစ်ကို မြင်လျှင် ပြတ်သည်ဟု ယူသော ဥစ္ဆေဒိဋ္ဌိ စင်သည်။ အပျက်ကို မြင်လျှင် ခိုင်တယ်၊ မြဲတယ်ဟု ယူသော သဿတဒိဋ္ဌိ အမြင် စင်ကျယ်သည်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ

အမြင်ရှိလျှင် အပါယ်လမ်းနှင့် သုဂတိလမ်းကို ရောက်သည်။ သမ္မာဒိဋ္ဌိ အမြင်ရှိမှသာ အလယ်လမ်း၊ နိဗ္ဗာန်လမ်းကို ရောက်သည်ဟု ဟောသည်။ [နှာ–၃၂၉] သမ္မာဒိဋ္ဌိ မျက်လုံးဆိုတာ သဿတ၊ ဥစ္ဆေဒဒိဋ္ဌိ လွတ်သောအမြင် ဖြစ်သည်ဟုလည်း ထပ်ဖွင့်ပြပြန်သည်။ [နှာ–၃၃၀] သောတာပတ္တိမဂ် ရတယ်ဆိုတာ ဒိဋ္ဌိသတ်တဲ့မဂ် ရတာပဲဟုလည်း ဆိုသည်။ [နှာ–၃၃၃] သမ္မာဒိဋ္ဌိ အမြင်သည် မဇ္ဈိမ ပဋိပဒါ အလယ်လမ်း အမြင် ဖြစ်သည်။ ထိုအမြင်ကသာ တစ်ကြောင်းတည်းဖြင့် နိဗ္ဗာန်ကို ပို့ဆောင်နိုင်သည်။ အပါယ်လေးပါးက လွတ်ပြီ။ အလယ်လမ်း မဇ္ဈိမပဋိပဒါ အမြင်ကို မြင်လျှင် ကြားစိတ်ကလေး ဖြစ်ပြီး ပျက်တာပဲဟု မြင်သောကြောင့် ကြားစိတ်ကြောင့် တဏှာ၊ ဥပါဒါန်၊ ကံ မဖြစ်တော့။ သောကပရိဒေဝ၊ ဒုက္ခဒေါမနဿ မဖြစ်တော့တဲ ငြိမ်းအေးသည်။ ဤကား မဇ္ဈိမ ပဋိပဒါ အမြင်၏ အကျိုးကျေးဇူး ဖြစ်၏။ ဤအမြင်ဖြင့် ရှုလိုက်လျှင် ပဋိစ္စသမုပ္ပာဒ် ဒုက္ခစက်ကြီး ပြတ်သည်။ မဂ်က ဖြတ်လိုက်ခြင်း ဖြစ်သည်။ [နှာ–၃၃၇]

ထို့နောက် ပဋိစ္စသမုပ္ပာဒ် အဆုံးက ပြတ်ပုံ၊ အလယ်က ပြတ်ပုံ၊ အစက ပြတ်ပုံတွေကို ပြသည်။ [နှာ–၃၃၈] ဤသို့ ဖြတ်နိုင်မှ အပါယ်တံခါး ပိတ်သည်။ မဖြတ်နိုင်လျှင် အပါယ်ကျအောင် လည်သွားပေလိမ့်မည်။ ပဋိစ္စသမုပ္ပာဒ် စခန်းသတ်မှ အပါယ် စခန်းသတ်သည်။ ဤတရားကို နာရသဖြင့် ကစ္စာနဂေါတ္တ ရဟန္တာ ဖြစ်သွားသည်။ ဒါကြောင့် ဖြစ်ပျက်မြင်အောင် ကြည့်ပါ။ အလယ်လမ်းကျအောင်ကြည့်၊ ဖြစ်ပျက် မှန်းအောင်ကြည့်၊ အလယ်လမ်းအတိုင်း ကြည့်လျှင် ဖြစ်ပျက် အဆုံးအထိ မြင်နိုင်ကြောင်း ဟောသည်။ [နှာ–၃၄၀] ဖြစ်ပျက် အဆုံးကို မြင်လျှင် ဒုက္ခခပ်သိမ်း ငြိမ်းသည့် နိဗ္ဗာန်ကို မြင်နိုင်သည်။ သူများ ပြောလောက်နှင့် တင်းတိမ် မနေနှင့်။ ကိုယ်တိုင်သိအောင် လုပ်ပါဟု တိုက်တွန်းရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၉။ ကိုယ့်အသေ ကိုယ်ကြည့်ရင် ဝိပဿနာ

[ ၂၅–၁၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

တရားပွဲလာရလို့ ပင်ပန်းတာဟာ အပါယ်ငရဲမှာ တစ်စက္ကန့် ခံရတာလောက် မပင်ပန်းကြောင်း အစချီလျက် ဤတရားကို ဟောတော်မူသည်။ တရား နာကြရတာ ဆင်းရဲတယ်၊ ပင့်ပန်းတယ်၊ ဒုက္ခ ရောက်တယ်ဟု မယူဆရန် တိုက်တွန်း သတိပေး

သည်။ အပါယ်ဒုက္ခနှင့် စာလျှင် ဤဒုက္ခသည် မပြောပလောက်ကြောင်း နှိုင်းယှဉ်ပြသည်။ တရားကို ကြိုးစား အားထုတ်ကြဖို့ နားဝင်အောင် အကြောင်းအကျိုးပြ၍ တိုက်တွန်းထားသည်။ ရောဂါ အပြည့်ရှိသည့် ခန္ဓာကို ဝိပဿနာဆေး မဂ်ဆေးနှင့် ကုမှ ရောဂါစပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်နိုင်သည်။ ကုပေးမည့်သူလာတာကို ဆေးခွက်မြင်၍ ပြေးသော ကုပ်မှာ ဝဲနာစွဲသည့်ခွေး အလုပ်မျိုး မလုပ်သင့်ကြောင်း ဥပမာ ခပ်ကြမ်းကြမ်း ပြပြီး ဟောသည်။ ဝိပဿနာဆေးဖြင့် အကုခံသည့်အရေးသည် ကိုယ့်အရေးဟု မှတ်ပါဆိုသည်။ လူတွေမှာ ကိလေသာ လောက်ကိုက်သော ရောဂါ စွဲနေပုံကို ပြသည်။ ဟိုပြေး ဒီလွှားနှင့် ရှာဖွေနေကြတာ ကိလေသာလောက်ကိုက်လို့ တောင်ပြေးမြောက်ပြေး ပြေးနေသော ခွေးလို ဖြစ်နေကြတာဟု ဟောသည်။ ဆရာဘုန်းကြီး တရား ဟောနေတာက အဝိဇ္ဇာ ချုပ်ပြီး တဏှာသေအောင် ဟောနေတာ ဖြစ်သည်။ လောက်ကိုက်လည်း သက်သာ၊ ချောက်ကျလည်း လမ်းဆုံးပြီး သေခြင်း ကင်းသော နိဗ္ဗာန် ပို့မလို့ ဟောနေတာဟု ဆိုသည်။ [နှာ–၃၅၁] ကိလေသာ လောက်ကိုက်နာနှင့် နေရတာသည် အနေဆိုးနေ၍ အသေဆိုး သေရတာ ဖြစ်သည်။ အနေဆိုး မနေရအောင် ဝိပဿနာ မဂ်ဆေးဖြင့် ကိလေသာ လောက်တွေကို သတ်ရမည်။ အသေဆိုး မသေစေချင်လို့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှ စိတ်အေးရမည် ဖြစ်၍ ဟောနေခြင်း ဖြစ်သည်။ အမြင်မှန် ရမှဖြစ်မည်။ [နှာ–၃၅၄]

တစ်သံသရာလုံး ပုထုဇဉ်သည် ကိလေသာ လောက်ကိုက်နာဖြင့် ချောက်ကျပြီး သေခဲ့ကြရသည် ဆို၏။ [နှာ–၃၅၆] ဤလောက်ကိုက်နာဖြင့် ချောက်ကျသေရင် သာ အနေဆိုး၊ အသေဆိုး ဘဝက လွတ်မြောက်အောင် ဝိပဿနာ မဂ်ဆေးဖြင့် ကုကြရမည်။ ဝိပဿနာမဂ် ရင့်ကျက်လာလျှင် လောကုတ္တရာမဂ်သည် အနန္တရပစ္စည်း အဖြစ်ဖြင့် အခြားမရှိ ကျေးဇူးပြုမည် ဖြစ်ကြောင်း ဟောတော်မူသည်။ [နှာ–၃၅၉] ဝိပဿနာမဂ်က အကြောင်း၊ လောကုတ္တရာမဂ်က အကျိုးအဖြစ်လိုက်လာသည်။ ဝိပဿနာမဂ်ကို အားထုတ်မှ လောကုတ္တရာမဂ်ကို ရသည်။ [နှာ–၃၆၀] ဝိပဿနာမဂ် မပါဘဲ လောကုတ္တရာမဂ်ကို ခုန်တက်၍ မရဟု ပြသည်။ နိဒါနဝဂ္ဂ သံယုတ်၊ သုသိမသုတ်မှာ ဟောထားကြောင်း ကိုးကားထားသည်။ ဝိပဿနာမဂ်က ဖြစ်ပျက်ကို မြင်သည်။ လောကုတ္တရာမဂ်က ဖြစ်ပျက် ဆုံးတာကို မြင်သည်။ [နှာ–၃၆၁]

ဒါကြောင့် ဝိပဿနာမဂ်နှင့် စဖို့ပဲ အရေးကြီးသည်။ မြတ်စွာဘုရားသည် ဆေးသမားကြီး ဖြစ်သည်။ ဒကာ၊ ဒကာမတွေက ရောဂါသည်တွေ၊ လူနာတွေ ဖြစ်သည်။ အနာမလွန်ခင် ဆေးသမားနှင့် ကြုံတုန်း၊ ဆုံတုန်းမှာ ဆေးကုဖြစ်ဖို့ အရေးကြီးသည်။ ဝိပဿနာ လုပ်မည်ဆိုလျှင် ခန္ဓာငါးပါးကို ကြည့်ရမည်။ ကိုယ့်ခန္ဓာ ကိုယ်ကြည့်၍ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်တာသည် ဝိပဿနာမဂ် ဖြစ်၏။ [နှာ-၃၆၄] ခန္ဓာကြည့် ဆိုသော်လည်း ငါးပါးလုံး မကြည့်နှင့်။ တစ်ပါးကို ရွေးကြည့်ရမည်။ ဝေဒနာပေါ်လျှင် ဝေဒနာကိုကြည့်။ စိတ်ပေါ်လျှင် စိတ်ကို ကြည့်ပါ။ လူသည် စိတ်တစ်စိတ်ဖြင့် တစ်ချိန် တစ်ချိန်မှာ အသက်ရှင်နေပုံကို ရှင်းပြသည်။ ပထမစိတ်နှင့် အသက်ရှင် နေရာက ဒုတိယစိတ် ဖြစ်ပေါ်လာတော့ ဒုတိယစိတ်နှင့် ရှင်ပြန်သည်။ တစ်စိတ် ဖြစ်ပြီး တစ်စိတ် ပေါ်တော့ ပေါ်သည့်စိတ်ဖြင့် အသက်ရှင်နေခြင်း ဖြစ်၏။ ဒါဆို တစ်စိတ်သေပြီးမှ နောက်တစ်စိတ် အစားထိုး ဖြစ်ပေါ်လာသည့် သဘောကို မြင်မည်။ ကိုယ့်အသေ ကိုယ်မြင်တာ ဝိပဿနာပဲဟု အဓိပ္ပာယ်ဖွင့်ပြထားသည်။ [နှာ-၃၆၅]

ဤကဲ့သို့ ကိုယ့်အသေ ကိုယ်မြင်လျှင် နောက်ဘဝ နောက်ခန္ဓာကို မလိုချင်တော့ပါ။ ဖြစ်ချင်တဲ့ တဏှာ၊ ကြီးပွားချင်တဲ့ ကိလေသာ လောက်တွေလည်း သေကုန်ကြတော့သည်။ ဒါကြောင့် ကိုယ့်အသေ ကိုယ်မြင်သော ဉာဏ်သည် ကိလေသာ လောက်သေဆေး ဖြစ်သည် ဆို၏။ အိပ်ရာက နိုးတော့ နိုးမှန်းသိတဲ့ စိတ်ကလေး ဖြစ်သည်။ ထမှပဲ ဆိုတော့ နိုးမှန်းသိတဲ့ စိတ်ကလေး သေသွားပြီ။ ပျောက်သွားပြီ။ နိုးမှန်းသိတဲ့ စိတ်က အနိစ္စ၊ မရှိတော့ဘူး၊ သေသွားပြီဟု သိလိုက်တာက မဂ္ဂဖြစ်သည်။ ဒီလို ဝိပဿနာမဂ် လိုက်ပေးရမည်။ ကိုယ့်အသေ ကိုယ်မြင်တာ ဝိပဿနာမဂ် ဖြစ်သည်။ ဝိပဿနာမဂ် လိုက်နေလျှင် တဏှာ၊ ဥပါဒါန်၊ ကံ (သမုဒယ) မလာတော့ပါ။ ထို့နောက် ဧကစိတ္တ သမယုတ္တာ တစ်ချိန်မှာ စိတ်တစ်ခုဖြင့်သာ အသက်ရှင် နေကြရပုံကို ဟောသည်။ အသေကို အရှင်ကနေ မကြည့်လျှင် ပဋိစ္စသမုပ္ပာဒ် ဒုက္ခသစ္စာ တန်းသွားသည်။ အသေကို အရှင်က ကြည့်တတ်လျှင် ဝိပဿနာ ဖြစ်သွားသည်။ ဉာဏ်နားနှင့် နားထောင်မှ ဤသဘောကို နားလည်နိုင်သည်။ [နှာ-၃၇၁] ဤသဘောကို သိလျှင် သံသရာ ဆက်ပုံနှင့် သံသရာ ပြတ်ပုံ ခြားနားကြောင်း သဘောပေါက်နိုင်သည်။ ဆရာတော်ကြီးသည် စကားပရိယာယ်ကြွယ်လှသည်။ အသေကို အရှင်က ကြည့်ရင် ဘုရားပွင့်တာပဲ၊ အသေကို အရှင်က မကြည့်ရင် ဘုရား ပရိနိဗ္ဗာန် စံတာပဲ ဆိုသည် သဘောတစ်မျိုးဖြင့် မြင်အောင်

ပြပြန်သည်။ အသေကို အရှင်က မကြည့်လို့ မသိတာ အဝိဇ္ဇာ ဖြစ်သည်။ အသေကို အရှင်က ကြည့်တော့ ဝိပဿနာ ဖြစ်ရောဟုလည်း ပြပြန်သည်။ ကိလေသာ လေဝက်ကိုက်နေတာ ဝိပဿနာ ရှုမှသာ လောက်သေသည်ဟု နောက်တစ်နည်း ပြပြန်သည်။

ထို့နောက် ဝိပဿနာ မရှုသောသူသည် စုံလုံးကန်း လမ်းသွား ဖြစ်နေပုံကို ပြသည်။ [နာ–၃၇၆] ကိုယ့်အသေ ကိုယ်သိရမည်။ ကိုယ့်အသေက အနိစ္စ၊ သိတာက မဂ္ဂဖြစ်သည်။ ကိုယ့်အသေ ကိုယ်မသိတာက အဝိဇ္ဇာ၊ ပြုချင်ရာ ပြုတာက သင်္ခါရ ဖြစ်ပုံကိုလည်း ရှင်းအောင် ပြသည်။ 'သယာနောဝါ သယာနောမှီတိ ပဇာနာတိ' အိပ်ရင် အိပ်တဲ့စိတ်ကို သိ၊ နိုးရင် နိုးတဲ့စိတ်ကို သိရမည်။ ကိုယ့် အသေ ကိုယ်သိ သဘောပင် ဖြစ်၏။ [နာ–၃၇၉] ကိုယ့်အသေ ကိုယ်မသိသေးသရွေ့ သံသရာ လည်နေတယ်။ ကိုယ့်အသေ ကိုယ်သိလျှင် ဝိပဿနာဉာဏ် ဖြစ်ပြီး ကိစ္စအားလုံး ပြီးသည်ဟု ဟောသည်။ ထို့နောက် ဝိပဿနာဉာဏ်ကို ရှေ့ထားပြီး ကိုယ့်အသေ ကိုယ်မြင်အောင် ရှုဖို့အရေးကို တိုက်တွန်းစကား များစွာ ဆိုသည်။

ဘုရား ဟောတော်မူသည့် 'ဣရိယာပထပဗ္ဗ သမ္ပဇညပဗ္ဗ' ဆိုတာတွေသည် ကိုယ့်အသေ ကိုယ်ရှုခိုင်းနေတာ ဖြစ်သည်ဆို၏။ ကိုယ့်အသေ ကိုယ်မြင်အောင် ရှုဆိုတာ ကြောက်လုံးနှင့်လည်း မရှုနှင့်ဟု ဆုံးမသည်။ ပရတော သူစိမ်းပြင် သဘောနှင့် ရှုဟု ဆိုသည်။ ခန္ဓာက သူ့သဘော သူဆောင်ပြီး ဖြစ်နေ၊ ပျက်နေတာပဲ။ မဖြစ်ပါနှင့်၊ မပျက်ပါနှင့် ဆိုလည်း မရ။ ထိုခန္ဓာကိုယ်ကို ငါသေနေတယ် ဆိုပြီး ဝမ်းနည်းစိတ် ထည့်ပြီး မရှုနှင့်ဟု ဆိုလိုသည်။ ဒါကြောင့် ခန္ဓာကိုယ်ကို သူစိမ်းပြင် မြင်အောင် ကြည့်ပါဟု သင်ကြားထားသည်။ [နာ–၃၈၇] ကြည့်ဖန်များ၍ သူစိမ်း သဘောအမြင် ထင်ရှားလာပါက သူစိမ်းနှင့် မပေါင်းချင်သော သဘော ထင်ရှားလာ မည်။ ထိုအခါ အနုသယ တဏှာ ပါးသွားမည်။ ငါဟာ မဟုတ်ဘူး၊ သူစိမ်းပြင် ဖြစ်မှန်း သိသွားတော့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပြုတ်သွားသည်။ ဤသုံးချက်ကို ခွဲသိအောင် ဟောသည်။ ကိုယ့်အသေ ကိုယ်သိတာ (ဝိပဿနာ၊ ကိုယ့်အသေ ကိုယ်မသိတာ (အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ)၊ ကိုယ့်အသေ မရှိတာကို ကိုယ်မြင်တာ သိတာက (မဂ်ဉာဏ်) ဖြစ်ကြောင်း ပြသည်။

ပြီးမှ သုသိမ ပရိဗိုဇ် တရားခိုးရန် လာသော ဝတ္ထုကြောင်းကို ဟောပြန်သည်။ သုသိမ ပရိဗိုဇ်သည် အစက တရားခိုးရန် လာစေကာမူလည်း နောက်ပိုင်းမှာ တရားခိုးရင်း ရဟန္တာဖြစ်မည့် အရေးကို မြင်သဖြင့် ဘုရားက သူ့ကို သာသနာမှာ

လက်ခံလိုက်သည်။ [ နှာ–၃၉၁ ] သုသိမ ပရိဗိုဇ်က ရဟန္တာဆိုလျှင် ဈာန်အဘိညာဏ် ရရမည်ဟု ထင်နေသည်။ ထိုအခါ ဘုရားထံ မေးလျှောက်ရာ ဘုရားက ဈာန်ခြောက်သော ပညာဖြင့် လွတ်မြောက်သော ပညာဝိမုတ္တိ ရဟန္တာ ရှိပုံကို ဟောတော်မူသည်။ (ဤတရားကို ရှေ့ပိုင်းမှာလည်း ဟောခဲ့ပြီးပြီ) သမထ မပါဘဲ ရှေ့က ဝိပဿနာကို လုပ်ရင်း နောက်က မဂ်လိုက်သော ကျင့်စဉ်ကို ဟောသည်။ နှစ်ဉာဏ်တည်းနှင့် ကိစ္စပြီးပုံကို ဟောသည်။ 'ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ ပစ္ဆာနိဗ္ဗာနေဉာဏံ'ဟု ဘုရားကလည်း ဟောတော်မူသည်။ [ နှာ–၃၉၆ ] ဝိပဿနာဉာဏ် ရှေ့သွားရှိလျှင် နောက်က မဂ်ဉာဏ် လိုက်လာကြောင်း ဟောသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းပြီး၊ ဖြစ်ပျက် ဆုံးသွားပုံကို ပြသည်။ နာရီစေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၁၀။ သက္ကာယဒိဋ္ဌိ ခွာရေးတရား

[ ၂၆–၁၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ကလျာဏမိတ္တ ဆိုသော ဆရာကောင်းနှင့် ပေါင်းကြပါ အစချီလျက် ဤတရားကို ဟောပါသည်။ ဝိပဿနာရှု၊ ဝိပဿနာရှု ဆိုရုံနှင့် မပြီးသေးဘူး။ ရှုပါလျက် တရား မရသူတွေ အများကြီး ရှိသည်။ အနုရာဓ မရဘူး။ ဆန္န မရဘူး။ ယမက မရဘူးဟု တရား အားထုတ်ပါလျက် တရား မရဘဲ အခက် ကြုံနေခဲ့ရသူတွေကို ထုတ်ပြသည်။ ဘာကြောင့် မရသလဲ။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အပင်းခံနေလို့ မရကြောင်း ဟောသည်။ ဒါကြောင့် ဆရာတော်ကြီးက ပထမ လုပ်ရမည့် ကိစ္စ ပထမလုပ်၊ ၁ ကို ၁ နေရာမှာထား၊ ၂ ကို ၂ နေရာမှာထား၊ တရားလုပ်ရာမှာ ရှေ့နောက် အစီအစဉ် ကျဖို့ အရေးကြီးပုံကို ပြသည်။ (၁)က သက္ကာယဒိဋ္ဌိကို ဖြုတ်ရမည်။ (၂)က ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို သိရမည်။ (၃) ဒုက္ခသစ္စာကို သိရမည်။ (၄) ဒါမှ ဒုက္ခသစ္စာကို ပိုင်းခြားသော မဂ်ဉာဏ် ပေါ်နိုင်သည်။ နံပါတ်(၁) အရေးကြီးဆုံး ကိစ္စသည် ဘာလဲ။ သက္ကာယဒိဋ္ဌိကို ခွာရေး ဖြစ်၏။ တရား နာတယ်ဆိုတဲ့ ကိုယ့်အရေး ကိုယ့်ကိစ္စ ဖြစ်သည်ဟု သဘောထားရမည်။ ကိုယ့်အရေးဆိုတာ ဘာလဲ။ သေလျှင် အပါယ်မကျဘဲ ဒုက္ခ ချုပ်ငြိမ်းသည့် နိဗ္ဗာန်ကို ရောက်ရေးပင် ဖြစ်သည်။ [ နှာ–၄၀၁ ] ဒိဋ္ဌိကို သိမှုနှင့် ဖြုတ်ပြီးသား ပုဂ္ဂိုလ်တွေကျတော့ ကျင့်မှုနှင့် ဖြုတ်ဖို့ပဲ လိုတော့သည်။ အသိနှင့် မဖြုတ်ရသေးသော ယောဂီသစ်များ ကျတော့ ဒိဋ္ဌိကို အရင်ဖြုတ်ပါဟု ဟောရသည်။ ဒိဋ္ဌိဖြုတ်မည် ဆိုလျှင် ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို

နားလည်ရမည်။ လက်ရှိခန္ဓာကြီး၏ ယခု ပေါ်နေသော ပဋိစ္စသမုပ္ပါဒ်ကို သိရမည်ဟု ဆိုလိုသည်။ ယနေ့ တရားသည် အစက ပြန်ဟောနေသော တရား ဖြစ်သည်ဆို၏။ လက်ငင်း ပဋိစ္စသမုပ္ပါဒ်ကို သိဖို့ အရေးကြီးသည်။ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကိုသာ ဝိပဿနာ ရှုရမည်။ ပစ္စုပ္ပန် ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ပေါ်ပုံကို ပြသည်။ မျက်လုံးအကြည့်နှင့် အဆင်း တိုက်ဆိုင်သောအခါ မြင်စိတ် ပေါ်လာသည်။ စက္ခုဝိညာဉ်ဖြစ်သည်၊ အကြောင်း တိုက်ဆိုင်၍ အကျိုးပေါ်ခြင်း ဖြစ်သည်။

ဤသို့ မြင်စိတ်သည် အကြောင်းနှစ်ခု တိုက်ဆိုင်၍ အကျိုး ဖြစ်ပေါ်လာသောဓမ္မကလေး ဖြစ်သည်ဟု သိသူမှာ ငါမြင်သည်ဟု မြင်စိတ်ကို ငါစွဲ မစွဲနိုင်ပုံကိုပြသည်။ [နှာ–၄၀၅] ဤသို့ မသိလျှင် ငါမြင်သည် ဆိုသော သက္ကာယဒိဋ္ဌိ ဝင်လာသည်။ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို သိလို့ သက္ကာယဒိဋ္ဌိ ပြုတ်သွားခြင်း ဖြစ်သည်။ မြင်စိတ် ဖြစ်ပေါ်တာကို ငါမြင်သည်ဟု စွဲယူ ထားသူသည် အကြောင်းတစ်ခုကြောင့် မျက်လုံး မမြင်သောအခါ ငါတော့ ဘဝပျက်ပြီ၊ ကန်းပြီဟု ဝမ်းနည်းခြင်း၊ နလုံးမသာခြင်း ဖြစ်တော့သည်။ သောကပရိဒေဝမီး တောက်လောင်ပြီ။ သက္ကာယဒိဋ္ဌိရှိသူမှာ သောကပရိဒေဝ၊ ဒုက္ခ ဒေါမနဿ လာသည်။ [နှာ–၄၀၆] ငါစွဲကြောင့်သောက ရောက်ရပုံကို ပေါ်အောင် ပြသည်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတရားကို မသိလျှင် ငါစွဲ သက္ကာယဒိဋ္ဌိ မပြုတ်ကြောင်း ဟောသည်။

ထို့နောက် ပဋိစ္စသမုပ္ပါဒ်ကို နားမလည်သူမှာ သက္ကာယဒိဋ္ဌိ ဝင်ပြီး သောကပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ- အဝိဇ္ဇာသင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ် စသည်ဖြင့် သံသရာ တစ်ပတ် လည်သွားရပုံ၊ ပဉ္စသန္ဓေ ဒုက္ခ ပြန်ရပုံကို ဆက်ပြသည်။ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို အရင်းကျကျ ပြပြီး သက္ကာယဒိဋ္ဌိကို ပြုတ်ပေးနေခြင်းဖြစ်သည်။ [နှာ–၄၁၁] သက္ကာယဒိဋ္ဌိ တန်းလန်းဖြင့် ဝိပဿနာ ဖြစ်ပျက် ရှုနေလျှင်သံသရာ မပြတ်ဘဲ သံသရာ တစ်ပတ်လည်နေမည်သာ ဖြစ်၏။ ပင်ပန်းသလောက်ခရီး မရောက်ကြောင်း ဟောထားသည်။ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် အပေါ်မှာ သက္ကာယဒိဋ္ဌိပြုတ်ပေးရုံပဲ ရှိသေးသည်။ တရား မများသေးကြောင်း သတိပေးသည်။ [နှာ–၄၁၃] ဖဿထဲမှာ ငါမပါဟု သိလျှင် ဖဿ ပစ္စယာ ဝေဒနာထဲလည်း ငါမပါဟုသိရမည်။ ဒီတရားတွေဟာ အကြောင်းအကျိုးတွေ ချည်းပဲဟု သိရမည်။ အကြောင်းဖြစ်လျှင် အကျိုး ဖြစ်သည်။ အကြောင်း ချုပ်လျှင် အကျိုး ချုပ်သည်။ ခန္ဓာထဲမှာဒါပဲရှိသည်။ မြင်တာက မြင်စိတ်၊ ခင်တာက တဏှာ ငါမပါဘူးဟု သိပါ။ [နှာ–၄၁၈] စွဲလမ်းတာလည်း ဥပါဒါန်ပဲ၊ ငါမဟုတ်ဘူး၊ ခန္ဓာထဲမှာ မြင်တယ်၊

နှစ်သက်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ ဒီတရားတွေဟာ ငါမဟုတ်ဘူးဟု သိနားလည်ရမည်။ သူ့အကြောင်းကြောင့် သူ့အကျိုး ဖြစ်နေတာတွေ ဖြစ်သည်။

ဤသို့ ပဋိစ္စသမုပ္ပာဒ်ကို နားမလည်လျှင် ဒိဋ္ဌိ မပြုတ်ပုံကို ပြသည်။ [နှာ-၄၂၀] ဖြစ်ပျက်မြင်လျက် အရှင်အနုရာဓတို့ အရှင်ဆန္နတို့ မဂ် မရတာသည် ဒိဋ္ဌိ မခွာလို့ ဖြစ်ကြောင်း။ ဒိဋ္ဌိ မခွာလျှင် ဝိပဿနာဉာဏ် လုပ်သော်လည်း ခရီးမရောက်ကြောင်း ဟောသည်။ [နှာ-၄၂၀] ဉာဏ်အိတ်ထဲကို သမ္မာဒိဋ္ဌိ မရောက်လျှင် ယောဂီတို့၏ ဟဒယ ဝတ္ထုထဲမှာ ဒိဋ္ဌိ အမြဲလိုက်နေသည်။ [နှာ-၄၂၃] ခန္ဓာ ပဋိစ္စသမုပ္ပာဒ် ဆိုတာ စင်စစ် ဒုက္ခတန်းကြီးပါကလားဟု သိရမည်။ ဖြစ်တာရော ပျက်တာရော ဒုက္ခသစ္စာပါကလားဟု ဓမ္မာနုပဿနာနှင့် ရှုချဟု ဆိုသည်။ ဖဿလာလည်း ဖြစ်ပျက် ရှု၊ မြင်စိတ်လာလည်း ဖြစ်ပျက် ရှု၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန် အားလုံး ဖြစ်ပျက် ရှု။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာ ဖြစ်ပြီ။ [နှာ-၄၂၄] ဖြစ်ချုပ်ကို သိထားမှ ပွားများသော ဝိပဿနာသည် ဒိဋ္ဌိ ကွာပြီးသား ဖြစ်သည်ဟု ဟောသည်။ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်တော့ ခန္ဓာ မလိုချင်တော့သောကြောင့် သမုဒယ ချုပ်ပြီ။ သမုဒယ ချုပ်လျှင် နောက်ဒုက္ခ ချုပ်သည်။ နိရောဓသစ္စာ ပေါ်ပြီ။ နောက် ခန္ဓာ မလာတော့သည့် အတွက် ခန္ဓာ သံသရာ ချုပ်ပြီ။ လက်ရှိ ခန္ဓာ ရှိသေးသော်လည်း ဉာဏ်ထဲမှာ ချုပ်တာ ဖြစ်သည်။ ခန္ဓာ ရှိလျက်နှင့် ချုပ်တာ ဖြစ်သောကြောင့် သဉပါဒိသေသ နိဗ္ဗာန် ဖြစ်၏။ [နှာ-၄၂၇] မဂ်လေးတန် ရပြီး နောက် ပဋိသန္ဓေ မလာတာက အနုပါဒိသေသ နိဗ္ဗာန် ဖြစ်သည်။ ဒိဋ္ဌိကွာပြီး ဝိပဿနာ ရှုတတ်လျှင် ညနေ အားထုတ် မနက်မှာ မဂ်ရကြောင်း ဟောသည်။ အချိန်စေ့၍ တရား ရပ်နား လိုက်သည်။

*

## ၁၁။ သေရမှာ ကြောက်သူနှင့် သေရမှာ မကြောက်သူ

[ ၂၇-၁၁-၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

သေရမည်ကို ကြောက်သော ပုဂ္ဂိုလ်လည်း ရှိသည်။ မကြောက်သော ပုဂ္ဂိုလ်လည်း ရှိသည် အစချီလျက် ဤတရားကို ဟောသည်။ ထို့နောက် ပြုံးသေ၊ မဲ့သေ နှစ်ပါးကို ရှင်းပြသည်။ ပြုံးသေ၊ မဲ့သေ ဘယ်ဟာ ကြိုက်သလဲ မေးလျှင် ပြုံးသေပဲ ကြိုက်ကြသည် ဖြေမည် ဖြစ်၏။ [နှာ-၄၃၁] ဇာဏုသောဏိ ပုဏ္ဏားက မေး၍

မြတ်ဗုဒ္ဓက ဖြေတော်မူခြင်း ဖြစ်သည်။ ပုဏ္ဏားက သေရမှာကို မကြောက်သော ပုဂ္ဂိုလ် ရှိမည် မထင်ကြောင်း ပြောရာ ဘုရားက သေရမှာကြောက်သော ပုဂ္ဂိုလ် ရှိသလို၊ သေရမှာ မကြောက်သော ပုဂ္ဂိုလ်လည်း ရှိကြောင်း ဟောတော်မူသည်။ များသောအားဖြင့် ဝိပဿနာ အလုပ်ကို မလုပ်သော သူတို့သည် မဲ့သေများ ဖြစ်ကြသည်ဟု ဆို၏။ ဝိပဿနာ အလုပ်ကို လုပ်ပြီးသား ပုဂ္ဂိုလ်ကျတော့ ပြုံးသေပဲများသည် ဆို၏။ [နှာ-၄၃၂] ဝိပဿနာ လုပ်သောပုဂ္ဂိုလ်မှာ အချိန်တိုင်း မိမိခန္ဓာ၏ သေနေခြင်းကို သိနေသောကြောင့် အသေနှင့် ခွဲပြီး မသေတာနှင့် တွဲရမှာ ဖြစ်လို့ ပြုံးသည်။ ဝိပဿနာ လုပ်မထားသော ပုဂ္ဂိုလ်သည် နဂိုက မိမိခန္ဓာကြီး အချိန်တိုင်းမှာ သေနေတာ မမြင်သည့်အတွက် ခုမှ ဤခန္ဓာကြီးကို စွန့်ရတော့မည် ဆိုသောအခါ မဲ့သည်။ ဝိပဿနာ အလုပ်သည် ပြုံးသေအဖြစ်နှင့် ကျေးဇူးပြုသည်။ [နှာ-၄၃၄] ဝိပဿနာဆိုတာ ခန္ဓာထဲ ဘာပဲပေါ်ပေါ် ပေါ်ရာကို ဉာဏ်ဖြင့် လိုက်ရှုခြင်း ဖြစ်၏။ ရှုလိုက်လျှင် ကိုယ့်အသေ ကိုယ်တွေ့ရမည် ဖြစ်၏။ သေခြင်းကား ဒုက္ခသစ္စာ ဖြစ်၏။ ခန္ဓာကိုယ်ကို အမြဲ နှိပ်စက်နေတတ်သော သဘော ဖြစ်၏။ 'ဒုက္ခသ ပီဠနဋ္ဌော' ဖြစ်သည်။ [နှာ-၄၃၈]

ထို့နောက် ခန္ဓာကိုယ်သည် သေလိုက်၊ အစထိုးတာနှင့် ရှင်လျက် နေလိုက် ဖြစ်ပုံကို ဟောသည်။ ဤသို့ မြင်ပြီဆိုလျှင် ဉာဏ်ရင့်လာသည်။ ဉာဏ်ရင့်လာတော့ ဒိဒုက္ခသစ္စာကြီးနှင့် ခွဲခွာချင်သော ဆန္ဒ ပြင်းပြလာသည်။ ဤဉာဏ် ရင့်လာသော အခါ ဒုက္ခသစ္စာနှင့် အိုးစားကွဲချင်သောဉာဏ် ပေါ်လာသည်။ ထိုဉာဏ် ပေါ်လာသော အခါ ခန္ဓာကိုယ် တစ်ခုလုံးမှာ ဖြစ်နေသော ဒုက္ခစက်ကြီးသည် ပျောက်ထွက်သွားသည်။ သေတဲ့ ခန္ဓာကြီး ရှိသလို မသေသည့် နေရာလည်း ရှိသေးကြောင်း နိဗ္ဗာန်ကို အာရုံပြုသည့်ဉာဏ် ဖြစ်ပေါ်လာသည် ဆို၏။ [နှာ-၄၄၀] မသေရာကို ကိုယ်တိုင် တွေ့လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရတော့သည်။

ယခုကတည်းက ဝိပဿနာ ရှုမှုကို လေ့ကျင့်ထားသောသူသည် သေခါနီးမှာ ကြုံလာသော ဝေဒနာတွေကိုလည်း မတုန်လှုပ်ဘဲ ဝိပဿနာ ရှုလျက် သေနိုင်သည်။ ခန္ဓာကို မခင်၊ သားသမီးကို မခင်၊ ပစ္စည်းကို မခင်သော ပုဂ္ဂိုလ်သာ ဖြစ်ပျက်ကို မြင်ပြီး ပြုံးသေ သေနိုင်သည်။ [နှာ-၄၄၁] ဝိပဿနာမှ တစ်ပါး အားကိုးရာ အစစ် မရှိကြောင်း၊ ခုကတည်းက ကိုယ့်အသေ ကိုယ်မြင်အောင် လုပ်ထားပါ၊ သို့မှသာ ပြုံးသေ သေနိုင်ကြောင်းကို ဟောသည်။ 'သန္တိဋ္ဌိကော သမံ ပဿိတဗ္ဗော' ဖြစ်အောင် ကိုယ့်တိုင် မြင်အောင် ရှု၊ မဂ္ဂင်ငါးပါးနှင့် ရှုပါ။ ရှုသော ခန္ဓာကြီးက

ပြောင်းလဲနေတာ၊ ဖောက်ပြန် ဖြစ်ပျက်နေတာကို တွေ့ရမည်။ ခန္ဓာက ပြောတာကို ဉာဏ်က ကြည့်ပေးပါ။ ကြည့်သောအခါ ကိုယ့်အသေ ကိုယ်မြင်လာပါသည်။ အနိစ္စ ခန္ဓာကြီးကို မြင်လာသည်။ ခန္ဓာက ဒုက္ခသစ္စာ၊ မြင်တာက မဂ်ဖြစ်သည်။ ခန္ဓာ ဖြစ်ပျက်နှင့် မဂ်နှင့် တွဲပေးပါ။ တွဲပေးလိုက်လျှင် ကိုယ်တိုင်မြင် သန္နိဋ္ဌိကော ဖြစ်တော့သည်။ ကိုယ့်အသေကို ကိုယ်တိုင်မြင်လျှင် ဤခန္ဓာသည် ငါ့ကိုယ်၊ ငါ့ဟာ ဟု မယူဆတော့။ ဒီခန္ဓာကို လိုချင် စွဲလမ်းမှု တဏှာ၊ ဉပါဒါန်လည်း မလာတော့ ကြောင်း ဟောသည်။ တဏှာ၊ ဉပါဒါန်၊ ကံတွေ ချုပ်လျှင် အပါယ်သွားမည့် တရားတွေ ချုပ်ပြီ။ [နှာ-၄၄၇] ဖြစ်ပျက်နှင့်မဂ် တွဲအောင် သန္နိဋ္ဌိကော လုပ်လိုက်လျှင် အပါယ်သွားမည့် တရားတွေ ချုပ်ငြိမ်းမှု ဆိုသော အကာလိကော၊ အခါမလင့် အကျိုးပေးမှု ဖြစ်လာပါတော့သည်။ သန္နိဋ္ဌိကော ဆိုတာ ဝိပဿနာအလုပ်၊ အကာလိကော ဆိုတာ ဝိပဿနာ အကျိုးဖြစ်ကြောင်း ဖော်ပြသည်။ [နှာ-၄၄၈] ဝိပဿနာ အလုပ်ကို လက်ငင်းလုပ်ဖို့၊ အကြွေး မထားဖို့၊ ချက်ချင်း လုပ်ဖို့ တိုက်တွန်းပြန်သည်။ နေ့ရွေ့ ညရွေ့ ရွေ့နေတာသည် ဤခန္ဓာကြီးကို မြဲတယ်၊ ခိုင်တယ် ထင်သော သဿတဒိဋ္ဌိ ခံနေသောကြောင့် ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ-၄၅၀] လက်ငင်း မလုပ်ဖို့ ဒိဋ္ဌိဝင်တာဟု ဆိုသည်။

ဒါကြောင့် ကိုယ့်အသေ ကိုယ်မြင်အောင် မရှုမိသော ပုဂ္ဂိုလ်မှာ သားရေး သမီးရေး၊ စီးပွားရေးပဲ မဲလုပ် နေတတ်ကြသည်။ ကိုယ့်အသေ ကိုယ်မမြင်တာက အဝိဇ္ဇာ၊ သားရေး၊ သမီးရေး ဖိလုပ်နေတာက သင်္ခါရ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရ ပဋိစ္စသမုပ္ပာဒ် သံသရာလည်ရပြီ။ [နှာ-၄၅၃] ဝိပဿနာ မရှုမိလို့ ကိုယ့်အသေ ကိုယ်မမြင်လျှင် အပါယ်ကို သွားပြီ။ ကိုယ်ကျိုးနည်းပြီ။ လူဖြစ်ရှုံးပြီ။ ဝိပဿနာ အလုပ်သည် ငွေမကုန်၊ လူမပင်ပန်းသော အလုပ်ဖြစ်သည်။ ကိုယ့်အသေ ကိုယ်မြင်တာ က ဝိပဿနာ၊ မသေရာကို မြင်တာက မဂ္ဂသစ္စာ ဟုလည်း ဖော်ပြသေးသည်။ [နှာ-၄၅၆] ဤစကား နှစ်လုံးကို မှတ်ပါ ဆိုသည်။ ပြီးမှ ဝိပဿနာ မလုပ်ခင် ဒိဋ္ဌိကို အရင်ခွာ ဆိုသော စကားကို ပြန်ဟောပါသည်။ [နှာ-၄၅၇] သည်တစ်ခါ ဒိဋ္ဌိခွာတာက တီရဏ ပရိညာ- ပွားများမှုနှင့် ခွာတာ ဖြစ်သည်။ [နှာ-၄၅၈] ဖြစ်တာမြင်လျှင် ဉစ္ဆေဒဒိဋ္ဌိ စင်သည်။ ပျက်တာမြင်လျှင် သဿတဒိဋ္ဌိ စင်သည်။ ဖြစ်ပျက်ရှုဆိုတာ ဒိဋ္ဌိခွာတာ ဖြစ်ကြောင်း ဟောပြန်သည်။ ဤကဲ့သို့ ဒိဋ္ဌိစင်ပြီးမှ အားထုတ်လိုက်လျှင် သောတာပတ္တိ မဂ်ကို ကေန် ရကြောင်း အခိုင်အမာ ဆိုသည်။ [နှာ-၄၅၉]

ထို့နောက်မှ အစေလကဿပ ဝတ္ထုကို ပြန်ဆက်သည်။ အစေလကဿပက ပဋိစ္စသမုပ္ပါဒ်ကို မသိသဖြင့် ဒုက္ခကို မိမိလုပ်တာလားဟု မေးခြင်း ဖြစ်ကြောင်း၊ ဒုက္ခသည် သမုဒယ အကြောင်းရှိလို့ ဖြစ်တာသာ ဖြစ်ကြောင်း ရှင်းသည်။ ကဿပက ဒုက္ခကို သူများ လုပ်တာလား၊ မိမိ၊ သူတစ်ပါး နှစ်ဦးသား လုပ်တာလား၊ ဒုက္ခသည် သူ့အလိုလို ဖြစ်တာလား စသည် မေးပုံကို ရှေ့မှာ ပြခဲ့ပြီးပြီ။ ဘုရားက မဟုတ်ဘူး၊ ဒုက္ခသည် အကြောင်းကြောင့် ဖြစ်သော အကျိုး ဖြစ်ကြောင်းသာ ရှင်းသည်။ ကဿပက ဒုက္ခ မရှိဘူးလားဟု မေးသည်။ ခန္ဓာကိုယ်ကြီး တစ်ခုလုံးသည် ဒုက္ခချည်း ဖြစ်ကြောင်းရှင်းသည်။ ရှင်ကြီးဂေါတမ ဒုက္ခကို မသိနိုင်ဘူးလားဟု ထပ်မေးသည်။ ဘုရားက သိနိုင်ကြောင်း ဖြေသည်။ [နှာ–၄၆၃] ဒိဋ္ဌိအကြောင်း နားလည်ထားသူသည် အစေလကဿပ မေးသော အမေး ခြောက်ချက်လုံးကို ဖြေနိုင်ကြောင်း ရှင်းပြထားသည်။ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ အဆုံးကို မြင်သောဉာဏ် လာလျှင် သမုဒယသစ္စာလည်း ချုပ်သည် ဆို၏။ [နှာ–၄၆၇] အစေလကဿပက ဒိဋ္ဌိခံနေ၍ ဒုက္ခသစ္စာကို မမြင်ဘဲ ဖြစ်နေသည်။ ဘုရားက မင်း ဒိဋ္ဌိ ပြုတ်ချင်လျှင် ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် သင်ဦးဟု မိန့်တော်မူသည်။ ထို့နောက် အစေလကဿပ ပဋိစ္စသမုပ္ပါဒ်ကို နားလည်သွားသည်။ သူသည် သာသနာ့ဘောင်ထဲ ဝင်ပြီး ဆက်အားထုတ်သည်။ ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို မြင်သော ဉာဏ်လေးဆင့်လုံး ရပြီး ရဟန္တာ ဖြစ်သွားသည်။ ထိုကဲ့သို့ ဖြစ်ပျက် အဆုံးကို မြင်အောင် လိုက်ကြပါဟု တိုက်တွန်းရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

ဝ

**ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၃၂) ပြီး၏။**

[illegible]

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စခဲ့တရား

စာအုပ်အမှတ်(၃၃)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၃၃)

**နိဒါန်း**

ဤနိဒါန်းကိုလည်း ဆရာကြီး ဦးသံဒိုင် ရေးခဲ့သည်။ ဤစာအုပ်တွင် ဆရာတော်ကြီးက ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်း၊ ကြွက်လေးမျိုးဖြင့် တင်စား၍ ဟောထားကြောင်း ဖော်ပြသည်။ ပထမ ကြွက်အမျိုးအစားသည် တွင်းတူးပြီး မအောင်းသော ကြွက်ဖြစ်သည်။ တရား၊ စာပေ၊ ပရိယတ္တိကို သိအောင် ကြိုးစား လေ့လာသင်ကြားပြီး၊ တရားနာပြီး တရားအားမထုတ်သော ပုဂ္ဂိုလ်မျိုးသည် ပထမ ကြွက်အမျိုးအစား ဖြစ်ကြောင်းဟောသည်။

ဒုတိယ ကြွက်သည် တွင်းမတူးတတ်၊ သူများ တူးပြီးသား တွင်းကို ဝင်အောင်းသော ကြွက်ဖြစ်သည်။ ထိုကြွက်မျိုးသည် စာပေ၊ ကျမ်းဂန် မလေ့လာ၊ တရားလည်း မနာဘဲ တရား အားထုတ်သော ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ တတိယ ကြွက်ကား တွင်းလည်း တူးတတ်၊ အောင်းလည်း အောင်းတတ်သော ကြွက်ဖြစ်၏။ စာပေ၊ ပရိယတ္တိကိုလည်း ကျေပွန် တတ်မြောက်၏။ ဝိပဿနာ အားထုတ်မှု အလုပ်ကိုလည်း ပြုလုပ်သော ပုဂ္ဂိုလ်မျိုး ဖြစ်၏။ စတုတ္ထအမျိုး ကြွက်ကား တွင်းလည်း မတူးတတ်၊ အောင်းလည်း မအောင်းတတ်သော ကြွက်မျိုး ဖြစ်၏။ ပရိယတ်လည်း မရှိ၊ ပဋိပတ်လည်း မရှိသော ပုဂ္ဂိုလ်မျိုး ဖြစ်၏။

နံပါတ်(၁) အမျိုးအစား ပုဂ္ဂိုလ်သည် ကျမ်းဂန်တတ်သော်လည်း အားမထုတ်သောကြောင့် ဝိနိပါတ ဘေးရှိ၏။ အပါယ်ဘေး မလွတ်နိုင်။ နံပါတ်(၂) ကြွက်မျိုးသည် တွင်းအောင်းသောကြောင့် သိမ်းစွန် အန္တရာယ်က ကင်း၏။ စာမတတ်သော်

လည်း ဥပနိဿယကို ပေးတတ်သော ဆရာကောင်းထံ နည်းယူပြီး မဂ္ဂဖြဟ္မာစရိယ အကျင့် ဝိပဿနာကို အားထုတ်သောကြောင့် အပါယ်ဘေးက လွတ်နိုင်၏။ နံပါတ် (၃) ကြွက်မျိုးကား တွင်းလည်း တူးတတ်၊ အောင်းလည်း အောင်းတတ်သောကြောင့် သိန်းစွန် အန္တရာယ်မှ ကင်းဝေးသလို လူပုဂ္ဂိုလ်မှာလည်း ကျမ်းဂန်၊ စာပေလည်း နှံ့စပ်၊ မဂ္ဂဖြဟ္မာစရိယကိုလည်း ကျင့်သောကြောင့် အပါယ်ဘေး လွတ်ရုံမျှမက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ချမ်းသာကို ရနိုင်၏။ နံပါတ် (၄) ပုဂ္ဂိုလ်၊ ကြွက်မျိုးကား တွင်းလည်း မတူး၊ အောင်းလည်း မအောင်းတတ်သောကြောင့် သိန်းစွန် အန္တရာယ် မကင်းသလို လူမှာလည်း စာပေ၊ ကျမ်းဂန်လည်း မတတ်၊ မဂ္ဂဖြဟ္မာစရိယကိုလည်း မကျင့်သောကြောင့် သံသရာဘေး၊ အပါယ်ဘေးက မလွတ်နိုင်ကြောင်း ရှင်းပြသည်။

ထို့နောက် ၃၁ ဘုံနေ သတ္တဝါအားလုံးမှာ အမည် ပညတ်သာ ကွဲသည်။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသာ ရှိပြီး ထိုခန္ဓာများကလည်း ဖြစ်ပျက် ဒုက္ခသစ္စာ၏ နှိပ်စက်ခြင်းကို ခံနေရသည်။ ထို့ကြောင့် မိမိတို့၏ ခန္ဓာကို ဉာဏ်မျက်စိဖြင့် သစ္စာ ဆိုက်အောင် မြင်တတ်ဖို့ အရေးကြီးကြောင်း ပြသည်။ မြတ်စွာဘုရားသည် သတ္တဝါတို့အား သံသရာ ဝဋ်ဆင်းရဲမှ ကယ်တင်တော်မူ သကဲ့သို့ ဘုရားသားတော် စစ် ဖြစ်သော မိုးကုတ် ဆရာတော် ဘုရားကြီးကလည်း မိမိ၏ သာဝက၊ ဝေနေယျ များကို တရား ဓမ္မများကို နည်းပေါင်းစုံဖြင့် ဟောကြားပြသ၍ သံသရာ ဝဋ်ဆင်းရဲမှ ကယ်တင်ရန် အားထုတ်တော်မူခဲ့လေသည်။ ယုတ်စွအဆုံး ဒကာ၊ ဒကာမများအား သေနည်းကိုပင် သင်ကြား ပြသတော်မူသည်။ လက်ရှိ ခန္ဓာကို စွန့်ပြီးနောက် ခန္ဓာ မရမှသာ အကောင်းဆုံး သေနည်းဖြစ်ကြောင်း ဟောပြတော်မူခဲ့သည်။ တရား အားထုတ်သောအခါ၊ အကုသိုလ်အလုပ်ကို လုပ်သောအခါ လောကကို စောင့်ရှောက် သော နတ်များက သိကြသည်။ ဆိတ်ကွယ်ရာ မရှိကြောင်း ပြသည်။ ဝိပဿနာ အားထုတ်သောအခါ ခန္ဓာကို ဉာဏ်စိုက်ပြီး ရှုဖို့ အထူး သင်ပေးသည်။ ပစ္စုပ္ပန်မှာ ခန္ဓာငါးပါး၊ ဘယ်ခန္ဓာပဲ ပေါ်ပေါ် ပေါ်ရာခန္ဓာကို သတိကပ်ပြီး ဉာဏ်ဖြင့် ဝီရိယစိုက် ရှုရပုံကို ပြသည်။ ခန္ဓာ၏ ဖြစ်ပျက်ကို သိနေလျှင် ဝိပဿနာမဂ် ဖြစ်နေသည်ကို ပေါ်လွင်အောင် ပြသည်။

အရေးကြီးသည်မှာ ယုံကြည်မှု သဒ္ဓါဖြစ်သည်။ သဒ္ဓါတရား ရှိမှ တရားကို ချဉ်းကပ်မည်။ လေ့လာမည်။ နာယူမည်။ မှတ်သားမည်။ သို့မှသာ ဉာဏ်ထက်မြက် လာမည်။ ဉာဏ်ထက်မှ ခန္ဓာငါးပါးကို သစ္စာဆိုက်အောင် ယထာဘူတ ကျကျ မြင်မည်။ သို့မှသာ နိဗ္ဗိန္ဒာဉာဏ် ပေါ်လာမည်။ နိဗ္ဗိန္ဒာဉာဏ် ပေါ်မှ မဂ်ဉာဏ် ပေါ်မည်။

ဖိုလ်ဉာဏ် ပေါ်မည်။ နတ်သားတစ်ပါး မေးလျှောက်သောအခါ ဘုရားက ဝဲသြဃကို သဒ္ဒါတရားဖြင့် လွန်မြောက်နိုင်ပုံ တရားကို ဟောတော်မူကြောင်း ပြသည်။ ဆရာတော်ကြီးသည် ဘုရားဟောတော်မူသော ထိုတရားကို ဤစာအုပ်တွင် ဟောထားသည်။ ဆရာကြီး ဦးသံဒိုင်က သူတို့သည် မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် အလုပ်စဉ် ပြန့်ပွားရေးကို အားသွန် ကြိုးပမ်း နေကြကြောင်း ဖော်ပြပြီး တရား နာကြဖို့၊ တရား အားထုတ်ကြဖို့ တိုက်တွန်းထားသည်။

*

## ၁။ ဒီခန္ဓာကို ပယ်ချပြီးနောက် ခန္ဓာမရတာ အကောင်းဆုံး၊ အရှင်ဆန္န ဝတ္ထု(၁)

[ ၂–၁၁–၆၀ နေ့က အမရပူရမြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

တရားဟောသော ပုဂ္ဂိုလ်၏ စိတ်ဆန္ဒမှာ တရား နာနိုင်ကြပါစေ၊ နာပြီးလည်း သိနားလည်ကြပါစေ၊ သိပြီးလည်း ကျင့်နိုင်ကြပါစေ ဟူသော စေတနာ ၃ ပါး ထားကြောင်း အစချီပြီး ဤတရားကို ဟောပါသည်။ ယနေ့ ဆန္နသုတ်ကို ဟောမည် ဆိုသည်။ ဒီမှာဟောတာ တစ်လုံးတည်းပဲ၊ သိပ် ရှင်းတယ် ဆိုပြီး သတ္တဝါ တစ်ခုသည် ခန္ဓာရလျှင် သေရမှာပဲ၊ သေပြီးရင်လည်း နောက်ခန္ဓာ ရဦးမည်။ ထိုကဲ့သို့ သေပြီး နောက် ပဋိသန္ဓေ မနေရ၊ နောက်ခန္ဓာ မရတာသည်သာ အပြစ်အကင်းဆုံး ဖြစ်ကြောင်းကို ဘုရားက ဆန္နသုတ်မှာ ဟောကြောင်း ထုတ်ဖော် ဟောကြားလေသည်။ လူတွေကတော့ ဒီဘဝ သေပြီးလျှင် နောက်ဘဝ လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်ချင်ကြတာသည် သံသရာ အပြစ်သင့်ချင်ကြတာဟု ဆိုသည်။ ဘုရားကတော့ အရှင်သာရိပုတ္တရာကို ဒီခန္ဓာကို စွန့်ပြီးရင် နောက်ခန္ဓာ မရတာသာ အပြစ် အကင်းဆုံးဟု ဟောတော်မူသည်။

ထို့ကြောင့် ဒကာ၊ ဒကာမတွေ ဉာဏ်မလွဲကြပါနှင့်ဟု သတိပေး ဆုံးမတော်မူသည်။ နောက်ခန္ဓာ ရတယ်ဆိုတာ ဇာတိဒုက္ခ ရတာ ဖြစ်လေသောကြောင့် ဘုရားက ဒုက္ခရောက်မှာ စိုးလို့ ဟောနေခြင်းဖြစ်ကြောင်း ဆိုဆုံးမသည်။ ဒါကြောင့် ဘုရား ဆုံးမတာကို အမှန်ထားပြီး ဒီခန္ဓာ ပစ်ချပြီးလျှင် နောက်ခန္ဓာ မရသည့် အလုပ်ကိုသာ လုပ်ကြပါဟု တိုက်တွန်းထားသည်။ [နှာ–၄] ဥပရိပဏ္ဏာသ ပါဠိတော် ဆန္နောဝါဒ သုတ်မှာရော၊ သဠာယတန ဝဂ္ဂသံယုတ် ဆန္နသုတ်မှာရော ဘုရား ဟောကြောင်းထောက်ပြထားသည်။ ထို့နောက် ဆရာတော်က စုတိစိတ် အကြောင်း ရှင်းပြသည်။ သေသောစိတ် မရဏာပဲ။ မရဏာ ဒုက္ခသစ္စာပဲ။ ဒုက္ခသစ္စာနှင့်

ယခုဘဝ ခန္ဓာ ချုပ်ရသည်။ အခြားမဲ့ အနန္တရ ပစ္စည်းဖြင့် ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာသည်။ စုတိနှင့် ပဋိသန္ဓေ တစ်ဆက်တည်း လာသည်။ ပဋိသန္ဓေ (ဇာတိပိ ဒုက္ခ) ဒုက္ခသစ္စာပဲ ဖြစ်သည်။ စုတိနှင့် ပဋိသန္ဓေ ဆက်တာသည် ဒုက္ခပြီး ဒုက္ခ ပြန်ရတာ ဖြစ်သည်။

ဒါကြောင့် စုတိပြီး ပဋိသန္ဓေ မလာတာသာ' အကောင်းဆုံး ဖြစ်သည်။ သို့သော် ပုထုဇဉ်တွေက ဘဝတွေ ပဋိသန္ဓေ နေရမှာကို ဆုတောင်း နေကြသည်မှာ မိုက်မဲပုံကို ပြသည်။ ဇာတိဒုက္ခသစ္စာ ရပါလို၏ဟု ဆုတောင်း ယူနေကြပုံကို ပြသည်။ [နှာ–၈] ဒီခန္ဓာကို စွန့်ပြီးနောက် ဟိုခန္ဓာကို မရမှသာ အပြစ်ကင်းသည်ဟု မှတ်ရမည်။ ဒါကြောင့် ယခုဘဝ စုတိပြီး နောက်ဘဝ၊ နောက် ခန္ဓာ မရသည့်နည်းကို နားလည်အောင် လုပ်ရမည်။ ဇာတိရလျှင် ဇရာ၊ ဗျာဓိ၊ မရဏကို မုချ ရပေတော့မည်။ တစ်ချက်မှားလျှင် လေးချက် ခံရသည်ဟု ပြထားသည်။ [နှာ–၉] စုတိကလည်း ဒုက္ခသစ္စာ၊ ပဋိသန္ဓေ (ဇာတိ)ကလည်း ဒုက္ခသစ္စာပင် ဖြစ်၏။ ဇရာလည်း ဒုက္ခသစ္စာ၊ ဗျာဓိလည်း ဒုက္ခသစ္စာ၊ မရဏလည်း ဒုက္ခသစ္စာ ချည်းပင် ဖြစ်၏။ ဆုတောင်း တစ်ချက် မှားလိုက်လျှင် ဒုက္ခ လေးချက် ခံရတော့သည် ဆို၏။ [နှာ–၁၁] ဒုက္ခသစ္စာကို သိကြလျှင် ဤ ဒုက္ခသစ္စာကို လိုချင်ကြသေးလား။ မလိုချင်တော့ပါ။ မလိုချင်မှ ပြတ်သည်။ သစ္စာ သိမှ သံသရာ ပြတ်သည်။ သစ္စာ မသိလျှင် သံသရာ ရှည်သည်ဟု ကောက်ချက်ချ ပြသည်။ ဒုက္ခသစ္စာ ပြတ်အောင်လို့ ပဋိသန္ဓေ မနေရသည့် အလုပ်ကို လုပ်ကြရမည်။ [နှာ–၁၄] လှူတာ၊ တန်းတာ တောင်မှ သစ္စာ သိပြီးမှ ဝိဝဋ္ဋကုသိုလ် ဖြစ်အောင် လှူပါဟု ဆိုသည်။ ဇာတိ ဒုက္ခကို သိပြီး လှူတာဖြစ်လျှင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်သည် ဆို၏။ [နှာ–၁၆] ဆန္ဒဝတ္ထုကို မပြောမီ ရှေ့က ဝိပဿနာ ဉာဏ်အမြင် ရရေးကို ပြောဟောရကြောင်း ရှင်းပြသည်။

ထို့နောက် ဝိပဿနာဉာဏ် အမြင်မှန် သဘောကို ဟောပြန်သည်။ မြင်စိတ်ကလေး တစ်ခု ဖြစ်သောအခါ ဝိပဿနာ ရှုဉာဏ်ဖြင့် အကဲခတ် ရှုလိုက်တော့ ဉာဏ်ထဲမှာ မြင်စိတ်ကို မတွေ့ရဘဲ မရှိတာဘဲ တွေ့ရတော့သည်။ ဤသို့ မရှိတာကို မြင်မှ အမြင်မှန် ဖြစ်သည် ဆို၏။ [နှာ–၁၉] 'နိရောဓံ ဒိတွာ နိရောဓံ အဘိညာယ' ချုပ်သွားတာကို မြင်ရမည်။ ချုပ်ပျောက် သွားတာက အနိစ္စ။ အနိစ္စကို သိပြီ။ (၁)က နာမ်၊ (၂)က ဉာဏ်၊ နာမ်ကို ဉာဏ်နှင့်ရှုပါဟု သင်ပေးသည်။ [နှာ–၂၀] ရှုလိုက်သောအခါ မရှိတာကိုဘဲ တွေ့ရမည် ဖြစ်၏။ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ ဖြစ်ပြီ။ ချုပ်တာကလေးကို သိတာ ဝိပဿနာအမြင် ဖြစ်ကြောင်း ကောက်ချက်

ချပြသည်။ အသေကို အရှင်နဲ့ ကြည့်တာ ဝိပဿနာ ဟုလည်း အဓိပ္ပာယ် ပေးသည်။ [နှာ–၃၁] မြင်စိတ်ကလေး ချုပ်ပျောက်သွားတာက အသေ။ မြင်စိတ် မရှိတော့ဘူးဟု သိလိုက်တာက အနေဟု ရှင်းပြသည်။ ဒီ အသေသည် ငါ့ ကိုယ်၊ ငါ့ ဟာ၊ ငါ့ ဥစ္စာ မဟုတ်ဘူးဟု သိမှ ပြီးသည်။ ငါ မဟုတ်ဘူး၊ ငါ့ ဥစ္စာ မဟုတ်ဘူးဟု သိလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ စင်သည်။ [နှာ–၃၄] သံသရာရဲ့ ပပဉ္စ တရားတွေ သေသည်။ တဏှာ၊ ဥပါဒါန်၊ ကံ မလာတော့ ဟိုဘက်မှာ ဇာတိ၊ ဇရာ၊ မရဏလည်း မလာနိုင်တော့ပါ။ ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုလိုက်လျှင် ရှေ့စိတ် မရှိတာဘဲ မြင်သည်။ ထိုအမြင်သည် အရှင်ဆန္ဒ ရဟန္တာဖြစ်သည့် အမြင်ဖြစ်သည် ဆို၏။ [နှာ–၄၂]

ဆရာတော်သည် ဝိပဿနာ အလုပ်ကို လုပ်ဖြစ်အောင် သံဝေဂ စကားများကိုလည်း ပြောသည်။ မလုပ်လျှင် ကိုယ်ကျိုး နည်းပုံတွေကိုလည်း ပြောသည်။ တရား ချုပ်လိုက်တော့ စုတိ ပဋိသန္ဓေ ဆက်ဖြစ်ရတာ ဘာကြောင့် ဖြစ်ရသလဲ ဆိုလျှင် သစ္စာမသိလို့ ဖြစ်ရတာ ဖြစ်ကြောင်း ဟောထားသည်။ [နှာ–၄၃] သစ္စာကို မသိလျှင် အသေကို ရှာတတ်သည်။ လူကြီးက ကလေးဖြစ်သော လမ်းကို ရောက်တတ်သည်။ သစ္စာ မသိတော့ သေပြီးနောက် ခန္ဓာပြန်ရသည်။ ခန္ဓာရတော့ ခန္ဓာအတွက် ငဲ့ပြီး ဒုက္ခမျိုးစုံ ကြုံရပုံကို ဟောသည်။ ဒါကြောင့် ဒီခန္ဓာကို ပစ်ချပြီးနောက် ခန္ဓာ ပြန်မရသော သေခြင်းသည်သာ အကောင်းဆုံး ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၂။ တွင်းအောင်းသော ကြွက်ပမာ ပုဂ္ဂိုလ် ၄ မျိုး၊ အရှင်ဆန္ဒ ဝတ္ထု (၂)

[ ၃–၁၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒကာ၊ ဒကာမတွေကို အမှန်ကို မြင်သိစေလိုသည်။ အင်္ဂုတ္တိုရ် စတုက္က နိပါတ်မှာ ကြွက်လေးမျိုး ဥပမာပြ၍ ဟောကြားကြောင်း အစချီလျက် ဤတရားကို ဟောတော်မူသည်။ (၁) ပထမကြွက်က တွင်းတူးပြီး မအောင်းသော ကြွက်ဖြစ်သည်။ (၂) ဒုတိယကြွက်က တွင်းမတူးတတ်၊ သူများ တူးပြီးသား တွင်းမှာ အောင်းတတ်သော ကြွက်ဖြစ်သည်။ (၃) တတိယကြွက်က တွင်းလည်း မတူးတတ်၊ အောင်းလည်း မအောင်းတတ်သော ကြွက်ဖြစ်သည်။ (၄) စတုတ္ထ ကြွက်ကတော့ တွင်းလည်း တူးတတ်၊ အောင်းလည်း အောင်းတတ်သော ကြွက်မျိုး ဖြစ်၏။ နံပါတ်(၁) ကြွက်မျိုးနှင့် တူသော ပုဂ္ဂိုလ်မှာ ဘုရား သာသနာတွင်း

ပရိယတ်၊ စာပေ၊ ကျမ်းဂန်တွေကို တတ်သိသော်လည်း တရား အားမထုတ်သော ပုဂ္ဂိုလ်မျိုး ဖြစ်ကြောင်း ရည်ညွှန်းပြီး ဟောသည်။ ထိုပုဂ္ဂိုလ်မျိုးသည် အန္တရာယ် မကင်းဘူး၊ ဘေးမရှင်းဘူးဟု ဆိုသည်။ နံပါတ်(၂) ကြွက်မျိုးနှင့် တူသော ပုဂ္ဂိုလ်သည် စာပေ၊ ကျမ်းဂန် မတတ်ပါ။ သို့သော် တတ်သိသော ဆရာကို မှီပြီး တရား အားထုတ်သည်။ တွင်းမတူးတတ်၊ တွင်းအောင်းတတ်သော ကြွက်နှင့် တူသည်။ ထိုပုဂ္ဂိုလ်သည်လည်း အန္တရာယ် ကင်းကြောင်း ဟောသည်။ စာမတတ်သော်လည်း နည်းကောင်း၊ လမ်းကောင်းကို ရပြီး အားထုတ်လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရနိုင်သည်ဟု ဟောသည်။ [နှာ-၄၇]

(၃)နံပါတ် ကြွက်က တွင်းလည်း မတူး၊ အောင်းလည်း မအောင်းသော ကြွက်နှင့် တူသော ပုဂ္ဂိုလ် ဖြစ်၏။ စာလည်း မတတ်၊ ကျင့်လည်း မကျင့်သော ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ (၄)နံပါတ် ကြွက်က တွင်းလည်း တူး၊ အောင်းလည်း အောင်းသော ကြွက်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် စာလည်း တတ်၊ ကျင့်လည်း ကျင့်သော ပုဂ္ဂိုလ်ဖြစ်၏။ တရားနာ လာသော ပုဂ္ဂိုလ်များမှာလည်း စာတော့ မတတ်ဘူး၊ ဘုန်းကြီး ဟောတာကို လိုက်နာပြီး ကျင့်မည်ဆိုပါက တရား ရနိုင်ကြောင်းကို ပြသည်။ အိုဘေး၊ နာဘေး၊ သေဘေး၊ အပါယ်ဘေးတွေက လွတ်ပြီး အန္တရာယ်ကင်း ဘေးရှင်းနိုင်သည်။ [နှာ-၄၈] ဒါကြောင့် စာတတ်ရုံနှင့်လည်း မပြီးသေး၊ ကျင့်ဦးမှ ဆိုသော သဘောမျိုး ထားသင့်ကြောင်း ပြသည်။ ဤတွင် တရား အားထုတ်မှု၊ ကျင့်မှုသည် ပဓာနပဲဟု ဆိုသည်။ တွင်းအောင်းပါ ဆိုတာက တရား အားထုတ်ပါ၊ ဝိပဿနာ အလုပ်ကို လုပ်ဖို့ ဖြစ်သည်။ အဓိကမှာ ခန္ဓာ ဒုက္ခသစ္စာကို သိဖို့ ဖြစ်ပါသည်။ သစ္စာတွင်းထဲမှာ ဉာဏ်ဖြင့်အောင်းပြီး နေလိုက်လျှင် သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး အကုန်ငြိမ်းပါသည်။ [နှာ-၅၃]

စာမတတ်လည်း ဆရာ့ထံ နည်းလမ်းယူပြီး ကျင့်ကြံ အားထုတ်လျှင် နိဗ္ဗာန်ကို ရောက်နိုင်ပါသည်။ ကိုယ့်သန္တာန်မှာ ဘာစိတ်ပဲ ပေါ်ပေါ် ဖြစ်ပျက်သာ ရှုချလိုက်ပါဟု ဆိုသည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ။ ရှုလိုက်၍ သိလိုက်တာက မဂ္ဂသစ္စာ။ မဂ်ပေါ်တော့ နောက်လာမည့် သမုဒယ ချုပ်သွားသည်။ သမုဒယ သေရင် ဒုက္ခ နိရောဓ ဖြစ်သည်။ [နှာ-၅၄] ခန္ဓာမှာ ရှုစရာ အမြဲတမ်းရှိသည်။ ဆရာက တွင်းတူး ပေးထားသည်။ ဒကာ၊ ဒကာမတွေက အောင်းရုံပဲဟု ဆိုသည်။ အောင်းတတ်လျှင် အပါယ်လေးပါး ဘေးအန္တရာယ် အကုန်လွတ်ပြီ။ တွင်းအောင်းတယ် ဆိုတာ ဖြစ်ပျက်ရှုပြီး နေပါဟု ဆိုလိုသည်။ [နှာ-၅၅] ထို့နောက် မနေ့က စခဲ့သော

အရှင်ဆန္န ဝတ္ထုကို ပြန်စသည်။ (ဤဝတ္ထုကို ရှေ့မှာလည်း ဟောခဲ့ဖူးပြီ) အရှင်သာရိပုတ္တရာနှင့် သူညီ အရှင်စုန္ဒတို့က ဂိဇ္ဈကုဋ်တောင်ပေါ်မှာ နေသန့်ပြီး ဖလသမာပတ် ဝင်စားနေရာက အပြန် တောင်ခြေမှာ နေသော အရှင်ဆန္န မကျန်းမာကြောင်း ကြားသိ၍ လူနာမေးရန် ကြွသွားကြသည်။ လူနာမေးတော့ အရှင်ဆန္နက ရောဂါမှာ တိုး၍နေကြောင်း၊ မသက်သာကြောင်း ပြောသည်။ ပြောပြီးမှ အရှင်ဆန္နက သူ့မှာ ဒိခန္ဓာကြီးနှင့် နေရတာ ဝန်လေးလှသည်၊ ကိုယ့်ဟာကိုယ် လည်ပင်းကို သင်တုန်းဓားဖြင့် လှီးပြီး သေမည်ဟု စိတ်ကူးကြောင်း ပြောလေသည်။ ဘာကြောင့် သေကြောင်းကြံသလဲ ဆိုတော့ ဤခန္ဓာကို စွန့်ပြီးနောက် သူသည် နောက်ခန္ဓာ မရတော့ဘူး၊ ရဟန္တာ ဖြစ်နေပြီဟု ထင်၍ဖြစ်သည်။ [နှာ-၅၈]

ထိုအခါ အရှင်သာရိပုတ္တရာက အရှင်ဆန္နအား သေကြောင်း မကြံပါနှင့်ဟု ဖျောင်းဖျပြီး ပြောသည်။ အရှင်သာရိပုတ္တရာက အရှင်ဆန္န သူ့ဘာသာ အထင်ကြီးနေတာ ဖြစ်နိုင်ကြောင်း ရိပ်စားမိ၍ သူ့ဝိပဿနာ ဉာဏ်အမြင် ဘယ်လို မြင်သလဲ မေးစမ်းကြည့်သည်။ ဥပရိပဏ္ဏာသ ပါဠိတော်မှာ လာသော အရှင်ဆန္န သုတ် ဖြစ်သည်။ [နှာ-၆၁] မျက်စိ ရှိတယ်၊ အဆင်းရှိတယ်၊ မျက်စိနှင့် အဆင်း တိုက်တော့ မြင်စိတ် ပေါ်တယ်၊ ထိုပေါ်သော မြင်စိတ်သည် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု စွဲသေးသလားဟု အရှင်သာရိပုတ္တရာက မေးသည်။ မစွဲပါဘုရားဟု အရှင်ဆန္နက ဖြေသည်။ ဖြစ်ပျက်ပဲ မြင်ကြောင်း ရှင်းပြသည်။ သူ့ရှုပုံ မှန်နေသည်။ [နှာ-၆၅] ဖြစ်ပျက်ပြီးတာ မြင်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိဖြင့် မစွဲတော့ပါ။ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်အောင် ရှုနေလျှင် တွင်းအောင်းသော ကြွက်နှင့်တူကြောင်း ရှင်းထားသည်။ အပါယ်အန္တရာယ် ကင်းရာ နိဗ္ဗာန်ထဲ အောင်းခြင်း ဖြစ်ကြောင်း ဟောသည်။ [နှာ-၆၇] ပဋ္ဌာစာရီ ရှုးနေတာ လက်တွေ့ ဖြစ်ပျက် ရှုလိုက်တော့ အရှုးရောဂါ ပျောက်သွားပုံကို နမူနာပြသည်။ [နှာ-၆၈] သောက များလွန်းလို့ ဝိပဿနာ မရှုနိုင် မလုပ်ပါနှင့်။ ဝိပဿနာ ရှုမှ သောက ပရိဒေဝ အကုန်ပျောက်သည်။ အန္တရာယ် ကင်း၍ ဘေးရှင်းသည်။ [နှာ-၇၁] ဘာလာလာ ဖြစ်ပျက်ရှုပါ။ 'ဓမ္မော ဓမ္မောပဲ'ဟု ဆိုသည်။ 'နိရောဓံ ဒိသွာ၊ နိရောဓ အဘိညာယ' ချုပ်ပျောက်တာချည်းပဲ သိနေကြောင်း အရှင်ဆန္နက ဖြေသည်။ သူမြင်ပုံကတော့ မှန်သည်။ ဝိပဿနာ အမြင်မှန်တော့ ဖြစ်သည်။

သို့သော် သူက ပိုပြီး အထင်ကြီးနေသည်။ သူ့အမြင်သည် လောကုတ္တရာမဂ်အမြင် မဟုတ်သေးမှန်း အရှင်စုန္ဒ သိသည်။ သူ ရဟန္တာ မဖြစ်သေးကြောင်း

အရှင်စုန္ဒ ရိပ်စားမိသည်။ အရှင်ဆန္န အမြင်မှာ ကုန်တာ၊ ပျောက်တာတွေပဲ မြင်ဆဲ ရှိသေးသည်။ သူသည် ကုန်တာ၊ ပျောက်တာတွေ ဆုံးပြီး အသခ်တဓာတ် နိဗ္ဗာန်ကို မမြင်သေးကြောင်း အရှင်စုန္ဒ သိလိုက်သည်။ အရှင်ဆန္န သူ့ဘာသာ အထင်ကြီးပြီး ရဟန္တာ ဖြစ်နေပြီဟု မြင်နေခြင်းသာ ဖြစ်သည်။ [နှာ–၈၁] အရှင်သာရိပုတ္တရာ စကား အဆုံးမှာ အရှင်စုန္ဒက မြတ်စွာဘုရား ဟောထားသော တရားကို နှလုံးသွင်းဖို့ သတိပေးသည်။ 'နိဿိတဿ စလိတံ အနိဿိတဿ စလိတံ နတ္ထိ' အစရှိသော ပါဠိတော်ကို ရွတ်ပြသည်။ ဒါကို နှလုံးသွင်းပါဦးဟု ဆိုသည်။ ဤတွင် အချိန်နာရီ စေ့သွားသဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၃။ အလေးဂရုပြု၍ နေစရာ၊ အရှင်ဆန္န ဝတ္ထု (၃)

[ ၄–၁၁–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောကြားသော တရားဟု ဖော်ပြထားသည်။ ]

မနေ့ မနေ့က တရား အဆက်ကို နာရမည်ဟု အစချီပြီး ဤတရားကို ဟောကြားလေသည်။ မြတ်စွာဘုရား ဘုရားဖြစ်ပြီးနောက် အဇပါလ ညောင်ပင်ရင်းမှာ သီတင်းသုံး နေတော်မူစဉ်က ငါသည် လောကထဲမှာ အလေးပြုစရာ၊ အားထားစရာ မရှိဘဲ နေသော် မသင့်တော်မူဘူးဟု စိတ်ကူး ပေါက်တော်မူသည် ဆို၏။ [နှာ–၈၄] မတော်လျှင် အလေးပြုစရာ ရှာရမည် ဖြစ်သည်။ ငါ့ထက် သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်၌ သာသူရှိလျှင် ထိုပုဂ္ဂိုလ်ကို အားကိုး၍ မိမိသည် သီလ၊ သမာဓိ၊ ပညာ စသည်ကို ဆည်းကပ် ဖြည့်ကျင့်ပြီး နေသင့်သည်ဟု ကြံစည် စိတ်ကူးတော် မူလေသည်။

ထို့နောက် သဗ္ဗညုတ ဉာဏ်တော်ဖြင့် ဆင်ခြင်၍ ကြည့်လိုက်သောအခါ မိမိထက် သီလအားဖြင့် သာသူ၊ သမာဓိအားဖြင့် သာသူ၊ ပညာအားဖြင့် ၊ ဝိမုတ္တိ အရဟတ္တဖိုလ် အားဖြင့် သာသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်းကို သိရလေသည်။ [နှာ–၈၆] ထို့နောက် မိမိ ဘုရား ဖြစ်လာသော အဖြစ်ကို ဆင်ခြင် ကြည့်ပြန်သည်။ တရားကြောင့် ဘုရား ဖြစ်ရတာပဲဟု သိမြင်လေသည်။ သို့ဖြစ်သောကြောင့် မိမိ သိသော တရားကိုပင် ဆည်းကပ် ကိုးကွယ်နေလျှင် သင့်မည်လားဟု စဉ်းစား တွေးတောပြန်သည်။ ဒါကြောင့် ဘုရား လေးစားတာသည် တရားဖြစ်၏။ ထိုသို့ ဖြစ်ခြင်းကြောင့် အချိန်တိုင်းမှာ တရားကို နှလုံးသွင်းလျက် နေသင့်သည်ဟု အဓိပ္ပာယ်

ရောက်ကြောင်း ရှင်းပြသည်။ [နာ–၈၇] ဤသို့ တွေးမိသည်ကို သဟမ္ပတိ ဗြဟ္မာကြီး က သိပြီး မြတ်စွာဘုရား တွေးလုံး မှန်ပါကြောင်း လာရောက် လျှောက်ထားသည် ဆို၏။ သူသည် ရှေးက ပွင့်တော်မူပြီးသော ဘုရားများကိုလည်း မိခဲ့ကြောင်း၊ ထိုဘုရားများလည်း တရားကိုသာ အားကိုးသင့်သည်ဟု တွေးတော ဆင်ခြင်ခဲ့ဖူး ကြောင့် လျှောက်ထားလေသည်။ [နာ–၈၈] မြတ်စွာဘုရားလည်း အချိန်တိုင်းမှာ တရားဟောခြင်း၊ တရား နှလုံးသွင်းခြင်းဖြင့်သာ နေတော်မူခဲ့လေသည်။

မိုးကုတ် ဆရာတော် ဘုရားကြီးကလည်း ဒကာ၊ ဒကာမများအား ဖြစ်ပျက် မြင်သောဉာဏ်၊ ဖြစ်ပျက်ဆုံးကို မြင်သောဉာဏ်ကိုသာ အားကိုးပြီး နေကြဖို့ တိုက် တွန်းတော်မူသည်။ [နာ–၈၉] ထို့နောက် ဆရာတော်ကြီးက တရားကို အားကိုးထိုက် သည့် အကြောင်းများကို သဘောကျအောင် ဟောတော်မူပြန်သည်။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ကိုပဲ အားကိုးသင့်ပုံကို ဟောသည်။ ဒါကြောင့် ခုနှလုံးမသာ ဖြစ်ကြရသူ တွေ၊ သောက ပရိဒေဝမီး တောက်လောင်သူတွေ၊ မျက်ရည် မျက်ခွက် ဖြစ်နေကြရသူ တွေ ဘာကြောင့် ဖြစ်ရသလဲ စဉ်းစားကြည့်လျှင် အားကိုးလွဲ၍ ဖြစ်ကြောင်း ရှင်းပြသည်။ [နာ–၉၂] အားကိုး မလွဲကြပါစေနှင့် ဟုလည်း သတိပေးသည်။ အားမကိုးသင့်တာတွေ၊ မမြဲသည့် တရားတွေကို အားမကိုးသင့်ကြောင့် အကျယ် ဟောသည်။ မဂ္ဂသစ္စာလာမှ၊ နှလုံးသွင်းမှ ငြိမ်းအေးကြောင်း ကျမ်းဂန်မှာ လာသည်။ အားကိုးရမည့် တရားကို ပြပါတော့မယ် ဆိုပြီး မနေ့က အရှင်ဆန္န ဝတ္ထုကို ပြန်စ သည်။ [နာ–၉၇] အရှင်စန္နက 'နိဿိတဿ စလိတံ အနိဿိတဿ စလိတံ နတ္ထိ' ဂါထာကို စ လိုက်သည်။ နိဿိတဿ– တဏှာ ဒိဋ္ဌိ မှီနေသော ပုဂ္ဂိုလ်အား၊ စိတ္တံ– စိတ်သည်၊ စလိတံ– လှုပ်သည်၊ ဟောတိ– ဖြစ်၏။ အနိဿိတဿ– မမှီ သော ပုဂ္ဂိုလ်အား၊ စိတ္တံ–စိတ်သည်၊ စလိတံ– လှုပ်ခြင်းသည်၊ နတ္ထိ– မရှိ။ မှီရင် လှုပ်သည်။ မမှီရင် မလှုပ်။ [နာ–၁၀၉]

ထို့နောက် ကားနှင့် လောဘ တဏှာ မှီနေပုံ၊ သားသမီးနှင့် တိုက်တာ အိမ်ရာနှင့် လောဘ တဏှာ မှီနေပုံများကို ရှင်းအောင် လောက ဥပမာများဖြင့် ဟောပြသည်။ ထို့နောက် အရှင်စန္နက အရှင်ဆန္နသည် ခန္ဓာကိုယ်ကို မှီနေသေး၍ လည်ပင်း သင်တုန်းဓားဖြင့် လှီးပြီး သေမည်ဟု ဆိုခြင်းမှာ မှီ၍ လှုပ်ခြင်း ဖြစ်ကြောင်း ရှင်းပြသည်။ အဝေးကြီးမှာ ရှိနေတာ ဖြစ်သော်လည်း တဏှာလောဘ ဒိဋ္ဌိနှင့် မှီ နေရင် လှုပ်သည်။ အနီးကလေးမှာ ရှိစေကာမူ ပရတော– သူစိမ်းပြင်လို သဘော ထားလျှင် မလှုပ်တော့ကြောင်း ဟောသည်။ [နာ–၁၁၅] မှီခြင်း မရှိလျှင် ကိုယ်စိတ်

ငြိမ်းအေးသည်။ (စလိတော အသတိ ပဿဒ္ဓိ ဟောတိ)။ တဏှာဒိဋ္ဌိနှင့် မမှီအောင် ဖြစ်ပျက်ဆုံးထိ ရှုရမည်ဟု ဟောရင်း အချိန်စေ့သည်။ ဤတွင် တရား ရပ်နားလိုက်သည်။

*

## ၄။ တရားနာရင်း မဆုံးခင် ထမပြေးသူ၊ အဓိပတိ သုံးပါးနှင့် တရား အားထုတ်ပါ၊ နံနက် အားထုတ်၊ ညနေ တရားရနိုင်သည်

[ ၄–၁၂–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

အသက်ရှင်စဉ်မှာ သိရမည့် ကိစ္စနှစ်မျိုး ရှိသည် အစချီလျက် ဤတရားကို ဟောသည်။ မိမိ ပြုလုပ်သော အကုသိုလ်ကို ရှင်နေစဉ်အခါ သိခြင်းက တစ်မျိုး၊ ထိုအကုသိုလ်ကို သေခါနီးကျမှ သိခြင်းက တစ်မျိုးဖြစ်သည်။ လုပ်တုန်းက သိတာ တစ်မျိုး၊ သေခါနီးကျမှ သိတာက တစ်မျိုးဖြစ်သည်။ [နှာ–၁၂၄] ဒါကြောင့် အသက်ရှင်တုန်း အသိမှာ ပြင်ကြလျှင် လွယ်သည်။ ပြင်၍ ရသူက များသည်။ သေခါနီးကျမှ မှားပြီဆိုပြီး ပြင်ချင်ဦးတော့ အချိန်က နောက်ကျသွားပြီ။ ပြင်၍ ရခဲသည်။ ရသူက နည်းသည် ဆို၏။ အာဓိပတေယျသုတ်ကို ကိုးကားပြီး ဟောသည်။ အင်္ဂုတ္တိုရ်၊ တိကနိပါတ်မှာ လာသည်။ 'နတ္ထိ လောကေ ရဟောနာမ ပါပကမ္မံ ပကုဗ္ဗတော အတ္တာတေ ပုရိသ ဇာနာတိ သစ္စံ ဝါယဒိဝါ မုသာ'– ငါ အကုသိုလ် လုပ်နေတာ ဘယ်သူမှ မသိဘူးဟု အထင် မလွဲလိုက်ပါနှင့်။ ကိုယ့်ကိုယ်ကိုယ် အရင် သိသည်။ ကိုယ့် ကိုယ်စောင့်နတ်ကလည်း သိသည်။ ဒါဆို အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ တာဝတိံသာ နတ်ပြည် ခြောက်ထပ် အကုန် သိပါသည်။

ဒါကြောင့် အကုသိုလ်ဖြစ်တာ ဆိတ်ကွယ်ရာ မရှိဟု မှတ်သင့်ပါသည်။ [နှာ–၁၂၅] အချိန်ရှိခိုက် ဖြစ်ပျက်ကို မြင်အောင် ရှုသော ဝိပဿနာ အလုပ်ကို မလုပ်ဘဲ သေသွားလျှင် မိမိအတွက် သာသနာ ကွယ်သွားပါလိမ့်မည်။ [နှာ–၁၂၇] ဒါကြောင့် သာသနာသည် ကိုယ့်အသက်ပေါ်မှာ တည်သည်ဟု မှတ်ရမည်။ [နှာ–၁၂၈] ကိုယ့်ကိုယ်ကိုယ် မသေသေးပါဘူး၊ နေရဦးမှာပါဟု ထင်နေခြင်းသည် သဿတဒိဋ္ဌိက ဝင်ပြီး လှော်က်လဲချက် ပေးနေတာ ဖြစ်သည်။ ဒကာ၊ ဒကာမများက ဉာဏ်သတိ ရှိရမည်။ အပါယ်ပို့မည့် တရား (ဒိဋ္ဌိ)က ဝင်တား နေတာပါလားဟု ဉာဏ်သတိ ရှိမှဖြစ်မည်။

ထို့နောက် ပေယျဝတ္ထုကို ဟောသည်။ ကဿပဘုရား တရားဟောနေတာ တရား မဆုံးခင် အိမ်က ကိစ္စပေါ်သည် ဆိုပြီး တရားကို ဆုံးအောင် မနာဘဲ သူ့ အိမ်ကို ပြန်သွားသည်။ အမှန်မှာ သူ တရားကို ဆုံးအောင်သာ နာလျှင် ဉာဏ်ရင့်နေပြီ ဖြစ်၍ သူ မဂ်၊ ဖိုလ်ကို ရနိုင်သည်။ ပေယျ ပြန်သွားမှန်း သိတော့ မြတ်စွာဘုရားက ပေယျ ရှုံးပြီဟု မှတ်ချက် ချလေသည်။ ကိုယ့်ကိုယ်ကိုယ် ငါရှိမှ ဖြစ်သည်။ ငါမပါ မပြီးဟု ထင်နေတာသည် သဿတဒိဋ္ဌိ ဖြစ်သည်။ ပုထုဇဉ်သည် ထိုဒိဋ္ဌိ၏ အနိုင်းကို နည်းမျိုးစုံဖြင့် ခံနေရပုံကို နားလည်အောင် လောက ဥပမာများဖြင့် ရှင်းပြသည်။ ထိုဒိဋ္ဌိက သေအောင် နိုင်းသည်။ သနားလိမ့်မည်၊ ညှာတာလိမ့်မည် မထင်နှင့်။ ထိုဒိဋ္ဌိကို အကောင်းထင်ပြီး လက်ခံ ပေါင်းသင်းနေကြပုံကို သံဝေဂ ယူဖွယ် ပြသည်။ ဒိဋ္ဌိကို ရန်သူ အကြီးဆုံးဟု သဘောထားအပ်ကြောင်း ပြသည်။ [နာ–၁၃၈]

တရား အားထုတ်သောအခါ အားထုတ်နည်း သုံးနည်း ဘုရား ဟောခဲ့သည်။ သုံးနည်းအနက် တစ်နည်းဖြင့် အားထုတ်လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို သေချာ ပေါက် ရနိုင်သည်ဟု ဆိုသည်။ အားထုတ်နည်း သုံးနည်း ဆိုရာဝယ် (၁) ကိုယ့်ကိုယ် ကိုယ် အဓိပတိထား၍ အားထုတ်နည်း တစ်နည်း၊ (၂) သူတစ်ပါး (လောက)ကို အဓိပတိထား၍ အားထုတ်နည်း တစ်နည်း၊ (၃) တရားတော်ကို အဓိပတိထား၍ အားထုတ်နည်း တစ်နည်း ဖြစ်သည်။ အဓိပတိ သုံးပါးဟု ခေါ်သည်။ [နာ–၁၃၉] တိကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဟောသည်။ (ဤတရားကို ရှေ့မှာ ဟောခဲ့ဖူးပြီ) အဓိပတိ သုံးပါးတွင် တစ်ပါးပါးကို အဓိပတိထားပြီး ကြိုးစား အားထုတ်လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရသည်။ ဤတွင် တရား အားထုတ်သော ယောဂီ ဦးစွာ ပြုလုပ်သင့်သော ပုဗ္ဗကိစ္စများကိုလည်း ဟောထားသည်။ ပထမ ဘုရား၊ တရား၊ သံဃာကို ရှိခိုး ကန်တော့၊ မိမိကိုယ်ကိုလှူ၊ သီလကို ဖြူစင်အောင် ဆောက်တည်၊ တရား ပေးတော်မူပါဟု တောင်းခံရမည်။ တရား အားထုတ်တော့ မည် ဆိုလျှင် မိမိကိုယ်ကို ဆုံးမပါ။ မင်းသည် စားစရာ မရှိလို့ တရား အားထုတ်ဖို့ လာတာ မဟုတ်ဘူး၊ ဝတ်စရာ၊ နေစရာ မရှိလို့ ဒီမှာလာပြီး အားထုတ်တာ မဟုတ်ဘူး။ ဒီဘဝ ကောင်းစားရေး၊ ဟိုဘဝ ကောင်းစားရေးကို အလိုရှိလို့ အားထုတ် တာလည်း မဟုတ်ကြောင်း၊ တဏှာဒိဋ္ဌိ ပယ်တာဖြစ်သည်။ [နာ–၁၄၀] ဇာတိဒုက္ခ ဇရာ ဒုက္ခ၊ မရဏ ဒုက္ခမှ လွတ်လို၍သာ အားထုတ်ခြင်း ဖြစ်ပါသည်ဟု အဓိဋ္ဌာန် ပြုပါ။

ဘဝ တဏှာပါရင် မရပါ။ ဘဝ တဏှာ မပါစေနှင့်။ ပထမဦးစွာ ထို တဏှာကို ပယ်ပါ။ ဤသို့ တဏှာဒိဋ္ဌိ မခြံရံသော အားထုတ်မှု ဖြစ်အောင် ကနဦးက နှလုံးသွင်းပါ။ တစ်ခါတလေကျတော့ သူတစ်ပါးကိုလည်း အဓိပတိထားပြီး အားထုတ်ကြရသည်။ တစ်ခါတလေ တရား အားထုတ်ရင်း လိုချင်တောင့်တသော ကာမဝိတက်တွေ လာသည်။ သားအတွက် စိတ်မချ၊ သမီးအတွက် စိတ်ပူ၊ အိမ် အတွက်၊ အရောင်းအဝယ်အတွက် ပူပန်မှုတွေ လာသည်။ ဗျာပါဒ ဝိတက်တွေ ဖြစ်သည်။ ဘယ်သူ့ကိုတော့ ဘယ်လို ချိုးပစ်မည်။ နှိပ်ပစ်မည်။ ခေါင်းမထောင်နိုင် အောင်၊ မယှဉ်နိုင်အောင် လုပ်ပစ်မည် ဆိုသော ဝိဟိံသ ဝိတက် အကြံအစည်တွေ လာတတ်သည်။ ဤကဲ့သို့ မိစ္ဆာ သင်္ကပ္ပတွေ လာနေတာကို ကိုယ်တိုင်လည်း သိ သည်။ မိမိ ကိုယ်စောင့်နတ်ကလည်း သိသည်။ အဘိညာဉ် ရသော ပုဂ္ဂိုလ်များက လည်း သိသည်။ ပရလောကက ပုဂ္ဂိုလ်တွေက သိသည်။ မင်း မရှက်ဘူးလား။ မင်း ရှက်ပြီး မိမိသန္တာန်မှာ ဤမိစ္ဆာသင်္ကပ္ပတွေ မလာစေနှင့်ဟု ဆုံးမ ရမည်။ [နှာ–၁၄၃]

ဤသို့ သူတစ်ပါး (လောက)ကို အဓိပတိထားသဖြင့် ရှက်ခြင်း၊ ကြောက် ခြင်း (ဟိရိ ဩတ္တပ္ပ) တရားရှိလျှင် တရား အားထုတ်ရာမှာ ခရီးရောက်နိုင်သည်။ ဤမိစ္ဆာသင်္ကပ္ပမျိုးသည် သမာဓိကလေး ရပြီ၊ ဖြစ်ပျက်ကလေး မြင်ပြီ ဆိုမှ ကြားထိုး ဝင်လာတတ်သည်။ ဤသို့ မိစ္ဆာ ဝိတက်များ ကြားထိုးလာပြီ ဆိုလျှင် ထိုကာမ ဝိတက်၊ ဗျာပါဒ ဝိတက်များကို ဖြစ်ပျက် ရှုချရမည်။ ထိုစိတ်များသည် အရှခံ လာတာတွေပဲဟု သဘောထားပြီး ရှုဖြစ်အောင် ရှုချလိုက်ပါ။ ဟေ့– လာခဲ့၊ ပဿာ– ရှုပါ ဆိုပြီး လာတာဆို၏။ [နှာ–၁၄၄] ကိလေသာ ကြားမခိုဘဲ အားထုတ်နိုင်လျှင် မနက် အားထုတ်၊ ည တရား ရကြောင်း ဟောတော်မူသည်။ [နှာ–၁၄၅] တရား အားထုတ်သူသည် မိမိရင်တွင်းမှာ ကိလေသာစိတ်တွေ ကြားထိုး ဝင်လာတာကို လည်း သိအောင်လုပ်ပြီး ဖြစ်ပျက် ရှုပစ်ရမည်။ နဂိုကတည်းက ကိလေသာ ရန်သူနှင့် စစ်တိုက်နေတာ ကြားထိုးလာသော ကိလေသာတွေကိုလည်း ဖြစ်ပျက်ရှုပြီး တိုက်ထုတ် ပစ်ပါ။ ဤနည်းကိုလည်း သေသေချာချာ မှတ်ပါဟု ဆိုသည်။ [နှာ–၁၄၆] ကိလေသာ ကြားထိုးလာတာက အရှခံ လာတာပင် ဖြစ်၏။ အရခံ လာတာကို မရှုဘဲ ထပြေးလျှင် ကုပ်မှာ ဝဲနာစွဲသော ခွေးသည် ဆေးခွက် ကိုင်လာတာ မြင်လျှင် ထပြေးသည်နှင့် တူသည်ဟု ပုံနှိုင်းပြသည်။ ကိလေသာ ကြားမခိုလျှင် မနက် အားထုတ်ပါက ညနေ တရား ရနိုင်ကြောင်း ဘုရားက ဗောဓိရာဇကုမာရကို ဟောထားသည်ဟု ဆိုသည်။ [နှာ–၁၄၉]

နံပါတ် (၃)က ဓမ္မကို အဓိပတိထားခြင်း ဖြစ်သည်။ တရားဓမ္မသည် အကောင်းချည်း ဖြစ်သည်။ နိဗ္ဗာန်ရောက်ဖို့ အကြောင်းချည်းပင် ဖြစ်၏။ 'သွက္ခာတော ဘဂဝတာဓမ္မော'။ ဘုရားက နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောထားပါလျက် မိမိက တရားထိုင်ယောင် ဆောင်ပြီး မိစ္ဆာ ဝိတက်တွေ ထိုင်ပြီး ဖြစ်နေလျှင် ဘုရားဟော တရားကို ဖျက်ရာကျနေသည်ဟု ဆို၏။ [နှာ–၁၅၅] မိမိစိတ်ထဲမှာ ဘယ်လို အကြံအစည်ပဲ ပေါ်ပေါ် ပေါ်သော အကြံအစည်ကို ဖြစ်ပျက်သာ ရှုပါ။ ဤကား အလုပ်စဉ် ဖြစ်သည်။ ပုထုဇဉ် သန္တာန်မှာ ပုထုဇဉ်စိတ်ပဲ ပေါ်သည်။ ပေါ်သောစိတ် ဘာစိတ်ပဲ ဖြစ်ဖြစ် ဖြစ်ပျက်သာ ရှုပါ။ [နှာ–၁၅၇] တရားကို အဓိပတိ ထားပါ။ ကိစ္စပြီးနိုင်ပါသည်။ တရားသည် သန္ဒိဋ္ဌိကော ဖြစ်ရကား သာမံ ပဿိတဗ္ဗော– ကိုယ်တိုင်မြင်၊ ကိုယ်တိုင်သိ ဖြစ်ရမည်။ ကိုယ်တိုင်မြင်မှ နိဗ္ဗာန်ရောက်သည်။ ခန္ဓာက တရားပြနေသည်။ ပြသော နေရာကို တဏှာနှင့် မသွားဘဲ ဉာဏ်နှင့် သွားရမည်။ ဉာဏ်နှင့် သွားလိုက်တော့ ဖြစ်ပျက်တွေ့သည်။ အနိစ္စကို တွေ့သည်။ ရှေ့က ခန္ဓာက ဖြစ်ပျက်၊ နောက်က ဉာဏ်နှင့် သိလိုက်တာက မဂ်ဖြစ်သွားသည်။ ပဋိစ္စသမုပ္ပာဒ်လည်း ပြတ်သွားသည်။ ခု လုပ်ကြည့် ခုအကျိုးပေးသည်။ [နှာ–၁၆၁]

မိမိတို့ သန္တာန်မှာ ပေါ်သော တရားအားလုံး သန္ဒိဋ္ဌိကောချည်းပဲ ဖြစ်၏။ ဆရာပေးသော နည်းမှန်၊ လမ်းမှန်ဖြင့် ဉာဏ်သွား သွားတတ်လျှင် ဖြစ်ပျက်ကို ကိုယ်တိုင် မြင်ရသည်။ တရားကို အဓိပတိ ထားလျှင် သန္ဒိဋ္ဌိကော၊ အကာလိကော၊ သာမံ ပဿိတဗ္ဗော အတိုင်း ဖြစ်ပျက်နှင့် မဂ် ကိုက်ပြီး ချက်ချင်း ကိုယ်တွေ့ အကျိုးပေးသည်ကို ကိုယ်တိုင် မြင်ရ၊ သိရကြောင်း ဟောသည်။ [နှာ–၁၆၅] အဓိပတိ သုံးပါး တစ်ပါးပါးဖြင့် အားထုတ်လျှင် တရား မရမရှိကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၅။ ဟင်္သာတမြို့ ဦးမာဒင်အား ဟောကြား ဆုံးမသော တရား

[ ၅–၁၂–၆၀ ခုနှစ်က မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောသော တရား ]

နိဗ္ဗာန်ကို သေသေချာချာ ဟောမည် အစရှိလျက် ဤတရားကို ဟောတော်မူသည်။ ဒိဋ္ဌိ ပြုတ်တာကို သဘောကျမှ နိဗ္ဗာန်ကို နားလည်ပြီး သဘောကျသည်။ ဒါကြောင့် ဒိဋ္ဌိရှိသော ပုဂ္ဂိုလ် နိဗ္ဗာန်ကို မရောက်နိုင်ဘူးဟု မှတ်ရမည်။ ထို့နောက်

အဂ္ဂိဝစ္ဆပုဏ္ဏား ဝစ္ဆဂုတ္တကို စတင်လိုက်သည်။ မြတ်စွာဘုရားကို ထိုပုဏ္ဏားက လောကကြီးသည် မြဲသလားဟု သဿတဒိဋ္ဌိဖြင့် မေးသည်။ ဘုရားက အဲဒါ ဒိဋ္ဌိအယူပဲ၊ ထိုအယူ ငါ့မှာ မရှိဘူးဟု ဖြေလိုက်သည်။ ထိုအခါ ပုဏ္ဏားက ရှင်ကြီး ဂေါတမ သို့ဖြစ်ပါက 'လောကကြီးသည် မမြဲဘူးလား'ဟု မေးပြန်သည်။ ထိုအယူမှာ ဥစ္ဆေဒ ဒိဋ္ဌိအယူ ဖြစ်သည်။ ထိုအယူလည်း ငါ့မှာ မရှိဘူးဟု ဘုရားက ဖြေသည်။ ထိုအခါ ပုဏ္ဏားက ဆက်၍ မေးပြန်သည်။ ရှင်ကြီးဂေါတမ ဒါဆို 'လောကကြီးသည် မြဲသည်တစ်လှည့်၊ မမြဲတစ်လှည့်' ဟု ယူရမလားဟု မေးပြန်သည်။ ဒါလည်း ဒိဋ္ဌိ အယူပဲဟု ဘုရားက ဖြေသည်။ သို့ဖြစ်လျှင် 'လောကကြီးသည် မမြဲသည်လည်း မဟုတ်၊ မြဲသည်လည်း မဟုတ်'ဟု ယူရမည်လားဟု မေးပြန်သည်။ ဒါလည်း ဒိဋ္ဌိ အယူပင် ဖြစ်၏။ ဒိဋ္ဌိအယူ လေးခု ပြီးသွားပြီ။

ဤသို့ မေးပြီးနောက် ပုဏ္ဏားက ဘုရားအား 'ရှင်ကြီးဂေါတမ သတ္တဝါ သေရင် ဖြစ်သေးသလား'ဟု မေးသည်။ ဘုရားက ဒီအယူလည်း ငါမယူ၊ ဒါ ဒိဋ္ဌိ အယူပဲဟု ဖြေသည်။ သို့ဆိုလျှင် 'ရှင်ကြီးဂေါတမ သတ္တဝါသေရင် မဖြစ်ဘူးလား' မေးပြန်သည်။ ဒါလည်း ဒိဋ္ဌိအယူပဲ၊ ငါမယူဘူးဟု ဖြေသည်။ 'ရှင်ကြီးဂေါတမ သို့ဖြစ်လျှင် သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်၊ မဖြစ်ချည်တစ်လှည့်ဟု ယူရမလား'။ ဒါလည်း ဒိဋ္ဌိအယူပဲ၊ ငါမယူဘူးဟု ဘုရားဖြေပြန်သည်။ ဒါဆို 'ရှင်ကြီးဂေါတမ သတ္တဝါ သေရင် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်'ဟု ယူရမလားဟု ပုဏ္ဏားက မေးပြန်သည်။ ဒါလည်း ဒိဋ္ဌိအယူပဲ၊ ငါမယူဟု ဘုရားက ဖြေသည် ဆို၏။ [နှာ–၁၆၈] အဂ္ဂိဝစ္ဆ ပုဏ္ဏားလည်း မကျေနပ်သဖြင့် ဆက်မေးပြန်သည်။ 'ရှင်ကြီးဂေါတမ အသက်နှင့် ကိုယ်သည် အတူတူပဲလား'။ ဒါလည်း ဒိဋ္ဌိအယူပဲ၊ ငါမယူဘူးဟု ဖြေရာ ပုဏ္ဏားက 'သို့ဖြစ်လျှင် ရှင်ကြီးဂေါတမ အသက်နှင့် ကိုယ်သည် တခြားစီလား'ဟု မေးလေသည်။ ဘုရားက ဒါလည်း ဒိဋ္ဌိအယူပဲ၊ ငါမယူဘူးဟု ဖြေသည်။

မိုးကုတ် ဆရာတော်ကြီးက ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိဆိုတာ ဒါပဲဟု မှတ်ချက် ချထားသည်။ [နှာ–၁၆၈] ပုဏ္ဏားက သူမေးတာ ၁၀ ချက် ရှိပြီ။ ဘုရားက ဒိဋ္ဌိအယူ ချည်းပဲဟု ဖြေသည်။ ဒီအယူကို ယူလျှင် ဘယ်လို အကျိုးမဲ့လို့လဲဟု မေးပြန်သည်။ ဒိဋ္ဌိအယူကို ယူလျှင် ခရီးလမ်း လွဲသွားနေတာနှင့် တူသည်။ ချုံထဲ တိုးတာနှင့် တူသည်။ ရာဂ ငြိမ်းခြင်းငှာ မဖြစ်ဘူး၊ နိဗ္ဗာန်ရောက်ခြင်းငှာ မတတ်နိုင်ဘူးဟု ဘုရား ကောက်ချက်ချသည်။ ဒါဆို ရှင်ကြီးဂေါတမ မယူတဲ့ အယူ (ဒိဋ္ဌိ)ကို

ပြောပါဦးဟု ပုဏ္ဏားက ပန်ကြားသည်။ မြတ်စွာဘုရားက ငါသည် ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ကတည်းက ဒိဋ္ဌိအယူ အားလုံးကို စွန့်ခဲ့ပြီးပြီဟု ဖြေတော်မူသည်။ ဒါဆိုလည်း ရှင်ကြီးဂေါတမ ယူသည့် အယူကိုပဲ အမိန့်ရှိပါဦးဟု ပုဏ္ဏားက ဘုရား အယူကို မေးသည်။ ဘုရားက ငါ့အယူက ရုပ် နာမ်နှစ်ပါး၊ ခန္ဓာငါးပါး ရှိသည်။ ထို ရုပ်တရား နာမ်တရား အားလုံး ဖြစ်ပျက်ချည်းပဲ ဖြစ်သည်ဟု ယူကြောင်း ဖြေတော်မူလေသည်။ [နှာ–၁၆၉]

ထိုအခါ ပုဏ္ဏားက 'ကောင်းပြီ၊ ရှင်ကြီးဂေါတမရဲ့ အယူကို ယူခြင်းအားဖြင့် ဘာကျေးဇူး များလို့လဲဟု မေးပြန်သည်။ ဘုရားက ရုပ်နာမ်အားလုံးကို ဖြစ်ပျက်ပဲဟု ရှုသော ပုဂ္ဂိုလ်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်သည်။ ပပဉ္စတရား အားလုံး ချုပ်သည်ဟု ဖြေလိုက်လေသည်။ သံသရာ ဝဋ်အစဉ်ကြီး ပြတ်သည်ဟု ဆိုလိုသည်။ ပုဏ္ဏားက ဥပါဒါန် ချုပ်သော ပုဂ္ဂိုလ်သည် ဘယ်မှာ သွားဖြစ်သေးလဲဟု ထပ်ဆင့် မေးပြန်သည်။ ပုဏ္ဏားက ဘုံဘဝမှာ ဖြစ်တည်ခြင်း သဘောကိုသာ နားလည်နေသည်။ ဘုရားက ဥပါဒါန် ချုပ်လျှင် ကံချုပ်သည်။ ကံချုပ်လျှင် ဇာတိ (ပဋိသန္ဓေ မနေတော့) ချုပ်သည်။ ထို့ကြောင့် ဇရာ၊ မရဏဘေးတွေ မလာတော့။ ဥပါဒါန် ချုပ်လျှင် အကုန်ချုပ်သည်။ ဤသို့ နိရောဓသစ္စာကို မျက်မှောက် ပြုသွားသော ပုဂ္ဂိုလ်မှာ ဘယ်ဘုံ၊ ဘယ်ဘဝမှာ ဖြစ်ခြင်း အဓိပ္ပာယ် မရကြောင်း ဟောသည်။ [နှာ–၁၇၃] ဘယ်ဘုံ၊ ဘယ်ဘဝ ရောက်သလဲ မေးသော အမေးသည် ဒိဋ္ဌိစွဲဖြင့် မေးခြင်းဖြစ်သည်။

ဒါကြောင့် ဆရာတော်က ဒိဋ္ဌိ ပြုတ်ပြီးမှ နိဗ္ဗာန်ကို သဘောပေါက်နိုင်ကြောင်း ရှေ့မှာ ဟောခဲ့ခြင်း ဖြစ်သည်။ ဒိဋ္ဌိပြုတ်သော ဉာဏ်ကို ရပြီးမှ နိဗ္ဗာန်ကို သဘော ကျနိုင်သည်ဟု ထပ်ဆင့် ဟောပါသည်။ [နှာ–၁၇၄] ဘုရားက ဥပါဒါန် ချုပ်သော ပုဂ္ဂိုလ်သည် ဘယ်မှ မသွားတော့ဘူးဟု ဖြေလိုက်လျှင် ပုဏ္ဏား၏ စိတ်ထဲတွင် ဥစ္ဆေဒ ဒိဋ္ဌိ ဝင်သွားမည်ကို သိတော်မူသဖြင့် ငါ့မှာ ဒီအယူမျိုးလည်း မရှိဘူးဟု ဖြေတော်မူလိုက်သည်။ ဒါဆို ဥပါဒါန် ချုပ်သော ပုဂ္ဂိုလ်သည် သွားချည် တစ်လှည့်၊ မသွားချည် တစ်လှည့်လား သို့မဟုတ် မသွားသည်လည်း မဟုတ်၊ သွားသည်လည်း မဟုတ်ဟု ယူရမလား မေးပြန်သည်။ ဧကစ္စ သဿတဒိဋ္ဌိ၊ အမရာဝ ဝိက္ခေပဒိဋ္ဌိ အယူများဖြင့် မေးခြင်းဖြစ်၏။ ဘုရားက ဒီအဓိပ္ပာယ်မျိုးလည်း မရဘူး၊ ငါမဆိုလို ဘူးဟု ဖြေတော်မူသည်။ ဒိဋ္ဌိ မပြုတ်ဘဲနှင့် နိဗ္ဗာန်ကို သဘောမကျကြောင်း ပေါ်လွင် အောင် ပြနေခြင်း ဖြစ်၏။ နိဗ္ဗာန်ကို သဘောမကျသော ပုဂ္ဂိုလ်သည် ဘယ်တော့မှ နိဗ္ဗာန် ရောက်ကြောင်းကို အားထုတ်လိမ့်မည် မဟုတ်ကြောင်းလည်း ဟောထား

သည်။ [နှာ-၁၇၅] ပုဏ္ဏားက သူတော့ ဦးနှောက် ခြောက်သွားပြီ၊ ဉာဏ်တုံးသွားပြီ၊ မမေးတတ်တော့ဘူးဟု ညည်းညူလျက် ဆိုသည်။ သူ ဉာဏ်တုံးသွားခြင်းမှာ ဒိဋ္ဌိ အပင်းခံနေသောကြောင့် ဖြစ်၏။

ဤကဲ့သို့ ဥပါဒါန်ချုပ်သော ပုဂ္ဂိုလ် ဘယ်သွားသလဲ ဆိုသော အမေးကို အဖြေမှန် သိချင်လျှင် သာမည ဆရာနှင့် မရဘူး၊ ပဋိစ္စသမုပ္ပာဒ်ကို နားလည်သော ဆရာကို ရှာရဦးမည်ဟု ဘုရားက မိန့်တော်မူသည်။ ဥပါဒါန် ချုပ်ပြီဆိုလျှင် ကံ ချုပ်ပြီ၊ (ကုသလာ ကုသလံ ဓာဟံ)- ကုသိုလ်၊ အကုသိုလ်ကို စွန့်ပြီ၊ မဖြစ်တော့ဘူး၊ ကံမဖြစ်တော့လျှင် ဇာတိ၊ ဇရာ၊ မရဏ ချုပ်ပြီ၊ ဇာတိ၊ ဇရာ၊ မရဏ ချုပ်ခြင်း သဘောသည် နိဗ္ဗာန်ပင် ဖြစ်၏။ ပဋိစ္စသမုပ္ပာဒ် နားလည်သော ပုဂ္ဂိုလ် ဖြစ်မှသာ နိဗ္ဗာန်၏ သဘောကို နားလည်နိုင်ကြောင်း ထပ်ပြသည်။ [နှာ-၁၇၇] တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်သော ပုဂ္ဂိုလ် ဘယ်သွားမလဲ၊ ပဋိစ္စသမုပ္ပာဒ်ကို နားလည်သူ ဖြစ်မှုကား ဒုက္ခတွေ ချုပ်ငြိမ်း၊ ရုပ်သိမ်းရာသို့ သွားသည်ဟု သဘောပေါက်မည်။ ပဋိစ္စသမုပ္ပာဒ် မပါဘဲ နိဗ္ဗာန်ကို ဟောသောဆရာသည် ဖြတ်တိုး ဟောသော ဆရာ ဖြစ်သည်။ အကွက် မကျဘူးဟု ဆိုသည်။ [နှာ-၁၇၉] ပြီးတော့ ပဋိစ္စသမုပ္ပာဒ် မပါလျှင်လည်း သစ္စာပါဖို့ ခဲယဉ်းသည်။ သစ္စာ မပါဘဲနှင့် နိဗ္ဗာန်ကို ဉာဏ်မရောက် နိုင်ဟု ဟောသည်။ နိရောဓ သစ္စာသည် ဒုက္ခ ချုပ်ငြိမ်းခြင်း (နိဗ္ဗာန်) ဖြစ်သည်။ အကြောင်း (သမုဒယ)ချုပ်သော၊ ပဋိစ္စသမုပ္ပာဒ်ကို မသိဘဲနှင့် အကျိုး ဒုက္ခ ချုပ်သော နိရောဓသစ္စာ (နိဗ္ဗာန်) သဘောသည် ဉာဏ်ထဲမှာ မရှင်းနိုင်ဟု သဘောကွဲအောင် ဟောပြသည်။ [နှာ-၁၈၀] (ဤအဂ္ဂိဝစ္ဆသုတ်ကို ရှေ့မှာလည်း အကြိမ်ကြိမ် ဟောခဲ့ဖူးပြီ)

ဒါကြောင့် ဖြစ်ပျက်ကို မရှုသော ပုဂ္ဂိုလ်မှာ တဏှာ ဥပါဒါန်၊ ကံ ဘယ်တော့မှ မချုပ်ဘူး၊ တဏှာ၊ ဥပါဒါန်၊ ကံ မချုပ်ဘဲနှင့်လည်း ဒုက္ခ ဘယ်တော့မှ မချုပ်နိုင် ဘူးဟု ရှင်းရှင်း ဟောသည်။ [နှာ-၁၈၁] တရားနာရာမှာလည်း ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာကို မမြင်လျှင် နိဗ္ဗာန်ကိုလည်း သဘောမကျနိုင်ပုံကို ပြသည်။ အလုပ်ခွင်လည်း မလုပ်တတ်ဘူးဟု ဆိုသည်။ [နှာ-၁၈၅] ထို့နောက် နိဗ္ဗာန်၏ သဘောကို အဂ္ဂိဝစ္ဆ ပုဏ္ဏား နားလည်စေရန် မီးတောက် ဥပမာဖြင့် ဘုရား ပြပုံကို ဟောသည်။ အဂ္ဂိဝစ္ဆ၊ အရှေ့က မြင်ရသော မီးသည် ဘာမီးလဲဟု ဘုရားက မေးပုံ၊ ပုဏ္ဏားက သစ်သား လောင်လျှင် သစ်သားမီး၊ ဝါးကို လောင်လျှင် ဝါးမီး၊

ကောက်ရိုးကို လောင်လျှင် ကောက်ရိုးမီး၊ နောက်ချေးကို လောင်လျှင် နောက်ချေးမီး ဖြစ်ကြောင်း ဖြေသည်။ ဘုရားက ကိလေသာမီး လောင်ရာမှာလည်း လူကို လောင်လျှင် လူမီး၊ နတ်ကို လောင်လျှင် နတ်မီး၊ ဗြဟ္မာကို လောင်လျှင် ဗြဟ္မာမီး ဖြစ်ကြောင်း ဘုရားက ရှင်းပြသည်။ ၃၁ ဘုံ ဘယ်ဘုံ၊ ဘယ်ဘဝမှာပဲ ရောက်ရောက် သူ့မီးနှင့်သူ လောင်သည် ချည်းပင်။ ခန္ဓာလောင်စာ ရှိလျှင် ကိလေသာမီး ရှိသည်။ ပြီးမှ ဘုရားက အဂ္ဂိဝစ္ဆ၊ ထိုလောင်နေသော မီးတွေ ငြိမ်းသွားလျှင် ဘယ်ရောက်သွား သလဲဟု မေးလိုက်သည်။ ပုဏ္ဏားက မီးငြိမ်းတာ ဘယ်ရောက်သွားတယ်လို့ မဆိုနိုင် ပါဟု ဖြေသည်။ လောင်စာ သိမ်း၍ မီးငြိမ်းတာပါပဲဟု ဖြေသည်။ ထို့အတူပင် ခန္ဓာ လောင်စာ သိမ်းလျှင် ကိလေသာမီးများ ငြိမ်းအေးခြင်းသာ ဖြစ်၍ ဘယ်မှ မရောက်ကြောင်း၊ လောင်စာ သိမ်း၍ မီးငြိမ်း သွားခြင်းသည်ပင် နိဗ္ဗာန် သဘော ဖြစ်ကြောင်း ရှင်းပြထားသည်။ [*နှာ–၁၈၈*] ထိုနိဗ္ဗာန်သည် ရှုသောပုဂ္ဂိုလ်အား ကိုယ်တိုင် မြင်ရသော တရားမျိုး ဖြစ်သည် ဆို၏။

ဒါကြောင့် နိဗ္ဗာန်သည် သန္ဒိဋ္ဌိကော ဖြစ်သည်။ သာမံ ပဿိတဗ္ဗော ဖြစ်သည် ဟု ဟောသည်။ လောင်စာသိမ်း၍ မီးငြိမ်းလျှင် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကျွတ်တော့သည်။ ဝဋ်ကျွတ်တာ နိဗ္ဗာန်ပဲ ဟုလည်း ဟောသည်။ ကိလေသာ အကြောင်း၊ ကံအကြောင်း ချုပ်လို့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကျွတ်တာပဲ ဟု ဆိုသည်။ သစ္စာနှင့် ဝေဖန်လိုက်တော့ တဏှာ၊ ဥပါဒါန်၊ ကံက သမုဒယသစ္စာ၊ ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊ သမုဒယ အကြောင်း သစ္စာချုပ်တော့ အကျိုးခန္ဓာ၊ ဒုက္ခ သစ္စာ ချုပ်ပုံကို ပြပြန်သည်။ ရှုလို့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းလျှင် ဖြစ်ပျက်ဆုံးသည်။ ဆုံးတော့ နိရောဓသစ္စာ ပေါ်သည်။ [*နှာ–၁၉၅*] ရှေ့က နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ ပေါ်လျှင် နောက်က သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ ပြတ်ကြောင်းကိုလည်း ပြသည်။ [*နှာ–၁၉၆*]

ဒါကြောင့် ဦးမာဒင်ကို မှာပုံမှာ– ခင်ဗျား ရှေ့ကနစ်ပါးကိုပဲ ကြိုးစားနေ၊ နောက်ကဟာက ခင်ဗျားတာဝန် မဟုတ်ဘူး၊ တရားသဘော၊ သူ့အလိုလို ပေါ်လိမ့် မည်ဟု ဟောသည်။ ခုနဇီက ပြောသလို လောင်စာသိမ်း၍ မီးငြိမ်းတဲ့ နိဗ္ဗာန်ကို ရတာပဲဟု ဆိုသည်။ ဤတွင် အချိန်စေ့၍ တရားကို ရပ်နားသည်။

*

## ၆။ သဒ္ဓါတရားဖြင့် ဩဃကို လွန်မြောက်နိုင်ပုံ

[ ၆-၁၂-၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

တရားနာဖို့ လာတာ ဘယ်သူ ဦးစီးပြီး လာတာလဲ၊ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ကြ ဆိုသော စကားဖြင့် ဤတရားကို အစပြု ဟောကြားတော်မူသည်။ သဒ္ဓါတရားက ဦးဆောင်ပြီး လာတာဖြစ်သည်။ သဒ္ဓါတရားသည် ငါတို့အား ဘယ်လိုများ ရွက်ဆောင်ပါလိမ့်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက 'သဒ္ဓါယ တရတိ ဩဃံ'ဟု ဟောတော်မူသည်။ သဒ္ဓါတရား (ဝါ) ငါဘုရား ဟောကြားတော်မူသော တရားတို့ကို ယုံကြည်ကိုးစား အားထားခြင်းဖြင့် ဩဃံ- ဩဃကို၊ တရတိ- ကူးမြောက်နိုင်သည်ဟု ဟောကြားတော်မူသည်။ [*နာ-၁၉၉*] တရားနာသော သဒ္ဓါ၊ တရား အားထုတ်လိုသော သဒ္ဓါ၊ တရား နှလုံးသွင်းလိုသော သဒ္ဓါတရားသည် အပါယ်တံခါး ပိတ်သော သောတာပတ္တိမဂ်ကို ဖြစ်စေနိုင်သည်ဟု ဟောထားသည်။ [*နာ-၂၀၀*] ဘုရားက စိတ်ကို ဖြစ်ပျက်ရှုဖို့၊ စိတ္တာနုပဿနာ သတိပဋ္ဌာန် တရားကို ပွားများဖို့ ဟောထားသည်။ ဆရာသမားကလည်း တိုက်တွန်းသည်။ ငါတို့ကလည်း ယုံယုံကြည်ကြည်နှင့် လုပ်ရမှာပဲဟု သဘောထားသင့်ကြောင်း ဟောသည်။ [*နာ-၂၀၁*] စိတ်ကလေးတွေ ပေါ်လာသမျှကို ဖြစ်ပျက် ရှုလိုက်တော့ စိတ်ကလေးတွေ မရှိ၊ မရှိ ဖြစ်သွားတာကို တွေ့ရသည်။ မရှိတာက အနိစ္စ၊ သိလိုက်တာက မဂ္ဂ ဖြစ်သွားသည်။ အနိစ္စနှင့် မဂ္ဂ တွဲ၍ တွဲ၍ ကျသွားသည်။ ဘယ်သူ အကျိုးပြုလို့ ဖြစ်တာလဲဆိုလျှင် သဒ္ဓါ (ယုံကြည်မှု) တရားကြောင့် ဖြစ်သည်ဟု ဆိုသည်။ [*နာ-၂၀၂*]

ဤကဲ့သို့ ဖြစ်ပျက် မြင်သွားတော့၊ အနိစ္စနှင့် မဂ္ဂ တွဲကျသွားတော့ ငါ၊ ငါ့ဟာ၊ ငါ့ဥစ္စာစွဲ သက္ကာယဒိဋ္ဌိ ပြုတ်သွားသည်။ ခုတော့ ဘုရားဟော တရားကို ယုံကြည်ပြီး ကိုယ့်စိတ်ကို ကိုယ် ရှုလိုက်သဖြင့် စိတ်၏ မမြဲမှု အနိစ္စကို တွေ့ရသည်။ [*နာ-၂၀၃*] ဤသို့ ခန္ဓာငါးပါး၊ ရုပ်နာမ်တရား၏ အမြဲမရှိခြင်း အနိစ္စသဘောကို တွေ့မြင်လိုက်သောအခါ ငါစွဲဒိဋ္ဌိ ပြုတ်သွားသည်။ မြဲသည် နိုင်သည် ထင်ခဲ့သော သဿတ ဒိဋ္ဌိလည်း ပြုတ်သွားသည်။ ဒိဋ္ဌောဃ၊ ဒိဋ္ဌာသဝ ကင်းစင် သွားသည်။ ယုံကြည်ပြီး အားထုတ်လိုက်လို့ ဒိဋ္ဌိကွာခြင်း ဖြစ်သည်။ [*နာ-၂၀၄*] ဘုရားက သဒ္ဓါတရားဖြင့် ယုံယုံကြည်ကြည် အားထုတ်စမ်းပါ၊ ဩဃကို လွန်မြောက်နိုင် သည်ဟု ဟောထားချက်မှာ ရှင်းသွားပြီ။ [*နာ-၂၀၆*] အာဠဝကဘီလူး သောတာပန်

တည်တာ 'သဒ္ဓါယ တရတိ ဩဃံ' ဖြစ်သည်။ ယုံကြည်မှု သဒ္ဓါတရားဖြင့် အားထုတ်လိုက်သောကြောင့် ဒိဋ္ဌိ စင်သွားပုံကို ဟောခြင်းဖြစ်၏။ [နှာ-၂၀၇] သဒ္ဓါ တရား ကောင်းလျှင် အပါယ် ကျစေတတ်သော ဒိဋ္ဌောဃ စင်သွားသည်။ ယုံယုံကြည်ကြည်နှင့် ဘုရားဟောသည့်အတိုင်း၊ ဆရာသမား သွန်သင်ထားသည့် အတိုင်း မိမိခန္ဓာမှာ ဉာဏ်ချပြီး ရှုပွားလိုက်သဖြင့် ဒိဋ္ဌိ ပြုတ်သွားလျှင် အပါယ်တံခါး ပိတ်တော့သည်။ သဒ္ဓါတရားဖြင့် အားထုတ်လိုက်သောကြောင့် အပါယ်တံခါး ပိတ်ပုံက တစ်ခုတည်းကို အထပ်ထပ် အခါခါ လှည့်ဟော နေလေသည်။ အပါယ် ရေသောက်မြစ် ဖြစ်သော ဒိဋ္ဌိကို မဂ်ဖြင့် အမြစ်ပါ တူးဆွပစ်နိုင်သည်။

ထိုသို့ တူးဆွနိုင်ရန် သဒ္ဓါလက်က ဆောင်ရွက်ပေးသည်။ သဒ္ဓါတရားသည် လက်နှင့် တူသည်ဟု ဟောသည်။ [နှာ-၂၂၀] ပညာသည် တူးရှင်း၊ ပေါက်ပြားနှင့် တူသည်။ ဒိဋ္ဌိက ရေသောက်မြစ်၊ အပါယ်လေးပါးက ပင်စည်၊ အပွင့်၊ အသီးတွေဟု ဥပမာ ဆောင်ပြသည်။ လက်မပါဘဲနှင့် ပညာတူးရှင်းက သူ့ဘာသာ မတူးနိုင်ပုံကို လည်း ရှင်းပြသည်။ ဤတွင်လည်း ဒိဋ္ဌိပြုတ်ရေးကို အရင်လုပ်ပါ၊ ပြီးမှ သားရေး၊ သမီးရေး၊ စီးပွားရေးကို လုပ်ပါဟု ထပ်မံ တိုက်တွန်းပြန်သည်။ ဒိဋ္ဌိ ပြုတ်ဖို့ အရေးမှာ၊ အပါယ်တံခါး ပိတ်ဖို့ အရေးမှာ သဒ္ဓါတရား ကောင်းကြပါဟု ဆုံးမသည်။ [နှာ-၂၂၄] သဒ္ဓါ ကောင်းလို့ရှိလျှင် အောက်သံသရာကို လွန်မြောက်နိုင် ပုံကို ဟောသည်။ အာဠဝကကိုပဲ နောက်ဟောသော စကားတစ်လုံး ရှိသေးသည်။ 'အပ္ပမာဒေန အဏ္ဏဝံ တရတိ' သတိတစ်လုံးဖြင့် ဩဃလေးပါးကို (သံသရာ ပင်လယ်ကြီးကို) လွန်မြောက်နိုင်သည်။ သဒ္ဓါက ဒိဋ္ဌောဃ(ဒိဋ္ဌိ)ကို လွန်မြောက်နိုင် ကြောင်း ပြခဲ့သည်။ သတိကတော့ ဩဃ လေးပါးလုံးကို လွန်မြောက်ကြောင်း ဟောခြင်းဖြစ်၏။ [နှာ-၂၂၈] မိမိခန္ဓာမှာ ဘာစိတ်ပဲပေါ်ပေါ်၊ ဘာဝေဒနာပဲပေါ်ပေါ် သတိထား၊ ပညာဖြင့် ရှုလိုက်လျှင် ဖြစ်ပျက်နှင့် မဂ် ကိုက်သွားမည်။ မဂ်က ဘဝ တဏှာ၊ ဘဝေါဃကို ဖြတ်ချလိုက်သည်။ ဘယ်ဘုံ၊ ဘယ်ဘဝမျိုးကိုမှ မလိုချင်တော့ ပါ။ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဆိုသော ဩဃ လေးပါးလုံးကို လွန်မြောက်နိုင်သည်။ [နှာ-၂၃၀]

တရား နိဂုံးချုပ်လိုက်လျှင် သဒ္ဓါတရားဖြင့် အပါယ်သံသရာ ဒိဋ္ဌောဃကို လွန်မြောက်သည်။ သတိဖြင့်မူကား အထက် သံသရာများကိုပါ လွန်မြောက်သည်။

သဒ္ဒါနှင့် သတိကို အရေးကြီးဆုံး သုံးရမည်ဟု မိန့်မှာသည်။ [နှာ–၂၃၄] သဒ္ဒါ သတိဖြင့် ကူးမြောက်ပြီးမှ နိဗ္ဗာန်သို့ ရောက်ပါလိမ့်မည်ဟု ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၇။ မာဂဏ္ဍီ အယူနှင့် ဘုရားအဖြေ

[ ၇–၁၂–၆၀ ခုနေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ကုရုတိုင်းမှာ မြတ်စွာဘုရား သီတင်းသုံးနေစဉ် ဘာရဒွါဇဆိုသော ပုဏ္ဏား သည် ပရိဗိုဇ် ရဟန်းလုပ်ပြီး တောတွင်း တစ်နေရာမှာ နေသည်။ ထိုပရိဗိုဇ်သည် မြက်အခင်း နေရာကလေးကို ရှင်းထားသည်။ ညနေကျတော့ မြတ်စွာဘုရားက ထိုမြက်အခင်း နေရာကလေးဆီ ကြွသွားပြီး သီတင်းသုံးနေကြောင်း ဝတ္ထုဖြင့် အစချီလျက် ဤတရားကို ဟောလေသည်။ တစ်နေ့သ၌ ဘာရဒွါဇ၏ မိတ်ဆွေ မာဂဏ္ဍီ ပုဏ္ဏားကြီးသည် ထိုနေရာသို့ အလည် ရောက်လာသည်။ မြက်ခင်းကလေး ကို တွေ့တော့ ထိုနေရာမှာ ဘယ်က သူတော်ကောင်းများ လာပြီး နေသလဲဟု မေးသည်။ ဘာရဒွါဇ ပုဏ္ဏားက ဂေါတမ မြတ်စွာဘုရား ကြွလာပြီး သီတင်းသုံးရာ နေရာ ဖြစ်ကြောင်း ပြောသည်။ ထိုစကားကို ကြားသောအခါ မာဂဏ္ဍီ ပုဏ္ဏားက သူ့နားထဲမှာ ဂေါတမဆိုသော အသံတောင် မကြားချင်ကြောင်း၊ ဂေါတမ မြတ်စွာ ဘုရားသည် လောကီ ကြီးပွားကြောင်းကို ဖျက်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု သူတို့ တတ်ထားသော စာမှာပါကြောင်း ပြောလေသည်။ (ဤဝတ္ထုကို ရှေ့မှာ အကျယ် ဟောခဲ့ဖူးပြီ) မြတ်စွာဘုရားသည် ဤမာဂဏ္ဍီ ပုဏ္ဏားကြီးအား ချေချွတ်ဖို့အတွက် လွန်ခဲ့သော ၄–၅ ရက်ကပင် ဤမြက်ခင်းနေရာသို့ ကြွပြီး သီတင်းသုံး နေတော်မူခြင်း ဖြစ်သည်။

ဘာတဒွါနှင့် မာဂဏ္ဍီ ပုဏ္ဏားတို့ အပြန်အလှန် ဝေဖန် ပြောဆိုနေ[ကြ] သော စကားများကို မြတ်စွာဘုရားက အဝေးကပင် ဒိဗ္ဗသောတ အဘိဉာဏ်[ဖြင့်] ကြားတော်မူ၍ မေးလေသည်။ ဘာရဒွါဇနှင့် မာဂဏ္ဍီ ပုဏ္ဏားတို့ မြက်ခင်းနှင့် ပတ်သက်ပြီး သင်တို့ ဘာတွေ ပြောနေကြတာလဲ မေးသည်။ သူတို့ ပြောနေတာကို ဘုရားက အဝေးကြီးက ကြားနေတာ သိတော့မှ မာဂဏ္ဍီက ဝတ်ပြု၍ အရိုအသေ ပြုသည်။ ထိုအခါ မြတ်စွာဘုရားက မာဂဏ္ဍီ၊ သင်ပြောသော ကြီးပွားခြင်းကို

ဖျက်သော ပုဂ္ဂိုလ်ဆိုတာ အာရုံခြောက်ပါး ရှိသည်။ အာရုံခြောက်ပါးမှာ စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ မနောဝိညာဉ်တွေ ဖြစ်လျှင် ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေ ဖြစ်သည်။ ထိုသို့ ဖြစ်လျှင် ဇာတိ၊ ဇရာ၊ မရဏတွေ ဖြစ်သည်။ ဒီလို မဖြစ်အောင် လုပ်တာကို ကြီးပွားခြင်း ဖြစ်သည်ဟု သင် ဆိုလိုသလားဟု ဘုရားက မေးသည်၊ မာဂဏ္ဍီတို့က ပဋိစ္စသမုပ္ပာဒ် ဆက်မှ ကြိုက်သည်။ မြတ်စွာဘုရားက ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်ရသော ဖြစ်စဉ်၏ အပြစ်တွေကို မြင်၍ ထီးနန်း၊ စည်းစိမ်ကိုပင် စွန့်ခဲ့သည်။ ထို လောကီ စည်းစိမ်တို့ထက် မြတ်သော နိဗ္ဗာန်ချမ်းသာကို ငါ တွေ့မြင် ခံစားခဲ့ရပြီး ဖြစ်၍ ထိုလောကီ အာရုံ ကာမဂုဏ် စည်းစိမ်တွေကို မျှော်လင့်ခြင်း၊ တောင့်တခြင်း မရှိတော့ကြောင်း ရှင်းပြသည်။ ဥပမာ ပြောရလျှင် နတ်စည်းစိမ်ကို ခံစားနေရသူသည် လူ့စည်းစိမ်ကို ခင်မင် တောင့်တ ပါဦးမည်လား။ ထို့အတူ ငါသည် ကာမဂုဏ် တို့၏ အပြစ်တွေကို မြင်ပြီး၍ နိဗ္ဗာန် ချမ်းသာကိုသာ အာရုံပြုနေပြီ ဖြစ်သည်။ သင်ပြောသော လောကီ ချမ်းသာသည် နူနာ စွဲနေသူ၊ နူနာပိုး ကိုက်သောအခါ မီးကင် နေရသည်ကို ချမ်းသာသည်ဟု ထင်ပုံမျိုးနှင့် တူကြောင်း ပုံခိုင်း၍ ဟောတော် မူလေသည်။ [*နှာ–၂၄၀*] သင်တို့မှာ ကိလေသာ နူနာ ရှိသောကြောင့် သားမယား၊ စီးပွားဆိုသော မီးဖိုနား ကပ်ချင်ကြသည်။ ငါ့မှာ ကိလေသာ အနာ မရှိသောကြောင့် မီးအပူနားကို မကပ်ချင်ဟု ရှင်းပြသည်။ ဆေးကုသဖြင့် နူနာ ပျောက်သောသူသည် မီးကင်ချင်စိတ် မရှိတော့ပါ။ [*နှာ–၂၄၂*] ဘုရားက လောက ကြီးပွားရေး ပြတ်တယ်ဆိုတာ ဒုက္ခ ပြတ်တာကို ဆိုခြင်းဖြစ်သည်။ မာဂဏ္ဍီတို့ကတော့ ဒုက္ခ ပြတ်မှာကို စိုးရိမ်သည်။ လောကီ စည်းစိမ်တွေ များလာတာသည် ဘုရား အမြင်တွင် ဒုက္ခတွေ များလာတာ၊ ပိုလာတာ ဖြစ်သည်။ ဘုရား အမြင်တွင် ထိုဒုက္ခတွေ၊ အပူအပင်တွေကို ချမ်းသာတာ ဟုမြင်သည်။ ကြီးပွားတာ၊ တိုးတက်တာဟု မြင်သည်။ ဘုရားအမြင်၌ ထိုပုထုဇဉ်ကို အရူးဟုမြင်သည်။ ဒုက္ခ တိုးလာတာကို ဝမ်းသာနေတာသည် ရူးတာပဲဟု ဘုရား ရှုမြင်သည်။

ထို့နောက် ပုထုဇဉ်သည် အဝိဇ္ဇာကြောင့် မျက်စိလည်နေပုံများကို ဦးမာဒင်ကို ဥပမာပြုပြီး ဟောသည်။ ကိလေသာနှင့် ဝေးရာ မီးပူနှင့် ဝေးရာ ဆရာသမား အနီးကို လာနေရင်းက အိမ်က မီးတွေနှင့် ဝေးလို့ စိတ်ပူနေကြပုံကို ဟောခြင်း ဖြစ်သည်။ မျက်စိလည်နေတာဟု ဆိုသည်။ မင်းစည်းစိမ်၊ လောကီစည်းစိမ် ချမ်းသာ

သည် မီးနှင့် တူစွာ ပူလောင်စေသော သဘောရှိကြောင်း ငါ သိ၍ စွန့်ခဲ့ကြောင်း ဘုရားက ဟောသည်။ မာဂဏ္ဍီက ဘုရား ဟောနေသော နန္ဒာကို၊ ကိလေသာ အနာသဘောကို နားမလည်။ သူ့ စိတ်ထဲ ငန်းနာ၊ မန်းနာကိုသာ အနာဟု ထင်နေသည်။ နားမလည်မှန်း သိတော့ ဘုရားက 'အာရောဂျ ပရမံ လာဘံ နိဗ္ဗာနံ ပရမံ သုခံ အဋ္ဌဂိကောစ မဂ္ဂါနံ ခေမာ အမတ ဂါမိနံ' ဂါထာကို ရွတ်လိုက်သည်။ အာရောဂျ ပရမံ လာဘံ ဆိုတာ ကိလေသာ အနာ မရှိမှ ကြီးစွာသော လာဘ်ကြီး ဖြစ်ပုံ၊ အဋ္ဌဂိကော မဂ္ဂါနံ ခရီး အပေါင်းတို့တွင် မဂ္ဂင်ရှစ်ပါး လမ်းသည်သာလျှင် နိဗ္ဗာန် ရောက်ကြောင်း လမ်း ဖြစ်သည်။ ခေမာ အမတ ဂါမိနံ ဖြစ်သည်။ [နှာ-၂၅၁] ကိလေသာ မီးတွေ၏ အပြစ်တွေ မြင်ပြီး ရုန်းထွက်မှသာ ဘုရားဖြစ်သည်။ 'နိဗ္ဗာန်၊ မဂ်၊ ဖိုလ်ကို ရသည်။ မာဂဏ္ဍီ၏ အမြင်တွင် သူ့ ကိုယ်မှာ အနာ မရှိ၍သာ ဘုရား အနားသို့ လာနိုင်သည်ဟု ထင်မြင်နေသည်။ ဘယ်ဟာ အနာ မရှိသလဲ ဘုရားက မေးတော့ သူ့ ရင်ဘတ်ကို ပုတ်ပြပြီး တပည့်တော်မှာ အနာ မရှိဘူးဟု ပြန်ဖြေသည်။ [နှာ-၂၅၅]

ထိုအခါ ဘုရားက သင်သည် ပညာမျက်စိ ကန်းနေသူ ဖြစ်သည်။ မိမိကိုယ်မှာ အနာရှိတာကို အနာရှိမှန်း ဟောလိုက်သည်။ ခန္ဓာကိုယ်ကြီးထဲမှာ ရောဂတော ဆိုသည့်အတိုင်း အနာရောဂါတွေ အပြည့်ရှိနေကြောင်း ဟောပြသည်။ ဒီခန္ဓာမှာ တစ်ခုပြီးတစ်ခု သေနေတာကို မြင်အောင် ရှုဉာဏ် ရှင်စိတ်ဖြင့် ကြည့်၊ အသေကို မြင်အောင် အရှင်နှင့် ရှုဟု ဦးမာဒင်ကို အလုပ်ပေးတရား ဟောသည်။ [နှာ-၂၅၇] သေတာ၊ နာတာက အနိစ္စ၊ ရှုတာက မဂ္ဂဖြစ်သည်။ ဝေဒနာ ပေါ်လျှင် ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ်၊ သေတာက လောဘ၊ ဒေါသ (တဏှာ)၊ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ အဝိဇ္ဇာ သင်္ခါရ အကုန်သေသည်။ ဒါကြောင့် သင်္ခါရ ပစ္စယာ ဝိညာဏ် မလာတော့ပါ။ ဝိညာဏ် မလာတော့ နောက်ထပ် ခန္ဓာ ငါးပါး မလာတော့ပါ။ မဂ်ဝင်လိုက်လျှင် ဒီအနာတွေ အကုန်ပျောက်သွားသည်။ စောင့်ကြည့်မှ တစ်ကိုယ်လုံးသည် အနာချည်းပဲ ဖြစ်သည်။ ဘာကြောင့် အနာတွေ ဆက်ဖြစ်နေရသလဲ ဆိုတော့ မဂ်မဝင်လို့ဟု ဆိုသည်။ [နှာ-၂၆၀] ပစ္စုပ္ပန် အနာကို မသိဘဲနှင့်လည်း သံသရာ အနာကို ဓာတ်မသိမ်းနိုင်ဟု ဆိုသည်။ မဂ်က ကိလေသာကို ဖြတ်သည်။ အနာတွေက ဒုက္ခသစ္စာ၊ ရှုပေးလို့ သိတာက မဂ္ဂသစ္စာ ဖြစ်သည်။ မဂ်က ဖြတ်ချလိုက်တော့ အဝိဇ္ဇာ၊ သင်္ခါရ အကုန်သေသည်။ နောက်ခန္ဓာ နန္ဒာလည်း

မလာတော့ပါ။ ခန္ဓာကိုယ်ကို ဘာမှ မလုပ်ဘဲ စောင့်ကြည့်နေလျှင် ခန္ဓာက ရောဂါတွေကို အရင်ပြမည်။ ယားတယ်၊ နာတယ်၊ အောင့်တယ်၊ တောင့်တယ်၊ ညောင်းတယ် စသည်တွေ ပြသည်။ ခန္ဓာက ပြတာအားလုံး ဒုက္ခချည်း ဖြစ်သည် (သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ပိ ဒုက္ခာ)။

ထို့နောက် စိတ်နှစ်ခု ပြိုင်ပြီး မဖြစ်။ တစ်ခုချုပ်မှ တစ်ခု ဖြစ်သည်။ ဒါကြောင့် သေစိတ်ကို ရှင်စိတ်ဖြင့်ကြည့် ဆိုသော ခါတိုင်း ဟောနေကျ အလုပ်ပေး တရားကို ဟောသည်။ ဝိပဿနာ အလုပ်ဆိုတာ ကိုယ့်အသေ ကိုယ်ရှုတဲ့ အလုပ် ဆိုသော ဆရာတော်၏ လက်သုံး စကားကို ဟောပြန်သည်။ [နာ–၂၆၅] သုခဝေဒနာလည်း စင်စစ် ဒုက္ခသစ္စာပဲ။ ဖြစ်တုန်း သုခ ထင်ရသော်လည်း သူပျက်တော့ ဒုက္ခပဲ ဖြစ်သည်။ [နာ–၂၇၀] ခန္ဓာပြတာတွေက ဒုက္ခသစ္စာချည်း ဖြစ်သည်။ စောင့်ကြည့်တာက မဂ္ဂသစ္စာ ဖြစ်သည်။ သေတာက သမုဒယသစ္စာ၊ တဏှာ ဖြစ်သည်။ နောက်ခန္ဓာ ဒုက္ခသစ္စာ မလာတာက နိရောဓသစ္စာ နိဗ္ဗာန် ဖြစ်သည်။ [နာ–၂၇၂] ဤသို့ ချုပ်တာသည် အနာကြည့်၍ အနာသိသော ပုဂ္ဂိုလ်မှာသာ ချုပ်သည်။ [နာ–၂၇၃] ဥပေက္ခာ ဝေဒနာကို ရှုလျှင် ပဋိစ္စသမုပ္ပာဒ် အစက ပြတ်သည်။ သုခဝေဒနာကို ရှုလျှင် အလယ်က ပြတ်သည်။ ဒုက္ခဝေဒနာကို ရှုလျှင် အဆုံးက ပြတ်သည်။ [နာ–၂၇၅] (ဤတရားမျိုးကို ရှေ့မှာ အကြိမ်ကြိမ် ဟောပြခဲ့ဖူးပြီ) ဒါကြောင့် ပဋိစ္စသမုပ္ပာဒ် ဖြတ်လမ်းမှ တစ်ပါး နိဗ္ဗာန်သွားလမ်း မရှိဘူးဟု ဆိုသည်။ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကို ဝိပဿနာ ရှုလိုက်လျှင် သစ္စာလေးပါး ဖြစ်သည်။ [နာ–၂၇၇]

ထို့နောက် သာသနာတွင်း ပုထုဇဉ်၊ သာသနာပ ပုထုဇဉ်ကို ခွဲပြပြန်သည်။ [နာ–၂၇၈] ကမ္မဿကတ ဉာဏ်၊ သာသနာပ ဉာဏ်၊ သစ္စာနုလောမိက ဉာဏ်၊ သာသနာတွင်း ဉာဏ် ဖြစ်ကြောင်း ရှေ့မှာလည်း အကြိမ်ကြိမ် ဟောခဲ့ဖူးပြီးပြီ။ ပြီးမှ သာဝက ပါရမီဉာဏ်ဖြင့် ခုနိဗ္ဗာန်ရလျှင် ခုယူမည့်သူသည် ဝိပဿနာ အလုပ်ကို လုပ်တာ အကောင်းဆုံးဖြစ်ကြောင်း ဟောသည်။ မိလိန္ဒ ပဉှာမှာ ဝိပဿနာရှုသော ယောဂီသည် တောထဲက ကျားတို့၊ ကျားသစ်တို့ သားကောင် ဖမ်းသလို စောင့်ဖမ်းဖို့ကို သင်ကြားပေးသည်။ [နာ–၂၈၀] ထို့နောက် ဆုံးမစကားများကို ဆိုပြန်သည်။ ကိလေသာကုန်လျှင် နိဗ္ဗာန်မြင်သည်။ ဘယ်တော့မှ ဒီကိလေသာ

ကုန်မလဲဆိုလျှင် ခန္ဓာကို ဖြစ်ပျက်ရှု၊ ဖြစ်ပျက်မြင်ပြီး သူ့ကို ဒုက္ခသစ္စာဟု သိလျှင် မလိုချင်တော့ဘူး ဆိုလျှင် ဖျတ်ဆို အကုန်ချုပ်သည်ဟု ဟောထားသည်။ [နာ-၂၈၂] ခန္ဓာရှိတုန်း ချုပ်သွားတာက သဉပါဒိသေသ နိဗ္ဗာန်၊ ကိလေသာ နုနာတွေ ပေါက်ဖို့ ခန္ဓာ မရှိတော့တဲ့ နိဗ္ဗာန်က အနုပါဒိသေသ နိဗ္ဗာန်ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၈။ ကိုယ်တွင်း စုံစမ်းရေး

[ ၉-၁၂-၆၀ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

ဒီဘဝမှာ ခံစားချင်ပြီး ဟိုဘက် နောက်ဘဝမှာ ခံစားချင်သေးတာ သဿတဒိဋ္ဌိ ဖြစ်ကြောင်း အစချီပြီး ဤတရားကို ဟောပါသည်။ ဒီကိုယ်နှင့် ပြုလုပ်ပြီး ဒီကိုယ်နှင့်ပင် ခံစားချင်တာ သဿတဒိဋ္ဌိပဲဟု ဆိုသည်။ ဒီပုဂ္ဂိုလ်က ပြုလုပ်ပြီး နောက်ဘာမှ ဆက်မဖြစ်တော့ဘူး။ ပြုပြီး ပြီးတာပဲဟု ယူသော အယူသည် ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်ပုံကို ရှင်းသည်။ ဤဒိဋ္ဌိနှစ်မျိုး အနက် တစ်မျိုးမျိုး ရှိနေလျှင် နိဗ္ဗာန် မရ တော့ပါ။ သဿတဒိဋ္ဌိကတော့ သုဂတိကို ရနိုင်သေးသည်၊ ဥစ္ဆေဒဒိဋ္ဌိကတော့ သုဂတိတောင် မရဘူး၊ အပါယ်ငရဲပဲ ရသည်ဟု ရှင်းလင်း၍ ဟောသည်။ [နာ-၂၈၆] ယနေ့ဟောမည့် တရားသည် ကိုယ်တွင်း စုံးစမ်းရေးတရား ဖြစ်သည် ဆို၏။ ဒကာ၊ ဒကာမများရဲ့ သန္တာန်မှာ မဂ်၊ ဖိုလ် မရထိုက်တဲ့ တရားများ ရှိနေသလားဟု ယနေ့ စုံစမ်းစစ်ဆေးမည် ဖြစ်သည်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ တရားနှစ်ပါး ရှိနေ လျှင် ဘယ်လိုပင် အားထုတ်သော်လည်း နိဗ္ဗာန်ကို မရနိုင်တော့ပါ။ မဂ်တား၊ ဖိုလ်တား တရားနှစ်ပါး ဖြစ်သည်။ သဿတ၊ ဥစ္ဆေဒ အစွန်းတရား နှစ်ပါးကို ပယ်ပြီး အလယ်လမ်း၊ မၛ္ဈိမ ပဋိပဒါကို ဟောမည်ဟု ဆိုသည်။

သဿတဒိဋ္ဌိ သမားသည် ဘဝ ချုပ်ငြိမ်းသော နိဗ္ဗာန်ကို မလိုချင်။ သူက ဘုံဘဝထဲမှာပဲ နေချင်သည်။ ဥစ္ဆေဒဒိဋ္ဌိ သမားကတော့ ဘဝ ပြတ်ခြင်းကို နှစ်သက် သည်။ သေလည်း ပြီးတာပဲဟု ယူဆသည်။ [နာ-၂၈၈] ယခုထိ ကျွတ်တမ်း မဝင်သေးတာ ဤဒိဋ္ဌိနှစ်မျိုး အနက် တစ်မျိုးမျိုး ခုခံနေ၍ ကျွတ်တမ်း မဝင်တာလား စဉ်းစား ဆုံးဖြတ်ရမည်။ မိမိကိုယ်၌ ဘယ်ဒိဋ္ဌိ ရှိနေသလဲ သိအောင် စုံစမ်းပုံများကို ပြသည်။ တရားနာသဖြင့် ဒုက္ခတွေ ပြတ်စဲပြီး ဒုက္ခ ချုပ်ငြိမ်း၊ ရပ်သိမ်းသော

နိဗ္ဗာန်ကို နားလည်သည့်တိုင် ဒီနိဗ္ဗာန်ကို ဖြည်းဖြည်းပဲ ယူမည်ဟု စိတ်ထဲ ပေါ်လာလျှင် သဿတဒိဋ္ဌိ ခံနေပြီဟု သိရမည်။ ဉစ္ဆေဒဒိဋ္ဌိ သမားက ဒီဘဝမှာ ဆင်းရဲလွန်းလှတာ သေတာပဲ ကောင်းတယ်၊ သေရင် ပြီးတာပဲဟု သဘောထားသည်။ သူက ဘဝပြတ်တာ ကြိုက်သော်လည်း နိဗ္ဗာန်ကို ကြိုက်တာတော့ မဟုတ်ဟု ဆိုသည်။ [နှာ-၂၈၉] သဿတနှင့် ဉစ္ဆေဒ သဘောကို ကွဲအောင် ပြသည်။ သဿတ ဒိဋ္ဌိ သမားက ဘဝပြတ် ဟောလျှင် မကြိုက်ဘူး။ ဉစ္ဆေဒ ဒိဋ္ဌိ သမားက ဘဝပြတ် ဟောလျှင် ကြိုက်သည်။ နှစ်ယောက်စလုံး မမှန်ဘူးဟု ဆုံးဖြတ်ချက် ချထားသည်။ [နှာ-၂၉၀] ဘုံဘဝထဲ ပုန်းအောင်းပြီး ဘဝ ကောင်းစားရေးကို လိုချင်တာက သဿတ ဒိဋ္ဌိ သမား ဖြစ်သည်။ ဉစ္ဆေဒ ဒိဋ္ဌိ သမားက နိဗ္ဗာန်ကို ဟောလျှင် ဟောတာထက် လွန်ပြီး ဉာဏ်ချွန်ထွက်သွားသည်။ [နှာ-၂၉၂] ဒီ ဒိဋ္ဌိနှစ်မျိုး တစ်မျိုးမျိုး ခံနေ၍ အလယ်လမ်းကို မရောက်တာဟု ဆိုသည်။ အလယ်လမ်းကို မရောက်သေးသရွေ့လည်း နိဗ္ဗာန် မရဘူးဟု ဆိုသည်။

ထို့နောက် သဿတဒိဋ္ဌိ သမား၏ စိတ်နေစိတ်ထားကို ဟောသည်။ သူက ဒီဘဝ၊ ဟိုဘဝ ရှိသည်ဟု ယုံသည်။ အထူးသဖြင့် ကုသိုလ်ပြုတတ်သည်။ အကုသိုလ်လည်း သူကြောက်သည်။ သို့သော် သူ့စိတ်က ဝဋ်သံသရာထဲမှာ၊ ဘုံဘဝထဲမှာ ပျော်နေသည်။ ထိုသူမျိုး ဆရာကောင်းနှင့် တွေ့တာတောင် ကျွတ်တမ်းဝင်ဖို့ ခဲယဉ်းသည်။ [နှာ-၂၉၃] ဉစ္ဆေဒ သမားကတော့ ဒီဘဝ၊ ဟိုဘဝ ရှိသည်ဟု မယုံကြည်ပါ။ ကုသိုလ်လည်း ပြုလေ့မရှိဘူး။ အကုသိုလ်ကို ရဲရဲတင်းတင်း ပြုရဲသည်။ သို့သော် ဘုရားနှင့် တွေ့လျှင်ဖြစ်စေ၊ ဘုရား၏ သားတပည့် ဆရာတွေနှင့် တွေ့လျှင်ဖြစ်စေ သူ့အယူကို မြန်မြန် စွန့်တတ်သည်။ ကျွတ်တမ်းဝင်ဖို့လည်း မြန်သည်။ ဒီနေ့ တရားမှာ မဇ္ဈိမပဋိပဒါ အလယ်လမ်းကို ရောက်အောင် ပြင်ရမည်ဟု ဆိုသည်။ [နှာ-၂၉၄] ခန္ဓာငါးပါး ရှိသည်။ ထိုခန္ဓာငါးပါးမှာ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား ရှိသည်။ အသုဘတရား ရှိသည်။ ဤသို့ ယူလျှင် မဇ္ဈိမပဋိပဒါ လမ်းပေါ် ရောက်ပြီ ဆို၏။ [နှာ-၂၉၅] 'ဣဓ ဘိက္ခဝေ ဘိက္ခုဘူတံ ဘူတတော ပဿတိ' ခန္ဓာငါးပါး ရှိသည်။ ထိုခန္ဓာငါးပါးသည် အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲ၊ အသုဘပဲဟု အသိ ငါးမျိုး ဝင်လာသည်။ ထိုသို့ အသိ ငါးမျိုး ဝင်လာခြင်းသည် အလယ်လမ်းပေါ် တက်ခြင်းဖြစ်သည် ဆို၏။ [နှာ-၂၉၅] ဤတရားများ၏ ဖြစ်မှုကို မြင်လျှင် ဉစ္ဆေဒ ဝင်သည်။ အပျက်ကို မြင်လျှင် သဿတဒိဋ္ဌိ စင်ပြီဆို၏။ [နှာ-၂၉၆] အလယ်လမ်း တက်လိုက်တာနှင့် ဒိဋ္ဌိ နှစ်မျိုး စင်သည်။ ခိုင်တယ်၊ မြဲတယ်

ယူသော အယူနှင့် ပြတ်တယ်ဆိုသော အယူနှစ်ခု စင်သွားသည်။ ဖြစ်ပျက်မြင်လျှင် ဒိဋ္ဌိနှစ်မျိုး စင်ပုံကို ပြခြင်းဖြစ်၏။ ရှေးသံသရာ ဘဝတစ်လျှောက်လုံးမှာ ဤသို့ အမြင် မစင်ကြယ်ခဲ့ ခြင်းမှာ ဝိပဿနာ ကင်းခဲ့လို့ ဖြစ်သည်ဆို၏။ [နာ–၂၉၈]

ထို့နောက် ဖြစ်ပျက်သိပုံကို ဝေဒနာတစ်ခု ဖြစ်၍ ပျက်ပုံ ဥပမာပြ ဟောသည်။ ဝေဒနာတစ်ခု ဖြစ်သည်၊ နာသည်ဟု သိသည်။ နာတာကလေး ပျောက်သွားသည်။ ပျောက်သွားပြီဟု သိလိုက်သည်။ အာရုံဘက်ကလည်း ဖြစ်ပျက်၊ အာရမ္မဏိက ဘက်ကလည်း ဖြစ်ပျက်ပဲ ပေါ်အောင် ပြသည်။ [နာ–၃၀၀] ဖြစ်ပျက်ကို မြင်မှသာ ဘူတံ ဘူတတော ဒိသွာ ဖြစ်ကြောင်း ဟောသည်။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို ပြနေတာဟု ဆိုသည်။ [နာ–၃၀၂] ဘူတံ ဘူတတော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဖြစ်ပျက် မြင်ပြီးမှ ငြီးငွေ့တာ လိုက်သည်။ ငြီးငွေ့ပြီဆိုလျှင် မလိုချင်တော့ပါ။ ယထာဘူတ ဉာဏ်က ဒိဋ္ဌိပယ်သည်။ ထို့နောက် နိဗ္ဗိန္ဒဉာဏ်ကို ရောက်သည်။ နိဗ္ဗိန္ဒဉာဏ် လာပြီးလျှင် မဂ်ဉာဏ် လာတော့မည်။ ခန္ဓာငါးပါး မလိုချင်တော့ဘူး ဆိုမှ မဂ္ဂင်ရှစ်ပါး ပေါ်ထွက်လာသည်။ ဒုက္ခသစ္စာ ခန္ဓာကြီး ပျောက်ထွက်သွားသည်။ နိရောဓ သစ္စာ နိဗ္ဗာန်ကြီး ပေါ်ထွက်လာ သည်။ [နာ–၃၀၈] ဒါကြောင့် ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက် မုန်းလျှင် မဂ်ရဖို့ အလွန် နီးသွားပြီဟု ဆိုသည်။ ဖြစ်ပျက် မြင်ပြီဆိုလျှင် ငါ မဂ်ရတော့မည်ဟု ဆုံးဖြတ်ချက် ချဟု ဟောရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

## ၉။ ဘေးကြီးလေးပါး အလုပ်ပေးတရား

[ ၁၀–၁၂–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောသော တရား ]

ဒီနေ့ ဘေးကြီး လေးဘေးကို ပြောရလိမ့်မယ်ဟု အစချီလျက် ဤတရားကို ဟောတော်မူသည်။ စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်မှာ ဘေးကြီး လေးဘေး သင့်နေသည့် အကြောင်းကို မြတ်စွာဘုရား ဟောတော်မူသည်။ ဘေးသင့်နေတာ ကိုယ်တိုင်သိမှ ဘေးလွတ်ရာကို ရှောင်နိုင်မည် ဖြစ်၏။ ပထမဘေးက ဇာတိဘေး ဖြစ်၏။ ပဋိသန္ဓေ နေရတာ ဘေးသင့်ခြင်း ဖြစ်သည်။ ဇရာဘေးသည် အိုရသည့်ဘေး ဖြစ်သည်။ ဗျာဓိဘေးက အနာရောဂါ ကျရောက်သည့်ဘေး ဖြစ်သည်။ မရဏဘေးမှာကား သေဘေး ဖြစ်သည်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဘေးကြီးလေးဘေး သင့်နေသည်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ သစ္စာဖွဲ့ကြည့်တော့ အားလုံး ဒုက္ခသစ္စာချည်း ဖြစ်သည်။ ဘေးသင့်တဲ့ နေရာရှိလျှင် ဘေးလွတ်တဲ့ နေရာလည်း ရှိသည်။ အဇာတိ – ပဋိသန္ဓေ

နေခြင်း မရှိသော နိဗ္ဗာန်၊ အဇရံ– အိုခြင်းကင်းသော နိဗ္ဗာန်၊ အမကံ– သေခြင်းကင်းသော နိဗ္ဗာန် ဆိုသဖြင့် ဘေးလွတ်ရာသည် နိဗ္ဗာန်ဖြစ်သည်။ [နှာ–၃၁၇] ပုထုဇဉ် ဘေးသင့်နေသည့် နေရာမှာ ပျော်နေပုံကို လင်းတ ခွေးသေကောင် စား၍ ပျော်နေခြင်းနှင့် တူသည်ဟု ပုံနှိုင်းထားသည်။ [နှာ–၃၁၈]

ယနေ့ဟောသော တရားသည် ဘေးလွတ်ရာလမ်း ပြသောတရား ဖြစ်သည်ဟု ဆိုသည်။ [နှာ–၃၂၀] ပုထုဇဉ်တွေ ဒီဘဝ မကောင်း ဟိုဘဝ ပြောင်းချင်နေကြတာသည် သစ္စာမသိ၍ ဖြစ်ကြောင်း ဝေဖန်ပြထားသည်။ [နှာ–၃၂၃] ဘုံဘဝ ပြောင်းခြင်းမှာ ဤအကျဉ်းထောင်မှ ဟိုအကျဉ်းထောင်သို့ ပြောင်းခြင်းနှင့် တူသည်ဟု နှိုင်းယှဉ် ပြထားသည်။ ပုထုဇဉ်သည် ဘဝတဏှာ ချော့ထားသဖြင့် ရောက်ရာဘဝ အကျဉ်းထောင်ထဲမှာ ပျော်အောင် နေသည်။ ဘေးသင့်အောင် တွန်းချတာက မသိမှု အဝိဇ္ဇာ၊ ဘေးသင့်ရင်း ပျော်အောင်နေဖို့ ခိုင်းတာက တဏှာ ဖြစ်ပုံကို သဘောကျအောင် ဟောသည်။ [နှာ–၃၂၇] တစ်သံသရာလုံးမှာ အဝိဇ္ဇာ၊ တဏှာ လူမိုက် နှစ်ယောက်နှင့်ချည်း ပေါင်းသင်းပြီး နေခဲ့ရသည်ဟု ဆိုသည်။ ပျော်ချင်ရင် စဉ်းစားပါ။ ဘေးသင့်တဲ့ အထဲမှာ ပျော်နေတာ မင်းရူးနေပြီလားဟု မေးပါ။ မပျော်သင့်တဲ့ နေရာ ပျော်နေတာဟာ ရူးခြင်း၊ သွပ်ခြင်းပင် ဖြစ်၏။ [နှာ–၃၂၉] ဒီနေ့ တရားက လွတ်ရေး၊ ကျွတ်ရေးကို ရှာရမည့် တရား ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ပြပြီး အတိတ်ဘဝမှာ အဝိဇ္ဇာ ဦးဆောင်နေကြောင်း ပြသည်။ သစ္စာ မသိသော အဝိဇ္ဇာ အုပ်စိုးထားသဖြင့် ထိုပုထုဇဉ်သည် စုံလုံးကန်း ဖြစ်နေသည်။ စုံလုံးကန်း လမ်းသွားတော့ သွားမိသွားရာ၊ လျှောက်မိလျှောက်ရာ လျှောက်သည်က သင်္ခါရ ဖြစ်သည်။ သင်္ခါရ ပစ္စယာ ဝိညာဏံ ဆိုတော့ ဇာတိဘေး ရသည်။ ပဋိ သန္ဓေ ဝိညာဏ် ဖြစ်တော့ ပဥ္စဝေါကာရ ဘုံမှာ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး တစ်တွဲတည်း ရသည်။ [နှာ–၃၃၁] ဇာတိဘေး သင့်လျှင် ဇရာဘေး၊ ဗျာဓိဘေး ပြေး၍ မလွတ်တော့ပါ။ ဘေး လေးဘေး သင့်ပြီ။ [နှာ–၃၃၂] လက်သည်က အဝိဇ္ဇာနှင့် သင်္ခါရ ဖြစ်သည်။ ထိုအဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်၊ သင်္ခါရကို အသင်္ခါရ ဖြစ်အောင် ပြောင်းရမည်။ ပြုပြင်ရမည်။ ထိုသို့ ပြုပြင် ပြောင်းလဲနိုင်လျှင် ထောင်က လွတ်တော့မည်ဟု ဆိုသည်။ [နှာ–၃၄၀]

အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော ဖြစ်မှ ကိုက်မည်။ [နှာ–၃၄၁] အကန်း လမ်းသွား သွားခဲ့၍ ဇာတိ ချော်လဲပြီး အမိဝမ်းခေါင်း အောင်းခဲ့ရတာ အဆိုးလား၊ အကောင်းလား ဝေဖန်ရမည်။ ဇရာ၊ ဗျာဓိဘေး မလာခင် ဝေဖန်ရမည်။

အိုမင်းမစွမ်း မဖြစ်ခင် ရောဂါအနာရပြီး အိပ်ရာဖျာကပ် မိုင်းမိုင်း မလဲခင် ဘေးလွတ်ရာကို ရှာရမည်။ ရှေ့မှာ အချိန်မရှိတော့ဘူးဟု သိရမည်။ [နှာ–၃၄၂] ဇရာ၊ ဗျာဓိ မရောက်ခင် အချိန်ရခိုက်ကလေးမှာ ဝိပဿနာ အလုပ်ကို လုပ်ကြဖို့ တိုက်တွန်းတော်မူသည်။ [နှာ–၃၄၅] ခန္ဓာငါးပါးကို ဉာဏ်သွင်းပါဟု ဟောသည်။ [နှာ–၃၄၆] ဝိပဿနာ မဂ်ဉာဏ် သွင်းရမည်။ ခန္ဓာငါးပါး တစ်ပါးပါးကို ဖြစ်ပျက် ရှုပါ။ ခန္ဓာငါးပါးမှာ ဖြစ်တိုင်း၊ ပျက်တိုင်း ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲဟု ရှုရမည်။ ဒုက္ခသစ္စာကို သိသွားလျှင် အဝိဇ္ဇာမှ ဝိဇ္ဇာ ဖြစ်သွားပြီ။ [နှာ–၃၄၈] ဝိဇ္ဇာဉာဏ် ရလျှင် မျက်စိနှစ်ကွင်း အလင်းရပြီ။ မဂ္ဂင်လမ်းပေါ် ရောက်သွားပြီ။ အဝိဇ္ဇာနှင့် တဏှာ ချုပ်လျှင် ဥပါဒါန်၊ ကံ မလာတော့ပါ။ ဇာတိ၊ ဇရာ၊ မရဏ ချုပ်ပြီ။ ဒါဆို နောက်သေပွဲ ဝင်စရာ မရှိတော့ဘူးဟု ဆိုသည်။ [နှာ–၃၅၁] သမာဓိ မဂ္ဂင် ငါးပါး ပုဗ္ဗဘာဂမဂ် ရင့်သန်လာပါက လောကုတ္တရာမဂ် အလိုလို လာသည်။ ဒါကြောင့် ခန္ဓာငါးပါး တစ်ပါးပါးကို ဖြစ်ပျက်မြင်အောင် ရှုရမည်။ [နှာ–၃၅၂] ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းပြီး ဖြစ်ပျက်ဆုံးအောင် ရှုနိုင်ပါက ဖြစ်ပျက်တွေ အဆုံးသို့ ရောက်သွားလိမ့်မည်။ ဒါဆို ဘေးလေးဘေးက လွတ်ပြီ။ ဤက ထောင် လွတ်ရာကို မြင်အောင်လုပ်နည်း ဖြစ်သည်။ ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို မြင်တာက မဂ္ဂသစ္စာ၊ နောင်ဘဝ လိုချင်သော အဝိဇ္ဇာနှင့် တဏှာတွေ ချုပ်ပြီ။ ဒါဆို နောက်ဇာတိ၊ ဇရာ၊ မရဏဘေးက လွတ်တော့သည်။ နိရောဓသစ္စာ ပေါ်ပြီ။ ဤတွင် အချိန်စေ့၍ တရားရပ်နားသည်။

*

## ၁၀။ ပဏ္ဍိတာနဋ္ဌ သေဝနာ

[ ၁၁–၁၂–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

မိမိ မိုက်မဲနေသည် ဆိုသော မိမိကိုယ်မိမိ သိဖို့ အရေးကြီးသည် ဆိုသော စကားဖြင့် အစချီလျက် ဤတရားကို ဟောကြားတော်မူသည်။ မိမိကိုယ်မိမိ လိမ္မာတာလည်း သိဖို့ လိုသည်။ မှီဝဲသင့်တာကို မှီဝဲလျှင် လိမ္မာသည်။ မမှီဝဲသင့်တာကို မှီဝဲလျှင် မိုက်သည်ဟု ဆိုရမည်။ [နှာ–၃၅၃] မင်္ဂလသုတ်မှာ 'အသေဝနာစ ဗာလာနံ ပဏ္ဍိတာနဉ္စ သေဝနာ ပူဇာစ ပူဇ နေယျာနံ ဧတံမင်္ဂလ မုတ္တမံ'ဟု မြတ်စွာဘုရား ဟောကြားထားသည်။ (ရှေ့မှာလည်း ဤတရားကို ဟောကြားဖူးပြီ) မိုက်တယ် ဆိုတာ ပုဂ္ဂိုလ်က မိုက်တာ မဟုတ်ကြောင်း၊ မိမိသန္တာန်မှာ ကိန်းတဲ့ တရားက

မိုက်တာ ဖြစ်သည်ဟု ဟောသည်။ [နာ-၃၅၄] အဝိဇ္ဇာ ကိန်းလျှင် မိုက်မည်။ ဝိဇ္ဇာ ကိန်းလျှင် လိမ္မာမည် ဖြစ်၏။ ဒါကြောင့် လူလိမ္မာသည် မှီဝဲသင့်သော တရားကို မှီဝဲသူဖြစ်၍ လူမိုက်သည် မမှီဝဲသင့်သော တရားကို မှီဝဲသူ ဖြစ်သည်ဟု ဆိုနိုင်ကြောင်း ရှင်းပြသည်။ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိတာကို ရှိတယ်ထင်ပြီး ခင်မင်ကြင်နာ ဖွဲ့လမ်းနေကြတာသည် မိုက်မဲနေကြတာ ဖြစ်သည်။ အသေဝနာစ ဗာလာနံ ဖြစ်သည်ဟု အမြင်သစ်ဖြင့် ရှင်းပြသည်။ [နာ-၃၅၈/ပုထုဇဉ် သည် တစ်သံရာလုံး မမှီဝဲသင့်သော တရားတွေကိုချည်း မှီဝဲခဲ့ကြသည်။ ဒီလိုချည်း အနေကြာလာတော့ 'ပူဇာစ ပူဇ နေယျာနံ' ဖြစ်ဖို့ ခဲယဉ်းခဲ့သည်။ သားသေ၊ သမီး သေ မျက်ရည် ကြီး၊ ငယ် ကျရသည်။ ရုပ်နာမ် ဖြစ်ပျက်ပဲဟု မရှုတတ်ခဲ့ကြ။ သေဝနာစ ဗာလာနံပဲ ဖြစ်ခဲ့ကြသည်။ [နာ-၃၆၁]

ဝိပဿနာ ကင်းလျှင် သေဝနာစ ဗာလာနံပဲ ဖြစ်သည်ဟု ဆိုသည်။ [နာ-၃၆၃] အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို ရှုနေမှသာ ပဏ္ဍိတာနဥ္စ သေဝနာ ဖြစ်သည်။ [နာ-၃၆၄] ဤသို့ ရှုမြင်ခြင်းသည် စာအမြင်မဟုတ်၊ ခန္ဓာနှင့် စပ်၍ မြင်သော အမြင်ဖြစ်သည် ဆို၏။ တစ်သံသရာလုံး ဝိဇ္ဇာ ဥဒပါဒိ မဖြစ်ခဲ့တာ၊ ဘုရား အဆူဆူနှင့် လွဲခဲ့တာ မိုက်ခဲ့လို့၊ သေဝနာစ ဗာလာနံ ဖြစ်ခဲ့လို့ ဖြစ်သည်။ ပဏ္ဍိတာနဥ္စ သေဝနာ ဖြစ်မည်ဆိုလျှင် ခန္ဓာမှာ ဉာဏ်သွင်းပြီး ဝိပဿနာ ရှုခဲ့ကြမည် ဆိုလျှင် ပူဇာစ ပူဇ နေယျာနံ ဖြစ်ပြီး ဧတံမင်္ဂလ မုတ္တမံ ဖြစ်ခဲ့မည်ဟု ဆိုသည်။ [နာ-၃၆၉] ထို့နောက် ခန္ဓာထဲမှာ ရုပ်ဖြစ်စေ၊ စိတ်ဖြစ်စေ၊ ဝေဒနာဖြစ်စေ ဖြစ်ပျက် အနိစ္စ ရှုလျှင် အဝိဇ္ဇာ ပဟီယတိ- အဝိဇ္ဇာကို ပယ်သည်ဟု သံယုတ် ပါဠိတော် အင်္ဂုတ္တရနိကာယ်မှာ ဟောကြောင်း ဆိုထားသည်။ ဧတံမင်္ဂလ မုတ္တမံ ဆိုတာ နိဗ္ဗာန်ကို ရတာကို ပြောတာဟု အမြင်သစ်ဖြင့် ဟောတော်မူသည်။ [နာ-၃၇၄] မင်္ဂလသုတ် ကို ဘုရားဟောတာက ဝိပဿနာရှုဖို့၊ လူတွေက တရားမရှုဘဲ ရွတ်ရုံ ရွတ်နေကြ သည်။ သောက်ဆေးကို လိမ်းဆေး လုပ်နေကြသည်ဟု ဝေဖန်ပြထားသည်။ [နာ-၃၈၁] ပဏ္ဍိတာနဥ္စသည် ဖြစ်ပျက် ရှုသောဉာဏ် ဖြစ်သည်။ ဖြစ်ပျက် ရှုတာက မဂ်၊ ဒီလို ရှုလိုက်တော့ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ မလာတော့ပါ။ မိုက်မဲတဲ့ တရားတွေ မလာတော့ပါ။ /နာ-၃၈၂/

တဏှာ၊ ဥပါဒါန်၊ ကံ ချုပ်သဖြင့် ဟိုဘက် ဇာတိ၊ ဇရာ၊ မရဏ ချုပ်တာ နိဗ္ဗာန်ပဲဟု ဆိုသည်။ [နာ-၃၈၃] မင်္ဂလသုတ်သည် ဝိပဿနာတရား စစ်စစ် ဖြစ်ကြောင်း ဟောသည်။ [နာ-၃၈၄] ပဏ္ဍိတဆိုတာ ခင်ဗျားတို့ သန္တာန်မှာရှိတဲ့

ဝိပဿနာမဂ်ကို ဆိုလိုတာပဲ၊ ဒီဘက်က ဖြစ်ပျက်က မှိဝဲရမည့် တရားဖြစ်သည်ဟုလည်း ဆိုသည်။ [နာ–၃၈၅] မင်္ဂလသုတ် ဟောစဉ်က ကျွတ်တမ်းဝင်သူတွေ များလှသည်။ ဘယ့်နှယ်ကြောင့် ကျွတ်တမ်း ဝင်ကြသလဲ၊ မှိဝဲပုံ မှန်လို့ဟု ရှင်းပြသည်။ မကောင်းတဲ့စိတ် လာလာ၊ ကောင်းတဲ့စိတ် လာလာ၊ ဘာစိတ်ပဲ လာလာ ဖြစ်ပျက်သာ ရှုပါ။ ပဏ္ဍိတာနဉ္စ သေဝနာ ဖြစ်သည်ဟု ဟောသည်။ [နာ–၃၈၆] 'သရာဂံ စိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ' ဆိုသည့်အတိုင်း ရှုရမည်။ ဤသို့ နားလည်လျှင် ယထာဘူတဉာဏ် ရသည်။ မှိဝဲသင့်တဲ့ တရားကို မှိဝဲမှသာ ဧတံမင်္ဂလ မုတ္တမံ ဖြစ်ကြောင်း ထပ်ဟောသည်။ ဖြစ်ပျက်ကို ရှုတာက မှိဝဲအပ်သော တရားဖြစ်သည်။ ဒီတရားကို မှိဝဲလိုက်သဖြင့် တဏှာ၊ ဥပါဒါန်၊ ကံတွေ ချုပ်သည်။ ချုပ်သောကြောင့် ဧတံမင်္ဂလ မုတ္တမံ ဖြစ်သွားသည်။ အမြတ်ဆုံး နိဗ္ဗာန်ကို ရသည်ဟု ဆိုလိုသည်။ ဒီလောက်ဆို မင်္ဂလသုတ်နှင့် နိဗ္ဗာန် ရောက်ပြီဟု ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၁၁။ နိဝရဏ ပယ်နည်း (၁)၊ သံသရာတွင်း နေထိုင်ရပုံ

[ ၁၃–၁၂–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

သံသရာထဲမှာ ဘယ်လို နေခဲ့ကြရသလဲ ဆိုလျှင် ဇာတိပြီးတော့ ဇရာ သွားတာပဲဟု အစချီလျက် ဤတရားကို ဟောသည်။ နောက်ဗျာဓိ (နာခြင်း)သို့ သွားသည်။ နောက်ဆုံးမှာ မရဏ (သေခြင်း)သို့ သွားသည်။ သေပြီးပြန်တော့လည်း လူကနေပြီး တိရစ္ဆာန် ဖြစ်ပြန်ရင်လည်း ဇာတိပြီး ဇရာ၊ မရဏကို သွားရပြန်တာပဲ။ တစ်သံသရာလုံး ပဋိသန္ဓေ ပြောင်းပြီး သေလမ်းသွားသည့် အလုပ်ချည်း လုပ်ခဲ့ကြရသည်။ ဒါက ပဋိစ္စသမုပ္ပာဒ် အကျိုး လှည့်ပြတာ။ [နာ–၃၉၃] တစ်ခါ သစ္စာနှင့် ပြမည်ဆိုပြီး ပြပြန်သည်။ ဇာတိ (ဒုက္ခသစ္စာ)၊ ဇရာ (ဒုက္ခသစ္စာ)၊ မရဏလည်း ဒုက္ခသစ္စာပဲ ဖြစ်သည်။ နိဗ္ဗာန် မရသေးသရွေ့ ဒုက္ခဖြင့် အဝိုင်းပြေး ဖြစ်နေရမည်။ ဘဝ တစ်မျိုးပြီး တစ်မျိုး လှည့်ဖြစ်နေရပုံကို ဆရာတော်ကြီးက ခေါင်းပြောင်းပြီး လှည့်နေတာဟု ဆိုသည်။ တိုတိုနှင့် နှစ်မျိုး လှည့်ပြသည်။ ပထမ ပဋိစ္စ ပညတ် သဘောဖြင့် လှည့်ပြသည်။ ဒုတိယ သစ္စာနှင့် လှည့်ပြသည်။ [နာ–၃၉၅] ယခု ယနေ့တရားတွင် အင်္ဂုတ္တိုရ် ပဉ္စကနိပါတ် သိင်္ဂါရဝသုတ်ကို ဝိပဿနာ ရှုတတ်အောင်

အလုပ်သင်တရား အဖြစ် ဟောပါသည်။ [နာ–၃၉၆] အလုပ်သင် တရားမှာ ပညာအလုပ် ပါမှ ရသည်။ ဆုတောင်းရုံဖြင့် မရကြောင်း ထပ်ဟောပြန်သည်။ [နာ–၃၉၇]

ဒါကြောင့် ပညာကိုပဲ အကဲသာအောင် ဟောမည်ဖြစ်ကြောင်း၊ ပညာကို ဟောမည်ဆိုလျှင် ပညာက မထိုးဖောက်နိုင်အောင် ဖုံးကွယ်နေသော တရားသည် နီဝရဏ ဖြစ်သည်။ (လောဘ၊ ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ)။ ဤနီဝရဏ တရားများကို ဖယ်ရှားကြရမည်။ မဂ်ဉာဏ်ကို ဖုံးလွှမ်းနေသော တရားများ ဖြစ်သည်။ တရားဆိုးများဟု မှတ်ရမည်။ ဤတရားများကို ဖယ်နိုင်လျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရမည်။ [နာ–၃၉၈] ဒါကြောင့် ဤတရားများကို ရန်သူ အကြီးစားတွေဟု သဘောထားပြီး တိုက်ထုတ်ကြရမည်။ ကိုယ့်ဉာဏ်နှင့်ကိုယ် ဖြတ်ရမည်။ ထို့နောက် သီဂါရသုတ်ကို အင်္ဂုတ္တိုရ် ပဉ္စက နိပါတ်မှာ ထုတ်ပြီး ဟောသည်။ သီဂါရဝ ပုဏ္ဏားက မေးသည်။ အရှင်ဘုရား တပည့်တော်မှာ ပုဏ္ဏားများ ဆောင်ထားအပ်သော ဗေဒင်ကျမ်းဂန်စာတွေကို ရွတ်ဖတ် သရဇ္ဈာယ်ရင်း မေ့ကုန်တတ်ပါသည်ဘုရား။ တစ်ခါတ လေမှာ ရထားပြီး စာများကို မှတ်မိရုံမက မေ့ထားတာတွေတောင် ပြန်ပြီး သတိရတတ်ပါသည်။ ဤသို့ ဘာကြောင့် ဖြစ်ရပါသလဲဟု မေးလျှောက်သည်။ ဘုရားက ငါရှင်းပြမည် ဆိုပြီး ရှင်းပြသည်။ ဟဒယဝတ္ထု နှလုံးသွေး ကြည်သောအခါ မနော ဝိညာဉ်စိတ်တွေ ပေါ်ရသည်။ မျက်လုံးနှင့် အဆင်း တိုက်တော့ စက္ခုဝိညာဉ် ပေါ်သည်။ နှလုံးသွေး မကြည်ဘဲ နောက်နေလျှင် စိတ်လည်း မကြည်ဘဲ နောက်ကျိနေသည် ဆို၏။ [နာ–၄၁၅] စိတ်ပေါ်ပုံကို ဘုရားက ဥပမာ ပေးပြီး ဟောသည်။ ဥပမာ– ရေခွက်ထဲမှာ ဆေးနီ၊ ဆေးပြာ၊ ဆေးဝါတွေ ရောမွှေထားလျှင် ထိုရေထဲမှာ မိမိမျက်နှာ အရိပ် မထင်ရှား သကဲ့သို့ စိတ်မှာလည်း လောဘစိတ် အမျိုးမျိုး ပေါ်နေလျှင် စိတ်မကြည် ဖြစ်တတ်ပုံကို ပြသည်။

ဒါကြောင့် ရေခွက်ထဲမှာ နောက်ကျိနေသော အရောင်များ (လောဘစိတ်များ) ကို မဖယ်တတ်လျှင် ဉာဏ်ထိုင်းမှိုင်း နောက်ကျိနေမည်သာ ဖြစ်သည်။ ခန္ဓာကိုယ်မှာ အနိစ္စရှိ၍ အနိစ္စမြင်အောင် ရှုနိုင်လျှင် သမ္မာဒိဋ္ဌိ အမြင် ကြည်လင်သွားမည်ဟု ဆိုသည်။ အနိစ္စ မမြင်ဘူးဆိုလျှင် ဘာရောနေသလဲ ကိုယ့်ဘာသာ ဝေဖန်ပါ။ သားကိစ္စ၊ သမီးကိစ္စ ရောနေပြီ။ ရေထဲမှာ မိမိ၏ မျက်နှာရိပ် ထင်လာအောင်၊ ရေ ကြည်လင်လာအောင် လုပ်မည်ဆိုလျှင် ဆေးထဲမှာ ရောနေသော ဆေးနီ၊ ဆေးဝါ၊ ဆေးပြာ (နီဝရဏ တရား)များကို ဖယ်ရှားပစ်ရမည်။ နီဝရဏတွေကြောင့် တရား

မရတာကို ပါရမီကို မပုံ့ချရန်လည်း သတိပေးထားသည်။ လောဘ (ကာမစ္ဆန္ဒ နီဝရဏ)တွေကို ဝိပဿနာ မင်္ဂဉာဏ်ဖြင့် ဖယ်ရှားပစ်ရမည်။ [နှာ–၄၁၈] ဝိပဿနာ ဉာဏ် တစ်ချက် ဖြစ်လိုက်တာနှင့် ခဏိက သဘောဖြင့် ကိလေသာ (ကာမစ္ဆန္ဒ နီဝရဏ)တွေ ပြတ်ထွက်သွားသည်ဟု ဟောထားသည်။ ကိလေသာတွေကို ဉာဏ်ဖြင့် ဖယ်ပြီး ကြည့်တော့မှ ခန္ဓာ ဒုက္ခသစ္စာတွေကို အတိုင်းသား မြင်ရသည်။ ဖယ်တာ လည်း ဝိပဿနာဉာဏ်၊ နောက်ကျိတာလည်း ဝိပဿနာဉာဏ်၊ သံသရာ ပြတ်၏ဟု လည်း ဟောသည်။ [နှာ–၄၁၉] ပါရမီ ချမနေကြနှင့်၊ ထင်ရာ ပြောမနေကြနှင့်၊ ဘုရားက သိင်္ဂါရဝ ပုဏ္ဏားကို သေသေချာချာ ဟောထားတာ၊ ဝတ္ထုသက်သေ ရှိကြောင်း ပြသည်။ ခုနင်က ပြောသော ရောနေသော လောဘ (ဆေးနီ၊ ဆေးဝါ)ကို 'သရာဂ စိတ္တံ သရာဂ စိတ္တန္တိ ပဇာနာတိ'နှင့် ရှုလိုက်ပါ။ 'သမုဒယ ဓမ္မာနုပဿီဝါ ဝယဓမ္မာ နုပဿီဝါ စိတ္တသ္မိံ ဝိဟာရတိ' ဆိုပြီး ဖြစ်ပျက် ရှုလိုက်ပါ။ ဖြစ်ပျက် ရှုလိုက်တော့ ထိုနီဝရဏတွေ မရှိတော့ကြောင်း တွေ့ရမည်။ ဝိပဿနာ ရှုလိုက်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တွေ့ရမည်။

ဘာကြောင့် တွေ့သလဲ။ နီဝရဏတွေကို ဖယ်ပြီး ရှုလို့ တွေ့သည်။ [နှာ–၄၂၀] ဒုတိယ အချက်ကို ဟောပြန်သည်။ ဒါက ဒေါသ၊ (ဗျာပါဒ နီဝရဏ) ဖြစ်သည်။ နလုံးသွေး ပွက်ပွက်ဆူနေသည်။ ဒီအချိန်မှာ ခန္ဓာကိုယ် ဖြစ်ပျက်ကို ဉာဏ်သွင်းလိုက်ပါ။ ရေနွေး ဆူနေစဉ် မျက်နှာဟပ်ကြည့်ပါ။ မျက်နှာရိပ်ကို မမြင်နိုင် ကြောင်း တွေ့ရမည်။ ဒီတော့ စောစော နည်းပေးသည့်အတိုင်း ဒီဒေါသစိတ်ကို ဝိပဿနာ ဉာဏ်ထည့်ပြီး ရှုပစ်ပါ။ ဖြစ်ပျက် ရှုလိုက်တော့ ဆူနေတဲ့ရေ ငြိမ်ပြီး အေးသွားသည်။ အေးအောင်၊ ငြိမ်အောင် လုပ်ပစ်လိုက်ခြင်း ဖြစ်သည်။ [နှာ–၄၂၃] ဒီအချိန်မှာ မျက်နှာ ဟပ်ကြည့်တော့ ရေပြင် ကြည်လင် အေးမြနေ၍ ကောင်းစွာ အရိပ်ထင်သည်။ ကျုပ် ဒေါသဖြစ်နေတယ်၊ ဒီနေ့ ကမ္မဋ္ဌာန်း မထိုင်ဖြစ်ဘူး မလုပ်ပါနှင့်။ ဒေါသဖြစ်လျှင် သောကာ၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဝိဇ္ဇာ၊ သင်္ခါရတွေ လိုက်လာမည်။ ပဋိစ္စသမုပ္ပါဒ် အဆုံးက လည်ပြန် ပြီ။ [နှာ–၄၂၄] ဒေါသကို မဖယ်ရှားတတ်လို့ ပဋိစ္စသမုပ္ပါဒ် သံသရာ လည်ရခြင်း ဖြစ်သည်။

ဒါကြောင့် ဒေါသဖြစ်လျှင် ဒေါသကို အရင် ဖြစ်ပျက်ရှုပါ။ ဖြစ်ပျက် ရှုလိုက် တော့ ဒေါသ ဆူပွက်နေတာ အရှိန်သေပြီး ငြိမ်ကျသွားမည်။ အေးချမ်းသွားမည်။ ထိုအခါ ဉာဏ်အမြင် ကြည်လင်လာသည်။ ရေထဲမှာ မျက်နှာရိပ် ပီပီပြင်ပြင်

ပေါ်လာသည်။ ဒေါသဖြစ်လျှင် ဒေါသကို အရင်ရှု၊ ပြီးပါက မူလ ကမ္မဋ္ဌာန်းကို ပြန်ကောက်ဟု နည်းပေး လမ်းပြထားသည်။ [နှာ–၄၂၆] စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ ကြိုက်ရာ ပြန်ရှုဟု ဆိုလိုသည်။ ဒီနိဝရဏ နှစ်ခုကို ယခု ပယ်တတ်၊ ရှားတတ်ပြီ။ ထို့နောက် သုံးနံပါတ်ကို ဟောသည်။ သုံးနံပါတ် နီဝရဏမှာ ထိနမိဒ္ဓ ဖြစ်သည်။ မိမိစိတ် စေတသိက်ကို မနိုင်နင်းသဖြင့် ငိုက်မျဉ်းခြင်း ဖြစ်သည်။ သိင်္ဂါရဝ၊ သင်သည် ရပြီးသော စာများလည်း ပျောက်တာ၊ တစ်ခါတလေ မရသေးသော စာတွေတောင် ပြန်ပြီးပေါ်သည် ဆိုတာ ဟဒယဝတ္ထု နှလုံးသွေးထဲမှာ ထိနမိဒ္ဓ ရောနေလို့ဟု ဟောသည်။ [နှာ–၄၂၉] ရေပြင်ပေါ်မှာ ဒိုက်တွေ၊ မှော်တွေ ရောပြီး ဖုံးအုပ်နေလျှင် မိမိ၏ မျက်နှာရိပ် မပေါ်နိုင်သလို ဖြစ်သည်။ ဟဒယဝတ္ထုပေါ်မှာ ငိုက်မျဉ်းသောစိတ် ပေါ်နေလျှင် ဉာဏ်ဝင်ခွင့် မရကြောင်း ဟောသည်။

ဒါကြောင့် နည်းပေးပြီး ဖြစ်သလို ယောဂီသည် ထိနမိဒ္ဓကို ပထမ ဖြစ်ပျက် အရင်ရှုရမည်။ မှော်ဒိုက် ကင်းစင်အောင် ဖယ်လိုက်သဖြင့် ရေပြင် ကြည်လင်သွားမှ မျက်နှာရိပ် ပေါ်သလို ထိနမိဒ္ဓကို အရင် ဖြစ်ပျက်ရှု၊ ဉာဏ်ကြည်လင်သွားမှ မူလ ကမ္မဋ္ဌာန်းကို ပြန်ရှုပါ။ [နှာ–၄၃၀] ဤတရားကို ဟောရင်း နီဝရဏ ငါးပါး မဆုံးခင် အချိန်စေ့သည်။ တရားကို ရပ်နားလိုက်သည်။

*

## ၁၂။ နီဝရဏ ပယ်နည်း (၂)

[ ၁၄–၁၂–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

တရား နှလုံးသွင်းကြ၊ တရား မှတ်ကြဟု အစချီလျက် ဤတရားကို ဟောသည်။ နားက တရားနာပြီး ခန္ဓာကိုယ်ကို ဉာဏ်ဖြင့် လိုက်ရှုပါ။ ခန္ဓာကိုယ်က ဖြစ်တာ၊ ပျက်တာကို ဉာဏ်နှင့် လက်ညှိုး ပြနေသည်။ ဒါကို ရှုရ၊ ပွားရမှာ ဖြစ်လို့ သတိ ပေးလိုက်သည်။ ဆုတောင်းလို့ ရတာမျိုး မဟုတ်ဟု ဆိုသည်။ [နှာ–၄၃၃] နားက တရားနာဆိုပြီး တရားနာနည်း နိဿရည်းကို ပေးသည်။ ဖြစ်ပျက် မြင်တာ ကတော့ ဉာဏ်ကမှ မြင်တာဟု ဆိုသည်။ တရားနာရင် မင်္ဂ မရတာ၊ ဖိုလ် မရတာ သည် မနာတတ်လို့ ဖြစ်သည်။ နားက တရားနာပြီး ဉာဏ်က ခန္ဓာကိုယ်ဘက်ကို စိုက်လှည့်တတ်လျှင် တရားနာရင်း အချိန် ထက်ဝက်လောက်မှာ နိဗ္ဗာန်ကို ရနိုင်သည်ဟု ဆိုသည်။ [နှာ–၄၃၄] တရား နာရုံဖြင့် ရတာမဟုတ်။ ဉာဏ်စိုက်ပြီး ရှု၍သာ ရခြင်းဖြစ်ကြောင်း ရှင်းထားသည်။ ဘုရားက ဘာဝနာသုတ် ဆိုပြီး ဟောသည်။

[နှာ–၄၃၅] တရားရအောင် ဆုတောင်း၍ မရကြောင်း ကြက်မကြီး ကြက်ဥတွေ ဥပြီး မဝပ်ဘဲ ဆုတောင်းနေလျှင် ကြက်ကလေးတွေ ပေါက်မလာဘဲ ပုပ်သွားနိုင်ပုံကို ဥပမာပြသည်။ [နှာ–၄၃၇] အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဘာဝနာသုတ် ဆိုပြီး ဟောထားသည်။ လောဘ၊ ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဆိုသော နီဝရဏတရား ၅ပါးက ဟဒယဝတ္ထုပေါ် တည်နေလျှင် မဂ်တား၊ ဖိုလ်တား ဖြစ်နေကြောင်း ရှင်းပြသည်။ [နှာ–၄၄၀] နီဝရဏ ငါးပါးအနက် ၁–၂ကို ဟောခဲ့ပြီးပြီ။ ယနေ့ ၃–၄–၅ကို ဆက်ဟောမည်ဟု ဆိုသည်။ ဉာဏ်မျက်လုံးကို ကာမစ္ဆန္ဒ နီဝရဏတွေ ဖုံးနေလျှင် ဉာဏ်မျက်လုံး မကြည်ပုံကို ပြသည်။

ဒါကြောင့် ဉာဏ်မျက်လုံး ကြည်အောင် နီဝရဏ တရားများကို ဖယ်ရှားတတ်ဖို့ အရေးကြီးသည်။ နီဝရဏ တရားတွေကို ဉာဏ်နှင့် ဖယ်ထုတ် ပစ်လိုက်သည်နှင့် ခန္ဓာထဲမှာ ဖြစ်ပျက်တွေ ပေါ်လာသည်။[နှာ–၄၄၄] နီဝရဏ တရားတွေ ပေါ်လာလျှင် ထိုတရားတွေကို ဖြစ်ပျက် အရင် ရှုပစ်ပါဟု သင်ကြားထားသည်။ ပါရမီ မဆိုင်ဘူး၊ ပါရမီ မရှိလို့ တရား မရတာ မဟုတ်ဘူး၊ နည်းမကျလို့ မရတာဟု ဆိုသည်။ [နှာ–၄၄၇] နီဝရဏ လာရင် သူ့ကို အရင် ဖြစ်ပျက်ရှု။ ပြီးမှ မူလ ကမ္မဋ္ဌာန်းကို ပြန်ကောက်။ ဤစကားကို ထပ်မံ ဟောပြန်သည်။ [နှာ–၄၄၉] ထိုအခါ နီဝရဏ တရားက မပိတ်ပင်နိုင်တော့ပါ။ တရားထိုင်သောအခါ ဤတရားများက နှောင့်ယှက်နေသည်။ ပိတ်ပင် နေသည်ဟု မယူနှင့်။ ထိုတရားများမှာ အရှုခံဖို့ လာတာ (ဟေဝ ပဿိကော)များ ဖြစ်ကြသည်ဟု ဆိုသည်။ သူ့ကိုပါ ဖြစ်ပျက် ရှုပစ်လိုက်တော့ သူက တားနိုင်သတ္တိ မရှိတော့ဘဲ ပျက်သွားသည်။ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ မလာတော့ပါ။

ဘာကြောင့် ဒါတွေ မလာသလဲ။ နည်းကောင်း၊ နည်းမှန် ရလို့ မလာနိုင်တာဟု ဆိုသည်။ [နှာ–၄၅၁] ထို့နောက် အရှင်သာရိပုတ္တရာ ဆင်ဖြစ်စဉ် ဘဝက ဝတ္ထုကြောင်းကို ပြသည်။ [နှာ–၄၅၂] ဆင်ကြီးဘဝတုန်းက ခြေထောက်ကို သစ်ငုတ် စူးသည်။ သစ်ခုတ်သမားတွေနား သွားအိပ်နေသည်။ လူတွေက သူ့ခြေထောက်က သစ်ငုတ်ကို နုတ်ပြီး ဆေးကုပေးသည်။ ခြေထောက်က အနာ ကောင်းတော့ ဆင်ကြီးက သစ်ခုတ်သမားတွေ၏ သစ်တွေကို ကူညီပြီး ဆွဲပေး၊ တွန်းပေးသည်။ လူတွေကို ကျေးဇူး ပြန်ပြုခြင်း ဖြစ်သည်။ ဆင်ကြီး ကြီးလာတော့ သူက သူ့သားသမီး ဆင်ငယ်များကို ခေါ်လာပြီး လူတွေကို ကူညီရန် စီစဉ်သည်။ လူတွေက ဆင်ငယ်တွေ လာတာမြင်တော့ ရန်သူထင်ပြီး ထွက်ပြေးကြပုံကို ဟောသည်။ [နှာ–၄၅၄] နီဝရဏ

တွေကို ရှုတတ်လျှင် သူတို့က နောင့်ယှက်မလို့ လာတာမဟုတ်ဘဲ ကျေးဇူးပြုမလို့ လာတာဖြစ်ကြောင်း ပြသည်။ [နှာ–၄၅၅] နံပါတ် ၂က ဒေါသ နီဝရဏ (ဗျာပါဒ နီဝရဏ) ဖြစ်သည်။ ရေဆူနေသော ဥပမာကို ပြပြီး ရှေ့မှာ ဟောခဲ့ပြီးပြီ။ 'သဒေါသ စိတ္တံ သဒေါသ စိတ္တန္တိ ပဇာနာတိ' ဒေါသစိတ်ကိုလည်း ဖြစ်ပျက် ရှုရမည်။ [နှာ–၄၅၇] ပြီးမှ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်သည်။ ဒေါသကို ဝိပဿနာ မရှုမိလျှင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အဝိဇ္ဇာ သင်္ခါရဘက်ကို လှည့်သွားသည်။ [နှာ–၄၅၈] 'သဒေါသ စိတ္တံ သဒေါသ စိတ္တန္တိ ပဇာနာတိ' လုပ်လိုက်တော့ ဆရာကောင်း၊ သမားကောင်းက သင်လိုက်တော့ ဆူနေသော ရေတွေ အေးပြီး ငြိမ်သက်သွားသည်။ [နှာ–၄၅၉]

ဒေါသကို ဖယ်ပစ်လိုက်ပြီးမှ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ရှုလိုက်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို ရှင်းရှင်းလင်းလင်း မြင်လာသည်၊ သုံးနံပါတ် ထိနမိဒ္ဓကို ပယ်ပုံကို ဆက်ဟောသည်။ ကန်ရေပြင်မှာ ဒိုက်တွေ၊ မှော်တွေ ဖုံးအုပ်နေလျှင် ရေထဲမှာ မိမိမျက်နှာကို ကပ်ကြည့်၍ မမြင်နိုင်ပါ။ မှော်တွေကို ဖယ်ပစ်ပြီး ရှုမှ ရေပြင်ထဲမှာ မျက်နှာရိပ် ထင်လာပါလိမ့်မည်။ အိပ်ငိုက်တိုင်း အိပ်နေလျှင် မိမိ နေရမည့် သက်တမ်းကို အိပ်နေချိန် နုတ်ပစ်လိုက်သဖြင့် သက်တမ်း တိုစေသည်ဟု ဆိုသည်။ [နှာ–၄၆၀] ဒါကြောင့် ထိနမိဒ္ဓကိုလည်း ဖြစ်ပျက် ရှုပစ်ရမည်။ သံခိတ္တ စိတ္တံ သံခိတ္တ စိတ္တန္တိ ပဇာနာတိ လုပ်ပစ်ရမည် ဆိုသည်။ [နှာ–၄၆၃] သံခိတ္တစိတ် ဆိုတာ ထိနမိဒ္ဓကို ခေါ်သည်။ ထိနမိဒ္ဓိသည် လောဘနှင့် ဒေါသ ရောနေသော တရား ဖြစ်သည်။ [နှာ–၄၆၇]

ထို့နောက် စတုတ္ထ နီဝရဏကို ဆက်ဟောသည်။ သိင်္ဂါရဝ ရေကို လေတိုက်၍ လှုပ်နေသည်။ လှိုင်းကြက်ခွပ် ထနေသည် ဆိုလျှင်လည်း ရေထဲမှာ အရိပ်မထင်နိုင်ပါ။ စိတ်ပျံ့လွင့် လှုပ်ရှားနေခြင်းသည် ဥဒ္ဓစ္စ၊ ကုက္ကုစ္စ နီဝရဏ ဖြစ်သည်။ ထို စိတ်ပျံ့လွင့်မှုကိုလည်း ဖြစ်ပျက် ရှုရမည်။ ဝိက္ခိတ္တ စိတ္တံ ဝိက္ခိတ္တ စိတ္တန္တိ ပဇာနာတိ ပျံ့လွင့်သော စိတ်ကိုလည်း ဖြစ်ပျက် ရှုရမည်ဟု ဘုရား နည်းပေးထားသည်။ [နှာ–၄၆၉] ဥဒ္ဓစ္စ၊ ကုက္ကုစ္စထဲမှာ အဝိဇ္ဇာလည်း ပါသည်။ ဒေါသလည်း ပါသည်။ ဣဿ မစ္ဆရိယလည်း ပါသည်။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သွားရော ပဋိစ္စသမုပ္ပာဒ် သံသရာ လည်ပြီ။ [နှာ–၄၇၀] ဒါကြောင့် ဒီဥဒ္ဓစ္စ၊ ကုက္ကုစ္စကို ဖြစ်ပျက် အရင်ရှု။ ပြီးလျှင် မူလ ကမ္မဋ္ဌာန်းကို ပြန်ရှုရမည်။ လှုပ်နေသော ရေပြင် ငြိမ်သွားလျှင် မျက်နှာရိပ်ကို ကောင်းကောင်း မြင်ရသကဲ့သို့ ဖြစ်သည်။ လောကုတ္တရာ အလုပ်ကို

စိတ်မငြိမ်ဘဲ လုပ်လျှင် ကျေးဇူး မများကြောင်းလည်း ဟောထားသည်။ [နှာ–၄၇၁] ဥဒ္ဒစ္စက မောဟစိတ် ယှဉ်သည်။ အဝိဇ္ဇာ ပါသည်။ အဝိဇ္ဇာ ပါလျှင် အဝိဇ္ဇာ ပစ္စယာ သင်္ခါရ သွားသည်။

ဒါကြောင့် ဥဒ္ဒစ္စ၊ ကုက္ကုစ္စကိုလည်း ဖြစ်ပျက် ရှုရမည်။ သူ့ကိုလည်း အရှုခံဖို့ လာသောတရားဟု သဘောထားရမည်။ နှောင့်ယှက်ဖို့ လာသောတရားဟု မယူရ။ အသုံးချတတ်လျှင်၊ ရှုတတ်လျှင် နီဝရဏ တရားကလည်း နိဗ္ဗာန်ပို့သော တရား ဖြစ်သွားပုံကို ပြသည်။ [နှာ–၄၇၃] ဤနီဝရဏ တရားတွေ လာလျှင် ဖယ်နည်းသိဖို့က ပိုပြီး အရေးကြီးသည်။ ဤတရားများ လာလျှင် ဖယ်နည်း နားလည်ပါက မဂ်၊ ဖိုလ် ရနိုင်တယ်ဟု ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားသည်။

*

## ၁၃။ နီဝရဏ ပယ်နည်း (၃)

[ ၁၅–၁၂–၆၀ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

စာလိုသုံးတော့ ၁ က ကာမစ္ဆန္ဒ နီဝရဏ၊ လောဘ သဘောပဲ။ ၂ က ဗျာပါဒ နီဝရဏလို့ ခေါ်တယ် ဆိုစကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ၃ နံပါတ် ထိနမိဒ္ဓ နီဝရဏ၊ ၄ နံပါတ်က ဥဒ္ဒစ္စ ကုက္ကုစ္စ နီဝရဏ၊ ၅ နံပါတ်က ဝိစိကိစ္ဆာ နီဝရဏ ဖြစ်သည်။ ဤနီဝရဏ ငါးပါးကို ဖယ်ရှားနည်း မသိကြသောကြောင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို မရကြတာဟု ဆိုသည်။ [နှာ–၄၇၅] သို့သော် ဤတရားတွေက ၃၁ ဘုံထဲမှာ ဆင်းရဲလမ်းကိုတော့ ဖွင့်ထားသည်။ အပါယ်လေးပါးကိုတော့ တံခါး ဖွင့်သော တရားများ ဖြစ်ကြသည်။ [နှာ–၄၇၆] ဥဒ္ဒစ္စဆိုတဲ့ လေးနံပါတ်ကို ယနေ့ည စ ဟောသည်။ မနေ့က ဥဒ္ဒစ္စ ပျံ့လွင့်စိတ် အကြောင်းကို ရှေ့မှာ ဟောခဲ့ပြီး ဖြစ်၍ ယနေ့ ကုက္ကုစ္စ အကြောင်းကို ဆက်ဟောသည်။ တရား အားထုတ်မည် ဆိုလျှင် ငယ်စဉ်က မှုးခဲ့၊ ရှူးခဲ့၊ မိုက်ခဲ့၊ တေခဲ့တာတွေကို ပြန်ပြီး အတွေးနှင့် တွေးတော ပူပန်လျှင် (နှလုံးသွင်းလျှင်) ကုက္ကုစ္စ ဖြစ်တတ်သည်။ သူတို့ကို ပြုခဲ့ငြားလည်း လျစ်လျူရှု၍သာ ထားလိုက်ရမည်။ လျစ်လျူ မရှုဘဲ နှလုံးသွင်း မှားလျှင် ကုက္ကုစ္စက မဂ်တား၊ ဖိုလ်တား ဖြစ်နိုင်သည်။

သို့သော် ဆရာကောင်း၊ သမားကောင်းက ပေးထားသော ဝိပဿနာရှုနည်း အတိုင်း ကုက္ကုစ္စကို ဖြစ်ပျက် ရှုတတ်လျှင် သူက မဂ်၊ ဖိုလ်ကို မတားနိုင်တော့ပါ။ [နှာ–၄၇၉] သူ့ကို ဝင်လာလျှင် အလျင် ဖြစ်ပျက်ရှု၊ ပြီးလျှင် မူလကမ္မဋ္ဌာန်းကို

ပြန်ကောက်ဟု ပြဿနာထားသည်။ [နာ–၄၈၀] ဖြစ်ပျက် ရှုတာသည် သူ့ကို လက်မခံ သည့် သဘော ဖြစ်သည်။ ပြုပြီးသား ဒုစရိုက်တွေကို ပြန် အောက်မေ့လျှင် ကုက္ကုစ္စ ဖြစ်ပျက် ရှုတတ်လျှင် ဝိပဿနာ ဖြစ်သည်။ [နာ–၄၈၂] ကုက္ကုစ္စ နှိပ်စက်၍ အပါယ်ကျသော ဧရကပတ္တ နဂါးအကြောင်းကို နမူနာပြ ဟောသည်။ ရဟန်းကြီး တစ်ပါး အနှစ်နှစ်သောင်း သီလ ဖြူစင်အောင် ကျင့်ခဲ့သည်။ အခါတစ်ပါး ဆွမ်းခံ ကြွစဉ် လှေလှူပြီး ပိန်းဖက်တစ်ရ ဆွဲမိသည်။ ပိန်းဖက် ပြတ်သဖြင့် အာပတ်သင့် သည်ကို ဒေသနာ မကြားရဘဲ ပျံလွန်ရသည်။ ပျံလွန်ခါနီးမှာ ငါ ဒေသနာ မကြားခဲ့ရ ဘူး ဆိုသော ကုက္ကုစ္စ ဖြစ်ပြီး ပျံလွန်ရာ ဂင်္ဂါမြစ်ထဲမှာ ရေနဂါးကြီး သွားဖြစ်သည့် ဝတ္ထု ဖြစ်သည်။ (ဓမ္မပဒမှ လာသည်။)

ထို့ကြောင့် ကုက္ကုစ္စ လာလျှင်လည်း သူ့ကို အရင် ဦးစားပေးပြီး ဖြစ်ပျက်ရှု။ ပြီးမှ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ရမည်။ ကုက္ကုစ္စသည် နီဝရဏ ဖြစ်သည်။ သေပေါက်၊ သေဝ မရဏာ သန္တာဇောမှာ ပေါ်တတ်သည်။ ထို့ကြောင့် ဆရာတော်က သေခါနီး အချိန်မှာ ကိုယ့်ခန္ဓာကိုယ်ကို ဖြစ်ပျက်ရှုပါဟု သေနည်း သင်ပေးသည်။ [နာ–၄၈၆] ပြီးခဲ့ပြီးသော ဒုစရိုက်တွေကို ပြန်တွေးလျှင်လည်း ကုက္ကုစ္စပဲ၊ ဒုစရိုက် ဆယ်ပါးနှင့် စပ်သော အတွေးတွေ မလာစေနှင့်၊ လာလျှင် ကုက္ကုစ္စပဲဟု ဆိုသည်။ [နာ–၄၈၉] မလာစေနှင့်။ လာခဲ့သော်လည်း ဖြစ်ပျက်သာ ရှုပစ်ပါ။ ခုပြုပြီးသား ဒုစရိုက်နှင့် စပ်သော ကုက္ကုစ္စကို ပြောနေတာ ဖြစ်သည်။ [နာ–၄၉၂]

နောက်တစ်ခုမှာ မပြုဖြစ်သေးသော ကုသိုလ် (သုစရိုက်)တွေနှင့် စပ်ဆိုင် သော ကုက္ကုစ္စလည်း လာနိုင်သေးသည်။ ကျောင်းဆောက်လှူချင်သည်။ မဆောက် ဖြစ်မီ သေပေါက်သေဝ ရောက်လာတော့ ကျောင်း မဆောက်ခဲ့ရလေခြင်း ဆိုသော ကုသိုလ်နှင့် စပ်သော ကုက္ကုစ္စ ဝင်လာတတ်သည်။ ဒါလည်း သောကပဲ။ ကုက္ကုစ္စ ဖြစ်သည်။ သေခါနီးကျမှ ကုသိုလ် မလုပ်ဖြစ်ခဲ့ခြင်းကို စိုးရိမ်ပူပန် ဖြစ်မိသည်။ ဘေးလူက သူ ကုသိုလ် စိတ်ကလေးနဲ့တော့ သေတာပဲဟု ဆိုချင်ဆိုမည်။ ဆရာတော် က အဲဒါ ဘယ်ဟုတ်မလဲ၊ ကုက္ကုစ္စကြီးဟု ဆိုသည်။ [နာ–၄၉၃] 'ကတ္တံတံ ကတံ ကုကတံ ကုကတဿ ဘာဝေါ ကုက္ကုစ္စံ' ဒါလည်း သောကပဲ။ စင်စစ် ဒေါမနဿ ဖြစ်သည်။ ဒါကိုလည်း ဖြစ်ပျက် ရှုပစ်ရမည်။ [နာ–၄၉၄] သူ့ကိုလည်း ဖြစ်ပျက်ရှုပါ။ မူလကမ္မဋ္ဌာန်း၊ ယင်းကိုလည်း လက်မလွှတ်ရဘူးဟု ဆိုသည်။ [နာ–၄၉၆] ဒီနီဝရဏ တရားတွေကို အရေးတကြီး ချေမှုန်းပစ်ရမည်။ မဟာ အသဒ္ဓိ သဒ္ဒါနလို့ ဘယ်သူမှ

မယုံနိုင်သော ဒါနပြုသူ မလ္လိကာ မိဖုရားကို ကုက္ကုစ္စက အပါယ် ချလိုက်ပုံကို ဟောသည်။ [နာ၁–၄၉၈]

ထို့နောက် နံပါတ် ၅ နီဝရဏ (ဝိစိကိစ္ဆာ)ကို ဆက်ဟောသည်။ ဘုရား၊ တရား၊ သံဃာ အပေါ် သံသယ ဖြစ်ခြင်း၊ ယုံမှားခြင်းသည် ဝိစိကိစ္ဆာ ဖြစ်သည်။ ထိုဝိစိကိစ္ဆာ ပျောက်အောင် ဘုန်းကြီးတို့ နေ့စဉ် တရားများ ဟောနေကြသည်။ တရားနှင့် ပတ်သက်ပြီး ဒိဋ္ဌဓမ္မ ဖြစ်အောင် လုပ်ပါ။ လုပ်နိုင်လျှင် သံသယတွေ ကင်းရှင်း သွားသည်။ ဝိစိကိစ္ဆာက မောဟ (တွေဝေမှု) ဖြစ်သည်။ [နာ၁–၅၀၁] ဝိစိကိစ္ဆာ နီဝရဏကလည်း မင်္ဂတား၊ ဖိုလ်တား ဖြစ်သည်။ အပါယ်တံခါး ကိုတော့ သူ ဖွင့်နိုင်သည်။ ထို့နောက် အနုရာဓ ရဟန်း ဝတ္ထုကို ဟောသည်။ တိတ္ထိတွေက သူ့ကို မေးသည်။ သတ္တဝါ သေလျှင် ဖြစ်သေးလား၊ သတ္တဝါသေလျှင် မဖြစ်တော့ ဘူးလား၊ ဖြစ်တာလည်းရှိ, မဖြစ်တာလည်း ရှိသလား၊ သတ္တဝါ သေရင် ဖြစ်သည် လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟု ယူရမလား၊ အားလုံး သံသယ မေးခွန်းတွေဖြစ်သည်။ အနုရာဓက ဘုရား ဒီလို မဟောဘူးဟု ဖြေလိုက်သည်။ ဤအဖြေကို တိတ္ထိများက ဘဝင်မကျပါ။ သူတို့ ရင်ထဲ သံသယ ကင်းရှင်းအောင် မလုပ်နိုင်ပါ။ [နာ၁–၅၀၃] ဘုရားထံသို့ ရောက်မှ ဘုရား အဖြေကြောင့် သံသယ ကင်းရှင်းရပုံကို ဟောသည်။ ရုပ်နာမ်ဓမ္မ သင်္ခါရပဲ ရှိသည်။သတ္တဝါသည် အရှိတရား မဟုတ်ပုံကို ပြသည်။ သတ္တဝါ မရှိလျှင် သတ္တဝါ ်သေရင် ဖြစ်သေးသလား မေးစရာ မလိုပုံကို ပြသည်။ [နာ၁–၅၀၄] ဘုရားဟော တရားကို ကြားပြီး ဝိစိကိစ္ဆာ ကင်းရှင်း သွားတော့ သောတာပန် တည်သွားသည် ဆို၏။ အနုရာဓ သောတာပန် တည်ပုံကို ပြသည်။ ရုပ်နာမ် ဖြစ်ပျက်မှတစ်ပါး ဘာမှ မရှိဘူးဟု သိလိုက်လျှင် သံသယ ကင်းရှင်းသွားသည်။ နိဗ္ဗာန်ဆိုတာ နိဗ္ဗာန် ဖြစ်ပျက် မရှိတာကို ဆိုတာပဲဟု ဟော သည်။[နာ၁–၅၀၇] လောကဆိုတာက ရုပ်နာမ် ဖြစ်ပျက်ကို ဆိုတာ။ နိဗ္ဗာန်ဆိုတာ ရုပ်နာမ် ဖြစ်ပျက် မရှိတာ ဖြစ်သည်။ ဝိစိကိစ္ဆာ ရှိနေလျှင် သူ့ကို အလျင် ဖြစ်ပျက် ရှုရမည်။ ပြီးမှ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ရမည်။

ထို့နောက် တရားမနာဘဲ၊ တရားကို ရှင်းမထားဘဲ အားထုတ်လျှင် ဘယ်တော့ မှ တရား မရကြောင်း ဟောပြန်သည်။ [နာ၁–၅၀၈] ဝိစိကိစ္ဆာကို သိင်္ဂါရဝ ပုဏ္ဏား နားလည်အောင် ရှင်းတော့ ရေခွက်ထဲက ရေတွေ နောက်ကျိ နေခြင်းဖြင့် ဥပမာ ဆောင်ပြသည်။ [နာ၁–၅၀၉] နောက်ကျိနေလျှင် အရိပ်အောက် ရောက်နေသော

ရေပြင်တွင် မျက်နှာရိပ် မထင်နိုင်ပုံကို ရှင်းပြသည်။ ဝိစိကိစ္ဆာသည်လည်း မောဟစိတ်ဖြစ်သည်။ 'သမောဟ စိတ္တံ သမ္မောဟ စိတ္တန္တိ ပဇာနာတိ' သူ့ကိုလည်း ဖြစ်ပျက်ရှုပစ်ရမည်။ ပြီးမှ မူလကမ္မဋ္ဌာန်း ပြန်ကောက်ဟု ဆိုသည်။ ဖြစ်ပျက်က စ ရှုလျှင်ဖြစ်ပျက်မုန်း၊ ဖြစ်ပျက် ဆုံးလိမ့်မည်။ [နှာ-၅၁၂] ဤဉာဏ် သုံးဉာဏ် ရလျှင်ထိုပုဂ္ဂိုလ်သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရမှာပဲဟု ဆုံးဖြတ်ချက် ချထားသည်။ဤတွင် အချိန်စေ့၍ တရားရပ်နားသည်။

○

ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၃၃) ပြီး၏။

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၃၄)

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၃၄)

**နိဒါန်း**

မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် အဖွဲ့ချုပ်ကို တည်ထောင်၍ တိုးတက် ကြီးပွားအောင် ဆောင်ရွက်ခဲ့သူ ဆရာကြီး ဦးသံဒိုင် မကွယ်လွန်မီက ဤအလုပ်စဉ် တရားစာအုပ် ၃၃ အုပ်ကိုသာ ထုတ်ဝေခဲ့သည်။ ဆရာကြီး ကိုယ်တိုင် နိဒါန်း ရေးသားခဲ့သည်။ ဆရာကြီး ကွယ်လွန်ပြီးနောက် ဆက်ခံသူ အကျိုးတော်ဆောင် ရဟန်း ရှင် လူများက ထပ်မံ ကြိုးစားကြရာ နောက်ထပ် စာအုပ်သစ်များ ထွက်လာသည်။ အမှတ်စဉ် ၃၄ မှ အမှတ်စဉ် ၃၉ အထိ ဖြစ်သည်။ ဤအနှစ်ချုပ်ကို အကျွန်ုပ် စတင် ရေးသားစဉ်က အမှတ်စဉ် ၃၉ အထိသာ ထွက်သေးသဖြင့် ၃၉ အုပ် အနှစ်ချုပ်ဟု အမည်ပေးခဲ့သည်။ ယခု နောက်ထပ်လည်း အလုပ်စဉ် တရားစာအုပ်များလည်း ထွက်လာသည်ဟု ကြားရသည်။ မန္တလေးမြို့သို့ ရောက်စဉ်က ဆရာတော်ကြီး၏ တပည့် ဒကာရင်း ဦးကျော်သိန်း၏ သား ဦးကျော်စိန်နှင့် တွေ့ဆုံခဲ့ရသည်။ သူကလည်း ဆရာတော်ကြီး၏ ဝိပဿနာ တရားစဉ်နှင့် အလုပ်စဉ် ပြန့်ပွားရေးကို အားကြိုးမာန်တက် ဆောင်ရွက်နေသည်။ သူက အမှတ်စဉ် ၄၄ အထိ စာအုပ်များ နောက်ထပ် ထွက်လာသည်။ သို့သော် ကောင်းစွာ တည်းဖြတ်ထားခြင်း မဟုတ်သဖြင့် ပုံနှိပ် ဖော်ပြပြီးသား တရားတွေ ပါနေသည်ဟု ဆိုသည်။ အကျွန်ုပ်မှာ မူလကပင် ၃၉ အုပ် အထိသာ အနှစ်ချုပ် ရေးဖို့ ဆုံးဖြတ်ထားသဖြင့် နောက်ထွက် [illegible] ရန် [illegible]ရွယ်ချက် မရှိ[illegible]

ဤစာအုပ် နိဒါန်းကို မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ အကျိုးဆောင်များက ရေးသားကြပါန် တူသည်။ မြတ်စွာဘုရားသည် မဟာ ကရုဏာ၊ မဟာ ပညာဖြင့် သတ္တဝါအပေါင်းကို ဝဋ်ဒုက္ခ သံသရာမှ ကယ်တင်တော်မူလို၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်ကျင့်တော်မူပြီးနောက် သာသနာ သုံးရပ်ကို ထားရစ်တော်မူခဲ့ကြောင်း၊ (၁) ပရိယတ္တိ သာသနာ၊ (၂) ပဋိပတ္တိ သာသနာ၊ (၃) ပဋိဝေဓ သာသနာ ဖြစ်သည်။ သာသနာ ဆိုသည်မှာ လိုက်နာရန် ထားခဲ့သော အဆုံးအမများ ဖြစ်သည်။ လိုက်နာသူများ ရှိနေသေးသရွေ့မှာ သာသနာတော် တည်တံ့ ဖွံ့ဖြိုးနေမည် ဖြစ်သည်။

မိုးကုတ် ဆရာတော် ဘုရားကြီးသည် သာသနာ သုံးရပ်၌ နှံ့စပ် ကျွမ်းကျင်တော် မူသော သာသနာ့ အာဇာနည် ဖြစ်သည်။ ဆရာတော်ကြီးသည် ဒကာ၊ ဒကာမများကို များးစွာ သနား ကရုဏာတော် ကြီးလှသဖြင့် ဒိဋ္ဌိပြုတ် တရားကို ဦးစားပေး ဟောတော်မူသည်။ သစ္စာတရားကို ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အခြေခံလျက် များစွာ ဟောကြား ဆုံးမတော်မူခဲ့သည်။ ဆရာတော်ကြီး၏ အမြင်တွင် ဝိပဿနာ အလုပ်ကို မလုပ်ကြသေးလျှင် သာသနာတွင်း ကာလမှာ အသက်ရှင်နေကြသော်လည်း သာသနာတွင်းသား မဖြစ်ကြောင်း ဟောပြီး သမ္မာဒိဋ္ဌိ ဆေးတော်ကြီးကို သောက်ကြဖို့ တိုက်တွန်းသည်။ သမ္မာဒိဋ္ဌိ မရှိလျှင် ပစ္စုပ္ပန်မှာ လူ့ငနွား၊ သေတဲ့အခါ အပါယ်သွားဟု ဟောတော်မူသည်။ ဤစာအုပ်တွင် ဆရာတော်ကြီးသည် သမ္မာဒိဋ္ဌိ ငါးမျိုးကို အကျယ် ဟောထားသည်။ မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့သားများက ဤတရားတော်များကို သဒ္ဓါ ပဗ္ဗဂံမ စိတ်ဖြင့် နာလည်း နာကြပါ၊ ဖတ်လည်း ဖတ်ကြပါ။ နာပြီး၊ ဖတ်ပြီးနောက်လည်း နားလည်သည့်အတိုင်း ကျင့်ကြံ ပွားများ အားထုတ်ကြပါဟု တိုက်တွန်းထားသည်။

*

၁။ ဗာလပဏ္ဍိတ သုတ် အဆက်၊ သူတောင်းစား ခြောက်ယောက် ဥပမာပြ
[ ၂၆–၂–၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

(ဗာလပဏ္ဍိတ သုတ် (အဆက်)ဟု ဆိုသော်လည်း ရှေးက ဖော်ပြခဲ့သော အလုပ်စဉ် တရားစာအုပ် အမှတ် ၃၃ နှင့်မူ ဆက်စပ်မှု မရှိပါ။ ၃၃ စာအုပ် အဆုံးတွင် နိဗ္ဗာန ပယ်နည်းကို ဟောကြားထားသည်။ တိတ်ခွေမှ စာအုပ်အဖြစ် ကူးယူ

**စီစဉ်ကြရာမှာ တိတိကျကျ ပုံစံချ၍ စီစဉ်ခြင်း ဖြစ်ဟန် မတူပါ။ ကျသလို၊ ကြုံသလို ကူးယူပြီး တည်းဖြတ် သုတ်သင်ခြင်း မရှိဘဲ စာအုပ်ဖြစ်ဖို့ကိုသာ ပဓာန ထား၍ စီစဉ်ကြရဟန် တူပါသည်။)**

လူမိုက်နှင့် လူလိမ္မာ ဘာထူးသလဲ၊ လူမိုက်က မှောင်ထဲက လာပြီး မှောင်ထဲနေပြီး အမှောင်ထဲ သေတယ် အစရှိလျက် ဤတရားကို ဟောတော်မူသည်။ လူလိမ္မာက အမှောင်ထဲက လာသော်လည်း အလင်းထဲ နေပြီး အလင်းထဲပဲ ရောက်သွားသည်ဟု ဆိုသည်။ လူမိုက်နှင့် လူလိမ္မာ ဘာထူးသလဲ ဆိုလျှင် မဂ္ဂဗြဟ္မာစရိယ ကျင့်မှု၊ မကျင့်မှုမှာ ထူးခြားသည်။ ယခု ဤတရားကို ဟောနေခြင်းမှာ အမှောင်ထဲက လာကြသော်လည်း အလင်းထဲ ရောက်ပါစေ ဆိုတဲ့ စေတနာဖြင့် ဟောနေခြင်း ဖြစ်ကြောင်း ဟောကြားသည်။ [နှာ–၂] ဒကာ၊ ဒကာမတွေ မဂ္ဂဗြဟ္မာစရိယ အကျင့်ကို ကျင့်ဖို့ အရေးကြီးကြောင်း နှိုးဆော်သည်။ တရားကိုယ်ကို ကောက်ယူလျှင် သမ္မာဒိဋ္ဌိ အလုပ်ဟု မှတ်ပါဆိုသည်။ [နှာ–၃] ပြီးမှ သမ္မာဒိဋ္ဌိ ဆိုရာမှာ (၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်ကြောင်း၊ ကောင်းတာလုပ် ကောင်းကျိုးဖြစ်၊ မကောင်းတာ လုပ် မကောင်းကျိုး ဖြစ်သည်ဟု ရှုမြင်ခြင်း သဘောဖြစ်ကြောင်း ရှင်းသည်။ ကံကံ၏ အကျိုးကို သိသောဉာဏ်ဟု ဆိုသည်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အစွမ်းသည် ဘဝ သမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိမှာ လမ်းဆုံးသည်။ [နှာ–၅] နိဗ္ဗာန်ရောက်ဖို့ အကြောင်း အကျိုး အင်မတန် ဝေးသည်ဟု ဟောသည်။ ဤသမ္မာဒိဋ္ဌိသည် ရှင်းရှင်း ပြောလျှင် သာသနာပ သမ္မာဒိဋ္ဌိပဲ ရှိသေးသည်။ နံပါတ် ၂က ဈာန သမ္မာဒိဋ္ဌိ ဖြစ်သည်။ ဤသမ္မာဒိဋ္ဌိကလည်း အပ္ပနာဈာန်ဓာတွေကြောင့် ရူပဘုံ၊ အရူပဘုံပဲ အကျိုးပေး သည်။ ဤသမ္မာဒိဋ္ဌိလည်း သာသနာပ ပဲ ဖြစ်သည်။ [နှာ–၆]

၃ နံပါတ်က ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်သည်။ သာသနာတွင်း သမ္မာဒိဋ္ဌိ ဖြစ်သည်ဟု ဆိုသည်။ [နှာ–၇] စတုတ္ထ သမ္မာဒိဋ္ဌိက မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်သည်။ သူ့အကျိုးပေးက ဝဋ်ဖြတ်သည်။ မဂ်သမ္မာဒိဋ္ဌိ ရှိသူမှာ ဖိုလ်သမ္မာဒိဋ္ဌိ ဖြစ်နိုင်သည်။ ဖိုလ်သမ္မာဒိဋ္ဌိ ရှိသူမှာ ပဋိသန္ဓေ ဖြစ်မှုကို တားမြစ်သည်။ [နှာ–၈] သမ္မာဒိဋ္ဌိ ၅ မျိုးမှာ ၂ မျိုးက သာသနာပ၊ ၃ မျိုးက သာသနာတွင်း သမ္မာဒိဋ္ဌိတွေ ဖြစ်သည်။ [နှာ–၈] မဂ္ဂဗြဟ္မာစရိယ အကျင့်ဆိုတာ နောက်သမ္မာဒိဋ္ဌိ သုံးမျိုး ဖြစ်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိတို့ ဖြစ်ကြသည်။ ဤသုံးမျိုးသည် မဂ္ဂဗြဟ္မာစရိယ အကျင့်အစစ် ဖြစ်သည် ဆို၏။ [နှာ–၉] မဂ္ဂသမ္မာ ဒိဋ္ဌိက ဝဋ်ဖြတ် သည်။ ဖလ သမ္မာဒိဋ္ဌိက ပဋိသန္ဓေ ပြတ်သည် ဆို၏။ [နှာ–၁၀] ဗာလ

ပဏ္ဍိတသုတ်မှာ မဂ္ဂဖြဟ္မာစရိယကို ကျင့်မှ ပဏ္ဍိတ ဖြစ်ကြောင်း ပြထားသည်။ [နှာ–၁၁] မဂ္ဂဖြဟ္မာစရိယ အကျင့်သည် ဘာပေါ်မှာ ကျင့်ရသလဲဟု မေးလျှင် ပေါ်လာသော ပဋိစ္စသမုပ္ပာဒ်ပေါ်မှာ ကျင့်ရမည်ဟု ဆိုသည်။ [နှာ–၁၂] ခု တရား ဟောနေစဉ် ကြားစိတ် ပေါ်တာ အိမ်က ပါလာသောစိတ် မဟုတ်၊ ဆရာသမားအသံ ကြားမှ ပေါ်လာသော ကြားစိတ်ဖြစ်သည်။ ခုကြားစိတ်နှင့် အသက် ရှင်နေသည်။ ကြားစိတ်နှင့်အတူ ခန္ဓာငါးပါး ပေါ်သည်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ရုပ် တစ်တွဲ တည်း ဖြစ်သည်။ [နှာ–၁၅] ခန္ဓာငါးပါး၊ ရုပ်နာမ် ၂ပါး ဆိုတာလည်း သူပဲဖြစ်သည်။ ခု ပစ္စုပ္ပန်မှာ ပေါ်သော ဝိညာဉ်သည် ပဋိသန္ဓေ ဝိညာဉ် မဟုတ်ပါ။ ပဝတ္တိ ဝိညာဉ်ဟု ခေါ်ရသည်။ [နှာ–၁၆] မဂ္ဂ ဖြဟ္မာစရိယ အကျင့် ဆိုတာက ယခု ပေါ်ဆဲ ပဋိစ္စသမုပ္ပာဒ်ကို ရှုဖို့ ပြောတာ ဖြစ်သည်။ ပစ္စုပ္ပန်မှာ ခန္ဓာငါးပါး စပြီး ပေါ်လာသည်။ မိအောင် ဖမ်းရမည်ဟု ဆိုသည်။ ကြားစိတ်နှင့် အတူပေါ်သော ခန္ဓာငါးပါးသည် ကြားပြီး ချက်ချင်း မကြားသော အဖြစ်ကို ရောက်သွားမည်။

ဤကား ဓမ္မသဘော ဖြစ်သည်။ ငါပိုင်ငါဆိုင် မဟုတ်ကြောင်း ပြသည်။ ဖြစ်ပျက်သဘော ဖြစ်၏။ [နှာ–၁၈] ဖြစ်ပျက် သဘောကို သိတော့ အနိစ္စ ပေါ်လာပြီ။ ဘာကြောင့် သိသလဲ။ မဂ္ဂဖြဟ္မာစရိယ အကျင့်နှင့် ကြည့်လို့ဟု ဆိုသည်။ မဂ္ဂဖြဟ္မာစရိယ အကျင့်နှင့် ကြည့်လိုက်တော့ ခန္ဓာငါးပါးကြီး ပေါ်လာပြီး တစ်ခါ တည်း အစပျောက် သေသွားတာကို မြင်လိုက်ရသည်။ ကျင့်လိုက်တော့ ကိုယ့်အသေ ကိုယ်မြင်ရသည်။ ရှေ့က ဖြစ်ပျက်သွားတာက အနိစ္စ၊ နောက်က သိတာက မဂ္ဂ ဖြစ်သွားသည်။ ဒါကြောင့် မဂ္ဂဖြဟ္မာစရိယ အကျင့်ကို ကျင့်မှ သံသရာ ပြတ်သည် ဆို၏။ [နှာ–၂၁] ခု မဂ္ဂဖြဟ္မာစရိယ အကျင့်ကို ကျင့်လိုက်တော့မှ ကိုယ်မွေးတာရော၊ ကိုယ် သေတာပါ သိရသည်။ အလေ့အကျင့်ကလေး လုပ်ပြီး ကြည့်တတ်ပြီ ဆိုမှ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ အားလုံး ခုပေါ် ခုပျောက်၊ ခုမွေး ခုသေ ဖြစ်နေမှန်း သိမြင် လာရသည်။ မဂ္ဂဖြဟ္မာစရိယ အကျင့်ကို မကျင့်သောသူသည် မွေးတာလည်း မသိ၊ သေတာလည်း မသိ ပါ။ ယောကျ်ား အဖြစ်၊ မိန်းမ အဖြစ်နှင့်ပဲ နေသည်ဟု မှတ်ထင် နေတတ်ကြသည်။ သိသလို နေပြီး မသိသလိုပဲ သေသွားကြသည်ဟု ဆိုသည်။ [နှာ–၂၄] မဂ္ဂ ဖြဟ္မာစရိယ အကျင့်ကို ကျင့်ပြီး ကြည့်တတ်ပြီ ဆိုပါက စည်းစိမ် ထင်ခဲ့တာတွေ အားလုံး ဒုက္ခရောက်ဖို့ချည်း တွေ့နေရတော့သည်။ [နှာ–၂၅]

ခန္ဓာမှာ ဖြစ်ပြီး ပျက်တာအားလုံး ဒုက္ခသစ္စာချည်းပင် ဖြစ်သည်။ မဂ္ဂဗြဟ္မာစရိယ အကျင့်ကို ကျင့်လိုက်တော့မှ သံသရာ ပြတ်သွားသည်။ [နှာ–၂၆] ဥပရိဓေဝိမိဖုရား မဂ္ဂဗြဟ္မာစရိယ မကျင့်မိလို့ မိဖုရား တည်းဟူသော ယာယီ ပြုတ်သွားပြီး အပါယ် နောက်ချေးပိုးထိုး သွားဖြစ်ကြောင်း ပြသည်။ [နှာ–၂၉] မဂ္ဂဗြဟ္မာစရိယ အကျင့်သည်သာ သမုတ္တနိယတာ ဓမ္မာ– မဖောက်မပြန်ဘဲ မြဲသောတရား ဖြစ်ကြောင်း ဟောသည် ဆို၏။ [နှာ–၃၀]

ဒါကြောင့် မဂ္ဂဗြဟ္မာစရိယ အကျင့်ကို ကျင့်သူသည်သာ အမှောင်ထဲက လာငြားသော်လည်း အလင်းထဲမှာ နေမိသည့်အတွက် အလင်းအဖြစ်နှင့် နိဗ္ဗာန်ကို ရကြသည်။ [နှာ–၃၂] ခန္ဓာ ရှိနေသေးရွေ့ တောင်းစားသည့် အလုပ်ကိုပဲ လုပ်နေကြရသည်။ ဒွါရ ခြောက်ပေါက်က သူတောင်းစား ခြောက်ယောက်က တောင်းနေသည်။ သူတို့ ခြောက်ယောက်ကို ခင်သူ တစ်ယောက်က တောင်းတိုင်း ပေးနေသည်။ ဒွါရ ခြောက်ပေါက်က သူတို့ လိုချင်တာ တောင်းနေကြသည်။ နှိပ်စက်တာကို မသိသည့်အတွက် ပူဇော်ကဲနေသည်ဟု ဆိုသည်။ [နှာ–၃၇] ခန္ဓာငါးပါး ခင်နေသမျှ ဒုက္ခသစ္စာချည်း ဖြစ်ပုံ အကျယ်ဟောသည်။ ခန္ဓာငါးပါးကို ဒုက္ခသစ္စာမှန်း သိမှ သူ့ကို အကောင်းထင်ပြီး မပေါင်းဘဲ စွန့်ပစ်ချင်မည်။ ဤတွင် အချိန်စေ့၍ တရားကို နားလိုက်သည်။

*

## ၂။ ဝိပဿနာအစ စိတ်ဝိညာဉ်က ဖြစ်ပုံ၊ သမ္မာဒိဋ္ဌိ ၅ မျိုး

[ ၂၇–၂–၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံ၌ ဟောသောတရား ]

လူမိုက်နှင့် လူလိမ္မာ ဘာထူးသတုံး ဆိုသော မေးခွန်းဖြင့်ပင် ဤတရားကို အစပြု ဟောပြန်သည်။ လူမိုက်က အမှောင်က လာ၊ အမှောင်ထဲနေပြီး အမှောင်သို့ပင် ပြန်သွားကြောင်း ထပ်ဟောသည်။ လူလိမ္မာကတော့ အမှောင်က လာသော်လည်း အလင်းမှာ နေပြီး နိဗ္ဗာန်ဆိုတဲ့ အလင်းဓာတ်ကြီးဆီကို ပြန်သွားသည်။ လူလိမ္မာက မဂ္ဂဗြဟ္မာစရိယကို ကျင့်သည်။ လူမိုက်က မကျင့်။ ဤတွင် ခြားနားသည်။ ရှေ့မှာ ဟောခဲ့ပြီးပြီ။ ယခု ထပ်ပြန်ဟောခြင်း ဖြစ်သည်။ မဂ်အကျင့်ဆိုတာ သမ္မာဒိဋ္ဌိ အလုပ်ပါ ဆိုတာကိုလည်း ထပ်ဟောသည်။

ထို့နောက် ဆက်ပြီး သမ္မာဒိဋ္ဌိ ၅ မျိုး အကြောင်းကို ထပ် ဟောပြန်သည်။ သမ္မာဒိဋ္ဌိ ၅ မျိုးထဲမှာ ဘယ် သမ္မာဒိဋ္ဌိက တော်ရုံ လုပ်ရမည်၊ ဘယ် သမ္မာဒိဋ္ဌိက

ပိုပြီး အရေးတကြီး လုပ်ရမည်၊ ဘယ်ဟာက ဘာအကျိုးပေးသည် ဆိုတာကိုလည်း ဟောခဲ့ပြီးပြီ။ ထို့နောက် သမ္မာဒိဋ္ဌိ ၅ မျိုး ပြားပုံကို ထပ်ဟောပြန်သည်။ [နှာ-၄၆] မဂ္ဂဗြဟ္မာစရိယ ဆိုတာက သာသနာတွင်း သမ္မာဒိဋ္ဌိ ၃ မျိုးကို အဓိက ဆိုလိုသည်။ ၎င်းတို့မှာ (၁) ဝိပဿနာ သမ္မာဒိဋ္ဌိ၊ (၂) မဂ်သမ္မာဒိဋ္ဌိ၊ (၃) ဖိုလ်သမ္မာဒိဋ္ဌိ တို့ ဖြစ်ကြသည်။ ထို့နောက် သမ္မာဒိဋ္ဌိ ၅ မျိုး အကျိုးပေးပုံကို ပြန်ဟောသည်။ ကမ္မသကတာ သမ္မာဒိဋ္ဌိ၊ ဈာန သမ္မာဒိဋ္ဌိက အထက်သုံးမျိုးနှင့် နှိုင်းစာလျှင် ယုတ်ညံ့သည်ဟု မှတ်သင့်ကြောင်း ဟောသည်။ [နှာ-၄၈] ဝိပဿနာ သမ္မာဒိဋ္ဌိကသာ ဆက်လုပ်သွားလျှင် နိဗ္ဗာန်ကို အကျိုးပေးသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိကို ကြိုးစား လိုက်လျှင် မဂ်သမ္မာဒိဋ္ဌိ လာသည်။ မဂ်ကမှ ဒုက္ခ ဝန်ထုပ်ကြီးကို ဖြတ်နိုင်သည်။ သမုဒယ တဏှာကို ချုပ်ငြိမ်းစေနိုင်သည်။ မဂ်ရလျှင် ဝဋ်ပြတ်သည်ဟု ဆိုသည်။ [နှာ-၄၉] ဖလ သမ္မာဒိဋ္ဌိကတော့ ဝဋ်ပြတ်ရုံတွင် မကဘူး၊ နောက်ပဋိသန္ဓေကိုလည်း ချုပ်ငြိမ်းစေသည်။ ၃ ပြည့်စုံလျှင် ၄-၅ ပြည့်စုံသည်။

ယနေ့ ပိုပြီးရှင်းအောင် လုပ်နည်းကိုင်နည်းပါ ပြမည်ဟု မိန့်သည်။ [နှာ-၅၈] ဤနည်းကို တွေ့ဖူးခဲ့ကြလျှင် ခန္ဓာချုပ်ပြီ။ ယခုထိ ခန္ဓာ မချုပ်သေးသည်မှာ ဤနည်းကို မတွေ့ခဲ့သေး၍ ဖြစ်ကြောင်း ဟောသည်။ ခန္ဓာကြီး ရနေတာ အိုဘေး၊ နာဘေး၊ သေဘေးနှင့် ခွဲ၍ မရပါ။ ဘာကြောင့် မရသလဲ။ ဝိပဿနာ သမ္မာဒိဋ္ဌိ မလုပ်ခဲ့ဖူး၍ ဖြစ်သည်။ အိုဘေး၊ နာဘေး၊ သေဘေးတွေနှင့် တွဲစပ်၍ နေရသော ခန္ဓာ ဖြစ်ခြင်းကြောင့် ဘယ်နေ့မှ စိတ်ချလက်ချ မနေရကြောင်း ပြသည်။ [နှာ-၅၁] ရထားသော ခန္ဓာကြီးသည် ဒုက္ခမျိုးစုံ အကုန်လက်ခံထားသည်။ လုပ်နည်း ကိုင်နည်းကို မဟောသေးဘဲ လုပ်ဖြစ်အောင် လုပ်ကြဖို့ကိုသာ အကြောင်းအမျိုးမျိုး ပြပြီး တိုက်တွန်းသည်။ ဗာလ ပဏ္ဍိတသုတ်နှင့် ဝေဖန်လိုက်တော့ တစ်သံသရာလုံး လူမိုက်အဖြစ်နှင့် အမှောင်ထဲနေပြီး အချိန်ကုန်ခဲ့ကြပုံကို ပြသည်။ [နှာ-၅၅] ဒီတစ်ခါမှာတော့ ကိုယ့်ကိုယ်ကိုယ် သနားသော ပုဂ္ဂိုလ်၊ ကယ်တင်ချင်သော ပုဂ္ဂိုလ် ဖြစ်အောင် လူလိမ္မာအဖြစ် ဓာတ်သိမ်းပါဟု တိုက်တွန်းသည်။ လိုရင်းက ကိုယ့်ကိုယ် ကိုယ်သနားလျှင် ဝိပဿနာ လုပ်ဖို့ပင် ဖြစ်သည်။ [နှာ-၅၇]

ထို့နောက် ဝိပဿနာ သမ္မာဒိဋ္ဌိကို ဟောပြန်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိသည် မဂ္ဂဗြဟ္မာစရိယ အကျင့်ပင် ဖြစ်သည်။ [နှာ-၆၁] ဘယ်အပေါ်မှာ ဤအကျင့် ကျင့်ရမလဲ ဆိုလျှင် စဖြစ်သော ပဋိစ္စသမုပ္ပာဒ်ပေါ်မှာ ကျင့်ရမည်။ [နှာ-၆၃] ခန္ဓာအစ ဝိညာဉ်က (ဖဿမှာ ပေါ်သော ပဝတ္တိ ဝိညာဉ်ကို ဆိုလိုသည်) ဒါသည်

ဝိပဿနာ ရှုစရာ အစပင် ဖြစ်သည်။ [နှာ–၆၅] အစကို တွေ့ပြီ။ ကိုယ့် ခန္ဓာမှာ ပဝတ္တိဉာဏ်က ခြောက်ပါး ပေါ်သည်။ [နှာ–၆၆] မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ်၊ တွေးကြံစိတ်တွေ ဖြစ်သည်။ ဒါ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် စတာပဲ ဖြစ်သည်။ သတိပဋ္ဌာန်မှာ ရေးထားတာက ဝေဒနာ သီးသန့် ရှု၊ စိတ် သီးသန့် ရှုလို့ ရေးထားသည်။ တကယ့် ဖြစ်စဉ်ကျတော့ သီးသီးသန့်သန့် ဖြစ်တာ မဟုတ်ဘူး။ [နှာ–၆၇] စိတ်ဖြစ်တာနဲ့ ဝေဒနာနှင့် အတူတကွ တွဲပြီး ဖြစ်သည်။ နာမ်ခန္ဓာ လေးပါး တွဲပြီး ဖြစ်သည်။ [နှာ–၆၈]

ဒါကြောင့် ခန္ဓာ တစ်ခုကို ရှုလျှင် ကျန်လေးခု ပါသွားသည်။ ဝိညာဉ်ထဲ ဝေဒနာ ပေါ်လာလျှင်လည်း ဝေဒနာကိုပါ ရှု။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ် ဆိုသော ဝိညာဉ် ၄ ခု ပေါ်လျှင် သူက ဥပေက္ခာ ဝေဒနာနှင့်ပဲ ရောသည်။ ယှဉ်တွဲပြီး ဖြစ်သည်။ [နှာ–၆၉] ခု ဝိပဿနာ သမ္မာဒိဋ္ဌိ ၃ နံပါတ် အလုပ် လုပ်ဖို့ ဟောနေခြင်း ဖြစ်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိပါလျှင် သမ္မာသင်္ကပ္ပလည်း ပါရသည်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ မဂ္ဂင်များလည်း ပါသည်ချည်းပင်။ ရှုလိုက်သောအခါ စိတ် ရှုရှု၊ ဝေဒနာ ရှုရှု ဘာတွေရမလဲ ဆိုတော့ မရှိတာဘဲ တွေ့ရမည်။ [နှာ–၇၀] ဘာကြောင့် မရှိတာဘဲ တွေ့ရသလဲဆိုလျှင် မြင်စိတ်က မြင်ပြီး ချုပ်သည်။ ကြားစိတ်က ကြားပြီး ချုပ်သည်။ ချုပ်သွားတော့ ရှုလိုက်တဲ့အခါ မရှိတာဘဲ တွေ့ရခြင်း ဖြစ်သည်။ ထိုကဲ့သို့ မရှိတာကိုဘဲ သိအောင် လုပ်ရမည်ဟုလည်း ထပ်ဟောသည်။ [နှာ–၇၁] သင်္ခါရတရား အနိစ္စ ရောက်သွားတာကို ဝိပဿနာဉာဏ်က မြင်လိုက်သည်။ ဝိပဿနာဉာဏ်ဖြင့် ကြည့်လိုက်သောအခါ ပြုပြင်လိုက်၊ အနိစ္စရောက်လိုက် ချည်း မြင်ရသည်။ ပြုပြင်လို့ ပေါ်တာက ဖြစ်တာ၊ အနိစ္စ ရောက်တာက ပျက်တာ၊ (ဖြစ်ပျက်) ဖြစ်ကြောင်း ရှင်းသည်။ [နှာ–၇၃] ဖြစ်တာရော၊ ပျက်တာရော မြင်တယ် ဆိုလျှင် စိတ်နှစ်စိတ် ပြိုင်နေမည်။ ထိုသို့ မမြင်ပါက ပျက်သွားတာ မြင်တယ် ဆိုတာက မရှိတာကိုသာ မြင်ခြင်း ဖြစ်သည်။ [နှာ–၇၄] ခန္ဓာ အရှိ သဘောကတော့ ဖြစ်ပြီး ပျက်သွားတာပဲ။ ဝိပဿနာဉာဏ်မှာတော့ ပျက်သွားတာကို မရှိတာ မြင်တာပဲ ဖြစ်သည်။ [နှာ–၇၅] ဘယ်သူ မရှိတုံး။ သင်္ခါရတရား မရှိတာ ဖြစ်ကြောင်း ရှင်းသည်။ သဗ္ဗေ သင်္ခါရာ အနိစ္စာ–။ ခုရှုနေတာက ၃ နံပါတ် သမ္မာဒိဋ္ဌိ ဖြစ်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိက အပါယ် သွားစေသော သက္ကာယဒိဋ္ဌိကို သတ်နေသည်ဟု ဆိုသည်။ [နှာ–၇၆]

ဒါကြောင့် ဝိပဿနာ မလုပ်ဘဲနှင့်တော့ အပါယ်တံခါး မပိတ်ဘူးဟု သိရမည်။ ဖြဟ္မာပြည်ကနေ ဝက်ပြန်ဖြစ်တာ ဘာကြောင့်လဲ ဆိုတော့ ဒိဋ္ဌိ မပြုတ်သေးလို့ ဖြစ်ကြောင်း ရှင်းသည်။ ဖြစ်ပျက်ကို တစ်ခါမှ မမြင်ဖူးရင် ဒိဋ္ဌိက ဘယ်တုန်းကမှ မကွာဘူး။ ဒိဋ္ဌိ မကွာလျှင် ငါစွဲ အတ္တစွဲ မပျောက်ဘူး။ ငါ၊ ငါ့ဥစ္စာ လာနေမှာပဲ။ [နှာ–၈၁] ဒါကြောင့် ငရဲမျိုးစေ့ ပြုတ်ချင်၊ ပြတ်ချင်လျှင် ဝိပဿနာ သမ္မာဒိဋ္ဌိ လုပ်ရမည်။ [နှာ–၈၂]

ထို့နောက် အကြောင်း ပြုပြင်၍ ပေါ်လာသော သင်္ခါရတရားများ ပေါ်ပုံကို ဟောသည်။ သင်္ခါရတရား ပေါ်တာ ငါမဟုတ်ဘူးဟု ဉာဏ်သွင်းရမည်။ [နှာ–၈၃] ဉာဏ်သွင်းပြီး ရှုသဖြင့် သင်္ခါရ တရားတိုင်း ဖြစ်ပြီး ပျောက်သွားတာ၊ မရှိဘူး ဖြစ်သွားတာ မြင်လိုက်သဖြင့် ငါမရှိကြောင်း သိသွားသည်။ ဒိဋ္ဌိ ကွာသွားသည်။ ဒါ ဒိဋ္ဌိ သတ်နေတာဟု ဆိုသည်။ သင်္ခါရ တရားသည် အပျက်မှာ လမ်းဆုံးသည်။ အနိစ္စဝတ သင်္ခါရာ– သင်္ခါရတရား မရှိတာ တွေ့တော့ ဒါ ပုဂ္ဂိုလ် မရှိတာဘဲ ဖြစ်သည်။ ယောက်ျား မရှိတာ၊ မိန်းမ မရှိတာ မဟုတ်ဘူး။ သင်္ခါရတရား မရှိတာ ဖြစ်သည်။ [နှာ–၈၆] အကြောင်းကြောင့် အကျိုးဖြစ်တာ သင်္ခါရ တရားတွေပဲ ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် ဖြစ်ပျက်ဆိုလည်း ရသည်။ ဖြစ်ပျက် တစ်လုံးကို ပိုင်ပိုင်နိုင်နိုင် ရှုလို့ရှိလျှင် ဒါ ဒိဋ္ဌိ ခွာတယ်လို့ မှတ်ဟု ဟောသည်။ [နှာ–၈၇] ပဋိစ္စသမုပ္ပာဒ် အစရှ ဆိုလည်း ဖြစ်ပျက် ရှုနိုင်းတာပဲ ဖြစ်ကြောင်း ဟောသည်။ ဝိပဿနာ ရှုခြင်းကြောင့် ဘာအကျိုး ခံစားရသလဲ ဆိုလျှင် ဒိဋ္ဌိကွာသည်။ အပါယ် ဘေးက လွတ်သည်။ သင်္ခါရ ဖြစ်မှုကို မြင်ခြင်းကြောင့် ဥစ္ဆေဒ ဒိဋ္ဌိ ကွာသည်။ ဖြစ်ပြီး ပျက်သွားတာ မြင်သဖြင့် သဿတ ဒိဋ္ဌိ ကွာသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိက ဒိဋ္ဌိ ၃ မျိုးကို ပယ်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိသည် တစ်သံသရာလုံး မိုက်နေခဲ့သော ဒိဋ္ဌိ အမိုက်အမှားကို ပယ်သည်။ ဒိဋ္ဌိ စင်ရင် ပဏ္ဍိတ နယ်ထဲ ဝင်လာပြီဟု ဆိုသည်။ အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၃။ ဝိပဿနာ သမ္မာဒိဋ္ဌိနှင့် မဂ္ဂသမ္မာဒိဋ္ဌိ ရှင်းပုံ

[ ၂၈–၂–၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

လူမိုက်သည် မဂ္ဂဗြဟ္မာစရိယ အကျင့်ကို မကျင့်ဘူးဟု အစချီလျက် ဤ တရားကို ဟောတော်မူသည်။ လူလိမ္မာက မဂ္ဂဗြဟ္မာစရိယ အကျင့်ကို ကျင့်သည်။

လူမိုက်နှင့် လူလိမ္မာ ထူးခြားကွဲပြားပုံ ဖြစ်သည်။ မဂ္ဂဗြဟ္မာစရိယ မကျင့်သည့်အတွက် လူမိုက်မှာ နောက်ပဋိသန္ဓေ (ဇာတိ)နှင့်အတူ အို၊ နာ၊ သေဘေး အကုန်လာသည်။ လူလိမ္မာက မဂ္ဂဗြဟ္မာစရိယ ကျင့်သဖြင့် နောက်ဒုက္ခ ခပ်သိမ်းကို ချုပ်ငြိမ်းအောင် ဖြတ်သည်။ နောက်ဒုက္ခဆက်တာ လူမိုက်၊ နောက်ဒုက္ခ ဖြတ်တာ လူလိမ္မာဖြစ်သည်။ မဂ္ဂဗြဟ္မာစရိယဆိုတာ တရားကိုယ်က သမ္မာဒိဋ္ဌိ ဖြစ်သည်။ သမ္မာဒိဋ္ဌိ ၅မျိုးကို ရှေ့မှာ ပြခဲ့ပြီးပြီ။ ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် ဈာန သမ္မာဒိဋ္ဌိက သာသနာပမှာလည်း ရှိသည်။ ကမ္မဿကတာက ဘဝသမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိကို အကျိုးပေးသည်။ ဈာနက ရူပဘုံ၊ အရူပ ဗြဟ္မာဘုံမှာ အကျိုးပေးသည်။ နံပါတ် ၃ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ နောက် မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလ သမ္မာဒိဋ္ဌိ ဤသုံးမျိုးသည်သာလျှင် သာသနာတွင်း တရားများ ဖြစ်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိက သက္ကာယ ဒိဋ္ဌိ ပြုတ်အောင် လုပ်သည်။ ဒိဋ္ဌိ ပြုတ်လျှင် အပါယ် မကျတော့ပါ။ ဝိပဿနာ သမ္မာဒိဋ္ဌိကို လုပ်လျှင် အထက် သံသရာကနေ နိဗ္ဗာန်ကို သွားမည်။ [နာ-၉၄] စတုတ္ထ သမ္မာဒိဋ္ဌိက မဂ်သမ္မာဒိဋ္ဌိ ဖြစ်သည်။ မဂ်သမ္မာဒိဋ္ဌိက အလွယ်ကလေး၊ သိပ်အရေးမကြီးဘူးဟု ဆိုသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိက ရှင်းပြီးသား။ သက္ကာယ ဒိဋ္ဌိတွေ ရှင်းပြီးမှပဲ သူက ဝင်လာပြီး နိဗ္ဗာန်ကို မြင်တာ ဖြစ်သည်။

ဒါကြောင့် ၃ နံပါတ် ဝိပဿနာ သမ္မာဒိဋ္ဌိသည် အရေးအကြီးဆုံးဟု မှတ်ရမည်။ ခန္ဓာမှာ ပေါ်လာသမျှ သင်္ခါရ ဓမ္မတွေ (စိတ်ဖြစ်ဖြစ်၊ ရုပ်ဖြစ်ဖြစ်၊ ဝေဒနာဖြစ်ဖြစ်)ကို ဒီတရားတွေသည် ဖြစ်ပြီး ပျက်ကြမှာချည်းပဲဟု ရှုပါ၊ ရှုလျှင် ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်ပြီဟု ဆိုသည်။ [နာ-၉၇] ဘာရယ်လို့ မဆိုနှင့်။ ပေါ်ရာကိုသာဖမ်းရှုပါ။ ပဋိစ္စသမုပ္ပာဒ်ချည်းပဲ။ ပဋိစ္စသမုပ္ပာဒ် ဆိုတာလည်း ခန္ဓာချည်းပါပဲ။ ခန္ဓာ ဆိုတာလည်း ဘာမှမဟုတ်ဘူး။ ဖြစ်ပျက်ပဲ။ ဖြစ်ပြီးရင် ပျက်မည့် တရားပဲ။ ဤသို့ မြင်အောင် ရှုရမည်။ ဤသို့ မြင်ပါက အနိစ္စကို မြင်ပြီဖြစ်သည်။ အနိစ္စမြင်တာ ဒိဋ္ဌိသေတာ ဖြစ်သည်။ [နာ-၉၈] ဖြစ်ပျက် မြင်တာသည် ဒိဋ္ဌိသတ်တာဖြစ်သည်။ ဖြစ်ပျက် မြင်ပြီးသာ သေပါစေ၊ ဖြစ်ပျက်အဆုံး မရောက်ချင် နေပါစေ၊ အပါယ် စိတ်ချရပြီဟု ဆိုသည်။ [နာ-၉၉] အပါယ်လေးပါး တံခါးပိတ်တာသည် ဖြစ်ပျက် မြင်တာက စရမည်ဟု မှတ်ရမည်။ [နာ-၁၀၀] ဒုတိယ ဘဝမှာလည်း သေချာပေါက် မဟာသောတာပန် ဖြစ်မည်။ [နာ-၁၀၁] ပုထုဇဉ်သည် သက္ကာယဒိဋ္ဌိကြောင့် အပါယ်လေးပါးမှာ အမြဲနေအိမ် ပြု၍ နေရသည်။ [နာ-၁၀၂]

ဒါကြောင့် သက္ကာယဒိဋ္ဌိ မပြုတ်သေးသရွေ့ အေးအေးနေချိန် မရှိသေးဟု မှတ်ရမည်။ သက္ကာယဒိဋ္ဌိ ပြုတ်ဖို့က ရင်ဝလှံစူး၊ ထိပ်ဦး မီးလောင်သလို ငြိမ်းအောင်၊ အေးအောင် ပယ်သတ်ဖို့က ပိုအရေးကြီးသည်။ [နာ–၁၀၅] ဒီ သက္ကာယဒိဋ္ဌိက အပါယ် ပို့ထားသည့်အတွက် မိမိတို့မှာ ဘုရားအဆူဆူနှင့်လည်း လွဲခဲ့ကြရသည်။ အပါယ်ဘေးက လွတ်မြောက်ဖို့ရာမှာ ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို သိရမည်။ ခန္ဓာ ပဋိစ္စသမုပ္ပာဒ် သိလျှင် ပုဂ္ဂိုလ်၊ သတ္တဝါစွဲတွေ အကုန်ပျက်သည်။ မြင်စိတ်ပေါ်ပုံ၊ ကြားစိတ် ပေါ်ပုံ၊ ပဋိစ္စသမုပ္ပာဒ် အစ (စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ) ပေါ်ပုံကို သိရမည်။ ဓမ္မပေါ်၍ ဓမ္မ အနိစ္စ ရောက်ပုံကို သိမှသာ ငါ၊ ငါ့ဥစ္စာအစွဲ ပျောက်သည်။ ငါစွဲဒိဋ္ဌိသည် အကုသိုလ် မှန်သမျှ၏ ရေသောက်မြစ် ဖြစ်သည်။ [နာ–၁၁၁] လူတွေ အမောဆိုက်နေရတာ ဒိဋ္ဌိကြောင့် ဖြစ်သည်။ တစ်နေ့မှ အနား မရအောင် ဒိဋ္ဌိ(တဏှာ)က နိုင်းထားသည်။ ဒိဋ္ဌိ မပြုတ်သေးသမျှ ကုသိုလ်လည်း အရောချည်းပဲဟု ဆရာတော်က ဆိုသည်။ [နာ–၁၁၄] အဖြူထဲ အမည်းရောနေပြီ။ ဒါန၊ သီလက နိဗ္ဗာန် ပို့နိုင်သည်။ မရောက်နိုင်တာက သက္ကာယဒိဋ္ဌိ ဆွဲထားလို့ ဖြစ်သည်ဟု ဆိုသည်။ [နာ–၁၁၅] မိစ္ဆာဒိဋ္ဌိ ပြုတ်မှာ သမ္မာဒိဋ္ဌိ ဖြစ်လာသည်။ ဒိဋ္ဌိပြုတ်လျှင် ဉာဏ်ဦးစီးပြီဟု ဆိုသည်။ [နာ–၁၁၆]

ထို့နောက် မဂ္ဂသမ္မာဒိဋ္ဌိကို ပြောမည်ဟု ဆိုပြန်သည်။ [နာ–၁၂၀] မဂ္ဂ သမ္မာဒိဋ္ဌိဆိုတာ မဂ္ဂင်ရှစ်ပါးကို ဆိုခြင်းဖြစ်သည်။ သမ္မာဒိဋ္ဌိကို အခြေခံရမည်။ ဝိပဿနာ သမ္မာဒိဋ္ဌိက ဖြစ်ပျက် မြင်ခြင်းကြောင့် သက္ကာယဒိဋ္ဌိကို ဖြုတ်သည်။ ဒီမှာ ဝိပဿနာ သမ္မာဒိဋ္ဌိက လမ်းဆုံးသည်။ သူ့သတ္တိနယ် ကုန်ပြီ။ ဖြစ်ပျက်မြင်ပြီး သက္ကာယဒိဋ္ဌိ ပြုတ်တာ ဝိပဿနာ သမ္မာဒိဋ္ဌိအလုပ် ဖြစ်သည်။ [နာ–၁၂၁] မဂ္ဂ သမ္မာဒိဋ္ဌိက ဘယ်လို အမှန်ကို မြင်သလဲ။ ဖြစ်ပျက်ကို မမြင်ဘဲ ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို မြင်တာသည် မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်သည်။ [နာ–၁၂၄] ဝိပဿနာ သမ္မာဒိဋ္ဌိကို နာနာလုပ်လျှင် မဂ္ဂသမ္မာဒိဋ္ဌိ လိုက်လာသည်။ [နာ–၁၂၅] မဂ္ဂသမ္မာဒိဋ္ဌိက ဖြစ်တာ လည်း မမြင်ဘူး။ ပျက်တာလည်း မမြင်ဘူး။ သူက ဝဋ်ပြတ်တာကိုပဲ မြင်သည်။ [နာ–၁၂၆] ဖြစ်ပျက်တွေ လှည့်နေတာက ဝိပါကဝဋ် လိုက်နေတာ၊ မဂ္ဂသမ္မာဒိဋ္ဌိ ပေါ်တော့ ဖြစ်ပျက်တွေ ရပ်စဲပြီး ဝဋ်လည်တာလည်း ပြတ်ထွက်သွားသည်။ [နာ–၁၂၇] 'ဟိလဒ္ဓံ ဝဋ္ဋံ ပရိဝဇ္ဇမာနာ ဘူမိလဒ္ဓံ' ဘူမိလဒ္ဓံ– ဉာဏ်၏ တည်ရာကို ရသောကြောင့်၊ ဝဋ္ဋံ– ရဟာတ်ပမာ ချာချာလည်နေသော ဖြစ်ပျက် ဝိပါက ဝဋ်ကြီးကို၊ ပရိဝဇ္ဇမာနာ– စွန့်လျက်၊ မဂ္ဂ သမ္မာဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ– ဖြစ်ပေါ်လာ၏။ ဖြစ်ပျက်ကို

မတွေ့တော့ဘူး။ နိဗ္ဗာန်ကိုပဲ တွေ့နေပြီ ဖြစ်၏။ ဖြစ်ပျက်တွေ ချုပ်ငြိမ်းသည့် သဘော။ ဒါဟာ နိဗ္ဗာန်ပဲ။ [နှာ–၁၂၈]

ထို့နောက် မိလိန္ဒပဉှာကျမ်းကို ထုတ်ပြီး ဟောသည်။ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်ကို မေးသည်။ 'အရှင်ဘုရား နိဗ္ဗာန်မြင်ပုံ အမိန့်ရှိပါဦး၊ အလုပ်စဉ်နှင့် တကွ မြင်ပုံကလေး အမိန့်ရှိပါဘုရား နိဗ္ဗာန်သည် ပစ္စုပ္ပန်လား၊ အနာဂတ်လား၊ အတိတ်လား ဘုရား'။ 'မင်းကြီး၊ နိဗ္ဗာန်သည် ပစ္စုပ္ပန်လည်း မဟုတ်၊ အတိတ်လည်း မဟုတ်၊ အနာဂတ်လည်း မဟုတ်ဘူး။' 'အရှင်ဘုရား ဒါဆိုရင် ကာလသုံးပါးက လွတ်နေပါက နိဗ္ဗာန်ဆိုတာ မရှိဘူးပေါ့'ဟု လျှောက်သည်။ ထိုအခါ အရှင်နာဂသိန်က 'မင်းကြီး နိဗ္ဗာန်ဆိုတာ ကာလ သုံးပါးက လွတ်နေသော ကာလဝိမုတ္တိ တရား ဖြစ်သည်။' 'အရှင်ဘုရား ဒါဆိုရင် နိဗ္ဗာန် ဆိုတာ မရှိဘူး'ဟု သူက ယူပစ်လိုက်သည်။ ထိုအခါ အရှင်နာဂသိန်က ဥပမာဖြင့် ပြသည်။ 'မင်းကြီး နိဗ္ဗာန်သည် ကား အမှန်ပင် ရှိ၏။ ဥပမာ မီးပွတ်ယောကျ်ားသည် ဝါးနှစ်လုံးကို ပွတ်၍ မီးကို ပြု၏။ ဤသို့ ပွတ်သောအခါ မီးသည် အတိတ်မှာ အရင်က ရှိနှင့်သလား၊ အခုကော ရှိသလား၊ ဒါမှမဟုတ် အနာဂတ်က လာတာလား၊ နဂိုကလည်း ဝါးထဲမှာ မီးမရှိပါ၊ ဝါးနှစ်လုံးကို ကြာကြာပွတ်တော့ ပူပြီး မီးထွက် လာသည်။ ထိုမီးသည် အတိတ်က ရှိသော မီးလည်း မဟုတ်၊ ပစ္စုပ္ပန်မှာရှိသော မီးလည်း မဟုတ်၊ အနာဂတ်က လာသော မီးလည်း မဟုတ်၊ ပွတ်ဖန်များမှ ပေါ်လာသော မီး ဖြစ်သည်။ အားထုတ်သော ပုဂ္ဂိုလ်မှာ ဖြစ်ပေါ်လာသော တရား ဖြစ်သည်။ နိဗ္ဗာန်လည်း ထို့အတူပင် ဖြစ်ကြောင်း' အရှင်နာဂသိန်က ရှင်းပြသည်။ ကာလ သုံးပါးမှာတော့ မရှိဘူး။ ပေါ်လောက်အောင် အားထုတ်သော ပုဂ္ဂိုလ်မှာ ပေါ်လာသည့် တရားဖြစ်သည်။ [နှာ–၁၃၃]

ထိုအခါ မင်းကြီးက 'အရှင်ဘုရား နိဗ္ဗာန်ရှိပုံကို သိရအောင်၊ နိဗ္ဗာန်ရအောင် အားထုတ်ပုံ အားထုတ်နည်းကိုပဲ ဟောပါတော့'ဟု လျှောက်ပြန်သည်။ 'ဒကာကြီး၊ တဿတံ စိတ္တံ အပ္ပရာပရံ မနသိကာရောတော' [နှာ–၁၃၅] မင်းကြီး ရှေ့က ဝိပဿနာ အလုပ်ကို ကြိုးစားလိုက်ပါ။ ဖြစ်ပျက်နှင့် ဝိပဿနာမဂ် ကိုက်အောင် ကြိုးစားလိုက်ပါ။ ဝိပဿနာ သမ္မာဒိဋ္ဌိကို ရှုရင်းက ဖြစ်ပျက် မရှိတဲ့ဘက်ကို ဉာဏ်က လှည့်သွားလိမ့်မည်။ တဿတံ စိတ္တံ အပရပရံ မနသိကာရောတော ဥပ္ပာဒံ အတိက္က မိတ္တာ' ဖြစ်ပျက်တွေ လွန်သွားသည်။ [နှာ–၁၃၆] အနုပ္ပာဒံ သြက္ကမတိ– ဖြစ်ပျက် မရှိသောဘက်ကို ဉာဏ်လှည့်သွားသည်။ ဝိပဿနာဉာဏ်

ရင့် လာလျှင် မဂ်ဉာဏ် ပေါ်လာသည်ဟု ဆိုလိုသည်။ ဖြစ်ပျက် မရှိတာ၊ ဒုက္ခ မရှိတာ နိဗ္ဗာန်ပဲ ဖြစ်သည်။ [နှာ–၁၃၇] တေသံ ရူပသမော၊ သုခေါ၊ ဒါကြောင့် ဉာဏ်စဉ်တွေ တက်နေဖို့ မလိုဘူး၊ ဝိပဿနာဉာဏ် ရင့်လာလျှင် မဂ်ဉာဏ် ပေါ်သည်။ [နှာ–၁၄၀] ဤတွင် အချိန်စေ့၍ တရား ရပ်နားသည်။

*

## ၄။ သမ္မာဒိဋ္ဌိ ၅ မျိုးမှ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိကို ရှင်း၊ နောက်ပိုင်း တဏှာကောက်ပုံ ရှင်း

[ ၂၉–၂–၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံတွင် ဟောသော တရား ]

သမ္မာဒိဋ္ဌိ ၅ မျိုးလို့ ဟောထားတယ် အစချီပြီး ဤတရားကို ဟောသည်။ သမ္မာဒိဋ္ဌိ ၅ မျိုး အင်္ဂုတ္တိုရ်မှာ လာသည်။ [နှာ–၁၄၁] ၅ မျိုးသည် မှန်ကန်သော အမြင်ချည်း ဖြစ်သည်။ မှန်ပုံကျတော့ တစ်မျိုးစီဟုလည်း မှတ်ရမည်။ မှန်တာလည်း အဆင့်ဆင့် ရှိသည်။ အယုတ်အမြတ် ခွဲရမည်။ ကမ္မဿကတ သမ္မာဒိဋ္ဌိက ကံ ကံ၏ အကျိုးလောက်ပဲ သိသည်။ ရပ်နားမ်ပေါ်မှာ ဉာဏ်မရောက်ဘူးဟု ဆိုသည်။ [နှာ–၁၄၂] သူ့အကျိုးပေးက ဘဝ သမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိ လောက်ပဲ ဖြစ်သည်။ ဈာန သမ္မာဒိဋ္ဌိက ဒုတိယ၊ သူက အပ္ပနာဈာန်တွေ ရတာဖြစ်သည်။ ရူပ၊ အရူပ ဗြဟ္မာဘုံကို ရောက်သော အကျိုးပေးပဲ ရှိသည်။ [နှာ–၁၄၃] ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်း ရပ်သိမ်း အောင်တော့ သူက မတတ်နိုင်ပါ။ ဒါကြောင့် ကျေနပ်ဖွယ် မရှိဟု ဆိုသင့်သည်။ နောက် သမ္မာဒိဋ္ဌိက ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်၏။ ဒါက ပထမ၊ ဒုတိယ ထက် အဆ များစွာ သာသည်။ ၁–၂ က သာသနာပ မှာလည်း ထိုသမ္မာဒိဋ္ဌိမျိုး ရှိသည်။ အားကိုးထိုက်သော အမြင်တွေ မဟုတ်သေးဟု မှတ်ရမည်။ ၃ နံပါတ်က အရေး ပါသည်။ ဘာကြောင့်လဲ ဆိုလျှင် သူ မပါလျှင် ဒိဋ္ဌိ မကွာ၍ ဖြစ်သည်။ သူ မပါဘဲ နှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုလည်း တက်၍ မရသောကြောင့် ဖြစ်သည်။ [နှာ–၁၄၅] ၃ နှင့် ၄ က အနန္တရ ပစ္စည်းနှင့် ပစ္စယုပ္ပန်အဖြစ် ဆက်စပ်နေသည်။ ၃ နံပါတ် မရှိဘဲနှင့် ၄ နံပါတ် မဖြစ်နိုင်ကြောင်း သိအပ်သည်။ ဒိဋ္ဌိ မကွာဘဲနှင့် မဂ် မရပါ။ [နှာ–၁၄၆] လောကီ ဥပမာ၊ လယ်လုပ်မည်ဆိုလျှင် မြက်၊ ပေါင်းကို ရှင်းလင်းပြီး မီးရှို့မှ ရသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိက ရှင်းလင်းတာ မဂ်သမ္မာဒိဋ္ဌိက မီးရှို့ခြင်းနှင့် တူသည်ဟု ဆိုသည်။ သက္ကာယဒိဋ္ဌိ ဖြုတ်ရာမှာ ဝီတိက္ကမ၊ ပရိယုဋ္ဌာန ဆိုသော

အကြမ်းစား ကိလေသာတွေကို ဝိပဿနာ သမ္မာဒိဋ္ဌိက ဖြုတ်ပစ်သည်။ အနုသယ ကိလေသာကိုတော့ မဂ်သမ္မာဒိဋ္ဌိကမှ ပယ်နိုင်သည်။ [နာ–၁၄၇]

ဤတရားကို နားရှင်းအောင် အထပ်ထပ် ဟောနေခြင်းမှာ ဝမ်းထဲမှာ ရှိနေသော အပါယ်မျိုးစေ့ကို နှင်ထုတ်နေတာဟု ဆိုသည်။ [နာ–၁၄၈] ထို့နောက် မိမိတို့ သန္တာန်မှာ သူတစ်ပါး ပြုပြင်၍ ပေါ်သော သင်္ခါရ တရားများ ပေါ်ပုံကို ဟောပြန်သည်။ ယနေ့ ဥပရိပဏ္ဏာသ ပါဠိတော် မဟာခတ္တာလီသသုတ်ကို ဟောမည် ဆိုသည်။ [နာ–၁၄၉] မနေ့က သံယုတ် အဋ္ဌကထာကို ဟောတာဟု ဆိုသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိနှင့် မဂ် သမ္မာဒိဋ္ဌိ ထူးခြားပုံကို မဟာခတ္တာလီသ သုတ်ကို ကိုးကားပြီး ဟောသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိက နေမထွက်ခင် အရုဏ် တက်တာနှင့် တူသည်။ နေထွက်ဖို့ ပုဗ္ဗနိမိတ် ဖြစ်သည်။ ဒါကြောင့် ဝိပဿနာ သမ္မာဒိဋ္ဌိက ရှေ့သွား၊ မဂ် သမ္မာဒိဋ္ဌိက နောက်လိုက် ဖြစ်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိသည် ပုရေစာရ သမ္မာဒိဋ္ဌိ ဖြစ်သည်။ ရှေးဦးစွာ ကျင့်ရမည့် အကျင့်ဖြစ်သည်။ ရှေးဦးစွာ ကျင့်ရမည့် အကျင့်ကို မကျင့်ဘဲနှင့် နေ၍ မရကြောင်း ဟောသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိကို ဦးစားပေး ကျင့်ဖို့ အရေးကြီးကြောင်း ထပ်ဟောသည်။ တေဘူမက သင်္ခါရ ပေါ်မှာ ဖြစ်ပျက် မြင်အောင် လုပ်ရမည်။ [နာ–၁၅၃] နာမ်ရုပ် ပေါ်မှာ ဖြစ်ပျက် မြင်အောင်လုပ်ဟု ဆိုလိုကြောင်း ထပ်ရှင်းသည်။ ဝိပဿနာကို ရှေ့သွား လုပ်ထားမှ မဂ်က နောက်လိုက်အဖြစ် ပေါ်လာနိုင်သည်။ ရှေ့သွား ကောင်းလျှင် နောက်လိုက် ကောင်းသည်။

ထို့နောက် ဒိဋ္ဌိအဆင့် သုံးမျိုးရှိကြောင်း၊ ပရိယုဋ္ဌာန၊ ဝီတိက္ကမနှင့် အနုသယ ဖြစ်ကြောင်း၊ ဝိပဿနာ သမ္မာဒိဋ္ဌိက အကြမ်းစား၊ လွန်ကျူး ဒိဋ္ဌိနှင့် ထကြွဒိဋ္ဌိကိုသာ ပယ်နိုင်ကြောင်း ထပ်ဟောသည်။ [နာ–၁၅၆] ကိန်းအောင်းဒိဋ္ဌိ (အနုသယ) ကိုတော့ မဂ်ကမှ ပယ်နိုင်သည်။ [နာ–၁၅၆] ဝိပဿနာ သမ္မာဒိဋ္ဌိနှင့် ဖြစ်ပျက်မြင် ဥဒယဗ္ဗယ ဉာဏ်က စပြီး ဉာဏ်တွေ ရင့်ရင့်သွားမည်။ ဖြစ်ပျက်မုန်းပြီး နောက်ဆုံး ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို မြင်သွားမည်။ နိဗ္ဗာန်မြင်လျှင် ဝိပဿနာ သမ္မာဒိဋ္ဌိ မရှိတော့ဘူးဟု မိန့်ထားသည်။ [နာ–၁၆၃] မဂ်သမ္မာဒိဋ္ဌိလာတော့ ဝဋ်ပြတ်သွားပြီ။ အနုသယ ကိလေသာလည်း ပယ်ပြီးပြီ။ အောက်သံသရာကတော့ ကျွတ်လွတ်သွားပြီ။ နိဗ္ဗာန် တည်းဟူသော စွဲကိုင်ရာ ရသွားပြီ။ စပါးရိတ်ပုံ ဥပမာဖြင့် ပြသည်။ စပါးပင်ကို ဆွဲကိုင်ပြီးမှ တံစဉ်ဖြင့် ရိတ်မှ ပြတ်သကဲ့သို့ နိဗ္ဗာန်ကို ဆွဲကိုင်ရာမှ မဂ်က အနုသယ ကိလေသာကို ဖြတ်ချနိုင်ပုံကို ပြသည်။ [နာ–၁၆၄] ကိလေသာဝဋ် ပြတ်သွားပြီ။

အပါယ်လေးပါးမှ လွတ်သွားပြီ။ အပါယ်လွတ်ကြောင်း တရားကောင်းကတော့ မဂ်သမ္မာဒိဋ္ဌိပဲ ဖြစ်သည်။ [နှာ–၁၆၇]

ဖြစ်ပျက်တွေ ချုပ်ငြိမ်းသွားတာသည် နိရောဓ သစ္စာ ဖြစ်သည်။ နိဗ္ဗာန် ဖြစ်သည်။ လောကုတ္တရာမဂ် ပေါ်ပြီးလျှင် ဖိုလ်ဇောအဖြစ် ခန္ဓာကိုယ်ထဲမှာ အေးစိမ့်သွားတာမျိုး ဖြစ်တတ်ကြောင်း ဟောသည်။ [နှာ–၁၆၉] အပူဓာတ်၊ အလောင်ဓာတ်တွေ အေးငြိမ်းသွားသည့် သဘော ဖြစ်သည်။ ရေအိုး တစ်ထောင်နှင့် လောင်းသလို အေးစိမ့်သွားသည်ဟု ဥပရိပဏ္ဏာသမှာ ဟောကြောင်း ပြသည်။ ဤသို့ မဂ်ရပြီး ဖြစ်လျှင် ဝမ်းထဲမှာ ငရဲမျိုးစေ့ မကျန်တော့သည့် အတွက် ဘယ်လိုပဲ နေနေ၊ ဘယ်လိုပဲ ထိုင်ထိုင် အပြစ်ဆိုစရာ မရှိတော့ဘူးဟု ဟောသည်။ [နှာ–၁၇၁] အမြင်က နိဗ္ဗာန်၊ အတွင်းသိ ဉာဏ်က အေးသည့်ဉာဏ်။ နိဗ္ဗာန်သည် သန္တိကေ– အနီးကလေးဟု ဘုရား ဟောကြောင်း၊ နီးပါလျက် မရောက် နိုင်ကြတာ အကောက် အကွေ့ သွားနေလို့ဖြစ်ကြောင်း ဟောသည်။ [နှာ–၁၉၁] အကောက်သွားဆိုတာ ကိလေသာ ကြားခိုနေခြင်း ဖြစ်သည်။ ဒါကြောင့် ကိလေသာနှင့် ရန်ဖြစ်နိုင်လျှင် နိဗ္ဗာန် ရောက်သည် ဆို၏။ [နှာ–၁၉၂] တဏှာအကြောင်း ကောင်းကောင်းသိလျှင် နိဗ္ဗာန် ရောက်သည်။ [နှာ–၁၉၃] တဏှာက ကောက်ကျစ်သည်။ သို့သော် သူက ကောက်ကျစ်လာတိုင်း ကိုယ်က ဖြစ်ပျက်ရှုလျှင် မဂ္ဂင်က ဖြောင့်သွားသည်။ [နှာ– ၁၉၄] အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၅။ သမ္မာဒိဋ္ဌိ ငါးမျိုးမှ မဂ္ဂသမ္မာဒိဋ္ဌိနှင့် ဖိုလ်သမ္မာဒိဋ္ဌိ ရှင်း

[ ၁–၃–၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံ၌ ဟောသော တရား ]

သမ္မာဒိဋ္ဌိငါးမျိုး မကုန်သေးဘူးဟု မှတ်ပါဆိုပြီး ဤတရားကို စတင်ဟောကြားလေသည်။ သမာဒိဋ္ဌိ မပါဘဲ နိဗ္ဗာန် မရောက်နိုင်သည့်အတွက် တစ်နေ့လာလည်း သမ္မာဒိဋ္ဌိချည်း ဟောနေရသည် ဆို၏။ ဘုရားဖြစ်တာလည်း သမ္မာဒိဋ္ဌိပါမှ ဖြစ်သည်။ [နှာ - ၁၉၆] သမ္မာဒိဋ္ဌိဆိုတာ အမှန်အကန် မြင်တာ ဖြစ်သည်။ အမှန်မြင်တာပဲ ဘာကြောင့် ငါးမျိုး ပြားရသလဲ မေးလျှင် သူ့အဆင့်နှင့်သူ မြင်မှု မတူသောကြောင့်ဟု ဖြေထားသည်။ ကမ္မသကတာ သမ္မာဒိဋ္ဌိ၊ ဈာန်သမ္မာဒိဋ္ဌိကို ရှေ့မှာ ရှင်းခဲ့သည့်အတိုင်း ပြန်ရှင်းသည်။ ဤသမ္မာဒိဋ္ဌိ နှစ်ခုသည် ဝဋ်နယ်အတွင်းမှာပဲ ရှိသေးသည်။ ဝဋ်နယ် အပြင်ကို မထွက်နိုင်သေးပါ။ အညံ့စား သမ္မာဒိဋ္ဌိနှစ်ခုဟု ဆိုရပေမည်။ ဝိပဿနာ

သမ္မာဒိဋ္ဌိသည်ကား သာသနာတွင်းမှာမှ ပေါ်သည်။ ၃ နံပါတ် သမ္မာဒိဋ္ဌိက စပြီး အလုပ်စခန်း သင်ကြားကြရမည်။ အလုပ်လုပ်နည်း (ဝိပဿနာ ရှုနည်း)ကို သင်ကြားကြရမည်။ ဤအလုပ်ကို လုပ်ကြလျှင် ကံကြီးငါးပါး (ပဥ္စာ နန္တ ရိယကံ) မထိုက်သေးလျှင် သံသရာ တစ်လျှောက်လုံး ဘယ်လိုပင် မိုက်ခဲ့မိုက်ခဲ့ ဒုက္ခပင်သိမ်း ချုပ်ငြိမ်းသောဉာဏ်ကို ရနိုင်သေးသည်။ [*နာ–၁၉၉*] သုံးနံပါတ်ဉာဏ်က ခန္ဓာအပေါ် လှည့်သောဉာဏ် ဖြစ်သည်။ ခန္ဓာငါးမျိုး ရှိသည်။ ပဋိစ္စသမုပ္ပာဒ် အစပေါ်လျှင် ခန္ဓာငါးပါး ပေါ်သည်။ ခန္ဓာငါးပါးသည် ပစ္စုပ္ပန်မှာ အကြောင်း တိုက်ဆိုင်မှ ပေါ်သည်။ ပေါ်ပြီး ချက်ချင်း ပျောက်သည်။ ပေါ်လာသော ခန္ဓာကို ရှုဉာဏ်က ကြည့်လိုက်တော့ ဉာဏ်ထဲမှာ မရှိတာကို တွေ့သည်။ ခန္ဓာ မရှိတာ သိတာ ဝိပဿနာ ဖြစ်သည်။ ဤအချက်ကို ဤတရားတွင် အလေးအနက်ထားပြီး အထပ်ထပ် သင်ကြားသည်။ ခန္ဓာသည် လိုချင်လို့ ရထားတာ ဖြစ်သည် ဆို၏။ [*နာ–၂၀၂*] ခန္ဓာနှင့် နိဗ္ဗာန်က အဝေးကြီး၊ မိုးနှင့် မြေကြီး ဖြစ်နေသည်။ ဒုက္ခသစ္စာနှင့် နိရောဓသစ္စာ ဖြစ်နေသည်။

ဒါကြောင့် ခန္ဓာမရှိတာ သိမှသာ နိဗ္ဗာန်နှင့် နီးသည်။ ဝိပဿနာ ဘာအတွက် ရှုရသလဲ။ ခန္ဓာမရှိတာ သိဖို့ ရှုရသည် ဆို၏။ [*နာ–၂၀၃*] ဘယ်ခန္ဓာလဲ။ နဂိုက ငါ့ကိုယ်၊ ငါဟု ထင်နေသော ခန္ဓာ ဖြစ်သည်။ ကြားလျှင် ကြားခန္ဓာ၊ ရှုလိုက်တော့ ကြားခန္ဓာ မရှိတာ သိမည်။ မရှိတာ သိခြင်းသည် ကိုယ့်အသေကို ကိုယ်သိခြင်း ဖြစ်သည်။ [*နာ–၂၀၄*] ဒါသိဖို့ သိပ်အရေးကြီးသည်။ နိဗ္ဗာန်မှာ ခန္ဓာ မရှိသောကြောင့် ဖြစ်သည်။ ခန္ဓာမရှိတာ သိလျှင် နိဗ္ဗာန်ကပ်နေပြီ ဆို၏။ ခန္ဓာ မရှိတာကို သိအောင် ရှုတာသည် ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်ကြောင်း ထပ်ဟောသည်။ [*နာ–၂၀၅*] ဒါကြောင့် ဝိပဿနာဉာဏ်သည် နိဗ္ဗာန်ကို မြင်သော မဂ်ဉာဏ်နှင့် အနီးဆုံးဖြစ်သည်ဟု သံယုတ်အဋ္ဌကထာ ဆရာ ဟောသည်။ ဝိပဿနာဉာဏ် ရလျှင်ပင် ခဏနိဗ္ဗာန် (တဒင်္ဂနိဗ္ဗာန်)ကို သူမြင်ပြီဟု ဟောသည်။ သေပျော်ပြီ ဆို၏။ [*နာ–၂၀၈*] နိဗ္ဗာန် မြင်မှုမှာ ပါရမီ မလိုဘူး၊ အားစိုက်မှု (သမ္မပ္ပဓာန်လုံ့လ)ပဲ လိုသည်ဟု ဆိုသည်။ ဝိပဿနာ ရှုလိုက်တိုင်း ခန္ဓာ မရှိတာချည်း မြင်လျှင် ဝိပဿနာဉာဏ်က ခန္ဓာကို စွန့်ပြီဟု သိပါ။ [*နာ–၂၁၀*] မရှိတာကို သိလိုက်ပြီ ဆိုပါက လောဘ၊ ဒေါသ၊ မောဟ ဆိုသော ကိလေသာတွေ မလာနိုင်တော့ပါ။ [*နာ–၂၁၁*] တဏှာကိုလည်း ဝိပဿနာဉာဏ်က စွန့်ပြီ။ ဝိပဿနာဉာဏ်သည် ဒါကြောင့် ခန္ဓာစွန့်၊ တဏှာစွန့်သော ဉာဏ် ဖြစ်ကြောင်း ဟောသည်။ [*နာ–၂၁၂*] ခန္ဓာ စွန့်တာက နိဗ္ဗာန်မြင်တာ၊

တဏှာ စွန့်တာက သံသရာ ပြတ်တာဟု ဆရာတော်က ခွဲခြားဝေဖန် ပြထားပုံမှာ ထူးခြားလှသည်။ တဏှာ သစ်ယသုတ်မှာ သိကြားမင်း မေးလို့ ဘုရား ဒီအတိုင်း ဖြေထားသည်ဟု ဟောသည်။ နံပါတ် ၄ က မဂ်သမ္မာဒိဋ္ဌိ ဖြစ်သည်။ ဝိပဿနာဉာဏ် အသားတက်လာပြီ ဆိုလျှင် ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ ဉာဏ်တွေ သူ့ဘာသာ ဖြစ်ပေါ်လာသည်။ မဂ်ဉာဏ် ဖြစ်ဖို့အကြောင်း နီးကပ်လာသည်။ ဟိုဆရာ၊ ဒီဆရာက ဘယ်ဉာဏ်ရောက်ပြီ၊ ညာဉာဏ်ရောက်ပြီ ပြောတာ မမှန်ဘူး။ မှန်းပြောတာ။ အရိယာမှ သိသည်။ မဂ်ဉာဏ် ပေါ်တော့မည် ဆိုလျှင် ကိုယ်ရှုနေသည့် နေရာမှာ ဉာဏ်အောက်မှာ ခန္ဓာ ပျောက်သွားသည်။ အရင်တုန်းကတော့ ပေါ်လိုက်၊ ပျောက်လိုက်ပဲဟု ဆိုသည်။ မဂ်ဉာဏ်လာလျှင် ခန္ဓာ မလာတော့ဘူး။ ခန္ဓာဒုက္ခ သိမ်းသွားတာ တွေ့နေရသည်။ [*နာ–၂၂၁*] ခန္ဓာဒုက္ခ သိမ်းတာသည် နိဗ္ဗာန်ဖြစ်၏။ မဂ်ဉာဏ်က သုံးချက်မြင်သည်။ ခန္ဓာ မရှိတာလည်း မြင်သည်။ နိဗ္ဗာန်လည်း မြင်သည်။ ကိလေသာလည်း ချုပ်ငြိမ်းတာ မြင်သည်။ (ခန္ဓာစွန့်၊ နိဗ္ဗာန်မြင်၊ ကိလေသာစင်) [*နာ–၂၂၂*] ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရမာသ သံယောဇဉ် သုံးပါးလည်းပြတ်သည်။ ခန္ဓာစွန့်၊ တဏှာစွန့်၊ နိဗ္ဗာန်မြင်သည်။ 'ပဋိနိဿဂ္ဂါ နုပဿီ ဝိဟရတိ' ဝိပဿနာဉာဏ်က ခန္ဓာစွန့်၊ တဏှာစွန့်သည်။ နိဗ္ဗာန် မမြင်သေး။ မဂ်ဉာဏ်က ခန္ဓာစွန့်၊ တဏှာစွန့်၊ နိဗ္ဗာန် မြင်ပါသည်။

နောက်ဆက်ပြီး ဖိုလ်သမ္မာဒိဋ္ဌိ ဆက်ဟောသည်။ ဖိုလ်သည် မဂ်နောက်က ကပ်လိုက်လာသည်။ မဂ်ဉာဏ်နောက်က ကပ်လိုက်သော ဖိုလ်က တစ်မျိုး၊ ဝိပဿနာဉာဏ်နောက်က ကပ်လိုက်သော ဖိုလ်က တစ်မျိုးဖြစ်သည်။ ဖိုလ် ၂ မျိုး ရှိသည်။ [*နာ–၂၂၈*] မဂ်ဉာဏ်ရလျှင် ဖိုလ်ဉာဏ် အလိုလို လိုက်သည်။ သူ့ဟာသူ လာသည်။ ဓမ္မနိယာမ ဖြစ်၏။ ဖိုလ်ကိုရအောင် အထူးရသည် မဟုတ်။ မဂ်နောက်က ဖိုလ် အလိုလို ပါသည်။ ဗဟုသုတ အလို့ငှာ ဟောသည်ဆို၏။ [*နာ–၂၃၀*] နိဗ္ဗာန်သည် အမြဲတမ်း ရှိသော်လည်း အားထုတ်သော ပုဂ္ဂိုလ်မှ တွေ့နိုင်သည်။ အားမထုတ်လျှင် ဘယ်တော့မှ မတွေ့နိုင်၊ မရနိုင်ပါ။ [*နာ–၂၃၁*] အားထုတ်သော ပုဂ္ဂိုလ်သာ နိဗ္ဗာန်ကို ရထိုက်သည်။ အားမထုတ်သူ မရထိုက်ပါ။ မဂ်စိတ် ချုပ်သွားသော နေရာမှာ ဖိုလ်အင်္ဂါရှစ်ပါး လာသည်။ [*နာ–၂၃၃*] ဖိုလ်သည် မဂ်၏ ကိစ္စကိုပင် ပြန်လုပ်သည်။ ခန္ဓာစွန့် တဏှာစွန့် နိဗ္ဗာန်မြင် အလုပ်ကိုပင် လုပ်သည်။[*နာ–၂၃၃*] မဂ်က အကြမ်းသတ်၊ ဖိုလ်က အနုသတ် ဖြစ်သည်ဆို၏။ လောကီဥပမာ ပြောလိုက်လျှင် ရှားမီးခဲကို ရေဖြင့် လောင်းလိုက်သောအခါ ရဲနေသော မီးငြိမ်း

သွားသည်။ မီးသွေးတုံးကြီး ပေါ်လာသည်။ မီးသွေး အမည်းတုံးကြီး ပေါ်လာသော်လည်း ကိုင်၍ မရသေး။ ပူနေသေးသည်။ ထိုအပူပါ ငြိမ်းအောင် ရေ ထပ်လောင်း ရဦးမည်။ အပူသတ္တိ ငြိမ်းဖို့ လိုသေးသည်။ ထိုအနုသယ ကိလေသာ အပူဓာတ်ကို ငြိမ်းအေးအောင် အနုသတ်သဘောသည် ဖိုလ်၏ အလုပ် ဖြစ်ပုံကို ဟောသည်။ ဖိုလ်ကိစ္စလည်း မဂ်ကိစ္စအတိုင်းပင် ဖြစ်၏။ အကြိမ်းအနုပဲ ကွာသည်။ သုံးကိစ္စပင် ဖြစ်၏။ [နာ-၂၃၅] မဂ်က စစ်ကြီး အပြီးသတ်တာ၊ ဖိုလ်က စစ်ပြီးနောက် ငြိမ်းချမ်းရေး လုပ်ရတာနှင့် တူပုံကို နှိုင်းပြသည်။ [နာ-၂၃၆] နိဗ္ဗာန် မြင်တာရယ်၊ ကိလေသာ ငြိမ်းအေးအောင် လုပ်တာရယ်သည် ဖိုလ်ကိစ္စဟု ထပ်ဟောပြန်သည်။ [နာ-၂၃၈] မဂ်နောက်က လိုက်သော ဖိုလ်သည် ဘယ်နှကြိမ် လာတတ်သလဲဆိုလျှင် ဉာဏ်နုံ့သော ပုဂ္ဂိုလ်မှာ သုံးကြိမ် လာသည်။ ဉာဏ်ထက်သော ပုဂ္ဂိုလ်မှာတော့ နှစ်ကြိမ်၊ မဂ်ရလျှင် ဖိုလ်ရအောင် အထူး လုပ်နေစရာ မလိုဟု ထပ်ဟောသည်။

ထို့နောက် အလုပ်စဉ်ကို ထပ်ပြောသည်။ မဂ်ဉာဏ် ရချင်လျှင် ဝိပဿနာ ဉာဏ်ကို ရှေ့ထား၊ ဝိပဿနာ လုပ်ချင်လျှင် ဒိဋ္ဌိ အရင်ဖြုတ်၊ ဒိဋ္ဌိ ဖြုတ်ချင်လျှင် ပဋိစ္စသမုပ္ပါဒ်ကို သင် ဆိုပြီး ထပ်ဟောသည်။ [နာ-၂၄၁] ဒိဋ္ဌိ တန်းလန်းဖြင့် အားထုတ်လျှင် မဂ် မရကြောင်းလည်း ထပ်ဟောသည်။ အစီအစဉ် ကျမှုသည် အရေးကြီးသည်။ ဝိပဿနာ နောက်ကလိုက်သော ဖိုလ်အကြောင်း နက်ဖြန်မှ ဆက်ဟောမည်ဆိုပြီး အချိန်စေ့၍ တရားသိမ်းသည်။

*

## ၆။ အဓာတသတ်ကိုဟော၊ နိဝရဏ ငါးပါးမှ ကာမစ္ဆန္ဒ နိဝရဏ

[ ၁၇-၁၂-၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

သာသနာတွင်း တရား၊ သာသနာပ တရားဟု နှစ်မျိုးရှိသည် အစချီလျက် ဤတရားကို ဟောလေသည်။ ဝိပဿနာသည်သာ သာသနာတွင်း တရားဖြစ်သည်။ 'ဝိပဿနာနံ သာသနာသို့' ယေဝဟောတိ' -။ သာသနာတွင်း တရား ဝိပဿနာကို လုပ်မည် ကြံလျှင်လည်း ဆရာကောင်း၊ သမားကောင်း ရဖို့ အရေးကြီးကြောင်း ဟောသည်။ [နာ-၂၄၄] ဝိပဿနာ နည်းကောင်းလမ်းပြမည့် ဆရာသမားတွေ့လျှင် အရဏ်တတ်ပြီ ဖြစ်သည် ဆို၏။ အရဏ်တက်ပြီးနောက် ဝိပဿနာ အလုပ်ကို လုပ်ပြီဆိုလျှင် နေထွက်ပြီဟု မှတ်ရမည်။ [နာ-၂၄၅] ဆရာလည်း မရှာ၊ ဝိပဿနာ

လည်း မလုပ်လျှင် ထိုသူသည် အမြဲတမ်း မှောင်နေမည်ဟု ဆိုသည်။ မှောင်ထဲ နေသည် ဆိုသည်မှာ အဝိဇ္ဇာနှင့် တဏှာ အုပ်ချုပ်နေသည့် သဘောကို ဆိုခြင်း ဖြစ်သည်။ [နာ–၂၄၆] ဤတရားတွင် ဝိပဿနာ အလုပ် လုပ်မယ်ကြံလျှင် ကလျာဏ မိတ္တ ဆရာကောင်းကို ရှာရန် လိုအပ်ကြောင်း အလေးထားပြီး ဟောသည်။ [နာ– ၂၄၉] ကလျာဏမိတ္တ ဆရာကောင်း၊ သမားကောင်းကို ရှာပြီး ဝိပဿနာ အလုပ်ကို အလျင်အမြန် လုပ်ကြပါဟု ထပ်မံ တိုက်တွန်းပြန်သည်။ [နာ–၂၅၂] မဟာဝဂ္ဂ သံယုတ် ပါဠိတော်မှာ ဟောထားကြောင်းလည်း ပြထားသည်။

ထို့နောက် မြတ်စွာဘုရား သိင်္ဂါရဝ သတို့သား၏ အမေးကို ဖြေကြားပုံ (နီဝရဏ ငါးပါး) အကြောင်းကို ပြန်ကောက်သည်။ [နာ–၂၅၃] ထိုတရားငါးချက် ကို အဇာတသတ်အားလည်း ဟောကြားကြောင်း ပြောသည်။ အဖကို သတ်ပြီးမှ အဇာတသတ် ဤတရားကို နာရရှာသည်။ ထို့နောက် လောဘ (ကာမစ္ဆန္ဒ နီဝရဏ)၊ ဒေါသ (ဗျာပါဒ နီဝရဏ) ၎င်းနှစ်ခုတွဲက ထိနမိဒ္ဓ နီဝရဏ ဖြစ်ကြောင်း ဟောပြန် သည်။ ဥဒ္ဓစ္စ ကုက္ကုစ္စလည်း လာလျှင် နှစ်ခုတွဲ လာသည်။ နောက်တစ်ခုက ဝိစိကိစ္ဆာ နီဝရဏ ဖြစ်သည်။ မဂ်တား၊ ဖိုလ်တား တရားငါးခုဟု မှတ်ရမည်။ [နာ–၂၅၄] သိင်္ဂါရဝကို ဟောသော ဤတရားကိုပင် ဘုရားက အဇာတသတ်ကိုလည်း ဟော သည်။ အထူးသဖြင့် နီဝရဏ အပြစ်ကြီးပုံကို ဟောသည်။ ကာမစ္ဆန္ဒ နီဝရဏ (လောဘ) ကိုယ်ထဲ ရောက်လာလျှင် ကြွေးတင်သူနှင့် တူသည်ဆို၏။ ကြွေးတင်သူ သည် နားချိန်လည်း မရှိ၊ အားချိန်လည်း မရှိ၊ စိတ်ချမ်းသာမှုလည်း မရှိတော့ပါ။ ဣဏံဝိယ လောဘ ရှိနေလျှင် ကြွေးတင်ခံရသူနှင့် တူစွာ ကြွေးဆပ်ဖို့ အရှာ ထွက်ကြရသည်။ လောဘသည် ကြွေးဆပ်လို့ မပြီးနိုင်အောင် နိုင်းတတ်သော တရား ဖြစ်သည်။ [နာ–၂၆၃] အဇာတသတ်ကို ဘုရားက လောဘ၏ အပြစ်ကို ဟောခြင်းဖြစ်၏။ (ဣဏံဝိယ ကာမစ္ဆန္ဒော)

ဒါကြောင့် လောဘကို မသတ်လျှင် ကျွန်ခံနေရပုံများကို ပြောပြီး လောဘကို မသတ်လျှင် ဖြစ်ကို မဖြစ်ဘူးဟု ဟောသည်။ [နာ–၂၆၈] သမုဒယသစ္စာကိုသာ ပယ်ပါ။ နိရောဓသစ္စာကို မရောက်ဘဲ မနေဘူးဟု သံယုတ် တစ်ကျမ်းလုံးမှာ ဟောကြောင်း အတိအလင်း ဆိုသည်။ [နာ–၂၇၃] သမုဒယသစ္စာကို အလုပ်မပါဘဲ မပယ်နိုင်ဘူး။ ဉာဏ်မရှိသေးသရွေ့ သမုဒယကြောင့် ကျွန်စိတ် ပေါက်မှာပဲ။ ကိုယ် ကျွန်စိတ် ပေါက်နေတာ ကိုယ့်ဉာဏ်နှင့် မသိနိုင်ဘူးဟု ဆိုသည်။ [နာ–၂၇၅] သမုဒယသစ္စာကို ပယ်သတ်ရမည့် တရားဟု ဘုရား ဟောထားသည်။ ဒါကို

ဒကာ၊ ဒကာမတွေက သိမ်းပိုက်သော တရား လုပ်နေကြသည်။ ဒါကြောင့် ကိုယ့်ကြွေးဆပ်လို့လည်း မအား၊ ခန္ဓာပွားတွေအတွက် ဆပ်လို့လည်း မအား ဖြစ်နေရကြောင်း ဟောသည်။ [နာ–၂၇၆] ဝန်ပိနေကြပုံကို ပေါ်အောင် ပြသည်။ တချို့ ဝန်ပိနေလို့ ဝိညာဉ်တောင် မချုပ်နိုင် ဖြစ်နေကြပုံကိုလည်း ပြသည်။

ဒါဖြင့် ဘာလုပ်ကြမလဲ။ လောဘ လာတိုင်း (ကာမစ္ဆန္ဒ လာတိုင်း) ဝိပဿနာ ဖြစ်ပျက် ရှုရမည်။ ခန္ဓာမှာ ဘာပဲပေါ်ပေါ် (စိတ်ပေါ် စိတ်ရှု၊ ဝေဒနာပေါ် ဝေဒနာရှု) သာသနာတွင်း တရား အားထုတ်မှ ကျွန်စာရင်းက လွတ်မည်။ ဝိပဿနာ တစ်ခုခုသာ ရှု၊ အရှုခံက အနိစ္စ၊ ရှုဉာဏ်က မဂ္ဂ ဖြစ်သွားသည်။ လောဘ ဝင်ခွင့် မရတော့ဘူး။ [နာ–၂၈၄] ဝိပဿနာဉာဏ်ကမှ ကြွေးဆပ်နေရသည့် ဘဝကို ဇာတ်သိမ်းနိုင်သည်။ လောဘ အပြစ်များကို လျှောက်ပြောသည်။ ကိုယ့်ခန္ဓာကိုယ်ကို ချစ်နေတာလည်း မသိလို့ ချစ်နေတာ ဖြစ်သည်။ ခန္ဓာကို မခင်မိအောင် ခန္ဓာကိုပဲ ဝိပဿနာ ရှုရမည်။ [နာ–၂၈၇] ခန္ဓာကို ဝိပဿနာရှု ဆိုသော်လည်း ငါးပါးလုံး မရှုရ။ တစ်ပါးပဲ ရှုရမည်။ ဝေဒနာ တစ်လုံးပဲ ရှုလည်း ရသည်။ ဝေဒနာရှုတော့ ဝေဒနာ အနိစ္စဖြစ်ပြီး ချုပ်သွားသည်။ ဝေဒနာ နိရောဓ ဖြစ်လျှင် တဏှာ နိရောဓ ဖြစ်၏။ တဏှာ ချုပ်သောကြောင့် ဉပါဒါန်၊ ကံ မလာတော့ပါ။ ဝိပဿနာ တစ်စက္ကန့်ရှုလျှင် တစ်စက္ကန့် ကျွန်စာရင်းက လွတ်သည်။ [နာ–၂၉၁] ဖြစ်ပျက် ဆုံးလျှင် တဏှာဆုံးသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက် ဆုံးအောင်ရှုဟု တိုက်တွန်းထားသည်။ [နာ–၂၉၄] ဆရာကောင်းနှင့် တွေ့တာက အရဏ်တက်ပဲ ရှိသေးသည်။ ကိုယ်တိုင်လုပ်တော့ နေထွက်ပြီ။ လွတ်မြောက်ချင်သော စိတ်တွေ များလာသည်။ ဒါကြောင့် ဝေဒနာသုံးပါး လှည့်ရှုဟု ပြောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၇။ အဇာတသတ်ကိုဟော၊ နီဝရဏ ငါးပါးမှ ဒေါသနှင့် ထိနမိဒ္ဓကို ပယ်နည်း

[၁၈-၁၂-၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

နီဝရဏ ငါးပါးကိုပဲ ဆက်ဟောမယ်ဟု အစချီပြီး ဤတရားကို ဟောပြန်သည်။ ရှေ့မှာလည်း နီဝရဏ အကြောင်း၊ သမ္မာဒိဋ္ဌိ ငါးမျိုးအကြောင်းကို ဟောခဲ့ဖူးသော်လည်း ဟောကွက်ချင်း၊ ဟောပုံချင်း မတူပါ။ အရင် ဟောခဲ့တာက သိင်္ဂါလဝ ပုဏ္ဏားကို ဘုရား ဟောတာ ဖြစ်သည်။ ယခု ဟောတာက အဇာတသတ် ဘုရင်ကို

ဟောခြင်း ဖြစ်သည်။ အဓိပ္ပာယ်ကတော့ အတူတူ ဖြစ်၏။ သို့သော် နီဝရဏ သတ္တိ အပြစ်များကို အဇ္ဈတ္တသတ် ဟောရာမှာ ပိုပြီး ပေါ်လွင်အောင် ဟောခြင်း ဖြစ်သည်။ ရှေးက တရားမှာ ကာမစ္ဆန္ဒ နီဝရဏ၊ လောဘ၏ အပြစ်များကို လောကီ ကြောင်းများဖြင့် ပေါ်လွင်အောင် ဟောခဲ့သည်။ ကြွေးဆပ်သော အလုပ်ကိုပဲ လုပ် တတ် ကြသည်။ ကြွေးကျေသော အလုပ်ကို မလုပ် တတ်ကြ။ တဏှာ သေလျှင် ကြွေးကျေသည်ဟု ဟောသည်။ [နှာ–၂၉၈] လောဘ ရောဂါကို ပပျောက်အောင် အလောဘ အန်ဆေးကို တိုက်ကျွေးရမည်ဟု ဆိုသည်။ အလောဘ ကလည်း သူ့ဖြစ်ဖော်ဖြစ်ဖက်များနှင့်အတူ ဝမ်းထဲမှာ ကိန်းနေသည်။ အန်ဆေး သောက်ရ မည်။ အန်ဆေးက ဘာလဲ။ သမ္မာဒိဋ္ဌိပဲ ဖြစ်သည်။ [နှာ–၃၀၁] ဝိပဿနာ ရှုမှသာ အန်ထွက်မည်ဟုလည်း ဟောသည်။ လောဘ၏ တည်ရာ ခန္ဓာကိုယ်ကို ဖြစ်ပျက် ရှုရမည်။ [နှာ–၃၀၃] ဖြစ်ပျက်ရှုတော့ ဟဒယဝတ္ထုမှာ ကိန်းနေသော လောဘကို သမ္မာဒိဋ္ဌိနှင့် အလောဘက ဟဒယဝတ္ထုပေါ် ရောက်လာသဖြင့် လောဘ အန်ထွက် သွားရသည်ဟု ဟောသည်။

ထို့နောက် ကာမစ္ဆန္ဒ နီဝရဏ၏ အပြစ်ကို ပြရန်အတွက် ဝတ္ထုကြောင်း တစ်ခုကို ဓမ္မပဒမှ ထုတ်ပြသည်။ ဘုရားက လယ်တော ထဲမှာ ရွှေတုံး၊ ရွှေခဲတွေ တွေ့တော့ 'အာနန္ဒာ၊ အဲဒါ အဆိပ်ပြင်းတဲ့ မြွေတွေ'ဟု သတိပေးပြီး ထွက်သွား သည်။ လယ်သမားတစ်ဦး ကြားတော့ ဘုရားပြောတာ ဘာမြွေလဲ သွားကြည့်သည်။ ရွှေတုံး၊ ရွှေခဲတွေ တွေ့သဖြင့် ယူခဲ့သည်။ ဓားပြများ ထားခဲ့သော ပစ္စည်းတွေ ဖြစ်သည်။ ခြေရာခံလိုက်တော့ လယ်သမားကို မိသည်။ လယ်သမား ဖမ်းဆီးခံရပြီး ရိုက်နှက် စစ်ဆေးခြင်း ခံရသည်။ ကာမစ္ဆန္ဒကြောင့် မြွေကိုက်ခံရပုံ ဖြစ်ကြောင်း ဟောသည်။ [နှာ–၃၁၇] ရှေ့တရားမှာ ဟောခဲ့သည့်အတိုင်း လောဘလာလျှင် လောဘကို ဖြစ်ပျက်ရှု၊ လောဘ မရှိလျှင် လောဘမှီရာ ခန္ဓာကို ဖြစ်ပျက်ရှု ဆိုသော တရားကို ပြန်ဟောသည်။ [နှာ–၃၁၉]

ပြီးမှ ဒုတိယ နီဝရဏ (ဗျာပါဒ)ကို ဆက်ဟောသည်။ [နှာ–၃၂၂] 'ဗျာပါဒ ရောဂသဒိသော ဗျာပါဒေါ ဒေါသော' ဟု ဟောသည်။ ဒေါသ ကိန်းနေခြင်းကလည်း မင်္ဂလာ၊ ဖိုလ်တား ဖြစ်၏။ သူလည်း ရောဂါရှိသူနှင့် တူသည်။ [နှာ–၃၂၄] ဒီ ရောဂါကိုလည်း အန်ဆေးပဲ တိုက်ရမည်။ ဒေါသနေရာမှာ အဒေါသ မေတ္တာကို သွင်းရမည်။ ဒေါသလာတိုင်း ဖြစ်ပျက်ရှုရမည်။ [နှာ–၃၃၁] ဒေါသ မလာလျှင် ဒေါသ မှီရာ ခန္ဓာကို ရှုဟု ဟောသည်။ [နှာ–၃၃၅] မဇ္ဈိမ ပဏ္ဏာသမှာ ဒေါသဟာ

ဖားပြုပ်နှင့် တူကြောင်း ဟောသည်။ [နှာ–၃၃၆] ဖားပြုပ်ကို တုတ်နှင့် တို့လျှင် ကုန်းထပုံကို ပြသည်။ ဒေါသသည် ပဋိစ္စသမုပ္ပာဒ် အဆုံးကနေ ပြန်စသည့်တရား ဖြစ်သည်။ ဒေါသ ဘာကြောင့် ဖြစ်သလဲ။ မသိသော အဝိဇ္ဇာကြောင့် ဖြစ်သည်။ [နှာ–၃၃၈] အဝိဇ္ဇာ ပါလာတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ပဋိစ္စသမုပ္ပာဒ် လည်ပြန်ပြီ။ ဒေါသကို မေတ္တာဖြင့် ကုလည်း ရသည်။ မကုနိုင်လျှင် ဝိပဿနာဖြင့် ကုရသည်။ ဖြစ်ပျက်ရှုလျှင် ပဋိစ္စသမုပ္ပာဒ် အဆုံးနားက ပြတ်သည်။

ထို့နောက် သုံးနံ့ပါတ် ထိနမိဒ္ဓ နီဝရဏကို ဆက်ဟောသည်။ ထိနက ကိုယ့်စိတ် ကိုယ်မနိုင်တာ၊ မိဒ္ဓက ကိုယ့်စေတသိက် ကိုယ်မနိုင်တာဟု ဖွင့်ပြသည်။ [နှာ–၃၄၁] ထိနမိဒ္ဓိ ရှိနေလျှင် အကျဉ်းထောင် ကျနေသည်နှင့် တူသည်ဆို၏။ 'ထိနမိဒ္ဓ ဗန္ဓာဂါရံ' လောဘ၊ ဒေါသထက် ပို၍ ကြောက်စရာကောင်းသည်။ မက်တား၊ ဖိုလ်တား ဖြစ်၏။ ထောင်ကျနေသူသည် အပြင်မှာ ဘာတွေဖြစ်နေသည်ကို သူမသိပါ။ ထိနမိဒ္ဓ ဝင်နေသူသည် သူ့ခန္ဓာ ဘာဖြစ်နေတာ သူမသိပါ။ သူ့ဉာဏ်ထဲ ဘာတရားမှ မသွင်းနိုင်တော့ပါ။ လောဘ၊ ဒေါသက ဉာဏ်သွင်းပြီး ဆင်ခြင်၍ ရသည်။ ထိနမိဒ္ဓက ဉာဏ်သွင်း၍ မရပါ။ ဒါကြောင့် လောဘ၊ ဒေါသထက် ထိနမိဒ္ဓက ပိုပြီး ကြောက်စရာ ကောင်းသည်။ ထိနမိဒ္ဓကို 'သံခိတ္တံ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ'ဖြင့် ဖြစ်ပျက် ရှုရမည်။ လောဘ၊ ဒေါသထက် ထိနမိဒ္ဓ ပိုပြီး ကြောက်စရာကောင်းကြောင်း ထပ်ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၈။ ဥဒ္ဒစ္စနှင့် ကုက္ကုစ္စ နီဝရဏ တရားတော်

[ ၁၉–၁၂–၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

နေရေးကောင်းမှ သေရေးကောင်းမည် အစချီလျက် ဤတရားကို ဟောတော်မူသည်။ နေစဉ်အခါ ဝိပဿနာ အာစိဏ္ဏကံ ဖြစ်အောင် လုပ်ထား၊ ကျင့်ထားသောသူသည် သေသောအခါ ပြုံးသေ သေရကြောင်း ထပ်ဟောပြန်သည်။ ဤစကားမျိုးကို ရှေ့မှာ အကြိမ်ကြိမ် ဟောခဲ့ပြီးပြီ။ အနေဆိုးလျှင် အသေဆိုး သေရမည် ဖြစ်သည်။ [နှာ–၃၅၀] ဝဋ္ဋသက်သေတွေ အများကြီး ရှိသည်ဆို၏။ အနေပျော်ခဲ့သမျှ အသေမှာ ငိုရ၊ မဲ့ရမည့် အကြောင်းများကို သံဝေဂဖြစ်ဖွယ် ဟောသည်။ [နှာ–၃၅၂] ဝိပဿနာ အလုပ်ကို အသေမဦးမီ ဉာဏ်ဦးအောင် လုပ်ကြဖို့ ဟောသည်။ အနေအထိုင် အမှားကို အမှန်ပြင်ဆင်ချိန် ရတုန်း ပြင်ဆင်ကြပါဟု သတိပေး တိုက်တွန်း

သည်။ ဝိပဿနာအလုပ်ဆိုတာ ရှာပြီး လုပ်ရတာမျိုး မဟုတ်ပါ။ ကိုယ့်ခန္ဓာကို ကိုယ်ရှုသော အလုပ်သာ ဖြစ်သည်။ ခန္ဓာကိုယ် ဖောက်ပြန်နေတာတွေကို မြင်အောင် ရှုပါ။ ဖောက်ပြန်နေတာတွေသည် ဒုက္ခသစ္စာတွေပဲ ဖြစ်သည်ဟု မြင်ပါ။ 'ဝိပရိဏာမ လက္ခဏံ ဒုက္ခသစ္စံ' ခန္ဓာမှာ ပေါ်ရာကို ဉာဏ်နှင့် လိုက်ကြည့်နေခြင်းသည် မဂ္ဂသစ္စာ ဖြစ်သည်ဟု ဆိုသည်။ [နာ–၃၅၄] ခန္ဓာနှင့်တဏှာ တွဲနေတုန်းက ခန္ဓာကို အားကိုးသည်။ ဒုက္ခသစ္စာဟု မမြင်ခဲ့။ ခန္ဓာနှင့် ပညာနှင့်တွဲမှ ခန္ဓာ ဒုက္ခသစ္စာမှန်း သိသည်။ [နာ–၃၅၆] ခန္ဓာနှင့် ဉာဏ်နှင့်တွဲမှ ခန္ဓာနှင့် တဏှာနှင့် ကွဲသွားသည်ဟု ထင်ရှားအောင် ဟောသည်။ ခန္ဓာ၏ အပြစ် ဒေါသတွေကို များများ မြင်လာမှ ထိုခန္ဓာကို မလိုချင်သော မဂ်ဉာဏ်အမြင် ဖြစ်ပေါ်လာသည်။ [နာ–၃၅၈] ခန္ဓာကြီး ဖောက်ပြန်ပျက်စီးနေတာကို မမြင်လျှင် နိုင်တယ်၊ မြဲတယ် ထင်သော ဒိဋ္ဌိလာသည်။ ရွှံ့စရာ၊ မုန်းစရာဟု မမြင်လျှင် ခင်စရာ၊ မင်စရာဟု မြင်သည်။ [နာ–၃၅၉] ဒိဋ္ဌိနှင့်တဏှာ တွဲပြီးလာသည်။ ဉာဏ်နှင့် မတွဲနိုင်တော့ပါ။ ယနေ့ လေးနံပါတ် နိဝရဏ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စကို ဟောသည်။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ ရှိနေလျှင် သူများအိမ်မှာ ကျွန်ဖြစ်တာနှင့် တူသည်ဟု ဥပမာပြု ဟောသည်။[နာ–၃၆၅] ဥဒ္ဓစ္စ ပျံ့လွင့်သော စိတ်နောက်သို့ ကိုယ်က လိုက်နေသည်ကို ခွေးမြီးပျားစွဲသကဲ့သို့ဟု ဥပမာနှိုင်းပြသည်။ ခွေးပြေးရာ ပျားအုံ လိုက်နေရပုံကို ပြသည်။ [နာ–၃၆၈] ဥဒ္ဓစ္စ သွားရာ လိုက်နေရသဖြင့် သံသရာ ခရီးသည်သည် နိဗ္ဗာန်ကို ဘယ်တုန်းကမှ မရောက်ခဲ့ကြောင်း ဟောသည်။

ဒါကြောင့် ဥဒ္ဓစ္စကို အရင် ဖြစ်ပျက်ရှုပါဟု ဆိုသည်။ ဉာဏ်ဝင်လာလျှင် ဥဒ္ဓစ္စ ပြေးသည်။ [နာ–၃၇၀] ဥဒ္ဓစ္စကို ဖြစ်ပျက်ရှုပြီးသူ ပြေးမှ မူလကမ္မဋ္ဌာန်းကို ပြန်ရှုရမည်။ [နာ–၃၇၂] 'ဝိက္ခိတ္တ စိတ္တံ ဝိက္ခိတ္တစိတ္တန္တိ ပဇာနာတိ' သံသရာ တစ်လျှောက်လုံး ဥဒ္ဓစ္စက ကျွန်ပြုထားသောကြောင့် ဘုရား အဆူဆူနှင့် လွဲခဲ့ရကြောင်း ဟောသည်။ ထို့နောက် ကုက္ကုစ္စ အပြစ်များကို ဟောသည်။ ကုက္ကုစ္စလည်း ကျွန်ပြု တာပဲဟု ဆိုသည်။ ပြုပြီးသော အကုသိုလ် ပြုထားတာတွေ အတွက်လည်း နောင်တ တစ်ဖန် ပူပန်ခြင်း ဖြစ်သည်။ မပြုရသေးသော ကုသိုလ် အတွက်လည်း စိတ်မချမ်းသာ ခြင်း ဖြစ်သည်။ ပြုပြီးသား အကုသိုလ် အတွက်လည်း သောက ဖြစ်ရသည်။ မပြုရသေးသော ကုသိုလ်အတွက်လည်း သောက ဖြစ်ရသည်။ ဣတ္ထိတံကတံ ကုကတံ စက်ဆုပ်အပ်သော အလုပ်ကို ပြုလုပ်လေ့ ရှိသည်။ [နာ–၃၈၇] ပြုပြီး အကုသိုလ်များ အတွက်ရော၊ မပြုရသေးသော ကုသိုလ်တွေ အတွက်ရော ပူပန်တာ၊ စိတ်မချမ်း မသာ ဖြစ်တာ ကုက္ကုစ္စ ဖြစ်သည်။ နှစ်ဖက်သွား သဘောရှိသည်။ တရား အားထုတ် မည် ကြံလျှင် ကုက္ကုစ္စ လာတတ်သည်။ သူ့ကိုလည်း ဖြစ်ပျက် အနိစ္စပဲ ရှုရမည်။

ထို့နောက် တမ္ဗဒါဠိကက သူမိုးကြီး ဝတ္ထုကို ဟောသည်။ ထိုသူသည် အာဃာတပါးကွက်သားအဖြစ် ဘုရင်က ခန့်ထားသည်။ ထိုသူသည် အာဃာတပါးကွက်သား ရာထူးက အသက်ကြီးလာတော့ ပြုတ်သည်။ သူ အိမ်ပြန်ရောက်တော့ အဝတ်အစား လဲသည်။ စားကောင်းသောက်ဖွယ်များ စားမည် ပြင်ဆင်နေစဉ် ယနေ့ သူ့ကို ကယ်ချွတ်ရမည်ဖြစ်၍ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကြွလာသည်။ ကိုယ်တော်မြတ်ကြီး ဆွမ်းရပ်လာတော့ တမ္ဗဒါဠိကက ဆွမ်းလောင်း ချင်စိတ်ဖြစ်သည်။ အရှင်သာရိပုတ္တရာက ဆွမ်းခံပြီး ပြန်ကြွမသွားဘဲ အိမ်ထဲမှာပင် ဆွမ်းဘုဉ်းပေးသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် အရှင်သာရိပုတ္တရာက တရားဟောသည်။ တရားကိုနာရင်း သူ ၅၅ နှစ် လူသတ်ယောက်ျား လုပ်ထားတာ ကုက္ကုစ္စ ဝင်လာသည်။ အရှင်သာရိပုတ္တရာက တရားအကြောင်း သူ့ကို မေးတော့ သူက သူ့စိတ်ထဲ ကုက္ကုစ္စ ဝင်နေပုံကို လျှောက်ထားသည်။ အရှင်သာရိပုတ္တရာက သူ့ကုက္ကုစ္စကို ရှင်းရန်အတွက် မစိုးရိမ်နှင့်၊ မိမိ စေတနာဖြင့် သတ်ချင်လို့ သတ်တာ မဟုတ်ကြောင်း ဘုရင့်အမိန့်အရ သတ်ခြင်းသာ ဖြစ်၍ တရားကိုသာ ဖြောင့်ဖြောင့် နာပါဟု ဆိုသည်။ [နှာ-၃၉၂] ဟောရင်း တမ္ဗဒါဠိကက ခန္ဓာကို ဖြစ်ပျက်ရှုသည်။ သင်္ခါရုပေက္ခာ ရောက်အောင် ဉာဏ်တက်သွားသည်။ ကုက္ကုစ္စတွေ ပျောက်ပြီး တရားနာရင်း ရှုလိုက်သဖြင့် ဝိပဿနာဉာဏ် ထိုးတက်သွားသည်။ ထိုနေ့မှာပင် တမ္ဗဒါဠိကလည်း နွားဝှေ့၍ သေရသည်။ သေလျှင် တုသိတာ နတ်ပြည်မှာ သွားဖြစ်သည်။ [နှာ-၃၉၄] ၅၅ နှစ် လူသတ်ယောက်ျား လုပ်လာတာ နတ်ပြည် ရောက်နိုင်ပုံကို ဟောသည်။ အကုသိုလ် အကြီးအကျယ် လုပ်ထားသူပင်လျှင် ကုက္ကုစ္စကို ဖယ်ပြီး ဖြစ်ပျက်ရှုနိုင်လျှင် ဝိပဿနာ ဉာဏ်တွေ ရပြီး အပါယ်တံခါး ပိတ်သည်။ နတ်ပြည်ရောက်သည်ကို ထင်ရှားအောင် ပြသည်။ ဤသို့လုပ်လျှင် ခရီးရောက်ကြောင်း ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၉။ ကုက္ကုစ္စအပြစ် ကြောက်စရာ ကောင်းပုံ (အာစိဏ္ဏကံ၊ အာသန္နကံ၊ ရေကာဝတ္ထု နဂါး ဥပမာပြ)

[ ၂၀-၂-၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

သံသရာ တစ်လျှောက်လုံးမှာ ဘုရား အဆူဆူနှင့်လွဲ၊ တရားပွဲ အမျိုးမျိုးနှင့် မကြုံတာ နီဝရဏ ငါးပါး၏ တားဆီးမှု၊ ကာကွယ်မှုကြောင့်ပဲဟု မှတ်ပါ အစရှိ

လျက် ဤတရားကို ဟောသည်။ သံသရာ တစ်လျှောက်လုံး ဒုက္ခပင်လယ် ဝေခဲ့ကြ တာသည် နိဝရဏ ဖယ်ရှားနည်းကို မသိခဲ့ကြ၍ ဖြစ်သည်။ [နှာ–၃၉၇] ကာမစ္ဆန္ဒ နိဝရဏ ဆိုတာ လောဘဖြစ်သည်။ လောဘနောက် လိုက်စားနေသော ပုဂ္ဂိုလ်သည် ဘုရား အဆူဆူနှင့် လွဲရသည်။ တရားပွဲ အမျိုးမျိုးနှင့်လည်း မကြုံနိုင်ပါ။ ဗျာပါဒ နိဝရဏက အလိုမကျ ဒေါသဖြစ်တာ ဖြစ်သည်။ သူကလည်း ဘုရား အဆူဆူနှင့် လွဲအောင်၊ တရား အမျိုးမျိုးနှင့် မကြုံရအောင် တားဆီးသည်။ ထိနမိဒ္ဓ နိဝရဏက ငိုက်မျဉ်းခြင်း ဖြစ်၏။ သူကလည်း ဘုရား အဆူဆူနှင့် လွဲအောင် တားသည်။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ နိဝရဏက နှစ်ခုတွဲပြီး လာတတ်သည်။ သူက ကျွန်သဘောက် ဖြစ်အောင် လုပ်တတ်သည်။ ဥဒ္ဓစ္စ ကုက္ကုစ္စ ဒါသီယာဟု ဆိုသည်။ [နှာ–၃၉၈] သူက လွတ်လပ်ခွင့် မရအောင် ချုပ်နှောင်တတ်သည်။ ကုက္ကုစ္စက စက်ဆုပ်အပ်သည် ကို ပြုသောတရားဟု ဆိုသည်။ သူကလည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်နှင့် လွဲအောင် လုပ်တတ်သည်။ [နှာ–၃၉၉] စက်ဆုပ်ဖွယ် အမှုကို ဘယ်လိုပြုသလဲ ဆိုလျှင် ပြုပြီးသား အကုသိုလ်အတွက်ရော မပြုရသေးသော ကုသိုလ်အတွက်ပါ သောက ဖြစ်တတ်သည်။ [နှာ–၄၀၀] သောက တစ်လုံးတည်း သူ့မှာ ရှိသည်။ အကုသိုလ်ပဲ ဖြစ်နေသည်။ အကုသိုလ်အတွက်ရော ကုသိုလ်အတွက်ပါ နှလုံး မသာခြင်း ဖြစ်သည်။

ပူပန်တာနှင့် လမ်းဆုံးသည် ကုက္ကုစ္စ၏ အပြစ်အမျိုးမျိုးကို ပြပြီး ဟောသည်။ [နှာ–၄၀၃] ကိုယ်ပြုဖူးသော ဒုစရိုက်တွေကိုလည်း မတွေးနှင့်၊ မပြုရသေးသော သုစရိုက်တွေလည်း လုံးလုံး မတွေးပါနှင့်၊ ဆရာကောင်း၊ သမားကောင်း တွေ့တုန်း ဝိပဿနာ အလုပ်ကိုသာ လုပ်ပါဟု တိုက်တွန်းသည်။ [နှာ–၄၀၆] ကုက္ကုစ္စကြောင့် တရား အားမထုတ်နိုင် ဖြစ်တတ်သည်။ မဂ်တား၊ ဖိုလ်တား ဖြစ်ရသည်။ [နှာ–၄၁၀] ဒါကြောင့် တွေးမနေနှင့်၊ လုပ်စရာရှိတာ ထလုပ်ပါဟု တိုက်တွန်းတော်မူ သည်။ [နှာ–၄၁၁] ဤတရားကို ဘုရားက အဇာတသတ်မင်းအား ဟောသည်။ [နှာ–၄၁၂]

ထို့နောက် ကုက္ကုစ္စကြောင့် အပါယ်ကျသွားသော ဧရကပတ္တ ရဟာန်းကြီး အကြောင်းကို ဟောပြန်သည်။ အနှစ်နှစ်သောင်း သီလကို ထုံထားသော ရဟာန်းကြီး ကဿပဘုရား လက်ထက်က အခါတစ်ပါး အပြစ်သေးကလေး၊ ပိန်းပင်ကို ဆွဲပြတ် မိသော အပြစ်သေးကလေး ပြုခဲ့မိခြင်းကို ဒေသနာ မကြားခဲ့ရဘဲ ပျံလွန်တော်မူ သည်။ ပျံလွန်ခါနီး ထိုအပြစ်အတွက် နှလုံးမသာ ဖြစ်သည်။ ကုက္ကုစ္စ ဖြစ်သည်။

ထိုစိတ်ဖြင့် ပျံလွန်တော်မူရာ ရေနဂါး ဖြစ်သွားသည်။ ကုက္ကုစ္စ နှိပ်စက်လိုက်ခြင်း ဖြစ်၏။ [နှာ–၄၁၅] ကုက္ကုစ္စ ကြောက်စရာကောင်းပုံကို ဟောခြင်း ဖြစ်၏။ တိရစ္ဆာန်ဘဝ၊ အပါယ်ဘဝ တစ်ခေါက် ရောက်သွားပြီးလျှင် လူ့ဘဝ ပြန်ရောက်ဖို့ မလွယ်ကြောင်းကို ဟောသည်။ လူ့ဘဝ ရခိုက် အလွဲသုံးစား မလုပ်မိဖို့ သတိပေးသည်။ ဗယာကြော် ရောင်းပြီး စိန်နားကပ် ဝယ်ချင်လို့ မလွယ်သလို တင်စားပြသည်။ ကံကောင်းထောက်မလို့ အရောင်းစွံလို့ ဗယာကြော် ရောင်းပြီး စုလို့ စိန်နားကပ် ဝယ်နိုင်ပြီဆိုမှ လောင်းကစားပြီး အလွဲသုံးစား မလုပ်သင့်ကြောင်းကို ဟောသည်။ [နှာ–၄၂၀] လူ့ဘဝ ရခဲသည်။ ရခိုက်မှာ သားကျွေးမှု၊ မယားကျွေးမှုဖြင့် ဘဝကို အလွဲသုံးစားပြု မပြုသင့်။ အပါယ်တံခါး ပိတ်ဖို့ အပါယ်ဘေးက လွတ်ကင်းပြီး နိဗ္ဗာန် သွားဖို့ အဓိကထား လုပ်ရမည်။ ကိုယ့်ခန္ဓာကိုယ်ကို ဝိပဿနာ ရှုပြီး သေတတ်အောင် လုပ်ရမည်ဟု ဟောသည်။ [နှာ–၄၂၇] ကုက္ကုစ္စ လာခဲ့သော သူ့ကို အရင်ဖြစ်ပျက်ရှုပါ။ ပါဠိတော်မှာ 'ဝိက္ခိတ္တစိတ္တံ ဝိက္ခိတ္တ စိတ္တန္တိ ပဇာနာတိ'ဟု ဟောသည်။

ပြီးမှ မူလကမ္မဋ္ဌာန်းကို ပြန်ရှုရမည်။ ကုက္ကုစ္စသည် သေခါနီးမှာ အာသန္နကံ ဖြစ်တတ်သည်။ [နှာ–၄၃၁] စုတိစိတ်နှင့် နီးသည်။ သေလျှင် အာသန္နကံက အရင် အကျိုးပေးတတ်သည်။ [နှာ–၄၃၄] ကုက္ကုစ္စသည် မဂ်တား၊ ဖိုလ်တား အပါယ်သွား တရားဖြစ်သည်။ သေခါနီး ဆရာဝန် လက်လွှတ်ပြီးမှ ဝိညာဉ်မချုပ်ဘဲ သက်ဆိုး ရှည်နေတာသည် ကုက္ကုစ္စကြောင့် ဖြစ်ကြောင်း ဟောသည်။ ထို့နောက် သေနည်းများကို သင်သည်။ ထို့နောက် ကုဏ္ဍလ ကေသီဇာတ် ဝတ္ထုကို ဟောပြန်သည်။ သူ့ယောကျ်ားက တောင်ပေါ် ခေါ်သွားပြီး လက်ဝတ်လက်စားတွေ ယူပြီး သတ်မည် ကြံစည်သည့် ကုဏ္ဍလ ကေသီက မာယာဖြင့် သူ့ယောကျ်ားကို အရင် တောင်ပေါ်က တွန်းချပစ်လိုက်သော ဇာတ် ဖြစ်သည်။ သေခါနီးမှာ ကုက္ကုစ္စက တွန်းချမှာ စိုးရကြောင်း ဟောခြင်းဖြစ်သည်။ [နှာ–၄၄၅] သေခါနီးမှ ဝိပဿနာ ရှုပြီး သေတာ အကောင်းဆုံးပဲဟု ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၁၀။ နိဝရဏအဆက်၊ ဝိစိကိစ္ဆာသတ်ပုံ

[ ၂၁–၁၂–၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

ငါ ဘယ်က လာခဲ့သလဲ မေးလျှင် ပဋိသန္ဓေနေပြီးလာခဲ့တာဟု ဖြေရမည် အစချီပြီး ဤတရားကို ဟောသည်။ ဇာတိ ဒုက္ခဖြင့် စတင် ဖြစ်ပေါ်လာခဲ့ကြရ

ကြောင်း ဟောသည်။ ဇာတိ ဒုက္ခနှင့် လာခဲ့ပြီး နောက်ယခု အိုခြင်း (ဇရာ) ဒုက္ခနှင့် အတူ နေကြရသည်။ ရန်ကုန်နေသည်၊ မန္တလေးမှာ နေသည်ဆိုတာ မမှန်ဘူး၊ ဇရာနှင့် အတူနေသည် ဆိုမှ မှန်သည်။ စင်စစ် ဒုက္ခတစ်ခုက ဒုက္ခတစ်ခုသို့ ပြောင်းလဲ နေခဲ့ခြင်းသာ ဖြစ်သည်။ နောက်ကျလျှင် ဗျာဓိဒုက္ခ လာဦးမည်။ ဆရာဝန်တွေ ဝိုင်းပြီး အိပ်ရာဖျာကပ် ဘဝ ရောက်ရဦးမည်။ [နှာ-၄၄၈] ဗျာဓိဒုက္ခ (နာခြင်း) ဆင်းရဲပြီးလျှင် သေခြင်းဆင်းရဲ မရဏမှိ ဒုက္ခသစ္စ လာချေပြန်ဦးမည်။ ဒုက္ခက လာ၊ ဒုက္ခထဲ နေပြီး ဒုက္ခဖြစ်ပြီး သေကြရသည်။ [နှာ-၄၄၉] ခန္ဓာကိစ္စ ဒါပဲရှိသည်။ ဤဒုက္ခကိစ္စမှ တစ်ပါး လွတ်လမ်း မမြင်အောင် နီဝရဏ တရားတွေက ဖုံးထားသည်။ တစ်သံသရာလုံး ဒုက္ခသစ္စာတွေချည်း လှည့်နေခဲ့ရသည်။ ဤဘဝ ဖြစ်စဉ်ကို အဝိုင်းပြေးဘဝဟု ဆရာတော် သမုတ်ထားသည်။ [နှာ-၄၅၀] သံသရာတစ်လျှောက်လုံးမှာ ပုထုဇဉ်သည် နီဝရဏ တရားတွေနှင့် အပေါင်းအသင်း များခဲ့ကြကြောင်း ဟောသည်။ ဤတရားသည် အဆိုးဆုံး တရားဖြစ်သည်။ ထိုတရားကို အဇ္ဈတ္တသတ်ကိုရော သိင်္ဂါလ သတို့သားကိုရော ဘုရား ဟောကြားသည်။ [နှာ-၄၅၄]

ယနေ့ နောက်ဆုံးပိတ် အဝိဇ္ဇာဆိုသော ဝိစိကိစ္ဆာ နီဝရဏကို ဟောကြားမည်ဆိုပြီး ဟောသည်။ ဝိစိကိစ္ဆာ နီဝရဏ၏ အပြစ်မှာ နှလုံးသွင်းသင့်တာကို မသွင်း၊ မသွင်းသင့်တာကိုမှ နှလုံးသွင်းခြင်း ဖြစ်သည်။ [နှာ-၄၅၅] နှလုံးသွင်း မှားမှုက လာတာဖြစ်သည်။ ဝိစိကိစ္ဆာက ပထမမဂ်ကို တားသည်။ [နှာ-၄၅၆] သောတာပန်တည်ဖို့မှာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်မှရသည်။ ဝိစိကိစ္ဆာသည် ဒိဋ္ဌိနှင့် မကွဲမကွာအတူဖြစ်သည်။ သူက အကုသိုလ်စိတ် အကုန်နှင့် ယှဉ်သည် ဆို၏။ [နှာ-၄၅၇] မူလပဏ္ဏာသ သဗ္ဗာသဝသုတ်ကို ညွှန်ပြသည်။ [နှာ-၄၅၉] မဂ်တား၊ ဖိုလ်တား အပါယ်တံခါးတော့ ဖွင့်ပေးသည့် တရားဖြစ်သည်ဟု ဟောသည်။ [နှာ-၄၆၀] နဂိုက နှလုံးသွင်းမှားကို ပြင်ပေးမည့်သူ ရှိလျှင် နှလုံးသွင်း မှန်ခွင့်ရှိသည်။ အမဲသား၊ သူ့ချည်း စား၍ မရ၊ ညှီစော်နံသည်။ သို့သော် ကြက်သွန်၊ ချင်း၊ မဆလာ၊ ရှောက်၊ ဆားဖြင့် ရောချက်ပြီး စားလျှင် စား၍ ဖြစ်ပုံကို ဥပမာ ပြသည်။ [နှာ-၄၆၁] ပြုပြင်မှု ကောင်းလျှင် ဖြစ်ပုံကို ပြခြင်းဖြစ်သည်။ နှလုံးသွင်း မှားတာကို မှန်အောင် သစ္စာတရားကို နာရမည်။ သူတော်ကောင်း ကလျာဏမိတ္တကို ပေါင်းရမည်။ [နှာ-၄၆၂] ဝိစိကိစ္ဆာဆိုတာ ယုံမှားသံသယ ဖြစ်တာဖြစ်သည်။ ငါ ဘယ်က လာပါလိမ့်၊ ခု ငါဘာဖြစ်နေပါလိမ့်၊ ငါသေလျှင် ဘယ်ကို သွားမှာပါလိမ့် စသည်

သံသယများသည် ဝိစိကိစ္ဆာ ဖြစ်သည်။ [နှာ-၄၆၈] သူဖြစ်လျှင် ဒိဋ္ဌိပါသည်။ ဒိဋ္ဌိနှင့် တွဲလျက်ဖြစ်သည်။ [နှာ-၈၆၉] နှလုံးသွင်း မှားရှ်ဖြစ်သည်။

ဘာကြောင့် နှလုံးသွင်း မှားသလဲ။ တရားမနာလို့၊ ဆရာကောင်း မတွေ့လို့၊ မဆည်းကပ်ရလို့ဟု ဆိုသည်။ [နှာ-၄၇၃] ဘုရားက 'သပ္ပုရိသ သံသေဝေါ သောတာ ပတ္တိအင်္ဂ ယောနိသော မနသိကာရော သောတာပတ္တိ အင်္ဂ'ဟု ဟောတော်မူကြောင်း ပြသည်။ သဒ္ဓမ္မသဝနံ သောတာပတ္တိ အင်္ဂ- သူတော်ကောင်းနှင့် ပေါင်းပါ၊ သူတော်ကောင်း တရားကို နာပါ၊ နှလုံးသွင်းမှန်အောင် လုပ်ပါ။ သို့မှသာ သောတာ ပတ္တိ အင်္ဂါရပ်များနှင့် ညီညွတ်သည်ဟု ဆိုလိုသည်။ ထို့နောက် ပဋိစ္စသမုပ္ပါဒ်ကို အတိုနည်း ရှင်းပြသည်။ အဝိဇ္ဇာ သင်္ခါရကြောင့် ဒုက္ခသစ္စာ ခန္ဓာငါးပါး ဖြစ်ပုံ၊ ခန္ဓာ ငါးပါးကြောင့် အဝိဇ္ဇာ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ သမုဒယ ဖြစ်ပုံကို ပြသည်။ အပင်က အသီး၊ အသီးက အပင် ပြန်ပေါက်ပုံနှင့် ဥပမာပေးပြီး ဟောသည်။ [နှာ-၄၈၂]

ဒါကြောင့် ဒီအပင် ဒီအသီး မသီးနိုင်အောင် အမြစ်ပြုတ် သုတ်သင်ရမည်ဟု ဆိုသည်။ ယခုမှ အလုပ်စခန်း ပေါ်လာပြီဟု ဆိုသည်။ တရား အားမထုတ်ဘဲနှင့် ဒီအပင် အမြစ်ပြုတ်အောင် မသုတ်သင်နိုင်ပါ။ ပစ္စုပ္ပန် ခန္ဓာငါးပါးထဲက အဝိဇ္ဇာ သင်္ခါရ အသီး မသီးဖို့ အရေးကြီးသည်။ ထိုအသီး မသီးနိုင်အောင် ပယ်သတ်ရမည်။ ဆရာကောင်း ရှာရမည်။ တရား နာရမည်၊ ကုသိုလ်ရအောင် မနာရ၊ သိပြီး ကျင့်ဖို့ နာရမည်။ သမောဟ စိတ္တံ သမောဟ စိတ္တန္တိ ပဇာနာတိ လုပ်ရမည်။ ဝိစိကိစ္ဆာကိုလည်း ဖြစ်ပျက်ရှုဟု တိုက်တွန်းပြီး ဆုံးမထားသည်။ [နှာ-၄၉၀] ဝိစိကိစ္ဆာသည် မောဟဖြစ်သည်။ ထိုမောဟစိတ်ကို ဖြစ်ပျက် ရှုရမည်။ ဖြစ်ပျက် အရင်ရှု၊ သူ ရှင်းသွားပြီ ဆိုမှ မူလကမ္မဋ္ဌာန်းကို ပြန်ရှုရမည်။ [နှာ-၄၉၁] သင်္ခါရက လောဘ ဖြစ်သည်။ [နှာ-၄၉၂] ဖြစ်ပျက် ရှုလိုက်တော့ အလောဘ ဖြစ်သွားသည်။ အဝိဇ္ဇာ ချုပ်လျှင် သင်္ခါရလည်း ချုပ်သည်။ (အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော ဖြစ်သည်) နောက်ခန္ဓာသစ်ပင် မပေါက်တော့ပါ။ ပဋိသန္ဓေ ဝိညာဉ် မဖြစ်တော့ပါ။ နောက်ဒုက္ခ ပြတ်ပြီ။ [နှာ-၄၉၃] ဝိပဿနာ ကြိုက်ရာ ကမ္မဋ္ဌာန်းကို ရှုနိုင်ပါသည်။ နောက်အပင် မပေါက်အောင် အမြစ်ပြုတ် သုတ်သင်တာ ဖြစ်သည်။ ခန္ဓာငါးပါး ဖြစ်ပျက်က ဒုက္ခသစ္စာ၊ အဝိဇ္ဇာ သင်္ခါရချုပ်အောင် လုပ်တာက မဂ္ဂသစ္စာ၊ နောက်မျိုးစေ့ မကျတာက သမုဒယ သေတာ၊ နောက်ခန္ဓာပင် မပေါက်တာက နိရောဓသစ္စာ ဖြစ်ကြောင်း ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

၁၁။ ဘိက္ခုနီမ ငါးရာအား အရှင်နန္ဒက နွား စားနှင့် အသားအရေရှာ ပမာပြ တရား

[ ၂၉–၁၂–၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံတွင် ဟောသော တရား ]

တရားဟောတဲ့ ဘုန်းကြီး စိတ်ထဲမှာ ဘယ်လိုထားသလဲ ဆိုလျှင် ဘုရားသခင်က ထားကောင်းတယ် ဆိုသည့်အတိုင်း ထားသည် အစချီလျက် ဤတရားကို ဟောသည်။ ဒကာ၊ ဒကာမတွေ တရားနာကြရင် ကောင်းမယ် ဆိုသော စေတနာကို ထားသည်။ အားလုံး တရားနာနိုင်ကြပါစေ ဟူသော မေတ္တာကို ထားသည်။ နာသည့် အတိုင်းလည်း သိကြပါစေ။ သိသည့် အတိုင်းလည်း ကျင့်နိုင်ကြပါစေ ဆိုသော မေတ္တာ၊ စေတနာ သုံးမျိုးထားသည်။ [နာ–၄၉၈] ဒကာ၊ ဒကာမများကလည်း ငါတို့ တရားနာမယ်၊ နာသည့်အတိုင်း သိအောင်လည်း လုပ်မည်။ သိသည့်အတိုင်းလည်း ကျင့်မည်ဟု စိတ်သဘောထားမျိုး ထားသင့်သည်။ ဒီဘဝမှာပဲ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းအောင် နောက်ဒုက္ခတွေ မလာအောင် အားထုတ် မည်ဟု စိတ်သဘောထား မျိုး ရှိမှ ကောင်းကြောင်း ဟောသည်။ [နာ–၄၉၉] 'ဆန္ဒဝတော ကိံ နာမ ကမ္မံန သဇ္ဈတိ' ဆန္ဒရှိသောသူအား အဘယ်အမှုကို မပြီးဘဲ ရှိနိုင်ပါအံ့နည်း။ [နာ–၅၀၀]

ဒါကြောင့် ဆရာတော်က ဒကာ၊ ဒကာမတွေကို အောက်တန်းကျတဲ့ စိတ် မထားသင့်၊ အပါယ်တံခါး ပိတ်လျှင် တော်ပြီဆိုသည့် သဘောမျိုးလောက် မထား သင့်ကြောင်း ဆုံးမသည်။ ခန္ဓာဓာတ်သိမ်း ငြိမ်းအေးသော အထက်မဂ်အထိ ရောက်အောင် ကြိုးစားရမည်ဟု သဘောထားရမည်ဟု ဆိုသည်။ ထို့နောက် မဟာ ပဇာပတိ ဂေါတမီ ဝတ္ထုကို ဟောသည်။ သူ့သားက နန္ဒမင်းသား ဖြစ်သည်။ ဇနပဒကလျာဏီ မင်းသမီးနှင့် လက်ထပ်မည့် ဆဲဆဲမှာ ရဟန်းပြုသွားသည်။ အရှင်နန္ဒသည် တရားဟော အလွန်ကောင်းသည်။ ဥပမာ ဥပမေယျနှင့် ဟောရာမှာ ထူးခြား ပြောင်မြောက်စွာ ဟောနိုင်သူ ဖြစ်သည်။ အရှင်နန္ဒ ပေးသော ဥပမာဖြင့် အလုပ်စဉ် တရားကို ပြမည်ဆိုပြီး ဟောသည်။ [နာ–၅၀၁] အာရုံ ခြောက်ပါး ရှိသည်။ ရူပါရုံ (အဆင်း)၊ သဒ္ဒါရုံ (အသံ)၊ ဂန္ဓာရုံ (အနံ့)၊ ရသာရုံ (အရသာ)၊ ဓမ္မရုံ (အတွေး)များ ဖြစ်သည်။ အပြင် အာယတန ခြောက်ခု ဖြစ်သည်။ အတွင်းမှာ စက္ခု (မျက်လုံး)၊ သောတ (နား)၊ ဃာန (နှာ)၊ ဇိဝှာ (လျှာ)၊ မန (စိတ်)၊ ကာယ (ကိုယ်) အတွင်း အာယတန ခြောက်မျိုးရှိသည်။ အတွင်းအပြင် အာယတနတွေ ပေါင်းဆုံမိအောင် တဏှာက ဆက်သွယ် ပေးနေသည်။ [နာ–

၅၀၃] ဤစာတွင် တဏှာ မချုပ်သရွေ့ နိဗ္ဗာန်ကို ဘယ်တော့မှ မရဘူးဟု ကြားညှပ် ဟောသည်။ တဏှာက အတွင်းနဲ့ အပြင်ကို ဆက်စပ်ပေးသည်။ သူ့ကို သမုဒယဟု ခေါ်သည်။ [နာ–၅၀၄] 'ပဘာဝ လက္ခဏံ သမုဒယသစ္စံ' မကောင်းသော လက္ခဏာ ရှိသည်။ သမုဒယသစ္စာသည် ခန္ဓာဝန်က လွတ်မြောက်သွားမှာကို အလွန် စိုးရိမ် သည်။ ဤသမုဒယ သစ္စာကို မဂ်ဓားဖြင့် ခုတ်ဖြတ်ရမည်။ သို့မှသာ တဏှာ ပြတ်သွားမည်။ [နာ–၅၀၅]

ထို့နောက် အရှင်နန္ဒ အကြောင်းကို ဟောသည်။ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေစဉ် ပဇာပတိ ဂေါတမီ ဦးဆောင်သော ဘိက္ခုနီမ ငါးရာ ရဟန်းမ ပြုကြသည်။ မဟာပဇာပတိ ဂေါတမီ ဘိက္ခုနီမကြီးက မိမိတို့အား ရဟန်းတော်များ က အလှည့်ကျ တရားဟောရန် တာဝန်ပေးပါဟု ဘုရားအား လျှောက်ထားသည်။ တခြား ရဟန်းတွေက ဟောသော်လည်း အကျွတ်တရား မရကြဟု ဆိုသည်။ အရှင်နန္ဒ ဟောမှသာ ကျွတ်တမ်းဝင်မည့်သူများ ဖြစ်ကြသည်။ [နာ–၅၀၇] ထို ဘိက္ခုနီမများမှာ ဘဝများစွာက အရှင်နန္ဒနှင့် အပေါင်းအဖော်များ ဖြစ်ခဲ့ကြသည်။ အရှင်နန္ဒက အဘိညာဉ် တန်ခိုးဖြင့် ဘိက္ခုနီမများနှင့် ဘဝဟောင်းက အဆက် အသွယ် ရှိခဲ့ကြောင်း သိသဖြင့် ရဟန်းမများကို တရား မဟောလိုဘဲ ရှောင်နေခဲ့ သည်။ သူတို့၏ ဘဝဟောင်းက အဖြစ်များ အဆက်အသွယ် ရှိခဲ့ပုံများကို သိသော အဘိညာဉ်ရ ရဟန်းတော်များ မြင်လျှင် ရှင်းရမည် ဖြစ်သောကြောင့် ရှောင်ဖယ် နေခြင်း ဖြစ်သည်။ ဤအကြောင်းကို သိသဖြင့် ဘုရားက အရှင်နန္ဒကို ခေါ်ပြီး နက်ဖြန် ဘိက္ခုနီမများကို တရား သွားဟောရမည်ဟု တာဝန် ချထားလိုက်လေသည်။ ဘိက္ခုနီမများကလည်း အရှင်နန္ဒ ဟောသော တရားကို နာကြရန် မျှော်လင့်စောင့်စား နေကြသည်။ အရှင်နန္ဒ ဟောမှပဲ သူတို့ သောတာပန်၊ သကဒါဂါမ် ဖြစ်မည်ဟု ထင်နေကြသည်။ စိတ် ရွှင်လန်း နေကြသည်။

အရှင်နန္ဒက တရားဟောသောအခါ နွားသေ တစ်ကောင်ကို ဥပမာ ပေးသည်။ နွားသေ၏ အရေခွံကို လိုလျှင် သားလှီးဓားဖြင့် လှီးဖြတ်ရပုံကို နမူနာ ပြ ဟောသည်။ [နာ-၅၁၀] နွားရေခွံကို သားလှီးဓားဖြင့် လှီးဖြတ်ခွာထုတ်ပုံ၊ ပြီးမှ ကျန်နေသော နွားအသားပုံနှင့် ဤအရေခွံ ပေါင်းစပ်ရုံဖြင့် နွား ဖြစ်သေးသလားဟု မေးသည်။ ဘိက္ခုနီမများက မဖြစ်နိုင်တော့ပါကြောင်း ဖြေသည်။ ထိုအခါကျမှ အရှင်နန္ဒက နွားအရေခွံက အပြင် အာယတန ခြောက်ပါးနှင့် တူသည်။ ကျန်နေသော နွားအသားကိုယ်ကြီးက အတွင်း အာယတန ခြောက်ပါးနှင့် တူသည်။ အရေခွံနှင့်

အသား ငြိတွယ်အောင် ဆက်သွယ်ပေးသော အမြွေးပါး၊ အကြောများက တဏှာ (သမုဒယ)နှင့် တူသည်။ ထို့အတူ တရား အားထုတ်ကြသောအခါ မဂ်ဓားဖြင့် အရေခွံနှင့် အသားစိုင်ကို ဆက်စပ်ထားသော တဏှာ တည်းဟူသော အကြောသေး၊ အကြောကြီးများကို မဂ်ဓားဖြင့် ဖြတ်တောက်ကြရမည်ဟု ဟောလေသည်။ [နှာ-၅၁၂]

ထိုအခါ ဘိက္ခုနီမများက တပည့်တော်တို့ ဘယ်လို ရှုရမလဲဟု မေးသည်။ အဆင်းကို တွေ့လျှင် အဆင်း အနိစ္စပဲလို့ ရှုရမည်။ အနိစ္စဖြစ်သော (မမြဲသော) တရားသည် ဒုက္ခပဲ၊ ထိုဒုက္ခဖြစ်သော တရားသည် အနတ္တပဲ၊ ငါ၊ ငါ့ဥစ္စာ မဟုတ်ဟု ရှုရမည်။ ဖြစ်ပျက် ရှုနေလျှင် တဏှာကို ဉာဏ်က ဖြတ်တောက်လိုက်လိမ့်မည်။ အာယတနတွေကို ရှု။ တဏှာပြတ်သည်။ အတွင်း အာယတန၊ အပြင်အာယတနကို ရှုသည်။ ပြတ်တော့ ဆက်သွယ်ထားသော တဏှာက ပြတ်သည်။ ဒါကြောင့် အနိစ္စရှုလျှင် တဏှာသေသည်ဟု မှတ်ရမည် ဖြစ်ကြောင်း ဟောသည်။ [နှာ-၅၁၅] ဖြစ်ပျက် ရှုတာနှင့် တဏှာသေသည်။ ဖြစ်ပျက် ရှုတာနှင့် ဒိဋ္ဌိ သေသည်။ [နှာ-၅၁၆] ကြိုက်ရာ ကမ္မဋ္ဌာန်းကို ရှုနိုင်သည်။ ဖြစ်ပျက်ရှုတာ နွား အရေခွံခွာပြီး အသားတွေ တစ်ပုံစီ ပုံပစ်လိုက်သဖြင့် အကြောတွေ ပြတ်သွားသလို ဆက်ထားသော တဏှာ ပြတ်ပုံကို ဥပမာပြ ဟောသည်။ [နှာ-၅၁၇] သားလှီးဓားနှင့် ဖြတ်တာ မဂ်နှင့်တူသည် ဗောဇ္ဈင်္ဂနှင့် တူသည်။

ဒါကြောင့် ဓားကို ထက်အောင်သွေးရမည်။ ဓားက ထက်သော်လည်း ဓားချထားရုံနှင့် အကြောတွေ မပြတ်နိုင်ပါ။ သမ္မာဝါယမ ဆိုသော မဂ္ဂင်ကို ကြိုးစားရဦးမည်။ သတိထားပြီး လှီးဖြတ်ရမည်။ ဒါမှ တဏှာပြတ်မည်။ ဝီရိယ တည်းဟူသော လက်နှင့်ကိုင်ပြီး မဂ္ဂင်ဓားနှင့် ဖြတ်ရမည်။ ဖြတ်မှ တဏှာသေသည်။ တဏှာသေမှ ဥပါဒါန် သေသည်။ ရှုတာကတော့ ဖြစ်ပျက်ပဲ။ သို့သော် သေတာက တဏှာ ဖြစ်သည်။ [နှာ-၅၂၃] ရှုတာက ဖြစ်ပျက် အနိစ္စ၊ သေတာက သမုဒယဟုလည်း နားလည်ရမည်။ [နှာ-၅၂၆] တဏှာသေလျှင် ဒိဋ္ဌိလည်း သေသည်။ [နှာ-၅၂၈] တဏှာသေလျှင် ဥပါဒါန် သေသည်။ ကမ္မဘဝ သေသည်။ ကမ္မဘဝ သေလျှင် နောက်ဘဝ ဇာတိ၊ ဇရာ၊ မရဏ မဆက်နိုင်တော့ပါ။ ရုပ် မရှုလျှင် ရုပ်နှင့်တဏှာ ဆက်နေသည်။ စိတ်မရှုလျှင် စိတ်နှင့်တဏှာ ဆက်နေသည်။ ဝေဒနာ မရှုလျှင် ဝေဒနာနှင့် တဏှာ ဆက်နေသည်။ ဝီရိယစိုက်၊ သတိထား၊ ပညာနှင့်ရှု၊ ဒီသုံးချက်ကို မမေ့ပါနှင့်ဟု တိုက်တွန်းသည်။ [နှာ-၅၃၂] ဘုရားကလည်း 'သတော ဘိက္ခဝေ

ဝိဟာရေယျ သမ္ပဇာနကာရော အယံ ဝေါအမှာကံ အနုသာသနီ'ဟု ဟောသည်။ 'ချစ်သားတို့ သတိရှိသည် ဖြစ်၍၊ ပညာရှိသည် ဖြစ်၍ နေရစ်ကြကုန်လော့။' [နှာ–၅၃၄]

ထို့နောက် နိဗ္ဗာန်ဆိုတာ လောင်စာသိမ်း၍ မီးငြိမ်းတာ ဖြစ်ကြောင်း၊ လောင်စာက ခန္ဓာ ဒုက္ခသစ္စာ၊ ကိလေသာ သမုဒယမီး ဖြစ်သည်။ မီးနှင့်လောင်စာ ကုန်တာက နိဗ္ဗာန်။ [နှာ–၅၃၆] သစ္စာလေးပါးမှာ ခန္ဓာရှိတုန်း ဖြစ်ပျက်ရှုလျှင် သစ္စာနှစ်ခုကို နုတ်သည်။ နှစ်ခုပဲ ကျန်သည်။ [နှာ–၅၃၇] ဒုက္ခ သမုဒယကို နုတ်လိုက်တော့ နိဗ္ဗာန်မှာ နိရောဓ ကျန်သည်။ ဘာမှမရှိတာ မဟုတ်ဟု ဆိုသည်။ ငြိမ်းအေးတာရယ်၊ ငြိမ်းအေးခြင်းကို သိတာရယ် ကျန်သည်။ [နှာ-၅၃၈] ငြိမ်းအေးတာက နိရောဓသစ္စာ၊ သိတာက မဂ္ဂသစ္စာ ဖြစ်သည်။ အရှင်နန္ဒက ဤတရားတွေကို ဟောပြီး သွားကြတော့ဟု နှင်ထုတ်လိုက်သည်။ ဘုရားက အရှင်နန္ဒဟောမှ သူတို့ အကျွတ်တရား ရမည်ကို သိသည့်အတွက် နက်ဖြန်လည်း သူ့ကို ဆက်ဟောခိုင်းသည်။ အရှင်နန္ဒက နောက်နေ့ ဟောပြီးလည်း ဘုရားထံ နှင်လိုက်ပြန်သည်။ ထို ဘိက္ခုနီမများ အရှင်နန္ဒ တရားဟောသည်ကို ခွာပြီး ကျွတ်တမ်းဝင်ကြသည်။ ဘိက္ခုနီမများ သူတို့ ရည်မှန်းထားသော ဉာဏ်အဆင့်ကို ရောက်ကြသည်။ ဆရာတော်က မှန်းခြေ မလျှော့လိုက်ကြနှင့်ဟု ဟောသည်။ [နှာ–၅၄၃] အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၁၂။ ဣန္ဒြိယ ဘာဝနာသုတ်၊ ကိုးကွယ်ရာ အားထားရာ ရှိကြပါစေ

[ ၃၀–၁၂–၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံတွင် ဟောသော တရား ]

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒကာ၊ ဒကာမများ အမှတ်တမဲ့ နေမှာကို အလွန် စိုးရိမ်ကြောင်း အစချီလျက် ဤတရားကို ဟောတော်မူသည်။ 'သနာတာ ဘိက္ခဝေ မာအနထာ' ဘိက္ခဝေ– ချစ်သားတို့၊ သနာတာ– ကိုးစား အားထားရာ ရှိကြကုန်သည်၊ ဘဝထ– ဖြစ်ကြကုန်လော့၊ အားကိုးရာ တစ်ခုခုတော့ ရှိရမည်၊ အားကိုးရာ မရှိလျှင် ဆင်းရဲသည်၊ အင်္ဂုတ္တိုရ်မှာ လာသည် ဆို၏။ [နှာ–၅၄၆] 'ပညာဝါ ဟောတိ ဥဒယတ္ထ ဂါမိနိယာ သမ္မာဒုက္ခက္ခယ ဂါမိနိယာ'ဟုလည်း ဟောသည်။ ပညာဖြင့် ဖြစ်ပျက်ကို ရှုနေခြင်းသည် အလုံးစုံ ဒုက္ခကို ကုန်စေနိုင်သည်။ ဖြစ်ပျက်ကိုချည်း နှလုံးသွင်းပြီး နေလျှင် ဒုက္ခကို ကုန်စေနိုင်သည်။ [နှာ–၅၄၇] 'အယမ္ပိ ဓမ္မော နာထကာရဏော' ဤဖြစ်ပျက်ကို အားကိုးခြင်းသည်၊

နာထကာရကော– ကိုးကွယ်ခြင်း ပြုတတ်သည်။ ဒုက္ခကို ကုန်စေနိုင်သောကြောင့် အားထားရခြင်း ဖြစ်သည်။ ဒုက္ခကုန်လျှင် ဒုက္ခကုန်သော ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုသည်။ [နာ–၅၄၉]

ဒါကြောင့် ဖြစ်ပျက်ကို အာရုံပြုသော ဉာဏ်ကလေးကို အားကိုးကြပာ တိုက်တွန်းထားသည်။ ဖြစ်ပျက်ကို အားကိုးသော စိတ်ကို သေခါနီး အားကိုးလျှင် တောင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်သည်။ ကားပျက်ပြီး ကား ချောက်ထဲ ကျခါနီးမှာတောင် ဖြစ်ပျက် ရှုသော ဉာဏ်ကို အားကိုးပါဟု ဆုံးမတော် မူသည်။ အရေးကြီးပုံကို သိစေလို၍ ဖြစ်လိမ့်မည်။ ထို့နောက် သေခါနီးမှာပင် ဝိပဿနာ ရှုဖို့ အရေးကြီးပုံကို ဖဂ္ဂုဏသုတ်ကို ညွှန်းဟောသည်။ ဖြစ်ပျက်မြင်သော ဉာဏ်၊ ဖြစ်ပျက် အဆုံးကို မြင်သောဉာဏ်၊ ဤနှစ်ဉာဏ် ကြိုက်ရာ အားကိုးတော့ဟု ဆိုသည်။ ဤတွင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဖလသမာပတ် ဝင်စားတာ တောင် ဖြစ်ပျက် ရှုပြီးမှ ဝင်စားတာဖြစ်ကြောင်း အရေးပါပုံ ပြောလို၍ ဟောထား သည်။ [နာ–၅၅၄] ထိုဥဒယဗ္ဗယဉာဏ် ရအောင် ဘယ်လို အားထုတ်ရမလဲ ဟောမည် ဆိုသည်။ [နာ–၅၅၆] ဣန္ဒြိယ ဘာဝနာသုတ်ကို ဟောသည်။ ဥပရိပဏ္ဏာသ မှာ လာသည်။

ထို့နောက် ဉာဏ်ကို စစ်ဆေးပုံကို ဟောသည်။ မြတ်စွာဘုရားက ပါယာသိဝိယ ဆရာကြီး၏ တပည့် ဥတ္တရလုလင်ကို တရားဟောပုံကို ဆက်ဟောသည်။ ထိုဆရာ ကြီးက မျက်စိ၊ နား၊ နှာ စသော ဒွါရခြောက်ပေါက်မှာ လောဘ၊ ဒေါသ၊ မောဟ လာသည်။ မလာအောင် ထို ဒွါရခြောက်ပေါက်ကို လုံအောင် ပိတ်ထားရမည်ဟု ဟောသည်။ ထိုအခါ ဘုရားက ဒါဆို ဝမ်းတွင်း ကန်း၊ ဝမ်းတွင်း ပင်းလာသော သူသည် နိဗ္ဗာန်၊ မဂ်၊ ဖိုလ်ကို အလိုလို ရမှာပေါ့ဟု မေးသည်။ [နာ–၅၅၉] မဖြေနိုင်သော် ညီတော် အာနန္ဒာက အရှင်ဘုရား ဟောမှသာ သိရပါမည်ဟု လျှောက်ထားသည်။ ဤတရားကို နာပြီး မိမိအားထုတ်နေတာ ဟုတ် မဟုတ်ကို ယနေ့ ဆုံးဖြတ်ချက်ချပာ ဆိုသည်။ ငါသေရဲပြီဆိုလျှင် အဲဒါ အားကိုးထိုက်သော တရား ရပြီဟု မိန့် သည်။ [နာ-၅၆၀] မြင်လျှင် လောဘ၊ ဒေါသ၊ မောဟ၊ ဖြစ်ပုံကို ပြသည်။ ထို အကုသိုလ် တရားများ မဖြစ်အောင် ဣန္ဒြေကို ဘယ်လို လုံအောင် ထိန်းရမလဲ မေးရမည်။ [နာ–၅၆၃] လောဘပဲ ပေါ်ပေါ်၊ ဒေါသပဲ ပေါ်ပေါ်၊ မောဟပဲ ပေါ်ပေါ် ဖြစ်ပျက် ရှုလိုက်ပါ။ မရှိသော တရားများပဲဟု သိလိုက်ပါလိမ့်မည်။ ဝိပဿနာမဂ်က မရှိသော တရားချည်းပဲဟု မြင်သည်။ သခ်ိတ တရားတွေပဲဟု မြင်သည်။ ထိုဉာဏ်

သည် ဝိပဿနုပေက္ခာဉာဏ် ဖြစ်သည်။ [နှာ–၅၆၈] အကုန်လုံးကို ဥပေက္ခာ ရှုထားသောကြောင့် ဒုက္ခ ဝေဒနာ ပစ္စယာ ဒေါမနဿ နောက်က မလိုက်တော့ဘူးဟု ဆိုသည်။ [နှာ–၅၆၉] မလိုက်တော့ ပဋိစ္စသမုပ္ပာဒ် ပြတ်ထွက်သွားသည်။

ဒါကြောင့် ဖြစ်ပျက် တစ်တန်းတည်း ထားနိုင်သော ဉာဏ်ကို အားကိုးရမည်။ 'သ ဒေါသ စိတ္တံ သ ဒေါသ စိတ္တန္တိ ပဇာနာတိ'ဟု ရှုပါ။ [နှာ–၅၇၀] ဤသို့ ရှုခြင်းသည် ဣန္ဒြိယ ဘာဝနာအစစ် ဖြစ်သည် ဆို၏။ [နှာ–၅၇၂] ဒီတစ်လုံးကို ပိုင်လျှင် ဣန္ဒြေကို လုံခြုံသွားပြီဟု ဆိုသည်။ မျက်လုံး ပိတ်ထားရတာ မဟုတ်ဘူး။ ပေါ်တာ ရှုရတာသာ ဖြစ်သည်။ [နှာ–၅၇၆] ရှုလျှင် ဖြစ်ပျက်နှင့် မဂ်ချည်း သွားကိုက်နေသည်။ သင်္ခါရုပေက္ခာဉာဏ် ဖြစ်သည်။ [နှာ–၅၇၇] ဤတွင် ရှုဉာဏ်ကို ဝိပဿနုပေက္ခာဟု ခေါ်ခြင်းဖြစ်သည်။ [နှာ–၅၇၉] ဋီကာဆရာက ဖွင့်ဆိုချက် ဖြစ်သည်ဟု ဆိုသည်။ ရှုနေရင်း သင်္ခါရုပေက္ခာဉာဏ် ပေါ်လာပုံကို ဟောသည်။ [နှာ–၅၈၀] မဂ်ရတော့မည် ဖြစ်သည်။ ဤနည်းသည် ဣန္ဒြေလုံသည်။ ရှုရတာလည်း လွယ်သည်။ ကျင့်သားရဖို့ပဲ အရေးကြီးသည်ဟု ဆရာတော် မိန့်ထားသည်။

ဒါကြောင့် အားကိုးရာ အစစ် ရပါစေဆိုတာ ဖြစ်ပျက်ကို မြင်သောဉာဏ်ကို အားကိုးပါဟု ဆိုခြင်းဖြစ်၏။ ဝိပဿနုပေက္ခာဉာဏ် ရှုဖန်များ၍ ရင့်လာလျှင် သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာသည်။ ထိုဉာဏ် အဆုံးမှာ မဂ်ဉာဏ်ပေါ်သည်။ ဝိပဿနုပေက္ခာဉာဏ် ရင့်လာလျှင် မဂ်ဉာဏ် ပေါ်သည်။ ဝိပဿနုပေက္ခာဉာဏ်သည် လောကီမဂ် ဖြစ်သည်။ [နှာ–၅၈၃] မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သည် ဝိပဿနုပေက္ခာဉာဏ်က ဆက်ပြီး ကျေးဇူးပြုခြင်း ဖြစ်သည်။ [နှာ–၅၈၃] ဝိပဿနာဉာဏ်သည်သာ အားကိုးရာအစစ် ဖြစ်ပုံကို ဆက်ဟောသည်။ သေသမျှထဲမှာ ကိုယ့်ခန္ဓာကို ဖြစ်ပျက်ရှုပြီး သေခြင်းသည် အားကိုးရဆုံး ဖြစ်သည်ဆို၏။ [နှာ–၅၉၃] ဝိပဿနာဉာဏ် မလိုက်လျှင် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ ဆက်သွားသည်။ ရှုမှ သံသရာပြတ်သည်။ အဝိဇ္ဇာက စပြတ်သည်။ အစက စပြတ်ခြင်း ဖြစ်၏။ ဤတွင် ဝိပဿနုပေက္ခာဉာဏ် ရင့်လျှင် သင်္ခါရုပေက္ခာဉာဏ် ဖြစ်သည်။ သင်္ခါရုပေက္ခာဉာဏ် ရင့်လျှင် မဂ်ဉာဏ်ပေါ်သည်။ ဉာဏ်သုံးဆင့်ကို ဟောသည်။ [နှာ–၅၉၈] ဤသို့ ရှုမှသာ ဝဋ်ပြတ်သွားမည် ဖြစ်သည်။ ဝဋ်ကျွတ်မှ ဝိဝဋ္ဋအစစ် ဖြစ်ကြောင်း၊ ဝိဝဋ္ဋဆိုတာ နိဗ္ဗာန်ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနာသည်။

ဝ

**ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၃၄) ပြီး၏။**

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား

စာအုပ်အမှတ်(၃၅)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၃၅)

**အမှာစာ**

ဤစာအုပ်သည်လည်း ဥက္ကဋ္ဌကြီး ဦးသံဒိုင် ကွယ်လွန်ပြီး နောက်ပိုင်းကာလ အတန်ကြာမှ စီစဉ်ပုံနှိပ်သော စာအုပ်ဖြစ်သည်။ နိဒါန်းဟု မရေးဘဲ အမှာစာဟု ရေးသား ဖော်ပြထားသည်။ မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွား ရေး အဖွဲ့ချုပ်က စီစဉ်ပြီး သူတို့ကပင် ဤအမှာစာကို ရေးသားကြောင်း တွေ့ရသည်။

အမှာစာ အစတွင် မိုးကုတ် ဆရာတော်ဘုရားကြီး တရားဟောပုံကို ချီးမွမ်း ထားသည်။ စာအုပ်ပါ ဟောကြားချက်များကို အမြည်းသဘော တင်ပြသည်။ 'ဘယ် တရား ပို့တဲ့ဆီ သွားကြမလဲ' ဆိုသော နောက်ဆုံး ဟောကြားချက်ကို သုံးသပ် တင်ပြထားသည်။ ၁၅–၁၀–၆၂ နေ့က ဟောကြားသော တရားတော်သည် နောက်ဆုံး ဟော တရားဖြစ်သည်။ (၁၆–၁၀–၆၂ တွင် ခန္ဓာဝန် ချတော်မူသည်။) နောက်ဆုံး ဟောကြားသော တရားထဲတွင် ဆရာတော်ကြီးက ခန္ဓာဝန် ချတော့မည်ကို ရိပ်စားမိ အောင် ဟောတော်မူခဲ့သည်။ 'တို့ဒကာ၊ ဒကာမတွေနဲ့ တို့ဆရာတွေနဲ့ ခုတွေ့ရခြင်း ဟာ အဆိနှစ်တွေလည်း ရပြန်ပြီ၊ မကွယ်ခင် မိရုံရှိတဲ့ ပုဂ္ဂိုလ်တွေမို့ မြန်မြန်လုပ်လိုက်၊ မိရုံရှိတယ်၊ ရထား ထွက်ခါနီးနေပြီ' ဟု ဟောတော်မူလေသည်။ ဆရာတော်ကြီး နောက်ပိတ်ဆုံး ဟောကြားတော်မူခဲ့သော တရားတော်ကို ခေါင်းပေးပြီး ဖော်ပြထား သည်။ ဝေဒနာကို သိရုံနှင့် ဝိပဿနာ မဖြစ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်သာ ဖြစ်သည်။ ဝေဒနာ ဖြစ်ပျက်ကို သိမှသာ ဝိပဿနာ ဖြစ်သည်။ သစ္စာဉာဏ် ပိုင်ပိုင် ရမှသာ သောတာပန် ဖြစ်နိုင်သည်။ ဝိပဿန ခရီးတွင် အဖျက် မဂ်တုတွေနှင့် တွေ့နိုင်

ကြောင်း ဖော်ပြသည်။ မဂ်တုတွေသည် ဝိပဿနာဉာဏ်သာ ရှိသေးသည်။ မဂ်စစ် မဟုတ်သေးကြောင်း နားလည်ရမည်ဟု မှာသည်။ သောတာပန် တည်ပြီး ပုဂ္ဂိုလ်၏ ဉာဏ်ထဲမှာ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိ၊ ငါမရှိ ဆိုသော သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းစင်မှု ရှိရမည်။ သောတာပန်၊ အနာဂါမ် တည်ပြီးသော ပုဂ္ဂိုလ်များသည် ပုထုဇဉ်နှင့် သိပ်မကွာခြားသေးပါ။ အနာဂါမ်ကျမှ ငါးပါးအာရုံ ကာမဂုဏ် ကင်းလွတ်ပြီး ဖြစ်သည်ဟု ဖော်ပြသည်။

ထို့နောက် စိန္တာမယ ဉာဏ်နှင့် ဘာဝနာမယ ဉာဏ်ကို ဆရာတော် ရှင်းလင်း ဟောကြားခဲ့ကြောင်း ဖော်ပြသည်။ ထို့နောက် ဝိပဿနာ ကျင့်ရာမှာ ဘဝင်အခြား များသော ပုဂ္ဂိုလ်ဖြစ်လျှင် ပင်ပန်းဆင်းရဲစွာ ကျင့်ရသော ဒုက္ခပဋိပဒါ ပုဂ္ဂိုလ် ဖြစ်ကြောင်း၊ ဘဝင်အခြား နည်းလျှင် ချမ်းသာစွာ ကျင့်ရသော သုခပဋိပဒါ ပုဂ္ဂိုလ် ဖြစ်သည်။ တရား အားထုတ်သော ပုဂ္ဂိုလ်သည် စိန္တာမယဉာဏ်ကို လက်လွှတ်၍ မရကြောင်း၊ အတွေး မသန်၊ ဉာဏ် မမှန်ဟု ပြထားသည်။ စိန္တာမယ ဉာဏ်ဖြင့် စတင်၍ ဘာဝနာမယ ဉာဏ်ကို ကူးရမည်။ ထို့နောက် အဖွဲ့ချုပ်၏ လုပ်ငန်း ဆောင်တာများကို ဆက်လက် ဖော်ပြသည်။ ဤစာအုပ်အမှတ်စဉ် (၃၅) အထိ တရားတော် ပုဒ်ရေ ၄၉၆ ပုဒ် ရိုက်နှိပ်ထားပြီး ဖြစ်ကြောင်း ဖော်ပြ ထားသည်။ ယခု ဤအမှာစာ ရေးနေသည့် အချိန်အထိ အလုပ်စဉ် စာအုပ် ၃၈ အုပ် ရိုက်နှိပ် ထုတ်ဝေပြီး ဖြစ်ကြောင်းသိရသည်။

*

## ၁။ သူဌေးကတော် ဓမ္မဒိန္နာ ကျွတ်တမ်းဝင်သောနေ့

[ ၂၉–၁–၅၅ နေ့က မိုးကုတ်ဆရာတော် ဟောကြားကြောင်းသာ ဖော်ပြ သည်။ ဘယ်မှာ ဟောကြောင်း မပြပါ။ ]

**(မှတ်ချက် - မာတိကာတွင် ခေါင်းစဉ် ဖော်ပြစဉ်က ‘ဝိသာခ သူဌေးနှင့် ဓမ္မဒိန္နာထေရီ့အမေးအဖြေ’ ဟု ခေါင်းတပ်ထားသည်။)**

ဒီနေ့ ဝိသာခ သူဌေးနဲ့ ဓမ္မဒိန္နာခင်ပွန်းသည်တို့ အမေးအဖြေခန်း၊ သက္ကာယ ဒိဋ္ဌိ ပြုတ်ပြီး ယောကျ်ားက အနာဂါမ်၊ မိန်းမက ရဟန္တာ ထေရီ ဖြစ်ပုံကို ရှင်းပြမည်ဟု အစချီလျက် ဤတရားကို ဟောတော်မူသည်။ ဝတ္ထုကြောင်းကို အနည်းငယ် ဟော သည်။ ဝိသာခနှင့် ဓမ္မဒိန္နာသည် အကြင်လင်မယား ဖြစ်သည်။ ဝိသာခက ဘုရားထံမှ တရားနာရင်း အနာဂါမ် ဖြစ်လာသည်။ ဘုရားကျောင်းက ပြန်လာတော့ ဝိသာခ

အနာဂါမ်က ကာမဂုဏ် အာရုံတွေကို လုံးဝ မနှစ်သက်တော့ဘူး။ သူပြန်လာတော့ ဖနီးသည် ဓမ္မဒိန္နာက ခရီးဦးကြို ပြုသည်။ ခါတိုင်း ခရီးဦးကြို ပြုသလို လက်ဆွဲပြီး ကြိုတော့ အဆွဲ မခံတော့ဘူး။ ထမင်း စားတော့လည်း လင်ရဲ့ မယားဖက် မစားတော့ဘဲ တစ်ယောက်တည်းသာ စားသည်။ ညအိပ်ရာဝင်တော့လည်း သီးခြား ခွဲအိပ်သည်။ လင့် အမူအရာ ထူးခြားနေသဖြင့် မယားက မေးသည်။ အနာဂါမ်သည် ကာမရာဂကို ပယ်ပြီးသား ဖြစ်၏။ အကြောင်းထူးပုံကို သိသော ဓမ္မဒိန္နာက မေးသည်။ 'ဤလောကုတ္တရာ တရားကို ယောကျာ်းများသာ အားထုတ်၍ ရသလား၊ မိန်းမ များကော အားထုတ်ကောင်းသလား။' ဝိသာခ သူဌေးကြီးက ဤတရားကို ယောကျာ်း၊ မိန်းမမရွေး ဘယ်သူမဆို အားထုတ်၍ ရကောင်းသည်ဟု ဖြေလိုက်သည်။ သင်ကလည်း ပစ္စည်းဥစ္စာကို မခင်တွယ်ဘဲ ဘိက္ခုနီမ လုပ်ပြီး တရား အားထုတ်ချင် လျှင်လည်း ခွင့်ပြုရန် အဆင်သင့် ဖြစ်ကြောင်း ဖြေလိုက်သည်။ ဓမ္မဒိန္နာက သူ ဘိက္ခုနီမ လုပ်ပြီး တရား အားထုတ်ဖို့ သဘောတူသည် ဆိုသောအခါ ဘိက္ခုနီမ ကျောင်းကို ရွှေထမ်းစင်ပေါ် တင်ပြီး ပို့ပေးသည်။ [နှာ–၁၀] ကျောင်းရောက်တော့ သူဌေး ကတော် ဘိက္ခုနီမ ဖြစ်သဖြင့် ဘုန်းကြီး နေပြန်သည်။ လာဘ်ပူဇော်မှု များနေသဖြင့် တရား အားထုတ်ရန် အချိန်မရဘဲ ဖြစ်နေသည်။

ထိုအခါ ဥပဇ္ဈာယ်ထံ ခွင့်ပန်ပြီး တောကျောင်း တစ်နေရာမှာ သွား၍ အားထုတ်လေသည်။ တရားလည်း နာပြီး တရားသဘောကိုလည်း သိပြီး အားထုတ် လိုက်ရာ မကြာမီပင် ရဟန္တာ ထေရီမ ဖြစ်သွားလေသည်။ သူ ရဟန်းကိစ္စ ပြီးသော အခါ ဓမ္မဒိန္နာ ထေရီသည် ရာဇဂြိုဟ်ပြည်ကို ပြန်လာသည်။ ဝိသာခ သူဌေးကြီး ကြားတော့ လူ့လောကကို စိတ်မကုန်သဖြင့် ပြန်လာသည်ဟု အောက်မေ့ပြီး သွား တွေ့သည်။ တရား မရဘဲ လူထွက်ချင်၍ ပြန်လာတာလားဟု မေးရန်ကလည်း မသင့်သဖြင့် တရားနှင့် ပတ်သက်သော ပုစ္ဆာကို အမေးထုတ်ချင်သောစိတ် ပေါ် သည်။ တရားသဘောဖြင့် မေးလိုသောကြောင့် 'အရှင်မ ဓမ္မဒိန္နာ၊ သက္ကာယဆိုတာ ဘာလဲ၊ ဘယ်တရားကို သက္ကာယ ခေါ်ပါသလဲ' ဟု မေးလိုက်သည်။ ဓမ္မဒိန္နာ ထေရီမက 'သက္ကာယဆိုတာ ဥပါဒါနက္ခန္ဓာ ငါးပါးကို ခေါ်သည်' ဟု ဖြေသည်။ ဤတွင် တရားနာ ပရိသတ်ကြီး နားလည်အောင် သက္ကာယ၏ အဓိပ္ပာယ်ကို ဖွင့် ပေးသည်။ တရား နာနေကြတာ လောကီ ခန္ဓာငါးပါးဖြစ်ကြောင်း၊ ဥပါဒါန်တို့၏ အာရုံဖြစ်၍ ဥပါဒါနက္ခန္ဓာဟု ခေါ်ရကြောင်း ရှင်းသည်။ [နှာ–၁၄] 'အရှင်မ ဓမ္မဒိန္နာ၊ သို့ဖြစ်လျှင် သက္ကာယဖြစ်ကြောင်း တရားက ဘာလဲ'ဟု မေးပြန်သည်။

'တဏှာသည် သက္ကာယဖြစ်ကြောင်း' ဓမ္မဒိန္နာ ထေရီက ဖြေသည်။ ဘုံဘဝကို တပ်နှစ်သက်သော တဏှာက ခန္ဓာငါးပါးကို တည်ဆောက်တာ ဖြစ်ကြောင်း ဆရာတော်က ထပ်ဆင့် ရှင်းပြသည်။ [နှာ-၁၄]

ဒါဖြင့် သက္ကာယ ချုပ်ရာသည် ဘာလဲဟု မေးပြန်သည်။ တဏှာတို့၏ ချုပ်ရာ၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် သက္ကာယတို့၏ ချုပ်ရာဖြစ်သည်။ [နှာ-၁၅] သုံးချက် မေးပြီးပြီ။ ထို့နောက် ဝိသာခက ထပ်မေးသည်။ သက္ကာယတို့၏ ချုပ်ရာဖြစ်သော အကျင့်ကို အမိန့်ရှိပါဦးဟု ဆိုသည်။ ဓမ္မဒိန္နာက မဂ္ဂင်ရှစ်ပါးပဲ၊ မဂ္ဂင်ရှစ်ပါးကို အားထုတ်လျှင် သက္ကာယဖြစ်ကြောင်း သမုဒယ သေသည်၊ အကြောင်း သေသဖြင့် အကြောင်းအကျိုး ရုပ်နာမ် ချုပ်သည်၊ ရုပ်နာမ်ချုပ်လျှင် နိဗ္ဗာန်ကို ရောက်ကြောင်း ရှင်းထားသည်။ ဒါကြောင့် သက္ကာယဒိဋ္ဌိ ချုပ်ရာ နိဗ္ဗာန်ကို ရောက်အောင် ပို့ဆောင်တာသည် ပွားများမှုပင် ဖြစ်သည်။ ဒကာ၊ ဒကာမတွေ ယခု လုပ်နေကြသည့် အလုပ်စဉ်သည်လည်း သက္ကာယချုပ်အောင် လုပ်နေကြခြင်း ဖြစ်ကြောင်း ဆရာတော်က သတိပေးသည်။ [နှာ-၁၆] မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရသောအလုပ်၊ ဒုက္ခခပ်သိမ်း ငြိမ်းသောအလုပ် လုပ်နေကြခြင်း ဖြစ်ကြောင်း ဆုံးမသည်။ ဤအဖြေသည် သစ္စာလေးပါးကို ဖြေသော အဖြေဖြစ်သည်။

ထို့နောက် ဝိသာခက ထပ်မေးသည်။ ဓမ္မဒိန္နာ ထေရီမ၏ အဖြေထဲမှာ သက္ကာယဆိုတာ ပဉ္စုပါဒါနက္ခန္ဓာဟု ဖြေသည်။ ဒါကြောင့် ဥပါဒါန်နှင့် ခန္ဓာသည် အတူတူပဲလား၊ တခြားစီလား၊ မတူဘူးလားဟု ထပ်မေးပြန်သည်။ ဓမ္မဒိန္နာက ဥပါဒါန်က လေးပါးရှိသည်။ (၁) ကာမုပါဒါန်၊ (၂) ဒိဋ္ဌုပါဒါန်၊ (၃) သီလဗ္ဗတုပါဒါန်၊ (၄) အတ္တဝါဒုပါဒါန် ဖြစ်သည်။ လောကီခန္ဓာက ငါးမျိုးရှိသည်။ ထိုခန္ဓာ ငါးပါးကိုစွဲလမ်း နှစ်သက်ပြီး နေလျှင် ဥပါဒါနက္ခန္ဓာ ဖြစ်တော့သည်။ မနှစ်သက်၊ မစွဲလမ်းလျှင် ဥပါဒါနက္ခန္ဓာ မဖြစ်ပါ။ ဤသို့ ဖြေလိုက်သည်။ [နှာ-၂၁] သဘောမှာ ဝိပဿနာဉာဏ် တက်လာ၍ ဤခန္ဓာကြီးက ဒုက္ခသစ္စာ အမှန်ဖြစ်သည်။ သူ့အပေါ်မှာ ခင်စရာ၊ မင်စရာ တစ်ကွက်မှ မရှိဘူးဟု ဉာဏ်ဖြစ်ပေါ်လာလျှင် ဥပါဒါနက္ခန္ဓာ မဟုတ်တော့ပါ။ [နှာ-၂၂] ခန္ဓာကို မခင်တော့သောအခါ ခန္ဓာကို စွန့်ချင်စိတ် ပေါ်လာသည်။

ထို့နောက် ဝိပဿနာ အလုပ်သဘောကို ဆရာတော်က ရှင်းပြသည်။ ပထမဦးစွာ ဖြစ်ပျက်မြင်အောင် ကြိုးစားပါ။ ကိုယ့်ခန္ဓာ မဟုတ်ကြောင်း ဖြစ်ပျက်မြင်မှ သိသည်။ ကိုယ့်ခန္ဓာ မဟုတ်၊ ဖြစ်ပျက်နေသော ခန္ဓာဖြစ်ကြောင်း ဉာဏ်အမြင်

ပေါက်မှသာလျှင် ခန္ဓာကို ခင်မင် စွဲလမ်းနေသောစိတ် ပျက်ပြယ်သွားနိုင်သည်။ ဒီခန္ဓာကို ခင်မှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန် သေလျှင် နိဗ္ဗာန် ရောက်တော့တာပဲဟု ဆိုသည်။ [နာ–၂၃] စွဲလမ်းလျှင် ဥပါဒါနက္ခန္ဓာ ဖြစ်သည်။ မစွဲလမ်းလျှင် ဥပါဒါနက္ခန္ဓာ မဟုတ်ပါ။ ဒါကြောင့် ဥပါဒါန်နှင့် ခန္ဓာသည် အတူတူလား၊ တခြားစီလား၊ အတူတူလည်း မဟုတ်၊ တခြားစီလည်း မဟုတ်ဟု ဖြေထားသည်။ [နာ–၂၅] မဂ်ဉာဏ်နှင့် ဥပါဒါန်ကို ဖြတ်ချလိုက်လျှင် ဥပါဒါနက္ခန္ဓာ မဖြစ်တော့ဘဲ အနုပါဒါနက္ခန္ဓာ ဖြစ်သွားကြောင်း ဆရာတော်က ရှင်းထားသည်။ ဓမ္မဒိန္နာ ထေရီမ အပေါ်မှာ သံသယ ရှင်းသွားပြီး ကြည်ညိုနိုင်အောင် ဝိသာခက ထပ်ဆင့် မေးပြန်သည်။ ရှင်မ ဓမ္မဒိန္နာ၊ သက္ကာယဒိဋ္ဌိ ဆိုတာကိုလည်း ရှင်းပြပါဦး။ ဓမ္မဒိန္နာက သက္ကာယဒိဋ္ဌိ ဆိုတာ ရုပ်ကို ငါထင်တာ၊ ဝေဒနာကို ငါထင်တာ၊ သညာကို ငါထင်တာ၊ သင်္ခါရ (စေတနာ)ကို ငါထင်တာ၊ ဝိညာဉ်ကို ငါထင်တာ ဖြစ်ကြောင်း ဖြေသည်။ ခန္ဓာ ငါးပါးကို ငါစွဲစွဲလျှင် သက္ကာယဒိဋ္ဌိပဲဟု ဖြေသည်။ [နာ–၂၈] ဤနေရာတွင် ထူးခြားစွာ ဆရာတော်က ဟောသည်။ ရုပ်ကို ငါထင်တာ၊ ဝေဒနာကို ငါထင်တာ၊ သညာကို ငါထင်တာ၊ သင်္ခါရကို ငါထင်တာ၊ ဝိညာဉ်ကို ငါထင်တာသည် သက္ကာယဒိဋ္ဌိ ဆိုသော်လည်း ဥစ္ဆေဒဒိဋ္ဌိ အထိ ဖြစ်သွားသည်ဟု ကောက်ချက်ချထားသည်။ [နာ–၂၉] ဘာကြောင့် ဥစ္ဆေဒဘက် ကူးသွားရသလဲ ဆိုလျှင် ရုပ်သေလျှင် ပျောက်သွားသည်၊ ပျက်သွားသည်၊ နောက်ဘာမှ မဖြစ်တော့ဘူး ဆိုသော အဓိပ္ပာယ် ကို ရောက်သွားသည်။

ဒါကြောင့် ဥစ္ဆေဒဟု ယူရကြောင်း ရှင်းပြသည်။ ဥပမာ– မီးနှင့် အရောင်ကို အတူတူပဲဟု ယူထားသူသည် မီးသေလျှင် အရောင် (အလင်း) ပျောက်သည်ဟု ယူတတ်ကြောင်း ဥပမာပြသည်။ [နာ–၂၉] သူ့အမြင်တွင် ရုပ်သေလျှင် ငါလည်း သေပြီ၊ နောက်ဘာမှ ဖြစ်စရာ မရှိတော့၊ ပြတ်ပြီဆိုသော အဓိပ္ပာယ်သို့ ကျရောက် သည် ဆို၏။ ဆရာတော်က ဒကာ၊ ဒကာမများ နားလည်အောင် ကြားဖြတ်တရား ထည့်ပေးတာဟု ဆိုသည်။ (ရုပ်ဝါဒီမှာ သက္ကာယဒိဋ္ဌိကို ဥစ္ဆေဒဒိဋ္ဌိ ဖြစ်အောင် လုပ်တတ်သောသဘောကို ဆရာတော် သိမြင်စေလို၍ ဟောခြင်း ဖြစ်ဟန်တူသည်။) ဝေဒနာကို ငါနှင့် ရောလျှင်လည်း ဝေဒနာလည်း ချုပ်ရော ငါလဲပြတ်ရောဟု ယူတတ်သည်။ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပြန်၏။ [နာ–၃၀] ရှုနေသူမှာ သက္ကာယဒိဋ္ဌိ ပြုတ်သည်။ ဖြစ်ပျက်မြင်လျှင် ငါ၊ ငါ့ဥစ္စာစွဲ မဝင်တော့။ ဒိဋ္ဌိပြုတ်သည်။ ဒိဋ္ဌိပြုတ်လျှင် အပါယ် မသွားရတော့ပါ။ ဆရာတော်က ရှုရင်းမတ္တသာ သေသွားပါက သောတာပန်

မတည်တာတောင် အပါယ်တံခါး ပိတ်သည်ဟု ရဲရဲတင်းတင်း ဆုံးဖြတ်ချက် ချထားသည်။ [နာ၁–၃၃]

ဒါကြောင့် ဝိပဿနာ အလုပ်ကို ကြိုးစားလုပ်ပါဟု တိုက်တွန်းပြန်သည်။ အပါယ်တံခါးကို သက္ကာယဒိဋ္ဌိက ဖွင့်ထားသည်။ သက္ကာယဒိဋ္ဌိ ချုပ်သော ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်က အပါယ်တံခါးကို ပိတ်သည်။ [နာ၁–၃၅] ဒါကြောင့် အပါယ်တံခါး ပိတ်အောင်လုပ်သော နေရာသည် လူ့ပြည်ပင် ဖြစ်၏။ လူ့ပြည်က နေပြီး အနတ္တကိုရှုပြီး ပိတ်လိုက်လျှင် လုံသွားသည်ဟု ဟောထားသည်။ ဘုရားလည်း လူ့ပြည်မှာပဲ ပွင့်ကြောင်းပြသည်။ [နာ၁–၃၇] အနတ္တကိုတွေ့လျှင် ငါစွဲအတ္တ ပြုတ်ပြီ ဟု ဆိုသည်။ အနတ္တသဘော ဉာဏ်ထဲရောက်လျှင် အပါယ်တံခါး ပိတ်ပြီ။ လျှထားရုံ နှင့် အပါယ်တံခါး ပိတ်ပြီဟု မယူသင့်ကြောင်း မလ္လိကာ မိဖုရားကို သက်သေထား၍ ဟောသည်။ ထို့နောက် သက္ကာယဒိဋ္ဌိ ၂၀ ရှိကြောင်း ဝိသာခနှင့် ဓမ္မဒိန္နာ ထေရီ အမေးအဖြေ လုပ်ပုံကို ဆက်ဟောသည်။

ထို့နောက် အပါယ်တံခါး ပိတ်ချင်လျှင်၊ သက္ကာယဒိဋ္ဌိ ပြုတ်ချင်လျှင်၊ မဂ္ဂင်ရှစ်ပါး ပွားများရမည်ဟု ဟောသည်။ [နာ၁–၄၀] ပြီးမှ မဂ္ဂင်ရှစ်ပါးကို ရှင်းပြ ပြန်သည်။ မဂ္ဂင်ရှစ်ပါးမှာ သီလမဂ္ဂင် သုံးပါး၊ သမာဓိမဂ္ဂင် သုံးပါး၊ ပညာမဂ္ဂင် နှစ်ပါး ဖြစ်ခြင်းကြောင့် ဝိပဿနာ ပွားများနေခွင့် သီလလည်း လုံခြုံသည်။ သမာဓိလည်း တည်သည်။ ပညာ အမြင်လည်း ပေါက်သည်။ မဂ္ဂင်ရှစ်ပါးက ကိလေသာကို သတ်သည်။ ဤမဂ္ဂင်အကြောင်း အမေးအဖြေ လုပ်ပြီးနောက် ဓမ္မဒိန္နာ အား ဝိသာခက ဝေဒနာ ဘယ်နှစ်မျိုး ရှိသလဲဟု မေးပြန်သည်။ [နာ၁–၄၂] ဝေဒနာ သုံးမျိုးရှိကြောင်း ဖြေသည်။ ဒါဆို သုခဝေဒနာကို ဘယ်လို ရှုရမှာလဲ၊ ဒုက္ခဝေဒနာကို ဘယ်လို ရှုရမှာလဲ၊ ဥပေက္ခာ ဝေဒနာကို ဘယ်လို ရှုရမှာလဲ။ သုခဝေဒနာ ဖြစ်တော့ ချမ်းသာ၊ ပျက်တော့ ဆင်းရဲသည်၊ ဒုက္ခဝေဒနာက ဖြစ်တုန်း ဆင်းရဲသည်၊ ပျက်သွား တော့ ချမ်းသာသည်၊ ဥပေက္ခာဝေဒနာ ဆိုတာ ဉာဏ်ရှိသော ပုဂ္ဂိုလ်မှာ သုခသဘော သို့ပင် ရောက်ကြောင်း ဟောထားသည်။ [နာ၁–၄၂] ဝေဒနာကို ဖြစ်ပျက်ရှုရမည်။

ဓမ္မဒိန္နာ၏ အဖြေကို ဝိသာခ သူဌေးကြီး သဘောကျသည်။ ဆက်မေးပြန် သည်။ ရှင်မ ဓမ္မဒိန္နာ သုခဝေဒနာကို ရှုတော့ ဘယ်အနုသယ သေသလဲ၊ ဒုက္ခဝေဒနာ ကို ရှုတော့ ဘယ်အနုသယ သေသလဲ၊ ဥပေက္ခာ ဝေဒနာကို ရှုတော့ ဘယ်အနုသယ သေသလဲ။ သုခဝေဒနာကို ရှုတော့ လောဘ (ကာမရာဂ နုသယ) သေသည်။ ဒုက္ခ ဝေဒနာကို ရှုတော့ ဒေါသ (ပဋိဃာနုသယ)သေသည်။ ဥပေက္ခာကို ရှုတော့

မောဟ (အဝိဇ္ဇာနုသယ) သေသည်။ ဤတရားသည် ရဟန္တာ ထေရီမက ဖြေသော တရား ဖြစ်သည်။ ခိုင်လုံသည်။ ဝေဒနာတွေ့တိုင်း ဖြစ်ပျက် ရှုနေတော့ လောဘ၊ ဒေါသ၊ မောဟ သေသည်။ မလာနိုင်တော့ပါ။ ဒါအတွင်းရန်သူ သတ်သောအလုပ် ဖြစ်သည် ဆို၏။ [နှာ–၄၄] ဓမ္မဒိန္နာဖြေသော အဖြေများသည် မှန်ကြောင်း၊ ဗုဒ္ဓ အယူနှင့် ကိုက်ညီကြောင်းကို ဘုရားကလည်း ထောက်ခံချက် ပေးသည်။ [နှာ–၄၉] 'နိဗ္ဗာနံ ဂစ္ဆတိတိ မဂ္ဂေါ မဂ္ဂင်ရှစ်ပါး တရားသည်၊ နိဗ္ဗာနံ– နိဗ္ဗာန်သို့၊ ဂစ္ဆတိတိ– သွား၏ ဆိုသောကြောင့် မဂ္ဂင်ရှစ်ပါး တရားဝမ်းထဲ ရှိလျှင် နိဗ္ဗာန်ကို ရောက်ကြောင်း၊ ခဲ့တောင်းနေဖို့ မလိုကြောင်း ဟောရင်း အချိန်စေ့သဖြင့် တရားရပ်နားသည်။

*

## ၂။ အရှင်နန္ဒက ဘိက္ခုနီမ ငါးရာအား တရားပေးပုံ

[ ၁၉–၁၂–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

အလုပ်တရား ဟောမည် အစချီလျက် ဤတရားကို ဟောသည်။ အရှင်နန္ဒ သည် တရားဟောရာမှာ ဥပမာ၊ ဥပမေယျဖြင့် ဟောတတ်သည်။ တေဒဂ် ရသည်။ သို့သော် သူက တရားဟောရမည့် အလှည့်သို့ ရောက်လျှင် ဟောချင်စိတ် မရှိဘဲ နေတတ်သည်။ ယနေ့ ဟောမှာက မဂ္ဂသတ္တိကို ဟောမည် ဆိုသည်။ ယခုဘဝမှာ ရဟန်းဖြစ်တာ၊ သူကြွယ်သားဖြစ်တာ၊ အခြံအရံများတာက အတိတ်က ပြုခဲ့သော ကုသိုလ်၏ ဥပနိဿယ သတ္တိဖြစ်သည် ဆို၏။ [နှာ–၅၄] မင်းမျိုးထဲ ဖြစ်ပြီး ဘုရားသာသနာမှာ ရဟန်းဖြစ်တာက ဥပနိဿယ သတ္တိ ဖြစ်သည်။ ထို့နောက် အရှင်နန္ဒကနှင့် ဘိက္ခုနီမ ၅၀၀ ယခုဘဝ တွေ့ဆုံပြီး ကျွတ်တန်း ဝင်ရသော ရှေးဘဝအကြောင်း အတိတ်ဝတ္ထုကို ဟောသည်။ တိုင်းပြည်တစ်ပြည်မှာ ရှေးဘဝက အရှင်နန္ဒသည် အလုပ်သမား ခေါင်းဆောင် ဖြစ်သည်။ ယခုဘဝ ဘိက္ခုနီမ ငါးရာက အလုပ်သမ (ကျွန်) တွေ ဖြစ်ခဲ့သည်။ မိထွေးတော် ဂေါတမီက အတိတ်ဘဝတုန်းက အရှင်နန္ဒ၏ ခင်ပွန်းမ ဖြစ်ခဲ့သည်။ သံသရာမှာ မိခင်က 'ဓနီးမယား ပြန်ဖြစ်၊ သမီးက ဓနီးပြန်ဖြစ်နှင့် ရှက်စရာ ဇာတ်ထုပ်တွေ ဖြစ်ကြရပုံကို ဟောသည်။ အတိတ်ဘဝတုန်းက ဘိက္ခုနီမများသည် ပစ္စေကဗုဒ္ဓများကို ကျောင်းဆောက် လှူခဲ့ကြ သည်။ [နှာ–၅၆] ပစ္စေကဗုဒ္ဓများကို သင်္ကန်း လှူခဲ့ကြသည်။ ထိုကုသိုလ်ကောင်းမှု

ကြောင့် ယခုဘဝတွင် အရှင်နန္ဒက သူဌေးမျိုးမှာ၊ ဘိက္ခုနီမတွေက သာကီဝင်မျိုးမှာ လာဖြစ်ကြသည် ဆို၏။ [နှာ-၅၈] ဥပနိဿယ သတ္တိ အကြောင်းကို ဟောသည်။ တရားနာ ပရိသတ်လည်း ရှေးဘဝ ဥပနိဿယ သတ္တိကြောင့် ယခု သာသနာနှင့် ကြုံရသည်။ ဆရာကောင်း၊ သမားကောင်းနှင့် တွေ့ခွင့်ရသည်။

ဒါကြောင့် အခွင့်ထူး ရထားသော လူ့ဘဝကို အလွဲသုံးစား မလုပ်မိကြဖို့ သတိပေးထားသည်။ ယခုဘဝမှာ မဂ္ဂပစ္စယော ဖြစ်အောင် ကြိုးစားရမည်ဟု ပဋ္ဌာန်းနည်းဖြင့် ပြသည်။ ပြီးမှ လူဖြစ်ဖို့ ခဲယဉ်းကြောင်း၊ လူဖြစ်စဉ် အခါမှာ သာသနာနှင့် ကြုံဖို့ ခဲယဉ်းကြောင်း၊ သာသနာတွင်းမှာပင် ဆရာကောင်း တွေ့ဖို့ အလွန် ခက်ခဲကြောင်းများကို သတိပြုဖွယ် ဖြစ်အောင် ဟောသည်။ ယခုအခါ လူလည်း ဖြစ်လာ၊ သာသနာနှင့်လည်း ကြုံခွင့် ရနေကြပါလျက် လောကုတ္တရာအရေး နောက်ကျနေကြတာ ဘာကြောင့်လဲ ဆိုလျှင် တဏှာအမိ၊ အဝိဇ္ဇာအဖ ခိုင်းသမျှ လုပ်ရင်း အကန်းပျော် ပျော်နေကြလို့ဟု ဆိုသည်။ [နှာ-၆၀] ထို့နောက် သစ္စာဉာဏ် ရဖို့ အရေးကြီးကြောင်းကို ဟောပြန်သည်။ ရဟန္တာ ဖြစ်သွားသော အရှင်နန္ဒ မထေရ်သည် သစ္စာမျက်လုံး၊ သမ္မာဒိဋ္ဌိမျက်လုံး ရပြီးပြီ ဖြစ်ရကား ရှေးဘဝက တော်စပ်ခဲ့သော ဘိက္ခုနီမ ငါးရာကို သူ တရားဟောချင်စိတ် မရှိတော့ပါ။ [နှာ-၆၈] ထို့နောက် အဝိဇ္ဇာသည် မိစ္ဆာဉာဏ် ဖြစ်သည်ဆိုသော အချက်ကို ဟောပြန်သည်။ [နှာ-၆၉] လိမ်ကောက်နည်း အမျိုးမျိုးသည် မိစ္ဆာဉာဏ် အလုပ် ဖြစ်သည်။ မိစ္ဆာဉာဏ်သည် အဝိဇ္ဇာ မကောင်းတဲ့ ဘက်မှာ သိသည်။ သစ္စာ ဘက်မှာသာ သူက မသိအောင် ဖုံးသည်။ မိစ္ဆာဉာဏ်၊ အဝိဇ္ဇာဉာဏ်၏ အပြစ် အမျိုးမျိုးကို လှည့်ပြီး ပြသည်။ [နှာ-၇၂] သစ္စာ မသိခင်က အမှားနှင့် နေခဲ့ပုံများဟု ဆိုသည်။ [နှာ-၇၃] ဥပနိဿယ ပစ္စယောက အကူအညီ အထောက် အပံ့ ပြသည်။ ရှေးက ဥပနိဿယ ပစ္စယောကြောင့် ယခုဘဝ သူကြွယ်မျိုး၊ မင်းမျိုးမှာ ဖြစ်ကြရသည်။ အရှင်နန္ဒ မထေရ်နှင့် ဘိက္ခုနီမ ငါးရာတို့ ဆုံကြရတာက ဥပနိဿယ ပစ္စယောကြောင့် ဖြစ်သည်။

ထိုအခါ သူတို့သည် မဂ္ဂပစ္စယောကို ကြိုးစားကြသည်။ မဂ္ဂ ပစ္စယောက ပန်းဆွတ်ခြင်းဟု ဆိုသည်။ မဂ္ဂပစ္စယော ဆိုတာ လွတ်မြောက်ကြောင်း ဖြစ်၍ ကျေးဇူးပြုသော တရားဖြစ်သည်။ ဝဋ်တွင်းက ထွက်မြောက်အောင် ကျေးဇူးပြုသည်။ ထို့နောက် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံခါနီး မဂ္ဂပစ္စယောကို ပေးချင်လို့

သုဘဒ္ဒကို ဆိုင်းငံ့ခဲ့ကြောင်း ဟောသည်။ [နာ၁–၇၆] ထို့နောက် မိစ္ဆာဉာဏ်တွေ တိုးတက်မှု မြန်ဆန်သော ခေတ်ကြီးထဲမှာ သေဖို့ကလည်း နီးလာပြီဖြစ်၍ အသေ မဦးခင် သမ္မာဒိဋ္ဌိဉာဏ် ဦးအောင် အချိန်ဆွဲ မနေဘဲ မြန်မြန်လုပ်ကြဖို့ တိုက်တွန်း သည်။ [နာ၁–၇၉] ဘိက္ခုနီမများကို တရားဟောရမည့် အလှည့် ကြုံသောအခါ အရှင်နန္ဒသည် မဟောချင်ဘဲ ရှောင်နေသည်။ ဘုရားက ဟောချေဆိုမှ ဟောသည်။ ဟောသောအခါ အရှင်နန္ဒ မထေရ်က မိမိဟောသော တရားကို နားမလည်လျှင်၊ သံသယရှိလျှင် မေးကြပါဟု ခွင့်ပြုသည်။ နာရသော ဘိက္ခုနီမများ ရွှင်လန်း ဝမ်းမြောက်ကြသည်။ ဘိက္ခုနီမများသည် နဂိုကတည်းက အရှင်နန္ဒ၏ တရားကို နာချင်နေကြသည်။ သူ့တရား နာရမှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်မည် ဟု အထင်ရှိကြသည်။ [နာ၁–၈၁]

'ပြီးမှ စက္ခုံစ ပဋိစ္စရူပေစ ဥပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော' ပါဠိတော်ဖြင့် အစချီလျက် ပဋိစ္စသမုပ္ပာဒ်ကို ဟောသည်။ မြင်စိတ် ပေါ်ပုံ၊ မြင်စိတ် စက္ခု ဝိညာဉ်နှင့်အတူ သဟဇာတဖြစ်သော ဝေဒနာ (ဥပေက္ခာ) ပေါ်ပုံကို ပြသည်။ ဒါကို ဝိပဿနာ မရှုမိလျှင် နှစ်သက်မှု တဏှာ နောက်က လိုက်လာသည်။ သောမနဿ ဝေဒနာ လိုက်လာသည်။ ဉာဏ်ထက်သော သူသည် မြင်စိတ်နှင့်အတူ ပေါ်သော ဝေဒနာကိုပင် ဝိပဿနာ ရှုမိသည်။ ဉာဏ်နုံ့သူသည် နောက်ပေါ်သော ဇောဝေဒနာ ကိုသာ ရှုမိတတ်သည်။ [နာ၁–၈၂] ဉာဏ်ထက်သော ခိပ္ပာဘိညာသမားသည် မျက်လုံး ထဲက ဝေဒနာကို ရှုမိသည်။ ဉာဏ် နုံ့နှေးသော ဒန္ဓာဘိညာသမားသည် ဇောကိုသာ ရှုမိသည် ဟု ထူးထူးခြားခြား ခွဲပြီးဟောသည်။ [နာ၁–၈၂] ထို့နောက် မြင်စိတ်နှင့်အတူ ယှဉ်ဖက်သော ဝေဒနာပေါ်ပုံကို သစ်ပင် ဥပမာ ပြ၍ ဟောသည်။ စက္ခုဒွါရက အမြစ်၊ ရူပရုံက ပင်စည်၊ စက္ခုဝိညာဉ်က အကိုင်းအခက်၊ ဝေဒနာက အရိပ်နှင့် တူပုံကို ပြသည်။ ထိုနောက် ထိုတရား အားလုံး အနိစ္စပဲ ဆိုသည်ကို ပြသည်။ ဝေဒနာ ပျက်လွယ်ပုံကို ပြသည်။ သစ်ပင်ကြီး အမြစ်ကစ ပြိုလဲသွားပါက အရိပ်နှင့် တူသော ဝေဒနာလည်း မကျန်နိုင်ကြောင်းကို ပြသည်။ တရားဟောပြီး အရှင်နန္ဒက ဘိက္ခုနီမ များအား ဝေဒနာကို ဝိပဿနာ ရှုနည်း သင်ပေးသည်။ ပေါ်လာတာကို အကုန် ဖြစ်ပျက်ရှုနိုင်းသည်။ [နာ၁–၈၄] မရှုလျှင် ဝေဒနာပစ္စယာ တဏှာ လာမည်။ ရှုပေးလိုက်ပါက လောဘ၊ ဒေါသ၊ မောဟ သေသည်။ (သုခ ဝေဒနာကို ရှုလျှင် လောဘ သေသည်။ ဒုက္ခဝေဒနာကို ရှုလျှင် ဒေါသ သေသည်။ ဥပေက္ခာ ဝေဒနာကို ရှုလျှင် မောဟ သေသည်။)

ပြီးမှ နွားတစ်ကောင်ကို သတ်ပြီး အရေခွံကို စားဖြင့်ခွာပုံ ဥပမာကို ပြန်ဟောသည်။ (ဤတရားကို ရေးက စာအုပ်တွင်လည်း ဟောခဲ့ပြီးပြီ) ထို့နောက် နွားအရေခွံကို သားလိုးစားပြင့် ခွာဖြတ်သလို တဏှာကို ဝိပဿနာဖြင့် ဖြတ်တောက်ဖို့ကို ဟောသည်။ [နာ၁–၉၁] တဏှာက အဇ္ဈတ္တနှင့် ဗဟိဒ္ဓကို တွဲဆက်ထားသည်ဟု ဆိုသည်။ ထိုတဏှာကို မဂ်စားနှင့် ဖြတ်ရမည်။ ထို့နောက် စကားစပ်သဖြင့် ဗောဇ္ဈင်နှင့် မဂ္ဂင်၏ သဘောတူပုံကို ဟောပြန်သည်။ နိဗ္ဗာန်ကိုပို့သော တရားချည်း ဖြစ်ကြောင်း ပြသည်။ သတိပဋ္ဌာန်လုပ်လျှင် ဗောဇ္ဈင်၊ မဂ္ဂင် ပါသည်။ ဣန္ဒြေတွေ၊ ဗိုလ်တွေလည်း ပါသည်။ ဗောဓိပက္ခိယ ၃၇ ပါးလုံး ပါသည်။ [နာ၁–၉၃] ဖြစ်ပျက်ရှုသည့်အထဲ ဒါတွေ အကုန်ပါသွားသည်ဟု ဆိုသည်။ [နာ၁–၉၄] ဖြစ်ပျက် မြင်လျှင် လိုချင်မှု တဏှာ၊ ပြစ်မှားမှု ဒေါသ မလာတော့ပါ။ အနိစ္စ အပေါ်၌ သာယာမှု၊ ပြစ်မှားမှု၊ တွေဝေမှု မရှိဘဲ အာရုံက ဥပေက္ခာ ဖြစ်နေသည်။ ဝိပဿနုပေက္ခာ ဖြစ်သည်။ [နာ၁–၉၅] ဥပရိပဏ္ဏာသမှာ လာသော ဣန္ဒြိယ ဘာဝနာသုတ်ကို ပြန်ဟောခြင်း ဖြစ်သည်။ ဖြစ်ပျက်မြင်လျှင် ဥပေက္ခာ သမ္ဗောဇ္ဈင်လည်း ဖြစ်ပြီဟု ဆိုသည်။ [နာ၁–၉၆]

ထို့နောက် ဗောဓိဖြစ်ကြောင်း၊ သစ္စာဉာဏ် ရကြောင်းသည် ဝိပဿနာ ဖြစ်ကြောင်း ဟောသည်။ ဝိပဿနာရှုမှ ကိစ္စပြီးမည်ဟု ဆိုသည်။ ယခု ဟောနေတာ ဗောဓိ မဆိုက်ခင် ဗောဓိမျိုးစေ့ ပေးနေတာဟု ဆိုသည်။ [နာ၁–၉၉] ကိုယ့်သန္တာန်မှာ ဉာဏ်ထက်အောင်သာ လုပ်နေ၊ ဒုက္ခသစ္စာကို မြင်အောင်သာ လုပ်နေ၊ တရားတွေက သူ့ဘာသာ အံသီးသီး ဝင်လာလိမ့်မည်ဟု ဆိုသည်။ [နာ၁–၁၀၀] ထို့နောက် ဒေသနာ အစဉ်လျှောက်ပြီး ခန္ဓာထဲ ဉာဏ်လွှတ်သဖြင့် ဉာဏ်တက်လာပုံကို ဟောသည်။ ပထမတော့ ဝိပဿနာမဂ်၊ နောက်တော့ ဉာဏ်ထက်လာပြီး လောကုတ္တရာမဂ်ကို ကူးသွားကြောင်း ပြသည်။ [နာ၁–၁၀၅] ထို့နောက် ဆန္ဒ ဝီရိယကို မြင့်မြင့်မားမား ထားရေးကို ဟောသည်။ ဒီဘဝ စူဠသောတာပန်လောက်ဆို တော်ပြီဟု မထားသင့်ကြောင်း တိုက်တွန်းသည်။ အောက်တန်းကျသော စိတ်မျိုး မထားရ၊ အထက်တန်းစား စိတ်၊ ခန္ဓာ ဓာတ်သိမ်းအောင် လုပ်မည်ဆိုသောစိတ် ထားသင့်ကြောင်း ဟောသည်။ [နာ၁–၁၀၆] အရှင်နန္ဒကြောင့် ဘိက္ခုနီမများ အသီးသီး မှန်းခြေပေါက် ဖြစ်ကြပုံကို ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၃။ စိန္တာမယဉာဏ် ဘာဝနာမယဉာဏ် ပိုင်းခြားပုံ

[ နေ့စွဲမပါ။ ဦးချစ်ဆွေ ဓမ္မာရုံ (မန္တလေး)မှာ ဟောသောတရား ဖြစ်ကြောင်းသာ ဖော်ပြထားသည်။ ]

ခန္ဓာ ငါးပါးမှာ ရုပ်မေးလည်း ဒုက္ခသစ္စာ၊ နာမ်ခန္ဓာလေးပါး မေးလည်း ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာမှတစ်ပါး ဘာမှမရှိဘူးဟု မှတ်ပါ အစချီလျက် ဤတရားကို ဟောသည်။ ရှုမှတ်သော စိတ်ကလေးတောင် ဒုက္ခသစ္စာပဲလို့ မှတ်ရမည်။ ဘာကြောင့်လဲ ဆိုတော့ သူလည်း ဖြစ်ပျက်နေလို့ပဲဟု မိန့်သည်။ ဒုက္ခ ဒုက္ခချင်း အာရုံပြုနေတာ ဒီလိုမှတ်ရမည် ဆိုသည်။ ရှုတဲ့ ဒုက္ခက ဉာဏ်ပါသော ဒုက္ခ၊ အရှုခံက ဉာဏ်မပါသော ဒုက္ခဖြစ်သည်ဟု ခွဲခြား ပြထားသည်။ [နှာ-၁၀၉] ဒါကြောင့် ဉာဏ်ဦးစီးသော ဒုက္ခက ဉာဏ်မပါသော ဒုက္ခကို သိမ်းနိုင်သည်ဟုလည်း ဆုံးဖြတ်ပြသည်။ ဘာလို့ သိမ်းနိုင်သလဲ။ ပဋိစ္စသမုပ္ပာဒ်ကို ပြတ်စေခြင်းကြောင့် သိမ်းနိုင်သည် ဟူလို။ ဒုက္ခသစ္စာဆိုတာ စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန်ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ပြသည်။ ဒုက္ခသစ္စာမှာ ဘာသတ္တိ ရှိသလဲ။ ရထားသော ပုဂ္ဂိုလ်ကို ညှာတာ မဖက် အမြဲ နှိပ်စက်တတ်သော သတ္တိရှိသည်။ [နှာ-၁၁၀] တဏှာ သမုဒယက လုပ်ထားလို့ ဒုက္ခသစ္စာ ဖြစ်နေရသည်။ နှိပ်စက်တာမှာလည်း အထည်ပျောက်အောင် နှိပ်စက်တာ တစ်မျိုး၊ အထည်မပျောက်ဘဲ နှိပ်စက်တာက တစ်မျိုးဖြစ်သည်။ ဒုက္ခသစ္စာ အစစ်က အထည်ပျောက် နှိပ်စက်တာ ဖြစ်သည်။ ရှုလိုက်တိုင်းမှာ မရှိတာချည်း တွေ့နေတာ အထည်ပျောက် နှိပ်စက်တာ ဖြစ်သည်ဟု ဆိုသည်။ ဘာမှ မကျန်အောင် ပျက်လျှင် ဒုက္ခသစ္စာ၊ အထည်ကျန်နေရင် မဂ္ဂထဲ သွင်းရမည်ဟု ဆိုသည်။ [နှာ-၁၁၂] မဂ္ဂသည် သမထဘက်ကို အားပေးသည်။ မဂ္ဂါနုဿတိ ဖြစ်သည်။ ဝိပဿနာနှင့် နီးတော့နီးသည်။ ဝိပဿနာတော့ မဟုတ်ပါ။ ဒုက္ခသစ္စာကမှ ဝိပဿနာ ဖြစ်သည်။ အမြင် ထူးခြားသည်။ မဂ္ဂါနုဿတိ အားထုတ်သော ပုဂ္ဂိုလ် ဒုက္ခသစ္စာကို နှလုံးသွင်းသောအခါ နိဗ္ဗာန်ကို ရလွယ်ဟုလည်း ဆိုထားသည်။

ဘာကြောင့်လဲဆို ဥပနိဿယ သတ္တိက အနိစ္စသွားပြီး ကျေးဇူးပြုသောကြောင့် ဖြစ်သည်။ မဂ္ဂါနုဿတိကို နှလုံးသွင်းပြီးမှ ဒုက္ခသစ္စာကို ရှုလျှင် ပိုကောင်းသည် ဟုလည်း တိတိကျကျ ဟောသည်။ [နှာ-၁၁၃] ဘယ်သူ့ကို ဘယ်သူက နှိပ်စက်တာလဲဆိုလျှင် နှစ်ယောက် မရှိပါ။ သမုဒယသစ္စာ အားကြီးသော ပုဂ္ဂိုလ်ကို နှိပ်စက်သည်။ များများခင်လျှင် များများ နှိပ်စက်သည်။ ဒုက္ခသ ပိဋ္ဌနဋ္ဌော- ကိန်းရာပုဂ္ဂိုလ်ကို နှိပ်စက်သည်။ ဘာနှင့် အလျှင် နှိပ်စက်သလဲ။ ကာယိက ဒုက္ခ

ဖြင့် နိုပ်စက်သည်။ ပြီးမှ စေတသိက ဒုက္ခဖြင့် နှိပ်စက်သည်။ ကာယိက ဒုက္ခက ဒုက္ခ သဟဂုတ် ကာယဝိညာဉ် ဖြစ်သည်။ ကိုယ်ပေါ် ဖြစ်သော ၉၆ ပါး ရောဂါနှင့် ဆင်းရဲမှုတွေ ဖြစ်သည်။ [နှာ–၁၁၄] ဖြစ်ပေါ်စမှာ ကာယိက ဒုက္ခ၊ မခံနိုင်လောက် အောင် ဖြစ်လာတော့ စေတသိက ဒုက္ခ ဖြစ်သွားသည်။ [နှာ–၁၁၅] ဖြစ်ပျက်ကနေ သစ္စာရောက်အောင် ဉာဏ်က သွားပစ်လိုက်လျှင် တရား လမ်းဆုံးသည် ဆို၏။ [နှာ–၁၁၆] အနိစ္စလောက် သိရုံဖြင့် ကိလေသာ မပါးသေးဘူး၊ သူက ခံသာသော အဖြစ်လောက်ကိုသာ မြင်သေးသည်။ အသိ နည်းသေးလို့ ဖြစ်သည်။ ဒုက္ခသစ္စာက မခံသာသော အဖြစ်ကို မြင်သည်။ မခံသာမှ တဏှာကို သေစေသည်ဟု ဟောသည်။ [နှာ–၁၁၆] ဒုက္ခသစ္စာ၏ သဘော စက်ဆုပ်စရာ အသုံးမကျတာ အမှန်ကို မြင်မှ ဉာဏ်က ထိုးထွင်းပြီး သိမှသာ တဏှာသေသည်။ ဒိဋ္ဌိလည်း သေသည်။ [နှာ–၁၁၇] သစ္စာမြင်မှုနှင့် အနိစ္စရိုးရိုး မြင်ပုံ ကွာခြားသည်။ သစ္စာမြင်ကသာ ကိလေသာကို ပါးစေနိုင်ကြောင်း လက်တွေ့ကျကျ ဟောသည်။ သစ္စာမြင်မှ အမြစ်ပြုတ်သည်။ အနိစ္စမြင်လျှင် တဒင်္ဂပဲ ပါးသည်။ သူ့အမြင် သန့်လာမှသစ္စာအမြင် သွားဆိုက်သည်။ ဝုန်းခနဲ ခုန်တက်၍ မရပါ။ အပြောသစ္စာမဟုတ်၊ ဉာဏ်တက်သွားသော သစ္စာ ဖြစ်သည်။ သစ္စာဉာဏ်ကမှ ပိဋ္ဌနဒ္ဓေ ဆိုသော ကိစ္စဉာဏ်ကို ရသည်။ နောက်ကိစ္စ ဉာဏ် ရင့်သန်လာလျှင် ကတဉာဏ် (မဂ်ဉာဏ်) ပေါ်လာသည်။ ဉာဏ်သုံးဉာဏ်ဖြင့် သွားသည်။

ဖြစ်ပျက် မြင်စဉ်က ဉာဏ်မလာသေး၊ ဖြစ်ပျက် ရှုသောဉာဏ် ရင့်လာမှ နှိပ်စက်သည့်သဘော (မခံမရပ်နိုင်အောင် ခံရမှု) ဒုက္ခသစ္စာဉာဏ် ပေါ်လာသည်။ သေသေချာချာ ဉာဏ်သွင်းလိုက်မှ ခန္ဓာကိုခင်သော ပုဂ္ဂိုလ်ကို ရေရေလည်လည် နှိပ်စက်နေတာကို သိမြင်လာမည်။ နှိပ်စက်နေပါကလားဟု သိလာခြင်းသည် ကိစ္စဉာဏ်ဟု ဆိုသည်။ [နှာ–၁၁၈] ကိစ္စဉာဏ် ရင့်သန်လာမှ ကတဉာဏ် ဝင်လာသည်။ သင်္ခါရ ချုပ်ရာကို မြင်သွားသည်။ ဤဉာဏ်ဖြင့် မြင်လာမှ ခန္ဓာလိုချင်သော တဏှာကြောင့် ခန္ဓာရလျှင် ဤကဲ့သို့ နှိပ်စက်ခံနေရမှာပဲဟု သိမြင် ခံစားလာရမည်။ ထိုအခါ ကိလေသာ ပါးလာသည်။ ကိစ္စဉာဏ် ဖြစ်ပြီ။ ဤဉာဏ် ရင့်လာလျှင် ဖျတ်ဆို ကိလေသာ ချုပ်သွားသည်။ ကတဉာဏ် ဝင်လာခြင်း ဖြစ်သည်။ ကတဉာဏ် ဝင်လျှင် မဂ်ရပြီ။ သောတာပတ္တိမဂ် ဆိုက်ပြီ။ [နှာ–၁၁၉] ပစ္စဝေက္ခဏာဉာဏ်ကို ဆိုသည် ဟုလည်း ဟောသည်။ ဖြစ်ပျက် ရှုနိုင်းနေတာ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် သုံးဉာဏ်တက်ဖို့ ရှုနိုင်းနေတာဟု သဘောပေါက်ရမည်။ ဤဉာဏ်

သုံးဆင့် မတက်ဘဲနှင့် မဂ်ရသည်ဟု ဆိုလျှင် ဆရာမှား၊ နည်းမှားပဲဟု ဆုံးဖြတ်ထားသည်။ [နှာ–၁၂၀]

ကိစ္စဉာဏ်က ဘယ်နှမျိုး ရှိသလဲ။ (၁) ပိဠနဌော၊ နှိပ်စက်ခြင်း သဘော၊ (၂) သန္တာပဋ္ဌော တဏှာ၏ အမြဲပြုပြင်ခြင်းကို ခံနေရခြင်းသဘော၊ (၃) တဏှာ၏ ပြုပြင်ပုံ၊ ဒုက္ခပေးပုံ အမျိုးမျိုးကို လောကီဥပမာများ ပြပြီး ဟောသည်။ ဒုက္ခကို မြင်အောင် အတွေးပိုင်ပါစေဟု ဆိုသည်။ အလုပ် မလုပ်ခင် တွေး၊ အလုပ်ခွင်ထဲမှာ မတွေးနှင့်ဟု နည်းပေးသည်။ [နှာ–၁၃၆] တွေးတာက စိန္တာမယဉာဏ် ဖြစ်သည်။ ဘာဝနာမယဉာဏ် မဖြစ်ဘူးဟု ဆိုသည်။ ဒါကြောင့် ရှုချိန်မှာ မတွေးနှင့်ဟု သတိပေးသည်။ လုပ်နည်း ဖြစ်သည်။ စိန္တာမယက တွေးတာ၊ ဘာဝနာမယက ပွားတာဖြစ်ကြောင်း ရှင်းပြသည်။ စိန္တာမယ ဝင်လာလျှင် ဥဒ္ဓစ္စ၊ ကုက္ကုစ္စလည်း ဝင်လာနိုင်ကြောင်း ဟောသည်။ ဝိစိကိစ္ဆာလည်း လာနိုင်သည်။ ဒါကြောင့် အလုပ်ခွင်မှာ စိန္တာမယ (တွေးဉာဏ်)ကို ရှောင်ရှားရမည်။ ဒုက္ခဆုံးမှ အေးမည်။ ဒုက္ခဆုံးချင်တဲ့ ဉာဏ် ပေါ်အောင် တွေးပါ။ တွေးလုံး ပိုင်ပြီဆိုမှ အားထုတ်ပါ။ ရှုလိုက်တော့ လက်တွေ့ ဒုက္ခသစ္စာကို ခန္ဓာမှာ မြင်ရ တွေ့ရသဖြင့် သမုဒယလည်း အနား မသီနိုင်တော့ပါ။

ဒါကြောင့် စိန္တာမယကို တစ်ချိန်ထား၊ ဘာဝနာမယကို တစ်ချိန်ထားပါ၊ တစ်ကန့်စီ ထားသင့်ကြောင်း ဟောသည်။ ဆရာဟောတာ နာတုန်းမှာ ကြဲစည်ပါ။ ဒါဖြစ်ထိုက်တယ်။ သဘာဝကျတယ်။ ယုတ္တိတန်တယ်ဟု သိမြင်ပြီးမှ ဘာဝနာမယကို ကူးပါ။ စိန္တာမယမှာ ကိလေသာ ခြားနိုင်သည်။ ဘာဝနာမယမှာတော့ ကိလေသာ မခြားနိုင်ပုံကို ဟောသည်။ ဘဝင် ကျဲတာနဲ့ ဘဝင်စိပ်တာ ကွာသွားသည်ဟု ဆုံးဖြတ်ပြသည်။ [နှာ–၁၃၈] ဆင်ခြင် စဉ်းစားပါ။ စိန္တာမယကို အရင်လုပ်ပါ။ ပြီးမှ ဘာဝနာမယကို လုပ်ပါ။ အားမထုတ်ခင် ဆင်ခြင်၊ ဘာဝနာမယ ကျတော့ ပွားများလိုက်ပါ။ ခရီးရောက် ပေါက်မြောက် သွားနိုင်ပါသည်။ [နှာ–၁၃၉] ဘာဝနာမယ ဆိုတာ ဖြစ်ပျက် ရှုတာကို ဆိုလိုသည်။ ပထမတွေးလုံး ပိုင်ပြီး အားထုတ်သင့်တယ်။ အားထုတ်မှ ဖြစ်မည်ဟု ဆုံးဖြတ်ချက် ချပြီးမှ ဘာဝနာမယကို လုပ်သင့်သည်။ လုပ်လျှင် တရားရပြန်သည်။ ဒန္ဓာဘိညာ ဖြစ်နိုင်သည်။ [နှာ–၁၄၁] တဏှာ ပြုပြင်၍ ဒုက္ခအမျိုးမျိုး ရောက်နေရပုံ သန္တာပ သဘောကို ရှင်းပြသည်။ [နှာ–၁၄၅] နှိပ်စက်တတ်သော ကြောင့်လည်း ဒုက္ခသစ္စာ၊ နှိပ်စက်ခံရခြင်း ကြောင့်လည်း ဒုက္ခသစ္စာ ဖြစ်ကြောင်း ရှင်းသည်။ [နှာ–၁၅၀] ရုပ်ရုပ်ချင်း နှိပ်စက်သည်။

နာမ်နာမ်ချင်း နှိပ်စက်သည်။ ဝါရား အားမထုတ်ခင် တွေးလုံးပိုင်အောင် တွေးပါ။ ပြီးမှ ဘဝင်ကျပြီဆိုမှ အားထုတ်ပါ။ ဒုက္ခ ချုပ်လိမ့်မည်ဟု ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၄။ ကိုယ့်အရေး ကိုယ်သိရှိရန်

[ ၁၆–၇–၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

အရေးကြီးတဲ့ အချက်ကို ပြောမည် အစချီလျက် ဤတရားကို ဟောသည်။ အရေးကြီးတဲ့ အချက်က ဘာလဲ။ အနေ ကောင်းသော်လည်း အသေ မကောင်းလျှင် သံသရာမှာ အပါယ်လေးပါးကို ကျမည့်အန္တရာယ် ရှိသည်။ သေခါနီးမှာ ဒုက္ခ မဖြစ်ရအောင် ယခု ကြိုတင်ပြီး ကာကွယ်ကြပါဟု တိုက်တွန်းထားသည်။ ထို့နောက် သေခါနီးမှာ ဂတိ နိမိတ်တွေ၊ ကမ္မနိမိတ်တွေ ဖြစ်ပေါ်လာပုံကို ဟောသည်။ [ နှာ–၁၅၃ ] ကိုယ့်အရေး မပါဘဲနှင့် သားရေး၊ သမီးရေး၊ စီးပွားရေးနှင့်သာ အချိန် ကုန် ခံခဲ့လျှင် နေခြင်းဆိုး နေခဲ့သဖြင့် သေခြင်းဆိုးများနှင့် ကြုံတတ်ကြပုံကို သံဝေဂရအောင် ဟောသည်။ [ နှာ–၁၅၅ ] တစ်သက်လုံး လူတွေမှာ လူများအတွက် ချည်း အရေးကြီး နေခဲ့ရသည်။ ကိုယ့်အရေးတော့ မပါဘူးဟု ဆိုသည်။ သားရေး၊ သမီးရေး လုပ်၊ စီးပွားကလေး ရှာ၊ လှူတာ၊ တန်းတာလောက် လုပ်ပြီး ကျေနပ် မနေသင့်၊ အပါယ်တံခါး မပိတ်နိုင်သေးကြောင်း၊ ယခု ဘုန်းကြီး ဟောမယ့် တရား သာလျှင် အပါယ်တံခါး ပိတ်သော တရား ဖြစ်သည်။ မြတ်စွာဘုရားက ဝိပဿနာကို လုပ်ကြပါ၊ ဓမ္မသာလျှင် (တရားသာလျှင်) အားကိုးရှိကြောင်း ၁၇၉၂ ကြိမ် ဟော သည်။ ဝိပဿနာ အလုပ်ဆိုတာ ကိုယ့်သန္တာန်မှာ ရှိသော ပဋိစ္စသမုပ္ပာဒ်ကို ကိုယ့် ဉာဏ်ဖြင့် ဖြတ်သောအလုပ် ဖြစ်သည်။ [ နှာ–၁၅၉ ] ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်တာ၊ ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ်သာလျှင် ရှိသည်။

ဒါကြောင့် ဝိပဿနာမဂ်က လောကုတ္တရာမဂ်ကို ကူးကြပါဟု တိုက်တွန်း နှိုးဆော်ထားသည်။ *[နှာ–၁၆၀]* လူတွေမှာ မိုးလင်းသည်နှင့် အဝိဇ္ဇာ သင်္ခါရနှင့်ချည်း အလုပ်တွေချည်းပဲ လုပ်နေကြရသည်။ တစ်ဘဝလုံး အဝိဇ္ဇာ သင်္ခါရနှင့်ချည်း နေပြီး သေချိန်နီးကျတော့ သေရသည်။ [ နှာ–၁၆၃ ] သမုဒယသစ္စာတွေချည်း လုပ်ပါသည်။ သေလျှင် ဒုက္ခသစ္စာပဲရမည် ကေန်ဖြစ်သည်။ [ နှာ–၁၆၅ ] သစ္စာမသိ ဘဲ ကာယကံ၊ ဝစီကံတွေ လုပ်နေသရွေ့ သမုဒယသစ္စာချည်း ဖြစ်သည်ဟု မှတ်ရ

မည်။ [ နှာ–၁၆၆ ] ကိုယ့်ခန္ဓာ ဒုက္ခသစ္စာကို မသိသရွေ့ဖြင့် ဘယ်တော့မှ အဝိဇ္ဇာ မချုပ်ဘူးဟု ဟောသည်။ ဘယ်အခါမှ သင်္ခါရလည်း မချုပ်ဘူးဟု ဆိုသည်။ [ နှာ–၁၆၈ ] အဝိဇ္ဇာ သင်္ခါရ မချုပ်လျှင် ဒီဘက်က သမုဒယသစ္စာ၊ ဟိုဘက်ဘဝ ကျတော့ ဒုက္ခသစ္စာ၊ ဒါပဲ ရမည်။

ဒါကြောင့် ပြင်ဆင်ချိန် ရတုန်း ပြင်ဆင်ကြပါဟု တိုက်တွန်းပြန်သည်။ [ နှာ–၁၆၉ ] ထို့နောက် ရုပ်ပေါ်ပေါ် နာမ်ပေါ်ပေါ် ပေါ်စမှ ဒုက္ခကလေး ဖြစ်ဆိုး ကျတော့ ဒုက္ခကြီးချည်း ဖြစ်နေပုံကို ဟောသည်။ [ နှာ–၁၇၀ ] ဒုက္ခသေးက ဒုက္ခကြီး ပြောင်းနေတာ သိလျှင် တဏှာ၊ ဉပါဒါန်၊ ကံ ချုပ်သည်။ မဂ်ဖြစ်၍ ပဋိစ္စသမုပ္ပါဒ် ပြတ်ခြင်းဖြစ်သည်။ ဒါ သံသရာ ပြတ်ခြင်းဖြစ်သည်။ လက်ရှိ ခန္ဓာကို ဒုက္ခလို့ မြင်လျှင် ဒီနေရာ မဂ်ပေါ်သည်ဟု တိတိကျကျ ဟောထားသည်။ [ နှာ–၁၉၁ ] ကိုယ့်ဒုက္ခ ကိုယ်သိတာနဲ့ သံသရာ ပြတ်သည်ဟု မှတ်ရမည်။ သေပျော်တဲ့ တရားဟု မိန့်ထားသည်။ ဒါကြောင့် မအိပ်ခင်လည်း ဒုက္ခသစ္စာကို တွေး၊ ပြန်နိုးလျှင်လည်း ဒုက္ခသစ္စာကို တွေးပါဟု ဆိုသည်။ ဒုက္ခသစ္စာ သိလျှင် သံသရာ ပြတ်သည်။ သမုဒယသစ္စာ ပြတ်သည်။ သမုဒယချုပ်လျှင် ဒုက္ခချုပ်သည်။ နိဗ္ဗာန်ဖြစ်ပြီ။ ကိုယ့်ဒုက္ခ ကိုယ်သိမှ ပြတ်သည်။ ခန္ဓာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ ပြတ်တာက သမုဒယ သစ္စာ၊ နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၅။ ဘုရားဝါဒနှင့် ဘုရား ဟောလေ့ရှိသော တရား

[ ၈–၈–၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

ဟင်္သာတမြို့က ဒကာကြီး ဦးမာဒင်က ဆိုပြီး အစချီထားသော်လည်း ဒကာ၊ ဒကာမတွေ တစ်သံသရာလုံး ကိလေသာမီးနှင့် ခန္ဓာလောင်စာသာ လှည့်ပတ်ပြီး နေခဲ့ပါကလားဟု သိရမည်ဟု ဝါကျကို အဆုံးသတ်ထားသည်။ ဘုရား အဆူဆူ ပွင့်သွားသော်လည်း သမုဒယနှင့် ဒုက္ခသာ လည်နေသည်ဟူသော အချက်ကို အလေးအနက် ဟောလိုဟန် တူသည်။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း စာရွက်များကို ဦးမာဒင်က လှူ၍ တရားပွဲမှာ လှူဒါန်း ဝေငှပေးဟန် တူသည်။ ရပြီးသား လူတွေက မရသေးသော လူများကို ငဲ့ပြီး မယူကြဖို့၊ သည်းခံကြဖို့ တိုက်တွန်းထားတာ တွေ့ရသည်။ ဆရာတော်ကြီး၏ ဓာတ်ပုံကိုလည်း တရားပွဲမှာ ဒကာ၊ ဒကာမများ ကိုးကွယ်

နိုင်အောင် ဝေငှပေးဟန် တူသည်။ ရပြီးသူများ မယူ ကြဘဲ မရသေးသူများသာ ယူကြပါဟု တိုက်တွန်းထားသည်။ ဆရာဘုန်းကြီးက ဒုက္ခသိမ်းတဲ့နည်းကို ပေးမည်၊ အာရုံ တစ်ပါး စိတ် မသွားဘဲ နာကြပါဟု ဆိုသည်။ [နာ–၂၉၉] ဒုက္ခဝဋ် ကျွတ်သော ဉာဏ်ကို ယနေ့ ပေးတော့မည်ဟု ဆိုသည်။ နည်းပေးမယ်ဆိုတော့ (၁) ဒုက္ခရှိတာကို သိမှုသည် နံပါတ်တစ် ဖြစ်သည်။ ဒုက္ခရှိတာ သိပြီးလျှင်၊ (၂) ဒုက္ခ ဘာကြောင့် ဖြစ်သလဲ၊ ဘယ်က လာတာလဲ၊ လက်သည် ရှာမှုသည် နံပါတ်နှစ် ဖြစ်သည်။ (၃) ဒုက္ခ ဖြစ်ကြောင်းကို ဘယ်လို ဖြတ်ရမယ် ဆိုတာက နံပါတ် ၃။ ဒုက္ခဆိုတာ တခြားမှာ မရှာနှင့်။ တရားနာနေသော ခန္ဓာသည်ပင် ဒုက္ခတုံးကြီး ဖြစ်သည်။ ဒီခန္ဓာကြီးကို သမာဓိနှင့် သတိထားပြီး စိုက်ကြည့်လိုက်ပါ။ ရုပ်ဖောက်ပြန်နေတာတွေ၊ စိတ်တွေ အမျိုးမျိုး ဖြစ်နေတာတွေကို တွေ့ရမည်။

ဒါတွေသည် ဒုက္ခသစ္စာတွေချည်း ဖြစ်သည်။ ဆင်းရဲခြင်း အမှန်တွေပဲ ဖြစ်သည်။ [နာ–၂၀၂] ဒုက္ခတွေ့ပြီဆိုတော့ ဒီဒုက္ခတွေ ဘယ်ကလာသလဲ။ လက်သည် ရှာကြည့်ပါ။ လူဖြစ်ရပါလို၏ ဆိုတဲ့ ဆုတောင်း တဏှာက လာသည်။ [နာ–၂၀၃] သမုဒယက လာသည်။ လက်သည် တွေ့ပြီ။ သမုဒယ တဏှာနှင့် ဆုတောင်းခဲ့လို့ ဒုက္ခရနေတာ ဖြစ်သည်။ ဆုတောင်းခဲ့တာ သမုဒယသစ္စာ၊ ဆုတောင်း ပြည့်တာက ဒုက္ခသစ္စာ ဖြစ်သည်။ [နာ–၂၀၅] အသက်ရှင်နေတာ ခင်မှု သမုဒယနှင့် ပူမှု၊ ဆွေးမှု၊ စိတ်မချမ်းမှု သောက ဒုက္ခသစ္စာနှင့် နေကြခြင်း ဖြစ်သည်။ [နာ–၂၀၈] ပဋိစ္စသမုပ္ပာဒ် ရှိလျှင် သမုဒယနှင့် ဒုက္ခပဲ လည်နေသည်။ ယနေ့ ဒုက္ခ ဇာတ်သိမ်း တရားကို ဟောမည်ဆိုသည်။ [နာ–၂၁၁]

ထို့နောက် သမုဒယကြောင့် ဒုက္ခဖြစ်ပုံ အမျိုးမျိုးကို သရုပ်ဖော်ပြီး ဟောသည်၊ [နာ–၂၂၀] သစ္စာမသိဘဲ လုပ်သော ကုသိုလ် (ဒါန)သည်လည်း အဝိဇ္ဇာ ပစ္စယာ သင်္ခါရပဲ ဖြစ်ကြောင်း ပြသည်။ ပဋိစ္စသမုပ္ပာဒ် သံသရာလည်ပြီ။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရသည် ဒုက္ခသစ္စာ (ပဋိသန္ဓေ)ရကြောင်း လက်သည် ဖြစ်သည်။ ကုသိုလ် လုပ်ချင်ရာ လုပ်ပါ။ သို့သော် သစ္စာသိပြီးမှ လုပ်ကြပါဟု ဆိုသည်။ [နာ-၂၂၂] တစ်နေ့ကုန် သမုဒယသစ္စာနှင့် ဒုက္ခသစ္စာပဲ လည်နေသည်။ မဂ္ဂသစ္စာနှင့် နိရောဓ သစ္စာ ကွယ်နေသည်။ [နာ–၂၂၃] ပြီးမှ အလုပ်စခန်းကို ပြောသည်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သက္ကတိုင်းမှာ သီတင်းသုံးနေတုန်း ကပိလဝတ်ပြည်မှာ ဆွမ်းခံကြွသည်။ တောထဲမှာ ဘုဉ်းပေးပြီး နေ့သန့်စင်သည်။ ဥသျှစ်ပင်ပျိုအောက်မှာ သီတင်းသုံးနေစဉ် ရွှေတုတ်ကောက်ကြီး ကိုင်ပြီ ဒဏ္ဍာတစ်ယောက် ဘုရားထံပါး

ရောက်လာသည်။ ထိုပုဂ္ဂိုလ်က 'အရှင်ဘုရား၊ အရှင်ဘုရားရဲ့ အယူဟာ ဘာအယူပါလိမ့်' ဟု မေးသည်။ 'အရှင်ဘုရားက ဘာကို ဟောပြောလေ့ ရှိပါသလဲ' ဟု နှစ်ချက် မေးသည်။ [နာ–၂၂၅] ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီလူ ဝတ်ကျေတန်းကုန် မေးတာမှန်း သိသဖြင့် ဘုရားက 'ငါ့အယူဟာ ဘယ်သူနဲ့မှ မဆန့်ကျင်တဲ့ အယူပဲဟု၊ ဘယ်သူနှင့်မှ မဆန့်ကျင်သော ဝါဒသည် ငါ့ဝါဒပဲ'ဟု ဖြေတော်မူလေသည်။ 'ဘယ်လို ဟောပြောလေ့ ရှိသလဲ ဆိုလျှင် ငါသည် ဘုံဘဝပြတ်အောင် ဟောပြောလေ့ ရှိသည်'ဟုလည်း ဒုတိယ မေးခွန်းအတွက် အဖြေပေးလေသည်။

မြတ်စွာဘုရားက ကျောင်းသို့ ပြန်ရောက်သောအခါ ဒဏ္ဍပါဏိအား သူ ဟောခဲ့သော တရားအကြောင်းကို ပြောပြပြီး တိုက်ခန်းတွင်းသို့ ကြွသွားသည်။ ရဟန်းများက ဘုရား ဖြေကြားသော တရား၏ သဘောအကျယ်ကို နားမလည်ကြသောကြောင့် အကျယ်ဟောပါရန် အရှင်မဟာကစ္စည်းအား ပန်ကြား လျှောက်ထားကြသည်။ အရှင်မဟာကစ္စည်းက ဝိပဿနာတရားကို ဟောကြားသည်။ [နာ–၂၃၂] မြင်စိတ် စက္ခုဝိညာဉ် ဖြစ်လျှင် ခံစားမှု ဝေဒနာ ပါလာသည်။ ခံစားပြီး ကြံစည်သည်။ ထို့နောက် လိုချင်စိတ် လောဘတဏှာ ဖြစ်လာသည်။ မာနလည်း လာနိုင်သည်။ ဒိဋ္ဌိလည်း လာတတ်သည်။ မြင်စိတ်ပေါ်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ လိုက်လာသည်။ [နာ–၂၃၃] ပပဉ္စတရား (တဏှာ၊ မာန၊ ဒိဋ္ဌိ) ဘယ်ကလာသလဲ ဆိုလျှင် မြင်မှု၊ ကြားမှုက လာသည်။ ပဋိစ္စသမုပ္ပါဒ်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိသည် ၂အကွက်က ၃အကွက်ကို ကူးခြင်းဖြစ်၏။ ဒကာ၊ ဒကာမတို့၏ ကိုယ်မှာ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာ ပေါ်အောင် စိတ္တာနုပဿနာကို လက်မလွှတ်ကြပါနှင့်ဟု သတိပေးသည်။

ထို့နောက် အပြင် ညှော်သည်စိတ်၊ အတွင်း ညှော်သည်စိတ်များ အကြောင်းကို ဟောသည်။ အိမ်ရှင်စိတ် ၂စိတ်အကြောင်းကိုလည်း ရှင်းပြသည်။ ပြီးမှ ထိုမြင်စိတ်၊ ကြားစိတ်များကို ဖြစ်ပျက်ရှုရန် ဟောသည်။ [နာ–၂၃၆] သမုဒယသစ္စာ ချုပ်ပြီး နိရောဓသစ္စာ ပေါ်ဖို့ ဖြစ်သည်။ နိပ္ပပဉ္စ ဖြစ်သွားသည်။ [နာ–၂၃၈] ရှုမှတ်မှသာ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာ ပေါ်သည်။ မရှုဘဲနေလျှင် သမုဒယနှင့် ဒုက္ခပဲ ဖြစ်သည်။ [နာ–၂၄၀] ဒါကြောင့် မရှုဘဲနေသော ပုဂ္ဂိုလ်သည် မမိုဝဲကောင်းတာ မိုဝဲနေသဖြင့် လူမိုက်ဟု ဆိုသည်။ ဘုရားက ဘုံဘဝ ပြတ်အောင်၊ မလိုချင်အောင် ဟောတာသည် ဗုဒ္ဓတရား ဖြစ်သည်ဆိုသော အချက်ကို ပေါ်အောင် အရှင်မဟာကစ္စည်းက ဝိပဿနာကို ပြခြင်းဖြစ်၏။

ဤတွင် အသေဝနာစ ဗာလာနံ ဆိုသော မင်္ဂလာသုတ်ကို ရွတ်ဖို့မဟုတ်၊ ကျင့်သုံးဖို့ ဖြစ်ကြောင်း၊ ပွားများဖို့ ဖြစ်ကြောင်း ပြသည်။ တရားကို မှီဝဲရမည်။ ပုဂ္ဂိုလ်ကို မှီဝဲဖို့ မဟုတ်ကြောင်းလည်း ရှင်းရှင်းဟောသည်။ [နှာ-၂၄၈] ဘုရားက လည်း ငါဘုရားကို ကြည်ညိုလျှင် သုဂတိပဲ ရသည်။ တရားကို (ပညာ) ပွားများ မှ နိဗ္ဗာန်ရောက်ကြောင်း ဟောသည်။ တရား ရှုပွားနေသူသည် ပဏ္ဍိတာနဉ္စ သေဝနာ ဖြစ်သည်။ ဒါမှသာ ဝေတဲ- ဤတရားသည်၊ မုတ္တမံ- မြတ်သော မင်္ဂလာ မည်သည်၊ ဟောတိ- ဖြစ်၏။ [နှာ-၂၅၀] နောက်အပတ် ပဋိစ္စသမုပ္ပါဒ်ကို အသေအချာ ပြမည်၊ ဝေထားသော စက်ဝိုင်း စာရွက်တွေကို ဆောင်လာကြဖို့ နှိုးဆော်ရင်း အချိန်စေ့၍ တရားရပ်နားသည်။

*

## ၆။ မီးတစ်ဆယ့်တစ်ပါး လောင်နေပုံ

[ ၃၁-၈-၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံတွင် ဟောသော တရား ]

ယခု ရထားသော လူခန္ဓာကြီး (ခန္ဓာငါးပါး)သည် ထင်းပုံကြီး ဖြစ်သည်ဟု အစချီပြီး ဤတရားကို ဟောသည်။ ထင်းဖြစ်တော့ လောဘမီး၊ ဒေါသမီး၊ ဝိစိကိစ္ဆာ မောဟမီး၊ ကိလေသာမီးများ လောင်စွဲခြင်းကို ခံနေရသည်။ ဒီခန္ဓာကြီး ပျာယာခတ် နေတာ မီးလောင်လို့ချည်း မှတ်ပါဆိုသည်။ [နှာ-၂၅၃] သောကပရိဒေဝ မီးလည်း လောင်သည်။ ထိုအခါ ဤခန္ဓာထဲက မျက်ရည်ကျရသည်။ ခန္ဓာကြီးကို ကိလေသာမီး ဆယ့်တစ်မီး လောင်နေသည်။ ဘာကြောင့် မီးလောင်သလဲ ဆိုလျှင် လောင်စာရှိ၍ ဖြစ်သည်။ လူတွေမှာ အလုပ်လုပ်နေကြစဉ်၊ ရှာမှီးနေကြစဉ်မှာ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသမီးတွေ လောင်သည်။ အိပ်ပြီး ဘဝင်ကျနေစဉ်မှာလည်း ဇာတိမီး၊ ဇရာမီး၊ ဗျာဓိမီး၊ မရဏမီး လောင်နေ သည်။ အိပ်ရင်းလည်း သေနေသည်။ နိုးနေစဉ် ကိလေသာမီး ရှစ်မီး လောင်သည်။ အိပ်နေစဉ်မှာ သုံးမီး လောင်သည်။ [နှာ-၂၅၅]

ဒါကြောင့် သူတော်ကောင်းများသည် လောင်စာသိမ်း၍ မီးငြိမ်းတာကို ကြိုက်သည်။ လောင်စာသိမ်း၍ မီးငြိမ်းတာသည် နိဗ္ဗာန်ဖြစ်သည်။ ကိလေသာမီး သည် နိုးနေလည်း လောင်သည်။ အိပ်နေလည်း လောင်သည်။ မီး မလောင်သော အချိန် ဘယ်အချိန်မှ မရှိပါ။ [နှာ-၂၅၇] လောင်စာသိမ်း၊ မီးငြိမ်းမှ နိဗ္ဗာန်ဆိုသော ကြောင့် ယခုတိုင် နိဗ္ဗာန် မရကြတာ မီးလောင်တာ ကြိုက်နေလို့ဟု ဆိုသည်။

အမှန်မှာ မီးလောင်နေမှန်း မသိခဲ့ပါ။ မီးလောင်နေမှန်း သိမှ မီးငြိမ်းချင်မည် ဖြစ်သည်။ [နှာ–၂၅၈] မီးငြိမ်းသော နိဗ္ဗာန်ကို မရောက်ခင် ကိုယ့်ကိုယ်မှာ မီးလောင်နေတာကို ပထမဦးစွာ ပြရဦးမည်ဟု ဆိုသည်။ ကိုယ့်ကိုယ်မှာ ကိလေသာမီးတွေ လောင်နေတာ မသိတာ ကန်းနေလို့ဟု ဆိုလျှင် မနာသင့်ကြောင်း၊ ဉာဏ်မျက်လုံး တပ်ပေးမှသာ ကိလေသာမီး ကိုယ်ပေါ် လောင်နေတာကို မြင်တတ်သည်။ ကြောင်တောင်ကန်းတွေ ဖြစ်နေကြသည်။ မီးလောင်တာ မမြင်ဘဲ ဟိုပြေး သည်ပြေး ဖြစ်နေကြသည်။ ခွေးမီးလောင်၍ ပြေးနေသလိုပဲဟု ဆိုသည်။ [နှာ–၂၆၇] မီးလောင်နေမှန်း သိမှသာ မီးငြိမ်းရာကို ရှာမည်။ တရား မဟောရသေးဘဲ မျက်လုံးကို အရင် ဖွင့်ပေးနေရတာဟု ဆိုသည်။ [နှာ–၂၇၁] ထင်းနှင့်မီး တွဲနေသရွေ့ လောင်နေမည်။ ထင်းနှင့်မီး မတွဲရအောင်၊ တဏှာ၊ ဥပါဒါန်၊ ကံနှင့် ဇာတိ၊ ဇရာ၊ မရဏ မတွဲရအောင် ၂အကွက်ထဲမှာ ဝိပဿနာ ရှုရမည်။ စိတ်ကြိုက် စိတ်ရှု၊ ဝေဒနာကြိုက် ဝေဒနာ ရှုပါဟု တိုက်တွန်းထားသည်။ [နှာ–၂၇၈] ခုဘုန်းကြီးဟောမည့် တရားက မီးသိမ်းသောတရား ဖြစ်သည် ဆို၏။ ကြိုက်ရာရှုပါ၊ အရှုခံက ဖြစ်ပျက်၊ ရှုတာက မဂ် ဖြစ်သည်။ ဒါဆို ဒီမီးလည်းငြိမ်း၊ ဒီထင်းလည်း သိမ်းပြီ။ [နှာ–၂၇၉] ဒါကြောင့် အလုပ်ပေး တရား ပေးရမည်၊ မပေးလျှင် ဒီမီး ငြိမ်းမည်မဟုတ်ဟု ဆိုသည်။ [နှာ–၂၈၄]

ထို့နောက် စိတ် ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်ရှုဟု ဟောသည်။ ရှုတော့ ဟဒယဝတ္ထုပေါ်မှာ မဂ်ပေါ်သည်။ ပေါ်သဖြင့် တဏှာ၊ ဥပါဒါန်၊ ကံ လာ၍ မရတော့ပါ။ ဒီအဆက် ပြတ်ပြီ။ အဆက်ပြတ်လျှင် မီးငြိမ်းပြီ။ မီးလည်းငြိမ်း၊ လောင်စာလည်း ကုန်သည်။ [နှာ–၂၈၅] ဒီဘဝတွင် မီးငြိမ်းသွားလျှင် နိဗ္ဗာန်ဖြစ်ပြီ။ ရှုမှသာ လောင်စာသိမ်း၍ မီးငြိမ်းလိမ့်မည်။ ဒါက ထင်းမရှာသော အလုပ်(ဝိပဿနာ)၊ ဒါန၊ သီလက ဘုံဘဝတွေ ဆုတောင်းပြီး ထင်းရှာသော အလုပ်ဟု ဆိုသည်။ [နှာ–၂၈၈] ဒွါရ ခြောက်ပေါက်မှာ ပေါ်သမျှ စိတ်များကို ဝိပဿနာ ရှုပုံကို ပြသည်။ အပြင် ဧည့်သည်စိတ် ငါးခုကိုလည်း ဖြစ်ပျက် ရှုရမည်။ အတွင်း ဧည့်သည်စိတ် ခြောက်ခုကိုလည်း ဖြစ်ပျက်ရှုရမည်။ အရှုခံက ဖြစ်ပျက်၊ ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ ဖြစ်သည်။

ထို့နောက် ဝိပဿနာ ကုသိုလ်ကြီးကို ဒါန ကုသိုလ်ကလေးက ဝင်ဖျက်တတ်ပုံကို ဟောသည်။ ဒါကြောင့် ဝိပဿနာ အားထုတ်ချိန်မှာ ဘာမှ မစဉ်းစားရဘူးဟု ဆိုသည်။ [နှာ–၂၉၅] ဖြစ်ပျက်နှင့်မဂ် ကိုက်အောင်ပဲ လုပ်ရမည်။ ဝိပဿနာမဂ်

ရပြီးလျှင် လောကုတ္တရာမဂ် မကြာခင် လာတော့မည်။ [နာ၁-၂၉၆] ကာမာဝစရ ကုသိုလ်က ဝိပဿနာမဂ်ကို မဖျက်ပါစေနှင့်ဟု သတိပေးသည်။ [နာ၁-၂၉၈] ကာမာဝစရ ကုသိုလ်က ကာမဘုံမှာ ကျင်လည်စေသော တရား၊ လောကုတ္တရာ ကုသိုလ်က လောက အပြင်ဘက်ကို ထွက်သော၊ ဝဋ်ကျွတ်သော တရားဖြစ်သည်။ တရားအတွက် အကူအညီ အထောက်အပံ့ ဖြစ်အောင် ကာမာဝစရ ကုသိုလ်လေး လည်း လုပ်ဦးမှဆိုပြီး မစဉ်းစားပါနှင့်ဟု တားမြစ်ထားသည်။ [နာ၁-၃၀၀] ဖြစ်ပျက် ရှုစဉ် ဘာမှမပေါ်လျှင် ရှုစိတ်၊ ရှိုက်စိတ် (ဝင်လေစိတ်၊ ထွက်လေစိတ်)ကျ ပြန်ပြီး ဖြစ်ပျက်ရှုဟု သင်ပေးသည်။ ဝိပဿနာ မရှုလျှင် ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ ဆက်သွားသည်။ ရှုမှပြတ်သည်။ ဟောရင်း အချိန်စေ့သည်။ တရားကို နားလိုက်သည်။

*

## ၇။ သစ်တဍ္ဍ အသစ်တကို ရှာပုံ

[ ၇-၉-၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

ပိဋကသုံးပုံ ပါဠိတော်တွေကို ၄၅ ဝါပတ်လုံး နေရာတကာမှာ ဟောခဲ့တယ် အစချီလျက် ဤတရားကို ဟောသည်။ ဟောသော်လည်း ပိဋက သုံးပုံကို ချုံးလိုက် လျှင် လက္ခဏာရေး သုံးပါးပဲ ရသည်။ ပိဋက သုံးပုံကို သင်ကြတာ လက္ခဏာရေး သုံးပါးကို သိချင်လို့ သင်ကြတာဟု ဆိုသည်။ [နာ၁-၃၀၅] တစ်ခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ချုံးလိုက်လျှင် ဖြစ်ပျက်ပဲ ရှိသည်။ [နာ၁-၃၀၆] ဖြစ်ပျက်ကို ချုံးလိုက်လျှင် လည်း ဒုက္ခသစ္စာပဲ ရသည်။ ဒုက္ခသစ္စာကို ဆုံးအောင်လိုက်လျှင် နိရောဓသစ္စာသို့ ဆိုက်သည်။ ဖြစ်ပျက်အဆုံးမှာ ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်ကို တွေ့သည်။ [နာ၁-၃၀၇] ဆရာလည်း များမနေနှင့်။ ဘုရားလည်း များမနေနှင့်။ ဤလမ်းကို လိုက်လျှင် ပြီးသည်။ ဤလမ်းပေါ် ရောက်ဖို့မှာ မိဘရိုးရာ မျက်လုံးကို ဖယ်ပြီး ဉာဏ်မျက်လုံး တပ်ပေးမှ ရသည်။ [နာ၁-၃၀၉] ဉာဏ်မျက်လုံးဆိုတာ အရိယာမျက်လုံး ဖြစ်သည်။ အရိယာက ဖြူစင်သည့် သဘောကို ဆိုသည်။ ကိလေသာ အညစ်အကြေး စင်ကြယ် သော၊ ဖြူစင်သော အမြင်ဟု ဆိုသင့်သည်။ ပုထုဇဉ်မျက်လုံး အမှန်ကို မမြင်တာ သူကြိုက်သလို မြင်သည်။ အရိယာ မျက်လုံးကသာ ဒုက္ခကို ဒုက္ခဟု အမှန်အတိုင်း မြင်သည်။ ဒုက္ခကိုမြင်သော အရိယာ ပုဂ္ဂိုလ်သည် ဘယ်အာရုံကို တွေ့တွေ့ မတုန်လှုပ် တော့ပါ။ [နာ၁-၃၁၀] အလုပ်ခွင်မှာ အရိယာ မျက်လုံး သုံးပါ။ မိဖရိုးရာ မျက်လုံးကို

မသုံးပါနှင့်။ လောကီ နယ်ထဲမှာတော့ လောကီရှုးရာ မျက်လုံးပဲ သုံးရမည်။ သီလ အကျိုးဟာ ဖြစ်သည်။ အရိယာ မျက်လုံးသည် သမ္မာဒိဋ္ဌိ မျက်လုံး ဖြစ်သည်။ အနိစ္စ မြင်မှ အမြင်မှန် ရောက်ကြောင်းလည်း ဟောသည်။ ဒါ အရိယာ မျက်လုံး တပ်ပေးတာ ဟုလည်း ဟောသည်။ [နှာ-၃၁၄]

'စိတ္တံ အနိစ္စန္တိ ပဿတိ သာယံဒိဋ္ဌိ သမ္မာဒိဋ္ဌိ'- မိမိစိတ်ကို အနိစ္စဟူ၍ မြင်၏။ ထိုအမြင်သည် သမ္မာဒိဋ္ဌိအမြင် ဖြစ်၏။ အနိစ္စကို မြင်လို့ရှိလျှင် 'သာမံ ပဿံ နိဗ္ဗိန္ဒတိ'- ငြီးငွေ့ခြင်း ဖြစ်လာသည်။ အမှန်မြင်သော ပုဂ္ဂိုလ်သည် ဘယ်နည်းနှင့်မှ မငြီးငွေ့ဘဲ မနေနိုင်ကြောင်း ဟောသည်။ [နှာ-၃၁၆] ဒီနေရာတွင် ဝိရဇ္ဇတိ- တပ်မက်ခြင်း ကင်းလာပါလိမ့်မည်။ ၂အကွက်မှ ၃အကွက်ကို မကူးတော့ပါ။ ဒီနေရာမှာပင် သောတာပန် တည်ပြီ။ ဒိဋ္ဌိ၊ ဒိဋ္ဌိပါဒါန်- ဒိဋ္ဌိ ဦးစီးသောကံ ချုပ်ပြီ။ သောတာပန်မှာ အပါယ်ဇာတိ ချုပ်ငြိမ်းသွားပြီ။ [နှာ-၃၁၇] ဖြစ်ပျက် တစ်ချက် မြင်လျှင် မဂ္ဂင်ငါးပါး ရကြောင်းကို ရှင်းပြသည်။ [နှာ-၃၂၀] ဖြစ်ပျက်ဆိုတာ ကေစိတ္တ သမာယုတ္တာ- စိတ်တစ်ခုနှင့် အသက်ရှင်နေတာ စိတ်တစ်ခု သေသွားတော့ သေတာကို မြင်လိုက်တာက မဂ္ဂင်ဖြစ်သည်။ မဂ္ဂင်အမြင်ဆိုတာ ကိုယ့်အသေကို ကိုယ်မြင်တာ ဖြစ်သည်။ အရိယာမျက်လုံး ရမှ ကိုယ့်အသေ ကိုယ်မြင်ခြင်း ဖြစ်သည်။ မဂ္ဂင်ငါးပါးဖြင့် ရှုလိုက်တော့ ရှိရာက မရှိ ဖြစ်သွားတာကို မြင်သည်။

ထိုအမြင်သည် အရိယာအမြင် ဖြစ်သည်။ [နှာ-၃၂၃] ခဏခဏ သေတာကို မြင်တော့ ဖြစ်ပျက်ကို မုန်းလာသည်။ နိဗ္ဗိန္ဒဉာဏ် ပေါ်လာသည်။ ဒီ အသေမျိုးကို မလိုချင်တော့သော မုန်းစိတ် ဖြစ်ပေါ်လာပြီးနောက် မလိုချင်သောဉာဏ် ချုပ်လျှင် ဖြစ်ပျက် ဆုံးသွားသည်။ သေလမ်း ဆုံးသွားသည်။ [နှာ-၃၂၄] အသုဘ ပျောက်သွားပြီ ဖြစ်၏။ မဂ္ဂင်ငါးပါးစလုံး စုံမှ ဖြစ်ပျက် မြင်သည်ဟု ဆိုသည်။ မဂ္ဂင်ငါးပါး စုံသောအခါ ကြည့်လိုက်လျှင် မရှိတာကို သိသည်။ ရှိရာက မရှိ ဖြစ်သွားခြင်း ဖြစ်သည်။ ထိုအမြင်သည် အရိယာတို့၏ အမြင်ဖြစ်သည်ဟု ဟောသည်။ *[နှာ-၃၂၀]* သမထ တန်ခိုးနှင့် ပြဟ္မာမင်းဖြစ်သော ပုဂ္ဂိုလ်သည် အရိယာ မျက်လုံး မပါသောကြောင့် သူ့ခန္ဓာ ပျက်တာကို သူ မမြင်နိုင်ကြောင်း ဟောသည်။ [နှာ-၃၂၂] မဂ္ဂင်ငါးပါးသည် အရိယာ သာဝကတို့၏ မျက်လုံးဖြစ်သည်။ ထိုအမြင် ရင့်သန်လာသောခါ နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်လာသည်။ ကိုယ့်ခန္ဓာ အသေကို ကိုယ်မြင်ပြီး ကိုယ့်ခန္ဓာကို ငြီးငွေ့ မုန်းတီး လာသည်။ [နှာ-၃၂၃] ဤအသေမျိုးကို မလိုချင်တော့

ပါဘူးဟု စိတ်မှာ ဆုံးဖြတ်ချက် ကျလျှင် အသေချုပ်သည် ဆို၏။ အစက အသေတွေကို မြင်နေသော ဉာဏ်မျက်လုံးသည် အသေပျောက်သော နေရာကို မြင်လာသည်။

ထိုအခါ ဒုက္ခသစ္စာ အကုန်ပျောက်သည်။ ဒီတော့ ရှေးဦးစွာ အသေမြင်၊ နောက်အသေမုန်း၊ အသေမုန်းပါက အသေဆုံးသော နေရာကို ဉာဏ်က မြင်လာသည်။ [နာ–၃၂၆] ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရုံနှင့် မပြီးဘူး၊ အလုပ်နှင့် သိမ်းမှ ပြီးသည်ဟု ဆိုသည်။ [နာ–၃၂၇] ထိုအခါ ပဋိစ္စသမုပ္ပါဒ် အကုန် သိမ်းသည်။ ဘယ်သူမှ သိမ်းမပေးနိုင်ဘူး။ ဉာဏ်ကသာ သိမ်းပေးနိုင်သည်။ ဘယ်လို သိမ်းသလဲ။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက် ဆုံးသောအားဖြင့် သိမ်းသည်။ အလုပ်လုပ်သော ပုဂ္ဂိုလ်မှာ ပဋိစ္စသမုပ္ပါဒ် လေးကွက်စလုံး သိမ်းပုံကို ဟောသည်။ [နာ–၃၃၄] ထို့နောက် ယနေ့ နိဗ္ဗာန်အကြောင်းကို ပြောမည်ဟု ဆိုသည်။ [နာ–၃၃၈] နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ်သည်။ ကာလဝိမုတ္တိ ဖြစ်သည်။ အားထုတ်သော ပုဂ္ဂိုလ်မှာသာ ပေါ်သည်။ ကျောက်တောင်ကြီးမှာ လိုဏ်ခေါင်းပေါ်တာ တူးသောသူ၏ လုံ့လ ပယောဂကြောင့် ပေါ်ခြင်းဖြစ်သည်။ တူးမှ ပေါ်လာသော ဂူခေါင်းကြီး ဟောင်းလောင်းကြီးလို ပုန်းအောင်း လဲလျောင်းရာ နေရာဖြစ်သည်။ [နာ–၃၄၁] သင်္ခါရနိမိတ် လွတ်သော နေရာဖြစ်သည် ဟုလည်း ဖော်ပြသည်။ နိဗ္ဗာန်သည် အသင်္ခတဓမ္မ ဖြစ်သည်။ [နာ–၃၄၅] မဂ္ဂင်နှင့် တူးဆွမှ လိုဏ်ခေါင်းကြီးနှင့် တူသော အသင်္ခတ ဓမ္မနိဗ္ဗာန်ဓာတ်ကြီး (လိုဏ်ခေါင်းကြီး) ပေါ်လာသည်။ အသေလွတ်သော နေရာသည် နိဗ္ဗာန်ဖြစ်သည်။ နိဗ္ဗာန်အကြောင်း ဟောရင်း အချိန်စေ့သွားသဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၈။ ဝေဒနာ ကမ္မဋ္ဌာန်းရှုနည်း

[ ၂၃–၉–၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

ခန္ဓာကိုယ်မှာ ဝေဒနာသုံးမျိုး ရှိသည်ဟု အစချီပြီး ဤတရားကို ဟောသည်။ ကိုယ်ပေါ်မှာ ဝေဒနာသုံးမျိုး တစ်ခုမရှိ တစ်ခု ရှိသည်။ ဒါကို ဝေဒနာကမ္မဋ္ဌာန်းဟု ဘုရား ဟောတော်မူသည်။ ဘယ်အချိန်မှာမှ ဝေဒနာ မကင်းပါ။ ဆင်းရဲသော ဒုက္ခဝေဒနာ၊ ချမ်းသာသော သုခဝေဒနာ၊ ဆင်းရဲချမ်းသာ မဟုတ်သော ဥပေက္ခာ ဝေဒနာတွေ ဖြစ်နေကြသည်။ အချိန်တိုင်းမှာ ဉာဏ်နှင့် စောင့်ကြည့်လျှင် ဝေဒနာကမ္မဋ္ဌာန်းကို တွေ့နေရသည်။ [နာ–၃၅၄] ဝေဒနာ အကုန်ကင်းလျှင် နိဗ္ဗာန် ဖြစ်သည်။

ခန္ဓာကို ဉာဏ်စိုက် ကြည့်လိုက်သောအခါ ဝေဒနာ တွေ့ပြီဆိုပါက ထိုပုဂ္ဂိုလ်သည် ဉာဏ်မျက်လုံး ရပြီ။ [နှာ–၃၅၅] ဝေဒနာ သုံးမျိုးသည် ပုထုဇဉ်မှာလည်း ရှိသည်။ အရိယာမှာလည်း ရှိသည်။ [နှာ–၃၅၆] စိတ်ရှုလျှင်လည်း ဝေဒနာပါသည်။ ဝေဒနာ ရှုလည်း စိတ်ပါကြောင်းကို ဆရာတော် ထည့်ဟောသည်။ [နှာ–၃၅၇] အကြားအမြင် ရှိသော ပုဂ္ဂိုလ်မှာ ဝေဒနာ ပေါ်ပုံချင်း တူနေပါလျက် ဘာခြားနားသလဲဟု ရဟန်းတစ်ပါးက ဘုရားကို လျှောက်ထားသည်။ ဘုရားက ဝေဒနာ သံယုတ်မှာ ထူးခြားပုံကို ခွဲဟောသည်။ အကြားအမြင် မရှိသော ပုထုဇဉ်သည် ဒုက္ခဝေဒနာကို ခံစားလျှင် ဝေဒနာနောက်က ဒေါမနဿ လိုက်သည်။ သူ့မှာ တစ်ချက် ထိလိုက်လျှင် တစ်ချက် အကုသိုလ် ဖြစ်တော့သည်။ [နှာ–၃၅၈] ဒေါသ လိုက်ရုံ သာမက ဆူးစူးသော ဝေဒနာ (ဒုက္ခဝေဒနာ)ကို သက်သာ ပျောက်ကင်းချင်သော တဏှာလည်း လိုက်သည်။ တဏှာ လိုက်လာတော့ တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်သွားသည်။ ပဋိစ္စသမုပ္ပာဒ် လည်သွားပြီ။ [နှာ–၃၆၀] သူသည် ဝေဒနာကို ဖြစ်စကပင် ဖြစ်ပျက်လည်း မရှုမိဘဲ နေသည်။

ထို့နောက် ခြေထောက်ကို ဆူးကလေးတစ်ချောင်း စူးကာမျှဖြင့် အပါယ် တံခါးလေးပါး ပွင့်သွားပုံကို ဟောသည်။ [နှာ–၃၆၆] အကြားအမြင် မရှိသော ပုဂ္ဂိုလ်သည် ပစ္စုပ္ပန်၊ သံသရာ နှစ်ခုစလုံး နစ်နာပုံကို ပြသည်။ ခလုတ်ထိတိုင်း၊ ဆူးငြိတိုင်း အကြားအမြင် မရှိသော ပုထုဇဉ်သည် အပါယ်တံခါး ဖွင့်နေပုံကို ပြသည်။ [နှာ–၃၆၈] သူတော်ကောင်း ကလျာဏမိတ္တဖြင့် မပေါင်းမိလျှင် ပုထုဇဉ် လုပ်ကိုင်နေသမျှ အပါယ်သွားဖို့ချည်းသာ ဖြစ်နေရသည်။ [နှာ–၃၆၉] အကြားအမြင် မရှိခြင်း၏ အဖြစ်ဆိုးပုံများကို ဟောသည်။ [နှာ–၃၇၁] ဝေဒနာတစ်ခု ဖြစ်လျှင် သူ့မှာ ပဋိစ္စသမုပ္ပာဒ် သုံးမျိုးဖြစ်သည်။ အကြားအမြင် ရှိသော အရိယာ သာဝက ကတော့ ဤသို့ မဖြစ်ပါ။ ဝေဒနာ ဖြစ်တော့ ဖြစ်သည်။ ပေါ်လာသမျှ ဝေဒနာကို သူက ဖြစ်ပျက်ရှုသည်။ ရှုလိုက်သည့်အတွက် သူ့မှာ ပဋိစ္စသမုပ္ပာဒ် သုံးမျိုး ပြတ်သည်။ [နှာ-၃၇၂] သောက ပရိဒေဝဆိုသော ပဋိစ္စသမုပ္ပာဒ်၊ တဏှာ၊ ဥပါဒါန်၊ ကံ ဆိုသော ပဋိစ္စသမုပ္ပာဒ်၊ အဝိဇ္ဇာ သင်္ခါရဆိုသော ပဋိစ္စသမုပ္ပာဒ် မလာတော့ပါ။ သူက ဝေဒနာ လာလျှင် နိဗ္ဗာန်ရောက်သည်။ အကြားအမြင် မရှိသူ (ဝိပဿနာ မရှုသူ)က ဝေဒနာ လာလျှင် အပါယ်လေးပါးသို့ ရောက်သည်။ နိဗ္ဗာန်နှင့် အပါယ် ဆိုတော့ မိုးနှင့်မြေ မက ကွာခြားသွားသည်။ [နှာ–၃၇၄] အကြားအမြင် ရှိသူ၊

မရှိသူ ဘယ်လို ကွာခြားသလဲ။ အကြားအမြင် မရှိသူက အပါယ်တံခါး ပွင့်သည်။ အကြားအမြင် ရှိသူက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရနိုင်သည်။ [နာ-၃၇၇]

ထို့နောက် ကလျာဏမိတ္တနှင့် ပေါင်းလျှင် အလုံးစုံ အကုန်လုံး ကိစ္စပြီးနိုင်ကြောင်းကို ဟောသည်။ [နာ-၃၈၀] ခန္ဓာကိုယ်မှာ မပြတ် ဝိပဿနာနှင့် နေမှ တော်မည် ဆိုပြီးလည်း ဟောသည်။ [နာ-၃၈၂] ထို့နောက် အရှင်သာရိပုတ္တရာ အကြောင်းကို ဟောသည်။ သူဌေးသား၊ ပုဏ္ဏားမျိုး ငယ်စဉ်ကပင် ထွက်ရပ်လမ်းကို ရှာချင်၍ လိုက်ရှာသည်။ တိတ္ထိဆရာကြီး သိဥ္စည်းထံမှာ တပည့်ခံသည်။ နောက် ပဥ္စဝဂ္ဂီ ငါးပါးထဲက အရှင်အဿဇိနှင့် တွေ့ဆုံသည်။ အရှင်အဿဇိ ဣန္ဒြေ ထူးခြားသဖြင့် သူ့ဝမ်းထဲမှာ တရားရှိသည် ထင်ပြီး လိုက်မေးသည်။ အရှင်အဿဇိ ကိုယ်တော်က 'ယေဓမ္မာ ဟေတုပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ' ဂါထာကို ဟောသည်။ ဤဂါထာ၏ ဆိုလိုရင်းမှာ အကြောင်းတရားဖြစ်လျှင် အကျိုးတရား ဖြစ်သည်။ အကြောင်း ချုပ်လျှင် အကျိုး ချုပ်သည်။ ဘုရား ဂေါတမက ဤသို့ ဟောလေ့ရှိသည် ဟူလို။ [နာ-၃၈၆] ဒါပဋိစ္စသမုပ္ပာဒ်ကို ဟောခြင်းဖြစ်သည်။ ဤသို့ ဟောလိုက်သည်နှင့် ခန္ဓာကို ဉာဏ်လှည့်လိုက်သည်။ ဖြစ်ပျက်ကို မြင်သွားသည်။ တစ်ခါတည်း သောတာပန် တည်သွားသည်။ ဆရာတော်က ပဋိစ္စသမုပ္ပာဒ်ကို ဆက်ဟောသည်။ ဖဿဖြစ်လျှင် ဝေဒနာ ဖြစ်သည်။ ဖဿချုပ်လျှင် ဝေဒနာ ချုပ်သည်။ ဝေဒနာသုံးမျိုး (ငါးမျိုး) ကြိုက်ရာရှုဟု ဆိုသည်။ ဝေဒနာ ဖြစ်ပျက်ရှုသဖြင့် ဝေဒနာပျောက်လျှင် ခန္ဓာပျောက်သည်ဟု သိရမည်။ (ဝေဒနာသည် ဝေဒနာက္ခန္ဓာ ဖြစ်သည်) ခန္ဓာငါးပါးသည် စင်စစ်ကတော့ ဖြစ်ပျက်ပဲ ဖြစ်သည်။ ဖြစ်ပျက်ကို မြင်အောင်ကြည့်၊ မုန်းအောင်ကြည့်၊ ဆုံးအောင် ကြည့်လို့ရှိလျှင် နိဗ္ဗာန် ရောက်ကြောင်း ဟောသည်။ [နာ-၃၉၀]

အရှင်သာရိပုတ္တရာသည် အရှင်အဿဇိနှင့် တွေ့စဉ်က သောတာပန် ဖြစ်သည်။ နောက်မြတ်စွာဘုရားက ဒီဃနခ ပရိဗိုဇ်ကို ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းကို ဟောသံကို ဘုရားနောက်နားက ယပ်ခတ်ရင်း ကြားရသည်တွင် အထက်မဂ်တွေကို ရပြီး ရဟန္တာ ဖြစ်သည်။ *[နာ-၃၉၀]* အောက်မဂ် ရပြီးလျှင် အထက်မဂ်က လွတ်သွားသည်ဟု ဆိုသည်။ ထို့နောက် အရှင်သာရိပုတ္တရာသည် ဆရာ့ဂုဏ်ကို ရည်ညွှန်းပြီး အရှင်အဿဇိရှိရာ အရပ်ကို ခေါင်းပြုလျက် အိပ်ပုံကို ဟောသည်။ ဘယ်ဘက် အရပ်ကို ခေါင်းပြုအိပ်မှ အိပ်ကောင်းတယ်ဆိုတာ အပိုတွေဟု ဟောသည်။ အရှင်သာရိပုတ္တရာ ဆရာ ရှိသော ဘက်ကို ဦးခေါင်းထားပြီး အိပ်ခြင်းကို ချီးမွမ်းထားသည်။

ဝေဒနာ ကမ္မဋ္ဌာန်းကြောင့် အရှင်သာရိပုတ္တရာ ရဟန်းကိစ္စ ပြီးပုံကို ထောက်၍ ဝေဒနာနုပဿနာ သည်လည်း သူ့နေရာနှင့်သူ ကောင်းကြောင်းကို ရှင်းပြသည်။ ဆရာတော်က သူ့အယူအဆကိုလည်း ဟောထားသည်။ သောတာပန် ဖြစ်ချင်လျှင် စိတ္တာနုပဿနာကိုရှု၊ ထက်မင်္ဂကို တက်ချင်လျှင် ဝေဒနာနုပဿနာကို ရှုဟု ဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၉။ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်လို့ အပါယ်တွင် လူစည်နေပုံ

[ ၂-၁၀-၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

ဘာဖြစ်လို့ အပါယ်မှာ ကိုယ့်အိမ်လုပ်ပြီး နေကြရသလဲလို့ မေးဖို့ မကောင်းလား အစချီလျက် ဤတရားကို ဟောလေသည်။ 'စတ္တာရော အပါယသက ဂေဟသဒိသာ' အပါယ်လေးဘုံသည် မိမိ အမြဲနေရာ အိမ်ဂေဟာနှင့် တူတော့သည်ဟူလို။ အပါယ်က အမြဲနေသောအိမ်၊ လူ့ဘုံ၊ နတ်ဘုံက ခေတ္တ အလည်လာသော နေရာဖြစ်သည်။ လူ့ဘဝမှာ သားရေး၊ သမီးရေး၊ စီးပွားရေးပဲ အရေးတကြီး လုပ်နေကြတာသည် အပါယ်လေးပါးက လာခဲ့ကြမှန်း မသိ၍ လုပ်နေကြခြင်း ဖြစ်သည်။ ဘာကြောင့် အပါယ်မှာ အမြဲ နေရသလဲ ဆိုလျှင် ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို မဖြတ်တတ်လို့ ဖြစ်သည်။ [နှာ-၃၉၅] အပါယ်ကို ပြန်မရောက်ချင်ရင် ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို ဖြတ်ရမည်။ ဖြတ်ရမည် ဆိုလျှင် ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို နားလည်ရမည်။ နားလည်မှသာ ကြောက်မည်။ သံသရာဝဋ်က ကျွတ်လွတ်ချင်မည်။ ကုရုတိုင်းမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူသော နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်ကို ဟောမည်ဟု ဆိုသည်။

'ယေကေစိ ဒိဋ္ဌိယော သန္နိဿိတာ သဗ္ဗေတေပစ္စယံ ဥစ္ဆုကာတုံ အသက္ကောန္တာ ယေဝ' ဟု အဋ္ဌကထာဆရာ ဆုံးဖြတ်ကြောင်း ဟောသည်။ အလုံးစုံ ဒိဋ္ဌိဖြစ်လို့ အပါယ်ကျသည်၊ ဒိဋ္ဌိကလည်း ပစ္စယ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်လို့ဟု ဆိုသည်။ *[နှာ-၃၉၆]* ခြုံကြည့်လျှင် အပါယ်လေးပါးကို ဘာကြောင့် ရောက်ရသလဲ၊ ဒိဋ္ဌိကြောင့်၊ ဒိဋ္ဌိ ဘာကြောင့် ဖြစ်ရသလဲ ပစ္စယ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်လို့ဟု သဘောပေါက်ရမည်။ [နှာ-၃၉၈] ဒီတော့ ပဓာနကိစ္စကို ပြောရလျှင် ပဋိစ္စသမုပ္ပါဒ် နားလည်မှုက အရင်းကျသည်။ ထို့နောက် အရှင်အာနန္ဒာသည် တစ်နေ့သ၌ ကုရုတိုင်းကို သွားပြီး ဖလသမာပတ် ဝင်စားပုံ အကြောင်းကို ဆက်ဟောသည်။

သောတာပတ္တိ ဖလသမာပတ်ဟု ဆိုသည်။ ဖလသမာပတ် ဝင်စားတယ်ဆိုတာ ဖြစ်ပျက်တွေကို ရှုနေတာ။ ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို များများကြီး အာရုံပြုနေတာ သည် ဖလသမာပတ် ဝင်စားခြင်း ဖြစ်သည်။ [နှာ-၃၉၉] နိဗ္ဗာန် ဖလသ- နိဗ္ဗာန်နှင့် ဖိုလ်အမြင်နဲ့ချည်း တွဲနေတာ ဖလသမာပတ်ပဲဟု ဆိုသည်။ [နှာ- ၄၀၀] နိဗ္ဗာန်က ဒုက္ခချုပ်ရာ၊ ဒုက္ခချုပ်ရာကို အာရုံပြုနေတာ ဖလသမာပတ် ဖြစ်သည်။

အရှင်အာနန္ဒာသည် ဖလသမာပတ်ကို ဝင်စားပြီး အချိန် အတန်ကြာသော အခါ မဝင်စားတော့ဘဲ ခေတ္တ ထိုင်နေလိုက်သည်။ ထိုအချိန် ပဋိစ္စသမုပ္ပာဒ်ကို ဆင်ခြင်နေသည်။ ပဋိလုံအားဖြင့် နောက်ပြန်ပြီး ဆင်ခြင်သည်။ ဒုက္ခ ဘယ်က လာတာပါလိမ့်။ အဝိဇ္ဇာ၏ ဒဏ်ချက်ပဲ ဆိုတာကို သိနားလည်လိုက်သည်။ ပဋိစ္စ သမုပ္ပာဒ် ပဋိလုံ ဆင်ခြင်ပုံကို ဝေဒနာက စပြီး နောက်ပြန် သုံးသပ်ပြသည်။ တဏှာ ဘယ်ကလာသလဲ။ ဝေဒနာကလာသည်။ ပဋိစ္စသမုပ္ပာဒ်ကို အနုလုံ၊ ပဋိလုံ အပြန်အလှန် ဆင်ခြင်လိုက်တော့ သူ့ဉာဏ်ထဲမှာ အတော်ပေါ်သည်။ နားလည်ရ ခက်သည်ဆိုသော တရားကို သူ ရှင်းရှင်း နားလည်လိုက်သောကြောင့် ဘဝင်မြင့် နေလေသည်။ [နှာ-၄၀၂] ထိုအခါ အရှင်အာနန္ဒာသည် ဘုရားထံပါးသို့ သွားပြီး သူ ပဋိစ္စသမုပ္ပာဒ်ကို လွယ်လွယ်ကူကူ ဆင်ခြင်ပြီး ဉာဏ်သက်ဝင်နိုင်ကြောင်းကို လျှောက်ထားလေသည်။ ဘုရားက အရှင်အာနန္ဒာကို 'မင်း သာဝကပါရမီ ဉာဏ် လောက် ကလေးနှင့် ဒီလို မပြောနှင့်၊ ဒီလောက် သိရုံနှင့် သမုဒ္ဒရာကြီး ကူးခတ်နိုင်ပြီ မထင်နှင့်' ဟု ဆုံးမတော် မူသည်။ [နှာ-၄၀၃] ပဋိစ္စသမုပ္ပာဒ်ကို နားမလည်ကြလို့ အပါယ်မှာ လူစည်နေတာဟု ဆိုသည်။

ထို့နောက် မြင်စိတ်ကလေး ပေါ်လျှင် ဒါပဋိစ္စသမုပ္ပာဒ် ပေါ်တာပဲဟု မသိလိုက်ခြင်းကြောင့် မြင်တယ်၊ နှစ်သက်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ မရမနေ အားထုတ်တယ်၊ ဒါတန်းသွားပြီဟု ဆိုသည်။ [နှာ-၄၀၅] ဒါ ဓမ္မနိယာမ ဖြစ်သည်။ လူ့ပြည် ကျောင်းဆောက်လို့ နတ်ပြည် နန်းယာဉ် ပေါက်တာမျိုးက နည်းသည်။ လူ့ပြည်မှာ တဏှာ၊ ဥပါဒါန်၊ ကံတွေ လုပ်လို့ အပါယ် ငရဲအိုးပေါက်တာ က ပိုများသည်ဟု ဆိုသည်။ တစ်နေ့တစ်နေ့ ကိုယ်တည်နေသော ငရဲအိုး ဘယ်လောက် များသလဲ စဉ်းစားသင့်လှသည်။ [နှာ-၄၀၇] ပဋိစ္စသမုပ္ပာဒ် မလည်မှုကြောင့် သံသရာ ရှည်ခဲ့ပုံကို သိရမည်။

ထို့နောက် မြတ်စွာဘုရားက ညီတော် အာနန္ဒာကို ပဋိစ္စသမုပ္ပာဒ် လေးမျိုးကို ဟောပြမည်ဟု ဆိုသည်။ [နှာ–၄၁၀] ပဋိစ္စသမုပ္ပာဒ်ကို မသိဘဲနှင့် နှစ်ပေါင်း ၄၀ အားထုတ်တာတောင် ဖွားဖက်တော် မောင်ဆန် (ဆန္န မထေရ်) မဂ်မရဘဲ နေပုံကို ပြသည်။ ပြီးမှ ပဋိစ္စသမုပ္ပာဒ်မှာ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပာဒ် (၂အကွက်နှင့် ၃ အကွက်) သာလျှင် အရေးကြီးသည်။ အတိတ်ကွက်၁ နှင့် အနာဂတ်ရောက် ၄က အရေးမကြီး ကြောင်းကို ဟောသည်။ [နှာ–၄၁၃] အပါယ်တံခါး ပိတ်ချင်သည်။ သံသရာဝဋ်က ကျွတ်ချင်သည် ဆိုလျှင် ၂နှင့် ၃ကြားမှာ မဂ်ဝင်ရမည်။ [နှာ–၄၁၅] ဖြစ်ဆဲ ပဋိစ္စသမုပ္ပာဒ်ကို နားမလည်လျှင် ၂က ၃ကို ကူးသည်။ သေလျှင် ၄သို့ ရောက်သည်။ အပါယ်ဓာတ်ကို ရသည်။ [နှာ–၄၁၆] သောတာပန်ဖြတ်တာက ပဋိစ္စသမုပ္ပာဒ် တစ်မျိုး၊ သကဒါဂါမ် ဖြတ်တာက တစ်မျိုး၊ အနာဂါမ် ဖြတ်တာက တစ်မျိုး၊ ရဟန္တာဖြတ်တာက တစ်မျိုးဟု ဆိုသည်။ [နှာ–၄၁၆] သောတာပန် ပဋိစ္စသမုပ္ပာဒ်က ဒိဋ္ဌိ ဦးစီးသော ကံကိုသာ ဖြတ်သည်။ သောတာပန်က ဒိဋ္ဌိသာ သတ်နိုင်သည်။ တဏှာကို မသတ်နိုင်သေး။ သောတာပန်မှာ ကာမရာဂ နုသယ၊ ဘဝရာဂ နုသယ တွေ ကျန်နေသေးသည်။ စိတ်အစဉ်မှာ ပဋိစ္စသမုပ္ပာဒ် သံသရာ လည်ပုံကို ကြားစိတ်ကို ရှုနည်းဖြင့် ပြသည်။ [နှာ–၄၁၈] ခင်မင်သော ဧည့်သည် လာလျှင်၊ မြင်လျှင်ဖြစ်စေ၊ ကြားလျှင်ဖြစ်စေ ကြားသည်၊ မြင်သည်၊ ခင်မင်သည်၊ ဝမ်းမြောက်သည်၊ နှစ်သက်သည်၊ ခင်စိတ်တွေ ပေါ်ပြီး အပြင်ထွက်သည်။ လက်ဆွဲခေါ်သည်။ ဒါကို ဧည့်ဝတ် ကျေပွန်သည်ဟု ဆိုသည်။ စစ်စစ်တော့ ပဋိစ္စသမုပ္ပာဒ် တန်းသွားခြင်း ဖြစ်သည်။ သူတောင်း ကျတော့ ဒီလို ဧည့်ဝတ် ကျေပါလား၊ မကျေနိုင်ဘူး၊ ဧည့်ဝတ်ကျေတာ တဏှာ၊ ဥပါဒါန်၊ ကံဖြစ်တာဟု ရှင်းပြသည်။ [နှာ–၄၁၉] မဂ်ရမှသာ ကံဟောင်းကိုလည်း အဟောသိကံ ဖြစ်အောင် ကံသစ်ကိုလည်း အကျိုးမပေးနိုင်အောင် ပယ်ကြောင်းလည်း ရှင်းပြသည်။ [နှာ–၄၂၅] မဂ်ပဲ အားကိုးရာ ရှိသည်။ သဠာယတ သံယုတ်မှာ နဝပုရဏာဝဂ် ဆိုတာ ရှိသည်။ နဝ က အသစ်၊ ပုရဏက အဟောင်း၊ ကံသစ် ကံဟောင်း ဖြတ်ပုံကို ဟောသောတရား ဖြစ်သည်။ [နှာ–၄၂၆] မမည်း မဖြူသော မဂ် (အကဏှ၊ အသုက္ကမဂ်) ကိုပဲ အားကိုးရမည်၊ ဝိပဿနာမဂ်ကို ဆိုလိုသည်။ [နှာ–၄၂၇]

ထို့နောက် ဝိပဿနာမဂ်ပြီးမှ လောကုတ္တရာမဂ် လာသည်။ ဝိပဿနာက ဥပနိဿယ ပစ္စည်း၊ လောကုတ္တရာမဂ်က ဥပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်ဟု ဆိုသည်။ [နှာ–၄၂၈] ထို့နောက် ၂အကွက်နှင့် ၃အကွက် ကြားမှ မဂ်ဝင်ပေးရမည်ဟု

ဟောသည်။ ခန္ဓာငါးပါးကို ဖြစ်ပျက် မြင်လိုက်လျှင် အဝိဇ္ဇာက ဝိဇ္ဇာ ဖြစ်သွားသည်။ ဝိပဿနာမဂ်က ၃ အကွက် ရှေ့နားမှာ ပေါ်လာသည်။ ၂ အကွက်နောက် ၃ အကွက် ရှေ့မှာ ပေါ်လာသည်။ ထို့နောက် အရှုခံစိတ်နှင့် ရှုဉာဏ်စိတ် ဖြစ်ပေါ်ပုံကို အဘိဓမ္မာ နည်းဖြင့် ရှင်းပြပြန်သည်။ [နှာ–၄၃၁] ကုသိုလ်စိတ်နှင့် အဗျာကတစိတ် ပြိုင်ပြီး မဖြစ်နိုင်ပုံကို ပြသည်။ [နှာ–၄၃၂] ဒါကြောင့် ကေစိတ္တ သမာယုတ္တာဟု ဟောသည်။ တစ်ခုသော စိတ်ဖြင့်သာ အသက်ရှင်နိုင်သည်။ 'ဟုတွာ အဘာဝတ္တေန အနိစ္စံ' ဆိုသောကြောင့် ဟုတွာ– ဖြစ်ပြီး၍၊ အဘာဝတ္တေန– ဤနေရာ၌ မရှိခြင်းသည်၊ အနိစ္စံ– အနိစ္စဖြစ်၏ ။ ဖြစ်ပြီး ပျက်သွားလို့ မရှိတာကို ကြည့်ရမည်။ ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုခြင်း သဘောကို ပြတာဖြစ်သည်။ [နှာ–၄၃၄] ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဒုက္ခက ပိုင်းခြားတာ၊ သမုဒယက ပယ်တာ၊ မဂ်က ပွားများတာ၊ နိရောဓက မျက်မှောက်ပြုတာ ဖြစ်သည်။ [နှာ–၄၃၆] လောကီမဂ်မှာလည်း ဤ အတိုင်း ရသည်။ (သိ၊ ပယ်၊ ဆိုက်၊ ပွား) ပဋိစ္စသမုပ္ပာဒ် ထွက်လမ်းကို နားလည်မှသာ ပိုင်းခြားနိုင်သည်။

ဝိပဿနာမဂ်လည်း ထိုက်တန်သလောက် အရေးကြီးသည်။ ထိုမဂ်ကို ရင့်အောင် ဘယ်လို လုပ်ရမလဲ။ ဝီရိယ ပြင်းပြင်းထန်ထန် လုပ်လျှင် မဂ်က မြန် သည်။ ဉာဏ်ထက်သလောက် အသိထက်သန်မည်။ အသိထက်သန်သလောက် မဂ်မြန်သည်။ သာဝကဉာဏ်မှာ ဝီရိယ ပြင်းထန်ပြီး သတိအမှန်ထားပြီး ပညာကို ဖြစ်ပျက်နှင့် တည့်လိုက်လျှင် ကိစ္စပြီးသည်ဟု ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၁၀။ စိတ္တာနုပဿနာ ရှုနည်း၊ အလွန် မှတ်သားဖွယ်ရာများ

[ ၃–၁၀–၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

စိတ္တာနုပဿနာကို ဟောနေသည်ဟု အစချီထားသည်။ ပုံစံစာရွက်ကို ကြည့်နိုင်းသည်။ စိတ်ဘယ်နှမျိုး ပြထားသလဲ။ ပုံစံမှာ ကြည့်တော့ စိတ် ၁၂ မျိုး ပါသည်။ (နောက်ပိုင်းတွင် စိတ် ၁၃ မျိုး ဟောထားသည်) အာရုံကို ညွတ်တတ်သော သဘောသည် စိတ်၏ ပင်ကိုသဘော ဖြစ်သည်။ အာရုံ ရှိရာသို့ ပြေးသွားတတ်သော စိတ်၏ ဖြစ်စဉ်ကို အစအဆုံး မြင်အောင် ကြည့်ပါဟု ဟောသည်။ သူ့ကိစ္စ ပြီးသော အခါ စိတ်သည် ချုပ်ငြိမ်းသွားသည်။ အထည်ဒြပ်ပါ ရုပ်သိမ်းသွားသည်ဟု ဆိုသည်။

ဖြစ်ပြီး ခဏကြာ ပျက်သွားခြင်းကို ဆိုလိုသည်။ [နာ–၄၄၁] ပင်ကိုသဘောကို ကြည့်လျှင် ဖြစ်ပြီး ပျက်သည့် သဘောရှိကြောင်း တွေ့ရသည်။ ပင်ကိုသဘောက အာရုံလည်း ပြုသည်။ ပြီးလျှင် ပျက်သည်။ ဖြစ်ဆဲမှာသာ အာရုံပြုသည်။ အာရုံပြု တာက ဖြစ်တာ၊ အာရုံ မပြုနိုင်တာက ပျက်တာဟု ဆိုသည်။ စိတ်ဖြစ်ပြီး ပျက်သော အခါ ဝိညာဏက္ခန္ဓာနှင့် အတူ ကျန်ခန္ဓာငါးပါးလည်း သဟဇာတအားဖြင့် အတူ ပျက်ကြသည်။

ခန္ဓာငါးပါး အတူပျက်သော်လည်း ဉာဏ်ထဲမှာ မြင်စိတ် (ပြဋ္ဌာန်းစိတ်) ပျက်လျှင် ထိုစိတ် ပျက်တာပဲ မြင်သည်။ [နာ–၄၄၆] ပြဋ္ဌာန်းသော ခန္ဓာ ပျက်တာပဲ မြင်သာခြင်းမှာ ထင်ရှားသောကြောင့် ဖြစ်သည်။ စိတ်ကလေး၏ ဖြစ်မှု ပျက်မှုကို သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပကသာ ခေါင်းဆောင်ပြီး မြင်သည်။ [နာ–၄၄၇] ဖြစ်ပျက်ကို ပညာမဂ္ဂင်ကသာ မြင်သည်။ သမာဓိ မဂ္ဂင်က မြင်တာ မဟုတ်ဘူးဟု ဆိုသည်။ [နာ–၄၄၈] မမြင်သော်လည်း ပညာမဂ္ဂင်ကို အကူအညီ ပေးသည်။ ဒုတိယ အကွက်မှာ ပေါ်သောစိတ်ကို တတိယ အကွက်ထဲ မရောက်ခင် ပညာမဂ္ဂင် နှင့် ရှုရမည်။ ရှုလိုက်သဖြင့် ပညာနှင့် ကိလေသာက လွတ်မြောက်သွားသည်။ [နာ–၄၅၀] ပညာဖြင့် ကိလေသာမှ လွတ်မြောက်သွားသည်။ ဒုတိယအကွက်နှင့် တတိယအကွက် ကြားမှာ မဂ္ဂင် သွင်းလိုက်သောကြောင့် ဖြစ်သည်။ [နာ–၄၅၀] မဂ္ဂင် ဝင်လိုက်သဖြင့် ကိလေသာက ကံဖြစ်နိုင်သေးသလား မေးလျှင် တဏှာ မလာလျှင် ဥပါဒါန် မလာတော့၍ ကံလည်း မလာနိုင်တော့ဟု ဖြေရမည်။

ဒါကြောင့် ကိလေသာရော ကံရော လွတ်သွားသည်ဟု ဆိုသည်။ [နာ–၄၅၂] သမာဓိက သစ္စာကို မသိပါ။ ပညာကသာ သစ္စာကို သိပါသည်။ သစ္စာနှင့် ဝေဖန်ပြမှု ရှင်းသည်။ [နာ–၄၅၃] သစ္စာကို တစ်ချက်မြင်လျှင် တစ်ချက် လွတ်သွား သည်။ လောကမှာ ပညာသည်သာ အမြတ်ဆုံး ဖြစ်သည်။ 'ပညာဟိသေဋ္ဌော လောကသ္မိ'ဟု သုတ္တနိပါတ်မှာ လာသည်။ [နာ–၄၅၉] နိဒါနဝဂ္ဂ သံယုတ် ပါဠိတော် မှာလည်း သုသိမ ပရိဗိုဇ်ကို ပညာဖြင့် လွတ်မြောက်ကြောင်း တရားကို ဟောကြောင်း ထုတ်ဖော် ပြောဆိုသည်။ /နာ–၄၆၁/ ဝတ္ထုသက်သေ ထုတ်ပြခြင်း ဖြစ်သည်။ သုသိမ တရားခိုးလာပုံ ဝတ္ထုကို ပြန်၍ ထုတ်လာပြန်သည်။ သုသိမသည် တရားခိုးရန် လာသော်လည်း နောက်ဆုံး၌ ရဟန္တာဖြစ်ပြီး ကျွတ်တမ်းဝင်မည်ကို မြင်တော်မူသည်။ (ဤဝတ္ထုကြောင်းကို ရှေ့မှာ အကြိမ်ကြိမ် ဖော်ပြခဲ့ဖူးပြီ) ရဟန္တာများက သူတို့သည် ပညာဝိမုတ္တိ ရဟန္တာများ ဖြစ်ကြောင်း၊ သမာဓိ မပါဘဲ ပညာဖြင့် လွတ်မြောက်ခဲ့ကြ

သူများ ဖြစ်ကြောင်းကို ရှင်းပြသည်။ ဈာန်ခြောက်သော ရဟန္တာများဟု ဆိုလိုသည်။ သုသိမ မကျေနပ်၍ ဘုရားထံ သွားမေးသည်။

ဘုရားက 'ပုဗ္ဗေခေါ သုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ပစ္ဆာနိဗ္ဗာနေဉာဏံ'ဟု ဖြေလိုက်သည်။ ဝိပဿနာဉာဏ် ရှေ့သွားရှိလျှင် နောက်က မဂ်ဉာဏ် ပေါ်လာသည်ဟု ဟောသည်။ [နှာ-၄၇၀] ဘုရားက ဝိပဿနာဉာဏ် ရှေ့ထား၊ နောက်က မဂ်လိုက်လာလိမ့်မည်ဟု ဟောထားကြောင်း ဆိုသည်။ သုသိမကို ဟောခြင်းဖြစ်သည်။ ဖြစ်ပျက် မြင်သောဉာဏ်၊ ဖြစ်ပျက် မုန်းသောဉာဏ်တွေသည် ဝိပဿနာဉာဏ်ချည်း ဖြစ်သည်။ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ဘာထူးသလဲ။ ဝိပဿနာဉာဏ်က ဖြစ်ပျက်ကိုသာ မြင်သည်။ မဂ်ဉာဏ်က ဖြစ်ပျက် မရှိသော နိဗ္ဗာန်ကို မြင်သည်။ [နှာ-၄၇၂] ဤသို့ ဟောသော်လည်း တရားခိုးရန် လာသော သုသိမစိတ်မှာ မကျေနပ်ပါ။ ဤတရားတွင် ဗုဒ္ဓဘာသာသည် သမာဓိကို ဦးစားမပေး၊ သမာဓိဖြင့် နိဗ္ဗာန် မရောက်နိုင် ဆိုသော အချက်ကို ပေါ်လွင်စေလိုဟန် တူသည်။

ထို့နောက် ဘုရားက သုသိမအား မိမိစိတ်သည် အနိစ္စလား၊ နိစ္စလား ပေါ်အောင် ရှုခိုင်းသည်။ စိတ်ကလေးသည် သုခလား၊ ဒုက္ခလား ပေါ်အောင်ရှုခိုင်းသည်။ ထိုစိတ်ကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု မဆိုနိုင်ကြောင်း ပေါ်အောင် ဟောသည်။ သုသိမသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အဆင့်ဆင့်ကို တစ်ဆင့်ပြီး တစ်ဆင့် ရသွားသည်။ နောက် ဝိပဿနာချည်း ပြလိုက်သောအခါ သုသိမ ရဟန္တာ ဖြစ်သွားသည်။ သူ ရဟန္တာ ဖြစ်တော့ ဥပါဒါန်၊ ကံကြောင့် ဇာတိဖြစ်ပုံ ပဋိစ္စသမုပ္ပါဒ်ကို မြင်သွားသည်။ ဥပါဒါန်၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ်၊ သင်္ခါရ၊ အဝိဇ္ဇာ အထိ ပဋိစ္စသမုပ္ပါဒ်ကို ပဋိလုံ (အပြန်) သွားပြသည်။ [နှာ-၄၇၇] ပြီးမှ အဝိဇ္ဇာချုပ်လျှင် သင်္ခါရ ချုပ်သည်။ သင်္ခါရ ချုပ်လျှင် ဝိညာဉ် ချုပ်သည်။ ဝိညာဉ်ချုပ်၊ နာမ်ရုပ် ချုပ်ပုံကို သွားပြသည်။ ဖဿချုပ် ဝေဒနာချုပ်၊ ဝေဒနာချုပ် တဏှာချုပ်၊ တဏှာချုပ် ဥပါဒါန်ချုပ်၊ ဥပါဒါန်ချုပ် ကံချုပ်၊ ကံချုပ်လျှင် ဇာတိ ချုပ်ပုံအထိ ဆင်ခြင်ပြသည်။ သုသိမ ရဟန္တာဖြစ်မှ ကဲ သုသိမ ယခု သင် ကောင်းကင်ကို ပျံနိုင်သလား ဆိုတော့ မပျံနိုင်ပါ။ ကောင်းကင်ပျံတာက သမထ အလုပ်သာ ဖြစ်သည်။ ဝိပဿနာအလုပ် မဟုတ်ကြောင်း ရှင်းပြသည်။

ထို့နောက် သာစုခေါ်ခြင်း ကိစ္စကို ဝေဖန်သည်။ [နှာ-၄၈၂] ကိုယ့်ကိုယ်ကိုယ် သာစုခေါ်နိုင်မှ အကောင်းဆုံးဟု ဆိုသည်။ အပါယ်တံခါး ပိတ်ပြီးမှ ထိုသို့ ခေါ်နိုင်သည်။ [နှာ-၄၈၄] ဝိပဿနာလုပ်လို့ ဖြစ်ပျက်တစ်ချက် မြင်လျှင် ကိုယ့်ကိုယ်

ကိုယ် သာစုခေါ်နိုင်ပြီ။ ဘာကြောင့်တုံး ဆိုလျှင် တစ်ဘဝ အပါယ်တံခါး ပိတ်၍ ဖြစ်သည်။ ဤတွင် ဖြစ်ပျက်ကို နှလုံးသွင်းနေလျှင် ယောနိသော မနသိကာရ ဖြစ်သည်။ နှလုံးသွင်း မှန်သည်။ နှလုံးသွင်းမှန်နှင့် ဉာဏ်အမြင်နှင့် ကိုက်သွားလျှင် သာဝက ပါရမီဉာဏ် ပြီးသည်။ (သောတာပန် တည်ပြီဟု ဆိုလိုသည်) [နာ-၄၈၈] နိဂုံးချုပ်မှာ သမထသည် လိုရင်း မဟုတ်ကြောင်း၊ ဝိပဿနာသာ လိုရင်းဖြစ်ကြောင်း ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၁၁။ မဂ်အတုအယောင် ၁၀ ပါး ပေါ်လာပုံ

[ ၁၁-၁၀-၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံတွင် ဟောသော တရား ]

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံး နေတော်မူစဉ် ရှတင် ၁၃ ပါးကို ဆောင်သော အရှင်မဟာကဿပကြီးက မေးခွင့် ကြုံလို့ မေးတယ် အစချီလျက် ဤတရားကို ဟောတော်မူသည်။ ဘယ်လိုမေးသလဲ ဆိုလျှင် 'အရှင်ဘုရား ဘုရားဖြစ်စ သိက္ခာပုဒ်တွေ နည်းစဉ်အခါက ရဟန်းများ ကျင့်ကြံပွားများ အားထုတ်ကြသောအခါ ရဟန္တာ အဖြစ်များသည်။ ယခု ရဟန်းလည်း သာသနာမှာ အရေအတွက် များလာသည်။ သိက္ခာပုဒ်တွေ ပညတ်တာလည်း များလာသောအခါ၌ ရဟန္တာ အဖြစ် နည်းသွားသည်။ ဘာကြောင့်ပါလဲ'ဟု မေးသည်။ ထိုအခါ ဘုရားက တရားစစ်တွေ ကြားထဲမှာ တရားတုတွေ ပေါ်လာလို့ ရဟန္တာ အဖြစ် နည်းသွားတာဟု ဖြေသည်။ [နာ-၄၉၂] တရားတုတွေက နှစ်မျိုး ရှိသည်။ မဂ်ဆိုက်ရောက်ကြောင်း တရားတုက တစ်မျိုး၊ ပရိယတ္တိမှာလည်း တရားတု တစ်မျိုး ဖြစ်သည်။ ပဋိပတ်မှာလည်း အတု တစ်မျိုး၊ အစစ် တစ်မျိုး၊ ပရိယတ်မှာလည်း အတု တစ်မျိုး၊ အစစ် တစ်မျိုး ဖြစ်သည်။ ပဋိရူပက ဆိုသော အတုတွေက မဂ်၊ ဖိုလ်ရဖို့မှာ ဖျက်ဆီးသည်။ [နာ-၄၉၃]

'ဩဘာသေဖဝ ဉာဏောစ ပီတီယောစ ဝိကမ္ပတိ၊

ဟာသဒ္ဓိယာ သုခေဖေပ ယောတိ စိတ္တံ ပဝေဓတိ' မဂ်ဟု ၁၀ ပါး ရှိသည်။ ဘုန်းကြီးက နည်းလမ်း ပေးလိုက်မည်၊ သဗ္ဗေ သင်္ခါရာနှင့် ကြည့်ပါဟု ဆိုသည်။ အနိစ္စကို ပညာနှင့် ကြည့်ပါဟု ဆိုလိုသည်။ အလုံးစုံသော ရုပ်နာမ် ဓမ္မတို့သည် အနိစ္စ- အမြဲ မရှိကြကုန်၊ အနိစ္စချည်း ဖြစ်ကြကုန်သည်။ သူက အနိစ္စ- ဖြစ်ပြီး ပျက်သောအခါ ပညာနှင့် ရှုရမည်။ ခန္ဓာကိုယ်ထဲမှာ အဖြစ်နှင့် အပျက်သာ ရှိသည်။

တခြား ဘာမျှ မရှိပါကလား၊ ယောကျ်ားလည်း မရှိ၊ မိန်းမလည်း မရှိ၊ ပုဂ္ဂိုလ်၊ သတ္တဝါလည်း မရှိ၊ ငါ့ဟာ၊ ငါ့ဥစ္စာလည်း ဘာဆိုဘာမျှ မရှိဟု မြင်နေရမည်။ ပညာဖြင့် မြင်နေခြင်း ဖြစ်သည်။ [နှာ–၄၉၅] ထိုအချိန်တွင် အဓိဂမ ပဋိရူပက’ ဆိုသော မဂ်တုတွေ ပေါ်လာတတ်သည်။ တရား အားထုတ်နေသော အလုပ်သမားမှာ ဤကိစ္စကို သိဖို့ အထူးအရေးကြီးသည်။ စိတ်ရုပ္ပ၊ ရုပ်ရုပ္ပ၊ ဝေဒနာရုပ္ပ ရှုသူ၏ ဉာဏ်ထဲတွင် သင္ခါရာ အနိစ္စာ ဒါပဲ ပေါ်ရမည်။ အနိစ္စလာတိုင်း သတိပဋ္ဌာန် လေးပါးကြိုက်ရာနည်းဖြင့် ရှုပါ။ အရှုခံက ဖြစ်ပျက်၊ မြင်တာကမဂ် ဖြစ်သွားသည်။

ဤသို့ ဖြစ်ပျက်နှင့်မဂ် ကိုက်နေတုန်းမှာ ထိုမဂ်တုတွေ လာတတ်သည်။ [နှာ–၄၉၆] မဂ်လည်း မဟုတ်၊ ဖိုလ်လည်း မဟုတ်၊ အတုအယောင်တွေသာ ဖြစ်သည်။ ဥဒယဗ္ဗယဉာဏ် ဖြစ်ပျက် မြင်တုန်းမှာ အတုအယောင်တွေ ဝင်လာခြင်း ဖြစ်သည်။ မဂ်တုတွေ ပေါ်လာသော ပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်အဆင့် မသေးတော့ပါ။ အတော် ခရီးပေါက်နေပြီဟု မှတ်ရမည်။ လမ်းဆုံ၊ လမ်းခွ ရောက်နေပြီ ဖြစ်သည်။ ဤမဂ်တုများကို မတွေ့လျှင်လည်း ဥဒယဗ္ဗယဉာဏ်လမ်း မမှန်ဘူး။ ဉာဏ်မထက်သေးဘူး။ တွေ့သောအခါမှာလည်း မရွေးတတ်လျှင် တိမ်းစောင်း သွားတတ်သည်ဟု ဆိုသည်။ [နှာ–၄၉၉] ထို့နောက် မဂ်တု ၁၀ ပါးကို တစ်ခုချင်း ရှင်းလင်း ဟောကြားလေသည်။

(၁) မဂ်တုကို အဓိဂမ ပဋိရူပကဟု ခေါ်သည်။ အဓိဂမသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်သည်။ ပဋိရူပက က အလားတူ အတုအပဟု ဆိုလိုသည်။ မဂ်အတုအယောင်ဟု နားလည်သင့်သည်။ ထိုသို့ အားထုတ်နေစဉ် ရှေ့က ဖြစ်ပျက်နှင့် နောက်က ဝိပဿနာမဂ် ကိုက်ညီနေစဉ်မှာ ဖျတ်ဆို အရောင်အလင်းတွေ ပေါ်လာတတ်သည်။ ဩဘာသ ဟု ခေါ်သည်။ အရောင်အလင်းတွေ ဖြာထွက်လာတာ မြင်ရတော့ ယောဂီ၏ စိတ်ထဲမှာ ဒါ မဂ်ပဲဟု ထင်နေတတ်သည်။ အမှန်မှာ ဝိပဿနာ၏ ဉာဏ်အရောင်သာ ဖြစ်၏။ မဂ်၏ ဉာဏ်ရောင် မဟုတ်ဘူးဟု ဆုံးဖြတ်ရမည်။ [နှာ–၅၀၁] အဖျက်ဖြစ်သည်။ မဂ်တား၊ ဖိုလ်တား ဖြစ်သည်။

(၂) ဖြစ်ပျက်နှင့် မဂ် ကိုက်ညီနေတုန်းမှာ ဉာဏ်က အင်မတန် ကြည်လင်ထက်မြက်ပြီး အရောင်လက်နေသည်။ ထိုကဲ့သို့ ဝိပဿနာဉာဏ်ရောင် လင်းလက် ထက်မြက် လာခြင်းကိုလည်း မဂ်ဉာဏ်ဟု ယူဆတတ်သည်။ တရားစစ်ကို လာဖျက်သော အတုဖြစ်သည်။ ဝိပဿနာ အလုပ်ကို အားထုတ်သော ပုဂ္ဂိုလ်မှာ မဂ်တု ၁၀ ပါး တစ်ပါးပါး လာတတ်သည်။ လာလျှင် ဖယ်တတ်၊ ရှားတတ်ရမည်။

(၃) တစ်ကိုယ်လုံး ပေါ့ပါးပြီး အထက်ကို ပျံတက်သွားသကဲ့သို့ ခံစားရတတ်သည်။ ဝမ်းမြောက် ကြည်နူး နှစ်သိမ့်သည့် ပီတိလည်း ဖြစ်တတ်သည်။ အဓိဂမ ပဋိရူပက (မဂ်တု)ပင် ဖြစ်၏။

(၄) စတုတ္ထ မဂ်တုမှာ ကိုယ်ရောစိတ်ပါ ငြိမ်းအေးသွားမှု ပဿဒ္ဓိ ဖြစ်သည်။ တရားရပြီ ထင်ပြီး အားထုတ်မှုကို ယောဂီသည် ရပ်စဲပစ်တတ်သည်။ သူလည်း မဂ်တုပင် ဖြစ်သည်။

(၅) ပဥ္စမမှာ တစ်ကိုယ်လုံး ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာဖြစ်မှု သုခဖြစ်သည်။ မိမိဘဝမှာ မကြုံဘူးသော ထူးခြားသည့် ချမ်းသာခြင်းမျိုး ဖြစ်သဖြင့် တရားစစ် ထင်တတ်သည်။ တရားရပြီ ထင်ပြီး အားထုတ်မှုကို ရပ်ပစ်တတ်သည်။ မဂ်တုပင် ဖြစ်သည်။

ဤအချက်ကို ဟောပြီးနောက် မဂ်တုနှင့် မဂ်စစ် ခွဲပြီး ပယ်ပုံ ပယ်နည်းများကိုသာ ဆက်ဟောသွားသည်။ ဤတရားတွင် ၁၀ မျိုးပြည့်အောင် မဟောဘဲ မိလိန္ဒပဥှာတွင် ဝိပဿနာ မဂ်ဉာဏ်သည် ဖြစ်ပျက်ကို မြင်နေရာက လောကုတ္တရာ မဂ်ဉာဏ်သို့ ကူးသွားပုံသို့ ပြထားကြောင်း ဆက်ဟောသည်။ ဤတွင် အချိန်စေ့ သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၁၂။ အတ္တနှင့် အတ္တနိယ ဖြုတ်ရေး

[ ၁၄–၁၀–၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံ၌ ဟောသောတရား ]

တရားမှတ်ကြ အစရှိလျက် ဤတရားကို ဟောတော်မူသည်။ ခန္ဓာဝန် မချမိ နှစ်ရက်က ဟောသောတရား ဖြစ်သည်။ ခန္ဓာကိုယ်ကြီးကို ငါလို့ ထင်နေသော အလုံး(အစွဲ)တစ်လုံး ဖြုတ်ဖို့ အရေးကြီးသည်။ ငါ့ဥစ္စာဟု ထင်နေသော အစွဲကလည်း တစ်လုံးရှိသည်။ ထိုနှစ်လုံးကို ဉာဏ်ဖြင့် ဖြုတ်ရမည်။ [ နှာ–၅၃၅ ] ဘာကြောင့် ဤကိစ္စကို အရေးတကြီး ပြောရသလဲ ဆိုလျှင် ဒါန၊ သီလတွေ ဘယ်လောက်ပဲ လုပ်ထားလုပ်ထား ဒါန၊ သီလ အဆုံးမှ သူက အပါယ်ကို ဆွဲချသွားနိုင်သောကြောင့် ဖြစ်သည်။ ခန္ဓာငါးပါးကို ငါ၊ ခန္ဓာငါးပါးမှ တစ်ပါးသော ပစ္စည်းတွေကို ငါ့ဥစ္စာဟု ထင်ထားသောအစွဲ ဖြုတ်ရေးသည် ရင်ဝလှံစူး၊ ထိပ်ဦး မီးလောင်သည့် ကိစ္စထက် ပိုပြီး အရေးကြီးသည်ဟု ပြသည်။ [ နှာ–၅၃၅ ] ဝိပဿနာ ရှုသောအခါ ထိုဒိဋ္ဌိ

ပြုတ်ဖို့ အရေးကြီးသည်။ မရှိသော အချိန်မှာ ငါ၊ ငါ့ဥစ္စာဟု ထင်နေလည်း အရေးမကြီးဟု ဆိုသည်။ ငါ၊ ငါ့ဥစ္စာဟု မစွဲရဘူး။ စွဲလျှင် သက္ကာယဒိဋ္ဌိ ဖြစ်သည်။ [နှာ-၅၃၇]

ငါ၊ ငါ့ဥစ္စာ စာလိုသုံးတော့ အတ္တနှင့် အတ္တနိယ ဖြစ်သည်။ အတ္တနှင့် အတ္တနိယကို ဉာဏ်ဖြင့် ဖြုတ်လိုက်လျှင် အပါယ်သွားဖို့ ဇာဂက် ထွက်ပြီးသားတောင် ပြန်သိမ်းနိုင်သည်ဟု ဟောသည်။ [နှာ-၅၃၈] ခန္ဓာငါးပါးကို ငါထင်တာ အတ္တ ဖြစ်သည်။ ရုပ်ကို ငါထင်သည်၊ ဝိညာဉ် (စိတ်)ကို ငါထင်သည်၊ ဝေဒနာကို ငါထင်သည်၊ သညာ၊ သင်္ခါရကို ငါထင်သည်၊ ယခု အမြင်ပြောင်းပြီး ရုပ်ဟာရုပ်ပဲ၊ ငါ မဟုတ်ဘူး၊ ဝေဒနာသည် ဝေဒနာပဲ၊ ငါမဟုတ်ဘူး၊ သညာ၊ သင်္ခါရသည် သညာ၊ သင်္ခါပဲ၊ ငါ မဟုတ်ဘူးဟု သိပါ။ စိတ် (ဝိညာဉ်) သည် စိတ်ပဲ ငါမဟုတ်ဘူးဟု ရဲရဲတင်းတင်း ဆုံးဖြတ်ချက် ချပါ၊ ကိုယ့်အပါယ်တံခါးကို ကိုယ်ပိတ်တာ ရဲရဲ တင်းတင်း လုပ်ပါဟု ဟောသည်။ [နှာ-၅၃၉] ခန္ဓာငါးပါး ဘာပဲပေါ်ပေါ် ပေါ်တာ ခန္ဓာပဲ၊ ငါမဟုတ်ဘူးဟု မှတ်ရမည်။ သိတာက ဝိညာဉ်အလုပ်၊ မှတ်တာက သညာအလုပ်၊ ခံစားတာက ဝေဒနာအလုပ်၊ ဒါပဲမှတ်၊ ဒါပဲသိပါ။ [နှာ-၅၄၁] ပြောရုံ ပြောတာကတော့ အပါယ်မကျဘူးဟု ပြတ်ပြတ်သားသား ဟောထားသည်။ တကယ်ထင်၊ တကယ်ယူဆမှသာ အပါယ်ကျသည်။ ဝေဒနာကို ဝေဒနာလို့ သိနေ တာထက် ပျက်နေသော တရားဟု သိတာက ပိုကောင်းသည်။

ဘာကြောင့် ကောင်းသလဲ။ ဝေဒနာကို ဝေဒနာဟု သိတာက သစ္စာကို မသိဘူး။ ဝေဒနာက ဖြစ်ပျက်ပဲဟု သိမှ သစ္စာသိ ဖြစ်သွားသည်။ ဒုက္ခသစ္စာကို သိသည်။ [နှာ-၅၄၂] ဝေဒနာဟု သိတာနှင့် ဖြစ်ပျက်ထိအောင် သိတာ ဘာခြားသလဲ။ ဝေဒနာ သိတာက သက္ကာယဒိဋ္ဌိ ပြုတ်ရုံပဲ ရှိသည်။ ဖြစ်ပျက်ကို သိခြင်းကသာ ဒုက္ခသစ္စာကို သိခြင်းဖြစ်သည်။ (ဝေဒနာကို သိသည့်အဆင့်မှာ နာမရူပ ပရိစ္ဆေဒ ဉာဏ်လောက် ရှိသေးသည်။ ဖြစ်ပျက် သိသောအခါ ဥဒယဗ္ဗယဉာဏ်သို့ ရောက် သည်။) [နှာ-၅၄၃] ဤကား အသိခြားနားပုံ ဖြစ်သည်။ ထိုးထွင်း သိပုံချင်း ကွာသွားသည်။ သစ္စာသိမှ လမ်းဆုံးသည်။ ဝေဒနာ သိတာက အပါယ်တံခါး ပိတ်ရုံပဲ ရှိသည်။ သစ္စာကို ထိုးထွင်းသိတော့ နိဗ္ဗာန်ကို ရောက်သည်။ [နှာ-၅၄၄]

ထို့နောက် ငါစွဲပြုတ်နည်း ပြောစမ်းပါဆိုလျှင် ဝေဒနာပေါ်၊ ဝေဒနာဟု သိလျှင် ပြုတ်သည်ဟု ယတိပြတ် ဟောသည်။ [နှာ-၅၄၅] ဝေဒနာ ဖြစ်ပျက်ပါ

မြင်လျှင် သစ္စာသိသည်။ စိတ်ပေါ်လျှင် စိတ်ပေါ်မှန်း သိ၊ သက္ကာယဒိဋ္ဌိ ပြုတ်သည်။ စိတ်၏ ဖြစ်ပျက်ပါ မြင်လျှင် သစ္စာပါ သိသည်။ ထိုအခါ ဒိဋ္ဌိတင် မကဘူး၊ တဏှာပါ ပြုတ်သည်ဟု ခပ်ဆတ်ဆတ်၊ ခပ်ပြတ်ပြတ် ဟောသည်။ [နာ–၅၄၆] ငါ၊ ငါ့ဥစ္စာဟု အပြောကို ဖြုတ်ခိုင်းတာ မဟုတ်၊ ပြောလို့ အပြစ်မရှိပါ။ အထင်အမြင် အယူအဆကို သာ ဖြုတ်ခိုင်းခြင်း ဖြစ်သည်။ ဟောပုံက ရှင်းလှသည်။ [နာ–၅၄၇] စိတ်ကို စိတ်လို့ သိတာ၊ ဝေဒနာကို ဝေဒနာလို့ သိတာထက် ဖြစ်ပျက်လို့ သိတာက သစ္စာ ဆိုက်လို့ ပိုကောင်းသည်။

ထို့နောက် ခန္ဓာဝဂ္ဂ သံယုတ် ထေရဝဂ်မှာ အရှင်ခေမက ဆိုသော အနာဂါမ် ကိုယ်တော်တစ်ပါးက ပုထုဇဉ် ရဟန်းခြောက်ဆယ်ကို တရားဟောပုံ ဝတ္ထုကို ထုတ်ပြသည်။ [နာ–၅၄၈] သက္ကာယဒိဋ္ဌိ ဖြုတ်ပုံကိုလည်း ဟောသည်။ တဏှာမာန ဖြုတ်ပုံကိုလည်း ဟောသည်။ သူကလည်း ခန္ဓာကြည့်ပြီး ဟောသည်။ နာသူများက လည်း ခန္ဓာကြည့်ပြီး နာသည်။ တရားပွဲ အပြီးမှာ ပုထုဇဉ် ရဟန်းခြောက်ဆယ်လည်း ရဟန္တာ ဖြစ်သည်။ သူလည်း ရဟန္တာ ဖြစ်သည်။ [နာ–၅၄၉] ယခုလည်း ဘုန်းကြီး က ခန္ဓာဉာဏ်ရောက် ဟောသည်။ နာသူများကလည်း ခန္ဓာဉာဏ်ရောက် နာပါဟု တိုက်တွန်းသည်။ မှတ်မိအောင် နာတာထက် ပွားမိအောင် နာတာက ပိုကောင်းသည် ဟု ဆိုသည်။

ထို့နောက် ဇီးတောကျောင်းမှာ အနာဂါမ် အရှင်ခေမက တရားဟော ကောင်း ကြောင်း ဝတ္ထုကို ဆက်ဟောသည်။ ရဟန်းကြီး ခြောက်ဆယ်က အရှင်ဒါသက ဆိုသော ရဟန်းငယ်ကို လွှတ်ပြီး အရှင်ခေမက နေကောင်းရဲ့လားဟု မေးခိုင်းသည်။ အရှင်ခေမကက ငါမကျန်းမာဘူး၊ ဝေဒနာက တိုးနေသည်ဟု ဖြေသည်။ အရှင် ခေမကထံ ရဟန်းခြောက်ဆယ်က အခေါက်ခေါက် အခါခါ လွှတ်ပြီး မေးသည်။ အရှင်ခေမကက အကြိမ်ကြိမ် ဖြေသည်။ (ဤဝတ္ထုကိုလည်း ရှေ့မှာ ဟောခဲ့ပြီးပြီ)

ထို့နောက် တရားနာဆဲမတ္တာ တရား ပွားများရမည်ဗျာ ဟောသည်။ [နာ– ၅၅၅] နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်၏ အဓိပ္ပာယ် ဖြစ်သည်။ သညာနှင့် မှတ်ပြီး ပညာနှင့် ခန္ဓာကို လှည့်သည်ဟု ဆိုသည်။ (ဤနည်းကို ယခုကာလ ဒကာ၊ ဒကာမများ မရှုတတ်ပါ) ရဟန်းတော် ခြောက်ဆယ်က အရှင်ခေမကကို ခန္ဓာငါးပါးကို ငါ၊ ငါ့ဥစ္စာဟု စွဲမှတ်သေးသလား၊ ရဟန္တာ ဖြစ်ပြီလားဟု မေးသည်။ ငါ ရဟန္တာ မဟုတ်သေးဘူး၊ ငါ၊ ငါ့ဥစ္စာစွဲတော့ မရှိဘူး၊ ခန္ဓာငါးပါးကို ငါလိုလို ထင်တာ (မာနစွဲ)တော့ ရှိသေးသည်ဟု ဖြေကြောင်း ထပ်ဟောသည်။ (ရှေ့မှာ

ဟောပြီးပြီ) စကား အသုံးထဲမှာ ငါ့သပိတ်၊ ငါ့သင်္ကန်း ဆိုသော အသုံးအနှုန်းက အရေး မကြီးကြောင်း၊ အထင် မရှိဖို့သာ အရေးကြီးကြောင်း ဟောသည်။ [ နှာ– ၅၅၉ ] ငါလိုလို ထင်တာတော့ ရှိသေးတယ် ဆိုတာ ဒိဋ္ဌိစွဲ ငါ ပြုတ်သည်။ မာနစွဲ ငါ ကျန်သည်ဟု ဆိုလိုကြောင်း ရှင်းပြသည်။ [ နှာ–၅၆၀ ] မာန ငါက ဘာကို စွဲတာလဲ၊ ခန္ဓာငါးပါး အပေါင်းကို စွဲခြင်းဖြစ်ကြောင်း ထပ်ရှင်းသည်။ ကြာပန်းက မွှေးတာသည် ကြာပန်းတစ်ခုလုံး (အပေါင်းအစု)က မွှေးခြင်းကို ဥပမာထား၍ ပြသည်။ ရဟန်း ခြောက်ဆယ်ထဲ နောက်ဆုံး အရှင်ခေမက ကိုယ်တိုင် ကြွသွားပြီး တရားဟောရသည်။ ရဟန်း ခြောက်ဆယ်လည်း နာရင်း ခန္ဓာကို ဉာဏ်လှည့်ပြီး ဖြစ်ပျက်ရှုသည်။ ရှုလိုက်သောအခါ သူတို့လည်း ခရီးပေါက်သွားသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်မှာ မာန ငါစွဲကလေး ကျန်နိုင်သည်။ ထိုမာနကို အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ကျမှ ပယ်နိုင်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

၁၃။ ဘယ်တရား ပို့တဲ့ဆီ သွားကြမလဲ၊ တရားပဲ အားကိုးစရာရှိပုံ

[ ၁၅–၁၀–၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

**(ဤတရားသည် ဆရာတော်ကြီး ခန္ဓာဝန် မချမီ တစ်ရက်အလိုက နောက်ဆုံး ဟောသောတရား ဖြစ်သည်။ မိမိ ခန္ဓာဝန် ချတော့မည်ကို ကြိုတင် သိစေလို၍ ရထားကြီး ထွက်တော့မည်ဟု နိမိတ်ပြ ဟောပြောခြင်းကိုလည်း ပြုခဲ့ပါသည်။)**

နာတဲ့ ပုဂ္ဂိုလ်ကလည်း ခန္ဓာကို ကြည့်ပြီး နာ၊ ဟောတဲ့ ပုဂ္ဂိုလ်ကလည်း ခန္ဓာကို ကြည့်ပြီး ဟောရမည်၊ ဘာဝနာ ပွားပြီးဟော၊ ဘာဝနာပွားပြီး နာကြလျှင် အားလုံး ကျွတ်တမ်းဝင်ကြမည်ဟု အစချီပြီး ဤတရားကို ဟောတော်မူသည်။ လူ့ပြည် ရောက်လာတာ တရားက ပို့လိုက်လို့ ရောက်လာတာဖြစ်ကြောင်း၊ တရားပဲ အမိ၊ တရားပဲ အဖ၊ အားကိုးစရာ တရားပဲ ရှိကြောင်း နားဝင်အောင် တိုက်တိုက် တွန်းတွန်း ဟောသည်။ [ နှာ–၅၇၀ ] သက်သေ ထင်ရှားအောင် ပြမည်။ မြတ်စွာ ဘုရား ဖြစ်တော်မူစက သူဘာကြောင့် ဘုရားဖြစ်တာလဲ စဉ်းစားလိုက်တော့ တရား ကြောင့် ဘုရား ဖြစ်လာတာ ဆိုသော ဘုရား ဖြစ်တော်စဉ်ကို ဟောသည်။ ဘုရား ဖြစ်ပြီးနောက် မိမိထက် သီလ၊ သမာဓိ၊ ပညာသာသော ပုဂ္ဂိုလ် လောကမှာ ရှိသလား ဟု ကြည့်သည်။ ရှိလျှင် မိမိက ကိုးကွယ် ဆည်းကပ်ဖို့ ဖြစ်သည်။ မိမိထက် သီလ၊ သမာဓိ၊ ပညာဂုဏ် သာသူကို ၃၁ ဘုံမှာ ရှာလို့ မတွေ့ပါ။

ထို့နောက် တရား အားထုတ်လို့ ဘုရား ဖြစ်လာတာ ဆိုသော အချက်ကို လေးနက်အောင် ထပ်မံ ဟောသည်။ ဝိပဿနာ ကုသိုလ်မှ အပ ကျန် ကုသိုလ်၊ အကုသိုလ် မှန်သမျှသည် ၃၁ ဘုံမှာသာ ခန္ဓာသစ်ကို ရစေသည်။ ဝိပဿနာကုသိုလ်ကတော့ ဒုက္ခခပ်သိမ်း ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ပို့ပေးနိုင်သည်။ ဝိပဿနာသည် ဘာလဲဟု မေးလျှင် 'တရား'ဟု ဖြေရမည်။ ဒါကြောင့် တရားပို့ရာကို ကျွန်ုပ်တို့ သွားကြရမည်ဟု ဆိုသည်။ [နာ–၅၇၅] ဒုက္ခသစ္စာ မရှိတဲ့ဆီကို သွားချင်ရမည်။ ဒါဆို ဝိပဿနာကို စွဲကြ။ မဂ်ဆိုက်သွားလိမ့်မည်။ မဂ်သည် နိဗ္ဗာန်မှတစ်ပါး ဘယ်ကိုမှ မပို့ပါဟု ဝန်ခံထားသည်။ [နာ–၅၇၆] ဘယ်တရား ပို့ရာကို သွားချင်ကြသလဲ။ ဝိပဿနာ တရား ပို့ရာဆီသို့သာ သွားချင်ပါသည် ဟုလည်း အမေးအဖြေ လုပ်ထားသည်။ ဝိပဿနာက ကိလေသာဖြတ်၊ ကံဖြတ်ပြီး ပို့တာကြောင့် ကိလေသာဝဋ်၊ ကမ္မဝဋ်က ကျွတ်သည်။ ဝိပါကဝဋ် မလာတော့ပါ။ ဝဋ်သုံးပါး ကျွတ်တော့သည်ဟု ဖော်ပြထားသည်။

ယနေ့ တရားမှာ တရားသားချည်း ဟောသည်။ အင်မတန် သိစေလိုသော ဆန္ဒနှင့် မရွေးတတ်မှာ စိုးသောကြောင့် ရွေးပုံ အခြင်းအရာတွေကိုပါ ဟောလိုက်သည်ဟု ဆိုသည်။ [နာ–၅၇၇] သစ္စာမသိဘဲ လှူလျှင် ဒါန၊ သီလကလည်း ဝဋ္ဋကုသိုလ်ပဲ ဖြစ်သည်။ သစ္စာသိပြီး လှူမှသာ ဒါန၊ သီလက ဝိဝဋ္ဋဖြစ်ပြီး လမ်းဆုံးကို ပို့သည်။ [နာ–၅၇၉] ဝိပဿနာကတော့ ကိလေသာဖြတ်၊ ကံဖြတ်သောကြောင့် အကျိုးပေး ဝိပါကပါ ဖြတ်သည်။ ဝဋ်ကျွတ်ခန်းသို့သာ ပို့သည်။ ဝိပဿနာသာလျှင် အားကိုးရာ အစစ် ဖြစ်သည်။ ထိုအားကိုးရာ အစစ်ကိုသာ ရှာကြမည်။ ရှာပုံရှာနည်း နိဿရည်းကိုလည်း သိရပေဦးမည်။ သစ္စာမသိတဲ့ ပုဂ္ဂိုလ်သည် မရှာတတ်ပါ။ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲဟု ဆိုတတ်သည်။ မရွေးချယ်တတ်သည့် သဘောကို ပြသည်။ [နာ–၅၈၀] အမှန်မှာ သစ္စာသိတာ သူသည် သူလုပ်သမျှ ခံသူ မဟုတ်၊ အကောင်းဆုံးကို ရွေးချယ်နိုင်သူ ဖြစ်သည်။ အားကိုးစရာ အစစ်ကို ရှာနိုင်သူ ဖြစ်သည်။ သစ္စာသိသူသည် ကံစီမံရာ ခံသူ မဟုတ်။ ဉာဏ်စီမံရာကို ခံသူဖြစ်သည်။ ဝိပဿနာဆိုတာက ဉာဏ်အလုပ်။ ကံစီမံရာက သုံးဆယ့်တစ်ဘုံ၊ ဉာဏ်စီမံရာက ၃၁ ဘုံ လွတ်ရာဖြစ်သည်။ ဉာဏ်စီမံရာ သွားမည်ဆိုလျှင် ကမ္မသကတဉာဏ်က တစ်မျိုးဖြစ်သည်။ ကောင်းတာလုပ်လျှင် ကောင်းကျိုးပေးသည် ဆိုတာလောက်ပဲ သူကသိသည်။ သုဂတိတော့ သူ ပို့ပါသည်။

သို့သော် ဒိဋ္ဌိ တန်းလန်းပါသည်။ ကံသတ္တိ ကုန်တော့ ဒိဋ္ဌိက အပါယ်ကို ဆွဲချသည်။ အဆိပ်လူးသော ငှက်ကြီးတစ်ကောင် မြားမှန်ခါစမှာ ပျံတက်သွားနိုင်သော်လည်း အဆိပ်ပြန့်သောအခါ အောက်သို့ ပြန်ကျရပုံကို နမူနာပြပြီး ဟောသည်။ ကမ္မသကတာဉာဏ် အားကိုးလောက်ပုံကိုလည်း ယနေ့ ပယ်ပါဟု ဆိုသည်။ ကမ္မသကတဉာဏ်က သုဂတိ ဘုံလောက်ပဲ ပျံတက်နိုင်သည်။ နောက်ဆုံး အပါယ်ကို ပြန်ကျနိုင်သည်။ အားမကိုးလောက်ပုံကို ပြသည်။ [နှာ-၅၈၅] ဒါဖြင့် ဘယ်ဉာဏ်ကို အားကိုးရမလဲ။ နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာ ရှိသည်။ ဒုတိယဉာဏ်၊ ရုပ်နာမ်ကို ခွဲသိသောဉာဏ်၊ ဒါကို အားကိုးရမလား။ ဒီဉာဏ်ကို အားကိုးလျှင်လည်း စူဠသောတာပန်ပဲ ဖြစ်သည်။ ခဏတစ်ဖြုတ်ပဲ အပါယ်က လွတ်သည်။ မသိခင်တုန်းက တော့ စူဠသောတာပန်လောက် ဆိုလျှင် တော်သေးသည်ဟု ပြောချင် ပြောမည်။ တစ်ဘဝ၊ နှစ်ဘဝ အပါယ်က လွတ်ရုံဖြင့် မကျေနပ်သင့်ပေ။

ဒီခေတ်မှာ စူဠ သောတာပန်လောက် ဆိုလျှင် ကျေနပ်ပြီဟု ပြောသူတွေ များနိုင်သည်။ ဆရာတော်က ခဏတစ်ဖြုတ် အပါယ်ဘေး လွတ်တာလောက်က လေးနှင့် သူက ကျေနပ်နေသည်ဟု မနှစ်သက်သော သဘောဖြင့် ဝေဖန်သည်။ [နှာ-၅၈၇] နောက်ဘဝတွေမှာ ဘာဖြစ်မယ် ဆိုတာ သူ မမြင်လို့ ပြောတဲ့ စကားဟု သုံးသပ်ပြသည်။ ပထမ ကမ္မသကတဉာဏ် ထက်တော့ သာသည်။ သို့သော် အမှန်တကယ် အားကိုးအစစ် မဟုတ်သေးဟု သုံးသပ်ပြသည်။ ပစ္စယ ပရိဂ္ဂဟဉာဏ် ဆိုတာက ပဋိစ္စသမုပ္ပာဒ် တရားကို သိသောဉာဏ် ဖြစ်သည်။ သူက သင်္ခါရတရား အားလုံး ပုဂ္ဂိုလ်၊ သတ္တဝါ မရှိ၊ အကြောင်းအကျိုးတွေပဲဟု သိမြင်သောဉာဏ် ဖြစ်သည်။ ဤဉာဏ်လည်း စူဠသောတာပန် အဆင့်လောက်ပဲ ရှိသည်။ ခဏ တစ်ဖြုတ်ပဲ အပါယ်က လွတ်သည်။ နောက်ဉာဏ်က ဖြစ်ပျက် (အနိစ္စ)ကို သိသော ဉာဏ် ဖြစ်သည်။ လက္ခဏာရေး သုံးပါးကို သိသောဉာဏ်၊ ဤဉာဏ်ကို အားကိုး လောက်ပြီ။ ဝိပဿနာဉာဏ် ဖြစ်သည်။ ဆရာတော်က ဒါလောက်နှင့်လည်း မတင်း တိမ်နှင့်ဦးဟု ဆိုသည်။ ဘာကြောင့် ဤသို့ ဆိုသင့်သလဲ။ ဒုတိယဘဝမှာ သူက ပဋိသန္ဓေ နေဦးမည်။ ဇာတိဒုက္ခ လာဦးမည်။ သူက တစ်ဘဝထက် တစ်ဘဝ အထက်ကို တက်မည် ဆိုစေကာမူ တစ်ဘဝ နေရ၊ တစ်ဘဝ သေရတာ တစ်ဘဝ နစ်နာသည်။ ရှေးက ပြခဲ့သော အောက်ဉာဏ်တွေနှင့် နှိုင်းစာလျှင်တော့ ကောင်းပါ သည်။ တကယ့် အစစ်အမှန် အကောင်းလား ဆိုလျှင် သစ္စာသိသော သစ္စာဉာဏ် လောက်တော့ မကောင်းသေးပါ။ ဘာကြောင့်လဲ။ တစ်ဘဝနေလျှင် တစ်ဘဝ ဒုက္ခရောက်ဦးမည် ဖြစ်သောကြောင့် ဖြစ်သည်။

ဒါကြောင့် စင်းလုံးချော အကောင်းကြီး မဟုတ်သေးဟု ဆိုသည်။ [နှာ–၅၉၀] ဒုက္ခစပ်သိမ်း ချုပ်ငြိမ်းမှ၊ ဘာဒုက္ခမှ မရှိမှသာ ကောင်းသည်။ ဒါကြောင့် ဒုက္ခအားလုံး ချုပ်သော လောကုတ္တရာ မဂ်ဉာဏ် လေးဆင့်ကို ရမှသာ အကောင်းဆုံးဟု ယူရမည် ဆိုသည်။ ဒါဖြင့် မဂ်ဉာဏ်မှတစ်ပါး အားကိုးစရာ မရှိဘူးဟု နားလည်ရမည်။ သောတာပန် (ဝိပဿနာဉာဏ်) ရလျှင်ပင် အပါယ်တော့ မကျတော့ဘူး။ ဘဝတွေထဲမှာ ဖြစ်ရဦးမည်။ တစ်ဘဝဖြစ်လျှင် တစ်ဘဝ နစ်နာသည်။ [နှာ–၅၉၂] မဂ်ဉာဏ် လေးဆင့်လုံးကို ရောက်မှသာ အကောင်းဆုံး ဖြစ်ကြောင်း ဟောသည်။ ထိုမဂ်ဉာဏ် လေးဆင့်ကိုသာ အားကိုးရမည်ဟု ဟောသည်။ [နှာ–၅၉၃] ထိုဉာဏ်ကို ရောက်အောင် ဆရာဘုန်းကြီးက အကူအညီ ပေးမယ်ဟု ဆိုသည်။ ဤသို့ ဟောပြီးနောက် မိမိ ခန္ဓာဝန် ချတော့မည်ကို သိသာစေရန် ဤသို့ဟောသည်။ 'ဘုန်းကြီးတို့လည်း ကြီးပြီ၊ နောင်ကို ဒီသာသနာနှင့် ကြုံဖို့ ခဲယဉ်းတယ်လို့ ဆုံးဖြတ်ချက်ချ၊ နောင်ကို ဒီသာသနာ မရှိတော့ဘူး၊ ကွယ်တော့မယ်'ဟု ဟောသည်။ ပြီးမှ 'သြော်၊ အဆီအနှစ်တွေလည်း ရပြန်ပြီ။ မကွယ်ခင် မီရုံရှိတဲ့ ပုဂ္ဂိုလ်တွေမို့ မြန်မြန် လုပ်လိုက်၊ မီရုံရှိတယ်၊ ရထားက ထွက်ခါနီးနေပြီ' ဟုလည်း ထပ်ဆင့် သတိပေးသည်။ ခန္ဓာဝန် ချရန် နာရီပိုင်းပဲ လိုတော့သည်ကို သိစေလို၍ ထပ်ခါ ထပ်ခါ ပြောနေဟန် တူသည်။

ထို့နောက် ဒိဋ္ဌိလွတ် တရားကို နာရသူများအား 'ခင်ဗျားတို့ ကျုပ်တို့က ယခု အချိန်ရှိသေးလို့ ရထားထွက်ခါနီး တက်မိသေးတယ် ဆိုတာဟာ ဘုန်းကြီး အသားယူ ပြောနေတယ်လို့ မထင်လိုက်ကြနဲ့'ဟု ဟောပြန်သည်။ ဉာဏ်အမြင်နှင့် ကြည့်ပြီးတော့ မြန်မြန်သာ လုပ်ကြပေတော့ ဟုလည်း ထပ်ဆင့် တိုက်တွန်းတော်မူသည်။ ဆရာတော်၏ မဟာကရုဏာကို ဖော်ပြခြင်း ဖြစ်သည်။ ပြီးမှ မဇ္ဈိမပဋိပဒါ အလယ်လမ်းကို ရှင်းပြဦးမယ်ဟု ဆိုသည်။ [နှာ–၅၉၆] ဖြစ်တာကို သိလျှင် ဥစ္ဆေဒဒိဋ္ဌိ စင်သည်။ ပျက်တာကို သိလျှင် သဿတဒိဋ္ဌိ စင်သည်။ ဒါကြောင့် ဖြစ်ပျက်မြင်လျှင် အလယ်လမ်းကို ရောက်ပြီဟု ဆုံးဖြတ်ချက်ချဟု ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

○

**ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၃၅) ပြီး၏။**

[illegible]

[illegible]

[illegible]

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၃၆)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၃၆)

**အမှာစာ**

ဤစာအုပ်ကိုလည်း ဆရာကြီး ဦးသံဒိုင် ကွယ်လွန်ပြီးနောက် ကာလအတန်ကြာ ၁၉၉၆ ခုနှစ် လောက်မှ စီစဉ်ထုတ်ဝေခြင်း ဖြစ်သည်။ ယခင် စာအုပ်များမှာ ဆရာကြီး ဦးသံဒိုင်က နိဒါန်း ရေးသည်။ နောက်ပိုင်းထုတ် စာအုပ်များတွင်မူ မိုးကုတ် ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့က အမှာစာ ရေးသည်။

ဤစာအုပ်တွင် ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဟောခဲ့သမျှ တရားများထဲက ၁၉၆၁ ခုနှစ် ကုန်ပိုင်းမှာ ဟောကြားတော်မူခဲ့သော တရားများကို ရွေးချယ်တင်ပြထားသည်။ ထိုကာလတွင် ဆရာတော်သည် "နိဗ္ဗာန်"အကြောင်းကို ဦးစားပေးပြီး ဟောကြားနေကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် ဤစာအုပ် နိဒါန်းတွင် အဖွဲ့ချုပ်က အမှာစာ ရေးရာမှာလည်း နိဗ္ဗာန်နှင့် ပတ်သက်သမျှ အယူအဆများကို ထုတ်နုတ် တင်ပြထားသည်။

ထိုအယူအဆများတွင် နိဗ္ဗာန်ကို သဘော မတူဘဲနှင့် ဝိပဿနာ အားထုတ်နေလျှင် မရပါ ဆိုသော အယူအဆ။ ထိုအယူအဆမှာ ဝိပဿနာ မလုပ်ခင်ကပင် ဉာတပရိညာဖြင့် နိဗ္ဗာန်ဆိုသော သဘောကို နားလည်အောင် လေ့လာ ဆည်းပူးထားသည် ဆိုသော အမြင်ဖြစ်သည်။

နောက်အယူအဆမှာ နိဗ္ဗာန်သည် လူတိုင်းနှင့် ဆက်ဆံလား၊ ဘယ်သူမဆို ရနိုင်သော တရားလား ဆိုသော အယူအဆ ပုစ္ဆာ ဖြစ်သည်။

တတိယ အယူအဆမှာ နိဗ္ဗာန်သည် အရှိ တရားလား ဆိုသော အယူအဆဖြစ်သည်။ နိဗ္ဗာန် ရှိသည်။ သို့သော် ကာလ သုံးပါးက လွတ်သော သဘောဖြင့်

ရှိသည် ဆိုသော အယူအဆ ဖြစ်သည်။ ထိုသဘောကို ကာလ သုံးပါး၌သာ အသက်ရှင်နေသော ပုထုဇဉ် လူသားများ နားလည်ရ ခက်သည်။

ကာလ သုံးပါး ထဲမှာ နိဗ္ဗာန် မရှိဟု ဆိုလျှင် နိဗ္ဗာန်သည် အရှိတရား မဟုတ်ဘူးဟု ဆိုရမလား ဆိုသော ပုစ္ဆာ ဖြစ်သည်။ အဖြေမှာ နိဗ္ဗာန်သည် အရှိ တရား ဖြစ်သည်။ ကာလ သုံးပါး၌ မထည့်သော်လည်း အားထုတ်သော အခါမှာ ပေါ်လာသော တရား ဖြစ်သည်။ ဝါးထဲမှာ မီးမရှိသော်လည်း ဝါးနှစ်လုံးကို ပွတ်သောအခါ မီးထွက်လာပုံ ဥပမာဖြင့် ဖြေထားသည်။

နိဗ္ဗာန်မှာ လုံးရပ်သဏ္ဌာန် (Form) ရှိသလား ဆိုသော အမေး ဖြစ်သည်။ နိဗ္ဗာန်မှာ လုံးရပ်သဏ္ဌာန် အတည်ဒြပ် မရှိကြောင်း ဖော်ပြသည်။ နိဗ္ဗာန်မှာ လုံးရပ်သဏ္ဌာန် အတည်ဒြပ် မရှိပါလျှင် ထိုနိဗ္ဗာန်ကို အာရုံပြုသည်ဆိုသော စကားသည် အဓိပ္ပာယ် ရှိပါ့မလား ဆိုသော ပုစ္ဆာ ဖြစ်သည်။

နိဗ္ဗာန်မှာ တည်ရာဌာန (Space) ရှိသလား။ နိဗ္ဗာန်သည် ဘယ်နေရာမှာမှ တည်ရာ မရှိဘူးဟု ဖြေသည်။ ဒါဆို နိဗ္ဗာန်သည် တည်ရှိသည်ဆိုတာ မဟုတ်နိုင်ဘူးဟု ယူဆဖွယ် ဖြစ်သည်။ ဤ ပြဿနာကိုလည်း ဖြေထားသည်။ နိဗ္ဗာန်သည် ရှိသော်လည်း ကဲတိုက်၍ မရပါ။ ဉာဏ် (ဝိပဿနာဉာဏ် မဂ်ဉာဏ်)ဖြင့် ထိုးထွင်းမှ ရနိုင်သော တရား ဖြစ်သည်။

နိဗ္ဗာန်ကို ရချင်လျှင် ဘာလုပ်ရမလဲ။ ဤပုစ္ဆာသည် နိဗ္ဗာန်ရကြောင်း နည်းလမ်းနှင့် ဆိုင်သည်။ သမ္မာဒိဋ္ဌိအပြင်မှန်ဖြင့် ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို ဉာဏ်နှင့် ရှုဖန်များမှ ဉာဏ်ရင့်လာမှ ပေါ်လာသည်။ ဖြစ်ပျက်ကို ရှုနေသော ဝိပဿနာဉာဏ်က ဖြစ်ပျက်မရှိသော ဘက် (သခ်ံတမှ အသခ်ံတ ဘက်သို့) ဉာဏ် လှည့်သွားသည်။ ထိုအခါ နိဗ္ဗာန်၏ သဘော ပေါ်လာသည်။ ထိုသဘောကို ပဋိစ္စသမုပ္ပာဒ်နည်းဖြင့် ရှင်းပြထားသည်။

နိဗ္ဗာန်ကို ဘယ်လို ပုဂ္ဂိုလ်မှ ရနိုင်သလဲ။' ထိုးထွင်း၍ သိရမည့် တရား ဖြစ်သဖြင့် ထိုးထွင်းပြီး သိသော သူမှသာ နိဗ္ဗာန်ကို ရနိုင်သည်။

နိဗ္ဗာန်ချမ်းသာသည် ဘယ်ချမ်းသာနှင့် တူပါသလဲ။ လောကမှာ နိဗ္ဗာန်နှင့် တူသော ချမ်းသာသည် မရှိပါ။ လောကီချမ်းသာဖြင့် နှိုင်းစရာ မရှိပါ။ ဤကား လောကုတ္တရာ ချမ်းသာ ဖြစ်ပါသည်။

နိဗ္ဗာန်သည် ရှိပါလျက် ဘာကြောင့် မတွေ့မြင်ကြရပါ သလဲ။ ဤအမေးကိုလည်း ဖြေသည်။ အဝိဇ္ဇာ အမှောင်ဖုံးနေလို့ နိဗ္ဗာန်ကို မတွေ့နိုင် မမြင်နိုင်ဟု

ဆိုသည်။ ပညာအလင်းရောင် ရမှသာ မဂ်ဉာဏ်ပေါ်မှသာ နိဗ္ဗာန်ကို တွေ့နိုင်ကြောင်းဖြေသည်။

နိဗ္ဗာန်ကို တွေ့ရအောင် ဘယ်လိုလုပ်မလဲ။ နိဗ္ဗာန်သည် ကာလ သုံးပါး၊ အကြောင်း သုံးပါးက လွတ်သော်လည်း မနောဖြင့် တွေ့အောင် ရှာနိုင်သည်။

နိဗ္ဗာန်ကို ဘယ်အနေနှင့် ရှာရမလဲ။ ကိလေသာ စင်ကြယ်သော မနောဖြင့် ရှာရသည်။ ဉာဏ်အမြင် စင်ကြယ်မှ နိဗ္ဗာန်ကို သိမြင်ရသည်။ အမှန်မှာ နိဗ္ဗာန်သည် ဒုက္ခဝပ်သိမ်း ငြိမ်းအေးသွားခြင်း သဘောသက်သက်မျှသာ ဖြစ်သည်။ ဒုက္ခချုပ်ဆုံး သွားသဖြင့် ကျန်ရစ်သော အေးငြိမ်းမှု ချမ်းသာသုခ၊ သန္တိသုခသည် နိဗ္ဗာန်ပင် ဖြစ်ကြောင်း ဖော်ပြထားသည်။

အထက်ပါ အယူအဆ အမျိုးမျိုးကို မိလိန္ဒ မင်းကြီးက မေး၍ အရှင်နာဂသေနက ဖြေကြားထားခြင်း ဖြစ်ကြောင်း ဤအမှာစာတွင် ဖော်ပြထားသည်။

*

### ၁။ နိဗ္ဗာန်အကြောင်း၊ ဒုက္ခပျောက်ဆေး၊ မဂ်ရေအေး

[ ၆-၈-၆၁ ခု က အမရပူရမြို့ ခမ္ဘာရုံမှာ ဟောသောတရား ]

တရားနာတယ်ဆိုတာ သံသရာမှ ပြတ်တဲ့တရားကို အသက်ရှင်တုန်း နာကြရတာဟု အစချီလျက် ဤတရားကို ဟောတော်မူသည်။

ထို့နောက် ဒီခန္ဓာဟာ သံသရာလို့ မှတ်ကြဟု ဆိုသည်။ ဒီ ဘဝမှာ ခန္ဓာဟာ စုတိ ပြတ်ကျသည်။ စုတိ ဒုက္ခ သစ္စာနှင့် ဤ ဘဝမှာ ဇာတ်သိမ်းသည်။ စုတိပြီး သံသရာဆက်လာရန် အတွက် နောက်ဘဝ ပဋိသန္ဓေ လာသည်။ ကံပစ်ချသလို နေရသည်။ ပဋိသန္ဓေ ဆိုတာလည်း ဇာတိဒုက္ခပင် ဖြစ်သည်။ ဒါကြောင့် ဒုက္ခသစ္စာနှင့် သေပြီး ဒုက္ခသစ္စာနှင့် နေရပြန်သည်။ နောက်ဘဝ နေရပြန်တော့ အိုခြင်းဆိုသော ဇရာဒုက္ခသစ္စာ တရားကြီး လာပြန်သည်။ နာရတာ သေရတာလည်း ဒုက္ခသစ္စာပင် ဖြစ်သည်။ သေပြီးလည်း နောက်တစ်ခါ ဇာတိပဋိသန္ဓေ လာရပြန်သည်။ ဒုက္ခစက် လည်နေသည်။ အဝိုင်းပြေးကြီး ဖြစ်နေသည်။ [နှာ-၃] လူ့ဘဝ လူ့ခန္ဓာ၊ နတ်ဘဝ နတ်ခန္ဓာလို့ ပြောတော့ပြောနေကြသည်။ လက်တွေ့ကတော့ ဒုက္ခသစ္စာချည်း ဖြစ်သည်။ အပြောနှင့် လက်တွေ့မှာ တခြားစီ ဖြစ်နေသည်။ [နှာ-၄] ဆရာတော်က သတိပေးသည်။

အပြောကို မယုံနှင့် လက်တွေ့ကိုသာ ယုံပါဟု ဆိုသည်။ ဤဖြစ်စဉ် ဘယ်လောက် ကြာခဲ့ပြီလဲ။ ဘုရားဉာဏ်နဲ့တောင် အစရှာမတွေ့ဘူးဟု ဆိုသည်။ ဉာဏ်ဖြင့် သိရသည်။ သစ္စာကို မသိခဲ့၍ ဖြစ်သည်။ /နှ၁-၅/ ဤ ဒုက္ခ စက်ကြီး
ဉာဏ်ဖြင့် သိရသည်။ သစ္စာကို မသိခဲ့၍ ဖြစ်သည်။ [နှ၁-၅] ဤ ဒုက္ခ စက်ကြီး
လည်နေသည့် အဖြစ်ဆိုး ရောဂါဆိုးကို ဘုရားက တရားဆေးဖြင့် ကုစားလိုသည်။ သနား၍ ဖြစ်သည်။ ဘုန်းကြီး ကလည်း ယနေ့ သစ္စာဆေးကို တိုက်ကျွေးတော့မည်ဟု ဟောသည်။ [နှ၁-၆] ဆေးမိသေးသည်။ ဆေးမိ၍ ဆေးသောက်သော ပုဂ္ဂိုလ်များ ဒုက္ခစက်လည်ခြင်း ဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်သေးသည်။ အာဠာရ ရသေ့ကြီးကို ဘုရားက သစ္စာသိသောအခါ သစ္စာဆေး တိုက်ကျွေး မည်ဆိုတော့ အသေစော၍ ဆေးမမိလိုက်တော့ပါ။ ကံမ္ဘာပေါင်းများစွာ ဒုက္ခ သံသရာစက်ကြီး လည်နေဦးတော့မည်။ နစ်နာသွားပြီ။ [နှ၁-၆] ဥဒကရသေ့ကြီးလည်း အသေ တစ်ရက်တည်း စောသွားသည်။

ထို့နောက် ဘုရားဖြစ်ပြီးနောက် ဘုရားက ပဉ္စဝဂ္ဂီငါးဦးကို သစ္စာဆေး တိုက်ကျွေးဖို့ ဆုံးဖြတ်သည်။ သူတို့က ဆေးမိသွား ကြသည်။ [နှ၁-၈] ယနေ့ ဆရာတော်ကလည်း သစ္စာဆေး တိုက်ကျွေးမည် ဆိုသည်။ တရား နာကြသူတွေ တရား အားထုတ်ကြသူတွေ ဆေးမိသူများ ဖြစ်ကြသည်။ သို့သော် ဆေးမိပါလျက် ဆေးရှိပါလျက် မသောက်မိ၍ နစ်နာသွားသည့် အရေးသာလျှင် ဝမ်းနည်းစရာ ကောင်းသည်။ ဆေး မမိ၍ မသောက်ခဲ့ကြရသူတွေ အတွက်က လွန်သွားပြီဖြစ်၍ ဝမ်းနည်းစရာ မလိုတော့ဟု ဆိုသည်။ ထို့နောက် သစ္စာဆိုတာ ခန္ဓာငါးပါး ထဲက တစ်ပါးပါး ဖောက်ပြန်တာ သစ္စာသာ မှတ်ဟု တိတိကျကျ ဟောသည်။ ပြတ်ပြတ်သားသား ဆိုသည်။ နားဝင်အောင် ဟောပါသည်။ [နှ၁-၉] ခန္ဓာထဲ ပေါ်လာသော ပြစ်မှုကလေးတွေ၊ ပျက်မှုကလေးတွေသည် သစ္စာ ဖြစ်သည်။ ရုပ်ဖြစ်ဖြစ်၊ စိတ်ဖြစ်ဖြစ်၊ ဝေဒနာ ဖြစ်ဖြစ် ပေါ်ပြီး ပျောက်သွားတာဟာ ဒုက္ခသစ္စာပဲ ဖြစ်သည်။ ဥဒကတို့ အာဠာရတို့မှာ ခန္ဓာ ရှိသော်လည်း ထိုခန္ဓာဖြစ် ပျက်နေတာ သစ္စာမှန်း သိမသွားကြဘူးဟု ဆိုသည်။ သစ္စာကို သိတာသည် ဉာဏ်ပဲ ဖြစ်သည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ ဖြစ်သည်။ [နှ၁-၁၀] မဂ္ဂသစ္စာ ဆိုတာ ဉာဏ်ပဲ ဖြစ်သည်။

သံသရာ တစ်လျှောက်လုံး ကျင်လည်ခဲ့ရတာ ဤ ဉာဏ်မပေါ်၍ ဖြစ်သည်။ မဂ်ရေစင်ဆေး မသောက်ခဲ့ရလို့ဟု ဆိုသည်။ [နှ၁-၁၂] ခန္ဓာကိုယ်ထဲ ဖြစ်ပျက်

ရှုပါဆိုတာ မင်္ဂရေစင် သောက်ပါဟု ဆိုခြင်း ဖြစ်ကြောင်း ဟောသည်။ ကမ္ဘာပေါင်းများစွာ ဒုက္ခ စက်သံသရာ လည်ရမှာတွေသည် မင်္ဂရေစင် ဆေးတစ်ခွက်တည်းဖြင့် ပျောက်သည်ဟု ဟောသည်။ အားထုတ်ချင်စိတ် ဖြစ်ပေါ်အောင် ဟောခြင်း ဖြစ်သည်။ မင်္ဂရေစင် ဆေးကို သောက်ဖြစ်အောင် သောက်ဖို့ တိုက်တွန်းတော်မူသည်။ ကြီးမားသော ကရုဏာ အင်အားကို တွေ့ရသည်။ ဖြစ်ပျက်ရှုတဲ့ မင်္ဂကို မကြိုက်လည်း ရှု၊ ကြိုက်လည်း ရှု ရမှာပဲဟု ယတိပြတ် နှိုးဆော်သည်။ [နာ–၁၃] အချိန်မီ သေးသည်။ ဖြစ်ပျက် ရှုလိုက်လျှင် မင်္ဂရသေးသည်။ ဒကာ ဒကာမများက အကြောင်း အမျိုးမျိုးပြပြီး တရား အားမထုတ်ဘဲ နေကြတာကို ကလေးမိုက် မိုက်နေတာဟု ဆိုသည်။

ဒါကြောင့် ဖွတ် တိုက်တွန်းနေရတာဟုလည်း ဖျောင်းဖျ ပြောဆိုသည်။ ဘယ်အပေါ် ကြိုးစားရမလဲ ဆိုလျှင် ခန္ဓာအပေါ် ဉာဏ်နှင့် လျှောက်ပြေးပါဟု ဟောသည်။ [နာ–၁၅] ခန္ဓာပေါ် ဉာဏ်ဖြင့် လျှောက်ပြေးသောအခါ ဖြစ်ပျက်ကို တွေ့ရသည်။ သခါရနှင့် အနိစ္စပဲ ရှိသည်။ ခန္ဓာတစ်ပါးပါး ရှုနေ၊ ရှုသော ဉာဏ်သည် မင်္ဂရေစင်ဆေးကို သောက်သုံး နေသည်ဟု ဆိုသည်။ [နာ–၁၆] ရှုရင်း ဝိပဿနာ မင်္ဂဝမ်းထဲကို ရောက်လာတော့ ကိလေသာတွေ ပါးလာသည်။ ကိလေသာ ပါးရတာ ရှုဉာဏ် မင်္ဂဓားဖြင့် ခုတ်လို့ဟု ဆိုသည်။

ထို့နောက် တဏှာများသူ ဝေဒနာရှု၊ ဒိဋ္ဌိများသူ စိတ်ရှု၊ ပညာစရိုက်ရှိသူက သစ္စာရှု (ဓမ္မာနုပဿနာ)ဉာဏ်ထိုင်းသော ပုဂ္ဂိုလ် ရုပ်ရှုဟု ဆိုသည်။ စရိုက်နှင့် သတိပဋ္ဌာန်ကို ညှိပေးခြင်း ဖြစ်သည်။ အနာနှင့်ဆေး သင့်အောင် ပေးနေသည်ဟု ဆိုသည်။ [နာ–၁၇] ရှုလျှင် ဖြစ်ပျက် ပေါ်လာသည်။ ဖြစ်ပျက် အဆုံးလိုက် လိုက်လျှင် မဂ္ဂသစ္စာကြီး ပေါ်လာသည်။ တစ်မင်္ဂပေါ်လျှင် သောတာပန်၊ နှစ်မင်္ဂပေါ်လျှင် သကဒါဂါမ်၊ ဉာဏ်အဆင်ဆင့် (လေးဆင့်ထိ) တက်သွားသည်။ ရဟန္တာ ပုဂ္ဂိုလ် စုတိစိတ် ကျသွားလျှင် ဘယ်ရောက်သွားသလဲ ဆိုလျှင် ဘယ်မှ မရောက် ဒုက္ခတွေ ဓာတ်သိမ်းသွားသည်။ [နာ-၁၉] ပဋိစ္စသမုပ္ပာဒ် ချုပ်သွားပြီ။ ပုထုဇဉ် သေသောအခါ ခန္ဓာဝန် တစ်ခုကို ချပြီး နောက် ဒုက္ခဝန်ကို ထမ်းသည်။ အသေ ဒုက္ခပြီးတော့ အနေ ဒုက္ခကို ယူလိုက်သည်။ ရဟန္တာက နိဗ္ဗာန်ကို မျက်မှောက်ပြုသွားသည်။ နိဗ္ဗာန် ဆိုတာ ဒုက္ခသိမ်းတာ ဖြစ်သည်။ [နာ–၂၂] အသေ ဒုက္ခသိမ်းပြီး၊ အနေ ဒုက္ခ မလာတာ နိဗ္ဗာန်ပဲဟု ဆိုသည်။

ရဟန္တာ ပရိနိဗ္ဗာန် ပြုလျှင် ဘာမှ မဖြစ်တာ မဟုတ်။ ဒုက္ခ ရုပ်သိမ်း ငြိမ်းအေးခြင်းသို့ ရောက်သွားသည်။ ရဟန္တာ၏ စုတိစိတ် နောက်မှာ ပဋိသန္ဓေစိတ် မလာတော့ပါ။ ရဟန္တာ သေပြီး ဘာဖြစ် သေးသလဲ၊ ဘယ်ရောက်သွားသလဲ မေးလျှင် သဿတ ဒိဋ္ဌိ၊ ဘယ်မှ မရောက် တော့ဘူး။ ဘာမှ မဖြစ်တော့ဘူး ဆိုလျှင်လည်း ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်သည်။ ထို့နောက် ဒုက္ခခပ်သိမ်း ငြိမ်းအေးခြင်းသဘော ရှိသော နိဗ္ဗာန် အကြောင်းကို စဟောသည်။ [နှာ-၂၆]

ထို့နောက် အရှင်ယမက ဝတ္ထုကို ဟောသည်။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာ သီတင်းသုံးနေတော်မူစဉ်က ဖြစ်သည်။ ယမက ဆိုသော ရဟန်းငယ် တစ်ပါး စိတ်ထဲမှာ ဤသို့ အကြံအစည် ဖြစ်ပေါ် လာသည်။ ရဟန္တာ သေသော အခါ ဘာမှ မဖြစ်တော့ဘူးဟု ဥစ္ဆေဒ ဒိဋ္ဌိ အယူကို သူ ယူထားလိုက်သည်။ ဒုက္ခ သိမ်းသွားတာ ဖြစ်တယ်ဟု သူ နားမလည်ဘဲ ဘာမှ မဖြစ်တော့ဘူး။ ပျောက်ဆုံး သွားသည်ဟု သူက ယူထားသည်။ အနာပေါက်ခြင်း ဥပမာဖြင့် ပြသည်။ အနာ ပေါက်လျှင် ဆင်းရဲသည်။ ကုသ၍ အနာပျောက်ကင်းလျှင် ချမ်းသာသည်။ ဒုက္ခ ဖြစ်တာက ဆင်းရဲ၊ ဒုက္ခ ချုပ်ငြိမ်းသွားတာက ချမ်းသာ ဖြစ်သည်။ ကွာခြားပါ သည်။ သူ့အယူကို တခြား ရဟန်း သံဃာတွေက ကန့်ကွက်ကြသည်။ သူက အလျှော့မပေးဘဲ သူ့အယူကိုပဲ ကိုင်စွဲထားလေသည်။[နှာ-၂၉]

ထိုအခါ အရှင်သာရိပုတ္တရာ ကြားသိသွားပြီး ယမကကို ခေါ်ယူ ဆုံးမတော် မူသည်။ အရှင်သာရိပုတ္တရာက ရဟန္တာ ဆိုတာ ပညတ်ဖြစ်ကြောင်း၊ အခေါ်ပဲ ရှိကြောင်း၊ တကယ်ရှိ အမှန်ရှိက ခန္ဓာ ငါးပါးဖြစ်ကြောင်း ပေါ်အောင် ယမကကို ပြသည်။ ရုပ်သည် ရဟန္တာ မဟုတ်၊ ဝိညာဉ်သည် ရဟန္တာ မဟုတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရသည်လည်း ရဟန္တာ မဟုတ်၊ ရဟန္တာဆိုတာ နဂိုကပင် အရှိတရား မဟုတ်ပုံကို ပြသည်။ မရှိသည့် ပစ္စည်းသည် ပျောက်ပျက်သွားသည်ဆိုသော စကား သည် မှန်သော စကား မဖြစ်နိုင်ပါ။ ဝိဘဇ္ဇနည်းဖြင့် ခွဲခြမ်း စိတ်ဖြာ ပြသည်။ အစကပင် မရှိသော ပစ္စည်းသည် ယခု ပျောက်သွားသည်ဆိုလျှင် ထိုစကား သည် ယုတ္တိမရှိကြောင်း သိသာသည်။ အရှင်သာရိပုတ္တရာက ယမထ ရဟန်း ဥစ္ဆေဒဒိဋ္ဌိ အရှုံးထပုံကို ပေါ်အောင် ပြသည်။

တရား အဆုံးမှာ ယမက ရဟန်းသည် သောတာပန် တည်သွားသည်။ ပြီးမှ ခန္ဓာ ငါးပါး ကြိုက်ရာကို ဖြစ်ပျက်ရှုပါ။ ဖြစ်ပျက် မြင်လျှင် ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းလျှင် နိဗ္ဗိန္ဒဉာဏ်၊ ဆုံးသွားလျှင် မဂ်ဉာဏ် ဖြစ်ပေါ်ကြောင်း ပြပြန်

သည်။ [နာ-၃၁] အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ရှုပြီး သစ္စာ မြင်လိုက်တာနှင့် ယမက သောတာပန် တည်သွားသည်။

ထို့နောက် အရှင်သာရိပုတ္တရာက အမြင်မှန် ရ မရ သိရအောင် စိစစ်သည်။ ခန္ဓာငါးပါးမှာ ဘယ်ခန္ဓာသည် ရဟန္တာလဲဟု မေးသည်။ ရဟန္တာ မရှိကြောင်း ယမက နားလည်သွားသည်။ ခန္ဓာငါးပါးသည် ဖြစ်ပြီးပျက်သော တရားဖြစ်သည်။ ဒုက္ခသစ္စာ ဖြစ်သည်။ ဒါဖြင့် နိဗ္ဗာန် ဆိုတာ ဘာလဲဟု ယမကကို အရှင်သာရိပုတ္တရာက မေးသည်။ ထိုအခါ ယမကက ဒုက္ခချုပ်ဆုံးသွားတာ နိဗ္ဗာန်ပါ ဘုရား ဟု အမှန်အတိုင်း ဖြေနိုင်သည်။ [နာ-၃၄] ရဟန္တာ သေလျှင် ဘာမှ မဖြစ်တော့ဘူး ဆိုသော ယမက၏ ရှေးက စကားကိုလည်း သူ သောတာပန် ဖြစ်သောအခါ ပြင်နိုင်းသည်။ ယမကက ရဟန္တာ သေလျှင် ဒုက္ခ ကုန်ပြီ ဒုက္ခ ချုပ်ငြိမ်း၊ ရုပ်သိမ်းသွားပြီဟု ဖြေလေသည်။ [နာ-၃၅] ဖြစ်ပျက် မြင်အောင်ရှု၊ ဖြစ်ပျက် မုန်းအောင်ရှု၊ နောက်ဆုံးမှာ ဖြစ်ပျက်မြင်သော ဉာဏ်သည် နိဗ္ဗာန် (ဒုက္ခအဆုံး)ကို တွေ့မည် ဖြစ်၏။ [နာ-၃၅] ဤတွင် အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၂။ ကံကောင်းလို့ နိဗ္ဗာန် ရောက်လိမ့်မည်လို့ မယူပါနှင့်

[ ၆-၈-၆၁ ခု နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

သတ္တဝါသည် မှားတာကို မှားမှန်း မသိလို့ ပြင်မယ် ဆိုသော စိတ် ဘယ်တော့မှ မပေါ်ဟု အစချီပြီး ဟောသည်။

ဘုရား တစ်ခါ ပွင့်ပြီး သာသနာ ထားခဲ့၍ ဟောတတ် ပြောတတ် သင်ပြတတ်သော ပုဂ္ဂိုလ် ပေါ်လာမှ ပြုပြင် ပေးမှ မှားမှန်း သိတော့သည်။ အမှား ဆိုတာ ရုပ်နာမ် ဓမ္မတွေကို နိစ္စတွေ၊ သုခ တွေ၊ အတ္တ တွေ၊ သုဘ တွေဟု ယူဆ နေခြင်းကို ဆိုလိုသည်။ အမှားကို အမှန်မြင်အောင် ပြုပြင် ပေးသူတွေ ပေါ်လာမှသာ ရုပ်နာမ် ဓမ္မတို့သည် အနိစ္စ တွေ၊ ဒုက္ခ တွေ၊ အနတ္တ တွေ၊ အသုဘတွေပဲ ဆိုတာကို သိမြင်နိုင်ကြသည်။ မဟုတ်လျှင် အမှားနှင့်နေပြီး အမှားနှင့်ပဲ သေကြသည်။ ဒါကြောင့် လူ့ပြည် ရောက်ခိုက်မှာ ခေါင်းဆောင်ကောင်း တစ်ယောက်ကို မတွေ့ပါက မိဖရိုးရာ အမှားနှင့်ပဲ နေတတ် သွားတော့သည်။ အမှားနှင့်နေ အမှားနှင့်သေလျှင် ထိုသူတို့၏ ရောက်ရာဌာနကား အပါယ် လေးပါး ဖြစ်သည်။ ပြုပြင် ပေးမည့် ဆရာကောင်း ရှိတုန်းမှာ မိမိတို့ကလည်း အမှား ပြင်လိုကြလျှင် အမှန်ကို ရောက်မည်။ အမှန် ဆိုတာ

သမ္မာဒိဋ္ဌိ ဖြစ်သည်။ သမ္မာဒိဋ္ဌိက နိဗ္ဗာန်ကို ကျေးဇူး ပြုသည်။ ခန္ဓာငါးပါးက ရထားတာ ဖြစ်သည်။

ထိုခန္ဓာငါးပါးအပေါ်မှာ အမှတ်မှား၊ အသိမှား၊ အယူမှား ဆိုသော အမှား (ဝိပလ္လာသ) သုံးချက် ရှိသည်။ ခန္ဓာ ငါးပါးကို သားလို့ထင်လျှင် အမှတ်မှားပြီ သားမို့ ချစ်ရခင်ရမှာပဲဆိုလျှင် အသိမှားပြီ။ ဒီသားပဲ အားကိုးစရာ ရှိတယ် ဆိုလျှင် အယူမှား ဖြစ်ပြီ။ ဤကဲ့သို့ အမှားမျိုးမှာ တစ်နေ့ဘယ်နှကြိမ် ဖြစ်သလဲ၊ အကြိမ်ပေါင်း မရေမတွက်နိုင် ဖြစ်သည်။ [နာ–၄၁] ဤအမှား သုံးချက် အထပ်ထပ် ဖြစ်နေလျှင် အမှား တံတိုင်းကြီးက ထုထည် ကြီးမားလွန်းနေပြီ။ ထုထည် ကြီးမားသော တံတိုင်းကြီး သုံးထပ်က မြင့်မြင့်မားမား ကာထားသည်။ တံတိုင်းကြီးကြားမှာကလည်း အဝိဇ္ဇာမှောင်ပိန်း နေသည်။ [နာ–၄၂] ဘာကြောင့် ဒီအမှား တံတိုင်းကြီး ထူအောင် ထပ်ဆင့်နေသလဲ။ ဘုရား အဆူဆူနှင့် လွဲပြီး မကျွတ်ချင်လို့ဟု ဆိုသည်။ ဘာကြောင့် ဘုရားအဆူဆူ ပွင့်တာ မကျွတ်ဘဲ ကျန်ရစ်ခဲ့သလဲ၊ အမှားတံတိုင်းကြီး ကာဆီးထားပြီး ဘုရား မကြွနိုင်အောင် ပိတ်ထား ကာထားလို့ဟု ဆိုသည်။ မကျွတ်တာ ကံမကောင်းလို့ မဟုတ်ဘူး။ မိုက်လုံးသန်နေလို့ ဖြစ်သည် ဆို၏။ [နာ–၄၄]

ဒီတစ်ခါ ဆရာကောင်းနှင့် ကြုံကြိုက်ခြင်းသည် ကောင်းသော ကြုံကြိုက်ခြင်း ဖြစ်သည်။ အမှား သုံးချက်ကို ဖြိုခွဲနိုင်သော ဉာဏ် မရ ရအောင် လုပ်ပြီး နိဗ္ဗာန်ကို သွားတော့မည်ဟု ဆုံးဖြတ်ချက်ချဖို့ တိုက်တွန်းသည်။ ဒီ အမှား သုံးချက်ကို မပြင်နိုင်လျှင် နေခြင်းဆိုးနှင့် သေခြင်းဆိုးပဲဟု မှတ်ပါ ဆိုသည်။ [နာ–၅၀] တဏှာ အပြင်မှာ စီးပွားရေး၊ ကြီးပွားရေးကို ဦးစားပေးသည်။ ဉာဏ်အမြင်မှာ နက်ဖြန် သေမည်ဆိုပါက ကြီးပွားတာလည်း အလကားပဲ ဖြစ်သွားပုံကို ပြသည်။ အမှား သုံးချက် ပြင်လျှင် ရဟန္တာ ဖြစ်နိုင်သည်ဟု ဆိုသည်။ ထိုအယူအဆကို ရှင်းပြထားသည်။ [နာ–၅၃] ၃ နံပါတ်မှာ ဒိဋ္ဌိ ဝိပလ္လာသကို မြင်လျှင် ပထမ နိဗ္ဗာန် သောတာပန် ဖြစ်သည်။ ပညာဝိပလ္လာသကို ကုန်လွန် သကဒါဂါမိ၊ အနာဂါမ် ဖြစ်သည်။ ၂ နံပါတ် စိတ္တဝိပလ္လာသကို ကျော်လျှင် စတုတ္ထနိဗ္ဗာန်၊ အမြင့်ဆုံး အမြတ်ဆုံးကို ရောက်သည်။ ရဟန္တာ ဖြစ်သည်ဟု ရှင်းပြသည်။ */နာ-၅၄/*

ဤဝိပလ္လာသများကို ပယ်နည်း ရှားနည်းသည် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် မှတစ်ပါး အခြား မရှိပါ။ ဝိပဿနာအလုပ် မဂ်ဉာဏ်အလုပ်ကို မလုပ်ဘဲ နိဗ္ဗာန်ကို မရနိုင်ပါ။ ထို့နောက် ဝိပလ္လာသ ၁၂ မျိုးဖြစ်ပုံကို ပြသည်။ ခန္ဓာကိုယ်ထဲမှာ

သင္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ ဆိုသောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ ရှိသည်။ ၃၂ ကောဋ္ဌာသသည် အသုဘပဲရှိသည်။ ထို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘအပေါ်မှာ အမှတ်မှား၊ အသိမှား၊ အယူမှားသည် ဝိပလ္လာသ ၁၂ ချက် ဖြစ်သွားသည်။ အမှား ၁၂ ချက် ဖြစ်ပုံကို ရှင်းပြသည်။ [နာ–၆၁]

ထို့နောက် ထိုအမှားများကို အသိနှင့် ပယ်၍ မရကြောင်း၊ အလုပ်နှင့် ပယ်မှသာ ရနိုင်ကြောင်းကို ဆက်ဟောသည်။ [နာ–၆၂] သိဖို့ပဲ အရေးကြီးတယ်။ သိရင် ပြီးတာပဲဟု ယူဆနေသူများကို ဝေဖန်ထားသည်။ ပွားမှု မပါဘဲ သောတာပန် တည်သည် ဆိုသော အချက်ကို ဆရာတော်ကြီး ပြတ်ပြတ်သားသား ဝေဖန်ပြီး ပယ်ထားသည်။ နဂိုက ပျင်းရတဲ့ အထဲမှာ ဒါမျိုးတွေ သွားပြော တော့ တစ်သံသရာလုံး နစ်နာသွားနိုင်တယ် ဟု ပြတ်ပြတ်သားသား ဆိုထား သည်။ [နာ–၆၂] အမှား (ဝိပလ္လာသ) ၁၂ ချက်မှာ ပထမမဂ်ရလျှင် ရှစ်ချက် ပယ်နိုင်သည် ဆို၏။ ဒုတိယမဂ် တတိယမဂ်ရလျှင် ကျန် လေးချက်ထဲက နှစ်ချက် ပယ်နိုင်သည်။ စတုတ္ထမဂ် ရမှသာ အကုန် ပယ်နိုင်သည်ဟု တိတိကျကျ ရှင်းပြ ထားသည်။ [နာ–၆၃] အလွယ်ပြောနေတာကို မယုံကြနဲ့ လုပ်မှ ရမည့် တရားကို လုပ်ရမှာပဲဟု ထပ်မံ သတိပေးသည်။ [နာ–၆၃] ဉာဏ်စွမ်းရှိသလောက် လုပ်လျှင် ရသည်။ မြန်သည်ကိုလည်း ပြသည်။ ကံစွမ်းကို မထည့်နှင့် ဟုလည်း ဆုံးမသည်။

ထို့နောက် ပယ်သော ဉာဏ်ကို ပြမည်ဆိုသည်။ [နာ–၆၄] ပညာဟိ သေဋ္ဌာလောကသ္မိံ ယာယံနိဗ္ဗေဓဂါမိနီ၊ ယာယ သမ္မာ ပဇာနာတိ၊ ဇာတိဘဝ ပရိက္ခယာ။ (ဣတိဝုတ်ပါဠိ၊ ပညာပရိဟီနသုတ်–၂၁၈) လောကဣ ပညာသာ လျှင် ဝိပလ္လာသတွေကို ထိုးဖောက်နိုင်သည်။ ယာယသမ္မာ ပဇာနာတိ အကြင် ပညာဖြင့်သာ ကောင်းစွာ ဟုတ်တိုင်း မှန်စွာ သိ၏။ [နာ–၆၅] နိဗ္ဗာန်သည် ကံပို့၍ မရောက်နိုင်၊ ဉာဏ်ပို့မှသာ ရောက်နိုင်ကြောင်းကို ရှင်းပြသည်။

နောက်တစ်ခါ ဝိပလ္လာသ ၁၂ မျိုးကို မှတ်မိအောင် ထပ်ရှင်းပြန်သည်။ ဝိပလ္လာသကို မစွန့်ဘဲ ဝိပလ္လာသ တံတိုင်းကြီး ကာထားသည့် အထဲနေပြီး ဆုတောင်းနေလျှင် မရကြောင်း ဟောသည်။ ထိုတံတိုင်းကို ဖယ်ပြီး တောင်းလျှင် ရသည်ဟုလည်း ပြသည်။ [နာ–၆၈] မလုပ်ဘဲ အလကား လိုချင်လို့တော့ မရဟုလည်း ထပ်မံ ဆိုသေးသည်။ လူ့ပြည် နတ်ပြည်ကို ဆုတောင်းပါ ရနိုင် သည်။ နိဗ္ဗာန်ကတော့ ဘာဝေတဗ္ဗကိစ္စနှင့် ပွားများယူမှ ရသည်။ အားထုတ်ရာမှ

ခုနစ်နှစ် အားထုတ်မှ ရသူ ရှိသည်။ ခုနစ်ရက်တည်းနှင့် ရသူလည်း ရှိသည်။ ဉာဏ်စွမ်းပေါ်မှာ တည်ပြီး ကွာသည်ကိုလည်း ပြသည်။ [နှာ–၇၀] ကိလေသာ ထူသူမှာ ကြာသည်။ အားလည်း ထုတ်တာပဲ ရလည်း မရနိုင်ဘူးဆိုလျှင် မည်သည်း ကြနှင့် ကိုယ့်မှာ ကိလေသာထူလို့ပဲဟု မှတ်သင့်ကြောင်း ဟောသည်။ [နှာ–၇၁] ကြာတာ ကိုယ့်အထုပ် ဖြေပြသလိုပဲ၊ ကိုယ့်မှာ ကိလေသာ ထူနေတာ ပြတာပဲဟု ဆိုသည်။

ထို့နောက် လုပ်နည်း ပြသည်။ ဤ ဝိပလ္လာသ တံတိုင်းကြီးကို ကျော်ချင်လျှင် သညာဝိပလ္လာသ၊ စိတ္တာဝိပလ္လာသတွေကို မဟောသေးဘူး။ ဒိဋ္ဌိဝိပလ္လာသကိုပဲ အရင်ဟောမည် ဆိုသည်။ ဒိဋ္ဌိပြုတ်မှ သောတာပန် တည်နိုင်သောကြောင့် ဖြစ်သည်။ ဒိဋ္ဌိဝိပလ္လာသကို အရင်ဖြုတ်ရမည်။ တရားစဉ် တည့်အောင် ဒိဋ္ဌိက အရင်စဖြုတ်ဖို့ ဟောသည်။ [နှာ - ၇၂] လှေကားထစ်ကို အောက်ဆုံးထစ်က စပြီး တက်သလိုပဲဟု ဆိုသည်။ ဒါပယ်နည်းပဲဟု ဆိုသည်။ မဂ်ရချင်လျှင် ပယ်စဉ်ကို နားလည်ရသည်။ ဒါကြောင့် သောတာပန် ဖြစ်ချင်လျှင် ဒိဋ္ဌိကို ပယ်ရသည်။ ပယ်မည်ဆိုလျှင် အနိစ္စကို အနိစ္စဟု မြင်အောင်၊ ဒုက္ခကို ဒုက္ခဟု မြင်အောင်၊ အနတ္တကို အနတ္တဟု မြင်အောင်၊ အသုဘကို အသုဘဟု မြင်အောင် ဟောရသည်။ အဲ့ဒါတွေ ပေါ်အောင် ဟောမှသာ ဒိဋ္ဌိ ပြုတ်သည်။ ဒိဋ္ဌိပြုတ်နည်း နိဿရည်းကို ဟောရန် အချိန်ကုန်၍ တရားကို နားလိုက်သည်။

*

## ၃။ နိစ္စဒိဋ္ဌိပြုတ်ရန် စိတ္တာနုပဿနာ အလုပ်ပေးတရား

[ ၈–၁၂–၆၁ ခုနေ့ အမရပူရမြို့ ဓမ္မာရုံတွင် ဟောသော တရား ]

မိမိတို့ ခန္ဓာကိုယ်ထဲမှာ တရားရှိသည်။ တရားကို နှလုံးသွင်းကြပါဟု တိုက်တွန်းစကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ တရားရှာ ခန္ဓာမှာ တွေ့ရမည်။ ဒါကြောင့် မိမိတို့ ခန္ဓာကိုယ်ကို စောင့်ပြီး ကြည့်ကြပါဟု သတိပေးသည်။ စောင့်ကြည့်လျှင် မျက်လုံးဖွင့်လိုပါက ချေ့သည်နှင့် တူသော မြင်စိတ်ပေါ်သည်။ ထို မြင်စိတ်သည် ယခုပစ္စုပ္ပန်မှာ ပေါ်သည်။ အိမ်က ပါလာသော မြင်စိတ်မဟုတ်ပါ။ ဒါကြောင့် ဘဒ္ဒေကရတ္တသုတ်မှာ ပစ္စုပ္ပန်တည့်တည့် ရှုပါဟု လာကြောင်း ဟောသည်။ [နှာ–၇၈] မြင်စိတ်ပေါ်လျှင် ပေါ်ချင်း သတိ၊ သမာဓိ၊ ပညာက လိုက်ပါ၊ မြင်စိတ်ကလေး ပေါ်ပြီး ချက်ချင်း မရှိတော့ဘူးဆိုတာ

ကို သိမည်။ အလုပ်သင်နေတယ်ဟု သဘောထားဖို့ တိုက်တွန်းသည်။ မရှိတာ ကိုသိတော့ စက္ခုဝိညာဏ် အနိစ္စ ဖြစ်သွားသည်။ မြင်စိတ် သေသွားပြီ။ ဒါကိုသိလျှင် မြင်တာ ငါမြင်တာ၊ သူမြင်တာ မဟုတ်ဘူး။ မြင်စိတ်ကလေးက မြင်ပြီး ပျက်သွားတာပါကလားဟု သိလာလိမ့်မည်။

ဤသို့ရှုမိလျှင် မြင်စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ်ဖြစ်သည်။ [နာ-၇၉] ဤသို့ မသိဘဲ အမှုမဲ့ အမှတ်မဲ့ နေလိုက်ပါက မြင်လျှင် နှစ်သက်သည် နှစ်သက်လျှင် လိုချင်သည် လိုချင်လျှင် စွဲလမ်းသည်။ စွဲလမ်းတော့ အားထုတ်တော့သည်။ မြင်စိတ်နောက်က ဝေဒနာ၊ တဏှာ၊ ဉပါဒါန်၊ ကံတွေ လာသည်။ [နာ-၈၀] အနာဂတ် အကြောင်း သုံးခု ပေါ်လာသည်။ အကြောင်း ပေါ်သောကြောင့် အနာဂတ် အကျိုး အဖြစ် ဇာတိ၊ ဇရာ၊ မရဏ ဆိုသော ဒုက္ခသစ္စာ သုံးခု ပေါ်လာရသည်။ ဒါကြောင့် ပေါ်ရာကို စောင့်ပြီး အနိစ္စ ရှုပါဟု လုပ်ငန်း သင်သည်။ စောင့်ပြီး ရှုသောကြောင့် ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ တဏှာ၊ ဉပါဒါန်၊ ကံ သေသည်။ အနာဂတ် အကျိုး သုံးခုလည်း မလာနိုင်တော့ဘဲ ပြတ်ရပြီ။ ဒုက္ခသစ္စာ မလာအောင်ကို စောင့်ရှုပါဟု နိုင်းကြောင်း ရှင်းပြသည်။ [နာ-၈၁] မြင်ရုံကလေးနှင့် ဘာအပြစ် ရှိသလဲ ဆိုသော စကားမျိုး မသုံးသင့်ဟုလည်း သတိပေးသည်။

ဆရာတော်က စိတ္တာနုပဿနာကို သင်ပေးနေခြင်း ဖြစ်ကြောင်း ဟောသည်။ [နာ-၈၂] စိတ္တာနုပဿနာကို ဉာဏ်သုံးပြီး ဒိဋ္ဌိ များသူတွေ ရှုရသည်ဟု ဆိုသည်။ စိတ္တာနုပဿနာသည် ဒိဋ္ဌိ အပြုတ် မြန်သည်ဟု ဆရာတော် ယူဆကြောင်း ဟောသည်။ [နာ-၈၄] ထို့နောက် နာမ်စိတ်ကို ရှုပုံ ပြသည်။ ပေါ်သမျှ စိတ်ကို ဖြစ်ပျက်ရှုမှသာ အနာဂတ် အကြောင်းတွေ ဖြစ်သည်ဟု ဆိုသည်။ အနာဂတ် အကျိုးတွေလည်း ပြတ်သည်။ ဝိပဿနာသည် နောက်ခန္ဓာ အစဉ် ပြတ်အောင် လုပ်တာ ဖြစ်သည်။ နောက်ခန္ဓာ အစဉ်က ဒုက္ခသစ္စာ ဖြစ်သည်။ ဒါကြောင့် ဝိပဿနာ ရှုသော ပုဂ္ဂိုလ်မှာ ဒုက္ခ ပြတ်သည်။ [နာ-၈၅]

ထို့နောက် လျှာပေါ်မှာ ရသ စိတ် ပေါ်ပုံ၊ ရသ စိတ်ကို ဝိပဿနာ ရှုပုံကို ဆက်ဟောသည်။ စားကောင်းသည် ဆိုလျှင် တဏှာ၊ ဉပါဒါန်၊ ကံလာသည်။ စားမကောင်းဆိုလျှင် ဒေါသ၊ သောက၊ ပရိဒေဝ လာသည်။ စားစိတ် ပေါ်တာ မသိလိုက်လျှင် အဝိဇ္ဇာ၊ သင်္ခါရ လာသည်။ ပဋိသမုပ္ပာဒ် တွေချည်း တန်းနေသည်။ [နာ-၈၆] ဝိပဿနာ ရှုသော ပုဂ္ဂိုလ်မှာ သမုဒယ သစ္စာနှင့်ဒုက္ခ သစ္စာ ပြတ်သည်။ တဏှာ၊ ဉပါဒါန်၊ ကံနှင့် ဇာတိ၊ ဇရာ၊ မရဏ၊ ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ [နာ-

၉၀] စိတ္တာနုပဿနာကို ပေးထားတာသည် သမုဒယနှင့် ဒုက္ခ ချုပ်အောင် လုပ်ခြင်း ဖြစ်သည်။

ဒါကြောင့် လုပ်ဖြစ်အောင် လုပ်ရသည်။ အပြင်ညွှဲသည် စိတ်တွေကို ရှုပုံပြပြီးနောက် အတွင်း ညွှဲသည်စိတ်တွေ ဘက်သို့ လှည့်ပြသည်။ အတွင်း ညွှဲသည်စိတ် (လောဘ)သည် များများ ပေါ်လာတတ်သည်။ ဒါလည်း ဘာလုပ်ရမလဲ ဖြစ်ပျက်ပဲ ရှုရသည်။ ရှုလိုက်တော့ လောဘ (တဏှာ) ချုပ်သွားသည်။ သရာဂစိတ္တံ၊ သရာဂစိတ္တန္တိ ပဇာ နာတိ လုပ်ရသည်။ ဒေါသ ပေါ်လျှင်လည်း ဖြစ်ပျက်ရှု၊ ဒေါသက ဖြစ်ပျက်၊ ရှုတာက မဂ်ဖြစ် သွားသည်။ [နာ-၉၁] ရှုလိုက်သဖြင့် နောက်က အဝိဇ္ဇာသင်္ခါရ မလိုက်တော့ပါ။ မဂ်က ကယ်တင်လိုက်သည်။ ပုထုဇဉ်တွေကို ကံက ပစ်ချလိုက်သဖြင့် ရောက်ရာဘဝ၌ တဏှာ ရေထဲ မျောနေသည်။ တဏှာခိုင်းတာ အကုန်လုပ် နေရသည်။ [နာ-၉၂] လူတွေ တောင်ပြေး မြောက်ပြေး လုပ်နေကြတာ ဘာကြောင့်လဲ လိုချင် ရချင်လို့ ဖြစ်ကြောင်းကို ဟောသည်။ ကာမောဃဆိုသော ကာမတဏှာ ဝဲသြဃထဲ မျောနေသည်။ နစ်မွန်းနေသည်။ ဝိပဿနာ ရှုသော မဂ်သည် ကယ်မည့်သူ ဖြစ်သည် ဆို၏။ [နာ-၉၃] လုပ်စားရသောဘဝ၊ ရှာစားရသော ဘဝသည် တဏှာ ရေထဲ မျောနေရသော ဘဝ ဖြစ်သည်။

ဒါကြောင့် အတွင်းညွှဲသည်စိတ် ဘာစိတ်ပဲလာလာ ဖြစ်ပျက်သာ ရှုရသည်။ သံသယ ဝိစိကိစ္ဆာ လာလည်း ရှုပါ။ ဝိစိကိစ္ဆာသည် မောဟစိတ် ဖြစ်သည်။ [နာ-၉၅] ပျံ့လွင့်သော ဥဒ္ဒစ္စလာလည်း ရှု ဒါကြောင့် ဘုရားက သမောဟ စိတ္တံ၊ သမောဟ စိတ္တန္တိ ပဇာနာတိ၊ ဝိက္ခိတ္တစိတ္တံ၊ ဝိက္ခိတ္တ စိတ္တန္တိ ပဇာနာတိ ဟု ဟောတော်မူသည်။ အလောဘ (မလိုချင်)သော စိတ်လာလည်း ဖြစ်ပျက်ရှု၊ ဘာစိတ်ပဲ ပေါ်ပေါ် ပေါ်ရာစိတ်ကို ဖြစ်ပျက် ရှုပါ။ ရှုစရာ ဘာစိတ်မှ မရှိတော့ဘူးဆိုလျှင် သက်စောင့်စိတ် ရှိသည်။ ဝင်လေစိတ် ထွက်လေစိတ် ရှိသည်။ အိမ်ရှင်စိတ် နှစ်ခု ဖြစ်သည်။ ထိုစိတ်ကိုလည်း ဖြစ်ပျက် ရှုပါ။ ရှုစိတ် ဖြစ်ပျက် သိတာက မဂ်၊ ထုတ်စိတ်ဖြစ်ပျက် သိတာက မဂ်ပဲ ဖြစ်သည်။ မဂ်က ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်သည်။ စိတ္တာနုပဿနာ ရှုနည်း ပေးနေတာဟု ဆိုသည်။ [နာ-၉၇] စိတ္တာနုပဿနာ ဘာကျေးဇူးများသလဲ မေးလျှင် ဒိဋ္ဌိ ကို ခွာပေးသည်။ နိစ္စ ဒိဋ္ဌိ၊ အတ္တ ဒိဋ္ဌိ အကုန် သေသည်။ ဒိဋ္ဌိ သေလျှင် သောတာပန် ဖြစ်ပြီ။ [နာ-၉၈] ဒါကြောင့် ဒိဋ္ဌိ ပြုတ်ပြီး သောတာပန် တည်ချင်လျှင် အပါယ်လွတ်ချင်လျှင် စိတ္တာနုပဿနာ ကို ကြပ်ကြပ်ရှုပါဟု ဆိုသည်။

စိတ္တာနုပဿနာသည် ကိုယ့်စိတ်ကိုယ်ကိုယ် အကဲခတ်တာ ဖြစ်သည်။ မူလ ပေါ်တာက ရှေ့စိတ်၊ အကဲခတ်တာက နောက်စိတ်၊ ဒါကြောင့် ရှေ့စိတ်ကို နောက်စိတ်နှင့် အကဲခတ်တာ စိတ္တာနုပဿနာ ဖြစ်သည်။ [နှာ-၁၀၁] ရှေ့စိတ်က အနိစ္စ၊ အကဲခတ်သော နောက်စိတ်က မဂ္ဂ ဖြစ်သည်။ [နှာ-၁၀၂] ပုထုဇဉ်သန္တာန်မှာ ပေါ်တာ ကာမာဝစရစိတ် ၅၄ စိတ်ပဲ ရှိသည်။ ထိုစိတ်တွေ ထဲက ရဟန္တာစိတ် (မဟာ ကိရိယာစိတ်) ၈၊ ဟသိတုပ်ဒ်စိတ် ၁၊ ပေါင်း ၉ ခုကို နုတ်။ ၄၅ စိတ်ကုန်သည်။ ထို ၄၅ စိတ်ပဲ လှည့်ပြီး ပေါ်နေသည်။ အဲ့ဒါ ပေါ်တိုင်း ပေါ်တိုင်း ရှိမရှိ အကဲခတ်ပါ၊ အကဲခတ်စိတ် လာလျှင် ပေါ်စိတ် မရှိတော့ပါ။ နောက်စိတ်လာလျှင် ရှေ့စိတ် မရှိတော့ပါ။ နှစ်စိတ် ပြိုင်ပြီး မပေါ်နိုင်သောကြောင့် ဖြစ်သည်။ ရှေ့စိတ်က အနိစ္စ၊ အကဲခတ်သော နောက်စိတ်က မဂ္ဂ ဖြစ်သွားသည်။ မဂ္ဂ ဖြစ်သွားသောကြောင့် နောက်က ကိလေသာတွေ ဆက်ခံနိုင်ခြင်း မရှိတော့ပါ။ နောက်စိတ်သည် လောကီမဂ် ရနေသောကြောင့် ဖြစ်သည်။ [နှာ-၁၀၃] ဒါဆို စိတ္တာနုပဿနာ မရှုတတ်ပါဘူးဟု ပြောဖို့အကြောင်း ကုန်ပြီဟု ဆိုသည်။ [နှာ-၁၀၄] သတိထား၊ ပညာနှင့် ကြည့်သော ပုဂ္ဂိုလ်မှာ မဂ်ရသည်။ ဝိပဿနာရှုခိုင်းတာ ကိုယ့်စိတ်၊ ကိုယ့်ခန္ဓာ ဒုက္ခရောက်နေတာကို မြင်အောင်လို့ ရှုခိုင်းတာ ဖြစ်သည်ဟု ဆိုသည်။ [နှာ-၁၀၅] ကိုယ့်စိတ်ကိုယ်ကိုယ် အကဲခတ်ရင်း ကိုယ့်ဒုက္ခကိုယ်ကိုယ် သိသော ဉာဏ် ရင့်သန် လာလိမ့်မည်။ အနိစ္စ မဟုတ်တော့ဘူး။ ဒုက္ခသစ္စာ ထဲ ရောက်သွားပြီဆို၏။ [နှာ-၁၀၆] မဂ်တွေဖြစ်နေသော ပုဂ္ဂိုလ်မှာ အပယ်လေးပါး သွားရမည့် တရားတွေ ပြုတ်ပြီ။ လွတ်ချင်လျှင် ကိုယ့်စိတ်ကိုယ်ကိုယ် အကဲခတ်ပါဟု တိုက်တွန်းပြန်သည်။ *[နှာ-၁၀၆]* အလုပ်တရားချည်း ပြောနေတာဟု ဆိုသည်။ ကိုယ့်စိတ်ကိုယ် အကဲခတ်ဆိုတာ ကိုယ့်အသေကိုယ် အကဲခတ်ခိုင်းတာ ဖြစ်သည်။ သေနေတာ ဒုက္ခသစ္စာ ဖြစ်သည်။ ဒုက္ခသစ္စာကို မြင်အောင် ကြည့်ခိုင်းတာ ဟုလည်း ဆိုသည်။ [နှာ-၁၀၈] မရှုဘဲနှင့် မရပါ။ ဒုက္ခသစ္စာ မဖြစ်ဘဲနှင့် မဂ္ဂသစ္စာ ဝမ်းထဲ ဝင်မလာဟု အပြတ် ဟောသည်။ [နှာ-၁၀၉] သံသရာပြတ်တာ မဂ်ကဖြတ်တာ ဖြစ်သည်။ [နှာ-၁၁၁] စိတ္တာနုပဿနာ ရှုတတ်လျှင် အိပ်နေရင်း၊ ဟင်းချက်ရင်း၊ ထမင်းချက်ရင်းလည်း ရနိုင်သည်။ ရောင်းရင်း ဝယ်ရင်းလည်း ရနိုင်သည်။ အလုပ်တရား ပေးပြီးပြီ။ [နှာ-၁၁၂] ထို့နောက် ဝစ္ဆပရိဗိုဇ် ဝတ္ထုကို ဆက်ဟောသည်။ လူသည် လူ့သံယောဇဉ် မစွန့်ဘဲနှင့် နိဗ္ဗာန်ကို ရနိုင်မလား။ ဘုရားက မရနိုင်ဘူးဟု ဖြေသည်။ ကိုယ့်စိတ်ကိုယ် ခင်မင် စွဲလမ်း အားကိုးနေလျှင် မရနိုင်ဟု ဆိုခြင်း ဖြစ်သည်။

စိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်သည်။ လူ့သံယောဇဉ်ဆိုတာ ကိုယ့်ခန္ဓာကိုယ်ကို ခင်မင်စွဲလမ်း အားကိုးသောစိတ် ဖြစ်သည်။ ထိုစိတ်ကို တရား အားထုတ်သော ပုဂ္ဂိုလ် စွန့်ရမည်။ လူ့သံယောဇဉ် မစွန့်လျှင် နိဗ္ဗာန်တော့ မရဘူး။ ဇာတိ ဇရာ မရဏာပဲ ရမည်။ လူ့သံယောဇဉ် ပြတ်အောင် မိမိ ခန္ဓာပေါ်သော စိတ်ကို ဖြစ်ပျက် ရှု၊ ရှုလျှင် မဂ်ရသည်။ တဏှာ ဥပါဒါန် ကံ မလာတော့ပါ။ ပြတ်သည်။ ဒါဆို လူ့သံယောဇဉ် ပြတ်သည်။ [နှာ – ၁၁၅]။

ဝစ္ဆက လူသည် လူ့သံယောဇဉ်ကို မစွန့်ဘဲနှင့် နတ်ရွာသုဂတိကိုကော ရောက်နိုင်သလားဟု မေးပြန်သည်။ ဘုရားက ရောက်နိုင်သည်ဟု ဖြေသည်။ ဒါနပြုရာမှာ နိဗ္ဗာန်ကို ရည်မှန်းပြီး ပြုသောအခါ တဏှာ၊ ဥပါဒါန် မပါသော ကံ ဖြစ်လျှင် နိဗ္ဗာန်ကို ရောက်နိုင်ကြောင်းကို ဟောထားသည်။ [နှာ–၁၁၈] ဝိဝဋ္ဋ ကုသိုလ် ဖြစ်သွားသည်။ ဝစ္ဆ၏ နောက်မေးခွန်း နှစ်ခုကိုလည်း ဗဟုသုတအဖြစ် ဖော်ပြသည်။

အာဇီဝကတို့ အစေလကတို့ကို မခက်မခဲဘဲကျင့်သော ပုဂ္ဂိုလ်တွေ နိဗ္ဗာန်ကို ရောက်နိုင်ပါသလား၊ ဘုရားက မရောက်နိုင်ဘူးဟု ဖြေသည်။ ဘာကြောင့်လဲဆိုလျှင် မိစ္ဆာဒိဋ္ဌိ အုပ်ချုပ်သော ကံတွေကို လုပ်နေ၍ ဖြစ်သည်။ ဒိဋ္ဌိက နိဗ္ဗာန်ကို တားသည်။ *[နှာ-၁၁၉]* အာဇီဝကတို့ အစေလကတို့၏ အကျင့်ဖြင့် သုဂတိကို ရောက်နိုင်ပါသလားဟု ဝစ္ဆက ထပ်မေးသည်။ ဘုရားက တိုရှင်းဖြေသည်။ မရောက်နိုင်ဘူး။

ဘုရားလောင်း နစဉ် အခါတုန်းက သူတစ်ယောက်ထဲ အာဇီဝက အကျင့် ကျင့်ပြီး နတ်ပြည်ကို ရောက်ဖူးသည်။ ဘုရားလောင်းဘဝက အကျင့်များကို ကျင့်ဖူးသည်။ သူတစ်ယောက် ရောက်တာကလည်း ကမ္မဝါဒီ အယူကျန်နေလို့ ဖြစ်သည်။ ကမ္မသကတဉာဏ်ဖြင့် အားထုတ်၍ ရောက်ခဲ့ခြင်း ဖြစ်သည်ဟု ဆို၏။ အာဇီဝက တွေက ကံ ကံ၏ အကျိုး အယူအားလုံးကိုပယ်သော မိစ္ဆာဒိဋ္ဌိကိုချည်း ယူကြသည်။ ကမ္မသကတဉာဏ်မှာ သက္ကာယဒိဋ္ဌိနှင့် လုပ်သော်လည်း သုဂတိတော့ ရောက်နိုင် ကြောင်း သတိပေး ပြောဆိုထားသည်။ *[နှာ-၁၂၂]* သက္ကာယဒိဋ္ဌိ ဖြုတ်ပြီးလျှင် နိဗ္ဗာန်ကို ရနိုင်သည်။ နိဗ္ဗာန်ကို တားတာ သက္ကာယဒိဋ္ဌိ ဖြစ်သည်။ သက္ကာယဒိဋ္ဌိ သည် ဒိဋ္ဌိ သံယောဇဉ် ဖြစ်သည်။ [ *နှာ–၁၂၃* ] စိတ်ပေါ်မှာ ဒိဋ္ဌိ အများဆုံး ကပ်သည်။ ဒါကြောင့် စိတ် ဖြစ်ပျက်ကို မြင်လျှင် ဒိဋ္ဌိ ပြုတ်လွယ်သည်ဟု ဟော သည်။ ဒိဋ္ဌိပြုတ်လျှင် ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိ အုပ်ချုပ်သော ကံ မလာနိုင်ကြောင်း ဟော

သည်။ ဒိဋ္ဌိ ပြုတ်ပြီး အားထုတ်လျှင် မနက် အားထုတ်၊ ညနေ သောတာပန် ဖြစ်နိုင်ကြောင်း ဟောရင်း အချိန်စေ့၍ တရား နားသည်။

*

## ၄။ ဇာတိထက် ကမ္မဘဝ ပိုပြီး ကြောက်စရာကောင်းပုံ

[ ၁၈–၁၂–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းကြီးသည် မိမိတို့ ခန္ဓာကြီး သေလိုက် ပြန်ဖြစ်လိုက် ဆိုတာတွေကို ပြနေတာပဲ အစရှိပြီး ဤတရားကို ဟောတော်မူသည်။ ခန္ဓာ အစဉ်ကို ပြသော စက်ဝိုင်း ဖြစ်သည်။ သတ္တဝါတွေ ခဏ ခဏ အိုပြီး၊ ခဏ ခဏ သေနေတာ ဘာကြောင့်လဲဟု ဗုဒ္ဓမြတ်စွာ ဗောဓိပင်ရင်းမှာ ထိုင်ပြီး ဆင်ခြင်ပြီး လက်သည် ရှာလိုက်တော့ ဇာတိ ပဋိပန္နေ နေရလို့ သေရတယ်ဆိုတာ တွေ့ရသည်။ အိုသေ၏ လက်သည်သည် ဇာတိ ဖြစ်သည်။ ဒါကို တွေ့ရသည်။ အိုခြင်း၊ သေခြင်း၏ တရားခံသည် ပဋိသန္ဓေ နေရခြင်းကြောင့် ဖြစ်မှန်းကို မသိ၍သာ လူ ဖြစ်ရပါလို၏။ နတ် ဖြစ်ရပါလို၏ ဖြစ်နေကြပုံကို ထောက်ပြသည်။ [ *နာ–၁၂၈* ] ဇာတိ ရရပါလို၏။ ပဋိသန္ဓေ နေရပါလို၏ ဆိုရာ ရောက်သည်။ ဒါဖြင့် အိုသေကို ကိုယ်ပဲ ဆုတောင်းခဲ့သလို ဖြစ်နေသည်။ ဆုတောင်းတုန်းက ဤကဲ့သို့ ဖြစ်လိမ့်မည်ဟု မထင်ခဲ့ကြ။ ဇာတိ ဆုတောင်းလျှင် ဒါ ရမှာပဲဟု ဆိုသည်။ [ *နာ–၁၂၉* ] မျက်စိ လည်နေကြသည်။ အို သေကိုတော့ ကြောက်ပါ၏။ ဇာတိကို ကြိုက်သလို ဖြစ်နေ သည်ကို ပြသည်။ ဇာတိက ဒုက္ခသစ္စာ ဖြစ်နေသည်။ သစ္စာ မသိလို့ ရမ်းပြီး ကြိုက်နေကြတာဟု ဆိုသည်။ သစ္စာသိမှ သံသရာ ပြတ်သည်။

ထို့နောက် ပုထုဇဉ် သစ္စာ မသိသဖြင့် ဘုရား ရှေ့သွားပြီး ဘုံဘဝကို အရှက်မရှိ ဆုတောင်းနေကြတာကို ကဲ့ရဲ့ထားသည်။ [ *နာ–၁၃၃* ] သစ္စာမသိတာက အဝိဇ္ဇာ ဖြစ်သည်။ မိုက်မဲခြင်း ဖြစ်သည်။ ဇရာမရဏ ဘယ်က လာသလဲ၊ ဇာတိက လာသည်။ ဇာတိက ဘယ်က လာသလဲ၊ ကမ္မဘဝက လာသည်။ ကာယကံနှင့် လက်အုပ်ချီပြီး ဝစီကံနှင့် ဘုံဘဝကို ဆုတောင်းခဲ့ကြသည်ဟု ဟောသည်။ /*နာ- ၁၃၆*/

ဤတရားတွင် ကမ္မဘဝသည် ဇာတိထက် ကြောက်စရာ ကောင်းကြောင်း ဟောသည်။ [ *နာ–၁၃၈* ] ဘာကြောင့်လဲဆိုတော့ သူ လုပ်၍ ဇာတိပေါ်ခြင်းကြောင့် ဖြစ်သည်။ ယနေ့ ပဋိစ္စသမုပ္ပာဒ်ကို ပဋိလောမ (အပြန်ဟောခြင်း) ဖြစ်သည်ဟု

ဆို၏။ [ နှာ–၁၄၀ ]ပဋိလောမဆိုတာ အကြောင်းရင်း လက်သည်ကို ပြန်ရှာတာ ဖြစ်သည်။ ကမ္ဘာဝနှင့် ပတ်သက်၍ လူကြီးတွေက ကလေးတွေကို နောက်ဘဝ ကောင်းစားရေးတွက် ကံတွေကို ယခုဘဝမှာ ပြုကြဖို့ပဲ သင်နေသည်။ ဆုံးမ နေကြသည်။ သစ္စာသိဖို့တော့ မသင်ပေးကြပုံကို ဟောသည်။ [ နှာ–၁၄၂ ]

လူကြီးတွေက ဘဝကောင်းစားရေးကိုသာ ပြောတတ်သည်။ ဘဝ ပြတ်လုံးကို မပြောတတ်ဟု ဝေဖန်သည်။ သစ္စာဉာဏ် မရှိဘူး၊ ဆရာကောင်း လိုကြောင်း ထင်ရှားသည်။ ဘိုးဘွားတွေလည်း ဘဝ ကောင်းစားရေးလောက်နဲ့ပဲ သေသွားကြသည်။ ဇာတိရတာ ကောင်းစားတာလား၊ ဆင်းရဲတာလား။ သစ္စာမသိတော့ ကောင်းစားတာပဲ ပြောကြသည် ဆိုသည်။ [ နှာ–၁၄၃ ] လူကြီးတွေက သစ္စာမသိဘဲ ဆုံးမတာကို ကလေးတွေက သစ္စာမသိဘဲ နားထောင်လျှင် အားလုံး သံသရာ လည်သွားကြရပေတော့မည်။ ဥပါဒါန်ကြောင့် ကမ္ဘာဝ ဖြစ်ရမှာလည်း ကမ္ဘာဝ ထက် ဥပါဒါန်က ပိုပြီး ကြောက်စရာ ကောင်းကြောင်းကို ပြသည်။ [နှာ–၁၄၅ ]

ထို့အတူ ဥပါဒါန်ထက် တဏှာက ပိုပြီး ကြောက်စရာကောင်းကြောင်း ပြသည်။ တဏှာ၊ ဥပါဒါန်၊ ကမ္ဘာဝ သုံးခုက သမုဒယသစ္စာတွေ ဖြစ်သည်။ သူတို့ သုံးခုရှိသော ပုဂ္ဂိုလ်သည် ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခသစ္စာ သုံးခုကို ရသည်။ ထို့နောက် ဝေဒနာ ပစ္စယာ တဏှာကို ဆက်ပြသည်။ ဝေဒနာကြောင့် တဏှာ ဖြစ်ရတာ ဖြစ်သောကြောင့် ဝေဒနာကို ဖြစ်ပျက် ရှုရမည်ဆိုသည်။ [နှာ–၁၄၅ ] ဝေဒနာကို ဖြစ်ပျက်ရှု၊ ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ် ဖြစ်သွားသည်။ မဂ်ဝင်သောကြောင့် ၃ အကွက် တဏှာကို မကူးတော့ပါ။ ဒါကြောင့် ဝေဒနာက တဏှာ ထက် ပိုပြီး ကြောက်စရာ ကောင်းသည်။ ထိုနောက် ဒုက္ခဝေဒနာ၊ သုခ ဝေဒနာ ကြောင့် တဏှာ ဖြစ်ပုံများကို ပြသည်။ ဆင်းရဲလျှင် ချမ်းသာချင်တာ တဏှာ၊ ချမ်းသာလျှင် ပိုပြီး ချမ်းသာချင်တာက တဏှာ၊ ဥပေက္ခာ ဝေဒနာသမားကလည်း ချမ်းသာချင်တာပဲ၊ ဒါကြောင့် ဥပေက္ခာ ဝေဒနာ ပစ္စယာလည်း တဏှာပဲဟု ပြသည်။ [ နှာ–၁၄၇ ] ဝေဒနာမရှိဘဲ တဏှာ မလာပါ။ တဏှာ မရှိဘဲ ဒုက္ခသစ္စာ တွေ မလာပါ။ ချမ်းသာသော ပုဂ္ဂိုလ်သည် ချမ်းသာကို မကြောက်၊ ချမ်းသာကို ကြိုက်နေသည်။ ဒါကြောင့် သူသည် ချမ်းသာကိုပဲ ထပ်ကာ ရှာနေသည်။ ထို့နောက် ပုထုဇဉ် သုခဝေဒနာ ကြိုက်ပုံများကို သရုပ်ဖော်ပြီး ဟောသည်။

လူတွေအပေါ် တဏှာ အုပ်ချုပ်ပြီး နိုင်းစေနေပုံကို ပြသည်။ သစ္စာမသိသော ပုဂ္ဂိုလ်သည် သူ့ကို တဏှာခိုင်းနေမှန်း မသိပါ။ မိုးလင်းလျှင် တဏှာက အရင်

လာတတ်သည်။ ဝိပဿနာ ဉာဏ်က အရင် မလာပါ။ တဏှာ အရင်လာလျှင် ဒီနေ့ ဂြိုဟ်ဝင်ပြီသာ မှတ်ပါ ဆိုသည်။ [ နှာ–၁၅၂ ] ဒီနေ့ အမော ဆိုက်မည့်နေ့ ဖြစ်သည်။ ဒီ တဏှာ ဘယ်က လာသလဲ။ ဝေဒနာက လာသည်။ တဏှာထက်ပင် ဝေဒနာက ပိုပြီး ကြောက်စရာ ကောင်းသည်။ ဝေဒနာကို ဝေဒနာအဖြစ် မကြည့်နှင့်။ အနိစ္စအဖြစ် ကြည့်ပေးစမ်းပါ ဆိုသည်။ ဝေဒနာက ဖြစ်ပျက်။ နောက်က မဂ် လာသည်။ ဝေဒနာ ဘယ်က လာသလဲ၊ ဖဿက လာသည်။ ဒါဆို ဖဿက ဝေဒနာထက် ပိုပြီး ကြောက်စရာ ကောင်းကြောင်း ဟောသည်။ [ နှာ–၁၅၄ ] ဒါကြောင့် ဖဿကိုလည်း ဖြစ်ပျက် ရှုနိုင်လျှင် ရှုဟု သင်ကြားပေးသည်။ ဖဿကို လည်း ဖြစ်ပျက် ရှုနိုင်လျှင် အလွန် ကျေးဇူးများသည်ဟုလည်း ဟောသည်။ ဖဿ ဘယ်က လာသလဲ။ သဠာယတနက လာသည်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ ကြိုက်ရာ ဖြစ်ပျက် ရှုပါ။ ရုပ်ရှုရှု၊ နာမ်ရှုရှု ဟု ဟောသည်။ [ နှာ–၁၅၅ ]

နောက်ဆုံး အဝိဇ္ဇာ သင်္ခါရ အထိ နောက်ပြန်တွေးသည်။ အဝိဇ္ဇာ ချုပ်မှသာ ပဋိစ္စသမုပ္ပါဒ် တစ်တန်းလုံး ပြုတ်သည်။ တစ်ဝိုင်းလုံး ပြုတ်သည်။ ပဋိစ္စသမုပ္ပါဒ်ထဲ မဂ္ဂသစ္စာ တစ်လုံးမှ မပါဘူး။ ခု ဆရာသင်ပြမှ မဂ္ဂသစ္စာ ဆိုတာ ပါးစပ်ထဲ ရောက် လာသည်။ စိတ်၊ ဝေဒနာ၊ အကုန် ဖြစ်ပျက်ရှု၊ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုတာက မဂ္ဂသစ္စာ ဖြစ်သည်။ ပုဗ္ဗဘာဂမဂ် ရပြီ။ ရှေးကတော့ ပဋိစ္စသမုပ္ပါဒ်မှာ သမုဒ + ဒုက္ခ ဒါပဲ ရှိခဲ့သည်။ မဂ္ဂသစ္စာ ဘယ်တုန်းကမှ မကြုံခဲ့ကြဘူးဟု ဆိုသည်။ [ နှာ–၁၅၆ ]

သမုဒယနှင့် ဒုက္ခဆိုတာ အမှောင်နှင့် အမည်းချည်း ဖြစ်သည်။ ပုထုဇဉ် မျက်စိနှစ်ကွင်း အလင်းမရခဲ့ဘူး။ ဒါကြောင့် ဖြစ်ပျက်ကိုသာရှု၊ ဒါ ဒုက္ခသစ္စာကို ရှုတာပဲဟု ဆိုသည်။ စိတ်ကြိုက် စိတ်ကို ဖြစ်ပျက်ရှု၊ ဝေဒနာ ကြိုက်လျှင် ဝေဒနာဖြစ်ပျက် ရှုပါ။ ရောမရှုနှင့်ဟု ခွဲခြားပြသည်။ [နှာ–၁၅၈ ] စိတ္တာနုပဿနာမှာ စိတ် ၁၃ မျိုးကို ရှု၊ ဝေဒနာ နုပဿနာမှာ ဝေဒနာ ၅ မျိုးကို ရှုရမည် ဆိုသည်။ ဖြစ်ပျက်ကို မြင်တာက လောကီမဂ် ဖြစ်သည်။ ဖြစ်ပျက် မရှိတဲ့ နိဗ္ဗာန်ကို မြင်တာက လောကုတ္တရာမဂ် ဖြစ်သည်။ ဝိပဿနာမဂ် ရှဖန်များလာလျှင် ရင့်သန်လာပါက လောကုတ္တရာမဂ်ကို ကူးပြောင်းတာပဲဟု ညွှန်ပြသည်။ အချိန်စေ့၍ ဤတွင် တရားကို ရပ်နားသည်။

*

၅။ ဒုလ္လဘတရားငါးပါး

[ ၁၂–၁၂–၆၁ နေ့က အမရပူရမြို့ မင်္ဂလာရာမတိုက်မှာ ဟောသောတရား ]

ဒုလ္လဘတရား ငါးပါးရှိတယ်ဆိုတာ အားလုံး ကြားဖူးကြလိမ့်မယ် အစချီ လျက် ဤတရားတော်ကို ဟောတော်မူသည်။ မြတ်စွာဘုရား ဆွမ်းခံပြီးအပြန် ခြေဆေးတော်မူတိုင်း **'ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသမိံ'** – လောကဥ္စ ဘုရားပွင့်ဖို့ ခဲယဉ်းသည်။ **'မနုဿတ္တဘာဝေါ ဒုလ္လဘော'** – လူ့ဘဝ ရဖို့ ခဲယဉ်းသည်။ သူတော်ကောင်းတရား နာရဖို့လည်း ခဲယဉ်းသည်။ ရဟန်းဘဝ ရဖို့လည်း ခဲယဉ်း သည်။ ထို့နောက် လူ့ဘဝ ရခဲကြောင်းကို ဥပမာများဖြင့် ပြဟောသည်။ [ *နှာ– ၁၆၂* ]

လူ့ဘဝသည် အဖိုးတန်သော ဘဝမို့ အဖိုးတန်သော အလုပ်တွေကို လုပ်ရမည်။ အိုနာ သေ မကင်းသော လူ့ဘဝ၊ နတ်ဘဝ ရဖို့ အားကျတာ မလုပ် ဘဲ၊ ဒုက္ခ ခပ်သိမ်း ငြိမ်းအေးသော နိဗ္ဗာန်ကို ရအောင် ယခုဘဝမှာပင် လုပ်ရမည်ဟု ဆုံးဖြတ်ချက် ချနိုင်းသည်။ မယောင်ကြပါနဲ့ဟု သတိ အကြိမ်ကြိမ်ပေးသည်။ [*နှာ–၁၆၃* ] နာရခဲသော သစ္စာတရားတွေကိုလည်း ရခဲသော လူ့ဘဝမှာ နာရပြီးမှ သစ္စာ မထိုက်တာတွေကို သွားမယူကြပါနှင့်ဟု ဆုံးမသည်။

ထို့နောက် နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာများမှာ ရုပ်နုလွန်းသဖြင့် ကိလေသာမီး အလောင်မြန်ပုံ၊ သေလျှင် အလောင်း မကျန်ပုံများကို ဟောသည်။ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာသည် လူ့ခန္ဓာထက် အသေဆိုးပုံကို ပြသည်။ [*နှာ–၁၆၆* ] နတ်ပြည်၊ ဗြဟ္မာပြည်မှာ လောင်စာနှင့် မီး တွဲလျက်ချည်း ဖြစ်သည်။ ထို့နောက် အဝိဇ္ဇာ၏ အဖြစ်အပျက်များကို ဟောသည်။

ပဋိစ္စသမုပ္ပာဒ်ကို ဒါန၊ သီလ၊ သမထနှင့် သတ်၍ မရ။ ဝိပဿနာနှင့် သတ်မှ ရသည်ကို ဟောသည်။ [*နှာ–၁၇၄* ] ခန္ဓာကြီးကို ဖြစ်ပျက်မြင်မှ အဝိဇ္ဇာသေ ပြီး၊ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာသည်။ အဝိဇ္ဇာက ဒုက္ခသစ္စာကို မသိဘူး။ ယောဂီကသာ ဉာဏ်ထဲမှာ ခန္ဓာ ဒုက္ခသစ္စာကို မြင်ပါစေ၊ သူ ချုပ်ပြီး ဒါကြောင့် ဖြစ်ပျက်ရှုလျှင် ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်သည် ဆို၏။ /*နှာ–၁၇၆*/ ဒါ လက်နက်ကောင်း ဖြစ်သည်။ ဘယ်လောက်ကောင်းတဲ့ လက်နက်လဲဆိုရင် အသေလွတ်သော လက်နက်ဟု ဆိုသည်။ [*နှာ–၁၇၉* ] အသေလွတ်ပြီဆိုလျှင် အနာလွတ်၊ အသေလွတ်၊ ဇာတိ ပဋိသန္ဓေလွတ်ပြီး တဏှာ ဥပါဒါန်ကံလွတ်ပြီ။ အဝိဇ္ဇာချုပ်လျှင် သူက မဂ္ဂသစ္စာ ဖြစ်ပြီး မဂ္ဂသစ္စာဖြစ်လျှင် ဒုက္ခတွေ ချုပ်သော နိရောဓသစ္စာ ပေါ်သည်။ အဝိဇ္ဇာ

ချုပ်လျှင် မဂ္ဂနှင့် နိရောဓရသည်း ဖြစ်တော့သည်။ လူတွေမှာ ချမ်းသာရှာကြသည်။ ချမ်းသာ မတွေ့ဘဲ ဆင်းရဲသာ တွေ့ကြရသည်။ ချမ်းသာစစ်ကို ရှာချင်လျှင် အဝိဇ္ဇာက ဝိဇ္ဇာ ဖြစ်မှသာ ချမ်းသာ ရမည်ဟု ဆိုသည်။ [နှာ–၁၈၃ ] အဝိဇ္ဇာတဏှာက ပုထုဇဉ်ကို သစ္စာမသိအောင် လှည့်စား ဖုံးဖိပြီး ကျွန်ပြုနေပုံများကို အသေးစိတ် ဟောသည်။ [နှာ–၁၈၉ ] ဖြစ်ပျက်မြင်မှ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ပြီး ဖြစ်ပျက် ဒုက္ခသစ္စာ ကို မလိုချင်သော အလောဘ (တဏှာသေ) ဖြစ်လာသည်။ [နှာ–၁၉၂ ] ဝိပဿနာ ရှုသူမှာ အာသဝ ဝင်ရိုးကျိုးပုံကို ပြသည်။ [နှာ–၁၉၃ ] အာသဝ ဝင်ရိုးကျိုး တရားကို ဟောသည်။ အသေမရှိဘဲ အမြဲနေရသောအဖြစ်(နိဗ္ဗာန်)ကို ရောက်အောင် အာသဝ ဝင်ရိုးကို ကျိုးစေသော ဖြစ်ပျက် ရှုခြင်း အလုပ်ကို လုပ်ရမည်။ ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၆။ အတ္တဒိဋ္ဌိတန်းလန်းဆိုလျှင် နိဗ္ဗာန်ကို မမြင်နိုင်

[ ၁၄–၁၂–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

နိဗ္ဗာန် တားမြစ်တာ ဘယ်သူလဲဆိုလျှင် ဒိဋ္ဌိပဲဟု အစချီပြီး ဤတရားကို ဟောတော်မူသည်။ ဒိဋ္ဌိရှိနေရင် ဘာကုသိုလ် ဘာဒါနပဲ ဘယ်လောက်လုပ်လုပ် နိဗ္ဗာန် မရဘူးသာ မှတ်ရမည်။ ဘာကြောင့် ဝမ်းထဲမှာ ဒိဋ္ဌိ ကိန်းရပါသလဲ။ ခန္ဓာ ဖြစ်စဉ်ကို နားမလည်လို့ဟု မှတ်ပါ။ ဒိဋ္ဌိ ဘယ်က လာသလဲ။ ခန္ဓာ ဖြစ်စဉ်ကို နားမလည်ရာက လာသည်။ [နှာ–၂၀၀ ] ဒိဋ္ဌိကို ဉာဏ်ဖြင့် မဖြုတ်ဘဲ ကျင့်သဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ (ဖြစ်ပျက်) တွေ မြင်တာတောင်မှ မဂ်မရဘူးဆိုသော စကားကို ဤတွင် ထပ်မံ၍ အလေးအနက် ဟောသည်။ (ဆရာတော်၏ ဟောစဉ်တစ်လျှောက် လုံးမှာလည်း ဟောသည်။) ဒိဋ္ဌိ ဖြုတ်မှုကို ရှေ့ထားပါ။ ဦးစားပေးပြီး လုပ်ပါဆိုသော စကား– ဤစကားကို ဆရာတော် အထပ်ထပ် မိန့်တော်မူသည်။

ညာတ ပရိညာပြီးမှ တီရဏ ပရိညာ ပွားများလို့ ရတယ် ဟုလည်း အလုပ်စဉ် သဘောကို ရှင်းလင်းစွာ ဖော်ပြထားသည်။ /နှာ–၂၀၀/ ပွားများမှုရှိမှ ဒိဋ္ဌိ ဝိစိကိစ္ဆာတွေ ပယ်မှု ဖြစ်နိုင်သည်ဟုလည်း ဟောထားသည်။ ဆန္ဒမထေရ်ကိုပင် သက်သေထား၍ ဆိုပြန်သည်။ ဝိပဿနာမှာ ရှေ့နောက်လွဲလျှင် မောရုံသာ ရှိသည်ဟုလည်း သတိပြုဖွယ်ကောင်းသော စကားကို ထပ်ဟောပြန်သည်။

ထို့နောက် ယမက ဝတ္ထုကို သက်သေထုတ်ပြန်သည်။ ယမက ရဟန်းသည် ပဋိစ္စသမုပ္ပာဒ်ကို နားမလည်။ သူသည် ခန္ဓာ ဒုက္ခသစ္စာ သဘောကိုလည်း နားမလည် ဖြစ်နေတော့သည်။ [နာ-၂၀၂ ] အကြောင်းအကျိုး ဆက်ခြင်းသဘောကိုလည်း သူ နားမလည်သောကြောင့် ဒိဋ္ဌိ ဖြစ်နေသည်။ သူက ရဟန္တာ သေလျှင် ဘာမှ မဖြစ်တော့ဘူးဟု နားလည်နေလေသည်။ သူ နားလည်သည့်အတိုင်းလည်း လိုက်ပြောနေတော့သည်။ (ယမကဝတ္ထုကို ရှေ့မှာလည်း ဟောခဲ့ဖူးပြီ သူ့အယူက ဥစ္ဆေဒဒိဋ္ဌိ အယူ ဖြစ်နေသည်။ [နာ-၂၀၄ ] ရဟန္တာလည်း ခန္ဓာကို ဖြစ်ပျက် ဒုက္ခသစ္စာ မြင်အောင် ရှုရသည်။ ဒုက္ခသစ္စာ တစ်ခါ ဆုံးသွားလျှင် တစ်မဂ် ရသည်။ လေးခါ ဆုံးသွားလျှင် လေးမဂ် ရသည်။ ရဟန္တာဖြစ်ပြီ။ [နာ-၂၀၅ ] ဒုက္ခသစ္စာ ဆုံးသွားလျှင် သူ ဘာနှင့် နေမလဲ။ **'ဝေဒနာ နိရောဓ၊ တဏှာ နိရောဓ နိဗ္ဗာန်'** ဟု ဟောထားသည်။ ပဋိစ္စသမုပ္ပာဒ် ထွက်လမ်းပြသော ပါဠိတော် ဖြစ်သည်။ ဝေဒနာဆုံးလျှင် တဏှာ ချုပ်ဆုံးသည်။ တဏှာ ချုပ်ဆုံးလျှင် နိဗ္ဗာန်ပေါ်ပြီ။ ဒါကြောင့် ဒုက္ခ ချုပ်ဆုံးလျှင် နိဗ္ဗာန် ရှိသည်။ ရဟန္တာ ဘာနှင့် နေသလဲဆိုလျှင် နိဗ္ဗာန်နှင့် နေသည်ဟု ဖြေရမည်။ ရဟန္တာ ပရိနိဗ္ဗာန်စံလျှင် နိဗ္ဗာန်ကို ရောက်တော့သည်။ မသေခင်မှာတော့ သူက နိဗ္ဗာန်ကို မျက်မှောက်ပြုသည် မြင်၍နေသည်။ ဒါဆို ရဟန္တာ သေလျှင် ဘာမှ မဖြစ်တော့ဘူးဆိုသော ယမက၏ အယူ မှားကြောင်း ပေါ်သည်။ ရဟန္တာ ပရိနိဗ္ဗာန်ပြုလျှင် သန္တိသုခ အငြိမ်းဓာတ်ကို ရသွားသည်။ သူ ဝဋ်ဒုက္ခ သံသရာက လွတ်မြောက်သွားပြီ ဖြစ်သည်။ နိဗ္ဗာန်သည် အမှန်ရှိသည်မှာ ထင်ရှားသည်။ [နာ-၂၀၆ ] ရဟန္တာသေလျှင် ဘာမှ မဖြစ်တော့ဘူးဟု ယမက ယူသလို ယူလျှင် နိဗ္ဗာန် မရှိဘူးဟု ဆိုရာ ရောက်ကြောင်း ရှင်းထားသည်။ [နာ-၂၀၇ ]

ဒိဋ္ဌိခွာပြီးမှ ဝိပဿနာရှုမှုကို အစီအစဉ်တကျလုပ်ဖို့ အရေးကြီးကြောင်းကို သတိပေး တိုက်တွန်းပြန်သည်။ ထို့နောက် ပဋိစ္စသမုပ္ပာဒ် အကြောင်းအကျိုးဆက်ပုံကို ပြပြီး ဥစ္ဆေဒဒိဋ္ဌိကို ခွာပေးသည်။ [နာ-၂၁၀] ပြီးမှ သဿတဒိဋ္ဌိ ခွာပုံကို ဆက်ဟောသည်။ ၁ အကွက်နှင့် ၂ အကွက်သည် အကြောင်းအကျိုးပဲ ဆက်သည်။ ခန္ဓာ အထည်ဒြပ်က မလိုက်ကြောင်း ရှင်းသည်။ အထည် မလိုက်မှန်း သိသဖြင့် သဿတဒိဋ္ဌိ စင်သွားသည်။ ဒိဋ္ဌိခံနေလျှင် မဂ်မရကြောင်း အင်္ဂုတ္တိုရ်ပါဠိတော် အကိုးအကားဖြင့် ဟောသည်။ [နာ-၂၁၁ ]

ယမကကို အရှင်သာရိပုတ္တရာ ချေချွတ်ခန်းကို ဆက်ဟောသည်။ (ရှေ့မှာ ဖော်ပြခဲ့ပြီးပြီ) ယမကက ရဟန္တာကို ပုဂ္ဂိုလ် သတ္တဝါ အရှိတရားဟု ထင်နေသည်။ အမှန်မှာ ရဟန္တာလည်း ပညတ် ဖြစ်သည်။ ခန္ဓာ ငါးပါးပဲ ရှိသည်။ ထို ခန္ဓာငါးပါး တွင် ရုပ်လည်း ငါမဟုတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည်လည်း ငါ မဟုတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာလျှင် ဖြစ်ပုံကို ပြမှ ယမက သဘောကျသည်။ ထိုအခါကျမှ သူ သောတာပန် တည်တော့သည်။ ထို့အတူ ရုပ်လည်း ရဟန္တာ မဟုတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့ကိုလည်း ရဟန္တာ ခေါ်၍ မရပုံကို ခွဲခြမ်းစိတ်ဖြာ ပြသည်။ ခန္ဓာငါးပါး တစ်ပါးစီကိုလည်း ရဟန္တာ ခေါ်၍ မဖြစ်သလို ငါးပါးပေါင်းကိုလည်း ရဟန္တာ မခေါ်နိုင်ကြောင်း ရှင်းပြသည်။ [နာ–၂၁၆ ] ထိုအခါ ယမက သဘောကျလာသည်။ ဒါဆို ရဟန္တာ သေလျှင် ဘာမှ မဖြစ်တော့ ဘူးဆိုသော သူ့အယူကို ခွဲခြမ်းစိတ်ဖြာ၍ ဝေဖန်ပြပြန်သည်။ သူ့ရင်ထဲမှာ ရဟန္တာ သည် ပုဂ္ဂိုလ် သတ္တဝါအနေနှင့် ရှိနေသလို ထင်နေခြင်း ဖြစ်သည်။ ရဟန္တာသည် အခေါ်ရှိ ပညတ်သာလျှင် ဖြစ်၏။ ထိုသဘောကို ယမက ခုမှ သိမြင်သွားသည်။ ရဟန္တာဆိုသော ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ အခေါ်သာရှိလျှင် ရဟန္တာသေသည်ဆိုသော အပြောလည်း အဓိပ္ပာယ် မရှိပြီ။ [နာ–၂၁၇ ] ရဟန္တာလည်း ခန္ဓာ ငါးပါး ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရား ဖြစ်သည်။ ဤသဘောကို နားလည်ပြီးနောက် ယမက အနေနှင့် ရဟန္တာသေလျှင် ဘာဖြစ်တယ်လို့ ဖြေမလဲဆိုတော့ ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်း သွားသည်ဟု ဖြေလိုပါကြောင်း သူ ဝန်ခံသည်။ ဒုက္ခ ချုပ်တာသည် နိဗ္ဗာန် ဖြစ်သည်။ [နာ–၂၁၈ ] ယခုမှ သူ နိဗ္ဗာန်ရှိကြောင်း ဝန်ခံလာသည်။ ထိုအချိန်တွင် သူ သောတာပန် တည်နေပြီ။

ထို့နောက် ခန္ဓာငါးပါးကို ပုဂ္ဂိုလ် သတ္တဝါအဖြစ် ယူကြသူများက အသက် ထွက်သွားပြီဟု သုံးနှုန်းတတ်ကြပုံကို ရှင်းပြသည်။ [နာ-၂၁၉] ရုပ် ဇီဝိတိန္ဒြေ၊ နာမ် ဇီဝိတိန္ဒြေကို အသက်ဟု ဆိုနေကြပုံ။ ထိုတရားသည် ဒီနေရာဖြစ်၊ ဒီနေရာမှာ ပျက်ပုံကို ဟောသည်။ [နာ-၂၂၀] ထို့နောက် ဘဝပြောင်းတယ်ဟု ပြောနေကြတာ လွဲမှားပုံကိုလည်း ပြသည်။ သဿတဒိဋ္ဌိကို ပယ်ဖျက်နေခြင်း ဖြစ်သည်။ [နာ-၂၂၁ ] အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရကြောင့် ယခုဘဝမှာ ဝိညာဏ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာငါးပါး ပေါ်ပုံ ပဋိစ္စသမုပ္ပါဒ်ကို ပြသည်။ ဟိုဘက်ဘဝက ရုပ်နာမ်သည် ပစ္စုပ္ပန်ဘဝသို့ အထည်အားဖြင့် ဘာမှ ပါမလာ ကြောင်းကို ပြသည်။ အကြောင်းအကျိုး ဆက်စပ်မှုပဲ ရှိသည်။ ဘဝပြောင်းတယ်

ဆိုလျှင် သဿတဒိဋ္ဌိ ဖြစ်တော့သည်။ ထိုအယူကို ဝိပဿနာလုပ်လို့သူ စွန့်ရမည် ဖြစ်ကြောင်း အလေးအနက် ဟောသည်။ ခန္ဓာ ငါးပါး ရုပ်ပေါ်ပေါ်၊ စိတ်ပေါ်ပေါ်၊ ဝေဒနာပေါ်ပေါ်၊ သင်္ခါရတရားတွေ ပေါ်တာ၊ ပုဂ္ဂိုလ် သတ္တဝါ ပေါ်တာ မဟုတ်ဟု နားလည်ရမည်။ သင်္ခါရတရား မည်သည် အနိစ္စလမ်းဆုံး ရှိသည်။ သဗ္ဗေ သင်္ခါရာ အနိစ္စာ ဖြစ်၏။ [နှာ–၂၂၈ ] သင်္ခါရတရားက ဖြစ်ပျက်ပဲဟု ဉာဏ်ထည့်ပြီး ရှုရမည်။ ဉာဏ်ထည့် ရှုတော့မှ ဖြစ်ပျက် ဒုက္ခသစ္စာချည်း ဖြစ်ကြောင်း သိမြင်လာသည်။ [နှာ–၂၂၉ ]

ဒုက္ခကို တွေ့ပြီး ဒုက္ခတွေကို ရှုဖန်များလာလျှင် ဒုက္ခကို မုန်းလာမည် ဖြစ်သည်။ ဒုက္ခကို ဆုံးအောင် ရှုလိုက်လျှင် နိဗ္ဗာန် ပေါ်လာသည်။ ဒုက္ခကို မသိဘဲ နိဗ္ဗာန်ကို မသိနိုင်၊ သန္တိသုခကို သဘောမပေါက်နိုင်ကြောင်း ဟောသည်။ [နှာ–၂၃၁ ] တရားအားထုတ်မည် ကြံလျှင် နိဗ္ဗာန် ရှိတယ်ဟု သိထားမှ ဖြစ်သည်။ [နှာ–၂၃၂ ] ဘုရားကလည်း ပရိညာသုံးပါး သိပြီးမှ တရားအားထုတ်ဖို့ ဆုံးမထားကြောင်း ဟောသည်။ ဒိဋ္ဌိကို အရင်ခွာပြီးမှ အားထုတ်ရမည်။ ပြီးမှ ယမကရဟန်းသည် ဥစ္ဆေဒဒိဋ္ဌိနှင့် တရား အားထုတ်ခဲ့သဖြင့် တရားမရခဲ့ပုံ၊ ဥစ္ဆေဒဒိဋ္ဌိ ဖြုတ်ပြီးမှ အားထုတ်သောအခါ တရားရပုံကို ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၇။ ဥပနိဿယမှ မဂ္ဂပစ္စည်း ဖြစ်လာအောင် ထောက်ပံ့ ကျေးဇူးပြုပုံ

[ ၁၅–၁၂–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

ဒါန၏ တရားကို ကောက်လိုက်လျှင် ယုံကြည်မှု ပြဋ္ဌာန်းသော စေတနာပဲ၊ စေတနာသည် ကံ ဖြစ်သည်။ ကမ္မဘဝ ပစ္စယာ ဇာတိ ဆိုတော့ ပဋိစ္စသမုပ္ပါဒ် သဘောအရ ဒါနက ဇာတိကို အကျိုးပေးသည်။ ကံက ပဋိသန္ဓေ အကျိုးပေးတာ တစ်မျိုး၊ ပဝတ္တိ အကျိုးပေးတာ တစ်မျိုး နှစ်မျိုး ရှိသည်။ ပဋိသန္ဓေ အကျိုးက လူဖြစ်အောင်၊ နတ်ဖြစ်အောင် အကျိုးပေးခြင်း ဖြစ်သည်။ ပဝတ္တိ အကျိုး ဆိုတာက ကောင်းကျိုးပေးတာမျိုး ဖြစ်သည်။ ဆရာကောင်း သမားကောင်း တွေ့အောင်၊ သစ္စာဉာဏ်တွေရအောင် အကျိုးပေးခြင်းမှာ ပဝတ္တိ အကျိုး ဖြစ်သည်။ ဒါကြောင့် သဒ္ဓါသည် ဥပနိဿယပစ္စယော – အားကြီးသောအကြောင်း ဖြစ်သည်ဟု မှတ်ရမည် ဆိုသည်။ '**သဒ္ဓံ ဥပနိဿယဒါနံ ဒေတိ သီလံ သမာဒိယတိ ဥပေါသထကမ္မံ**

**ကရောတိ ရှာန် ဥပ္ပါဒေတိ မဂ္ဂ ဥပါဒေတိ'** ပဋ္ဌာန်း ပါဠိတော် ဖြစ်သည်။ ရှာန်မဂ်ဖိုလ်ကျအောင် အကျိုးပေးသည်ဟု မှတ်သင့်ကြောင်း ဟောသည်။

သဒ္ဓါတရားကို အမှီပြု၍ ဒါန် အလှူကို ပေးလှူခြင်း၊ သီလလည်း ဆောက်တည်၏။ ဥပုသ်ကိုလည်း ဆောက်တည်၏။ ရှာန်ကိုလည်း ရစေနိုင်၏။ မဂ်ကိုလည်း ဖြစ်စေနိုင်၏။ သမာပတ်ကိုလည်း ဖြစ်စေနိုင်၏။ ဒါ ဘုရားဖြစ်ပြီးမှ ဟောခြင်း ဖြစ်သည် ဆို၏။ [နာ–၂၃၉ ] ကမ္မဋ္ဌာန်းကျောင်း လှူသော အလှူသည် ရှာန် မဂ်ဖိုလ်ကိုလည်း ကျေးဇူးပြုနိုင်သည်။ ဒါကြောင့် လှူသောအခါ ငါတို့သည် ရှာန် မဂ်ဖိုလ် အကျိုးငှာ လှူသည်ဟု စိတ်ပြောင်းပြီး လှူဖို့ တိုက်တွန်းတော်မူသည်။ [နာ–၂၄၀ ] 'ဥပေါသထ ကမ္မံ ကရောတိ၊ ရှာန် ဥပါဒေတိ မဂ္ဂ ဥပါဒေတိ၊ အဘိညာ ဥပါဒေတိ၊ သမာပတ္တိ ဥပဒေတိ' ဒါတွေက ပစ္စတ္တိ အကျိုးတွေ ဖြစ်သည်။

ထို့နောက် ဥပနိဿယပစ္စည်း အကြောင်း၊ ပကတူပ နိဿယ ပစ္စည်း၏ အားကြီးသော အကြောင်းကို ဟောသည်။ [နာ–၂၄၁ ] သူက မဂ်ကို တိုက်ရိုက် အကျိုးပေးသည် မဟုတ်၊ ကိုယ်က မဂ်အလုပ်ကို လုပ်ဖို့ အကြောင်း ညီညွတ်ရေးကို ကျေးဇူးပြုသည်။ ဥပနိဿယပစ္စည်းကြောင့် မဂ္ဂပစ္စယောကို လုပ်ဖြစ်သည်။ ရှေးက ဥပနိဿယ မပါလျှင် မဂ္ဂပစ္စယောကို မလုပ်ဖြစ်ဘူးဟု ဆိုသည်။ [နာ–၂၄၂ ] လူ့ဘဝလည်း မရဘူး၊ ဆရာကောင်း သမားကောင်းကိုလည်း မတွေ့ဘူး၊ ဆရာကောင်း သမားကောင်းနှင့် ကြုံအောင် လုပ်တာ၊ ရှေးက ဥပနိဿယ ပစ္စည်း ဖြစ်သည့် မဂ်ကိစ္စ အားထုတ်ဖြစ်အောင် လုပ်တာ ဥပနိဿယ သတ္တိ ဖြစ်သည်။ ဥပမာ ဥပနိဿယသတ္တိက ပစ္စည်းတွေ စုပေးမှ ကိုယ်က ဘုရားတည်ချင်လျှင် တည်နိုင်သည်။ ပကတူနိဿယ ပစ္စည်းအား ကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြု သည်။ ဒါကြောင့် သူသည် မဂ္ဂပစ္စယောကို ထောက်ပံ့သည်။ ဆွမ်းလှူသမျှ၊ ကျောင်းလှူသမျှ ရှေးက ပြုခဲ့သော ဒါနတွေသည် ဥပနိဿယ ပစ္စည်းတွေ ဖြစ်သည်။ ကိုယ့်သန္တာန်မှာ အားထုတ်ဖြစ်တာက မဂ္ဂပစ္စည်း ဖြစ်သည်။

လူ့ပြည်ရောက်အောင်၊ စီးပွားရေး အကြောင်း ကောင်းအောင်၊ သာသနာ ထွန်းကားသော နေရာဖြစ်အောင်၊ ဆရာသမားနှင့် တွေ့အောင် ထောက်ပံ့တာ ဥပနိဿယပစ္စည်း ဖြစ်သည်။ ဆရာကောင်းနှင့် တွေ့တာတောင်မှ ကိုယ့်မှာ ထောင်တတ်သော နားလည်း ရှိမှ ဖြစ်သည်။ နား ချို့ယွင်းနေမည်ဆိုလျှင် ဥပနိဿယ ကင်းပြန်သည်။ ဒါကြောင့် ရှာန် မဂ်ဖိုလ်ကို အားထုတ်သောအခါ ဥပနိဿယ ကင်းလျှင်လည်း မရနိုင်ကြောင်း ဟောသည်။ [နာ–၂၄၃ ] နေ့လုပ် နေ့စား၊

ညလုပ် ညစား ပုဂ္ဂိုလ်တွေကို ဘယ်လောက်ပင် အသံချဲ့စက်နှင့် တရားဟောနေစေကာမူ သူတို့ နားထဲကို မရောက်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ ဥပနိဿယကင်းနေလို့ ဖြစ်သည်။ ဥပနိဿယကင်းပြီး မဂ္ဂ မဖြစ်နိုင်ကြောင်း ဟောခြင်းဖြစ်၏။ ဥပနိဿယသတ္တိ၏ အခွင့်ကောင်း အခါကောင်း ကြုံအောင် ထောက်ပံ့ပုံကျေးဇူးပြုပုံများကို အကျယ် ဟောသည်။

ထို့နောက် ကျောင်းအလှူ၏ အကျိုး အာနိသင်များကို ဆက်ဟောသည်။ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပညာ (ပဋိဘာန) ဉာဏ် အကျိုးများ ပေးပုံကို ဟောသည်။ အင်္ဂုတ္တိုရ်မှာ လာသည်။ [နှာ–၂၄၇ ] အကျိုး ငါးကျိုးထဲမှာ ပညာလှူသော အကျိုး၏ အာနိသံသကို ချဲ့ဟောသည်။ [နှာ–၂၅၁ ] ပညာအလှူကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရနိုင်ကြောင်းကို ဟောသည်။ ယနေ့ အလှူပွဲ (ကမ္မဋ္ဌာန်းကျောင်း အလှူပွဲ) သည် ပညာအလှူပွဲ ဖြစ်သည်ဟု ဆရာတော်က ချီးမွမ်းသည်။ ကျောင်းအလှူကို ပညာအလှူဟု မှတ်ပါ၊ စိတ်ပြောင်းပါဟုလည်း ဆရာတော်က ကျောင်းဒကာ ဒကာမတို့အား တိုက်တွန်းထားသည်။ [နှာ–၂၅၃ ] ပညာသည် ကိုယ့်အတွက် ဘဝဇာတ်သိမ်းဖို့ ဖြစ်သည်။ 'ဘဝနိရောဓော နိဗ္ဗာနံ' ဖြစ်ကြောင်း ဟောသည်။

ဤသဘောတရားကို အင်္ဂုတ္တိုရ်နှင့် သုတ္တနိပါတ် ပါဠိတော်ကို တွဲပြီး ဟောသည်ဟုလည်း အဆို ရှိထားသည်။ ထို့နောက် လှူတာ ကုန်သွားတယ် မမှတ်ရဘူး၊ ရတာဟု မှတ်ရကြောင်းကို ဟောသည်။ ပစ္စည်းဥစ္စာသည် ရန်သူမျိုးငါးပါးနှင့် ဆက်ဆံသော အရာ ဖြစ်သည်။ ကိလေသာမီး လောင်သဖြင့်လည်း ပစ္စည်း ဥစ္စာသည် ပြုန်းတီးနိုင်သည်။ ပစ္စည်းဥစ္စာသည် မမြဲ၊ ရန်သူ မီးလောင်လည်း ကုန်သည်။ ကိလေသာ မီးလောင်လည်း ကုန်သည်။ လှူလိုက်တာက အိမ်ကြီး မီးလောင်နေစဉ် မီးလောင်တဲ့ အထဲက အပြင်ကို ဆွဲထုတ်နိုင်သဖြင့် မီးမလောင်ဘဲ ကျန်ရစ်ခဲ့သော ပစ္စည်းနှင့် တူကြောင်း ပုံနှိုင်း ပြပြီး ဟောသည်။ [နှာ–၂၅၆ ] မရဏာ မီးလောင်လည်း ပြောင်တာပဲ။ သေရင် ထိုပစ္စည်းများသည် ကိုယ်နှင့် ဘာမှ မဆိုင်တော့ပါ။ ပြောင်ပြီး ဆွဲထုတ်တဲ့ ပစ္စည်းကို ဘယ်သူ ပိုင်သလဲဆိုလျှင် ဆွဲထုတ်သောသူ ပိုင်ပါသည်။ ဒီကျောင်းကို ဘုန်းကြီးအား လှူပြီး ဖြစ်၍ ကိလေသာမီးလည်း မလောင်နိုင်တော့။ မရဏာမီးလည်း မလောင်တော့၊ ကျောင်းဒကာ ဒကာမများ သေလျှင် ထိုပစ္စည်း အလှူ၏ ကျေးဇူး အထောက်အပံ့ကို ခံစားကြရပေတော့မည်။ ကိလေသာမီး ဒုက္ခမီး လောင်နေတာကို မလှူရက်၊ မတန်းရက်ဘဲ ထိုင်ကြည့်နေသူသည် မီးလောင်နေတာကို ထိုင်ကြည့်ပြီး ပျော်နေသော အရူးအနှမ်းနှင့် တူပုံ

ကို ဟောသည်။ [နှာ–၂၆၀ ] လှူတယ်ဆိုတာ မီးထဲက ဆွဲထုတ်ပြီး ကိုယ်ပိုင် ပစ္စည်း ကျန်အောင် လုပ်တာဟု မှတ်ရမည်။

ထို့နောက် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးမှာ ဟောတော်မူခဲ့သော မဟာသုဒဿန (စကြဝတေးမင်း) ဇာတ်ဝတ္ထုကို ဟောသည်။ [နှာ–၂၆၃ ] ရှေးက စကြဝတေးမင်း အုပ်စိုးသော ကုသဝတီပြည်ကြီး၊ ယခုအခါ မလ္လတိုင်းဆိုတာ တိုင်းငယ် ဇနပုဒ် ဖြစ်နေပြီး သင်္ခါရတရားတို့ကား အနိစ္စ ဖြစ်ပုံကို ဟောသည်။ ပစ္စည်းဥစ္စာတွေ အားလုံး ယခုအခါ ပျောက်ပျက်ကုန်ကြရပြီး ဆွဲမထုတ်တတ်သော ကြောင့် ဖြစ်ရကြောင်းကို ဟောသည်။ [နှာ–၂၆၄ ] ဝိပဿနာ ခြံရံသော ဒါနဖြင့် ဆွဲထုတ်မှ ရသည်။ ကိလေသာမီးပုံ၊ ဒုက္ခမီးပုံကြီးထဲက ပစ္စည်းတွေကို ပညာဖြင့် ဆွဲထုတ်ခြင်း ဖြစ်သည်။ လှူဒါန်းပေးကမ်းပြီး ပညာနှင့် ဆွဲထုတ်တတ်သူမှာ သောက ပရိဒေဝ မလာဘဲ အလောဘ၊ အဒေါသ၊ အမောဟပဲ လာသည်။ အလောဘ၊ အဒေါသ၊ အမောဟ ဖြစ်လျှင် ပဋိစ္စသမုပ္ပါဒ် ပြတ်တော့သည်။ လှူတာ အလောဘ၊ အဒေါသ၊ အမောဟ (ပညာ) ဦးစီးပြီး လှူခြင်းကြောင့် သံသရာလည် ကြောင်း မဖြစ်တော့ဘဲ သံသရာ ပြတ်ကြောင်း ဖြစ်သည်။ [နှာ–၂၆၆ ] ဤတွင် နိဗ္ဗာန် လိုချင်မှုကို တဏှာဟု မသုံးဘဲ ဆန္ဒဟု သုံးနှုန်းရကြောင်း အတိအလင်း ဟောထားသည်။ [နှာ–၂၆၇ ] ဒုက္ခသစ္စာကို သိမြင်ပြီး လှူလျှင် ဒုက္ခသိမ်းသည်။ အလောဘက မလိုချင်တာ။ ဒုက္ခသစ္စာကို မြင်လို့ မလိုချင်တာ ဖြစ်သည်။ [နှာ–၂၆၈ ] ဤ အလှူသည် ဉာဏ်ဦးစီးပြီး လှူသော အလှူဖြစ်ခြင်းကြောင့် သံသရာ ပြတ်သော အလှူဟု ဆိုသည်။ [နှာ–၂၆၉ ] ဝိပဿနာ ခြံရံသော အလှူဖြစ်သော ကြောင့် ဝဋ် မဖြစ်တော့ဘူးဟု ဆိုသည်။ ဉာဏ်နှင့် ပစ္စည်းဥစ္စာကိုလည်း ရှုံ့မုန်းခြင်း ရှိသည်ဖြစ်၍ ခန္ဓာ ဒုက္ခသစ္စာကိုလည်း ရှုံ့မုန်းခြင်း ရှိသည်ဖြစ်၍ ခန္ဓာဒုက္ခအဆုံး နိဗ္ဗာန်ကိုသာ ရောက်လိုခြင်း ဆန္ဒ ပြင်းပြသည် ဖြစ်၍ ဤကျောင်းနှစ်ဆောင်ကို ဆရာသမားအား လှူဒါန်းပါ၏ဟု စိတ်ပြောင်းနိုင်းသည်။ [နှာ–၂၇၀ ]

ခန္ဓာ ဖြစ်ရတာ မီးနှင့် လောင်စာ တွဲပြီး ဖြစ်ရတာ ဖြစ်သည်။ ကိလေသာ မီးက ၁၁ မီးလောင်နေသည်။ ခန္ဓာငါးပါးက လောင်စာ ထင်း ဖြစ်သည်။ ထို ဒုက္ခကို မြင်သဖြင့် လောင်စာသိမ်း၊ မီးငြိမ်းခြင်းကို အလိုရှိ၍ လှူဒါန်းကြောင်း ဉာဏ်သွင်းပြီး လှူနိုင်းသည်။ [နှာ–၂၇၁ ]ဒါမှသာ ဤဒါနသည် ဝိဝဋ္ဋဒါန ဖြစ်သွား သည်။ စေတနာနှင့် ဉာဏ်သည် လုပ်သော ပုဂ္ဂိုလ်မှာ ဉာဏ်သာ ရှေ့သွားဖြစ်၍

ဦးဆောင်ရမည်ဟု ဆိုလိုသည်။ ဉာဏ် ဦးဆောင်သော ကံ၏ အကျိုးပေးကို ကံက မခြယ်လှယ်ဘဲ ဉာဏ်ကသာ ခြယ်လှယ်ပုံကို ဟောပြန်သည်။ [ နာ–၂၇၅ ] ဦးကျော်သိန်း၊ ဒေါ်တင်လှတို့၏ ကျောင်းအလှူ ရေစက်ချပွဲမှာ ဟောသောတရား ဖြစ်သည်။ ထို့နောက် ရေစက်ချပေးသည်။ ရေစက်ချအပြီးမှာ အချိန်စေ့၍ တရားကို ရပ်နားသည်။

*

## ၈။ နိဗ္ဗာန်ဆိုတာ ဘာတဲ့တုံး၊ ဝေးသလား နီးသလား

[ ၁၅–၁၂–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

နိဗ္ဗာန်ကို ရောက်စေသောအကြောင်းသည် နေ့စဉ်နေ့တိုင်း ဖြစ်ပျက်ကို ရှုနေသော မဂ်ပင် ဖြစ်သည်ဟု အစချီပြီး ဤတရားကို ဟောတော် မူပါသည်။ 'နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ' မဂ်က နိဗ္ဗာန်ကို ပို့သည်။ နိဗ္ဗာန်သည် ဘုရား လုပ်ထားတာ မဟုတ်ပါ။ ဘုရား မပွင့်လည်း ရှိသည်။ ပွင့်လည်း ရှိသည်။ အတ္ထိဘိက္ခဝေ နိဗ္ဗာနံ ဆိုသောကြောင့် နိဗ္ဗာန်သည် အမြဲ ရှိသည်။ အဇာတံ ပဋိသန္ဓေ မနေသော နိဗ္ဗာန်၊ အဘူတံ ဘယ်သူမှ မပြုလုပ်သော နိဗ္ဗာန်၊ အသင်္ခတံ ဘယ်သူမှ မပြုပြင် နိုင်သော နိဗ္ဗာန်သည် ရှိနေသည်။ သဘာဝဓမ္မ ဖြစ်ကြောင်း အသံ့ခတာ ဓမ္မာ ဥဒါန်း ပါဠိတော်မှာ ဟောထားသည် ဆို၏။ [ နာ–၂၈၃ ] ဒါဖြင့် နိဗ္ဗာန် ရှိတယ် ဆိုတာ သေချာပြီ။ ဘယ်သူ လုပ်ထားတာလဲဆိုလျှင် ဘယ်သူမှ မလုပ်ပါ။ 'အပစ္စယ ဓမ္မာ' နိဗ္ဗာန်ကို သွားချင်လျှင် ဘယ်က ထွက်ရမလဲ၊ သင်္ခတနယ်က ထွက်ရမည်။ ပြုပြင်သော နယ်ထဲက ထွက်မှ မပြုပြင်သော နယ်ထဲသို့ ရောက်သည်။ *[နာ - ၂၈၄]*

သင်္ခတနယ်ဆိုတာ ခန္ဓာငါးပါးကို ဆိုသည်။ အသင်္ခတဆိုတာ ခန္ဓာငါးပါးက လွတ်တာကို ဆိုသည်။ သဘာဝဓမ္မအားဖြင့် နိဗ္ဗာန်သည် အမြဲရှိပါလျက် ဘာကြောင့် ဘုရားပွင့်မှ ရောက်ကြရသလဲဆိုလျှင် နိဗ္ဗာန်ရောက်ကြောင်းကို ဘုရားပွင့်၍ ဟောမှ သိကြသောကြောင့်ဟု ဖြေရမည်။ နိဗ္ဗာန်သည် ဘုရားလုပ်ထားတာ၊ ဖန်ဆင်းထား တာ မဟုတ်ပါ။ ဘုရားက ရောက်ကြောင်း တရားကို ဟောခြင်းသာ ဖြစ်သည်။ နိဗ္ဗာန်သည် ပြုပြင်အပ်သော အကြောင်းတရား မရှိဘူး။ သဘာဝဓမ္မအားဖြင့် အမြဲ ရှိနေသော အရာဟု မှတ်ရမည်။ [ နာ–၂၈၅ ] အမြဲ ရှိနေလျှင် တစ်ယောက် ယောက်နှင့်တော့ တိုးမိမှာပေါ့ဟု ဆင်ခြေတက်နိုင်သည်။ ဆရာတော်က မတိုးမိ ...ကြောင့်လဲဆိုလျှင် ရ...

ရှိသည်။ ဒုဂ္ဂတိက သုဂတိသွားရတာ၊ သုဂတိက ဒုဂ္ဂတိ သွားရတာ၊ နိဗ္ဗာန် သွားရတာ စသည် ဖြစ်၏။ [နှာ–၂၈၆]

ပုထုဇဉ်က သုဂတိသွား ရထားနှင့် ဒုဂ္ဂတိသွား ရထားကိုပဲ အစီးသန်နေသည်။ နိဗ္ဗာန်သွား ရထားကို မစီးမိကြဟု ဆိုသည်။ ခု ဘုရားသာသနာ ရှိသော အချိန်ကာလကျမှ ဘုရားသားတော်များက နိဗ္ဗာန်သွား ရထားကို စီးကြဖို့၊ ရထားစီးမလွဲကြဖို့ တိုက်တွန်းနေရသည်။ ဘုရား မပွင့်ဘဲ ရထားစီးမှန်တာ ပစ္စေက ဗုဒ္ဓါပဲ ရှိသည်ဟု ဟောသည်။ ဒုဂ္ဂတိရောက်သော သတ္တဝါများကလည်း သုဂတိ ရောက်ဖို့ပဲ စိတ်ရှိသည်။ သုဂတိ ရောက်နေသူများကလည်း အပါယ်သွားမည့် တဏှာ၊ ဥပါဒါန်၊ ကံတွေချည်း လုပ်နေသည်။ နိဗ္ဗာန်သွားသော ရထားကို စီးဖို့ကို စိတ်မရောက်ကြ။ ဘာကြောင့်လဲဆိုလျှင် နိဗ္ဗာန် ရှိမှန်း မသိကြ၍ ဖြစ်သည်ဟု ဆိုသည်။[နှာ–၂၈၈]

နိဗ္ဗာန်ကို ဇာန်းချိလည်း မဆွဲနိုင်၊ ပန်းပုလည်း ထုမပြနိုင်ခြင်းမှာ လုံးရပ်သဏ္ဌာန် ပုံဟန် နိမိတ် မရှိသောကြောင့် ဖြစ်၏။ နောက် နိဗ္ဗာန်ကို ရောက်သွားသော ပုဂ္ဂိုလ်များကလည်း တစ်ခါရောက်သွား တစ်ခေါက်မပြန် ဆိုသည့်အတိုင်း သံသရာမှာ ပြန်မလာသူ ဖြစ်သွားလေပြီ။ [နှာ–၂၈၉] လုံးရပ် သဏ္ဌာန် ပုံဟန် နိမိတ် ကင်းဆိတ်သောကြောင့် နိဗ္ဗာန်မှာ ပျက်စီးခြင်းလည်း မရှိတော့ပါ။ ဒါကြောင့် ဒီနေရာသည် အကောင်းဆုံး နေရာပဲဟု မှတ်ရမည်။ သင်္ခတနယ်ထဲမှာ နေရတဲ့ သတ္တတွေကတော့ ပျက်စီးခြင်းနှင့် ကြုံခွင့် အမြဲ ရှိသည်။ သူတို့မှာ စိတ်အေး လက်အေး နေခွင့် မရှိတော့ပါ။ ဖြစ်ပျက်ရှုတာက သင်္ခတတရားတွေကို ရှုတာ ဖြစ်သည်။ သင်္ခတရှုရာမှာလည်း မှန်းအောင် ရှုမှသာ အသင်္ခတနယ်သို့ ရောက်မည်။ နိဗ္ဗာန် ရောက်ချင်လျှင် သင်္ခတ ဆုံးအောင် လိုက်မည်ဟု ဟောသည်။ [နှာ–၂၉၁] ဖြစ်ပျက် ဆုံးပြီလား မေးတာ သင်္ခတဆုံးပြီလားဟု မေးခြင်း ဖြစ်သည်။ သင်္ခတက ဖြစ်ပျက်၊ ဖြစ်ပျက်အဆုံးမှာ အသင်္ခတ ရှိသည်။ [နှာ–၂၉၁]

နိဗ္ဗာန်ဟာ ဝေးသလား၊ နီးသလား မေးတော့ တစ်လံမျှလောက်သော ခန္ဓာထဲမှာ ရှိသည်၊ ခန္ဓာက သင်္ခတနယ်၊ သင်္ခတနယ်အဆုံးမှာ နိဗ္ဗာန် ရှိသည်' ဆိုတော့ ခန္ဓာအဆုံး တစ်လံအကွာမှာ ရှိသည်။ ဖြစ်ပျက် သင်္ခတတွေကို မြင်ပြီး သင်္ခတတွေကို မုန်းပြီဆိုလျှင် ဒုက္ခသစ္စာဟု အမှန်သိပြီး ဆိုလျှင် ဖျတ်ဆို သင်္ခတတွေ ချုပ်သွားပြီး နိဗ္ဗာန်ကို တွေ့ရပြီး အသင်္ခတနိဗ္ဗာန်ကို ဒီနေရာမှာ မြင်ရလိမ့်မည်ဟု ဆိုသည်။ [နှာ–၂၉၂] ရုပ်ရှင်ကား မဆုံးခင် ပိတ်ကားပေါ်မှာ အရုပ်တွေ လှည့်ပတ် လှုပ်ရှားနေတာ မြင်ရမည်။ ဓာတ်လမ်းဆုံးတော့ ပိတ်ကား အဖြူကြီး ပေါ်လာပုံနှင့် နှိုင်းယှဉ်ပြီး ဟောပြသည်။

နိဗ္ဗာန်သည် မဂ္ဂင်နှင့် သွားလျှင် အနီးကလေး ဖြစ်၏။ နီးလျက်က ဘာကြောင့် ဝေးနေသလဲဆိုလျှင် သစ်တနယ်ကို မကျော်နိုင်လို့ ဖြစ်သည်။ သစ်တ ဖြစ်ပျက်ကို ကျော်ဖို့ အသာထား၊ ဖြစ်ပျက်တွေ့သော သူပင် အတော် ရှားသည်ဟု လည်း ဟောထားသည်။ [နာ-၂၉၃ ] ခင်ဗျားတို့ အနိစ္စကို မတွေ့လို့ နိစ္စနိဗ္ဗာန်ကို မရောက်တာပဲဟု ဆိုသည်။ ထို့နောက် ပုထုဇဉ်တွေ နိဗ္ဗာန်အကြောင်း ပြောလျှင် ပါရမိကို လှည့်ချတတ်ပုံကို ပြသည်။ သစ္စာတရားကို နာ၍ သစ္စာကို မှန်ကန်စွာ နှလုံးသွင်း လိုက်လျှင် ဒုက္ခသစ္စာ ချုပ်ပြီး နိရောဓသစ္စာ ဘွားခနဲ ပေါ်တော့သည်။ [နာ-၂၉၄ ]

သစ္စာတရားကို နာမှုက နံပါတ် ၁ ဖြစ်သည်။ ထိုနာထားသော သစ္စာတရား ကို မှန်မှန်ကန်ကန် နှလုံးသွင်းလိုက်ပါက နှလုံးသွင်း တည့်သွားလျှင် နိဗ္ဗာန် ပေါ်ပြီ။ ဒုက္ခချုပ်သော နေရာသည် နိဗ္ဗာန် ဖြစ်၏။ ဒုက္ခမှန်း မသိတာကို ဒုက္ခမှန်း သိအောင် ဟောလိုက်သဖြင့် နှလုံးသွင်း တည့်သွားလျှင် နိဗ္ဗာန်ကို ခဏကလေးမှာ ရနိုင်သည်ဟု ဟောသည်။ [နာ-၂၉၅ ] ဒါဖြင့် နိဗ္ဗာန် ဝေးလို့ မရောက်တာလား၊ နီးလျက် မရှာတတ်လို့ မရောက်တာလား။ နီးလျက် မရှာတတ်လို့ မရောက်တာ ဖြစ်သည် ဆို၏။ ဤတွင် ကလျာဏမိတ္တ သိပ် အရေးကြီးသည်ဆိုသော ဟောနေကျ စကားကိုပင် ပြန်ဟောပြန်သည်။ [နာ-၂၉၆ ]

ထို့နောက် နိဗ္ဗာန်ကို ရောက်ချင်လျှင် မဂ္ဂင်ရထားကို စီးပါ။ ဝိပဿနာ အလုပ်ကို လုပ်တာ မဂ္ဂင်ရထားကို စီးတာပဲဟု မိန့်ထားသည်။ [နာ-၂၉၇ ] ဤ အလုပ်သည် ကိုယ်လုပ်မှ ကိုယ်ရသော တရား ဖြစ်သည်။ 'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ' အမျှဝေ၍ ရသော တရား မဟုတ်ကြောင်း ဟောပြန်သည်။ [နာ-၂၉၈ ] ထို့နောက် နိဗ္ဗာန် ရောက်အောင် မဂ္ဂင်ရထားပဲ စီးရမည်။ ရထားစီး မလွဲဖို့ အရေးကြီးကြောင်းကို ဟောသည်။ ဟေ ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနှင့် လိုက်ရမည်ဟု ဆိုသည်။ [နာ-၃၀၉ ] မြင်အောင် လိုက်ပါ။ နိဗ္ဗာန်ကို တွေ့ပြီ။ နောက် သစ်တ မှန်းအောင် လိုက်ရမည်။ မှန်းပြီးလျှင် သစ်တအဆုံးကို ရောက်မည်။ သစ်တ အဆုံးရောက်သော ပုဂ္ဂိုလ်သည် အသစ်တကို တွေ့မည်။ အရဏာဝတီသုတ် မှာ ဘုရားက 'ဒုက္ခ သသ အန္တံကရိဿတိ' ဟု ဟောသည်။ ဒုက္ခအဆုံးကို မျက်မှောက် ပြုနိုင်လတ္တံ့ဆိုသောကြောင့် နိဗ္ဗာန်ကို ဒုက္ခ ဖုံးနေသည်။ ဒုက္ခကို ဘယ်သူ ဖုံးသလဲ၊ အဝိဇ္ဇာနှင့် တဏှာ ဖုံးသည်။ [နာ-၃၁၁ ] ဉာဏ်ပေါ်မှာ ကိလေသာ ဖုံးသည်။ နိဗ္ဗာန်ကို ဒုက္ခ ဖုံးသည်။ ဖြစ်ပျက်တွေ့ပြီလား၊ မတွေ့သေးဘူးဆိုလျှင် ဉာဏ်ပေါ်

မှာ ကိလေသာဖုံးနေပြီ။ ဖြစ်ပျက်တွေ့ပြီးတာတောင် နိဗ္ဗာန်ကို တွေ့အောင် နောက်ထပ် အဖုံးဖွင့်ရပေဦးမည်။

ဒုက္ခသစ္စာလို့ သိပြီး ဒုက္ခကို မလိုချင်သော ဉာဏ်လာမှသာ ဒုက္ခအဆုံး နိဗ္ဗာန် ပေါ်မည်။ နိဗ္ဗာန်ကို အလုပ်နှင့် သွားရသည်။ အချောင်လိုချင်လို့တော့ မရဘူးဟု ဆိုသည်။ [နှာ–၃၁၃] ဤတရားတွင် နိဗ္ဗာန် မြင်သူမှာ ဖြစ်ပေါ်လာသော သဘောများကိုလည်း ဟောသည်။ ဒိဋ္ဌဓမ္မ ဖြစ်သည်။ ပတ္တ ဓမ္မော၊ ဝိဒိတ ဓမ္မော ဆုံးဖြတ်ချက် ပိုင်ပိုင်ချနိုင်ပြီ။ ဒါ နိဗ္ဗာန်အစစ်ပဲဟု ပြောနိုင်ပြီ။ ပရိယောဂဋ္ဌ ဓမ္မော ဉာဏ် ဉာဏ်ဖြင့် သက်ဝင်ပြီး သိသည်။ တိဏ္ဏဝိစိကိစ္ဆော၊ ဝိစိကိစ္ဆာ ကင်းပြီး သိသည်။ ဝိဂတကထံကထော သံသယကင်းစွာဖြင့် မြင်ရမည်။ ဝေသရဇ္ဇပတ္တော– ငါ အပါယ် မကျတော့ဘူးဟု ရဲဝံ့စွာ ပြောနိုင်ရမည်။ အပရပ္ပစ္စယော–သူများ ပြော မဟုတ် ကိုယ်တိုင်မြင်တွေ့ခြင်း ဖြစ်ရမည်။ ယနေ့ နိဗ္ဗာန် တစ်လုံးတည်းကို ဟောနေခြင်း ဖြစ်သည် ဆို၏။ [နှာ–၃၁၄] နိဗ္ဗာန်ကို ကိလေသာ တစ်ချက်၊ ဒုက္ခ တစ်ချက် ဖုံးသည်။ ဒါကြောင့် ကိလေသာ ရန်သူကို ပထမ နိုင်အောင် တိုက်ရမည်။ ဒုတိယ ဒုက္ခသစ္စာကြီးကိုလည်း ဖယ်ရှားနိုင်ရမည်။ [နှာ–၃၁၅] ဖြစ်ပျက် မမြင်လျှင် ကိလေသာ ရန်သူကို မနိုင်သေး၊ ဒုက္ခကို မပိုင်းခြားနိုင်လျှင် နိဗ္ဗာန်ကို မဖြစ်သေးဟု ဟောသည်။ ဒုက္ခသစ္စာကို ဉာဏ်ထဲ ပိုင်ပိုင်နိုင်နိုင် မြင်လျှင် ဒုက္ခအဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုရကြောင်းကို ဟောရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၉။ ခန္ဓာထဲ ရှိကောင်းသော တရားနှင့် မရှိကောင်းသော တရား

[ ၁၆–၁၂–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

တရားနာကြတာ ဘာအတွက်ပါလိမ့်ဟု မေးလျှင် ခန္ဓာထဲမှာ ရှိကောင်းသော တရားနှင့် မရှိကောင်းသော တရားကို သိဖို့ ဖြစ်သည်ဟု အစချီပြီး ဤတရားကို ဟောသည်။ ခန္ဓာထဲမှာ ရှိကောင်းသော တရားက သမ္မာဒိဋ္ဌိ၊ မရှိကောင်းသော တရားက မိစ္ဆာဒိဋ္ဌိ ဖြစ်သည်။ ဒါခွဲခြားသိဖို့ အရေးကြီးသည်။ ခွဲခြား သိပြီးနောက် ရှိကောင်းသောတရားကို များများ ရှိအောင်၊ မရှိကောင်းသော တရားကို ပယ်နိုင်အောင် အားထုတ်ရမည်။ သံသရာရှည်ပြီး အို နာ သေဘေး ထပ်ကာထပ်ကာ ဖြစ်နေရတာ၊ ခန္ဓာထဲမှာ မရှိကောင်းသော တရားများ ရှိနေ၍ ဖြစ်ကြောင်း ဟောသည်။ [နှာ–၃၁၈]

ခန္ဓာထဲမှာ ရှိကောင်းသော တရား မရှိတာသည် ထိုတရားမျိုး မနာခဲ့ရ၍ မသိခဲ့သောကြောင့် ဖြစ်သည်။ ခန္ဓာထဲမှာ နဂိုရှိတာက အနိစ္စဝတ သခါရာ ဆိုသောကြောင့် အနိစ္စနှင့် သခါရပဲ ရှိသည်။ အတိုချုံးလိုက်တော့ ခန္ဓာထဲမှာ ဖြစ်ပျက်ပဲ ရှိသည်။ ဖြစ်ပျက်မှု ခန္ဓာကြီးကို ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ လုပ်နေကြသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တက ခန္ဓာထဲမှာ မရှိကောင်းသော တရား၊ သူက ရှိနေသည်။

တရားမနာရလျှင် ခန္ဓာထဲမှာ မရှိကောင်းသော တရားပဲ အမြဲ ရှိနေသည်။ တရားနာရမှသာ ရှိကောင်းသော တရားက ရှိလာနိုင်သည်ဟုဆိုသည်။ [နာ-၃၂၀] ဒါနတရား၊ သီလတရားလောက်သာ နာရလျှင်လည်း ခန္ဓာထဲမှာ မရှိကောင်းသော သက္ကာယဒိဋ္ဌိသည် ရှိနေဦးမည် ဖြစ်၏။ တရားနာလျှင်လည်း ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာနှင့် စပ်သော 'သုညတ တရား' ကို နာရမှ လိုရင်း ရောက်ကြောင်း၊ လမ်းမှန်ရောက်ကြောင်း ဟောသည်။ ရူပက္ခန္ဓာသည် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါ။ ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းသောကြောင့် သုညတ ဖြစ်သည်။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ပဋိစ္စသမုပ္ပါဒ် ဟောချင်ရာ ဟောပါ၊ သုညတပဲ ဆိုက်သည်။ [နာ-၃၂၂] ထိုသုညတ တရားကို နာရမှသာ ဒိဋ္ဌိပြုတ်သည်။

ထို့နောက် သုညတ တရား မဟုတ်လျှင် ငါစွဲ မပြုတ်ပုံကို ဟောသည်။ သုညတ တရား မနာရလျှင် ဒိဋ္ဌိ မပြုတ်ပါ။ ဒိဋ္ဌိ မပြုတ်လျှင် အပါယ်လေးပါးက မလွတ်နိုင်ပါ။ [နာ-၃၂၃] ဒိဋ္ဌိ မကွာလျှင် နိဗ္ဗာန်ကို မရောက်နိုင်ပါ။ ထို့နောက် မြတ်စွာဘုရားသည် သုတ္တန်ဒေသနာကို ဟောပြီး တရားပွဲအပြီး သိမ်းချိန်မှာ အဘိဓမ္မာ ဒေသနာကို ဟောခြင်းမှာ ပုဂ္ဂိုလ် သတ္တဝါစွဲ ဒိဋ္ဌိ ပြုတ်ပြီး သုညတ ထင်မြင်အောင် ဟောခြင်း ဖြစ်သည် ဆို၏။ [နာ-၃၃၀] တရားဟောသောအခါ ရှေး ဆရာတော်များက ရှေ့ပိုင်းမှာ သုတ္တန်ဒေသနာ ဝတ္ထုဇာတ်လမ်းများကို ဟောသည်။ ပြီးမှ အဘိဓမ္မာနည်းဖြင့် ပုဂ္ဂိုလ် သတ္တဝါ ပျောက်အောင် သုညတ ဆိုက်အောင် ဟောကြောင်း ရှင်းပြသည်။ ဒါကြောင့် ဆရာတော်က ပုဂ္ဂိုလ် သတ္တဝါ ထည့်ဟောသော ဝတ္ထုကြောင်းတွေကို မနာချင် နေပါ။ နောက်ပိုင်း သုညတ ဆိုက်အောင် ဟောသော တရားကိုမှ နာဖြစ်အောင် နာပါဟု တိုက်တွန်းထားသည်။ [နာ-၃၃၄]

ထို့နောက် မြတ်စွာဘုရား တရားဟောသောအခါ ဒါနကထာ၊ သီလကထာ စသည် အစဉ်အတိုင်း ဟောပုံ၊ ပြီးမှ ထို ဒါန၊ သီလ အကျိုးပေး တရားများ၏ အပြစ်ကို ဖော်ပြပြီး ဖျက်ချတတ်ပုံကို ဟောသည်။ [နာ-၃၃၆] ကာမဂုဏ်တို့၏

အပြစ်ကို ဟောပြီးမှ သာမုက္ကံသိက ကထာ သစ္စာတရားကို ဟောသည်။ ရင်ထဲမှာ ဒိဋ္ဌိကိလေသာ စင်ကြယ်နေတုန်းမှာ ဟောသည်။ [နှာ–၃၃၇] ထို့နောက် ဆရာတော်က မိမိလည်း ပဋိစ္စသမုပ္ပာဒ်ကို ပြပြီး သုညတ တရားကို ဟောသည်ဟု ဆိုသည်။ [နှာ–၃၃၈] ထိုအခါ မြတ်စွာဘုရားက ဘုရားလက်ထက်တော်အခါက ရဟန်းငယ်တစ်ပါးက သူတို့ ပဉ္စာဘူမိ အရပ်ကို သွားလိုကြောင်း ခွင့်ပန်ကြားသည်။ (ဤဝတ္ထုကိုလည်း ရှေးက ဟောဖူးပြီးပြီ)။

ထိုအခါ မြတ်စွာဘုရားက နောင်တော်ကြီး အရှင် သာရိပုတ္တရာကို သွားတွေ့ပါဦးဟု မိန့်တော်မူသည်။ အရှင် သာရိပုတ္တရာထံ ရောက်တော့ ကိုယ်တော်ကြီးက ဤ ရဟန်းငယ်များကို ဆုံးမ သွန်သင်စေချင်လို့ ဘုရားက သူ့ထံ လွှတ်လိုက်တာပဲဟု သိမြင်သဖြင့် ဆုံးမသည်။ ပဉ္စာဘူမိမှာ ရဟန်း ပညာရှိ၊ လူ ပညာရှိတွေ ရှိသည်။ ခန္ဓာ အင်္ဂ သံယုတ်မှာ ဟောသော တရား ဖြစ်သည်။ ဗုဒ္ဓဘုရားမှာ ဘာဝါဒ ရှိသလဲဟု လူပညာရှိ၊ ရဟန်း ပညာရှိတို့က မေးလိမ့်မည်။ ထိုအခါ သင်တို့က ဘုရားသည် ဆန္ဒ ရာဂ ပယ်ခြင်းကို ဟောတော်မူလေ့ ရှိပါသည်။ 'ဆန္ဒ ရာဂ ဝိနယက္ခာ ယီခေါ အာဝုသော သတ္တာ' ဟု ဖြေရန် သင်ကြားပေးသည်။ [နှာ–၃၄၂] လောဘ ပယ်တဲ့ ဝါဒဟာ ဘုရားဟောတဲ့ ဝါဒပဲဟု ဆိုသည်။ ပဋိစ္စသမုပ္ပာဒ် ၂ အကွက်က ၃ အကွက်ကို မကူးဖို့ အလိုရှိသော ဝါဒပဲဟု ဆိုသည်။ [နှာ–၃၄၃] ၂ အကွက်ထဲမှာ ဝိပဿနာ ရှုပါမှ ၃ အကွက် တဏှာ၊ ဥပါဒါန်၊ ကံကို မကူးတော့ပါ။ [နှာ–၃၄၄] ဘုရားက ဆန္ဒရာဂ ပယ်ဖို့ ဟောသည် မှန်ပါပြီ။ ဘယ်အပေါ် ရှိသော ဆန္ဒရာဂ (လောဘ) ကို ပယ်ရမှာတုံးဟု ထပ်ဆင့် မေးလာလျှင်၊ ဖြေရမှာက ခန္ဓာ ငါးပါးကို ခင်တွယ်သော ဆန္ဒရာဂကို ပယ်ရမည်ဟု ဖြေသင့်ကြောင်း ဟောသည်။ [နှာ–၃၄၅] ပုစ္ဆာက နှစ်ချက် ရှိသွားပြီ။

ထိုအခါ ပဉ္စာဘူမိသားများက မေးဦးမည်။ ခန္ဓာ ငါးပါး အပေါ်ရှိသော ဆန္ဒရာဂကို မပယ်လျှင် ဘာအပြစ်သင့်မလဲ ဆိုပါက၊ ခန္ဓာငါးပါးသည် ဖြစ်ပြီးပျက်သော ဓမ္မ ဖြစ်သည်။ ထို ဖြစ်ပျက် ခန္ဓာအပေါ် တပ်မက်သော ဆန္ဒ ရာဂကို မပယ်လျှင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ အပြစ် သင့်မည်ဟု ဖြေရန် မှာကြားသည်။ [နှာ–၃၄၆] ပဋိစ္စသမုပ္ပာဒ်ကို နောက်ပြန်ပြီး အဝိဇ္ဇာ သင်္ခါရအထိ လည်သွားပုံကို ပြသည်။ ဤကား ခန္ဓာ၏ ဓမ္မတာ ဖြစ်သည်။ ဘာကြောင့် ခန္ဓာ ခင်လျှင် သောကပရိဒေဝ လာရသလဲ၊ မသိလို့ လာသည်။ မသိတာ အဝိဇ္ဇာ ဖြစ်သည်။ သင်္ခါရ လိုက်လာပြီ။ ပဋိစ္စသမုပ္ပာဒ် လည်သွားပြန်ပြီ။ မသာ လိုက်ပို့

လျှင် မသာမှာ ဒိုပွဲ ဆင်နေကြတာ၊ သောက ပရိဒေဝမီး တောက်လောင်နေကြတာ သည် ခန္ဓာ ခင်လို့ ဖြစ်ကြောင်း နမူနာ ပြသည်။ [ နှာ–၃၄၈ ]

ခန္ဓာ ငါးပါးကို ခင်လျှင် ယခုဘဝ သောက၊ ပရိဒေဝမီး တောက်လောင်သည်။ သေလျှင် အပါယ်သို့ ကျနိုင်သည်။ အနာဂတ်မှာလည်း ဇာတိ ပဋိသန္ဓေ နေရခြင်း အပြစ် သင့်သေးသည်ကို ပေါ်အောင် ပြသည်။ [ နှာ–၃၄၉ ] ထိုအခါ ပဉ္စဘူမိသားများက အရှင်ဘုရားတို့ အမိန့်ရှိသဖြင့် ခန္ဓာကို ခင်ခြင်း အပြစ်ကို သိပါပြီ။ ထို အပြစ် မသင့်အောင် ဘယ်သို့ ပယ်ရမည်၊ ပယ်ခြင်း၏ ကျေးဇူးကိုလည်း ပြောစမ်းပါဦးဟု ဆိုလျှင် ဤသို့ ဖြေရမည်ဟု အရှင်သာရိပုတ္တရာက သင်ပေးသည်။ ပယ်ပုံမှာ ခန္ဓာငါးပါး တစ်ပါးပါးကို ဖြစ်ပျက်ရှုရန် ဖြစ်သည်။ ခင်တတ်သော တရားကို မခင်မိအောင် ဝိပဿနာရှုဖို့ ဟောရင်း အချိန်စေ့၍ တရားကို ရပ်နား လိုက်သည်။

*

## ၁၀။ ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေ (၁)

[ ၁၆–၁၂–၆၁ က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

'န အာဂန္တတိတိ အနာဂါမိ' အနာဂါမ်တည်သော ပုဂ္ဂိုလ်သည် ကာမဘုံသို့ ပြန်မလာဘူး အစချီပြီး ဤတရားကို ဟောတော်မူသည်။ သူ ရထားသော တရားက ကာမဘုံကို စွန့်ပြီးသား တရား ဖြစ်နေပြီ။ ဝိသာခ သူဌေးကြီးက အနာဂါမ် ဖြစ် သွားတော့ ကာမရာဂ ကုန်သွားသည်။ ရှိသမျှ ဝတ္ထု ပစ္စည်း ကာမဂုဏ် အာရုံတွေကို ဇနီးဖြစ်သူ ဓမ္မဒိန္နာအား လွှဲပေးသည်။ ကာမ ကိလေသာ ကုန်သွားပြီး ရူပ အရူပ ကိလေသာပဲ ကျန်တော့သည်။ [ နှာ–၃၅၅ ] ဖြစ်ပျက် အလုပ်ကို လုပ်နေလျှင် ကိလေသာ တစ်ဆင့်ပြီး တစ်ဆင့် ပါးသွားပုံကို ဟောသည်။ သောတာပန် တည် လျှင် အပါယ် ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ သက ဒါဂါမ်ဆိုလျှင် ကာမဘုံမှာ ဖြစ်သော လောဘ၊ ဒေါသ ပါးသည်။ အနာဂါမ် တည်ပါက ကာမဘုံမှာ ဖြစ်သော လောဘ၊ ဒေါသ၊ မောဟ ကုန်ခန်းသည်။ ဝိပဿနာ အလုပ်မှ တစ်ပါး မိမိတို့မှာ ကယ်မည့် ယူမည့်သူ မရှိကြောင်း နားလည်ပါဟု ဟောသည်။ [ နှာ–၃၅၆ ] ယုတ်စွအဆုံး ဝိပဿနာမဂ်တောင် အတော် ခရီးပေါက်သည် ဆို၏။ နောက်ဆုံးမှာ ဝိသာခ သူဌေးကြီး လောကုတ္တရာမဂ် ရပြီး အနာဂါမ် တည်လာကြောင်း ဇနီးဖြစ်သူ ဓမ္မဒိန္နာ က သိသွားသည်။ ထိုအခါ ဤတရားကို အမျိုးသမီးများရော မရနိုင်ဘူးလားဟု

မေးသည်။ အားထုတ်သူဖြစ်က ယောကျ်ား၊ မိန်းမ ဘယ်သူမဆို ရနိုင်သော တရား ဖြစ်သည်ဟု သိရသောအခါ ဓမ္မဒိန္နာကလည်း သူပါ ဤတရားကို အားထုတ်မည်ဟု ဆိုသည်။ သူဌေးကြီးကလည်း အားပေးသည်။ ဓမ္မဒိန္နာကို ဘုရားကျောင်းသို့ ပို့သောအခါ ဂုဏ်ပြုသောအားဖြင့် ရွှေထမ်းစင်ဖြင့် ပို့ပေးသည်။ [နှာ-၃၅၇] ဘိက္ခုနီမကျောင်းရောက်တော့ လင်မယား အဆင်မပြေလို့ ဘိက္ခုနီ လုပ်ချင်တာလား စစ်ဆေးသည်။ ဝိသာခ သူဌေးကြီးက သဒ္ဓါ သက်သက်ပါ၊ တခြား မမျှသော အကြောင်း မရှိကြောင်း လျှောက်သည်။ ဤတွင် ဓမ္မဒိန္နာကို ဘိက္ခုနီမ အဖြစ် သာသနာ့ဘောင်မှာ ခွင့်ပြုကြသည်။

ဓမ္မဒိန္နာမှာ ဥစ္စာလည်းပေါ၊ ရုပ်လည်း ချော၊ မိတ်သင်္ဂဟလည်း များသဖြင့် မြို့ကျောင်းမှာ အားထုတ်ရန် အခက်အခဲ ကြုံတော့သည်။ ဒါကြောင့် မထင်ရှားသော တောကျောင်း တစ်ကျောင်းသို့ ရွှေ့ပြောင်း အားထုတ်ရသည်။ ( ဤဝတ္ထုအကြောင်း ကိုလည်း ရှေ့မှာ ဟောခဲ့ဖူးပြီ)။ ဓမ္မဒိန္နာလည်း ဤတွင် လေးမဂ် လေးဖိုလ်ကို ရသည်။ ရက်သတ္တ တစ်ပတ်လောက်နှင့် တရားထူး ရခြင်း ဖြစ်သည်။ တရားထူး ရပြီးသောအခါ ဓမ္မဒိန္နာသည် အိမ်သို့ ပြန်လာသည်။ ထိုအခါ ဝိသာခ သူဌေးကြီးက ဓမ္မဒိန္နာသည် တရားထူး ရပြီး ဖြစ်ကြောင်းကို မသိ၊ အိမ် သံယောဇဉ် မပြတ်သဖြင့် ပြန်လာသည်ဟု ထင်သည်။ ဘိက္ခုနီမ ကျောင်းမှာ နေရတာ မပျော်လို့ ပြန်လာ သလားဟု မေးရမှာလည်း ပညာရှိ မဆန်သဖြင့် ပညာရှိ မေး မေးဖို့ ဆုံးဖြတ် လိုက်သည်။

'ရှင်မ ဓမ္မဒိန္နာ သက္ကာယဒိဋ္ဌိဆိုတာ ဘာကို ခေါ်ပါသလဲ' အစရှိ၍ ပညာ ရှိမေး မေးသည်။ ဓမ္မဒိန္နာက 'သက္ကာယဆိုတာ ဥပါဒါနက္ခန္ဓာ ငါးပါးကို ဆိုတာပဲ' ဟု ဖြေလိုက်သည်။ 'သန္တော ကာယော သက္ကာယော' [နှာ-၃၅၉] ထင်ရှား ရှိသော ရုပ်နာမ်အစုသည် သက္ကာယ ဖြစ်၏။ ထိုအခါ ဝိသာခသူဌေးကြီးက ထပ်မေးသည်။ 'သာဓု သာဓု သက္ကာယကို သိပါပြီ။ သက္ကာယ ဖြစ်ရသော အကြောင်းကို ပြောပါဦး' ဟု လျှောက်သည်။ 'ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ၊ သဟဂတာ၊ တတြ တတြ အဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာ' ရုပ်နာမ် (သက္ကာယ) ဖြစ်ကြောင်း တဏှာ ဖြစ်သည်ဟု ဓမ္မဒိန္နာက ဖြေလိုက်ပြန်သည်။ တဏှာလာတော့ ဥပါဒါန် ကံလာသည်။ တဏှာ ဥပါဒါန် ကံကြောင့် ခန္ဓာ ပေါ်ရသည်။ သက္ကာယ ဖြစ်ရသည်။ တဏှာရှိလျှင် ခန္ဓာ ပေါ်သည်။ ခန္ဓာ ရှိလျှင် ဇာတိ၊ ဇရာ၊ မရဏ၊ အို၊ နာ၊ သေ လာသည်။ [နှာ-၃၆၀]

သက္ကာယထဲမှာ အို နာ သေအပြင် ရန်သူမျိုး ငါးပါးလည်း ဝန်းရံနေသေးသည်။ တဏှာ မချုပ်သရွေ့ သက္ကာယလည်း မချုပ်ပါ။ ဝမ်းထဲမှာ ပေါ်သော တဏှာ၊ သမုဒယကို ချုပ်ရန်မှာဝိပဿနာဉာဏ်ကသာ စွမ်းဆောင်နိုင်သည်။ တဒင်္ဂအားဖြင့် ချုပ်စေသည်ဟု ဆိုလိုသည်။ [နှာ–၃၆၃ ] သက္ကာယ ခေါ် ခန္ဓာကြီး၏ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်ပြီဆိုမှ သက္ကာယနယ်က လွန်မြောက်နိုင်သည်။ သက္ကာယဆိုတာ သစ္စာဖွဲ့လျှင် ဒုက္ခသစ္စာပင် ဖြစ်သည်။ ဒုက္ခသစ္စာကို ဉာဏ်အမြင်ပေါက်မှ သမုဒယသစ္စာက ပါးနိုင်သည်။ သမုဒယပါးလျှင် ဒုက္ခလည်း နည်းသွားတော့သည်။ တစ်ယောက်ကို တစ်ယောက် အလွန် ခင်မင်လျှင် တစ်ယောက်စိတ် ထိခိုက်တာ ဖြစ်ပါက ခင်မင်မှုကြောင့် ကျန်လူမှာလည်း စိတ်ဆင်းရဲရတော့သည်။ ခင်မင်မှုက တဏှာကြောင့် ဖြစ်သည်။ ဒါ သက္ကာယ ဖြစ်ကြောင်း တဏှာကို မပယ်နိုင်သောကြောင့် ဖြစ်သည်။ ဓမ္မဒိန္နာ ဟောလို့ သက္ကာယ ဖြစ်ကြောင်းကိုတော့ ဝိသာခသူဌေးကြီး သိရပြီ။ သမုဒယ ချုပ်လျှင် သက္ကာယလည်း ပြုတ်တော့သည်ကိုလည်း သိရပြီ။ [နှာ–၃၆၅ ]

ဒါဆို 'တဏှာ နိရောဓော နိဗ္ဗာနံ' ဆိုတာ ပေါ်လာသည်။ ကိလေသာ ချုပ်လျှင် ခန္ဓာချုပ်သော နိဗ္ဗာန်တော့ မဟုတ်သေး၊ မြတ်စွာဘုရား ကိလေသာမာရ်ကို အောင်တော်မူစဉ် ခန္ဓာမာရ်ကိုမူ မအောင်သေး၊ ပရိနိဗ္ဗာန် မစံသေး၍ ဖြစ်သည်။ ခန္ဓာမာရ် ကျန်နေသေးသရွေ့ ဆွမ်းခံကျွေးနေရဆဲ ဖြစ်သည်ဟု ဟောသည်။ ပရိနိဗ္ဗာန်စံပြီးမှ မာရ် ငါးပါး အားလုံး အောင်တာ၊ ကိလေသမာရ်၊ ဒေဝပုတ္တမာရ်တွေကိုတော့ အောင်ပါသည်။ ဖြစ်ပျက်နေသော အဘိသင်္ခါရမာရ်လည်း ရှိသေးသည်။ ခန္ဓာမာရ် ရှိနေတုန်းမှာ အဘိသင်္ခါရမာရ်လည်း ရှိနေသေးကြောင်း ရှင်းပြသည်။ [နှာ–၃၆၆ ] မစ္စုမာရ်လည်း ရှိနေသေး၏။ ခန္ဓာဝန် ချပြီး ပရိနိဗ္ဗာန်စံပြီးမှသာ မာရ်ငါးပါးလုံးကို အောင်တော်မူတာဟု ဟောသည်။ [နှာ–၃၆၆ ] မာရ်နှစ်ပါးပဲ အသက်တော်ထင်ရှား ရှိစဉ် အောင်မြင်တော်မူပြီး၊ ကျန် သုံးပါးမှာ ပရိနိဗ္ဗာန်စံပြီးမှ အောင်ခြင်း ဖြစ်သည်။ (ဤ အယူအဆကို မန္တလေးမှာ ဟောစဉ်က ကန့်ကွက်မှုများ ရှိခဲ့ကြောင်းလည်း ဟောထားသည်) [နှာ-၃၆၇]

ထို့နောက် ဓမ္မဒိန္နာအား ဝိသာခ သူဌေးကြီးက သက္ကာယ ချုပ်ကြောင်းအကျင့်ကို ပြောပါဦးဟု မေးပြန်သည်။ သက္ကာယ ချုပ်ဖို့မှာ တဏှာချုပ်လျှင် ပြီးသည်။ နိဗ္ဗာန်ကို တွေ့ချင်လျှင် ဖြစ်ပျက်က စရသည်။ ဘုရားလည်း အတူပင် ဖြစ်သည်။ [နှာ–၃၇၀ ] ဓမ္မဒိန္နာက ဝိသာခ၏ အမေးကို ဖြေသည်။ မဂ္ဂင်ရှစ်ပါး

သည် သင်္ကာယချုပ်ကြောင်းတရား ဖြစ်သည်။ ဖြစ်ပျက်ရှုလျှင် မဂ္ဂင် ငါးပါး ပထမ ရသည်။ ဖြစ်ပျက်ဆုံး၍ လောကုတ္တရာမဂ်ပေါ်လျှင် ရှစ်ပါး ပြည့်သည်။ [နာ–၃၇၁ ] ဤတွင် ဆရာတော်က ပထမမဂ်ရပြီးသား ပုဂ္ဂိုလ်ဆိုလျှင် ရှစ်ပါးဖြင့် ဖြစ်ပျက်ရှု၊ တစ်မဂ်မှ မရသေးလျှင် ငါးပါးနှင့် ရှုရမည်ဟု ဆုံးမထားသည်။ မဂ်ရပြီးသား ပုဂ္ဂိုလ်မှာ သီလ မဂ္ဂင် သုံးပါး တိုးလာသည်။ မဂ္ဂင်ဆိုတာ ကိလေသာကို သတ်တာ ဖြစ်သောကြောင့် တဒင်္ဂသတ်လည်း မင်္ဂပဲဟု ဆိုသည်။ ဖြစ်ပျက် မြင်လျှင် နိဗ္ဗာန် ရောက်ကြောင်း ဟုတ်သွားပြီ။ [နာ–၃၇၂ ] ဓမ္မဒိန္နာ၏ အဖြေဟု ဆိုသည်။

ယခု လေးခု သိခဲ့ပြီ။ သင်္ကာယ သိပြီ၊ သင်္ကာယ ဖြစ်ကြောင်း သိပြီ၊ သင်္ကာယ ချုပ်ကြောင်း သိပြီ၊ သင်္ကာယ ချုပ်ကြောင်း အကျင့်ကို သိပြီ။ [နာ–၃၇၃ ] ထို့နောက် ဝိသာခသူဌေးက ဥပါဒါနက္ခန္ဓာဆိုတာ ဘာလဲဟု မေးပြန်သည်။ ဓမ္မဒိန္နာက ဥပါဒါန် တရားတို့၏ အာရုံ ဖြစ်သော ခန္ဓာသည် ဥပါဒါနက္ခန္ဓာ ဖြစ်သည်ဟု ဖြေသည်။ ဝိသာခ သူဌေးက ဥပါဒါန်နှင့် ခန္ဓာနှင့် အတူတူလား၊ တခြားစီလားဟု မေးပြန်၏။ ဓမ္မာဒိန္နာက အတူတူလည်း မဟုတ်ဘူး၊ တခြားစီ လည်း မဟုတ်ဘူးဟု ဖြေသည်။ [နာ–၃၇၆ ] ဤအဖြေကို ဆရာတော်က ကြားဝင်ပြီး ဖြေရှင်းပေးသည်။ ခန္ဓာနှင့် ဥပါဒါန်သည် တခြားစီလားဆိုလျှင် တခြားစီဟုလည်း မဆိုသာ၊ ခန္ဓာနှင့် ဥပါဒါန်နှင့်က ဆက်စပ်နေသည်။ အာရုံနှင့် အာရမ္မဏိက သဘော ဖြစ်၏။ တူသလားဆိုလျှင်လည်း တူသည်ဟု မဆိုနိုင်၊ ဒါဆို ဘယ်အချိန် ဥပါဒါနက္ခန္ဓာ ဖြစ်သွားသလဲ၊ တဏှာ ဥပါဒါန် မပြုတ်သေးသော ပုဂ္ဂိုလ်မှာ မိမိ ခန္ဓာကို ယင်နားတာ၊ ခြင်ကိုက်တာတောင် မကြိုက် ဖြစ်တတ်သည်။ ဆက်နေ၍ ဖြစ်သည်။ [နာ–၃၇၇ ] ခန္ဓာနှင့် တဏှာ ဆက်နေ၍ ခန္ဓာကို ခင်မင်စွဲလမ်းနေ၍ ဖြစ်၏။ ဥပါဒါန်၏ မှီရာ ခန္ဓာ ဖြစ်နေပုံကို နားလည်ရမည်။ ပုထုဇဉ်မှာ ဥပါဒါန်နှင့် ခန္ဓာက ရောနေသည်။ ဘုရား ရဟန္တာမှာ မရောဘူးဟု ဆိုသည်။ [နာ–၃၇၈ ] တဏှာကို မပယ်သေးသော ပုဂ္ဂိုလ်မှာ ခန္ဓာနှင့် ဥပါဒါန် ငြိနေသည်။ ပယ်ပြီးသား ပုဂ္ဂိုလ်မှာ မငြိတော့ပါ။ ခန္ဓာနှင့် ဥပါဒါန်သည် သဘောချင်းတော့ မတူဘူး။ အကြောင်း အကျိုးတော့ ဆက်နေသည်ဟု ဟောထားသည်။ [နာ-၃၇၉] ဒါကြောင့် တခြားစီလား မဟုတ်ဘူး။ အတူတူလား မဟုတ်ဘူးဟု ဖြေရမည်။

ထို့နောက် ဝိသာခက ဓမ္မဒိန္နာကို သက္ကာယဒိဋ္ဌိဆိုတာ ဘာလဲဟု မေးပြန်သည်။ အကြားအမြင်မရှိသော ပုဂ္ဂိုလ် အရိယာတို့၏ စကားကို မနာဘူးသော ပုဂ္ဂိုလ်တို့မှာ ရုပ်ကို ငါ ထင်သည်။ ဝေဒနာကို ငါ ထင်သည်။ သညာကို ငါ

ထင်သည်။ သင်္ခါရကို ငါထင်သည်။ ဝိညာဉ်ကို ငါ ထင်သည်။ ထိုသို့ ခန္ဓာ ငါးပါးကို ငါဟု ထင်ခြင်းသည် သက္ကာယဒိဋ္ဌိပဲဟု ပြသည်။ [နာ-၃၈၀ ] အကြား အမြင်ရှိသော ပုဂ္ဂိုလ်တို့မှာ သက္ကာယသာ ဖြစ်သည်။ ဒိဋ္ဌိ မဖြစ်ဘူးဟု ဆိုသည်။ အကြားအမြင်ရှိလျှင် ဒိဋ္ဌိ မဖြစ်ဘူး၊ ဒါကြောင့် သောတာပန် တည်ခြင်း၏ အကြောင်းရင်းများတွင် သပ္ပုရိသ သံသေ ဝေါ ဟု ဆိုသည်။ သူတော် ဆည်းကပ် သဒ္ဓမ္မသဝနံ မြတ်တရားနာဟု ဟောခြင်း ဖြစ်သည်။ တရားနာမှ နှလုံးသွင်း မှန် လာသည်။ ဤအကြောင်းကို ဟောရင်း အချိန် နာရီစေ့သဖြင့် တရားကို ရပ်နား လိုက်သည်။

*

## ၁၁။ ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေ (၂)

[ ၁၇-၁၂-၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

ဝိသာခ သူဌေးကြီးက ဓမ္မဒိန္နာထေရီကို မေးသည်။ သုခဝေဒနာကို မရှုလျှင် ဘယ်တရား ကိန်းသလဲ၊ ဒုက္ခဝေဒနာကို မရှုလျှင် ဘယ်တရား ကိန်းသလဲ၊ ဥပေက္ခာ ဝေဒနာကို မရှုလျှင် ဘယ်တရား ကိန်းသလဲဆိုတော့ ဓမ္မဒိန္နာထေရီက သုခဝေဒနာကို မရှုမိလျှင် တဏှာနုသယ လိုက်လာသည်။ အစချီလျက် ဤတရားကို ဟောတော်မူ သည်။ တဏှာ၊ ဥပါဒါန်၊ ကံ ကျအောင် လိုက်သည်ဟု ယူပါဆိုသည်။[နာ-၃၈၄ ] အာသဝနှင့် ပြောတော့ ကာမာသဝ လိုက်သည်။ ကာမာသဝလိုက်လျှင် ဘဝါသဝ လည်း လိုက်တော့သည်။ ဒါကြောင့် သုခဝေဒနာကို မရှုမှတ်သော ပုဂ္ဂိုလ်မှာ ပြိတ္တာလမ်းကို သွားသည်ဟု ဆိုသည်။ သုခပေါ်လျှင် ရှုမှတ်ရကောင်းမှန်း သိသူ ရှားသည်။ သာယာပြီး ပြုံးနေသူက များသည်။ ဒုက္ခဝေဒနာကို မရှုသော ပုဂ္ဂိုလ်မှာ ဒေါသ လိုက်သည်။ ဒေါသနောက်က သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသများ နောက် အဝိဇ္ဇာ သင်္ခါရ လိုက်လာသည်။ ဇာတိ ပဋိသန္ဓေဝိညာဉ် ပေါ်ပြီး ဘာဇာတိတုံး မေးတော့ အဝိဇ္ဇာက လာသောကြောင့် များသောအားဖြင့် တိရစ္ဆာန် ဇာတိ ဖြစ်သည်။ *[နာ-၃၈၆]* အဝိဇ္ဇာဘဝ လိုက်သည်။ ဒါကြောင့် ဒုက္ခပေါ်လည်း ဖြစ်ပျက် ရှုပါဟု ဆိုသည်။ မရှုမိလျှင် တိရစ္ဆာန်လမ်း၊ ပြိတ္တာလမ်းပဲ သွားရသည်။ အပါယ်လမ်း ဖြစ်သည်။ ဥပေက္ခာ ဝေဒနာကို မရှုမိလျှင် အဝိဇ္ဇာသဝ လာပြန်သည်။ ဥပေက္ခာက နူးညံ့သိမ်မွေ့သည်။ ဉာဏ်ရှိ ပုဂ္ဂိုလ်များသာ သိနိုင်သည်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာမှာ ပေါ်တာ ဥပေက္ခာချည်း မှတ်ပါ။ မရှုမိသူမှာ

ဥပေက္ခာနောက်က အဝိဇ္ဇာသဝ လိုက်သောကြောင့် အပါယ်လမ်းပဲ ရောက်သည်။ [နာ–၃၈၇ ] တိရစ္ဆာန်ဘုံမှာ ဖြစ်တတ်သည်ဟု ဆိုသည်။ လှူတာ တန်းတာတောင် ဝိပဿနာဉာဏ် မခြံရံလျှင် အဝိဇ္ဇာသဝ လိုက်သည်။ အဝိဇ္ဇာသဝက ဘုံဘဝကို ဆုတောင်းခိုင်းသည်။ ဒုက္ခသစ္စာမှန်း မသိ၍ ဖြစ်ကြောင်း ရှင်းပြသည်။ လှူကြရာမှာ ဝဋ်ကျွတ်အောင် လှူသော အလှူ ရှားသည်ဟု ဝေဖန်ပြသည်။ ဝဋ်လည်သော အလှူပဲ များသည်။ [နာ–၃၈၈ ] သို့သော် ဝဋ်မလည်အောင် လှူတတ်လျှင် မလည်ပါ။ ရှာန်အဘိညာဉ် မဂ် ဖိုလ်ကိုတောင် ကျေးဇူးပြုနိုင်သေးသည်ဟု ဘုရား ဟောတော်မူကြောင်းကိုလည်း ထောက်ပြထားသည်။ ဒါနကို သံသရာရှည်သော တရားဟု ဟောကြတာ၊ ကျမ်းမညီတတ်လို့ ဟောကြတာ ဆိုသည်။ [နာ–၃၈၉ ] ဘုရားဟောပါဌ် 'ဒါနံ ဥပနိဿယ ရှာနံ ဥပဒေတိ မဂ္ဂံ ဥပါဒေတိ အဘိညံ ဥပါဒေတိ သမာပတ္တိံ ဥပါဒေတိ' ဟု ဖော်ပြထားသည်။ [နာ–၃၉၀ ] ထို့နောက် တရားဟောသောအခါ မြတ်စွာဘုရား အလိုတော်ကျ ဖြစ်အောင် ဟောတတ်ဖို့ လိုပုံကိုလည်း သတိပေးထားသည်။ ပြီးမှ ဝိသာခနှင့် ဓမ္မဒိန္နာ အကြောင်းကို ဆက်ဟောသည်။ [နာ–၃၉၁ ]

သုခဝေဒနာ နောက်က တဏှာ၊ ဒုက္ခဝေဒနာ နောက်က ဒေါသ၊ ဥပေက္ခာဝေဒနာ နောက်က အဝိဇ္ဇာ လိုက်သည် ဆိုတာလည်း နေရာတိုင်းမှာ မလိုက်ပါ။ ဝိပဿနာ ခြံရံသူမှာ မလိုက်ပါ။ ဝိပဿနာ ကင်းသူမှာသာ လိုက်သည် ဆို၏။ ဒါနက သံသရာလည်တာ မဟုတ်ပါ။ ဝိပဿနာ လိုက် မလိုက်ကသာ သံသရာ လည်မှု မလည်မှုကို ဆုံးဖြတ်ကြောင်း ပြသည်။ ဒါက တစ်နည်း ဖြစ်သည် ဆို၏။

နောက်တစ်နည်း ပြပြန်သည်။ သဒ္ဓါ ဥပနိဿယ ဒါနံဒေတိ၊ ရှာနံ ဥပါဒေတိ မဂ္ဂံ အဘိညံ ဥပါဒေတိ။ ဒါနက နိဗ္ဗာန်ထိအောင် အကျိုးပေးသည်။ သို့သော် ပုဂ္ဂိုလ်က ဘုံဘဝ လိုချင်ပြီး ရွေးချယ်လျှင် သူ အရွေးလွဲတာနှင့် သံသရာ လည်ရသည်။ အလှူရှင် မိုက်တာဟု ဆိုသည်။ [နာ–၃၉၂ ] ဒါနက ဆိုးတာလား၊ အလှူရှင်က မိုက်တာလား ခွဲခြားဖို့ ဟောသည်။ ထို့နောက် တရားဟောသူ ကျမ်းဂန် မနှံ့စပ်၍ မြတ်ဗုဒ္ဓ၏ အလိုတော်ကျ မဟောတတ်ပါက တရားနာသူမှာ အခံမရှိလျှင် နစ်နာနိုင်ကြောင်းကို အခါအခွင့်သင့်၍ ဟောသည်။ ဤတွင် အကြောင်း တိုက်ဆိုင်သဖြင့် ဒါနသည် စာဂ ဖြစ်ကြောင်း၊ စာဂသည် စွန့်ကြဲခြင်း ဖြစ်ကြောင်း၊ စွန့်ကြဲခြင်းသည် တဏှာသတ် ဖြစ်ကြောင်း ဟောသေးသည်။ [နာ–၃၉၄ ]

စွန့်ကြဲသော သူမှာ ငါ့ဥစ္စာစွဲ (အတ္တနိယ) ကို ပယ်သောကြောင့် ဒိဋ္ဌိလည်း ပြုတ်သည်။ လှူတတ်လျှင် တဏှာ သတ် ဒိဋ္ဌိသတ် ဖြစ်သည်။ မလှူတတ်လျှင် ငါ့ရှိလို့ ငါလှူရတာ၊ ငါလှူ ငါခံစားရမှာပဲဆိုပြီး သာယာသော တဏှာနှင့် ငါစွဲ ဒိဋ္ဌိလာကြောင်းကို ပေါ်လွင်အောင် ပြသည်။ ဒါကြောင့် ပညာရှိ လမ်းညွှန်ကောင်း လိုသည်။ တရားနာတာလည်း ရွေးပြီးနာမှ အကျိုးရသည်ဟု ဟောသည်။ သစ္စာ မဆိုက်တဲ့ တရားဆိုလျှင် စဉ်းစားရမည်။ ဘုရားက သစ္စာမသိလို့ မိမိလည်း သံသရာ ရှည်ခဲ့ရပုံကို ဟောတော်မူခဲ့သည်။ [ နှာ–၃၉၅ ] သုခဝေဒနာကို ရှုပုံကို ဓမ္မဒိန္နာက ဟောသောအခါ သုခဝေဒနာ ဖြစ်တုန်းတော့ သုခ ဖြစ်သည်။ ပျက်သွား တော့ ဒုက္ခ ဖြစ်တော့သည်။ ဒါကြောင့် သူ့ကိုလည်း ဒုက္ခ သစ္စာဟု ရှုပစ်လိုက်ရမည်။ သုခဝေဒနာလည်း ဒုက္ခသစ္စာပဲ ဖြစ်သည်။ [ နှာ–၃၉၆ ] ဤသို့ ဒုက္ခသစ္စာဆိုပြီး ဖြစ်ပျက် ရှုလိုက်မှ *ကာမာသဝ* ပဋိစ္စသမုပ္ပါဒ် ပြုတ်သွားသည်။ ဒုက္ခဝေဒနာသည် ပေါ်တုန်းမှာ ဆင်းရဲသည်။ ပျောက်သွားတော့ ချမ်းသာသည်။ ဒါကြောင့် သူ့ကိုလည်း ဒုက္ခသစ္စာလို့ပဲ ရှုပစ်ရမည်။ ဒါဆို ဥပေက္ခာဝေဒနာကို ဘယ်လို ရှုရမလဲ။ ဉာဏ်ရှိ သော ပုဂ္ဂိုလ်၏ အမြင်မှာ ဥပေက္ခာလည်း အနိစ္စ ဖြစ်တာပဲ ဖြစ်သည်။ ဥပေက္ခာ ဝေဒနာကျတော့ အနိစ္စပဲလို့ ရှုရမည်။ ဝေဒနာ သံယုတ်ပါဠိတော်မှာ ဘုရားဟော တော်မူပါသည်။ [နှာ–၃၉၇ ] ဝိသာခ သူဌေးက ဓမ္မဒိန္နာ ထေရီမ ရဟန္တာ ဖြစ်မဖြစ် သိလိုသည်။ ဒါကြောင့် ဆက်မေးသည်။

ဒါဆို ဘယ်ဝေဒနာနဲ့ ဘယ်ဝေဒနာသည် ဆန့်ကျင့်ဘက် ဖြစ်ပါသနည်း။ သုခနှင့် ဒုက္ခသည် လုံးဝ ဆန့်ကျင်သည်။ ဝိရောဓိ ဖြစ်သည်။ ဆန့်ကျင်ဘက် တရား ထင်ရှား ဖြစ်သောကြောင့် သူတို့ နှစ်ခုကို တွဲရှု၍ မရပါ။ ခွဲပြီး တစ်ခုကိုသာ ရှုရမည်။ [ နှာ–၃၉၈ ] သုခဝေဒနာရှိ၊ သုခကို ဖမ်းရှု၊ ဒုက္ခဝေဒနာရှိ ဒုက္ခကို ဖမ်းရှု ရမည်။ သုခ ဒုက္ခနှင့် ဥပေက္ခာနှင့်လည်း ဆန့်ကျင်ဘက် ကျသည်။ ခန္ဓာ မှာ ဝေဒနာ တစ်ခုခု အမြဲ ရှိသည်။ ရှုစရာ ရှာမတွေ့ဘူးဟု မပြောနှင့်ဟု သတိပေး သည်။ [နှာ-၄၀၀] ဝေဒနာ မရှိဘူး။ အကုန်ချုပ်ပြီဆိုတာ နိဗ္ဗာန်ကျမှ ဖြစ်ကြောင်း အိုးဖုတ်ပုံကို ဥပမာပေးပြီး ဟောသည်။ ဝေဒနာအဆုံး နိဗ္ဗာန်ဆိုသောကြောင့် ယောဂီများအနေနှင့် ဝေဒနာကို ဆုံးအောင် လိုက်ပါဟု ဆိုသည်။ [ နှာ–၄၀၁ ] ဝေဒနာဆုံးလျှင် နိဗ္ဗာန် တွေ့သည်။ ဝေဒနာရှုသောအခါ ဉာဏ်နေ့သူများ၊ ကိလေသာကြားခိုသူများမှာ သုခနှင့် ဒုက္ခ ရောနေတတ်သည်။ ဉာဏ်က ထိုးဖောက်

နိုင်သူမှာ ဒုက္ခ တစ်ချက် ဉာဏ် တစ်ချက်၊ ဥပေက္ခာ တစ်ချက် ဉာဏ်တစ်ချက် သွားသည် ဆို၏။ [ နှာ–၄၀၂ ] သူက ဖြစ်ပျက်၊ ကိုယ်က မဂ် ဖြစ်သွားသည်။ အကြာကြီး ချမ်းသာနေလိုက်တာဆိုလျှင် တဏှာ ကြားခိုနေပြီဟု ဖော်ပြသည်။ ဥပေက္ခာချည်း ဆက်ဖြစ်နေလျှင် ဥပေက္ခာကြားထဲ ဉာဏ် မဝင်နိုင်သောကြောင့် ဖြစ်ပျက်ကို မတွေ့ ဖြစ်တတ်သည်။ အဝိဇ္ဇာကြားခိုနေပြီဟု မှတ်ရမည်။[ နှာ–၄၀၃ ] သုခနောက်က တဏှာ ကြားခိုသည်။ ဒုက္ခနောက်က ဒေါသ ကြားခိုသည်။ ဥပေက္ခာ နောက်က မောဟ (အဝိဇ္ဇာ) ကြားခိုသည်။ ဖြစ်ပျက် တစ်ချက် မဂ် တစ်ချက် မိရဲ့လားဟု အကဲခတ်ရမည်။ မမိလျှင် ဝီရိယ တိုးပေးပါ။ ဝီရိယလိုနေ၍ ဖြစ်သည် ဆို၏။ ထို့နောက် ရှုပွားသူမှာ ဝိပဿနာ သမ္မာဒိဋ္ဌိ ရှေးဦးစွာ ဖြစ်ရမည်ဟု ဟော သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိ ရှေ့သွားရှိမှ နောက်က နိဗ္ဗာန် မြင်သော လောကုတ္တရာ မဂ် သမ္မာဒိဋ္ဌိ လိုက်နိုင်ကြောင်း ဖော်ပြသည်။ [ နှာ–၄၀၄ ] သမ္မာဒိဋ္ဌိမှာ ဝိပဿနာ သမ္မာဒိဋ္ဌိ ထက်မြက်လေ မဂ်သမ္မာဒိဋ္ဌိ အဖြစ် မြန်လေ ဖြစ်၏။

ဤအကြောင်းများကို သဂါထာ ဝဂ္ဂသံယုတ် အစ္ဆရာသုတ် ကို ကိုးကား၍ ဟောထားသည်။ [ နှာ–၄၀၅ ] ပဋ္ဌာန်းပါဠိတော်ကြီးမှာလည်း ဝိပဿနာမဂ်ပြီးလျှင် နိဗ္ဗာန်ကို မြင်သော ဂေါတြဘူဉာဏ်လာကြောင်း ဟောထားသည်။ 'အနုလောမံ ဂေါတြဘုဿ' ဟု ဟောသည်။ တရား အားထုတ်ရာမှာ ဓမ္မကို အစဉ်အတိုင်း လိုက်ဖို့ အရေးကြီးပုံကိုလည်း ထည့်ဟောထားသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိကိုသာ မှန်မှန် လုပ်ပါ။ မဂ်ရထိုက်ကြသည်ချည်း ဖြစ်၏ဟု ဟောထားသည်။ [ နှာ–၄၀၆ ] ဆုတ်နစ်သောစိတ် မရှိကြဖို့ သတိပေးသည်။ သံသယ ကုက္ကုစ္စတွေ မရှိကြဖို့ ဟောသည်။ အတွေးတွေ မလာစေနှင့်ဟု ဆုံးမသည်။ ဓမ္မန္တရာယ် ဖြစ်အောင် မလုပ်ကြပါနှင့်ဟု ဆိုသည်။ [ နှာ–၄၀၉ ] ဝိပဿနာ ရှုနေသူသည် အားထုတ်လျှင် ရသည်။ သေခါနီး ကပ်ပြီး စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ ကြိုက်ရာ ရှုပါ။ တရား ရနိုင်ပုံကိုလည်း ထည့်ဟောသည်။ [ နှာ–၄၁၀ ] ဝိပဿနာ ဓာနှင့် သေ သွားလျှင် နောက်ဘဝ နတ်ပြည် လူ့ပြည် သုဂတိဘုံကို ကေန် ရနိုင်သည်။ ဝိပဿနာ ဓာနှင့်သာ သေတတ်ပါစေဟု ဆိုသည်။ ဤဓာဖြင့် သေသွားပါက နတ်ပြည် ရောက်ပြီး နတ်ပြည်ရောက်မှန်း မသိခင်မှာပင် ဝိပဿနာဓာ၏ အာသေဝနသတ္တိကြောင့် သောတာပန် အရင် ဖြစ်သည်ဟု ဟောထားသည်။ [ နှာ–၄၁၀ ] အချည်းနှီး မဖြစ်ဘူးဟု ဆိုသည်။ မိမိတို့ သန္တာန်မှာ သံသယ ဝိစိကိစ္ဆာ လာဖြစ်လျှင်လည်း

ထိုစိတ်ကို ရှုပစ်ရမည်။ အဖျက်သဘောပါသော အကုသိုလ်စိတ်တွေ ဝင်လျှင်လည်း အားလုံးကို အသုံးချပြီး ရှုသာ ရှုပစ်လိုက်ပါ။ အကျိုး ပြသွားပါလိမ့်မည်။

ထို့နောက် ဝိသာခ သူဌေး မေးသည်။ အဝိဇ္ဇာရဲ့ ဆန့်ကျင်ဘက်က ဘယ်သူလဲ။ အဝိဇ္ဇာရဲ့ ဆန့်ကျင်ဘက်က ဝိဇ္ဇာ ဖြစ်သည်။ ဝိဇ္ဇာ ဥဒပါဒိ ဖြစ်သည်။ တစ်ခါ ဝိဇ္ဇာနှင့် ဘယ်သူနှင့် ဆန့်ကျင်ပါသလဲဆိုတော့ ဝိမုတ္တိနှင့် ဆန့်ကျင်သည်ဟု ဖြေသည်။ ဖြေသင့်သည်။ ဝိမုတ္တိက ဖိုလ်စိတ်၊ ဝိဇ္ဇာက ဉာဏ် ဖြစ်သည်။ ဘာကြောင့် ဆန့်ကျင်ပါသလဲဆိုတော့ ဝိမုတ္တိဖိုလ်စိတ်က ကိလေသာက လွတ်ပြီးသား၊ ဉာဏ်က မလွတ်သေး၍ ဖြစ်သည်။ [ နှာ-၄၁၅ ] တစ်ခါ ဝိမုတ္တိ ဖိုလ်စိတ်နဲ့ ဘယ်သူနှင့် ဆန့်ကျင်ပါသလဲဟု ဝိသာခက မေးပြန်သည်။ နိဗ္ဗာန်နှင့် ဆန့်ကျင်သည်ဟု ဓမ္မဒိန္နာက ဖြေသည်။ ဖိုလ်သည် သင်္ခါရတရား ဖြစ်သည်။ ဖိုလ်ဖြစ်အောင် အတော် အားထုတ်ရသည်။ [ နှာ-၄၁၅ ] နိဗ္ဗာန်မှာ အသင်္ခတ ဖြစ်၏။

ဒါကြောင့် ပဋ္ဌာန်းဒေသနာမှာ 'ဖလံ ပစ္စ ဝေက္ခတိ' ဖိုလ်စိတ်ကိုလည်း ဆင်ခြင်ဦးဟု ဟောထားသည် ဆို၏။ နိဗ္ဗာန်ကို အာရုံ ပြုနေရမည်။ ဖိုလ်ကိုတော့ ဝိပဿနာရှုဦးဟု ဆိုသည်။ [ နှာ-၄၁၆ ] ဖိုလ်နှင့် နိဗ္ဗာန်သည် ဆန့်ကျင်ဘက်ဖြစ်ကြောင်း ပေါ်အောင် ဟောသည်။ [ နှာ-၄၁၇ ] ဝိပဿနာဉာဏ်က သင်္ခတနယ်ထဲက ဖြစ်သည်။ နိဗ္ဗာန်က သင်္ခတနယ်ထဲက လွတ်သွားပြီ။ သင်္ခတနယ်ဆုံးမှ အသင်္ခတ နိဗ္ဗာန် ပေါ်သည်။ ထို့နောက် အလုပ်စဉ်ကိုလည်း ဟောသည်။

ရှေးဦးစွာ အန္ဓ အကန်း ပုထုဇဉ်မှ အမြင် ပုထုဇဉ် ဖြစ်အောင် ကလျာဏ ပုထုဇဉ်ဖြစ်အောင် လုပ်ရဦးမည်။ အန္ဓ ပုထုဇဉ် သစ္စာကို မမြင်ဖူးဘူး။ ကလျာဏ ပုထုဇဉ်က သစ္စာကို မြင်သည်။ ပုထုဇဉ်အဖြစ်က အရိယာနွယ်ဝင် ဖြစ်အောင် ဦးစွာ ပြောင်းရမည်။ [ နှာ-၄၂၀ ] အကန်းဘဝက လွတ်ချင်ရင် ကလျာဏ ပုထုဇဉ်အဖြစ်ကို ပထမရောက်အောင် ပို့ဆောင်တတ်သော ဆရာ၊ ဖြစ်ပျက်ကို ပြတတ်သော ဆရာကို ရှာပါ။ [ နှာ-၄၂၁ ] ပထမ ကလျာဏပုထုဇဉ် ဖြစ်ပြီးမှသာ နောက် သောတာပန် (မဟာသောတာပန်) ဖြစ်နိုင်ပုံကို အရှင်သာရိပုတ္တရာကို အရှင် အဿဇိ ကိုယ်တော်နှင့် တွေ့ပြီး ပြောင်းလဲလာပုံကို ဥပမာပြပြီး ဟောသည်။ အန္ဓ ဖြစ်နေတာ တိဟိတ် မဟုတ်ပါ။ တိဟိတ် မရှားပါ။ ဆရာ မတွေ့သေးလို့သာ အန္ဓ ဖြစ်ရတာဟု ဆိုသည်။ အန္ဓ ပုဂ္ဂိုလ်ဆိုရင် အဟိတ် ပုဂ္ဂိုလ်၊ ဒွိဟိတ် ပုဂ္ဂိုလ် လို့ချည်း မယူနှင့်၊ ကလျာဏမိတ္တ မတွေ့ခင်သာ အန္ဓပါ ဆရာကောင်း တွေ့လျှင်

ကလျာဏ ဖြစ်နိုင်သည်။ ကလျာဏအတိုင်း ကြိုးစားလို့ရှိလျှင် အရိယာအဖြင့် ဖြစ်နိုင်သည်။ ဤတွင် အချိန်စေ့၍ တရား ရပ်နားသည်။

*

## ၁၂။ နှလုံးသွင်းမှန်ရင် နိဗ္ဗာန် ရောက်သည်

[ ၁၇–၁၂–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

(ရှေးက အခွေကိုလည်း ၁၇–၁၂–၆၁ နေ့က အမရပူရ ဓမ္မာရုံမှာပင် ဟော ကြောင်း ဖော်ပြထားသည်။ ရက်စွဲ ထပ်နေသည်။ တစ်နေ့ထဲ နှစ်ပွဲဟောခြင်းလား မသိပါ)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နှလုံးသွင်း မလွဲစေနှင့်ဟု သေသေ ချာချာ ဟောသည်ဟု အစချီပြီး ဤတရားကို ဟောသည်။ 'ယောနိ သော ဘိက္ခဝေ၊ မနသိကာရောတော မဟာတော အတ္တာယ သံဝတ္တတိ' ဟုဟောသည်။ [နှာ–၄၂၃ ] နှလုံးသွင်း မှန်သော ပုဂ္ဂိုလ်အား ကြီးစွာသော အကျိုးငှာ (နိဗ္ဗာန် ရောက်ခြင်း အကျိုးငှာ) ဖြစ်၏ ဟု ဆိုလိုသည်။ နှလုံးသွင်းမှန်လျှင် နိဗ္ဗာန် ရောက်မည်ဆိုတာ သေသေချာချာ မှတ်ပါဟု ဆရာတော်က ဆုံးဖြတ်ချက် ပေးသည်။ နှလုံးသွင်း မှန်တယ်ဆိုတာ ဘာမှန်းမသိ ဖြစ်နေမည် စိုးရသည်။ ဒီခန္ဓာကြီးဟာ ဖြစ်ပြီး ပျက်တတ်သော အနိစ္စတရားကြီး ဖြစ်သည်။ ခန္ဓာငါးပါးမှာ ဘာကြည့်ကြည့် ဖြစ်ပြီးပျက်သော အနိစ္စ ဖြစ်သည်။ ဤတွင် နှလုံးသွင်းမှန်သော ပုဂ္ဂိုလ်သည် ခန္ဓာကို ရှုလိုက်လျှင် သူ ငါ သတ္တဝါ ပုဂ္ဂိုလ်ကို မတွေ့ဘဲ ပျောက်ပျက်သွားတာ ချည်းပဲ တွေ့သည်။ နှလုံးသွင်း မတည့်ခင်ကတော့ စိတ်ကိုလည်း ငါ လုပ်ထားသည်။ ဝေဒနာကိုလည်း ငါ လုပ်ထားသည်။ သညာကိုလည်း ငါ လုပ်သည်။ ခန္ဓာကို ငါလုပ်တော့ ဒိဋ္ဌိ ဖြစ်သည်။ ဒိဋ္ဌိနောက်က ဒိဋ္ဌုပါဒါန် လိုက်လာသည်။ ဥပါဒါန် ပစ္စယာ ကမ္မဘဝ ဆိုသောကြောင့် ဥပါဒါန် နောက်က ကံလိုက်သည်။ ဒိဋ္ဌိ အုပ်ချုပ် သော ကံဖြစ်သွားပြီ။ ကမ္မဘဝ ပစ္စယာ အပါယ်ဇာတိ အကျိုးပေးတော့သည်။ [နှာ–၄၂၆]

နှလုံးသွင်းမှားလို့ အပါယ်ရောက်ပုံကို ပြသည်။ ခန္ဓာ ငါးပါးကို သမီးဟု နှလုံးသွင်းလိုက်လျှင် စိတ်မချမ်းသော ဒေါသ၊ သောက ပရိဒေဝတွေ လိုက်လာသည်။ ခန္ဓာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ထို အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သမီး လုပ်ပစ်လိုက်တော့

နှလုံးသွင်း မှားသည်။ သမီးလုပ်သော သမီးစွဲကြောင့် ကိုယ် ဆင်းရဲခြင်း၊ စိတ် ဆင်းရဲခြင်း ဖြစ်ရတော့သည်။ ဆရာတော်က သောက ပရိဒေဝမှ အဝိဇ္ဇာသင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်အထိ ပဋိစ္စသမုပ္ပါဒ် လည်သွားပုံကို ဆက်ဟောသည်။ [နာ-၄၂၇]

ဒီနေ့ ဟောမည့် တရားက ကံငါးပါး မကျူးလွန်ဘဲနှင့် အပါယ် သွားနိုင်သော တရားကို ဟောမည်ဟု ဆိုသည်။ သူတော်ကောင်းတရားကို မနာရလို့ နှလုံးသွင်း မှားသည်။ ဆရာတော်က လူတွေ နှလုံးသွင်း မှားနေကြပုံများကို ဆက်ဟောသည်။ အိမ်တိုင်း အိမ်တိုင်းမှာ နှလုံးသွင်း မှားမှုကြောင့် သောက ပရိဒေဝ တောက်လောင်ပြီး နှလုံးမမှာ ဖြစ်နေကြပုံများကို အသေးစိတ် ဟောသည်။ [နာ-၄၃၂] အချင်းချင်း သင့်မြတ်နေသော အယောနိသော မနသိကာရကြောင့် ရန်ဖြစ်ကြပုံ၊ ကြက်ညီနောင် အိုးမည်းသုတ်ပြီး ခွပ်နိုင်းသလိုပဲဟု ဥပမာပြ ဟောသည်။ [နာ-၄၃၇] အယောနိသော မနသိကာရကြောင့် ဒိဋ္ဌိ ဖြစ်လာသည်။ ငါ့ကြောင့် သူ့ကြောင့်ဟု စွပ်စွဲလာကြသည်။ ဥပါဒါန်တွေ ဖြစ်လာသည်။ ဥပါဒါန် အုပ်ချုပ်သော ကံတွေ ဖြစ်လာသည်။

ထို့နောက် အာသဝေါတရား လေးပါးဖြင့် ကာမ ဆယ့်တစ်ဘုံမှာ အာသဝ ဝဋ်ရိုး လည်နေပုံကို ဟောပြန်သည်။ [နာ-၄၄၅] နှလုံးသွင်းမှားသူ သွားရာလမ်း ပဋိစ္စသမုပ္ပါဒ်ကို ပြသည်။ [နာ-၄၄၁] နတ်ပြည်ရောက်ချင်ရတာလည်း နှလုံးသွင်း မှားတာ၊ ဗြဟ္မာပြည် ရောက်ချင်တာလည်း နှလုံးသွင်း မှားတာ ဖြစ်သည်။ ဘယ်ဘုံ ရောက်ရောက် ၃၁ ဘုံမှာ အို သေ အုပ်ချုပ်သည်။ အို သေ သံပတ်ကြီးက ပတ်ခွေ ထားသည်။ နှလုံးသွင်း မှားနေသရွေ့ အာသဝေါတရား လေးပါး ဖြစ်နေရပုံကို ဟောသည်။ [နာ-၄၅၁] နှလုံးသွင်း မှားလို့ ဘုံဘဝတွေကို ရောက်ရသည်။ ဘုံဘဝတွေကို ရောက်တော့ အို နာ သေပွဲ နွှဲရသည်။ [နာ-၄၅၃] ထို့နောက် ပဋိစ္စသမုပ္ပါဒ်ကို ပြောင်းပြန် (ပဋိလောမနည်း) သွားပြပြန်သည်။ [နာ-၄၅၅] နှလုံးသွင်းမှာက အာသဝကို ဖြစ်စေသည်။ အာသဝေါတရား ၄ ပါးက အို သေ ရှိရာ ဘုံဘဝတွေကို ပို့သည်။ ဒါကြောင့် နှလုံးသွင်းမှာကို မှန်အောင် ပြင်လိုက်လျှင် အာသဝဝဋ်ရိုး ကျိုးသည်။ အို သေ အကွပ်ကြီး ပြုတ်သည်။ နိဗ္ဗာန်ထိ ရောက်နိုင်သည်။ [နာ-၄၅၆]

ထို့နောက် သံယုတ်ပါဠိတော်လာ အရှင် ကောဋ္ဌိကနှင့် အရှင် သာရိပုတ္တရာ အမေးအဖြေကို ဆက်ဟောသည်။ 'အရှင်ဘုရား၊ သီလရှိသော ပုဂ္ဂိုလ်သည် ဘာကို

နလုံးသွင်းမှန်နှင့် ရပ်ရမလဲ' အမေး ဖြစ်သည်။ ခန္ဓာကိုယ်မှာ ပေါ်ရာ (စိတ်၊ ဝေဒနာ၊ ရုပ်) ကြုံကြိုက်ရာကို ဖြစ်ပျက် ရှုရမည်။ ထိုသို့ ရှုလိုက်လျှင် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါစွဲ ပျောက်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ ပေါ်လာသည်။ [ နှာ–၄၅၈ ] အာသဝ မလာနိုင်တော့ပါ။ အာသဝ မလာလျှင် ဘုံဘဝတွေကို ရောက် အောင် မပို့နိုင်တော့ပါ။ သံသရာ စခန်းသတ်ပြီ။ ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရာဂတော၊ သလ္လတော၊ အဃတော၊ ပရတော၊ ပရလောကတော၊ သုညတော မြင်အောင် ရှုပါဟု ဆိုသည်။ ဒီတော့ ဖြစ်ပျက်က အနိစ္စ၊ မြင်တာက မဂ္ဂ ဖြစ်ပြီ။ အဝိဇ္ဇာ ပြေးတော့သည်။ တဏှာလည်း ပါသွားပြီ။ ကမ္မာသဝလည်း ပြုတ်ပြီ။ ဘယ်ဘုံကိုမှ မလိုချင်တော့ပါ။ [ နှာ–၄၅၉ ] ဖြစ်ပျက်မြင်လျှင် နလုံးသွင်း မှန်သည်။ [ နှာ–၄၆၀ ] ဘုရားက နလုံးသွင်း မှန်သော ပုဂ္ဂိုလ်အား ကြီးစွာသော နိဗ္ဗာန် အကျိုးငှာ ဖြစ်၏။ ယောနိသော ဘိက္ခဝေ မနသိကာရောတော၊ မာဂတော အတ္တာယ သံဝတ္တတိ ဟု ဟောတော်မူသည်။ [ နှာ–၄၆၁ ] ဒါဖြင့် ဝိပဿနာမှ တစ်ပါး သံသရာစခန်းကို ရပ်ပေးမည့်သူ မရှိဘူး။ နလုံးသွင်းမှားလျှင် ဝင်ရိုးလည်သည်။ နလုံးသွင်း မှန်လျှင် ဝင်ရိုး ကျိုးသည်။ သံသရာစခန်းသတ်ပြီဟု ဟောရင်း အချိန်စေ့၍ တရား နားသည်။

*

၁၃။ မဂ္ဂသစ္စာမှ အရိယသစ္စာသို့ ကူးပြောင်းရေး

[ ၂၀–၁၂–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

အကြားအမြင်များမှ အရိယာ သာဝက ဖြစ်မည် အစချီပြီး ဤတရားကို ဟောပါသည်။ အရိယာသာဝကတော့ ဖြစ်တော့ မဂ္ဂင်ငါးပါး ရသည်ဟု ဆိုသည်။ [ နှာ–၄၆၄ ] ယနေ့ မဂ္ဂသစ္စာကို အရိယာမဂ္ဂသစ္စာ ရောက်အောင် ဟောမည်ဟုလည်း ဆိုသည်။ [ နှာ–၄၆၅ ] အရိယာသာဝကက အရိယာ တပည့်အဖြစ်က နေပြီး ကိုယ်ကိုယ်တိုင် အရိယာ ဖြစ်အောင် လုပ်နည်းကို ယနေ့ နာကြားရမည်ဟု စတင်ပြီး အသိပေးသည်။ သောတာပန် ဖြစ်ပြီး သောတာပတ္တိမဂ်ရပြီးပြီ ဆိုလျှင် ကိုယ့်ကိုယ်ကိုယ် ကယ်နိုင်ပြီ။ ဆရာမပါဘဲနှင့်လည်း တက်နိုင်ပြီ ဆို၏။ မဂ္ဂင်ငါးခုကနေ မဂ္ဂင် ရှစ်ပါး ပြည့်သွားလျှင် မဂ္ဂ အရိယာသစ္စာ ဖြစ်သွားသည်။ သာဝက အဖြစ်မှသာ ကိုယ်တိုင် အရိယာ အဖြစ်သို့ ပြောင်းလဲနိုင်သည်။ ဤတွင် စာသင်သောအခါ

ကကြီး ခကွေး သင်ပုန်းကြီးက စတင် သင်ကြားရသလို ဝိပဿနာမှာလည်း အခြေခံက စပြီး တက်ရမည်။ ဆရာတော်က ဤတရားတွင် ဝေဒနာနုပဿနာဖြင့် တက်ပုံကို ပြသည်။ 'ဝေဒနာ နိရောဓ၊ တဏှာ နိရောဓော'။ 'တဏှာ နိရောဓော နိဗ္ဗာနံ' ဆိုသောကြောင့် တဏှာချုပ်လျှင် နိဗ္ဗာန်ရဖို့ အနီးဆုံးပဲဟု သုံးသပ် ပြသည်။ [နှာ-၄၆၉ ] တဏှာ ချုပ်အောင် လုပ်နိုင်လျှင် နိဗ္ဗာန်ပဲ ဆိုတော့ ဤနေရာတွင် ဝေဒနာ ချုပ်တာက အကြောင်း၊ နိဗ္ဗာန်က အကျိုး ဖြစ်နေသည်။ ဤကဲ့သို့ သံယုတ် ပါဠိတော်မှာ အကြောင်းအကျိုး ဆက်ပုံကို ဟောသည်။ ဝေဒနာဖြစ်တာကို သိမှသာ ဝေဒနာ ချုပ်တာကို သိမည်။ ဝေဒနာ ဘယ်နေရာပျက်သည် ဆိုတာကို ပထမ သိရမည်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ ကိုယ်မှာ ပေါ်သည်။ တစ်ကိုယ်လုံးမှာ ပေါ်နိုင် သည်။ သို့သော် သုခဝေဒနာ၊ ဒုက္ခဝေဒနာကို မျက်လုံးမှာ၊ နားမှာ၊ နှာခေါင်းမှာ၊ လျှာမှာ သွားရှု၍ မရပါ။ နေရာ မှားနေသည်။ မျက်စိ၊ နား၊ နှာ၊ လျှာပေါ်မှာ ဥပေက္ခာ ဝေဒနာပဲ ပေါ်သည်။ ခန္ဓာမှာ ဝေဒနာကင်းသော အချိန်ဟူ၍ မရှိပါ။ နေ့စဉ် ခန္ဓာက ဝေဒနာကို အတွင်းဆေး အပြင်ဆေးတွေနှင့် ကုနေရပုံကို ဟောသည်။ [နှာ-၄၇၅ ]

ထို့နောက် နကုလပိတာအကြောင်းကို ရောက်သွားပြန်သည်။ ကိုယ့်ကိုယ် ကိုယ် ကျန်းမာသည် ထင်သော သူသည် မိုက်မဲသူ ဖြစ်သည်ဟု ဘုရား ဟောတော်မူ ပုံကို ဖော်ပြလို၍ နကုလပိတာ ဝတ္ထုကို ထုတ်ဖော် ပြောခြင်း ဖြစ်၏။ ကိုယ်ပေါ်မှာ သုခဝေဒနာနှင့် ဒုက္ခဝေဒနာ ပေါ်သည်။ ပြိုင်ပေါ်တာတော့ မဟုတ်ဟု ဆိုသည်။ [နှာ-၄၇၇ ] တစ်ခု ချုပ်ပြီးမှ တစ်ခု ပေါ်သည်။ သုခ သဟဂတံ ကာယဝိညာဏံ၊ ဒုက္ခသဟဂတံ ကာယဝိညာဏံဟု စာမှာ ဆိုသည်။ ဝမ်းထဲ (ဟဒယဝတ္ထု နှလုံးသွေး) ထဲကျတော့ ကိုယ်ပေါ် သုခဝေဒနာဆို ဝမ်းထဲမှာ သောမနဿ ပေါ်သည်။ ကိုယ်ပေါ် ဒုက္ခဝေဒနာဆိုလျှင် ဝမ်းထဲမှာ ဒေါမနဿ ဖြစ်သည်။ ဤသို့ ပေါ်ပုံကို သိမှသာ ပျက်တာကို သိနိုင်သည်။ ဝမ်းထဲမှာ သုခရော၊ ဒုက္ခရော၊ ဥပေက္ခာရော ပေါ်သည်။ [နှာ-၄၈၀ ]

ထို့နောက် ဥါရ ခြောက်ပေါက်သည် သမုဒ္ဒရာကြီး ခြောက်စင်းနှင့် တူကြောင်း၊ ဖြည့်၍ မပြည့်နိုင်ကြောင်းကို ပြပြီး ဟောသည်။ [နှာ-၄၈၂ ] ဝေဒနာ ကြီးကျယ်ပုံကို ပြသည်။ [နှာ-၄၈၅ ] ဝေဒနာက သတ္တဝါကို အမြဲ နှိပ်စက်၊ ဖိနှိပ်ပြီး တောင်းဆိုနေသည်။ နောက်ဆုံးမှာ ဝေဒနာ သတ်၍ သေရသည်။ [နှာ- ၄၈၉ ] သတ္တဝါတွေကို ဝေဒနာက ကျွန်စိုင်း နိုင်းပြီးမှ သတ်သည်ဟု အပြစ်

မြင်အောင် ဟောသည်။ [နာ–၄၉၀ ] ထိုဝေဒနာကို ဝိပဿနာ ရှုရမည်။ ရှုလိုက်လျှင် ဝေဒနာချုပ်၍ ကိလေသာ ပရိနိဗ္ဗာန် စံသည်။ ရှုရင်းမတ္တသ္သ ဥပဒိသေသ နိဗ္ဗာန်ကို ရသည်။ သံယုတ်ပါဠိတော်မှာ ဟောသည် ဆို၏။ [နာ–၄၉၁ ] ဝေဒနာ အစားမထိုးအောင် ရှုနိုင်ကြလျှင် တဏှာ သေမည်။ နိဗ္ဗာန်သည် ဝေဒနာ ချုပ်လျှင် ရောက်သည်။ မဝေးပါ။ သို့သော် နီးလျက် ဘာကြောင့် မရောက်ကြသနည်း။ လုပ်နည်း မမှန်လို့၊ ရှုနည်း မမှန်လို့ဟု ဆိုသည်။ [နာ–၄၉၃ ] သတ်ရမည့်သူကို မသတ်လို့၊ ဒါကြောင့် များများ သတ်စရာ မလိုဘူး၊ ဝေဒနာကို လှည့်သတ်လိုက်လျှင် ပြီးသည်။ ဝေဒနာသေလျှင် တဏှာ သေတာပဲဟုလည်း အချုပ် သဘောကို ပြသည်။

ထို့နောက် မျက်လုံး၊ နား၊ နှာ၊ လျှာပေါ်မှာ ဥပေက္ခာဝေဒနာပေါ်ပုံကို ပြသည်။ မျက်လုံးမှာ ပေါ်သော ဥပေက္ခာ ဝေဒနာ မျက်လုံးမှာပင် သေသည်။ နေရာ မရွှေ့ဘူးဟုလည်း ဟောသည်။ ဝေဒနာသည် သူ့နေရာနှင့် သူ ဖြစ်ပြီး သူ့နေရာမှာ သူ သေသည်ဟု အကျဉ်းချုပ်သာ မှတ်ထားလိုက်ပါဟု တိုက်တွန်းသည်။ [နာ–၄၉၆ ] ဝေဒနာ မွေးရာဌာန၊ သေရာဌာနတွေကို သိမှသာ သုတဝါ အရိယာသာဝက ဖြစ်သည်။ ထို့နောက် ဝေဒနာကို အကျဉ်းချုပ်ပြီး သုံးခုထဲ ပေါင်းကြသည်။ ပေါ်ရာဌာနကို ဝမ်းထဲမှာပဲ ထားလိုက်ပြီး ရှုပါ။ ရှုရင်း ရှုရင်း အသားကျလာတော့ သုံးမျိုးလည်း မတွေ့တော့ဘူး။ ဖြစ်ပျက် တစ်မျိုးထဲပဲ တွေ့တော့သည်။ [နာ–၄၉၉ ] ထိုသို့ တွေ့ပြီဆိုလျှင် ဉာဏ် အတော် ရင့်ပြီ။ ဝေဒနာ တွေ့တာနှင့် ဖြစ်ပျက်တွေ့တာ ဉာဏ်အဆင့်မှာ အတော်ပင် ခြားနားသည်။ ဝေဒနာ တွေ့တာက နာမရူပပရိစ္ဆေဒဉာဏ်ပဲ ရှိသည်။ ဖြစ်ပျက်တွေ့တော့ ဥဒယဗ္ဗယဉာဏ်သို့ ရောက်ပြီ။ [နာ–၅၀၀ ] ဝေဒနာပဲ တွေ့နေသေးလျှင် ဝိပဿနာ မထိုက်သေးပါ။ ရှိထိုက်သော ဝေဒနာကတော့ သုံးမျိုး (သုခ၊ ဒုက္ခ၊ ဥပေက္ခာ) ဖြစ်သည်။ သို့သော် ရှိဆဲမှာ တစ်ခုထဲ ဖြစ်သည်။ (ဖြစ်ပျက်ပဲ) [နာ–၅၀၁ ] ဤကား ဝိပဿနာ အစ ဖြစ်သည်။

ဤတရား အစတွင် ဆရာတော်ကြီး မဂ္ဂသစ္စာနှင့် အရိယသစ္စာကို ခွဲပြီး အစချီထားသည်။ မဂ္ဂသစ္စာက မဂ္ဂင်ါးပါး။ ထို မဂ္ဂင်ကို ရလျှင် အရိယာ သာဝကပဲ ဖြစ်သေးသည်။ မဂ္ဂင်ရှစ်ပါး စုံပြီး (မဂ္ဂ အရိယာ သစ္စာ) ကို သိမှ အရိယာပုဂ္ဂိုလ် စင်စစ် ဖြစ်တော့သည်။ ထို့နောက် ဥပရိပဏ္ဏာသ ပါဠိတော် ဆ ဆက္ကသုတ်ကို ဟောသည်။ ဝေဒနာ သုံးမျိုးမှာ သုခ ဝေဒနာ နောက်က လောဘ တဏှာ လာသည်။ ဒုက္ခဝေဒနာ နောက်က ဒေါသ လာသည်။ ဥပေက္ခာ ဝေဒနာနောက်က မောဟ

(အဝိဇ္ဇာ) လာသည်။ ထိုသို့ လောဘ၊ ဒေသ၊ မောဟ ဝေဒနာ နောက်က လိုက်နေသူများ နိဗ္ဗာန် ရလိမ့်မည်ဟု ဘုရားအဆူဆူ မဟောကြောင်း ထုတ်ပြသည်။ [နာ–၁၀၆] ဒါကြောင့် စေတနာနောက်က ဖြစ်ပျက်လိုက်သော ဉာဏ်ဖြင့် အစားထိုးရမည်။ သို့မှသာ ဝေဒနာ နိရောဓ ဖြစ်ပြီး နိဗ္ဗာန် ရောက်ပါသည်။ ဖြစ်ပျက် မရှုဘဲ မေ့လျော့နေသော သူသည် အပါယ်သို့ ရောက်ပါသည်။ 'ပမာဒ္ဒ သာနာမ၊ စတ္တာရော အပါယာ သကဂေဟာသဒိသာ' ဟု ဘုရား ဟောသည်။ ဓမ္မပဒ အဋ္ဌကထာမှာ ဟောသည်ဟု ဖော်ပြထားသည်။ /နာ-၁၀၇/ ဤတရားတွင်လည်း ပထမ အရိယာ သာဝက (ကလျာဏ ပုထုဇဉ်၊ စူဠသောတာပန်) ဖြစ်ပြီးမှ ကိုယ်တိုင် အရိယာ ဖြစ်အောင် လုပ်ရကြောင်း ဟောသည်။ [နာ–၁၀၉ ] ဤ အစဉ်ပြ တရားလည်း နကုလပိတာသုတ်မှာ လာကြောင်း ဟောသည်။ [နာ–၁၁၀ ]

ထို့နောက် ဖြစ်ပျက် မြင်လျှင် မဂ္ဂင်ငါးပါး၊ ဖြစ်ပျက်ဆုံး၊ ဒုက္ခဆုံးလျှင် မဂ္ဂင်ရှစ်ပါး ပြည့်ကြောင်း ဟောသည်။ မဂ္ဂင်ရှစ်ပါးကျမှ မဂ္ဂအရိယာသစ္စာ ဖြစ်သည်ဟုလည်း ဖော်ပြထားသည်။ [နာ–၁၁၀ ] မဂ္ဂ အရိယာ သစ္စာဖြစ်အောင် ဉာဏ် သုံးဆင့်နှင့် လိုက်ရကြောင်း၊ ထို့နောက် ဝေဒနာ၏ ဝိပရိနာမ (ဖောက်ပြန်)မှု သဘောကို ဟောသည်။ ဝေဒနာ၏ အနိစ္စ မမြဲခြင်း သဘောကို မြင်အောင် ရှုရမည်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ပေါ်သော နေရာမှာ သေပျောက်သည်။ [နာ–၁၁၇ ] ရှေ့က ဖြစ်ပျက်နှင့် နောက်က မဂ် ကိုက်အောင် လုပ်ဖို့သာ လိုရင်း ဖြစ်သည်။ [နာ–၁၁၈] အင်္ဂလိမာလလို လူသတ်သမားကြီး၊ အကုသိုလ် ထုထည် ကြီးသူပင် ရဟန္တာ ဖြစ်ကြောင်း ဟောသည်။ ဝိပဿနာ မရှုတတ်လျှင် ဘယ်လိုပဲ နေနေ သံသရာလည်လမ်း၊ ပဋိစ္စသမုပ္ပါဒ်လည်လမ်းချည်း သွားသည်။ ဖြစ်ပျက်နှင့် မဂ် ကိုက်မှ သံသရာဖြတ်လမ်းသို့ ရောက်သည်။ [နာ–၁၁၉ ] သို့သော် ဖြစ်ပျက်မြင်ရုံနှင့် မပြီးသေးဘူး။ မဂ္ဂင်ငါးပါးပဲ ရှိသေးသည်။ ဖြစ်ပျက် မုန်း၊ ဖြစ်ပျက်ဆုံးမှ မဂ္ဂင်ရှစ်ပါး ပြည့်သည်။ [နာ–၁၂၂ ]

ဖြစ်ပျက်က ဒုက္ခသစ္စာ၊ (ဖြစ် ဒုက္ခ၊ ပျက်ဒုက္ခ ဖြစ်သည်။) သုံးဆယ့်တစ်ဘုံမှာတော့ ဒုက္ခချည်းပဲ ရှိသည်။ ခန္ဓာရှိလျှင် ခန္ဓာတစ်ခုလုံးမှာ ဖြစ်တာနှင့် ပျက်တာပဲ ရှိသည်။ ဒါကြောင့် မိမိတို့ အသက်ရှင်နေကြတာ၊ ဒုက္ခ အစုကြီးနှင့် နေရတာပါကလားဟု ဉာဏ်အမြင် ရှိရမည်။ [နာ–၁၂၄ ] ဤသို့ ဒုက္ခသစ္စာကို ဉာဏ်အမြင် ပေါက်မှသာ ထိုဒုက္ခကို မလိုချင်တော့သော ဉာဏ် ဖြစ်လာသည်။ နိဗ္ဗိန္ဒာဉာဏ် ဖြစ်၏။ မလိုချင်ဘူးဆိုမှ ရှုရင်းမဂ္ဂနှင့် ဒုက္ခတွေ ဖျတ်ခနဲ ဆုံးသွားသည်။ အနုသယ

ကိလေသာတွေ ပြုတ်ထွက်သွားသည်။ အနုသယ ပြုတ်တော့မှ မဂ္ဂင်ရှစ်ပါးလည်း ပြည့်သွားသည်။ ထိုအခါ အရိယာမဂ္ဂသစ္စာ ဖြစ်သွားပြီ။ [*နှာ–၅၂၅*] ဤ မဂ္ဂသစ္စာ ဖြစ်ပေါ်လာလျှင် အပါယ်တံခါးလည်း ပိတ်ပြီ၊ အပါယ်ရောက်ကြောင်း အကုသိုလ်ကံ တွေ အားလုံး ကုန်သွားပြီ။ ဒါကြောင့် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကို ပိုင်းခြားနိုင်လျှင် ပြီးတာပဲဟု ဆိုသည်။ အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

**ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၃၆) ပြီး၏။**

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား

စာအုပ်အမှတ်(၃၇)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၃၇)

**အမှာစာ**

ဤအမှာစာကိုလည်း ဆရာကြီး ဦးသံဒိုင် ကွယ်လွန်ပြီးမှ မိုးကုတ် ဝိပဿနာ တရားစဉ်နှင့် အလုပ်စဉ် ပြန့်ပွားရေး အဖွဲ့ချုပ်က ရေးသားခြင်း ဖြစ်သည်။ ပထမ သတိ၏ အရေးပါပုံ၊ ဝိပဿနာ အလုပ်မှာ သတိပဋ္ဌာန်ကို အားကိုးရာ ထား၍ မမေ့မလျော့သော သတိဖြင့် အားထုတ်မှသာ နိဗ္ဗာန်ကို ရောက်နိုင်ကြောင်း ပြသည်။ သတိနှင့် ပညာသည် တွဲလျက် ရှိပုံကိုလည်း ပြသည်။ အခါကောင်း အခွင့်ကောင်း ဆရာကောင်းနှင့် ကြုံ၍သာ ဝိပဿနာ အလုပ်ကို လုပ်ဖြစ်ကြသည်။ ဒါကြောင့် ဆရာကောင်း၊ လမ်းပြကောင်းရှိမှ ကိစ္စ အားလုံး ပြီးကြောင်း အရှင်အာနန္ဒာကို ဘုရား ဟောပုံကို ပြသည်။ ဤစကားကို မြတ်စွာဘုရားသည် ၄၅ ဝါ အတွင်း ၁၇၉၂ ကြိမ် မှာကြားကြောင်း ဖော်ပြထားသည်။ ဆရာ၏ အရေးပါမှုကို သိစေလို၍ ဖြစ်၏။ ဆရာကောင်းဆိုတာ သစ္စာ ဆိုက်အောင် ဟောတတ်သော ဆရာကို ဆိုလိုသည်။ ထို့နောက်၊ နိဗ္ဗာန်ကို အဝိဇ္ဇာ ငါးချက် ဖုံးထားပုံကို ဖော်ပြသည်။ အဝိဇ္ဇာ ငါးချက်မှာ ၁။ ကံ ကံ၏ အကျိုးကို မမြင်အောင် ဖုံးသော အဝိဇ္ဇာ၊ ၂။ နာမ်နှင့် ရုပ်ကို မသိသော အဝိဇ္ဇာ၊ ၃။ အကြောင်း အကျိုးကို မသိသော အဝိဇ္ဇာ၊ ၄။ ဖြစ်ပျက် လက္ခဏာကို မသိအောင် ဖုံးထားသော အဝိဇ္ဇာ၊ ၅။ မဂ် ဉာဏ်ကို ဖုံးထားသော အဝိဇ္ဇာတို့ ဖြစ်၏။

ပထမအဝိဇ္ဇာ သုံးမျိုးကို ဆရာသမား၏ အကူအညီဖြင့် ပယ်၍နိုင်သည်။ နောက် အဝိဇ္ဇာ ၂ မျိုးမှာ မိမိဘာသာ အားထုတ်မှ ပယ်နိုင်သည်။ ခန္ဓာ မရှိတာကို

သိမှသာ ဝိပဿနာ ဖြစ်သည်။ လက်ရှိ ခန္ဓာသည် လိုချင်လို့ ရထားတာ ဖြစ်သည်။ နောက်ထပ် လိုချင်လျှင် ခန္ဓာတွေ ရနေဦးမည်သာ ဖြစ်သည်။ ဒါကြောင့် ခန္ဓာ မရှိတာ သိမှ၊ ခန္ဓာကို မလိုချင်တော့မှ နိဗ္ဗာန်ကို ရောက်သည်။ ခန္ဓာ မရှိတာ သုညတကို မြင်မှ ဝိပဿနာသည် တဒင်္ဂ နိဗ္ဗာန်ကို မြင်ပြီး ဉာဏ်စဉ် တက်လာကာ၊ ပဋ္ဌမ အဝိဇ္ဇာကို ပယ်လှန်ကာ ဖြစ်ပျက် ဒုက္ခ ချုပ်ငြိမ်းသော နိဗ္ဗာန်သို့ ဉာဏ် သက်ဝင်သွားတော့သည်။

ထို့နောက် ဤစာအုပ်တွင် ဆရာတော်ကြီးသည် သမုဒယသစ္စာ၏ အနက်နိဒါနဒွေ၏ သဘောကို အကျယ် ဟောသည်။ သုံးဆယ့်တစ်ဘုံသည် သုသာန်ဘုံ ဖြစ်သည်။ အသေ၏ အကြောင်းကို သိမှသာ အသေလွတ်ရာကို ရှာမည် ဖြစ်၏။ ဆရာတော်က တောခွေးနှင့် လိပ် ဥပမာ ပြပြီး ဟောသည်။ အသေလွတ်လိုသူများသည် ဒွါရ ခြောက်ပေါက်ကို ပိတ်ပြီး စိတ္တာနုပဿနာကို ရှုခြင်းဖြင့် လိပ်ခွံထဲ ဝင်နေပါဟု ဆိုသည်။ ဘာစိတ်ပဲ ပေါ်ပေါ် ပေါ်သောစိတ်ကို ဖြစ်ပျက်ရှုရမည်။ ဖြစ်ပျက် ရှုနေလျှင် ဝိပဿနာ သမ္မာဒိဋ္ဌိ ဖြစ်၍ တဏှာ၊ ဉပါဒါန်၊ ကံ မလာနိုင်ပါ။ 'တဏှာ နိရောဓာ နိဗ္ဗာန်' ဆိုသောကြောင့် နိဗ္ဗာန် ပေါ်လာပုံကို ပြပြီး သံသရာ ပြတ်လိုသူတိုင်း ဖြစ်ပျက်ရှုသင့်ကြောင်း တိုက်တွန်းထားသည်။

*

## ၁။ သတိအရေးကြီးလှပုံ

[ ၂၉-၉-၅၄ ခုနှစ်က ဟောသောတရား၊ ဘယ်မှာ ဟောသလဲ မပါပါ ]

မှန်ကန်စွာ အောက်မေ့တာဟာ သတိလို့ မှတ်ပါ အစချီပြီး ဤတရားကို ဟောပါသည်။ သမ္မာသတိ၏ အဓိပ္ပာယ်ကို ဖော်ပြခြင်း ဖြစ်သည်။ လောကမှာ ဝီရိယ လွန်သည်သာ ရှိသည်။ သတိ လွန်သည် မရှိဟု ဟောသည်။ ဝီရိယ လွန်လျှင် ပျံ့လွင့်သည်။ ပညာလွန်တော့ ကောက်ကျစ်သည်။ သမာဓိ လွန်လျှင် ထိန မိဒ္ဓ ဝင်သည်။ သတိသည် ဆားနှင့် တူကြောင်း၊ ဟင်းတိုင်းမှာ ဆားမပါလျှင် အရသာ ပျက်သကဲ့သို့ ဖြစ်ကြောင်း ပြသည်။ ဝိပဿနာ လုပ်သော ပုဂ္ဂိုလ်မှာ သတိမပါလျှင် ဘယ်နေရာမှ ခရီး မရောက်ဘူးဟု ဆိုသည်။ [နှာ-၁၁] သတိသည် ဆားနှင့် တူပုံကိုလည်း ဟောသည်။

ဟင်းတိုင်းမှာ ဆားပါမှ အရသာ ရှိသကဲ့သို့ ဝိပဿနာ လုပ်တိုင်းမှာ သတိပါမှ ခရီးရောက်သည်ကို ပြသည်။ သတိက မမေ့မှု ဖြစ်သည်။ မေ့မှုက

အဝိဇ္ဇာ ဖြစ်သည်။ အဝိဇ္ဇာကို သတိဖြင့် တိုက်ဖျက်ရသည်။ [နှာ–၁၂] အဝိဇ္ဇာနှင့် သတိသည် ဆန့်ကျင်ဘက် ဖြစ်သည်။ သတိမပါလျှင် လုပ်သမျှ အလုပ် အလွဲချည်း ဖြစ်တတ်သည်။ သတိလစ်လျှင် အဝိဇ္ဇာ ဝင်လာတော့သည်။ ဒါကြောင့် သတိ ချို့ယွင်းလျှင် မဂ္ဂင် ရှစ်ပါး အကုန် ပျက်သည်ဟု ဟောသည်။ [နှာ–၁၄] သတိမရှိလျှင် ဖိနပ်မှား စီးပုံကအစ ချို့ယွင်းမှု အမှား အမျိုးမျိုးကို ကြုံတတ်ပုံကို ပြသည်။

သတိသည် အရေးကြီးသောကြောင့် ဘုရားက သတိပဋ္ဌာန်ဟု ဟောသည်။ [နှာ–၁၆] သံသရာ တစ်လျှောက်လုံး သတိလက်လွတ် ဖြစ်ခဲ့သောကြောင့် ဒုက္ခဆင်းရဲ အမျိုးမျိုး ကြုံခဲ့ရကြောင်း သုံးသပ်ပြသည်။ [နှာ–၁၇] 'သတိ စ ခွာဟံ၊ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ' သတိကို အရာရာတိုင်း၌ အလို ရှိအပ်၏ဟု ငါဘုရား ဟောတော်မူ၏ဟု ဆိုလိုသည်။ သတိလက်လွတ်ပြီး သေလျှင်လည်း အပါယ်ရောက်သည်။ မဂ္ဂင်ရှစ်ပါးမှာ သတိလွတ်ကင်းနေလျှင် ကျန် မဂ္ဂင် ၇ ပါးလည်း မလာနိုင်တော့ပါ။ [နှာ–၂၁] အသေဆိုး သေသော ပုဂ္ဂိုလ်တွေသည်လည်း သတိလက်လွတ်၍ ဖြစ်၏။ [နှာ–၂၃] သတိ မပါလျှင် ပစ္စုပ္ပန်မှာလည်း ဆိုးကျိုးပေးသည်။ သံသရာမှာလည်း အပါယ် အကျိုးပဲ ရသည်။ သတိ မမေ့မလျော့ဘဲနေသော သူသည်သာ သေခြင်းကင်းသော နိဗ္ဗာန်သို့ ရောက်သည် ဆို၏။[နှာ–၂၅] 'ပမာဒေါ ပစ္စုနော ပဒံ' မေ့လျော့သော ပုဂ္ဂိုလ်သည် သေခြင်း၏ အကြောင်းတည်း။ [နှာ–၂၆]

သတိ လွတ်၍ နေသူကို ရှင်သူဟု မခေါ်ထိုက်၊ သေသူဟုသာ ခေါ်ထိုက်ကြောင်းလည်း ဟောသည်။ [နှာ–၂၇] သတိလက်လွတ် နေသူကို ရန်သူက မိအောင် ဖမ်းနိုင်သည်။ ရန်သူကို လွတ်အောင် မရှောင်နိုင်ပါ။ ဒါကြောင့် အပါယ်ရောက်သမျှ ပုဂ္ဂိုလ်သည် သတိ လက်လွတ်လို့ချည်း ဖြစ်သည်ဟု ဆို၏။ [နှာ–၃၀] သစ်ပင်ပေါ် တက်သူ သတိလွတ်လျှင် လိမ့်ကျမည် မလွဲပါ။ သတိ လက်လွတ်သူ သေလျှင်လည်း သေခြင်းဆိုး၊ သေပြီးနောက်လည်း ဒယ်အိုး ဇောက်ထိုး အပါယ်ကျရသည်။ ဗိုက်ဆာသည်၊ ရေဆာသည်ဆိုလျှင် ဝေဒနာ ပေါ်သည်။ လူတွေက ဝေဒနာဆိုး ပေါ်မှန်း မသိဘဲ စားလိုက်၊ ရေသောက်လိုက် လုပ်ပေးပြီး အစဖျောက်ပစ်လိုက်သည်။ သတိ လွတ်လျှင် အမှန်ကို မရောက်တော့ပါ။

ရဟန်းတစ်ပါး ဘုရားထံမှာ ကမ္မဋ္ဌာန်း တောင်းပြီး တောကျောင်း တစ်နေရာသို့ သွားပြီး အားထုတ်သည်။ တရား မပေါက်ဘဲ ရှိသဖြင့် ဘုရားထံ တရားအစစ်ခံရန် မြို့သို့ သွားရာ လမ်းမှာ တောအုပ် တစ်ခုကို ဖြတ်တော့ တောမီးလောင်တာ

နှင့် ကြုံသည်။ တောမီးအနားမှာ လောင်လာတော့ သူ တောင်ပေါ်ကို တက်ပြေးသည်။ တောင်ပေါ်က တောမီးလောင်နေတာကို ကြည့်ပြီး သံဝေဂ ယူသည်။ သူ့ခန္ဓာကိုယ်ကို ပြန်ကြည့်လိုက်တော့လည်း ဝေဒနာကလေးတွေက ပျက်စီးနေကြသည်ကို တွေ့ရသည်။ ခန္ဓာကိုယ်ကို ကိလေသာမီးများ လောင်နေသည်ကို သူ သတိပြုမိပြီး ဆင်ခြင်သည်။ သတိဖြင့် ကြည့်နေတော့ သူ့ခန္ဓာမှာလည်း သံယောဇဉ်တွေကို မဂ်မီး (သတိပညာ) က အကုန်လောင်နေတာ တွေ့ရသည်။ [နှာ-၅၁] ဝိပဿနာ မဂ်မီးပြီး ကိလေသာ အမျိုက်များကို လောင်ကျွမ်းစေနိုင်ပုံကို ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၂။ ပုထုဇဉ် နှစ်မျိုး ချိန်ခွင်နှင့် ချိန်ကြည့်ရန်

[ ၈-၇-၅၈ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ဆရာသမားက နေ့တိုင်း ဉာဏ်တွေ တိုးတက်ပြီး သွားအောင် ဟောနေတယ် အစရှိပြီး ဤတရားကို ဟောသည်။ မဂ်ဉာဏ်နား ကပ်အောင်ထိ ပြောဟောနေသည်။ ယနေ့ ပြောချင်တာက ပုထုဇဉ် နှစ်မျိုးကို ပြောမည်။ သာသနာပ ပုထုဇဉ်နှင့် သာသနာတွင်း ပုထုဇဉ် ဖြစ်သည်။ မူလ ပဏ္ဏာသ သမ္မာဒိဋ္ဌိ သုတ်မှာ မိမိသည် သာသနာတွင်း ပုထုဇဉ် ဖြစ်မဖြစ်ကို ချိန်ကြည့်ဖို့ ချိန်ခွင်ပေးထားသည်။ သာသနာတွင်း ပုထုဇဉ် မဖြစ်သေးလျှင် တို့မှာ ဒိဋ္ဌိ မပြုတ်သေးဟု သိရမည်။ သို့ သိမှသာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရအောင် မိမိကိုယ်ကို သာသနာတွင်းသား ပုထုဇဉ်ဖြစ်အောင် လုပ်ရကောင်းမှန်း သိပါလိမ့်မည်။ [နှာ-၅၆]

သာသနာပ ပုထုဇဉ်က ကမ္မဿကတ ဉာဏ်လောက်ပဲ ရှိသည်။ လှူမယ်၊ တန်းမယ်၊ ကောင်းတာလုပ် ကောင်းကျိုးရမယ်။ ဒါလောက်ပဲ သိသည်။ ငါ လုပ်လျှင် ငါရမည်။ ကောင်းတာလုပ်လျှင် စံရမည်။ မကောင်းတာလုပ်လျှင် ခံရမည်။ ဒါပဲ သိသည်။ သာသနာတွင်းမှာ လူဖြစ်လာသော်လည်း သာသနာတွင်း ဉာဏ်ရမှသာ သာသနာတွင်းသား ဖြစ်နိုင်သည်။ သာသနာတွင်းသား ပုထုဇဉ်မှာ ကမ္မဿကတဉာဏ်လည်း ရှိသည်။ သစ္စာနုလောမိက ဉာဏ်လည်း ရှိသည်။ [နှာ-၅၉] မိမိဘာသာ ချိန်ဆနိုင်အောင်လို့ ဆရာတော်က ချိန်ခွင် ပေးနေကြောင်း ဟောသည်။

ပေးကမ်း စွန့်ကြဲလည်း လုပ်သည်။ မိမိ ခန္ဓာကို ဖြစ်ပျက်လည်း ရှုသည်။ ထိုသူသည် သာသနာတွင်းသား ပုထုဇဉ် ဖြစ်၏။ သူ့မှာ ဉာဏ်နှစ်ဉာဏ် ရှိသည်။ ဒါကြောင့် မိမိခန္ဓာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်အောင် ဖြစ်ပျက် မရှုရသေးလျှင် သာသနာ နှစ်ထောင့်ငါးရာ လျော့လျော့ ကျန်စေကာမူ သာသနာပ ပုထုဇဉ်ပဲ ဖြစ်နေသေးကြောင်း ဆုံးဖြတ်ချက် ချရမည်။ [နာ–၆၀] ပုထုဇဉ် နှစ်မျိုး ဘာထူးသလဲ။ တစ်ဉာဏ်တည်း ရှိတာနှင့် နှစ်ဉာဏ် ရှိတာ ထူးသည်။ [နာ–၆၁] သာသနာပ ပုထုဇဉ် လှူဒါန်း ပေးကမ်းနေသော်လည်း ငါ ကောင်းတာလုပ် ငါရမှာပဲ ဆိုသော ငါစွဲ ဒိဋ္ဌိ မပြုတ်ပါ။ ကမ္မသကတဉာဏ်လောက်ဖြင့် ဒိဋ္ဌိ မကွာနိုင်သည့်အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို သူ မရနိုင်ပါ။ [နာ–၆၃] သာသနာတွင်းသား ပုထုဇဉ် (ကလျာဏ ပုထုဇဉ်) မှာ ကမ္မသကတဉာဏ်လည်း ရှိသည်။ သစ္စာနုလောမိကဉာဏ်လည်း ရှိသည်။ သူက သစ္စာဉာဏ်နှင့် ဒိဋ္ဌိကို ဖြုတ်နိုင်သည်။ [နာ–၆၄]

သူ့မှာက အပါယ် သွားစေတတ်သော ငရဲမျိုးစေ့ ဝမ်းထဲ မရှိတော့ဘူး။ သူသည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအထိ မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့် တက်သွားနိုင်သည်။ ထို့နောက် မျက်မြင်နှင့် ဉာဏ်မြင် တွေ့ပုံ သဘောကို ပြသည်။ မျက်မြင်နှင့် နိဗ္ဗာန် မသွားဘူး။ ဉာဏ်မြင်နှင့်မှ နိဗ္ဗာန်ကို သွားသည်ဟု ဟောသည်။ ဉာဏ်မြင်နှင့် မျက်မြင် ကွာပုံကို ဖရဲသီး ဥပမာဖြင့် ပြသည်။ မျက်မြင်က ဖရဲသီး အခွံစိမ်းကိုပဲ မြင်သည်။ ဉာဏ်မြင်ကျတော့ အတွင်းသား နီရဲနေတာကို မြင်သည်။ [နာ–၆၈]

ဉာဏ်မြင်က ထိုးထွင်း သိသည်။ ဖြစ်ပေါ်လာသော တရား မှန်သမျှ ဖြစ်ပြီးလျှင် ပျက်သွားသည်ဟု ဉာဏ်က ထိုးထွင်းပြီး မြင်ပြီဆိုလျှင် သစ္စာနုလောမိက ဉာဏ် ရပြီ။ ယခုဘဝ ထိုသူ မဂ် ရနိုင်သည်ဟု ဆုံးဖြတ်ချက်ချပြီး ရဲရဲ ဟောထားသည်။ [နာ–၆၉] အပါယ်တံခါး ပိတ်လိမ့်မည်။ ဤဉာဏ်ဖြင့် သေလျှင် မပူနှင့်တော့၊ ဘုန်းကြီး ရဲဝံ့စွာ ဆိုသည်။ ဒုတိယဘဝမှာ သောတာပန် တည်နိုင်သည်ဟုလည်း အားပေးထားသည်။ အင်္ဂုတ္တိုရ်မှာ ဤဉာဏ်ဖြင့် သေသောသူ နတ်ပြည်ရောက်သော အခါ မိမိ နတ်ပြည် ရောက်မှန်းတောင် မသိသေးခင် သောတာပန်က အရင် တည်နှင့်ပြီ ဆို၏။ [နာ-၇၀]

အပျက်ချည်း မြင်လျှင် အားရှိသော ဝိပဿနာဉာဏ် ဖြစ်ပြီ။ ပူစရာ မလိုကြောင်း ထပ်မံ အားပေးပြန်သည်။ ဒါကြောင့် သာသနာတွင်းသား မဖြစ်သေးသူများ မသေသေးလျှင် ချက်ချင်း ပြုပြင်ပါ။ သာသနာတွင်းသား ဖြစ်အောင် လုပ်ပါဟု

တိုက်တွန်းထားသည်။ သမ္မာဒိဋ္ဌိ အမြင် မရဘဲ သုဂတိ ရောက်သော ပုဂ္ဂိုလ်သည် ဒိဋ္ဌိ အဆိပ် ပါသွားသောကြောင့် ဆိပ်လူးမြား မှန်ထားသော လင်းတလို အဆိပ် ပျံ့သော အချိန်၌ အထက်သို့ မပျံနိုင်ဘဲ အောက်သို့ ပြန်ကျရသည်။ သာသနာတွင်း သား ဖြစ်အောင် လုပ်ဖို့ အထပ်ထပ် တိုက်တွန်းထားသည်။ ဤစကား တစ်လုံးတည်း ကိုပင် မှတ်မိအောင် ပရိယာယ် အမျိုးမျိုးဖြင့် လှည့်ဟောထားသည်။ (ဤတရားမျိုး ရှေ့မှာလည်း ဟောဖူးပြီ) ဘုရားက ဒိဋ္ဌိ ဖြုတ်မှု အရေးကြီးပုံကို သံယုတ် ပါဠိတော် မှာ ဟောကြောင်းကိုလည်း ထပ်ခါတလဲ ဟောထားသည်။ [နှာ-၇၂]

ထို့နောက် အရှင်သာရိပုတ္တရာ၊ အရှင် အဿဇိ မထေရ်နှင့် တွေ့ပြီး ယေဓမ္မာ ဟောတုပ္ပဘဝါ ဂါထာ ကြားကာမျှဖြင့် သောတာပန် တည်ပုံကို ဟောသည်။ [နှာ-၈၀] ဤတွင်လည်း ဆရာ အရေးကြီးကြောင်းကို ထည့်ဟောသည်။ [နှာ-၈၂] ယခု ဘုန်းကြီးကလည်း အမှန်ကို ဟောနေသည်။ ဒါကြောင့် ဒကာ ဒကာမ များ မသေသေးသဖြင့် ဆေးမိသေးသည်ဟု ဆိုသည်။ [နှာ-၈၄] ဝိပဿနာ အလုပ် ကလေးကို နှလုံးသွင်းလိုက်ဦးမယ် ဆိုလျှင် ဆေးမိသေးသည်။ ဒါ ဉာဏ်ချိန်ခွင် ပေးတာဟု ဆိုသည်။

ထို့နောက် အလုပ်ကို ပြောတော့မည်ဆိုပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန် မပြုမီ သုံးလ အလိုမှာ ဝေသာလီပြည်မှာ သီတင်းသုံးနေစဉ် ဝေဠုဝရွာကို သံဃာများနှင့် အတူ ကြွသွားသည်။ ပရိနိဗ္ဗာန် ပြုရမည့် ဝမ်းလျှောသော ဝေဒနာ တိုးလာနေသည် ကို သတိပြုမိသည်။ ထိုအချိန်တွင် မြတ်စွာဘုရားစိတ်မှာ တစ်ပါးတည်း နေချင် လာသည်။ ဝေဒနာ တိုးလာနေသော်လည်း နိဗ္ဗာန်ကို အာရုံပြုနေသော စိတ်ဖြင့် တားထားနိုင်သည်။ အလုပ်တရားက အသေကိုပင် တားနိုင်ကြောင်း ဟောလိုခြင်း ဖြစ်၏။ ဝေဠုဝရွာမှာ ရောဂါ အနည်းငယ် သက်သာလာသည်။ ထိုအခါ အရှင် အာနန္ဒာက ဘုရား ကျန်းမာတာ မြင်ရ၍ ဝမ်းမြောက်ကြောင်း ပြောသည်။ ဘုရားက သူ့သာဝကတွေ၊ ဒကာ ဒကာမတွေကို ပြောစရာ စကား၊ မှာစရာ စကားတွေ ကျန်သေး၍ နိဗ္ဗာန်ကို အာရုံပြုသော စိတ်ဖြင့် ဝေဒနာကို ချုပ်ထိန်းထားခြင်း ဖြစ်ကြောင်း ပြောသည်။ သေခြင်းကို ဖလသမာပတ် အစွမ်းဖြင့် တားထားခြင်း ဖြစ်သည်။ [နှာ-၈၉] နောက်ဆုံးပိတ် မှာစရာ စကားများ ကျန်နေသေး၍ ပရိနိဗ္ဗာန် မစံသေးဘဲ ဖလသမာပတ် စွမ်းအားဖြင့် တားထားခြင်း ဖြစ်သည်။ [နှာ-၉၁] နောက်ဆုံးစကား မှာကြားလို၍ အရှင်အာနန္ဒာကို လှမ်းခိုင်းသည်။ လှမ်းဝေးလာတော့ သတိပဋ္ဌာန်တရား လေးပါးရှိကြောင်း၊ သတိပဋ္ဌာန် လေးပါးမှ တစ်ပါးကို လှ

ရော သံဃာပါ လုပ်တတ်အောင် သင်ပေးသည်။ [နာ–၉၄] သတိ မမေ့နှင့်၊ ထို သတိပဋ္ဌာန် အလုပ်ကို လုပ်ကြလျှင် ငါဘုရား နည်းတူ နိဗ္ဗာန်ကို ရောက်နိုင်သည်။ နိဗ္ဗာန်ချမ်းသာကို အတူတကွ ခံစားကြရမည်။ ကြိုးစားပြီး နေရစ်ကြဟု မှာသည်။ မဟာဝဂ္ဂ ပါဠိတော် သတိပဋ္ဌာန သုတ်မှာ ဟောသည် ဆို၏။ [နာ–၉၅] 'အတ္တ ဒီပါဝိဟာရထ၊ အတ္တသရဏာ၊ အနညသရဏာ ဓမ္မဒီပါ ဓမ္မ သရဏာ၊ အနည သရဏာ' ဟု ဟောသည်။ ဘယ်သူ့မှ အားမကိုးနှင့်။ သတိပဋ္ဌာန် အလုပ်ကိုသာ အားကိုး၊ မဂ္ဂင်ကို အားကိုး၊ မိမိကိုယ်ကို အားကိုး၊ သတိပဋ္ဌာန်ကို အားကိုးပါ။ ကံ စီမံရာ မခံပါနှင့် ဉာဏ် စီမံရာ လိုက်ပါ။ ဉာဏ်က အပါယ်ကို ဘယ်တော့မှ မချဘူးဟု ဆိုသည်။ ခင်ဗျားတို့ လူ့ဘောလုံး မဖြစ်စေနှင့်ဟု ဟောသည်။ [နာ–၉၈] ဉာဏ်ကိုသာ ကျွန်းကြီးသဖွယ် အားကိုးပါဟု ဆိုသည်။ ထို့နောက် ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုသော စိတ္တာနုပဿနာကို ပြသည်။ ဒကာ ဒကာမတို့ ကိုယ့် စိတ်ကိုယ် ရှုပါဟု တိုက်တွန်း ပြန်သည်။ [နာ–၁၀၁] ခန္ဓာကိုယ်ကြီးက သုသာန်မှာ ပစ်ရမှာ၊ ဒါကြောင့် မဂ္ဂင်တည်းဟူသော ကိုယ်ကို အားကိုးပါဟု ဟောရင်း အချိန် စေ့သဖြင့် တရားနားလိုက်သည်။

*

## ၃။ အနာဂတ်ဘေးစောင့်နေသူများ

[ ၁၂–၈–၅၈ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

ခန္ဓာကိုယ်ကြီးထဲမှာ အိုဘေး ရှိသည်ဟု နေ့တိုင်း ဟောနေသည် အစချီလျက် ဤတရားကို ဟောပါသည်။ အိုဘေးသည် တေဇော ဖြစ်သည်။ တစ်ကိုယ်လုံးမှာ တေဇော ပျံ့နှံ့နေသည်။ အကုန် လောင်ကျွမ်းနေသည်။ နိဗ္ဗာန်မှာ ဤ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်တွေ မရှိ ကင်းမဲ့နေသည်။ [နာ–၁၀၄] ဒါကြောင့် နိဗ္ဗာန်မှာ အိုဘေး၊ နာဘေး၊ သေဘေးမရှိဟု မှတ်ရမည်။ အိုတာက အကျိုး၊ အိုရ ခြင်း အကြောင်းက တေဇော ဖြစ်သည်။ တေဇောက အိုအောင် ရင့်အောင် လုပ် သည်။ သီတတေဇောကို ပြသွား၍ တစ်ကိုယ်လုံး အေးသွားပြီ တောင့်သွားပြီ ဆိုတော့ သေပြီ။ တေဇော သတ်တာဟု ဆိုသည်။ [နာ–၁၀၅] ဒါကြောင့် ခန္ဓာကိုယ် ထဲမှာ သေမင်း ပါနေသည်ဟု နားလည်ရမည်။ အသက်ရှင်နေတာသည် သေမင်း နှင့် အတူ နေရတာပဲဟု ဆိုသင့်သည်။ [နာ–၁၀၆] ဆရာတော်က ဤတွင် သေမင်း

လွတ်ရာကို ရောက်ချင်သူတွေ ဝိပဿနာအလုပ်ကို လုပ်ပါဟု တိုက်တွန်းထား သည်။ [နှာ-၁၀၇]

ဝိပဿနာအလုပ်ကို ဖြေးဖြေးမှ လုပ်တာပေါ့ဟု အချိန်ဆွဲနေခြင်းသည် အိုဘေးကို စောင့်နေခြင်း ဖြစ်သည်ဟု ဆိုသည်။ သူတော်ကောင်း အလုပ်ကို လက်ငင်း မလုပ်ဘဲ နေသူများသည် အနာဂတ်ဘေးကို စောင့်နေသူများ ဖြစ်ကြ သည်ဟု ဆရာတော်က ဟောသည်။ [နှာ-၁၀၈] အနာဂတ်မှာ အိုဘေးလာလျှင် နာဘေးလည်း ပါတော့မည်။ ထိုသူသည် နိဗ္ဗာန်ကို မျှော်နေတာ မဟုတ်ပါ။ ဘေးကို စောင့်နေခြင်းသာ ဖြစ်သည်။ ဖြည်းဖြည်းမှပဲ တရား အလုပ်ကို လုပ်တာပေါ့ဆိုသူ များသည် မလုပ်ဖြစ်တာကို စောင့်ခြင်း ဖြစ်သည်ဟု ဆရာတော်က သုံးသပ်ပြ သည်။ [နှာ-၁၁၀] အနာဂတ်ဘေးက ငါးဘေးတောင် ရှိသည်။ အိုဘေး နာဘေး၊ ငတ်မွတ်ခေါင်းပါးသောဘေး၊ ရေဘေး မီးဘေးတွေ အကုန် ကြုံနိုင်သည်။ သဘာဝ ပတ်ဝန်းကျင် ဘေးဆိုးတွေ ဖြစ်သည်။ နံပါတ်လေး ဘေးက လူတွေ သင်းကွဲ ဝါဒကွဲ၊ နိုင်ငံရေး၊ လူမှုရေး အကွဲအပြဲ ဘေးတွေ ဖြစ်သည်။ နိုင်ငံရေး သဘော ကွဲပြီဆိုမှ သူပုန် သူကန် လက်နက်ကိုင် သောင်းကျန်းသူတွေ ပေါ်လာတော့သည်။ ထို ဘေးကျိုးလည်း အချိန်မရွေး အသက်ရှင်ဆဲမှာပင် ရောက်လာနိုင်သည်။ [နှာ-၁၁၄] ထိုဘေးငါးဘေး အချိန်မရွေး ရောက်လာနိုင်သည်။ ဝိပဿနာ အလုပ်ကို မလုပ်ဘဲ နေတာ ထို ဘေးဆိုးတွေကို မျှော်စောင့်နေခြင်းနှင့် တူပုံကို ဟောသည်။ [နှာ-၁၁၇]

ဤငါးဘေးသည် စောင့်ကောင်းသော ဘေးများ မဟုတ်ပါ။ ဒါကြောင့် ရောက်လာလတ္တံ့. ဘေးရန် အန္တရာယ်များကို စောင့်မနေဘဲ ဝိပဿနာ အလုပ်ကို ခုချက်ချင်း လုပ်ပါဟု နှိုးဆော်တော်မူသည်။ [နှာ-၁၁၈] ထို့နောက် ပဋိစ္စသမုပ္ပာဒ် အနုလောမကို အစဉ်အတိုင်း ပြမည်ဆိုပြီး ပြသည်။ အဝိဇ္ဇာဆိုတာ သစ္စာကို မသိတာ ဖြစ်ကြောင်းက စပြသည်။ ဤခန္ဓာကိုယ်ကြီးထဲမှာ ဒုက္ခပေးသော တရား သည် လောဘ ဖြစ်၏။ သူသည် သမုဒယသစ္စာ ဖြစ်သည်။ [နှာ-၁၂၀] သမုဒယ ဘာကြောင့် ဝင်လာသလဲ၊ မသိမှု (အဝိဇ္ဇာ) ကြောင့် ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးဖြင့်သာ နိဗ္ဗာန်ကို ရနိုင်သည်ဆိုသော အသိကို မသိတာလည်း အဝိဇ္ဇာပင် ဖြစ်သည်။ အဝိဇ္ဇာ ဝမ်းထဲမှာ ရှိနေလျှင် သောတာပန် ဖြစ်နိုင်သော တရား ဝိဇ္ဇာ ဥဒပါဒိ မဖြစ်နိုင်တော့ပါ။ [နှာ-၁၂၂]

အဝိဇ္ဇာရှိသော ပုဂ္ဂိုလ်သည် သင်္ခါရကို လုပ်လေ့ ရှိသည်။ စာဆိုဖြင့် သိတာထက် ကိုယ်လုပ်နေတာ ကိုယ်တိုင် သိဖို့ ပိုပြီး အရေးကြီးသည်။ အဝိဇ္ဇာ ရှိသူမှာ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တ သင်္ခါရတွေ လုပ်ပုံကို ပြသည်။ ဒုက္ခသစ္စာကို မသိဘဲ နောက်ဘဝ ကောင်းစားရေးကို လိုချင်၍ လုပ်သော ကုသိုလ်သည် နိဗ္ဗာန်ကို မရနိုင်ပုံကို ရှင်းပြသည်။ အဝိဇ္ဇာကြောင့် ဖြစ်သော ကုသိုလ်သည် နိဗ္ဗာန်ကို မရောက်ဘူးဟု ဆိုသည်။ [နှာ-၁၃၀] မလှူနဲ့၊ မတန်းနဲ့၊ မပေးနဲ့၊ မကမ်းနဲ့လို့ ဟောတာ မဟုတ်။ နောက်ဘဝ ကောင်းစားရေး ရည်ရွယ်တဲ့ ကုသိုလ်သည် ဝဋ် ကုသိုလ် ဖြစ်သဖြင့် ဒီ ကုသိုလ်မျိုး မလုပ်နဲ့ဟု ဟောခြင်းသာ ဖြစ်ကြောင်း စွပ်စွဲလိုသူတို့ အစွပ်စွဲလွတ်အောင် ကာကွယ် ဟောထားသည်။ [နှာ-၁၃၂] နောက်ဘဝ စလျှင် ဇာတိကပဲ စရမည်။ ဇာတိက ဒုက္ခသစ္စာ ဖြစ်သည်။ သို့ဆိုလျှင် ဘဝ ကောင်းစားရေးဆိုတာ ဘယ်မှာ ရှိမလဲ၊ ဒုက္ခဖြင့် စသော ဘဝမှာ ဘယ်ပုံ ကောင်းစားမလဲဟု ဝေဖန် ပြထားသည်။ [နှာ-၁၃၅] နောက်ဘဝ ကောင်းစားရေး လုပ်ချင်တာသည် အနာတစ်ခု ရပြီးနောက် အနာတစ်ခု ရအောင် ဆော့ချင်သော ကလေးနှင့် တူပုံကို ပြသည်။ [နှာ-၁၃၆] ဒီဘဝ ဒုက္ခသစ္စာ ခန္ဓာကြီး ရပြီး နောက်ဘဝမှာလည်း ထပ်ခါ ဒုက္ခသစ္စာ ခန္ဓာကြီး ရချင် ပြန်ခြင်းကို ရည်၍ ဆိုခြင်း ဖြစ်သည်။ ဒါကြောင့် *အဝိဇ္ဇာ ဦးစီးသော အလှူအတန်းသည် ချောက်ကျမှာချည်းပဲဟု ဆိုသည်။* [နှာ-၁၄၀] ဇာတိ ပဋိသန္ဓေ ချောက်ထဲ ကျမည်။ ပဋိသန္ဓေ နေမိသော ပုဂ္ဂိုလ် နာမ်ရုပ် လာမည်။ ဝိညာဏ်ကြောင့် နာမ်ရုပ်ရသည်။ ဝိညာဏ် နာမ်ရုပ်ထဲမှာ ယောကျ်ား၊ မိန်းမ မပါ။ သူ ငါ ပုဂ္ဂိုလ် သတ္တဝါ မပါပါ။

နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တာ။ ငါ သူတစ်ပါး ဖြစ်တာ မဟုတ်ကြောင်း ပြပြီး သက္ကာယဒိဋ္ဌိကို ဖြုတ်သည်။ [နှာ-၁၄၈] ပဋိစ္စသမုပ္ပါဒ်ကို သိ၍ ဒိဋ္ဌိ ဖြုတ်ရသည်။ အကြောင်းအကျိုး သိလို့ ပြုတ်တာ။ သဠာယတနကြောင့် ဖဿ ဖြစ်သည်။ ဒွါရ ခြောက်ပေါက်မှာ ဖဿ ခြောက်မျိုး ပေါ်သည်။ ဝေဒနာလည်း ခြောက်မျိုး ပေါ်သည်။ ဝေဒနာလာတော့ တဏှာ၊ တဏှာလာတော့ ဥပါဒါန် လေးပါး ပေါ်ရသည်။ စွဲလမ်းသော ဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်လာသည်။ ဝိညာဏ်အစ ကမ္မဘဝ အဆုံးသည် ပစ္စုပ္ပန် ဘဝ ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ၂ အကွက်နှင့် ၃ အကွက်ထဲမှာ ပေါ်သော ပစ္စုပ္ပန် ခန္ဓာထဲမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မပါ။ ပစ္စုပ္ပန် ဘဝမှာ ခန္ဓာထဲမှာ ပဋိစ္စသမုပ္ပါဒ် ရှစ်မျိုး ရှိသည်။

သို့သော် ပုထုဇဉ်က ကိုယ့်အဖြစ်ကို ကိုယ် မသိဘူး။ အကန်းနှင့် တူသည်။ ဒါကြောင့် အန္ဓဟု ဘုရားက ခေါ်ခြင်း ဖြစ်သည်။ [နှာ–၁၅၂] ပြီးမှ ဝိပဿနာ ရှုသော ပုဂ္ဂိုလ်သည် ပစ္စုပ္ပန် ရုပ်နာမ်ခုထဲမှာ ရှုရမည်ဟု နည်းပေးသည်။ [နှာ–၁၅၆] ဝိပဿနာ ရှုရမည့် ခန္ဓာကို စတွေ့ပြီး တရားနာနေသော ပုဂ္ဂိုလ်မှာ ဝိညာဏ်၊ နာမ် ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ ငါးမျိုးပဲ ဖြစ်သည်။ နောက်က လာမည့် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝက ချုပ်သွားသည်။ [နှာ–၁၅၇] ဝေဒနာက တဏှာကို မဆက်တော့ပါ။ သာမန် သားရေး သမီးရေး၊ စီးပွားရေး လုပ်နေချိန်မှာ မိမိတို့ ခန္ဓာမှာ ပဋိစ္စသမုပ္ပာဒ် ရှစ်မျိုး ပေါ်သည်။ တရားနာချိန်၊ ရှုပွားချိန်မှာတော့ ငါးမျိုး ပဲ ပေါ်သည်။ သာမန် နေ့စဉ်ဘဝမှာ မျက်စိဖွင့်လိုက်တာနှင့် တဏှာ၊ ဥပါဒါန်၊ ကံ လာတော့သည်။ အနာဂတ် အကြောင်းတွေ ပေါ်နေပြီ။ [နှာ–၁၅၉] အနာဂတ် အကြောင်း ပေါ်လျှင် အနာဂတ် အကျိုးတွေကို ရပေတော့မည်။ ကိုယ့် သန္တာန်မှာ ပဋိစ္စသမုပ္ပာဒ်ကို အားထုတ်နေလျှင် ပဋိစ္စသမုပ္ပာဒ် ငါးမျိုးပဲ လာကြောင်း ဟောနေ ရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၄။ အဓိပတိ သုံးပါးထား၍ အားထုတ်ပါ

[ ၁၃–၈–၅၈ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

တရားဆိုတာ ဆုတောင်းရုံနှင့် မရဘူး။ ဝီရိယ စိုက်မှ ရသည်ဟု မှတ်ထားပါ အစချီပြီး ဤတရားကို ဟောတော်မူသည်။ (မှတ်ချက်– **အဓိပတိ သုံးပါးထား၍ တရား အားထုတ်ရပုံ ခေါင်းစဉ်ဖြင့် ၂၄–၁၁–၆၁ တွင်လည်း တစ်ကြိမ် ဟောတော် မူသည်။ စာအုပ်အမှတ် ၈ တွင် ဖော်ပြခဲ့ပြီးပြီ။ ထိုစဉ်ကလည်း အမရပူရမြို့ မဂ်လာရိပ်သာ ကျောင်းပေါ်မှာ ဟောသည်ဟု ဖော်ပြထားသည်။**)

ဤတွင် ဆရာတော်က ဝီရိယ စိုက်သောအခါ မာန်ကလေးလည်း တက်ပေး ရသည်ဟု ထူးခြားစွာ ဆိုသည်။ ဤ မာန်သည် မာနတော့ မာနပဲ။ သို့သော် နိဗ္ဗာန်ကို ကျေးဇူးပြုသော မာနဟု မှတ်ရမည် ဆိုသည်။ [နှာ–၁၆၂] ဖြစ်ပျက်ကို ရှုသော ပုဂ္ဂိုလ်မှာ မိမိကိုယ်ကို အကြီးအကဲထား၍ အားထုတ်ရမည်။ သူတစ်ပါးကို အကြီးအကဲ ထား၍လည်း အားထုတ်ရမည်။ ဘုရားဟော တရားတော်ကိုလည်း အကြီးအကဲထား၍ အားထုတ်ရမည်။ အကြီးအကဲဆိုတာ အဓိပတိကို ဆိုလိုသည်

ဟု ရှင်းထားသည်။ အဂုတ္တိုရ် ပါဠိတော်မှာ လာသည်ဟုလည်း အကိုးအထောက်ကို ပြသည်။ ပြီးမှ နံပါတ် ၁ မိမိကိုယ်ကို အဓိပတိ ထားမှုကို ပထမ ရှင်းပြသည်။

တရား အားထုတ်တာ စားစရာ မရှိလို့၊ ဝတ်စရာမရှိလို့၊ နေစရာ မရှိလို့ မဟုတ်ဘူး။ ဟိုဘဝ ဒီဘဝ နောက်ဘဝတွေ လိုချင်လို့ အားထုတ်တာလည်း မဟုတ်ဘူး။ ဇာတိ ဇရာ မရဏာ ဝဋ်ဆင်းရဲတွေကို လွှန်မြောက်ချင်လို့ အားထုတ်တာဟု နားလည်ရမည်။ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ချင်လို့၊ သံသရာ အနှောင်အဖွဲ့က လွတ်ချင်လို့ အားထုတ်တာဟု ကိုယ့်ကိုယ်ကိုယ် အဓိပတိ ထားလျှင် အားထုတ်ရာမှာ ဝီရိယ ပြင်းထန်လာပြီး မဂ်ဉာဏ် ပေါ်နိုင်သည်။ [နှာ–၁၆၅] တစ်ခါတစ်ရံ အားထုတ်ရင်းက စိတ်တွေ လေးလံပြီး အားမထုတ်ချင်သလို ဖြစ်လာလျှင် စားစရာ မရှိလို့ လာတာ မဟုတ်ဘူး။ ဝတ်စရာ မရှိလို့ လာတာ မဟုတ်ဘူး။ နေစရာ ထိုင်စရာ မရှိလို့ လာတာ မဟုတ်ဘူး။ ဇာတိ ဇရာ မရဏကို ကြောက်ရွံ့ ရွံမုန်းလို့၊ မတွေ့လို မမြင်လို၍ အားထုတ်တာဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမပါက ဝီရိယ ပြန်တက်လာပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ပါသည်။ ဒါက တစ်နံပါတ် ကိုယ့်ကိုယ်ကိုယ် အဓိပတိ ထားခြင်း သဘော ဖြစ်သည်။

နံပါတ်နှစ်က သူတစ်ပါးကို အဓိပတိထား၍ အားထုတ်ခြင်း ဖြစ်သည်။ တရား အားထုတ်ရင်း ကာမစ္ဆန္ဒတွေ၊ ဗျာပါဒတွေ၊ နေရေးထိုင်ရေး စားရေး သောက်ရေး၊ စီးပွားရေး နိုင်ငံရေးတွေ တွေးပူလာလျှင် ဝိဟိံသ ဝိတက်တွေ ကြားခိုလာလျှင် မင်းဟာ တရား အားထုတ်ရင်း ဘာတွေ တွေးနေတာလဲ၊ အရှက် မရှိဘူးလား၊ ငါ တွေးနေတာ ဘေးက လူတွေ အခြား ပုဂ္ဂိုလ်တွေ မသိဘူး ထင်သလား။ မင်း တရား မဖက်ဘူး၊ တရား ပျက်နေတာကို သိသော ပုဂ္ဂိုလ်တွေ ရှိသည်။ ရှက်ဖို့ ကောင်းသည်ဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမရမည်။ [နှာ–၁၆၇] မင်းဟာ သူတော်ကောင်း အလုပ်ကို လုပ်နေရင်း ဘယ့်နှယ် သူယုတ်မာ ဝိတက်တွေ ဝင်လာရတာလဲ၊ မင်းစိတ်တွေ ညစ်ပတ်နေတာ ကိုယ်စောင့်နတ် သိတယ်။ သူများ မသိဘူး မထင်နဲ့။ သူတစ်ပါး စိတ်ကို သိတဲ့ နတ်တွေ၊ အာကာသစိုးဝ်၊ ဘုမ္မစိုးဝ်၊ ရုက္ခစိုးဝ်တွေ ရှိသည်။ ဒါ့အပြင် အဘိညာဉ် ရသော ပုဂ္ဂိုလ်တွေလည်း ရှိသည်။ တရား အားထုတ်ရင်း စိတ်ယုတ်မာတွေ ဝင်နေတာ ရှက်ဖို့ သိပ်ကောင်းသည်။ ကိုယ့်ကိုယ့်ကိုယ် အပြစ်တင်ပြီး ပေါ်လာသမျှ စိတ်တွေကိုလည်း ဖြစ်ပျက် ရှုပစ်ပါ။ ဤသို့ ရှုပစ်လိုက်ပါက ဝီရိယ ထက်သန်လာပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်လာလိမ့်မည်။ သူတစ်ပါး သိမှာကို ရှက်မှာနှင့် သံသရာကို ကြောက်တာ၊ ဟိရိဩတပ္ပ

စိတ် ဖြစ်သည်။ ဤကား သူတစ်ပါး ဝန်းကျင်မှာ ရှိသော ပုဂ္ဂိုလ်တွေကို အဓိပတိ ထားခြင်း ဖြစ်သည်။ ဤသည်မှာ အားထုတ်တုန်း ဝင်လာသော ရန်သူကို ချေမှုန်းနည်း ဖြစ်သည်။ သူများ ဖြစ်ပျက်မြင်ပြီး ကိုယ် မမြင်လျှင် ကိုယ် ညံ့လို့ပဲ၊ ကိုယ် ဝီရိယ နည်းလို့ပဲ၊ သဒ္ဓါကျလို့ပဲ၊ သတိလွတ်လို့ပဲဟု မှတ်ပါ။ ကိုယ့်ကိုယ်ကိုယ် မခံချင်စိတ်မွေးပြီး ပြန်တင်ပါ။ [နှာ-၁၇၃] ဘုရားဟော တရားက အမှန် ရှိပါ လျက် လာပါ ရှုလှည့်ပါ ကိုယ်တိုင် တွေ့ရပါလိမ့်မည်။

အခါမလင့် အကျိုးပေးသော တရားဖြစ်ပါသည်ဟု တရားက ထင်ရှားစွာ အာမခံချက် ရှိပါလျက် ကိုယ်က မရဘူးဆိုပါက ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ပါ။ မင်း ဝီရိယ ညံ့လို့ပဲ။ မင်း ယုံကြည်မှု နည်းလို့ပဲ၊ မင်း သတိလက်လွတ်လို့၊ သမာဓိ နည်းလို့ပဲဟု ကိုယ့်ကိုယ်ကိုယ် ဝေဖန်ပြီး တရားတော်ကို အဓိပတိ ထားပါ ဆိုသည်။ ဤအဓိပတိ သုံးပါးထားပြီး ကြိုးစားလျှင် ဒီဘဝတွင် မဂ်ဖိုလ်ကို ရနိုင်သည်။ ထို့နောက် တရားနာနေသော ခန္ဓာက ဒုက္ခသစ္စာ၊ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်သော ဉာဏ်က မဂ္ဂသစ္စာ၊ တရားနာရင်း သစ္စာ နှစ်ပါး ရပြီ။ တစ်ခါ အို သေ ဘယ်က လာသလဲ ဆက်စဉ်းစား ခိုင်းသည်။ အိုသေ ဇာတိက လာသည်။ ဒါဆို ဇာတိက သမုဒယသစ္စာ၊ အကြောင်းဖြစ်ပြီး ဇရာမရဏက ဒုက္ခသစ္စာ၊ အကျိုးဖြစ်တော့သည်။ [နှာ-၁၇၈] ဇောဇောက သိတာက သစ္စာနှစ်ပါး၊ ခု တစ်ပါး တိုးလာတော့ သုံးပါး သိပြီ။

တဏှာကိုသာ သမုဒယသစ္စာ မှတ်နေကြသည်။ ပဋိစ္စသမုပ္ပာဒ် နည်းပဋိသမ္ဘိဒါနည်းအရ အကြောင်းမှန်သမျှ သမုဒယသစ္စာချည်း ဖြစ်ပုံကိုလည်း ဟောသည်။ [နှာ-၁၈၀] သမုဒယနှင့် ဒုက္ခသစ္စာ ချုပ်သွားလျှင် နိရောဓသစ္စာ ရပြီ။ [နှာ-၁၈၀] ဆင်းရဲတာကို လွန်မြောက်သွားလျှင် ချမ်းသာရာသို့ ရောက်ပြီ ဖြစ်၏။

ထို့နောက် ဝေဒနာနှင့် တဏှာ ကြားမှာ ဘုရားပွင့်သည်ဆိုသော အယူအဆကို ထပ်မံ ဟောကြားတော် မူပြန်သည်။ ဇရာမရဏကို လွန်မြောက်ချင်လို့ ဘုရားဖြစ်အောင် အားထုတ်လာတာဟု ဆိုသည်။ ဇရာ မရဏကို အကြောင်းရင်းခံပြီး ဘုရား ဖြစ်တာဟု ထူးခြားသော အမြင်ကို တင်ပြထားသည်။ ပါရမီ ဖြည့်တာက နောက်မှဟုလည်း ဆိုသည်။ ဤအမြင်ကို အင်္ဂုတ္တိုရ် ပါဠိတော်မှ ဘုရားကိုယ်တော်တိုင် ဟောသည်ဟုလည်း ဖော်ပြထားသည်။ [နှာ-၁၈၂] ဇာတိ ဘာကြောင့် ဖြစ်သလဲ ကမ္မဘဝကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံကြောင့် ဒုက္ခရောက်နေ

ကြတာ ဖြစ်သည်။ ဘဝ ပစ္စယာ ဇာတိဆိုတော့ ကမ္မဘဝက သမုဒယသစ္စာ ဖြစ်ပြန်သည်။ ဇာတိပြီး ဒုက္ခဟု ဘုရားဟောတော်မူသောကြောင့် ဇာတိသည် သမုဒယသစ္စာ ဖြစ်ပြန်သည်။ တစ်ခါ နောက်ပြန်ကြည့်ပါ။ ကမ္မဘဝ ဘယ်က လာသလဲ၊ ဥပါဒါန်က လာသည်။ ဥပါဒါန ပစ္စယာ ဘဝ ဤတွင် ဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ကြောင်း ပေါ်ပြန်သည်။ ဤတွင် ဥပါဒါန်က သမုဒယသစ္စာ ဖြစ်ပြီး ကမ္မဘဝက ဒုက္ခသစ္စာ ဖြစ်ရပြန်သည်။

တစ်ခါ တဏှာကြောင့် ဥပါဒါန် ဖြစ်သည်ဆိုရာမှာ တဏှာက သမုဒယသစ္စာ၊ ဥပါဒါန်က ဒုက္ခသစ္စာ ဖြစ်ပြန်သည်။ [နာ–၁၈၆] တဖန် တဏှာ ဘယ်က လာသလဲ၊ ဝေဒနာက လာသည်။ ဒါဆို ဝေဒနာက သမုဒယသစ္စာ၊ တဏှာက ဒုက္ခသစ္စာ ဖြစ်ပြန်သည်။ ပဋိသမ္ဘိဒါမဂ်၊ သံယုတ် ပါဠိတော်တွေမှာ ဤအတိုင်း လာသည်ဟု ဟောသည်။ [နာ–၁၈၇] ဤတွင် ဆရာတော်က 'ကြောင့်' ပါရင် သမုဒယပဲ၊ 'ဖြစ်' ဆိုရင် ဒုက္ခသစ္စာပဲဟု ရှင်းပြသည်။ နောက်ပြီး ဝေဒနာ ဖဿက လာပုံ၊ ဖဿက သမုဒယ၊ ဝေဒနာက ဒုက္ခ ဖြစ်ပုံကို ပြပြန်သည်။ ဖဿသည် သဠာယတနက လာရာမှာ သဠာယတနက သမုဒယ၊ ဖဿက ဒုက္ခ ဖြစ်ပုံကို ပြသည်။ နောက်ဆုံး ပဋိသန္ဓေ ဝိညာဏ်ကြောင့် နာမ်ရုပ် ပေါ်ပုံအထိ နောက်ဆုတ်ပြီး ပြသည်။ [နာ–၁၈၈] ဝိညာဏ်သည်လည်း သင်္ခါရကြောင့် ဖြစ်ရသည် ဆိုပြန်တော့ ဝိညာဏ်လည်း ဒုက္ခသစ္စာ ဖြစ်တော့သည်။ အတိတ်ဘဝ ပဋိစ္စသမုပ္ပါဒ်က နှစ်ခု၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်က ရှစ်ခု၊ တရားနာနေတုန်း တရားအားထုတ်နေတုန်း ဆိုလျှင် ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်က ငါးမျိုးပဲပေါ်သည်။ တဏှာ၊ ဥပါဒါန်၊ ကံ ပြတ်သည်။ [နာ–၁၉၁] တရားရှာရင်း မဂ္ဂင်ညပ်နေ၍ ဤသို့ ပြတ်ခြင်း ဖြစ်သည်။

အနာဂတ် အကြောင်း သုံးခုရှေ့နားက မဂ်ဝင်မှ အကြောင်း ပြတ်သည်။ နည်းလမ်း မမှန်ဘဲ လုပ်နေကြလျှင် လုပ်သာ လုပ်ရ ခရီးက မပေါက်ဘူးဟု မိန့်ထားသည်။ [နာ–၁၉၇] ပဋိစ္စသမုပ္ပါဒ်ကို ပြောင်းပြန်သိလျှင် ဒုက္ခသစ္စာကို သိသည်။ အစဉ်လိုက် သိလျှင် သမုဒယသစ္စာကို သိကြောင်း ဖော်ပြထားသည်။ [နာ–၁၉၇] ထို့နောက်မှ ပဋိစ္စသမုပ္ပါဒ်ကို ပြောင်းပြန် သွားပြန်သည်။ ဝေဒနာနှင့် တဏှာကြား၏ မှာ မဂ်ဝင်နိုင်လျှင် တဏှာ၊ ဥပါဒါန်၊ ကံတွေ ပြတ်သည်။ မဂ္ဂသစ္စာ ဝမ်းထဲ ရောက်သည်။ ဖြစ်ပျက်ကို မြင်အောင် အားထုတ်သော ပုဂ္ဂိုလ်မှာ မဂ် ဝင်သည်။ [နာ–၂၀၁] မဂ်ဝင်လာလျှင် တဏှာက စပြီး ဥပါဒါန်၊ ကံ ချုပ်သည်။ သမုဒယသစ္စာ ချုပ်တော့သည်။ ဇာတိက နိဗ္ဗာန်ကို ရပြီဟု ဆိုသည်။ နိဗ္ဗာန်ကို ရှာချင်လျှင်

ခန္ဓာကိုယ်ထဲမှာ ရှာရမည်။ ပစ္စုပ္ပန် ခန္ဓာထဲမှာ နိဗ္ဗာန် ကို ရှာရမည်။ သံယုတ်ပါဠိတော်မှာ ရောဟိတ နတ်သားကို တစ်လံမျှသော ခန္ဓာထဲမှာ နိဗ္ဗာန်ကို ရှာရမည်ဟု ဟောကြောင်း အကိုးအကားဖြင့် ပြသည်။ [နာ–၂၀၂] နိဗ္ဗာန်ကို ခန္ဓာမှာ မရှာဘဲ တခြားမှာ သွားရှာလျှင် အရှာလွဲသည်။ ဘယ်တော့မှ တွေ့မည် မဟုတ်ကြောင်း ဟောသည်။ [နာ–၂၁၀] နိဗ္ဗာန်သည် ရှာယူရသော ပစ္စည်း မဟုတ်ပါ။ ခန္ဓာကိုသာ ဖြစ်ပျက်ရှု၊ အားထုတ်မှု မှန်လျှင် သူ့အလိုလို ဘာသာ ပေါ်လာလိမ့်မည်။ အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

၅။ ဝေဒနာသတ်တရား

[ ၁၄–၈–၅၈ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

ပဋိစ္စသမုပ္ပါဒ်ထဲမှာ ကာလ သုံးပါးရှိသည်ဟု မှတ်ထားပါ ဆိုပြီး ဤတရားကို စတင် ဟောကြားတော်မူသည်။ ထို့နောက် ဇရာ၊ မရဏ ကွက်ကို ထောက်ပြပြီး ဇရာ မရဏဆိုတာ အိုမှုတေဇောနှင့် သေမှုတေဇောပဲဟု မှတ်ပါ ဆိုသည်။ ထို ဇရာ မရဏသည် နှိပ်စက်တတ်သောကြောင့် ဒုက္ခသစ္စာဟု ဆိုရသည်။ [နာ–၂၁၁] သစ္စာကို ဉာဏ်ထဲ ဆိုက်အောင် ရှုပါဟု တိုက်တွန်းပြန်သည်။ ခန္ဓာကိုယ်ကို တေဇောလောင်နေသည်။ ထို တေဇော (ပူနွေးမှု) သည် ပုဂ္ဂိုလ် သတ္တဝါမရွေးကို နှိပ်စက်တတ်သည်။ သေအောင်လည်း သတ်တတ်သည်။ ဒါကြောင့် ဒုက္ခသစ္စာဟု မှတ်ရမည်။ ဤ ဒုက္ခသစ္စာ ဖြစ်ရခြင်းအကြောင်း လက်သည်ကို ရှာလျှင် သမုဒယ သစ္စာ ဖြစ်သည်။ ဇရာ မရဏ ဘယ်က လာသလဲ၊ ဇာတိက လာသည်။ ဤတွင် ဇာတိက အကြောင်း သမုဒယ သစ္စာ ဖြစ်သည်။ [နာ–၂၁၆] ဇရာ မရဏက အကျိုး ဒုက္ခသစ္စာ ဖြစ်သည်။

ဇာတိသည် ဒုက္ခသစ္စာ ဖြစ်ခြင်းအကြောင်း၊ ဇရာ မရဏ၏ အကြောင်း ဖြစ်ခြင်းကြောင့် ဘယ်ဇာတိမှ မကြိုက်ပါနှင့်ဟု ဆရာတော်က သတိပေးသည်။ ဘယ် ပဋိသန္ဓေမှ မကြိုက်ပါနှင့်ဟု ဆိုသည်။ ရှေ့က တရားမှာ ဟောခဲ့သည့် အတိုင်း ပဋိစ္စသမုပ္ပါဒ်ကို နောက်ပြန် သွားပြသည်။ ကမ္မဘဝကြောင့် ဇာတိ၊ ဥပါဒါန်ကြောင့် ကမ္မဘဝ၊ တဏှာကြောင့် ဥပါဒါန်၊ ကမ္မဘဝအကြောင်း ရောက်တော့ ပြုသင့်သော ကုသိုလ်ကံနှင့် မပြုသင့်သော ကုသိုလ်ကံကို ခွဲဟောသည်။

ဇာတိ ဖြစ်မည့် ကုသိုလ်ကံကို မပြုသင့်၊ ဇာတိ မဖြစ်သော ကုသိုလ်ကံကို ရဲရဲ တင်းတင်းလုပ်ပါဟု ဆိုသည်။ [နှာ–၂၂၁]

ထို့နောက် ဝေဒနာကြောင့် တဏှာ ဖြစ်ပုံကို ပြသည်။ ဝေဒနာကို ဖြစ်ပျက် ရှုရမည်ဟုလည်း ပြသည်။ ဝေဒနာနှင့် တဏှာကြားမှာ ဘုရားပွင့်သည်ဆိုသော စကားကို ဟောနေကျ ထပ်ဟောသည်။ [နှာ–၂၂၆] ဝေဒနာကို ဖြစ်ပျက်ရှု၍ တဏှာ သေလျှင် ဥပါဒါန်၊ ကံ အားလုံး သေသည်။ ဇာတိလည်း နိရောဓ ဖြစ်တော့သည်။ ထို့နောက် သဗ္ဗညု ဘုရားနှင့် ဉာဏ်ဘုရားကို ခွဲခြား ပြသည်။ ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ် ပွင့်တာက သဗ္ဗညု ဘုရား၊ ဝေဒနာနှင့် တဏှာ ကြားမှာ ပွင့်တာက ဉာဏ် ဘုရား ဖြစ်သည် ဆို၏။ [နှာ–၂၂၉]

ထို့နောက် သောတာပန် ဖြစ်ချင်လျှင် ဝေဒနာကိုသာ ဖြစ်ပျက်ရှုပါ ဆိုသည်။ ဝေဒနာ နုပဿနာ ရှုပုံကို ဆက်ဟောသည်။ ဝေဒနာ နုပဿနာဆိုတာ ဝေဒနာကို ရှုတာ မဟုတ်၊ ဝေဒနာ၏ ပျက်မှုကို ရှုတာဟု ခွဲပြသည်။ [နှာ–၂၃၁] ဝေဒနာ ရှိတာကို သိမှ ဝေဒနာ ပျက်တာကို သိမြင်နိုင်သည်။ ဝေဒနာ ရှိတာကို သိတာက နာမ်ပရိစ္ဆေဒဉာဏ် ဖြစ်ကြောင်း ဟောသည်။

ထို့နောက် ဝေဒနာကို ကျော်ပြီး အနိစ္စ (အပျက်) ကို မြင်အောင် ရှုဖို့ ဟောသည်။ အပျက်မြင်မှ မဂ် ဖြစ်သည်ဟုလည်း ဆိုသည်။ [နှာ–၂၃၂] အပျက်က ဒုက္ခသစ္စာ၊ မြင်အောင် ကြည့်တာက မဂ္ဂသစ္စာ ဖြစ်သည်။ ဝေဒနာ နောက်က မဂ်လိုက်လျှင် တဏှာ မလာနိုင်တော့ပါ။ ဝေဒနာ ချုပ်တာကို မြင်မှ မဂ်ဝင်သည်။ ဝေဒနာ ချုပ်တာကို မမြင်သေးဘဲနှင့် မဂ် မပေါ်ပါ။ [နှာ–၂၃၇] တဏှာ နိရောဓ ဆိုတာ မဂ်ပေါ်တာ ဖြစ်သည်။ [နှာ–၂၃၈] မဂ်ပေါ်တာကို တဏှာ ချုပ်သည်ဟု ဆိုခြင်း ဖြစ်သည်။ ထို့နောက် ဗုဒ္ဓဝေနေယျ ကုန်ပြီဖြစ်ကြောင်း၊ သာဝက ဝေနေယျပဲ ကျန်နေကြောင်း၊ ယခုလို ဆရာကောင်း တွေ့နေချိန်မှာ လသာတုန်း ဗိုင်းငင်ပါဟု သတိပေး စကား ဆိုသည်။ [နှာ–၂၄၃] ဤတွင် ကံကောင်း ဉာဏ်ကောင်း အချိန်တွေကို တဏှာခိုင်းတာ လုပ်ရင်း ကုန်ခံခဲ့ပြီ။ ယခု ဆရာသမားထံ ရောက်တော့ ကံမွဲ ဉာဏ်မွဲ သေမွန်းချိန် ဖြစ်နေကြပြီဟု ဆိုသည်။ [နှာ–၂၄၉]

ကံမွဲချိန်၊ ဉာဏ်မွဲချိန်ကျမှ လောကုတ္တရာ ထွက်ရပ်လမ်းပညာကို ရှာကြ သည်မှာ မကောင်းကြောင်း ဟောသည်။ အချိန် အလွဲသုံးစား လုပ်ခြင်း ဖြစ်သည်ဟု ဆိုသည်။ ဝေဒနာသည် ဖဿက လာသည်။ ဖဿသည် သဠာယတနက လာသည်။ သဠာယတနသည် နာမ်ရုပ်၊ နာမ်ရုပ်သည် ဝိညာဏ်၊ ဝိညာဏ်သည် သင်္ခါရ၊

သခါရသည် အဝိဇ္ဇာကြောင့် ဖြစ်လာရပုံ၊ ပဋိစ္စသမုပ္ပာဒ်ကို နောက်ပြန်သွားပြသည်။ [နှာ–၂၅၃] လူတွေ ပဋိစ္စသမုပ္ပာဒ် လမ်းအတိုင်း နေတိုင်း ဇာတိချောက်ရှိရာဘက်ကိုသာ ပြေးနေကြပုံကို ပေါ်အောင် ဖော်ပြသည်။ ခန္ဓာဖြစ်စဉ်ကို မသိ၍ ပြေးနေကြောင်း ဟောသည်။ [နှာ–၂၅၈] ဝိညာဏ်အစ ကံအဆုံး ပစ္စုပ္ပန် ဘဝ တစ်လျှောက်လုံး ပြေးနေသည်။ ပစ္စုပ္ပန်ဘဝမှာ အနာဂတ် အကျိုးပေးမည့် အကြောင်းတွေ (တဏှာ၊ ဥပါဒါန်၊ ကံတွေ) ကို လုပ်နေကြသည်။ အကြောင်းလုပ်တော့ အကျိုး မပေါ်ဘဲ မနေပါ။ အကျိုးကို မယူချင်ပါဆို၍ မရတော့ကြောင်း ဟောရင်း အချိန်စေ့၍ တရား နားသည်။

*

## ၆။ အဝိဇ္ဇာ ပုံးမှ ငါးချက် (၁)

[ ၁၉–၆–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

အဝိဇ္ဇာဆိုတာ သစ္စာကို မသိတာဟု မှတ်ထား ဆိုပြီး အစချီကာ ဤတရားကို ဟောတော်မူသည်။ မသိ ကောင်းတာကို သိပြီး သိကောင်းတာကို မသိတာသည်လည်း အဝိဇ္ဇာပင် ဖြစ်၏။ အဝိဇ္ဇာ၏ အရုပ်ဆိုးပုံကို ပြောသည်။ ငါးတွေ အများကြီး ဖမ်းမိအောင် ခေတ်မီပိုက်တွေနှင့် ဖမ်းနည်းသစ်တွေ တီထွင် လုပ်ကိုင်နေကြတာ၊ အနောက်နိုင်ငံသားများ လူတွေကို အစုလိုက် အပြုံလိုက် သေစေသော အနုမြူလက်နက်တွေ၊ ဓာတုလက်နက်ဆန်းတွေကို တီထွင်နိုင်ကြတာ၊ အသုံးချနိုင်ကြတာသည် မသိကောင်းတာတွေကို သိနေကြခြင်း ဖြစ်ပုံကို ဟောသည်။ [နှာ–၂၆၂]

လောကဓာတ် သိပ္ပံပညာတွေ တိုးတက် ဖြစ်ထွန်းလာတာသည် အဝိဇ္ဇာတွေ ထက်မြက်လာတာဟု ဆရာတော် ရှုမြင်သည်။ သစ္စာကိုတော့ ထိုအဝိဇ္ဇာသမားများ မသိကြပုံကို ပြသည်။ [နှာ–၂၆၄] အဝိဇ္ဇာက စွမ်းရည်သတ္တိ ကြီးသည်။ မိစ္ဆာဉာဏ်ဟု မှတ်ပါ ဆိုသည်။ ခု မိုးကုတ် ကျောက် အရောင်းအဝယ် လုပ်ကြရာမှာလည်း ကျောက်တုတွေ မိစ္ဆာဉာဏ်ဖြင့် ဖန်တီးကြတာကို ပယောဂဝင်ပြီး လုပ်ကြတာဟု ဆရာတော်က ဆိုသည်။ မိစ္ဆာဉာဏ်တွေ မသိကောင်းတာတွေကို ဉာဏ်ကွန့်ကြတာ၊ မိစ္ဆာဉာဏ်ချည်းပဲဟု ဆိုသည်။ အဝိဇ္ဇာ ထက်သန်လျှင် မိစ္ဆာဉာဏ်တွေ ထွန်းကားလာသည်ဟု ဆရာတော်က ဆိုသည်။ 'အဝိန္ဒိယံ ဝိန္ဒတိ ဝိန္ဒိယံ နဝိန္ဒတိ ကိ အဝိဇ္ဇာ'

ဟု ဆိုသည်။ [နှာ–၂၆၆] မသိကောင်းတာကို သိတာ၊ သိကောင်းတာကို မသိတာ အဝိဇ္ဇာ ဖြစ်သည်။ လောကမှာ လူလည်ဆိုတာ မသိကောင်းတာ သိသူပဲဟု ဆိုသည်။

ယခုအခါ အဝိဇ္ဇာသမားတွေ ချီးမွမ်းခံနေရကြောင်း ဆရာတော် မီးမောင်းထိုးပြသည်။ အဝိဇ္ဇာသည် မုဆိုး မွေးထားသဖြင့် ယဉ်ပါးနေသော တောသမင်မနှင့် တူသည်ဟု ဆိုသည်။ [နှာ–၂၆၇] မုဆိုးက သေမင်း၊ သမင်မက အဝိဇ္ဇာ၊ မုဆိုးမွေးထားသော သမင်မက တောထဲနေသော သမင်တွေကို မုဆိုးရှိရာသို့ ဖြားယောင်းပြီး ခေါ်ပေးသည်။ ခေါ်ပေးတော့ မုဆိုးက သားသမင်တွေကို လွယ်လွယ်ကူကူ သတ်ဖြတ်နိုင်သည်။ အဝိဇ္ဇာက အောင်းသမင်မ (တယ်သမင်မ)။ သင်္ခါရက ကျော့ကွင်း သမင်မ (အဝိဇ္ဇာက) ကျော့ကွင်းထဲ တိုးမိအောင် လုပ်ပေးသည်။ ဇရာ မရဏက မုဆိုး၊ ကုသိုလ် အကုသိုလ်က ကျော့ကွင်း နှစ်ခု။ ကုသိုလ် သင်္ခါရ လုပ်လည်း ခန္ဓာရပြီး သေပွဲ ဝင်သည်။ အကုသိုလ် သင်္ခါရ လုပ်လည်း ခန္ဓာရပြီး သေပွဲ ဝင်တာပဲ။ မူလ ပဏ္ဏာသထဲက ထုတ်ပြီး ဟောတာဟု ဆိုသည်။ [နှာ–၂၆၈]

ပုထုဇဉ်တွေ ကုသိုလ်တော့ လုပ်ကြပါ၏။ မလုပ်တတ်တော့ ကျော့ကွင်း မိရသည်ဟု ဆိုသည်။ [နှာ–၂၇၄] ကျော့ကွင်းမိပြီး အချိန်မရွေး အသတ်ခံရမည့် ဘေးရှိနေသော သတ္တဝါ အဖို့ ကံကောင်းသည်ဆိုတာ မရှိနိုင်ပါ။ ဝက်ခြံထဲက ဝက် ဟင်းချေးတက်လျှင် အသတ်ခံရမည်။ သို့သော် ထမင်းရည်အိုး လာချလျှင် တအီအီနှင့် ပျော်ပျော်ရွှင်ရွှင် တိုးဝှေ့ပြီး စားကြ သောက်ကြသည်မှာ သစ္စာဉာဏ် မရှိ၍ မဖြစ်ပုံကို ပြသည်။ [နှာ–၂၇၉] ကိုယ့် တိုက်၊ ကိုယ့်ကား၊ ကိုယ့်စိန်၊ ကိုယ့်ရွှေ၊ ကိုယ့်ကျောက်ကလေးနှင့် ပျော်နေတာလည်း ဝက်စာအိုး ကျပြီး လာချသောအခါ ဝက်ခြံထဲက ဝက်တွေ ပျော်နေပုံနှင့် တူသည်ဟု ပုံခိုင်းပြသည်။ [နှာ–၂၈၀] မသိ ပျော် ပျော်သည်ဟု ဆိုသည်။

အဝိဇ္ဇာသည် အမှောင်ဓာတ် ဖြစ်သည်။ အမှောင်က ငါးမျိုး ဖြစ်သည်။ တစ်နံပါတ် အဝိဇ္ဇာက ကံ ကံ၏ အကျိုးကိုတောင် မသိအောင် ဖုံးထားသော အဝိဇ္ဇာ ဖြစ်သည်။ နှစ် နံပါတ် အဝိဇ္ဇာက နာမ် ရုပ်ကို မသိအောင် ဖုံးထားသော အဝိဇ္ဇာ ဖြစ်သည်။ သုံးနံပါတ် အဝိဇ္ဇာသည် ပဋိစ္စသမုပ္ပာဒ် အကြောင်း အကျိုးကို မသိအောင် ဖုံးထားသော အဝိဇ္ဇာ ဖြစ်သည်။ လေးနံပါတ် အဝိဇ္ဇာသည် ဖြစ်ပျက်ကို မမြင်အောင် ဖုံးထားသော အဝိဇ္ဇာ ဖြစ်သည်။ ငါးနံပါတ် အဝိဇ္ဇာမှာ ဖြစ်ပျက်

အဆုံး နိဗ္ဗာန်ကို မမြင်အောင် ဖုံးထားသော အဝိဇ္ဇာ ဖြစ်သည်။ အလင်း ငါးချက်ကို အမှောင် ငါးချက်က ဖုံးနေသည်။ သုတ္တနိပါတ် ပါဠိတော်မှာ လာသည် ဆို၏။ [နှာ-၂၉၃]

ကမ္မသကတဉာဏ်ကို မယုံသော တောဒေယျပုဏ္ဏား အကြောင်းကို ဆက်ဟောသည်။ [နှာ-၂၉၉] သူက ပေးကမ်းလျှင် ပစ္စည်း ကုန်သည်။ စုမှ ဆောင်းမှ တိုးပွားသည်ဟု ယုံကြည်သည်။ ကံ ကံ၏ အကျိုးကိုတောင် သူ မသိပါ။ အဝိဇ္ဇာ ငါးချက် ဖုံးကွယ်နေသည်။ သူ သေတော့ သူ့သား အိမ်အောက်မှာ ခွေး ဖြစ်သည်။ သူ့ အဝိဇ္ဇာက သိကောင်းတာကို မသိပါ။ မသိကောင်းတာတော့ သိနေသည်။ ဘုရားက သူ့သားအိမ်ဘက် ဆွမ်းခံကြွတော့ ခွေးဖြစ်သော တောဒေယျက ဟောင်သည်။ ဘုရားက တောဒေယျကို စကားပြောပြီး ဆုံးမသည်။ သူ့သား သုဘကို ကျွတ်စေချင်၍ ဖြစ်၏။ ခွေးကို ဘုရားက တောဒေယျ ခေါ်ပြီး စကား ပြောသွားတာကို သုဘက ကြားတော့ ဒေါသဖြစ်ပြီး ကျောင်းကို လိုက်သွားသည်။ ဘုရားအား မေးသည်။ ဘုရားက ဒီခွေးသည် မင်းအဖေက ဖြစ်လာသော ခွေးဟု ပြောသည်။ မယုံလျှင် ဒီခွေးကို နို့ထမင်း ချက်ကျွေးပြီး သူ အိပ်ချင်လာတော့ ကျောသပ်ပြီးမေး၊ ရွှေထည်ပစ္စည်းတွေ ဘယ်မှာ ထားခဲ့သလဲမေး၊ သူ ပြောလိမ့်မည် ဟု မိန့်တော်မူသည်။

ထို့နောက် နှစ်နံပါတ် အဝိဇ္ဇာကို ခွာရန် ဟောသည်။ [နှာ-၃၀၈] ရုပ်နာမ်ကို ငါ လုပ်နေခြင်းသည် နှစ်နံပါတ် အဝိဇ္ဇာ ဖြစ်သည်။ ရုပ်နာမ်ကို အဝိဇ္ဇာ ဖုံးနေသည်။ မသိသော အဝိဇ္ဇာက ရုပ်နာမ်ကို ငါ လုပ်သည်။ မိမိ သန္တာန်မှာ အလင်းရအောင် ဖြစ်ပျက်ကလေး မြင်အောင် လုပ်ကြစမ်းပါ။ ဖြစ်ပျက်ကလေး မုန်းအောင် လုပ်ကြစမ်းပါ၊ ဖြစ်ပျက်ကလေး ဆုံးအောင် လုပ်ကြစမ်းပါ၊ အိမ်မှာ နေရင်း လုပ်ကြပါဟု ဆရာတော်က တိုက်တွန်းထားသည်။ ငါ့ ကိုယ်၊ ငါ့ ဟာ၊ ငါ့ ဥစ္စာ လုပ်နေကြတာသည် နှစ်နံပါတ် အဝိဇ္ဇာ မကွာသေး၍ ဖြစ်သည်ဟု ဆို၏။ [နှာ-၃၁၁] နှစ်နံပါတ် အဝိဇ္ဇာသည် ခွာရ ခက်သည်။ [နှာ-၃၁၂] ရုပ်နာမ်ကို မသိလျှင် ငါဆိုသောဒိဋ္ဌိ မကွာပါ။ မကွာလျှင် သားဒိဋ္ဌိ၊ သမီးဒိဋ္ဌိက လာပြန်သည်။ ငါရှိသည် ထင်တော့ ငါ့သား ငါ့သမီး ငါ့ပစ္စည်း ရှိသည်ဟု ထင်ပြန်သည်။ ထို့နောက် ရုပ်နာမ် သဘောကို ရှင်းပြသည်။ ရုပ်နာမ်သိမှ နှစ်နံပါတ် အဝိဇ္ဇာ ကွာသည်၊ ကမ္မသကတဉာဏ် အလင်းလည်း ရ၊ နာမရူပဉာဏ် အလင်းလည်း

ရလျှင် အဝိဇ္ဇာ နှစ်ချက် ကွာသည်။ [နာ–၃၁၆] ဤတရားတွင် အဝိဇ္ဇာ ဖုံးချက် ၅ ချက်မှ ပထမ ၂ ချက်ကိုသာ ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၇။ အဝိဇ္ဇာ ဖုံးမှု ငါးချက် (၂)

[ ၂၀–၆–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ဇရာ မရဏဆိုတာ သတ္တဝါဆိုတဲ့ ခန္ဓာရသော ပုဂ္ဂိုလ်တွေကို အိုအောင် လုပ်သော တရား၊ သေအောင် လုပ်သောတရား တရားဆိုးနှစ်ပါး ဖြစ်ကြောင်း အစချီပြီး ဤတရားကို ဟောပါသည်။ သံသရာ တစ်လျှောက်လုံး သတ္တဝါတွေ လူကောင်း နတ်ကောင်းတွေ ဖြစ်အောင် အမျိုးမျိုး ကြိုးစားခဲ့သော်လည်း ဇရာ မရဏ၏ စားဖတ် ဝါးဖတ်ပဲ ဖြစ်ခဲ့ရသည်။ ကိုယ့်အတွက်တော့ ဘာမှ ကျေးဇူး မရှိဘူး၊ ဇရာမရဏမှာပဲ ကျေးဇူး များခဲ့သည်။ ရချင်တဲ့ ခန္ဓာ ရပစေ၊ တောင်းချင်တဲ့ ခန္ဓာ တောင်းပစေ၊ ဇရာ မရဏ၏ စားဖတ် ဝါးဖတ်ချည်းပဲ ဖြစ်သည်။ ဇရာ မရဏ မီးနှစ်ပုံထဲက သက်ဆင်းရသော ထင်းချည်းပဲ ဖြစ်ခဲ့ကြရသည်။ [နာ–၃၁၈] တစ်သံသရာလုံး ဘာ့အလုပ်တွေ လုပ်ခဲ့ရသလဲ မေးလျှင် ဇရာ မရဏကို ခန္ဓာအဖြစ် အခွန် ဆက်သော အလုပ်ချည်း လုပ်ခဲ့ရသည်။ တစ်သံသရာလုံး မီးစာ ဖြစ်ခဲ့ရသည်။ ခန္ဓာဆိုတာ တခြား ဘာမှ မဟုတ်ပါ။ ထင်းပဲ ဖြစ်သည်။ တစ်သံသရာ လုံးမှာ ဤ ဇရာ မရဏ မီးပုံထဲ ဆင်းရသော ထင်းဘဝ လွတ်မြောက်ဖို့ တစ်ခါမှ အကြံမရခဲ့ကြပါ။ ဇရာ မရဏက ဒုက္ခပေးလေသမျှ အကြံကြီး ကြံခဲ့ရသော်လည်း အဝိဇ္ဇာက ဖုံးထားသဖြင့် မသိဘဲသာ အချိန်တွေ ကုန်ခဲ့ကြရလေသည်။ တစ်သံသရာ လုံးမှာ ခန္ဓာကို ခင်မင် ယုယ ပြုပြင်ကြ ကျွေးကြ မွေးကြ ဆင်ကြ သကြရလေ သမျှ ထင်း မီးစာ ဖြစ်ဖို့ကလွဲပြီး ဘာမှ အဓိပ္ပာယ် တခြား မရှိခဲ့ပါဘူးဟု ဆိုသည်။ [နာ–၃၂၀] သံသရာတစ်လျှောက်လုံး ဘာကောင်ကြီး ဖြစ်ခဲ့ ဖြစ်ခဲ့ နောက်ဆုံး ဇရာ မရဏ မီးပုံကြီးပဲ ဦးတိုက်ခဲ့ကြရသည်။ လွတ်မြောက်ရေးတော့ အတွေး မပေါ်ခဲ့ကြဟု ဝေဖန်ပြသည်။ [နာ–၃၂၄] ဇရာ မရဏ လွတ်ရေး အတွေးတောင် မပေါ်ဖူးဘူးဆိုတော့ နိဗ္ဗာန်ဆိုတာ ကြားတောင် မကြားဖူးခဲ့ကြဘူးဟု မိန့်ဆိုသည်။

ပုထုဇဉ် ခန္ဓာထဲမှာ မသိလုံး အဝိဇ္ဇာကလေးက အနုသယ သဘောဖြင့် အမြဲ ရှိနေသည် ဆို၏။ [နာ–၃၂၅] အဝိဇ္ဇာကြောင့် သင်္ခါရတွေ လုပ်သဖြင့် ခန္ဓာ ငါးပါး ထင်းကြီး ပေါ်လာသည်။ ပေါ်လာပြီးလည်း ကောင်းကောင်း မနေဘဲ

ငါ့ကို ဝအောင်ပေး၊ ငါ့ကို လှအောင်ဆေးဆိုပြီး အမျိုးမျိုး နိုင်းနေ တောင်းနေတော့ သည်။ [နှာ-၃၂၇] သူ့ကို ကျန်းမာအောင် ဂရုစိုက်ပါဆိုပြီး အမျိုးမျိုး ဆေးဖြင့် ကုသ ပြုပြင်နိုင်းသည်။ ပြီးတော့ နောက်ဆုံးမှာ ဇရာ မရဏ မီးပုံထဲပဲ ဦးတိုက်ပြီး ခုန်ဆင်းသည်။ သံသရာ တစ်လျှောက်လုံးမှာ မသိသော အဝိဇ္ဇာက မသိအောင် လုပ်ထားတော့ သင်္ခါရက ပြုချင်ရာ ပြုသည်။ ပြုပြင်လိုက်တော့ ဝိညာဏ် နာမ်ရုပ် ခန္ဓာ ငါးပါး ပေါ်ရတော့သည်။ ခန္ဓာပေါ်တော့ ထင်းမီးစာ ဖြစ်ရပြန်သည်။ ထင်း မီးစာ ဖြစ်ခဲ့ရသော အကြိမ်ပေါင်းမှာလည်း မရေမတွက်နိုင်အောင်ပင် များလှသည်။ ဆရာသမားက မအိုရာ၊ မသေရာ နိဗ္ဗာန်ဆိုတာ ရှိသည်ဟု ပြောပြ ဟောပြနေပါ သည်။ သို့သော် ဒကာ ဒကာမတွေက အသွားတတ်ဦးမှ ဖြစ်သည်။ အသွား မတတ်တော့ မီးပုံထဲပဲ ပြန်ပြီး ခုန်ဆင်းကြရတော့သည်။ ဇရာ မရဏက သဗ္ဗညုတ ဉာဏ်တော် တည်ရာ ဗုဒ္ဓမြတ်စွာဘုရား၏ ခန္ဓာကိုတောင် အလွတ်မပေး လောင်ကျွမ်းစေသည်။ [နှာ-၃၂၈]

ထို့နောက် ဇရာ မရဏ ကင်းလွတ်ရေး တရားကို အားထုတ်ဖို့ စိတ်ကူးရတာ တောင် ဟိုအရေး သည်အရေး အကြောင်းပြပြီး မလုပ်ဖြစ်ဘဲ အချိန်ကုန်နေကြရပုံ ကို ဉာဏ်ညွှန့်တုံးအောင် လုပ်နေကြတာဟု ဝေဖန်ပြသည်။ [နှာ-၃၃၅] ရည်ရွယ် ချက် ကောင်းသော်လည်း အဝိဇ္ဇာကို မလှန်နိုင်ဘူးဟု ဆိုသည်။ အဝိဇ္ဇာ ဖုံးနေသော ကြောင့် ဉာဏ်ညွှန့်တုံးရသည်။ ဉာဏ်သည် ဣန္ဒြေ မထိုက်တော့ဘူးဟု ဆိုသည်။ [နှာ-၃၃၇] ဉာဏ်ညွှန့်ဆိုတာ ဇရာ မရဏ ရှောင်မည်ဆိုသော စိတ်ကူး ဖြစ်သည်။ ထို့နောက် ဆရာသမားနှင့် တွေ့ခွင့် ကြုံတုန်းမှာ ဉာဏ်ညွှန့် ပေါက်ကြပါတော့ဟု တိုက်တွန်းသည်။ ဆရာတော်၏ ကရုဏာကြီးမားလှပုံ ပေါ်ပါသည်။ [နှာ-၃၄၂] တဏှာ နိုင်းတာ လုပ်နေသမျှ ပုထုဇဉ်မှာ ဘယ်တော့မှ အလုပ် ပြီးသည် မရှိနိုင် ကြောင်းကို ဟောသည်။ ဇရာ မရဏက ဒုက္ခသစ္စာ၊ ဉာဏ်ညွှန့်ပေါက်ပြီး ဒုက္ခသစ္စာ က လွတ်အောင် ရှန်းမည်ဆိုတာက မဂ္ဂသစ္စာ ဖြစ်သည်။ ဒုက္ခသစ္စာကို သစ္စာဉာဏ်နှင့် ပိုင်ပိုင်နိုင်နိုင်သိလျှင် ဇရာ မရဏလမ်းကို မသွားတော့ဘူးဟု ဆိုသည်။ [နှာ-၃၄၅]

ဇရာ မရဏ ချုပ်သောလမ်းကိုသာ သွားပေတော့မည်။ အဝိဇ္ဇာ ဒဏ်ချက်က ပြင်းလှသည်။ ဇရာ မရဏက ဘုရားကိုတောင် မရှောင်ဘူးဟု ဆိုသည်။ ပုထုဇဉ်ကို အဝိဇ္ဇာ ဖျာ ငါးချပ် အုပ်ထားသဖြင့် မြက်နှင့် တူသော ဉာဏ်ညွှန့် မပေါက်နိုင်တော့ ပါ။ ထို့နောက် အဝိဇ္ဇာ ငါးချက် ဖုံးထားကြောင်း ပြန်ကောက်ပြန်သည်။ [နှာ-

၃၄၉] နှစ် နံပါတ် အဝိဇ္ဇာက နာမရူပပရိစ္ဆေဒ ဉာဏ်ကို ဖုံးသည်။ သုံး နံပါတ် အဝိဇ္ဇာက ပစ္စယ ပရိဂ္ဂဟ ဉာဏ်ကို ဖုံးသည်။ လေးနံပါတ်က ဝိပဿနာဉာဏ်ကို ဖုံးသည်။ ငါး နံပါတ်က မဂ်ဉာဏ် (နိဗ္ဗာန် မြင်သောဉာဏ်) ကို ဖုံးသည်။

ထို့နောက် လှူခြင်း တန်းခြင်း အမှုကို ပြပြီး ကမ္မသကတဉာဏ်ပေါ်မှာ ဖုံးထားသော အဝိဇ္ဇာ ခွာပုံကို ပြသည်။ ဒါန အကျိုးပေးက လူ့ပြည် နတ်ပြည်မှာ ခန္ဓာဒုက္ခသစ္စာ ရပြန်သည်။ ဇရာ မရဏ မီးပုံမှ မလွတ်သေးပါ။ [နှာ-၃၅၁] မဂ်ဉာဏ် ပေါ်မှာက အဝိဇ္ဇာသည် ၄ ချက် ဖုံးနေသေးသည်။ ကမ္မသကတဉာဏ် လောက် ကလေးနှင့် မနေကြနှင့်၊ ရုပ်နာမ် သိသော ဉာဏ် လုပ်ပါဦးဟု ဆိုသည်။ နာမ်ရုပ်တွေ သိသောအခါ၌ ဒိဋ္ဌိ ပြုတ်သည်။ အသိနှင့် ပြုတ်ခြင်း ဖြစ်သည်။ ဝိပဿနာဉာဏ်ပေါ် ဖုံးသော နံပါတ်လေး အဝိဇ္ဇာကို မဖယ်နိုင်သေးသရွေ့ ဇရာ မရဏ လက်တွင်း ထင်းအဖြစ် ဆင်းရပေဦးမည်။ နာမ်ရုပ် သိရုံဖြင့်လည်း မပြီးသေး ပါ။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရက ကျန်သေးသည်။ [နှာ-၃၅၈]

ထို့နောက် သုံးနံပါတ် အဝိဇ္ဇာ အဖုံးကို ဖွင့်ပြသည်။ ရထားသော ခန္ဓာသည် ပဋိစ္စသမုပ္ပာဒ် ခန္ဓာမှန်း မသိအောင် အဝိဇ္ဇာက ဖုံးထားသည်။ ပဋိစ္စသမုပ္ပာဒ်ကို မသိလျှင် ဒိဋ္ဌိ လာသည်။ ငါမြင်၊ ငါကြား လာတော့သည်။ အကြောင်းအကျိုး ဖြစ်စဉ်ကို မသိအောင် ဖုံးထားတာသည် အဝိဇ္ဇာပင် ဖြစ်သည်။ အကြောင်းအကျိုး ဖြစ်စဉ်ကို သိမှ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပြုတ်သည်။ [နှာ-၃၆၂] သုံးနံပါတ် အဝိဇ္ဇာ ပြုတ်ချင်လျှင် ကိုယ့်သန္တာန် ပေါ်သော စိတ်တိုင်းကို သိသွားပါဟု ဆိုသည်။ ပေါ်တိုင်း သိသွားလျှင် သုံးနံပါတ် အဝိဇ္ဇာ ပြုတ်သည်ဟု အာမခံဖြင့် ဟောထား သည်။ [နှာ-၃၆၃] ထိုအချိန်တွင် စူဠ သောတာပန် ဖြစ်ပြီ ဆို၏။ မဟာသောတာပန် မဖြစ်သေးပါ။ မဟာသောတာပန် ဖြစ်ဖို့ အဝိဇ္ဇာ နှစ်ချက် ပယ်လှန်ရန် ကျန်သေး သည်။ စူဠ သောတာပန်က တစ်ဘဝ နှစ်ဘဝ အပါယ်မီးတော့ လွတ်သည်။ ဇရာ မရဏ မီးက မလွတ်သေးပါ။ ဒါကြောင့် စူဠ သောတာပန်လောက်နှင့် မတင်းတိမ်ကြပါနှင့်ဦးဟု ဆိုသည်။ ထို့နောက် ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို သိဖို့ အရေးကြီးကြောင်းကို ဟောသည်။ ထို့နောက် ကျန်သော အဝိဇ္ဇာနှစ်ခုကိုလည်း ပယ်လှန်ကြဦးမည် ဖြစ်ကြောင်း ဟောသည်။ အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၈။ အဝိဇ္ဇာ အဖုံး ငါးချက် (၃)

[ ၂၁–၆–၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

အဝိဇ္ဇာ၏ စွမ်းရည်သတ္တိ အင်မတန် ထက်သည်ဟု ပြောထားကြောင်းဖြင့် အစချီလျက် ဤတရားကို ဟောတော်မူသည်။ အဝိဇ္ဇာသည် ၃၁ ဘုံမှာ ခြယ်လှယ်နေသော တရား ဖြစ်သည်။ ၃၁ ဘုံဆိုတာ အလောင်းမြှုပ်ရာ သုသာန်တွေချည်း ဖြစ်သည်။ အဝိဇ္ဇာ၏ နယ် ကျယ်ဝန်းပုံကို ပဋိစ္စသမုပ္ပာဒ်ဖြင့် ပြသည်။ အဝိဇ္ဇာက စလိုက်လျှင် 'ဇာတိ ဇရာ၊ မရဏ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ' [နှာ–၃၇၃] ၃၁ ဘုံ ဘယ်ဘုံပဲဖြစ်ဖြစ် သချိုင်းမြေချည်းပဲ။ ဘုံဘဝ ကြိုက်စိတ်ပေါ်လျှင် မိုက်စိတ်ပေါ်ပြီသာမှတ်ဟု ဆိုသည်။ [နှာ–၃၈၁] ထိုပုဂ္ဂိုလ်သည် ဘုံဘဝ ချမ်းသာကို တောင့်တသည်။ နိဗ္ဗာန်မရမီ စပ်ကြား ဆင်းရဲနှင့် အမွဲချည်းဆို မခက်လားဟု စဉ်းစားတတ်သည်။ [နှာ–၃၈၂] အဝိဇ္ဇာဆိုသော မှဆိုးက ကာမ၊ ရူပ၊ အရူပဆိုသော ပိုက်ကွန် သုံးခုနှင့် ထောင်ထားသည်။ ကာမဘုံ ရောက်ချင်လျှင် ဤ ကာမ ပိုက်ကွန် မိတော့သည်။ ရူပဘုံကို ရောက်ချင်လျှင် ရူပ ပိုက်ကွန် မိတော့သည်။ သေခြင်းဆိုး သေရပေတော့မည်။ အကြောင်းအရာ တစ်ခုတည်းကို စကားပရိယာယ် အမျိုးမျိုးဖြင့် လှည့်ဟော နိုင်စွမ်းရှိလှသည်။ ဤတွင် အဝိဇ္ဇာကို ပိုက်ကွန်ဖြင့် နှိုင်းပြီး ဟောသည်။ အဝိဇ္ဇာ လက်အောက် လွတ်မြောက်အောင် တွန်းလှန်ကြရပေမည်။ သို့သော် လွယ်လွယ်နှင့် တွန်းလှန်နိုင်မည် မဟုတ်ပါ။ အမှောင် ငါးစင်းက အလင်း ငါးချက်ကို အုပ်ထားသည်။ လက္ခဏာအရေး သုံးပါးကို သိသော ဉာဏ်ကို လေးနံပါတ် အဝိဇ္ဇာ အုပ်ထားသည်။ နိဗ္ဗာန် မြင်သော မဂ်ဉာဏ်ကိုလည်း ငါးနံပါတ် အဝိဇ္ဇာက အုပ်ထားသည်။ အဝိဇ္ဇာ အမှောင် ငါးစင်းကို တစ်စင်းပြီးမှ တစ်စင်း ပယ်လှန်ရမည်။

ဖြစ်ပျက် ဒုက္ခသစ္စာကို အုပ်ထားသော အဝိဇ္ဇာ နံပါတ်လေးကို ပယ်လှန်ပြီးမှသာ မဂ်ဉာဏ်အပေါ်မှာ အုပ်နေသော အဝိဇ္ဇာအဖုံး နံပါတ်ငါးကို ပယ်ရမည်။ [နှာ–၃၉၁] ပဌမ အဝိဇ္ဇာကို ပယ်မှ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ ဖြစ်သည်။ မဂ်ဉာဏ်ကို ဆိုလိုသည်။ [*နှာ–၃၉၅*] ကမ္မသကတဉာဏ်ရလျှင် အဝိဇ္ဇာဖုံး တစ်ချက်ပဲ ပွင့်သေးသည်။ အဖုံး လေးချက် အုပ်နေသေးသည်။ နိဗ္ဗာန်ကို မရနိုင်သေးကြောင်း အထပ်ထပ် ဟောသည်။ [နှာ–၃၉၈]

ထို့နောက် နာမ်ရုပ်ပေါ် အုပ်နေသော အဝိဇ္ဇာကို ခွာပုံကို ဟောသည်။ ဒိဋ္ဌိခွာခြင်း ဖြစ်သည်။ ဒိဋ္ဌိ ခွာပြီးမှပင် အဝိဇ္ဇာဖုံးက သုံးချက် ရှိသေးသည်။

ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက် တရားကို သိပြီး တတိယ အဖုံးကို လှန်ရမည်။ ပဋိစ္စသမုပ္ပာဒ် ပေါ်တိုင်း ဒါ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ ကြောင်းကျိုး ဓမ္မ နိယာမ ဖြစ်စဉ်ဟု သိမြင်ရမည်။ ဒါမှ ဝိစိကိစ္ဆာ စင်သည်။ ဤသို့ ဝိစိကိစ္ဆာ စင်လျှင် အလင်း သုံးချက် ရပြီ။ [နှာ-၄၀၆] ဤအဆင့်တွင် စူဠသောတာပန် တည်သည်။ သို့သော် စိတ်မချရသေး၊ မတင်းတိမ်လောက်သေးဟု ဟောသည်။ [နှာ-၄၀၇] နောက်ထပ် ပယ်စရာ အဝိဇ္ဇာ အဖုံး နှစ်ချက် ကျန်သေးသည်။

ထို့နောက် လေးနံပါတ် အဝိဇ္ဇာခွာပုံကို ဟောသည်။ လေးနံပါတ် အဝိဇ္ဇာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အပေါ် ဖုံးသော အဝိဇ္ဇာ ဖြစ်သည်။ [နှာ-၄၁၁] ဤ အဝိဇ္ဇာသည် ဖြစ်ပျက်ကို ဖုံးသည်။ ဒါကြောင့် လေးနံပါတ် အဝိဇ္ဇာသည် ဖြစ်ပျက် မြင်မှ ကွာသည်။ [နှာ-၄၁၇] ယခု အဝိဇ္ဇာ အမှောင် လေးချက်ကွာပြီ၊ အလင်း လေးချက် ရပြီ။ ယနေ့ ကမ္မသကတဉာဏ်လည်း ရခဲ့ပြီ။ နာမရူပ ပရိစ္ဆေဒဉာဏ် လည်း ရပြီးပြီ။ ပစ္စယ ပရိဂ္ဂဟဉာဏ်လည်း ရပြီ။ ဥဒယဗ္ဗယ ဉာဏ်လည်း ရခဲ့ပြီးပြီ။ နောက် အမှောင် တစ်ချက်ပဲ ကျန်တော့သည်ဟု ဟောရင်း အချိန်စေ့၍ တရား နားသည်။

*

## ၉။ အဝိဇ္ဇာဖုံးမှု ငါးချက် (၄)

[ ၂၂-၆-၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော တရား ]

ဝိဇ္ဇာ ဥဒပါဒိဖြစ်မှ သောတာသတ္တိမဂ် ရတယ်လို့ မှတ်ရမည် အစချီလျက် ဤတရားကို ဟောပါသည်။ ဝိဇ္ဇာဥဒပါဒိဆိုသော ဝိဇ္ဇာသည် ဖြစ်ပေါ်လာ၏ဟု ဓမ္မစကြာမှ လာသည်။ ဝိဇ္ဇာဖြစ်ပြီဆိုလျှင် နိဗ္ဗာန်ကို မြင်ပြီဟု မှတ်ရမည် ဆို၏။ [နှာ-၄၂၀] ထိုသို့ ဝိဇ္ဇာ ဖြစ်ပေါ်လာဖို့ အရေးမှာ အဝိဇ္ဇာက ငါးထပ် ဖုံးအုပ်ထား ကြောင်း မသိလျှင် အဝိဇ္ဇာ အဖုံးများကို ခွာတတ်မည် မဟုတ်။ ဘယ်နှထပ် ခွာပြီးပြီ ဆိုတာကိုလည်း သိမှသာ နိဗ္ဗာန်ကို သူ့မှတ်တိုင်နှင့် သူ သွား၍ ခရီးပေါက် နိုင်မည် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တွေမှာ ကမ္မသကတဉာဏ် ရှိပြီးသား ဖြစ်၍ အဝိဇ္ဇာ အလုံးကို ခွာနေစရာ မလိုတော့ပါ။ ရုပ်နာမ်သဘောကို သိပြီး ဖြစ်လျှင် လည်း ခွာနေစရာ မလိုတော့ပါ။ ခန္ဓာ ဘယ်အချိန်ပေါ်ပေါ် ပဋိစ္စသမုပ္ပာဒ်တွေပါ လားဟု သုံးသပ်တတ်လျှင် အဝိဇ္ဇာ သုံးထပ် ကွာသွားပြီဟု ဆိုသည်။ [နှာ-

၄၂၂] ခန္ဓာကိုယ်ထဲ ကြည့်လိုက်လို့ ရုပ်နာမ် ဖြစ်ပျက် မြင်ပြီဆိုလျှင်လည်း အဝိဇ္ဇာ လေးထပ် ကွာသွားပြီ ဖြစ်သည်။ တရား အလုပ် လုပ်မည့် ပုဂ္ဂိုလ်ဖြစ်လျှင် ၁,၂,၃ အလုပ် လုပ်မနေနှင့်တော့၊ လေးနံပါတ်က စလုပ်ပါဟု ဆိုသည်။ [နှာ–၄၂၃] ဖြစ်ပျက်ကသာ စလုပ်ပါ ဆိုသည်။ လေးနံပါတ်က ကိုယ်တိုင် ခွာမှ ရသည်။ ဖြစ်ပျက်ကို အဝိဇ္ဇာ ဖုံးနေသဖြင့် ဖြစ်ပျက် မြင်အောင် ကိုယ်တိုင် ရှုရမည်။ လေးနံပါတ်ဉာဏ် ရင့်ကျက်ဖို့ အရေးကြီးသည်။ ဝါးနှစ်လုံးကို မီးပွတ်သလို ပွတ်ပြီး မီးထွက်လာအောင် ပွတ်ရမည်။ လေးနံပါတ်က မီးမထွက်မီ ပွတ်နေခြင်းနှင့် တူသည်။ ငါး နံပါတ်က မီးထွက်လာတာနှင့် တူသည်ဟု ဟောထားသည်။ [နှာ–၄၂၅] ဖြစ်ပျက်ကို မြင်လျှင် ရင့်အောင် လုပ်ပါဦး။ ဖြစ်သည်ထက်ပို၍ မြင်အောင် လုပ်ရပါမည်။ ပထမ ဖြစ်ပျက်မြင်သော ဉာဏ်ကို ပွားဖန်များလတ်သော် ထိုဉာဏ်သည် ဖြစ်ပျက်တွေကို စွန့်သွားလိမ့်မည်။ နောက် ထိုဉာဏ်သည် ဖြစ်ပျက်အဆုံး နိဗ္ဗာန်ဘက်သို့ ပြေးဝင်သွားလိမ့်မည်ဟု ဆိုသည်။ [နှာ–၄၂၉] ဉာဏ်က ဖြစ်ပျက် သစ္စာရကို စွန့်သွားပါသည်။ ဖြစ်ပျက်မြင်သည်ဆိုလျှင် လေးနံပါတ် အဝိဇ္ဇာကို ပယ်လှန်နိုင်ပြီ။

ထို့နောက် ဆရာတော်က အဝိဇ္ဇာကြားခိုလာတတ်ပုံကို ဆက်ဟောသည်။ ဖြစ်ပျက် မမြင်လျှင် အဝိဇ္ဇာ ကြားခိုသည်ဟု မှတ်ရမည်။ [နှာ–၄၃၂] ဖယ်ရှားနည်းမှာ အဝိဇ္ဇာ ကြားခိုလာ၍ ဖြစ်ပျက်တွေ မဖြစ်တော့ဘူးဆိုလျှင် သုံးနံပါတ် ပဋိစ္စသမုပ္ပါဒ်ကို ပြန်ကောက်ပါ။ အကြောင်းကြောင့် အကျိုး ဖြစ်လာတာ တွေ့ရတော့ ဖြစ်လာတာကလည်း ဖြစ်ပြီး ပျက်သွားပြန်တာ တွေ့ရမည်။ ထိုအခါ ဖြစ်ပျက် ပြန်ပေါ်လာတော့သည်။ လေးနံပါတ် အဝိဇ္ဇာ ဖုံးထားသဖြင့် ဖြစ်ပျက် မမြင်လျှင် သုံးနံပါတ် ပဋိစ္စသမုပ္ပါဒ်ကို မိအောင် ဖမ်းပါ။ နောက်တစ်လှမ်းဆုတ်ပြီး ဖမ်းပါဟု ဆိုသည်။ ပေါ်ဆဲ ပဋိစ္စသမုပ္ပါဒ်ကို ရှုရမည်။ ရှုချင်စိတ် ဖြစ်ပျက်၊ ထုတ်ချင်စိတ် ဖြစ်ပျက်ကို ပြန်ကောက်လိုက်ပါ။ ထိုအခါ ခုမှ ပေါ်ပြီးပျက်သော ရုပ်နာမ် ပဋိစ္စသမုပ္ပါဒ်ကို တွေ့မည်။ ထိုအခါ ဖြစ်ပျက်ကို ပြန်မြင်လာမည်။ လေးနံပါတ် အဝိဇ္ဇာ ကွာတော့သည်။

လေးနံပါတ် အဝိဇ္ဇာ ကွာပြီဆိုလျှင် ငါးနံပါတ် အဝိဇ္ဇာကို ဆက်ပြီး ခွာရပေတော့မည်။ တရား အလုပ် လုပ်ပြီး နာရီဝက်သာ ကြာပြီ၊ ဖြစ်ပျက်လည်း မဖြစ်ပါဘူးဆိုလျှင် သူ သုံးနံပါတ် မလိုက်ဘဲ လေးနံပါတ်ကို တက်လာသည်ဟု နားလည်ရမည်။ [နှာ–၄၄၀] သုံးနံပါတ်မှာ သူ ဒိဋ္ဌိ မပြုတ်ခဲ့ဘူးဟု ဆိုသည်။

ဤကား ဆုတ်၍တက်နည်း ဖြစ်သည်။ မင်္ဂဖိုလ်တားသော ဆင်ခြေတွေ ပေးလာတတ်သည်။ ပါရမီ မရှိဘူး။ ဖြစ်ပျက်တောင် မမြင်ဘူးဟု ပြောလိမ့်မည်။ ဆရာတော်က အလကား ပျင်းလို့ ပြောသော ဆင်ခြေဟု ဆိုသည်။ [နှာ-၄၄၂]

အဝိဇ္ဇာနှင့် တွဲ၍ ဝင်လာသော ကောသဇ္ဇ ဒေါသ အနုကလေးဟု ဆိုသည်။ ဖြစ်ပျက် တွေ့လျှင် ဖြစ်ပျက်က စပြီး ရှုပါ။ အလုပ် စထိုင်ပါဟု ဆိုသည်။ ဖြစ်ပျက်ကို မတွေ့ဘူးဆိုလျှင် ပေါ်ဆဲ ပဋိစ္စသမုပ္ပါဒ်ကို ပြန်ရှုဖို့ သေသေချာချာ တိုက်တွန်းထားသည်။ ဘာစိတ်ပေါ်ပေါ် ပေါ်သော စိတ်ကို မိအောင် ဖမ်းပြီး ရှုရန် ဖြစ်သည်။ ပေါ်လာသော စိတ်ကလေး ဖြစ်ပြီး ပျောက်သွားတာ တွေ့လိမ့်မည်။ ဒါဆို လေးနံပါတ် အဝိဇ္ဇာကိုပယ်ပြီး ဖြစ်ပျက်မြင်သော အဆင့်ကို ခုန်တက်သွားပြီ။ [နှာ-၄၄၆] ဆက်ပြီး ရှုနေလျှင် ဖြစ်ပျက်တွေ စိတ်လာလိမ့်မည်။ လေးနံပါတ် အဝိဇ္ဇာ ကွာလို့ ဖြစ်ပျက်တွေ စိတ်စိတ် မြင်လာတာဟု ဆိုသည်။ လေးနံပါတ်ကနေပြီး ငါးနံပါတ်ကို သွားမတက်ပါနဲ့ဟု သတိပေးထားသည်။ လေးနံပါတ် ဖြစ်ပျက် မြင်ပြီ။ ငါတော့ မဂ်ရတော့မှာပဲဆိုပြီး ဝမ်းမသာပါနဲ့ဦး။ အဝိဇ္ဇာ ပြန်ဝင်လာတတ်သည်ဟု ဆိုသည်။ ဖြစ်ပျက် ကျဲသွားပြန်ဦးမည်။ ဒီအချိန်မှာ တဏှာ မပယ်နိုင်သေးတော့ ဝင်လာဦးမည်။ ကိလေသာ ကြားခိုလာနိုင်သေးသည်။ မဂ်ရချင်သော စိတ်ကလေးကို နိကန္တိ (နှစ်သက်မှု တဏှာ) ဟု ခေါ်သည်။ တဏှာက အဝိဇ္ဇာနှင့် တွဲဝင်လာတတ်သည်။ ဖြစ်ပျက် စိတ်လာလျှင်လည်း ဖြစ်ပျက်ကိုသာ ဉာဏ်က လိုက်နေပါဟု ဆိုသည်။ ဘာမှ မတွေးပါနှင့်၊ သောတာပန်တည်တော့မှာပဲ နိဗ္ဗာန် ရတော့မှာပဲဆိုသော အတွေးတွေ မလာနှင့်၊ ဖြစ်ပျက်နှင့် သိသော မဂ်နှင့် ကိုက်နေလျှင် အချိန်ရသလောက်သာ နေလိုက်ပါဟု ဆိုသည်။ ဤနေရာသည် အောက်ကို ပြန်ဆင်းတတ်သော နေရာမို့ သတိပေးနေရသည်ဟု ဆိုသည်။ [နှာ-၄၅၁] ဖြစ်ပျက်မြင်သော အမြင် ရင့်ချင်သလောက် ရင့်ပါစေ၊ ဉာဏ်ရင့်ပါစေ၊ ဉာဏ်အမြင့် ရင့်လာပြီဆိုတော့ ဤဉာဏ်သည် ဖြစ်ပျက်ကို စွန့်လျက် နိဗ္ဗာန်ဘက်ကို ပြေးဝင်သွားပေလိမ့်မည်။ [နှာ-၄၅၃] နိဗ္ဗာန်ရဖို့ အရေးသည် ဓမ္မက သူ့ဘာသာ ကူးသည့် အရေးဖြစ်သည်။ မိမိတာဝန် မဟုတ်ပါ၊ ဉာဏ်၏တာဝန်သာ ဖြစ်ပါသည်။ [နှာ-၄၅၄] ဖြစ်ပျက်မြင်သော ဉာဏ် ရင့်မှသာ ဖြစ်ပျက်ဆုံးသော ဉာဏ်သို့ ကူးပါသည်။ ဒါကြောင့် ဤ လေးနံပါတ် အဝိဇ္ဇာ ခွာမှု၊ ဖြစ်ပျက် မြင်မှုသည် အလွန် အရေးကြီးပါသည်။ စားသွေးရာမှာ မိမိတို့က သွေးနေဖို့ တာဝန်ပဲ ရှိသည်။ စားထက်ဖို့မှာ စား တာဝန် ဖြစ်သည် ဆို၏။ [နှာ-၄၅၈]

အလုပ်သမားအတွက် ဟောနေတာ အပါယ်လေးပါးနှင့် သေခန်းပြတ် ဟောနေတာ ဟု ဆိုသည်။ ကိုယ့်တာဝန်က ဖြစ်ပျက်နှင့် မဂ် ကိုက်အောင် လုပ်ဖို့သာ ဖြစ်သည်။ ငါးနံပါတ် အဝိဇ္ဇာသည် ဝိပဿနာ ဉာဏ်ရင့်မှ ကွာသည်။ ကွာမှ ကူးသည်ဟု ဆိုသည်။ [နှာ-၄၆၁] ဉာဏ်ရင့်အောင်သာ အားထုတ်ရသည်။ မဂ်ကူးအောင် အားထုတ်စရာ မလိုပါ။ သူ့ဘာသာ ကူးပါသည်။ အရှိန်ရအောင် အပူထွက်အောင်သာ နာနာ ပွတ်ပါ။ သူ့အချိန်ကျ မီးက သူ့ဘာသာ ထွက်ပါလိမ့်မည်။ ဤတရားသည် အလုပ်စဉ်ပြတရား ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၁၀။ သမုဒယသစ္စာ၏ နိဒါနဋ္ဌသဘော (၁)

[ ၂၈-၆-၆၀ နေ့က မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော တရား ]

သံသရာဆိုတာ ဇာတိက စပြီး ဇရာ၊ ဗျာဒိ၊ မရဏကို သွားသော တရားကို ခေါ်တာကိုးဟု အစချီလျက် ဤတရားကို ဟောကြားတော်မူသည်။ သံသရာထဲမှာ ဒုက္ခ စက်ကြီး လည်ပြီး ခံနေရအောင် ဘယ်သူလုပ်သလဲဟု လက်သည်ရှာလိုက်လျှင် သမုဒယသစ္စာ လုပ်ကြောင်း သွားတွေ့သည်။ ဘုရားက သမုဒယ နိဒါနဋ္ဌောဟု ဟောကြားပါသည်။

နိဒါနဋ္ဌောဆိုသည့် သဘောမှာ ဒုက္ခ ဝတ္ထု၊ ဒုက္ခစုကို တစ်ခုမကျန် တစ်ရုံမလပ် တရစပ် ပေးအပ်တတ်သော သဘောကို ဆိုပါသည်။ သမုဒယသစ္စာက မင်းကို ဒီဒုက္ခပြီး နောက်ဒုက္ခကို အဆက်မပြတ် ငါပေးမည် ဆိုတာ၊ သူ၏ စွမ်းရည်သတ္တိ ဖြစ်သည်။ ဒုက္ခစက်ကြီး လည်အောင် ပတ်အောင် လုပ်နိုင်တာ သမုဒယ သစ္စာ ဖြစ်ပါသည်။ [နှာ-၄၆၈] သမုဒယသစ္စာသည် ဘယ် ပုဂ္ဂိုလ်မျိုးကို ဒုက္ခစက် လည်အောင် လုပ်နိုင်သလဲ၊ ဘယ်ပုဂ္ဂိုလ်မျိုးကျတော့ မလုပ်နိုင်ဘူးလဲ။ ဒါကို ခွဲခြား သိဖို့လည်း လိုသည်။ [နှာ-၄၆၉] သူ့ကို အကောင်းထင်သူကိုသာ သူက ဒုက္ခပေးနိုင်သည်။ သူ့ကို အကောင်းမထင်သူကျတော့ သူ ဒုက္ခစက် လည်အောင် မလုပ်နိုင်ပါ။ တဏှာလောဘကို အကောင်းထင်သူကိုပဲ သူက ဒုက္ခပေးသည်။ သူ့ကို ပယ်လိုက်သူကိုတော့ သူက ဒုက္ခပေးမှုကို ဇာတ်သိမ်းသွားလိမ့်မည်။ သစ္စာ သိသော ပုဂ္ဂိုလ်ကို သူက ဒုက္ခ မပေးနိုင်ပါ။ သစ္စာ မသိသော ပုဂ္ဂိုလ်ကိုသာ သူက ဒုက္ခပေးနိုင်သည်။ [နှာ-၄၇၃] မဂ္ဂသစ္စာကို ထိုးထွင်းအောင် ပြောပေးနိုင်သော ဆရာသမားမျိုးနှင့် ကြုံမှသာ ဒုက္ခစက် လည်ခြင်းမှ ရပ်တော့မည်။ အပေါင်း

အသင်းလွဲလျှင် ဒုက္ခစက် လည်ပြီ။ [နှာ-၄၇၆] သစ္စာမသိခြင်း မိုက်ပြစ်တွေကို ဖော်ပြသည်။ ဝိပဿနာမဂ် ပေါ်လာလျှင် မစိုးရိမ်နှင့်တော့ဟု ဆိုသည်။ သမုဒယ သစ္စာ သိပ်ဆိုးပါကလားဟု သိလျှင် ဝိပဿနာမဂ် ဖြစ်ပြီ။ [နှာ-၄၇၇] အကြောင်း သမုဒယ ချုပ်သောကြောင့် အကျိုး ဒုက္ခစက်ကြီး မလည်နိုင်တော့ပါ။ လောကီ အလုပ်တွေ၊ သားရေး သမီးရေး စီးပွားရေးတွေကို အကောင်းထင်ပြီး လုပ်ရင်း အကာဆိုက်နေသမျှ အပေါင်းအသင်း လွဲနေပြီသာ မှတ်ပါတော့ဟု ဆိုသည်။ [နှာ-၄၈၀] ပစ္စုပ္ပန်မှာ အမောဆိုက်အောင် လုပ်တာလည်း သူပဲ၊ သေတွင်း ပို့တာ လည်း သူပဲ၊ သေသည်၏ အခြားမဲ့၌ သံသရာလည်အောင် လုပ်တာလည်း သူပဲ ဖြစ်သည်။ ဤတွင် သစ္စာသိမှု အလွန် အရေးကြီးကြောင်း ပေါ်သည်။ [နှာ-၄၈၁] သမုဒယသစ္စာ ဆိုးမှန်းသိလျှင် သောတာပန် အငယ်စား ဖြစ်ပြီဟု ဆိုသည်။ [နှာ-၄၈၃]

ထို့နောက် ဘုရားက သမုဒယသစ္စာသည် လူကိုလည်း သတ်သည်၊ ပညာ ကိုလည်း သတ်သည်ဟု ဟောတော်မူသည် ဆို၏။ [နှာ-၄၈၄] သံယုတ္တနိကာယ်၊ အာသိဝိသောသမသုတ်မှာ ဟောသည်။ လောဘ သမုဒယသစ္စာ ခန္ဓာထဲ ရောက်လာ လျှင် အသက်ကို စွန့်ပြီး လုပ်ရ လုပ်ရ ရချင်တာ တစ်ခုပဲ သိတယ်၊ လုပ်တယ်။ သူက ဉာဏ်ပညာကို ဦးစွာ သတ်သည်။ ပညာကို သတ်သဖြင့် လူက ဖွတ်တိုး လုပ်သောအခါ လူကိုပါ သေအောင် သတ်တော့သည်။ ရှေးဦးစွာ ဉာဏ်ပညာကို ' သတ်သည်။ နောက်လူကိုပါ သတ်သည်။ [နှာ-၄၈၆] သူ့ကို ဖြစ်ပျက်ရှု၊ ဆိုးသော တရားမှန်းသိ၊ ဒုက္ခပေးမည့် တရားမှန်း သိလျှင် ဒုက္ခ မပေးနိုင်တော့ပါ။ သူ့ကို သိလိုက်လျှင် သူ ချုပ်သွားသည်။ ကျုပ်တို့က သူ့ကို ပြန်သတ်လိုက်သည် ဆို၏။ [နှာ-၄၉၁] 'သရာဂ စိတ္တံ၊ သရဂ စိတ္တန္တိ၊ ပဇာနာတိ' လောဘစိတ် ဖြစ်လာတာကို ဖြစ်ပျက်ရှုပေးရမည်။ ဤနည်းဖြင့် ကျုပ်တို့က သူ့ကို ပြန်သတ်နိုင်သည်ဟု ဟော သည်။ [နှာ-၄၉၃] အပေါင်းမှား အပေါင်းအသင်း မှန်ဆိုတာက အရှင်သာရိပုတ္တရာ ဟောတာ၊ ခု ဝိပဿနာ ရှုဖို့ ဟောတာက ဘုရား ကိုယ်တော်တိုင် ဟောတာဟု ဆိုသည်။ ကိလေသာ သဘောသောမဂ်နှင့် ချည်းနေလျှင် သမုဒယသစ္စာ သေပါသည်။ [နှာ-၄၉၄] ရှေးဘဝက သူသည် ပညာကို သတ်ခဲ့သည်။ ဒါကြောင့် မိမိတို့မှာ ခန္ဓာ ရလာသည်။ ယခုဘဝမှာ သူသည် ခန္ဓာကိုပါ သတ်ဦးတော့မည်။ [နှာ-၄၉၅] သမုဒယသစ္စာကို ဒါကြောင့် ဘုရားက

လာလို့ ပယ်တာက တစ်နည်း။ မလာအောင် ကာကွယ်ပြီး ပယ်တာက တစ်နည်း ရှိကြောင်း ဟောပြန်သည်။ သူ့ကို လာခွင့် မပေးသောနည်းဖြင့်လည်း ပယ်နိုင်ပုံကို ဟောသည်။ ခန္ဓာမှာ ပေါ်လာသမျှ စိတ်တွေကို ဖြစ်ပျက် ရှုပေးပါ။ ဖြစ်ပျက် ရှုနေလျှင် မလာဘဲချုပ်သွားသည် ဆို၏။ [နာ-၄၉၇] ဝိပဿနာဉာဏ်ကသာ သမုဒယသစ္စာကို သတ်နိုင်သည်။ ပယ်နိုင်သည်။

ထို့နောက် ဇောဓိပင်နှင့် ရွှေပလ္လင်မှာ မြတ်စွာဘုရား သမုဒယသစ္စာကို သတ်ချလိုက်ကြောင်း ဟောသည်။ တဏှာ ယောက်ျား လက်သမား နောက်ထပ် ခန္ဓာအိမ် မဆောက်နိုင်တော့ဟု ဥဒါန်းကျူးပုံကို ထုတ်ပြသည်။ [နာ-၅၀၁] သား ကောင်သည် ထောင်ထားသော ညှတ်ကွင်းကို မမြင်၊ အစာသာ မြင်ပြီးသွားလျှင် ဉာဏ်ညွန့်ကျိုးသည်ဟု ဆိုသည်။ [နာ-၅၀၄] ဒါကြောင့် ခန္ဓာမှာ ပေါ်ရာ စိတ် ပေါ် စိတ်၊ ဝေဒနာပေါ် ဝေဒနာ၊ ရုပ်ပေါ် ရုပ်ကို ဖြစ်ပျက်ရှုပါ။ ရှာတည်လျှင် သုသာန်နေရာကို ထည့် စဉ်းစားရသည်။ အလားတူစွာ ဝမ်းထဲမှာ သမုဒယရှာ တည်မိလျှင် သုသာန်သာ စဉ်းစားထားပါဟု ဆိုသည်။ [နာ-၅၀၉] သူ့ကို လက်ခံလိုက်လျှင် တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ မရဏကို ပို့တော့သည်။ ၃၁ ဘုံမှာ သူသတ်ယောက်ျားသည် သမုဒယ သစ္စာ ဖြစ်သည်။ ဒါကြောင့် ဝိပဿနာ အလုပ်သာ လုပ်ကြပါ။ မဟုတ်လျှင် သံသရာမှာ ခင်ဗျားတို့ အရိုး တောင်လိုပုံ လိမ့်မည်ဟု ဆိုသည်။ သမုဒယလာလျှင် လာမှန်း သိပေးပါ။ သိလိုက်လျှင် သမုဒယ ချုပ်သွားပါသည်။ ချုပ်သွားပြီဟု သိတာက မဂ္ဂသစ္စာ။ မင်္ဂပေါ်ပြီ။ ဒါ လူသတ် ယောက်ျားကို ယောဂီက ပြန်သတ်လိုက်တာပဲဟု ဆိုသည်။ သမုဒယ သစ္စာကို လာခွင့် မပြုတော့ဘူး။ ရှောင်ရှားပါတော့မည် ဆိုလျှင် စိတ္တာနုပဿနာ၊ ဝေဒနာ နုပဿနာ၊ ကာယာနုပဿနာ ကြိုက်တာကို ရှုပါ။ ရှုလျှင် သမုဒယ မလာဘဲ ချုပ်ပါပြီ။ ဒါကြောင့် ဝိပဿနာ အလုပ်ကို လုပ်ရလိမ့်မည်ဟု ဟောရင်း အချိန်စေ့သဖြင့် တရား ရပ်နားလိုက်သည်။

*

## ၁၁။ သမုဒယသစ္စာ၏ နိဒါနခွော သဘော (၂)

[ ၂၉-၆-၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ရှာတည်လျှင် သုသာန်ကို ထည့်စဉ်းစားရသည် ဆိုသော စကားဖြင့် စတင်၍ ဤတရားကို ဟောသည်။ ဘာကြောင့် စဉ်းစားရသလဲ၊ သေသည် ရှိလို့ ဖြစ်သည်။

အသေကောင် ပစ်ဖို့ နေရာ ရှိမှ ဖြစ်သည်။ ဒါ ထုံးစံပဲဟု မဆိုသင့်၊ အသေလွတ် တရားကို ကျင့်ကြံ ပွားများသူမှာ သုသာန်မလိုပါဟု ဟောသည်။ အသေဇာတ် သိမ်းမည်ဆိုလျှင်လည်း ဖြစ်ပါသည်။ အသေကို သိမှသာ အသေလွတ်ရာ တရားကို ရှာချင်စိတ် ပေါ်နိုင်သည်။ [နှာ-၅၂၆] ဒုက္ခသစ္စာကို သိမှ ဒုက္ခ လွတ်ချင်သော မဂ္ဂသစ္စာ ဉာဏ်ပေါ်ပါသည်။ မဂ်ဉာဏ်ပေါ်မှ ပြီးသည်၊ အသေလွတ်သည်။ ပြီးမှ သဠာယတနသံယုတ်မှာ လာသော လုပ်နည်းကို သင်မည်ဟု ဆိုသည်။[နှာ-၅၂၈]

လိပ်တစ်ကောင် အစာရှာ ထွက်စဉ် တောခွေး တစ်ကောင်နှင့် တွေ့သည့် ဝတ္ထုပုံပြင်က စပြီး ဟောသည်။ တောခွေးက လိပ်ကို မြင်တော့ ကိုက်စားရန် လိုက်သွားသည်။ တောခွေး အနားရောက်တော့ လိပ်က သူ့ခေါင်းရော ခြေလက် တွေကိုပါ အခွံထဲကို သွင်းပစ်လိုက်သည်။ ထိုအခါ တောခွေးသည် လိပ်ခွံ အမာကြီး အလုံးကြီးကို ကိုက်၍ မရတော့ပါ။ လိပ်လည်း အခွံအောက်မှာ သူ၏ ခေါင်း၊ ခြေ၊ လက်များကို သွင်းထားလျက်သာ နေသည်။ ခွေးလည်း ကိုက်မရသောအခါ လိပ်၏ ခေါင်း၊ ခြေ၊ လက်များ ထွက်လာမှ စားမည် အကြံဖြင့် စောင့်သည်။ လိပ်က မထွက်လာဘဲ နေသည်။ သူက မိုက် အလွန် ဆာလာသည်။ ခွေးလည်း မနေသာသည့် အဆုံး၌ ပြန်သွားရလေသည်။ လိပ်သည် သိမ်းဆည်းတတ်သော ကြောင့် တောခွေး၏ အစာ အဖြစ်မှ လွတ်မြောက်ရကြောင်းကို ဟောသည်။ [နှာ-၅၃၀] ဒါ ဘုရားပေးသော ဥပမာ ဖြစ်သည် ဆို၏။ ဤဥပမာကို ပြပြီး တရား အားထုတ်နည်းကို ဘုရားက သင်သည်။ စိတ္တာနုပဿနာသည် နိဗ္ဗာန်ကို ရောက် လွယ်သည်ဟု ဆိုသည်။ စိတ်ကိုဉာဏ်နှင့် ဖြစ်ပျက်ရှုရမည်။ ခန္ဓာက ငါးပါး ရှိသည်။ ဒွါရက ခြောက်ပေါက် ရှိသည်။ လိပ်လိုပဲ။ မျက်လုံးပေါက်က အပြင်ထွက်လျှင် ကိလေသာ မာရ်နတ်က ကိုယ်ဖမ်းပြီး သတ်မည်။ နားပေါက်က ထွက်လျှင်လည်း တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်ပြီး ဇာတိ ဇရာမရဏပဲ အသတ်ခံ ဖြစ်တော့မည်။ ဒွါရ ခြောက်ပေါက်က အပြင်ထွက်လျှင် သတ်မှာချည်း ဖြစ်၏။ မြင်လျှင် ခင်တာ လာတော့မည်။ မြင်တာက စက္ခုဝိဉာဏ်၊ ခင်တာက တဏှာ ဖြစ်သည်။ အားထုတ်တာက ကံ။ ဒါကြောင့် မျက်လုံးပေါက် စိတ်အပြင်ကို ထွက် မိတာနှင့် သုသာန်ကို သွားတော့သည်။ [နှာ-၅၃၄] နားပေါက်က ထွက်လျှင်လည်း ကြားပြီး အချစ် အမုန်း လာသည်။ ဥပါဒါန်၊ ကံ ဖြစ်တော့သည်။ ဇာတိ၊ ဇရာ မရဏလမ်းကို သွားပြန်သည်။ သမုဒယသစ္စာလာလျှင် ဟိုဘက်မှာ ဒုက္ခသစ္စာ

ဖြတ်လို့ မရတော့ပါ။ ဒါကြောင့် ဒွါရ ခြောက်ပေါက်မှ စိတ်တွေ အပြင် မထွက်အောင် လိပ်ခွံနှင့် တူသော စိတ္တာနုပဿနာ လိပ်ခွံကြီးထဲကို သွင်းထားပါဟု ဆိုသည်။ [နှာ-၅၃၆] လာသမျှ စိတ်ကို ဖြစ်ပျက် ရှုပါ။ မျက်လုံးပေါက်က ထွက်လျှင် မြင်စိတ်ကို ဖြစ်ပျက်ရှု နားပေါက်က ထွက်လျှင် ကြားစိတ်ကို ဖြစ်ပျက် ရှုပါ။ ဖြစ်ပျက်ရှုလျှင် တဏှာ၊ ဥပါဒါန်၊ ကံ မလာတော့ပါ။ စောင့်နေသော ကိလေသာ တောခွေးသည် ဖမ်းစား၍ မရတော့ပါ။ သမုဒယသစ္စာက မသတ်နိုင်တော့ပါ။ တဏှာ၊ ဥပါဒါန်၊ ကံတွေ မလာအောင် ပေါ်သမျှစိတ်တွေကို စိတ္တာနုပဿနာ ဥခွံထဲကို ထည့်ပစ်လိုက်ပါဟု ဟောထားသည်။ [နှာ-၅၄၀] တဏှာ၊ ဥပါဒါန်၊ ကံ မရှိလျှင် ဇာတိ ဇရာ မရဏ သေကောင် ခန္ဓာ မလာတော့ပါ။ ဝိပဿနာ ရှုတယ်ဆိုတာ လိပ်ခွံအောက်ထဲ အကုန် သွင်းပစ်လိုက်သလိုပဲဟု ဆိုသည်။ စိတ္တာ နုပဿနာကို ရှုနေခြင်းသည် အသေလွတ်ရာ တရားကို အားထုတ်နေခြင်း မည်ပါသည်။ သစ္စာမသိတော့ မင်္ဂလာ စကား ပြောရာမှာပင် အကြင်လင်မယား ထင်းပုံ ခေါင်းချ ပေါင်းရပါစေသားဟု သေခြင်းကို ဆုတောင်းနေကြပုံ၊ ရွှးရှူးမိုက်မိုက် ပြုနေကြပုံများကို ဝေဖန် ပြထားသည်။ ဒါကြောင့် သစ္စာတရား မနာရသေးလျှင် ခင်ဗျားတို့ ဘယ်အခါကာလမှ လူမဖြစ်သေးဘူးဆိုတာ ဆုံးဖြတ်ချက်ချဟု ဆိုသည်။ [နှာ-၅၅၃]

ထို့နောက် အရှင်သာရိပုတ္တရာ၏ ညီငယ် ရေဝတ ဝတ္ထုအကြောင်းကို ထုတ်ပြသည်။ ရေဝတကို ရဟန်းပြုမှာ စိုးသဖြင့် မိခင် သာရီ ပုဏ္ဏေးမကြီးက အိမ်ထောင်ချပေးသည်။ ထို မင်္ဂလာ လက်ထပ်ပွဲတွင် ဘိသိက်ဆရာက အိုအောင် မင်းအောင် ပေါင်းရစေသားဟု ဆုပေးသည်ကို ရေဝတ ကြားရသောအခါ အိုရနာရဦးမှာပါတကားဟု သံဝေဂဉာဏ် ပေါ်သဖြင့် အို နာ သေလမ်းက လွတ်အောင် ပြေးတော့မည်ဟု ဆုံးဖြတ်ကာ ရေဝတသည် လမ်းခုလတ်တွင် သတို့သမီးနှင့် မပေါင်းဘဲ ထွက်ပြေးခဲ့လေသည်။ အရှင်သာရိပုတ္တရာက ဤသို့ 'ဖြစ်မည့် အကြောင်းကို အဘိညာဉ်နှင့် ဆင်ခြင် ကြည့်သဖြင့် ကြိုတင် သိနှင့်သည်။ ရေဝတဆိုသော သူငယ် သတို့သား ဝတ်စုံနှင့် လာလျှင် လက်ခံပြီး သင်္ကန်း ဝတ်ပေးလိုက်ကြပါဟု ကျောင်းများကို မှာထားသည်။ ရေဝတ လမ်းတစ်ဝက်မှာ ထွက်ပြေးလာတော့ ဘုန်းကြီးများက လက်ခံပြီး သင်္ကန်း ဝတ်ပေးသည်။ အရှင်သာရိပုတ္တရာက အစ်ကိုကြီး အဖရာ နေပြီး ခွင့်ပြုလိုက်သည်။ အရှင် ရေဝတလည်း ရဟန်းဖြစ်ပြီးနောက် တရား အားထုတ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ရဟန္တာ

ဖြစ်သွားသည်။ ငယ်စဉ်ကပင် သစ္စာသိသောသူကိစ္စ အမြန်ပြီးသည်။ ပြီးမှ စိတ္တာနုပဿနာ လိပ်ခွံကြီးအောက်ကို ဝင်ပုန်းကြပါ။ ဘာစိတ်လာလာ ဖြစ်ပျက် ရှုပါဟု ထပ်မံ တိုက်တွန်းပြန်သည်။ မြတ်စွာဘုရား သံယုတ်ပါဠိတော်မှာ ဟောသောနည်း ဖြစ်သည် ဆို၏။ [နာ-၅၆၁] ဝိပဿနာရှုသော ပုဂ္ဂိုလ် လိပ်လို နေရမည်။ စိတ်တွေအားလုံးကို စိတ္တာနုပဿနာ အခွံအောက်ချည်း အကုန် သွင်းရမည်။ ခန္ဓာမာရ်ကို အောင်ချင်လျှင် မသေချင်လျှင် လိပ်ခွံနှင့်တူသော စိတ္တာနုပဿနာထဲ လာသမျှ စိတ်တွေကို သွင်းထားရမည်။ အောင်မြင်သွားလျှင် သမုဒယ တဏှာက သတ်ချင်လို့ ဘယ်လို စောင့်စောင့် မသတ်နိုင်တော့ကြောင်း ဟောရင်း အချိန်စေ့သဖြင့် တရား နားလိုက်သည်။

*

## ၁၂။ ဘဝဂါမိနီကံကြောင့် ဒုက္ခတွေ့ရပုံ

[၃၀-၆-၆၀ နေ့က မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား ]

ယနေ့ သမုဒယသစ္စာအနက် လေးချက်ကို စတော့မည်ဟု အစချီပြီး ဤတရားကို ဟောတော်မူသည်။ သမုဒယသစ္စာ လေးချက်မှာ ၁ အချက် အာယုဟနဋ္ဌော ဒုက္ခကို စုဆောင်း ဆည်းပူးတတ်သော အနက်သဘော ဖြစ်၏။ ဝမ်းထဲမှာ လောဘ တဏှာ ကလေး ရောက်လာတာ၊ ဒုက္ခ ဝတ္ထု ဒုက္ခအမှုတို့ကို စုဆောင်းဖို့ ရောက်လာတာပဲဟု သဘောပေါက်ရမည်။ လောဘက ဒုက္ခ ရောက်မည့် အရာဝတ္ထုတွေကို စုဆောင်းပြီး ပေးသည်။ ထိုအရာ ဝတ္ထုများအတွက် စိုးရိမ် သောက ဗျာပါဒတွေ ရအောင် လုပ်ပြီး သေနိုင်းသည်။ [နာ-၅၆၆] ကံက လုပ်လိုက်သော ပဋိသန္ဓေ ခန္ဓာထဲမှာ အို နာ သေဘေးက အပြီး ပါလာသည်။ ဒါကြောင့် ခန္ဓာ ရကြောင်း အလုပ်ကို လုပ်ကြပါဟု တိုက်တွန်းပြန်သည်။ [နာ-၅၇၃] ဤ ကံက ဘာကံလဲ၊ ဘဝကို ရချင်သော ဘဝဂါမိကံဟု ဆိုသည်။ [နာ-၅၇၄] ဘဝဂါမိကံ ဆိုတာ ဘဝကို ရောက်စေတတ်သော ကံ ဖြစ်သည်။ ကံသည် စေတနာ ဖြစ်သည်။ စေတနာသည် ဖြစ်ပြီး ပျောက်သွားသော အနိစ္စ ဖြစ်သည်။ ကံလည်း ပြုပြီး ပျောက်သည်။ သို့သော် ကံ ချုပ်သွားစေကာမူ သတ္တိက ကျန်နေသည်။ (ကံ သတ္တိ) ထို သတ္တိ ပျောက်ပျက် မသွားအောင် တဏှာ၊ ဥပါဒါန်က ထိန်းသိမ်း စောင့်ရှောက်ထားသည်

ဟု ဟောသည်။ [နာ–၅၇၉] သူက သမုဒယသစ္စာ ဖြစ်နေသည်။ အာယုဟနဗ္ဗော ဆိုတာ သမုဒယသစ္စာသည် ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတွေကို စုဆောင်း ဆည်းပူးထားသည့် သဘောကို ဆိုသည်။

ထို့နောက် ဘုရားလောင်းနှင့် စိဥ္စမာနတို့ တံငါသည် ဘဝက လင်မယား ဖြစ်ခဲ့ဖူးသော ဝတ္ထုကို ဟောသည်။ ထိုဘဝက ယသော်ဓရာထေရီ အလောင်းက သူ ဘုရားဖြစ်သောအခါ အလုပ်အကျွေး ဖြစ်ရပါလို၏ဟု ဆုတောင်းပုံ၊ ငါးအသေ တွေ အရှင် ဖြစ်လာလို့ လွှတ်ပစ်ခဲ့သော ဘုရားလောင်း တံငါသည်ကို ခင်ခဲ့မိသော သမုဒယကြောင့် ဘုရားဖြစ်သော ဘဝတွင် ဘုရားလောင်း၏ အလုပ်အကျွေး ဖြစ်ရသည်။ သံသရာ တစ်လျှောက်လုံး လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းလည်း အလုပ်အကျွေး ဖြစ်ခဲ့ရသည် ဆို၏။ ဆုတောင်း မရှားကြဖို့လည်း တိုက်တွန်း ထားသည်။ [နာ–၅၈၆]

ထို့နောက် ကုသိုလ်ကံ၊ အကုသိုလ်ကံ အားလုံးကိုမဂ်နှင့် ဖြတ်ချဖို့ ဟော သည်။ [နာ–၅၉၀] ဘဝဂါမိကံတွေက အကျိုးပေးမှာ စိုးသောကြောင့် ကုသိုလ်၊ အကုသိုလ်ကံတွေကို ဖြတ်ချရမည်ဟု ဟောခြင်း ဖြစ်သည်။ ဘဝကို ပေးမည့် ကံတွေမို့ ဖြတ်ချရသည်။ ကံကို ဖြတ်ချလိုက်လျှင် ခန္ဓာ ဇာတ်သိမ်းပါသည်။ တဏှာ သမုဒယကို ဖြတ်ချလိုက်လျှင် ကံတွေလည်း လွင့်ပျောက်ကုန်သည်။ ခန္ဓာလည်း ဇာတ်သိမ်းသည်။ ဝိပါက ဝဋ်တွေလည်း ကျွတ်တော့သည်။ [နာ–၅၉၁] ဝိပါကဝဋ်ဆိုတာက ဒုက္ခသစ္စာကြီးကို ဆိုခြင်း ဖြစ်သည်။ ခန္ဓာအိမ်ကို တည်ဆောက်သူက တဏှာ ဖြစ်သည်။ ကံက လက်သမား ဖြစ်သည်။ တဏှာက ပေးခိုင်းလို့ လက်သမားက ဆောက်ရခြင်း ဖြစ်သည်။ ဆင်းရဲမှုန်သမျှ ခန္ဓာအိမ်ထဲက လာသည်ချည်းပင်။ ဒါကြောင့် ခန္ဓာကြီးပွားလေလေ ဒုက္ခသစ္စာ ပွားလေလေ ဖြစ်သည်။ [နာ–၅၉၆] သံယုတ် ပါဠိတော်မှာ ဘုရားက တဏှာ သတ်နည်းကို ကျဉ်းကျဉ်းကလေး ဟောထားသည်ဟု ဆိုသည်။ ထိုနည်းသည် ဆရာမရှိ၊ တပည့် မရှိသော နည်း ဖြစ်သည်။ [နာ–၅၉၉] တဏှာသည် ဝမ်းထဲကို ရောက်ကာစက တပည့်လို ရောက်လာသည်။ ဝမ်းထဲရောက်မှ သူက ဆရာ လုပ်တော့သည်။ ဒါကြောင့် တဏှာ ဝမ်းထဲမှာ အနေလည်း မခံနှင့် အခိုင်းလည်း မခံနှင့်ဟု ဆုံးမသည်။ ထို့နောက် ပထမ မှီနီဖို့ ဝင်လာသော တဏှာ၊ နောက်ပိုင်းမှာ ဆရာ လုပ်ပြီး ခိုင်းနေပုံများကို သရုပ်ဖော်ပြီး ဟောသည်။ [နာ–၆၀၅] တဏှာက ရှေ့ကိုလည်း သွားခိုင်းသည်။ နောက်ကိုလည်း စိတ်မချရအောင် ခိုင်းသည်။ ပုထုဇဉ် ဘဝမှာ

ဝန်ပိနေပုံကို ဟောသည်။ အလုပ်ပြရာမှာ လာသမျှ စိတ်တွေကို ဖြစ်ပျက်ရှုဖို့ပင် ဖြစ်သည်။ ဖြစ်ပျက် ရှုလိုက်လျှင် မဂ်ဉာဏ်က ဝင်လာသည်။ တဏှာ၊ ဉပါဒါန်ကို ပြတ်လိုက်တော့ ကံက အဟောသိကံ ဖြစ်သွားသည်။ ဖြစ်ပျက်မဂ် ကိုက်အောင် ရှုလိုက်တော့ ကံ မလာတော့ပါ။ ကံ မလာလျှင် ခန္ဓာ မလာတော့ပါ။ ထိုသူမှာ သမုဒယ ငြိမ်း၍ ဒုက္ခငြိမ်းပြီ။ အချိန်စေ့၍ တရား နားလိုက်သည်။

○

ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၃၇) ပြီး၏။

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား

စာအုပ်အမှတ်(၃၈)

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၃၈)

**အမှာစာ**

အနှစ် သုံးဆယ်ကျော် ကြာပြီးမှ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဝိပဿနာတရား ပိုပြီး တိုးပွား ကျယ်ပြန့်လာသည်။ မြန်မာနိုင်ငံတွင် တစ်ဖက်က တရားစစ် တရားမှန် ဉာဏ်လုမ်း (ဝိပဿနာတရား) များ ထွန်းကားလာသကဲ့သို့ လောကီရေး ကံလမ်း ဗုဒ္ဓဘာသာ အတုများလည်း တိုးတက် ထွန်းကားလျက်ရှိသည်။ ဒီဠိ ဖြစ်ရခြင်း အကြောင်းများကို ဆရာတော်က ဟောကြားခဲ့ရာတွင် (၁) နှလုံးသွင်းမှား၍လည်း ဒိဋ္ဌိ ဖြစ်သည်။ (၂) တရားနာ မှားလျှင်လည်း ဒိဋ္ဌိ ဖြစ်သည်။ ဖြစ်နိုင်ကြောင်းများကို ဟောပြော ဆုံးမတော်မူသည်။ ဘုရားက သစ္စ သံယုတ်ပါဠိတော်မှာ မိမိကိုယ်ကို ဝါဠမ်း မဖြစ်အောင် လုပ်ရမည်။ ကျောက်တိုင်လို ခိုင်မာစွာ ရပ်တည်နိုင်အောင် လုပ်ရမည်ဟု ဟောကြောင်း ပြသည်။ ထို့နောက် လူ့အဖြစ် ရဖို့ ခဲယဉ်းကြောင်းကို ပြသည်။ ဒါကြောင့် လူလည်းဖြစ်ခိုက် ဘုရားသာသနာကြီးနှင့်လည်း ကြုံခိုက်မှာ သစ္စာလေးပါးကို သိခြင်းငှာ အားထုတ်ကြဖို့ တိုက်တွန်းထားသည်။ ဤစာအုပ်တွင် ဆရာတော်က ဝေဒနာပေါ်တိုင်း၊ စိတ်ပေါ်တိုင်း၊ ရုပ်ပေါ်တိုင်း သိနေသော သတိပဋ္ဌာန် ဖြစ်နေရန် တိုက်တွန်းထားသည်။ ထို့မှတစ်ဆင့် ခန္ဓာငါးပါး ရုပ်နာမ်တရားများ၏ ဖြစ်ပျက်ကို သိသော သတိပဋ္ဌာန် ဘာဝနာ ဖြစ်အောင် ကြိုးစားသင့်ကြောင်း ဟောထားသည်။ ထို့မှတစ်ဆင့် ဖြစ်ပျက်အဆုံးကို မြင်သော သတိပဋ္ဌာန ဘာဝနာ ဖြစ်အောင် လုပ်ကြရမည်။ မဂ္ဂင် ရှစ်ပါးပေါ်လာမှသာ သတိပဋ္ဌာန် လမ်းဆုံးသို့ ရောက်ကြောင်း ဖော်ပြသည်။ အလုပ်ပေး

တရားများ ဖြစ်၏။ နိဗ္ဗာန် ရောက်ကြောင်း ဦးတည်ချက်ဖြင့် ဟောကြားခြင်း ဖြစ်သည်။ ဝေဒနာပေါ်လျှင် ဝေဒနာ မဟုတ် ဖြစ်ပျက်၊ စိတ်ပေါ်လျှင် စိတ်မဟုတ် ဖြစ်ပျက်၊ ရုပ်ပေါ်လျှင် ရုပ်မဟုတ် ဖြစ်ပျက်၊ အနိစ္စ သက်သက်မျှသာဟု မှတ်ယူရန် သင်ကြားထားသည်။ ဖြစ်ပျက် မြင်တိုင်း ဝိပဿနာဉာဏ်သည် အနိစ္စထဲချည်းသာ သက်ဝင်သွားပါက အနိစ္စဆုံးလျှင် နိဗ္ဗာန် တွေ့မည် ဖြစ်၏။ ဆရာတော်ကြီးက မျက်မြင်နှင့် ဉာဏ်မြင် သဘောကို စမ်းရေ စီးကျနေသည်ကို မြင်ပုံ ဥပမာဖြင့် ပြ၍ ရှင်းသည်။

စီးနေသော ရေစီးကို ကြည့်လျှင် ယခု မြင်သော ရေသည် ယခင် ရေ မဟုတ်ဘဲ နောက်မှ အစားထိုးလာသော ရေဖြစ်ကြောင်း ဉာဏ်မှာ သိရသည်။ ခန္ဓာမှာလည်း ထို့အတူ ဖြစ်သည်။ ယခုဉာဏ်မှာ ထင်လာသော ဝေဒနာသည် ယခင် ဝေဒနာ မဟုတ်ပါ။ ဉာဏ်အမြင်မှာ ပုဂ္ဂိုလ်သတ္တဝါကို မမြင်ပါ။ ဖြစ်ပျက် ဒုက္ခသစ္စာကိုသာ မြင်ရကြောင်း ဖော်ပြထားသည်။ ထို့နောက် ဉာဏ်အမြင်နှင့် ဉာဏ် အရေးကြီးပုံများကို ရှင်းထားသည်။ ဆရာတော်က နှလုံးသွင်း မှန်အောင် ကြိုးစားပါ။ ခန္ဓာအရှိနှင့် ဉာဏ်အသိ ကိုက်အောင် ကြိုးစားပါဟု တိုက်တွန်းကြောင်း ဖော်ပြထားသည်။ ထို့နောက် ဆရာတော်ကြီးက ကိုယ့်ကိုယ်ကိုယ် သုံးသပ်ကြပါ။ ကိုယ် ဘယ်က လာသလဲ၊ ခု ဘယ်လို နေသလဲ၊ ကိုယ်သေလျှင် ဘယ်ကို သွားမလဲ ဟု သုံးသပ်ရမည်။ ပြဿနာမှာ ယခု အသက်ရှင်နေစဉ် ဘယ်လို နှလုံးသွင်းပြီး နေသင့်သလဲဆိုသော ပုစ္ဆာကို အဖြေရှာရေးပင် ဖြစ်သည်။ အမှာစာ ရေးသူတို့က ဆရာတော်ကြီး၏ အဆုံးအမအတိုင်း လိုက်နာ ကျင့်ကြံကြဖို့ တိုက်တွန်းထား ပါသည်။

*

၁။ သတိပဋ္ဌာန်နှင့် သတိပဋ္ဌာန ဘာဝနာ

[ ၈–၈–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

အလုပ်စဉ် ဝိပဿနာတရားကို ယနေ့ ထပ်ပြီး နာရမည် အစချီလျက် ဤတရားကို ဟောတော်မူသည်။ လူတစ်ယောက် ကြီးပွားတယ်ဆိုတာ အလုပ်ကို မှီပြီး တက်ရတာဟု ဆိုသည်။ သဗ္ဗညု ဘုရား ဖြစ်လာတာလည်း ပါရမီ အလုပ်ကို အမှီပြုပြီးမှ ဖြစ်တာ ဖြစ်သောကြောင့် အို နာ သေ ကင်းသော နိဗ္ဗာန်ကို ရချင် လျှင်လည်း အလုပ်စဉ်ကို အမှီပြုပြီးမှ ရောက်နိုင်သည်ဟု ဟောသည်။ [နှာ–၂]

ဒါကြောင့် မိမိတို့မှာ သာသနာတွင်းလည်း ကြုံ၊ ဆရာကောင်း သမားကောင်းလည်း ကြုံ၊ ထောင်တတ်သော နားလည်းရှိ၊ ဒုလ္လဘတွေ ပြည့်စုံနေပြီမို့ ဝီရိယ မလျှော့ဘဲ အလုပ်စဉ်အတိုင်း လုပ်ကြလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရမရှိနိုင်ဟု ရဲရဲဟောတော်မူသည်။ ဤအတိုင်းသာ လုပ်ပါ အလုပ်စဉ်အတိုင်း လုပ်လျှင် ဤတရားကို မရ မရှိရကြောင်း ဝေနေယျများ သိစေလို သဖြင့် ဘုရားသည် မည်သူ့မျှ မတိုက်တွန်းဘဲ မိမိဘာသာ အလုပ်စဉ်တရားကို ဟောတော်မူခဲ့သည် ဆို၏။ [နှာ–၃]

ထို့နောက် ဆရာတော်ကြီးက မြတ်စွာဘုရား ဟောတော်မူခဲ့သော ပါဠိတော်ကို ထုတ်ပြသည်။ 'ဣ ဓ ဘိက္ခဝေ အရိယ သာဝကော၊ ဝေဒနာ ယပိအနိစ္စာ နုပဿီ ဝိဟာရတိ အနိစ္စ သညီ အနိစ္စ ပဋိသံဝေဒီ သတတံ သမိတံ အဗ္ဗော စ္ဆိန္နံ အဇ္ဈော ကိဏ္ဏံ စေတသာ၊ အဓိမုစ္စမာနော၊ ပညာယ ပရိယော ဂါဠမာနော သော အာသဝါနံ ခယာ အနာသဝံ စေတော ဝိမုတ္တိံ ပညာ ဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ ပဝတ္တေတိ အင်္ဂုတ္တိုရ် ပါဠိတော်။ သတိပဋ္ဌာန် လေးပါး ရှိသည်။ ကာယကို ရှုတာက ကာယာ နုပဿနာ၊ (ရုပ်ကို ရှုတာက ကာယနုပဿနာ) ဝေဒနာကို ရှုတာ ဝေဒနာ နုပဿနာ၊ စိတ်တွေကို ရှုတာက စိတ္တာနုပဿနာ၊ သစ္စာကို မြင်အောင် ရှုတာက ဓမ္မာ နုပဿနာ ဖြစ်သည်။ [နှာ–၅] သတိပဋ္ဌာန် လေးပါး အနက် တစ်ပါးပါးကို မရှုမီ ပထမ ရှေးဦးစွာ သိရမှာက သတိပဋ္ဌာန်က တစ်မျိုး၊ သတိပဋ္ဌာန ဘာဝနာက တစ်မျိုး ရှိသည်ဟု မှတ်ရမည်။ သတိပဋ္ဌာန ဘာဝနာ ဂါမိနိပဋိပဒါ (သတိပဋ္ဌာန် လမ်းဆုံး) က တစ်မျိုး ဖြစ်သည်။ အလုပ်စဉ်သဘောမှာ ရှေးဦးစွာ သတိပဋ္ဌာန်ကို လုပ်ရမည်။ (သတိပဋ္ဌာန်သည် သမထ ဖြစ်သည်။) ပြီးမှ သတိပဋ္ဌာန ဘာဝနာကို လုပ်ရမည်။ ပြီးမှ သတိပဋ္ဌာန ဘာဝနာဂါမိနိပဋိပဒါ (သတိပဋ္ဌာန် လမ်းဆုံး) ကို လုပ်ပါဟု ဆိုသည်။ [နှာ–၆] မြတ်စွာဘုရား သံယုတ်ပါဠိတော်မှာ ဟောကြောင်း ပြသည်။

အို နာ သေအေးကို ကယ်တင်နိုင်တာ အကျင့်တရားပဲရှိသည်။ ပြီးမှ သတိပဋ္ဌာန် အကြောင်းကို ဟောသည်။ ခန္ဓာမှာ ဝေဒနာ ပေါ်တိုင်း သိသိနေလျှင် သတိပဋ္ဌာန် ဖြစ်သည်။ သတိပဋ္ဌာန်ဆိုတာ ပေါ်တိုင်း သိတာဟု ဆိုသည်။ [နှာ–၇] ရုပ်ပေါ်တိုင်း သိလျှင်လည်း သတိပဋ္ဌာန်၊ သင်္ခါရတွေ ပေါ်တိုင်း သိလျှင်လည်း သတိပဋ္ဌာန် ဖြစ်သည်။ ထို့နောက် ပေါ်တာရော ပျက်တာရော မိလျှင်၊ ဖြစ်ပျက်ကို မိလျှင် သတိပဋ္ဌာန ဘာဝနာ ဖြစ်သည်။ တတိယ အချက်က သတိပဋ္ဌာန ဘာဝနာ ဂါမိနိပဋိပဒါ ဖြစ်သည်။ သတိပဋ္ဌာန် လမ်းဆုံး၊ ဖြစ်ပျက်ဆုံးပြီး မဂ္ဂင် ရှစ်ပါး

ပေါ်လျှင် သတိပဋ္ဌာန် လမ်းဆုံးပဲဟု ဆိုသည်။ [နာ–၈] အင်္ဂုတ္တိုရ်မှာက သတိပဋ္ဌာန ဘာဝနာက စပြီး ပြသည်။ ဣစ ဘိက္ခဝေ အရိယာ သာဝကော သတိပဋ္ဌာန ဘာဝနာမှာ ဖြစ်ပျက်မြင်လျှင် အနိစ္စဟု ရှုရမည်။ အနိစ္စလို့ပဲ မှတ်၊ အနိစ္စလို့ပဲ သိပါ ဆိုသည်။ [နာ–၁၃] 'ပညာယ အဝိမုစ္စမာနော ဤသို့ သိခြင်းသည် ဝိပဿနာ ပညာဖြင့် သိခြင်း ဖြစ်သည်။ အနိစ္စပဲဟု ဆုံးဖြတ်ခြင်း ဖြစ်၏။

ထိုသို့ ဆုံးဖြတ်ချက် ကျသွားပြီးလျှင် ဖြစ်ပျက်ကို ရှုလိုက်တိုင်းမှာ ဉာဏ်သည် အနိစ္စသို့သာ သက်ဝင်သွားသည်။ 'ပရိယောဂဠ္ဌမာနော' ဤသို့ အနိစ္စကို ဉာဏ်သက်ဝင်စေရန်၊ ဤသို့ ဉာဏ်သက်ဝင်အောင် မပြတ် လုပ်ဆောင်ရမည်။ (သတတံ၊ သမိတံ) ဟု ဆိုသည်။ မပြတ် သက်ဝင် စီးဆင်းနေအောင် အားထုတ်ရမည်။ ဤသို့ မပြတ်မလပ်ဘဲ ဉာဏ်သက်ဝင် စီးဆင်းနေပြီဆိုပါက အဖေ အမေ သေပြီဟု ကြေးနန်းလာလည်း မလျှော့တော့ဘူးဟု သုံးသပ် ပြထားသည်။ [နာ–၁၇] ဤသို့ ဖြစ်ပြီဆိုပါက အာသဝေါ ကုန်တော့မလို့ဟု သိရမည်။ ဤနေရာ၌ ကိလေသာ ကြားမနိုပါစေနှင့် ကိလေသာ ကြားနိုလျှင် ပျက်တတ်သည်။ ကိလေသာ ကလည်း ချက်ကောင်းကျမှ ကြားနိုတတ်သည်ဟု ဆိုသည်။ [နာ–၁၈] အဇ္ဈောကိဏ္ဏ ကို အဋ္ဌကထာ ဆရာတို့က အဇ္ဈေဟိ အမ္ဘိသံဟု အဓိပ္ပာယ် ဖွင့်ကြသည်။ တစ်ပါးသော တရားနှင့် မရောစေနှင့်ဟု ဆိုလိုသည်။ ဒါကြောင့် ဆရာတော်က တရား အားထုတ်တော့မည်ဆိုလျှင် ဘယ်လောက် အရေးကြီးသော ကိစ္စပဲဖြစ်ဖြစ် အားထုတ်နေစဉ်မှာ လာမပြောနှင့်၊ တရား အားထုတ်ပြီးမှ ပြောဖို့ ကြိုတင်ပြီး မှာထားပါဟု ဆိုသည်။

ထို့နောက် ကဿပဘုရား လက်ထက်က ပေယျဆိုသော ဒကာတစ်ယောက် တရားရခါနီးကျမှ အိမ်ကကိစ္စ ပေါ်လာလို့ လာခေါ်သဖြင့် ဆုံးရှုံး နစ်နာခဲ့ရပုံကို ဟောသည်။ [နာ–၂၀] ဝိပဿနာ အလုပ်ထဲမှာ တစ်ပါးသော ကိစ္စ ဝင်မရှုပ်အောင် သတိထားဖို့ ဆရာတော်က အရေးတကြီး မှာကြားတော်မူသည်။ ငွေလုံး ညှာလုံးတွေ ဝင်လာရင် ကိလေသာ ရန်သူဝင်ပြီမှတ်ပါ ဆို၏။ [နာ–၂၃] ငွေလုံး စောင်းလုံးကလေး သည် အပြောယဉ်သလောက် အဖြစ် ဆိုးသည်ဟု ဟောသည်။ တရား အားထုတ်စဉ် ဟိုကိစ္စ၊ ဒီကိစ္စတွေ ဝင်လာလျှင် မဂ်တား ဖိုလ်တား ဖြစ်နိုင်ကြောင်းကိုလည်း သိလွယ်အောင် ဟောပါသည်။

ထို့နောက် မြတ်စွာဘုရားက ဥပဝါဏကို သန္နိဋ္ဌိကော အကြောင်း ဟောပုံကို ပြသည်။ မင့် သန္တာန်မှာ လောဘပေါ်လာလျှင် လောဘမှန် : သိတာ သန္ဒိဋ္ဌိကောပဲဟု

ဟောကြောင်း အဂုံတ္တိုရ်ကို ထောက်ပြီး ဟောသည်။ ကိလေသာ ကြားခိုလာလျှင် လည်း သိအောင် ဖမ်းပြီး ဖြစ်ပျက် ရှုရမည်။ မသိလိုက်ပါက မဂ်တား ဖိုလ်တား ဖြစ်နိုင်သည်။ အကယ်၍ ဝင်လာသော ကြားတိုး ကိလေသာကို ဖြစ်ပျက် ရှုလိုက် ပါက ဗေဟိ ပဿိကော ဖြစ်ပြီး အဖျက် ဝင်လာတာကို အသုံးချလိုက်ခြင်းကြောင့် အကျိုး ဖြစ်သွားကြောင်း ဟောသည်။ [နှာ–၃၄] ဖြစ်ပျက်နှင့် မဂ် ကိုက်နေတုန်းမှာ ဘာစိတ်တွေပေါ်ပေါ် ဖြစ်ပျက်သာ ရှုပစ်လိုက်ဟု ဆိုသည်။ ဖျောက်မနေရ။ မရှုဘဲထားလျှင် ပေါ်လာသော ဓမ္မတွေက ပဋိစ္စသမုပ္ပါဒ် တန်းသွားလိမ့်မည်။ ဖြစ်ပျက် ရှုနေတုန်း ကိလေသာ ကြားခိုလာလျှင် ထိုကြားတိုး ကိလေသာကို အဖျက်ပဲ၊ ရန်သူပဲဟု မယူဆဘဲ မိတ်ဆွေဖွဲ့ပြီး အရှုခံ လုပ်ပစ်သင့်ကြောင်း တရားကို ရှေ့မှာ လည်း အကြိမ်ကြိမ် ဟောခဲ့ဖူးပြီ။ ဤသို့သာ လာသမျှကို အရှုခံ လုပ်ပြီး ဖြစ်ပျက် ရှုတတ်လျှင် ဤ ယခု မျက်မှောက်ဘဝမှာပင် နိဗ္ဗာန်ကို မုချ မျက်မှောက် ပြုနိုင်ပါသည်။ [နှာ–၄၀] ထို့နောက် ဝဋ်ကြွေး ကံကြွေးတွေကို ခန္ဓာနှင့် မပယ်ဘဲ ဉာဏ်နှင့် ဆပ်ကြဖို့ကို တိုက်တွန်းရင်း အချိန်စေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၂။ ဘယ်ကလာ၍ ဘယ်လိုနေပြီး ဘယ်သွားရမည်နည်း

[ ၂၄–၈–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

ယခု ပြမှာက 'ကိုယ့်လမ်းစဉ်' လို့ မှတ်ထားပါဟု အစချီလျက် ဤတရားကို ဟောပါသည်။ ကိုယ် ဘယ်က လာသလဲ၊ ကိုယ် အခု ဘယ်လို နေသလဲ၊ ကိုယ် သေလျှင် ဘယ်ကို သွားမလဲ၊ ဤသုံးချက်ကို သိရမည်ဟု ဆိုသည်။ [နှာ–၄၆] ဤကား ခရီးမဆုံးသေးသူ သိဖို့ ဖြစ်သည်။ ခရီးဆုံးအောင် လုပ်ပြီးသူ ဖြစ်ပါက ၁။ ဘယ်က လာတယ်ဆိုတာ သိဖို့ တစ်ချက်၊ ၂။ ခု ဘယ်လို နေသင့်တယ်ဆိုတာ သိဖို့ တစ်ချက်၊ ၃။ နောက် ကိုယ့်အလုပ် ခရီးပေါက်သွားလို့ ခရီးဆုံးပြီဆိုတာ သိဖို့ တစ်ချက် ဖြစ်သည်။ နို့မဟုတ်ဘဲ မသိသွား သွားနေလျှင် တီကောင် လမ်းသွား နေသလိုပဲဟု ပုံနှိုင်း ပြသည်။ [နှာ–၄၈] ခု ဘုရားဟော၍ သိရတာက ပဋိစ္စသမုပ္ပါဒ် သဘောအရ နောက်ဘဝတုန်းက မိမိတို့သည် သစ္စာမသိသော အဝိဇ္ဇာနှင့် နေခဲ့ကြ သည်။ ဒါကြောင့် မသိဘဲ ထင်ရာလုပ်ခဲ့ကြသည်။ မသိဘဲ ထင်ရာ မြင်ရာ မကောင်း ကောင်းသော ဆုတွေကို တောင်းခဲ့ကြသည်။ ထိုသို့ ဘဝကို ဆုတောင်းပြီး ဘဝ

ရကြောင်းတွေ လုပ်ခဲ့ကြသောကြောင့် ယခု ပစ္စုပ္ပန်ဘဝမှာ ခန္ဓာငါးပါးကို ရခဲ့ကြသည်။ ဇာတိ ဒုက္ခကို ရသည်ဟုလည်း ဆိုနိုင်သည်။ [နှာ–၅၀]

မသိသော ပုဂ္ဂိုလ် ပြုလုပ်မှုကြောင့် ဇာတိ ဒုက္ခသစ္စာကြီး ပေါ်ရသည်။ ခု နှစ်ချက်သိပြီး ဘယ်က လာတယ်ဆိုတာရယ်၊ ခု ဘယ်ကို ရောက်နေတယ်ဆိုတာရယ်ကို သိရပြီ။ [နှာ–၅၂] ပစ္စုပ္ပန်မှာ ခန္ဓာငါးပါးနှင့် နေရသည်။ ခန္ဓာငါးပါးနှင့် နေရတော့ တဏှာ၊ ဥပါဒါန်၊ ကံတွေ နေ့စဉ် ဖြစ်နေရသည်။ တဏှာ၊ ဥပါဒါန်၊ ကံတွေဆိုတာက ဒုက္ခသစ္စာကြီးကို ပူဇော် ပသနေကြရတာ ဖြစ်သည်။ [နှာ–၅၄] မနက် အိပ်ရာက ထလျှင် မျက်လုံးပေါက်ကလည်း တဏှာ ဥပါဒန် ကံ ဖြစ်သည်။ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်တွေကလည်း တဏှာ ဥပါဒါန် ကံတွေ ဖြစ်နေကြသည်။ ဒီခန္ဓာကြီးကို ကျွေးဖို့ မွေးဖို့ တဏှာ ဥပါဒါန် ကံတွေနှင့် လုပ်နေကြရသည်။

ထို့နောက် ပုထုဇဉ်ဘဝ မျက်စိကန်း တစ္ဆေမကြောက် လုပ်ပြီး ပျော်နေကြပုံကို သရုပ်ဖော်ပြီး ဟောသည်။ ခန္ဓာထဲက တဏှာ ဥပါဒါန် ကံတွေ ပေါ်လာခြင်းသည် အကျိုးထဲက အကြောင်း ပေါ်ခြင်း ဖြစ်သည်။ ဒါကြောင့် ပုထုဇဉ်ကို ဆရာတော်က မဂ်ဉာဏ်နှင့် နိဗ္ဗာန်ကိုသပိတ်မှောက်ထားသူတွေဟု ခေါ်ထားသည်။ [နှာ–၆၆] အမှန်တော့ သပိတ်မှောက်တယ်ဆိုတာ ရှိမှန်း သိရသေးသည်။ အဲဒါ ရှိနေတာကို သဘောမကျလို့ ကန့်ကွက်သောအားဖြင့် သပိတ်မှောက်ကြတာ ဖြစ်သည်။ ခုကိစ္စမှာ မဂ်ဉာဏ်နှင့် နိဗ္ဗာန်ကို ရှိမှန်းတောင် မသိသေးဘဲ မှောက်နေကြတာဟု ဆိုသည်။ လူတွေက ကိလေသာမီး လောင်တာကို ပြုံးပြီး ပျော်နေတတ်သည်။ ရွှေရလာလျှင် ပျော်သည်။ ကိလေသာမီးလောင်ပေါ့ဟု မသိပါ။ မီးလောင်တာကို ပြုံးပျော်သည် ဆိုတာ အရူးပဲဟု ဆိုသည်။ [နှာ–၆၈] သံသရာထဲမှာ ပုထုဇဉ်နေပုံက ကိလေသာမီးကို ပြုံးသည်။ သေခါနီးတော့ ငိုချင်းချသည်၊ ကယ်တင်မည့် တရား သံသရာဖြတ်လမ်းကို ဟောသူလာတော့ ဆေးမြင်လျှင် ရှောင်သွေဖည်ပြီး ပြေးတတ်သည်။ ထို့နောက် ဗုဒ္ဓဘုရား ဖြစ်တာသည် ဗောဓိပင်နှင့် ရွှေပလ္လင်မှာ ဖြစ်တာ မဟုတ်ပါ။ ကိလေသာကုန်လို့ ဖြစ်တာဟု အမြင်သစ်ကို ဟောသည်။ */နှာ-၇၁/* ဝေဒနာနှင့် တဏှာကြားမှာ ဘုရားဖြစ်သည်ဆိုသော အမြင်ကို ထပ်ဟောခြင်း ဖြစ်သည်။ (ရှေ့တွင်လည်း အကြိမ်ကြိမ် ဟောခဲ့ဖူးပြီ)

ထို့နောက် သဗ္ဗညုတ ဘုရားနှင့် ဉာဏ်ဘုရားကို ခွဲပြီး ဟောသည်။ ခန္ဓာထဲမှာ ဉာဏ်လိုက်ဖို့ အရေးကြီးကြောင်း ပြောသည်။ ခန္ဓာငါးပါး နောက်က ဉာဏ်လိုက်

တတ်လျှင် အနာဂတ် ခန္ဓာ ဇာတ်သိမ်းတော့သည်။ အရှင်သာရိပုတ္တရာလည်း ဝေဒနာနှင့် တဏှာကြားမှာ ရဟန္တာ ဖြစ်သည်။ ဝေဒနာနှင့် တဏှာကြားမှာ ဉာဏ်သွင်းလိုက်လျှင် တဏှာ မလာတော့ပါ။ [နှာ–၇၆] ဝေဒနာနှင့် တဏှာကြားမှာ ဝိပဿနာ မဂ်ဝင်လိုက်လျှင် နောက်က လောကုတ္တရာမဂ် လိုက်လာသည်။ ဤတွင် နာရီစေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၃။ ဝေဒနာ နုပဿနာ ကမ္မဋ္ဌာန်း (ဆ ဆက္ကသုတ်)

[ ၂၅–၈–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

ဝေဒနာ နုပဿနာဆိုတာ ခန္ဓာ ငါးပါးထဲက ယခုဘဝမှာ ပေါ်သော ဝေဒနက္ခန္ဓာပဲဟု အစချီလျက် ဤတရားကို ဟောတော်မူသည်။ ဝေဒနာလည်း ခန္ဓာတစ်ခုပဲ ဖြစ်သည်။ ခန္ဓာဆိုတာ မြန်မာလိုတော့ အစုပဲဟုလည်း အနက် ဖွင့်ပြသည်။ ဘာတွေ စုနေသလဲဆိုလျှင် သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာတွေ စုနေသည်။ ထို ဝေဒနာသုံးမျိုး ခန္ဓာထဲမှာ လှည့်ပေါ်နေသည်။ အာရုံ ထိခိုက်လာသော အခါ ပေါ်သည်။ [နှာ–၇၉] ခု တရား နာနေကြတာ ဘာတွေလဲ။ ဝေဒနာသည် တွေဟု မှတ်ပါ ဆိုသည်။ ဘယ်နေရာ လက်ညှိုးထိုးထိုး ကောင်းကင်နှင့် မလွတ်ပါ။ ထို့အတူ ခန္ဓာထဲကို ဉာဏ်ဖြင့် စိုက်ကြည့်လိုက်သောအခါ ဝေဒနာနှင့် လွတ်သော နေရာ မရှိပါ။ သို့သော် အချိန်တိုင်း ခန္ဓာထဲ ဝေဒနာပေါ်နေတာကို မသိကြဟု ဆိုသည်။ [နှာ–၈၁] ဘာကြောင့် မသိသလဲ၊ သမာဓိ ညံ့လို့ ဖြစ်သည်။

ထို့နောက် နကုလပိတာ၊ နကုလမာတာ ဝတ္ထုကို ဟောသည်။ ထိုအဘိုးကြီး အဘွားကြီးသည် ဘုရားလောင်းဘဝက အကြိမ်ပေါင်းများစွာ မိဘတော်ခဲ့ဖူးသူ တွေ ဖြစ်သည်။ ထိုအဘိုးကြီး အဘွားကြီးက သူတို့သည် အသက် ကြီးပြီ၊ မြတ်စွာ ဘုရားရှိရာ အရပ်ကိုလည်း ခဏ ခဏ မလာနိုင်တော့ပါ။ ဒါကြောင့်' သိလွယ် မြင်လွယ်သော တရားကို ဟောပါဟု ဆိုသည်။ သူတို့မှာ အသက်ကြီးလာလို့ ဝေဒနာသည်တွေ ဖြစ်လာကြပြီဟု ပြောသည်။ ဘုရားက ဘယ်ပုဂ္ဂိုလ်မှ ဝေဒနာ မကင်းကြောင်း၊ မိမိကိုယ်ကို မုန်းလာသည်၊ ဝေဒနာကင်းသည်ဆိုသူသည် အရူး ဖြစ်ကြောင်း ဟောသည်။ ဘယ်သူပဲဖြစ်ဖြစ် ဘယ်အချိန်မှ ဝေဒနာ မကင်းကြောင်း ဘုရားက ဟောလိုက်သည်။ [နှာ–၈၃] ဒါကြောင့် ဝေဒနာကို ရှာပြီး ရှုစရာ မလိုပါ။ ခန္ဓာထဲ ဉာဏ်စိုက်လိုက်တာနှင့် ဝေဒနာကို တွေ့ရသည်။ ဝေဒနာကို

တွေ့လျှင် ပဋိစ္စသမုပ္ပာဒ်က လွတ်အောင် ဆင်ခြင်တတ်ရသည်။ သုခဝေဒနာ လာလျှင် တဏှာ၊ ဥပါဒါန်၊ ကံ ဆက်လာသည်။ ဒုက္ခဝေဒနာဆိုလျှင် သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆက်သည်။ အဝိဇ္ဇာ သင်္ခါရ ဆက်၍ ပဋိစ္စသမုပ္ပာဒ် အဆုံးက လည်သည်။ ဥပေက္ခာဝေဒနာသည် မောဟ ဖြစ်သည်။ အဝိဇ္ဇာသင်္ခါရ ဝိညာဉ်၊ နာမ်ရုပ်  သွားပြီ အစက လည်ပြီ။ [နှာ-၈၅] ဤ ဖြစ်စဉ် ဟ ဆက္ကသုတ်မှာ လာကြောင်း ဖော်ပြထားသည်။ [နှာ-၈၆] ဥပရိပဏ္ဏာသ ပါဠိတော်။ ဝေဒနာလာလျှင် ဝိပဿနာ မရှုဖြစ်သူမှာ ဖော်ပြခဲ့သောအတိုင်း ပဋိစ္စသမုပ္ပာဒ် လည်တော့သည်။

ဤ ဝေဒနာ သုံးမျိုးပေါ်တိုင်း ဝိပဿနာရှုမိမှသာလျှင် ပဋိစ္စသမုပ္ပာဒ် ပြတ်တော့သည်။ [နှာ-၈၇] ပဋိစ္စသမုပ္ပာဒ်ကလည်း တစ်မျိုးတည်း မဟုတ်ပါ။ အလယ်က စသော ပဋိစ္စသမုပ္ပာဒ် (ဝေဒနာ တဏှာ၊ ဥပါဒါန်၊ ကံ) အဆုံးက စသော ပဋိစ္စသမုပ္ပာဒ်၊ ဒုက္ခဝေဒနာ၊ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အစက စသော ပဋိစ္စသမုပ္ပာဒ် ဥပေက္ခာ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ် သွားပြီ။ ဒါကြောင့် ဝေဒနာကို မရှုမိလျှင် သံသရာထဲ အဝိုင်းပြေး ပြေးနေရတော့ သည်။ [နှာ-၈၈] စာက ပြောတာကို မကြည့်နှင့်၊ ခန္ဓာက ပြတာကို ကြည့်ပါ။ ဒါမှ ဒိဋ္ဌ ဓမ္မ၊ ပစ္စက္ခဓမ္မ၊ ဝိဒိတ ဓမ္မ ဖြစ်သည် ဆို၏။ မိမိတို့ သန္တာန်မှာ ဝေဒနာတွေက ဖြစ်ပြီး ချုပ်နေသည်။ ဝေဒနာ ပျက်တာ ချုပ်တာကို ဉာဏ်က မသိလိုက်ဘူးဆိုလျှင် ကိုယ့်အသေ ကိုယ် မသိ ဖြစ်တော့သည်။ [နှာ-၉၃] မသိလိုက်ဘူးဆိုတော့ မသိတာ အဝိဇ္ဇာနှင့် နေတာ ဖြစ်သွားပြီ။ ပဋိစ္စသမုပ္ပာဒ် ပြတ်လျှင် နိဗ္ဗာန်သည် အနီးကလေး ဖြစ်သည်။ ဝေဒနာ ပေါ်တာ သတိမထားတော့ ပဋိစ္စသမုပ္ပာဒ်က တန်းတော့သည်။ ဝေဒနာကို ဝိပဿနာမဂ်နှင့် ဖြစ်ပျက် မရှုဘဲနှင့် နိဗ္ဗာန် ရလိမ့်မယ်လို့ ငါ မဟော ဘူးဟု ဆိုထားကြောင်း ဟောသည်။ [နှာ-၉၆]

ဝိပဿနာ မရှုတတ်လျှင် ကိုယ့်လုပ်စာ ကိုယ်စားပြီး အပါယ်ရောက်တတ် သော ပဋိစ္စသမုပ္ပာဒ်ကို ပြသည်။ [နှာ-၉၈] ဒါကြောင့် မရှိတာထက် မသိတာ ခက်တယ်ဟု ဆိုသည်။ ထို့နောက် ဥပေက္ခာ ဝေဒနာ လေးမျိုး၊ သုခ ဒုက္ခဝေဒနာ နှစ်မျိုး၊ သောမနဿ၊ ဒေါမနဿ ဝေဒနာ နှစ်မျိုး အပြင်အတွင်းမှာ ပေါ်တတ်ပုံ ကို ပြသည်။ ဝေဒနာပေါ်တိုင်း သိအောင် ရှုရမည်။ ဝေဒနာ ဖြစ်ပျက်ကို မြင်အောင် အားထုတ်ရမည်။ ဝေဒနာပေါ်ရာ သူ့နေရာနှင့်သူ ရှုရမည် ဆို၏။ [နှာ-၁၀၁] ဝေဒနာမှာလည်း အပြင် ဧည့်သည် ခြောက်မျိုး ပြသည်။ အတွင်း ဧည့်သည် သုံး

ယောက်၊ အိမ်သည်လည်း သုံးယောက်ဟု ပြသည်။ [နှာ-၁၀၂] ထို့နောက် စိတ်က နတ်ပြည်ပို့ကြောင်း၊ စိတ်က အပါယ်ပို့ကြောင်း စိတ်ကသာ လောကကို ခြယ်လှယ်ကြောင်း၊ စိတ်နောက်သို့သာ အကုန် လိုက်ပါရကြောင်းများကို ဟောပြန်သည်။ [နှာ-၁၀၂] ပဋိစ္စသမုပ္ပာဒ် ပို့ရာကို ရောက်ကြရခြင်း ဖြစ်ပုံကိုလည်း ဟောသည်။ ဒါကြောင့် ပဋိစ္စသမုပ္ပာဒ်ကို မပြနိုင်လို့ရှိလျှင် ၃၁ ဘုံ လှည့်တော့သည်။ ဤတွင် နာရီစေ့၍ တရား ရပ်နားသည်။

*

## ၄။ အကြောင်း မကောင်းလို့ ဖြစ်တဲ့ ခန္ဓာ ငါးပါး

[ ၂၇-၈-၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

ဒီဘဝဟာ ခန္ဓာငါးပါးက စတာပဲ အစချီပြီး ဤတရားကို ဟောတော်မူသည်။ ခန္ဓာငါးပါးက စပြီး ခန္ဓာငါးပါးဆီ ပြန်မသွားဖို့ အရေးကြီးသည်ဟု ဆုံးမသည်။ ခန္ဓာငါးပါးသည် အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်ရသဖြင့် အကြောင်း မကောင်း၍ အကျိုး မကောင်း ဖြစ်ရသည်ဟု ဆိုသည်။ [နှာ-၁၀၅] ခု တရား ဟောတာသည် ထိုခန္ဓာငါးပါးကို ပြန်ပြီး မရအောင် လုပ်ဖို့ ဟောတာ ဖြစ်သည် ဆို၏။ [နှာ-၁၀၆] ခန္ဓာငါးပါးကို ခင်လျှင် တဏှာ လာသည်။ တဏှာလာလျှင် ဥပါဒါန် လာသည်။ ဥပါဒါန် လာလျှင် ကံ လာသည်။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ ဆိုသော သဠာယတနကို သာယာသဖြင့် တဏှာ ဖြစ်ရသည်။ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံ ဖြစ်ရသည်။ ကံကြောင့် ခန္ဓာ ငါးပါး ဖြစ်ရပြန်သည်။ [နှာ-၁၀၇]

ထို့နောက် 'စက္ခုံစ ပဋိစ္စ ရူပေစ၊ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ' ဆိုသော မျက်စိပေါ်က စပြီး လည်သော ပဋိစ္စသမုပ္ပာဒ်ကို ပြသည်။ ပစ္စုပ္ပန် ခန္ဓာပေါ်ပုံ ဖြစ်သည်။ ထို ပစ္စုပ္ပန်ခန္ဓာကမှ အနာဂတ်ခန္ဓာသို့ သွားသည်။ မျက်စိနှင့် အဆင်း တိုက်တော့ မြင်စိတ် ပေါ်သည်။ ဖဿဖြစ်ပြီး ဖဿ ဖြစ်သည်နှင့် ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံသို့ သွားတော့မည်။ ကံဆိုတော့ ထိုကံက ပစ်ချလိုက်ရာ ဒုတိယ ဘဝမှာ ပဋိသန္ဓေဝိညာဏ် ပေါ်ပြီး ခန္ဓာ ရတော့သည်။ အတိတ်ဘဝ ကံကြောင့် ပစ္စုပ္ပန်ဘဝမှာ ခန္ဓာ ရသည်။ ပစ္စုပ္ပန်ခန္ဓာထဲက ကံတွေ ထပ်ပေါ်သည်။ တစ်သံသရာ လုံး သမုဒယကြောင့် ဒုက္ခ ရောက်ရ။ ဒုက္ခထဲကမှ သမုဒယတွေ ပြန်ဖြစ်လိုက် နေခဲ့ရသည်။ သမုဒယ ဒုက္ခနှင့်ချည်း သံသရာ လည်ခဲ့ကြရသည်ကို ပြသည်။

[နှာ–၁၁၁] ဘာရှိသလဲ၊ ဒုက္ခဖြစ်ကြောင်းနှင့် ဒုက္ခ ဖြစ်ကျိုးပဲ ရှိသည်။ သမုဒယက မီး၊ ဒုက္ခခန္ဓာက လောင်စာ၊ ဒါ ချည်းပဲ ဖြစ်ခဲ့ကြသည်။ လောင်စာသိမ်း၊ မီးငြိမ်းမှ နိဗ္ဗာန်ရမည်။ သို့သော် လူတွေက မသေခင်မှာ သမုဒယတွေချည်း စုဆောင်းနေကြသည်။ သေတော့ ဒုက္ခသစ္စာပဲ ရသည်။ သမုဒယ စုဆောင်းနေကြတာက အင်အားသတ္တိ ကြီးလွန်းသည်။ တဏှာ၊ ဉပါဒါန်၊ ကံ ဖြစ်တာက အာစိဏ္ဏကံ ဖြစ်နေသည်။ ဘုံဘဝကို စွဲလမ်းသော ကံက အလွန် အားကြီးသည်။ ဒါန ပြုလုပ်ထားသော ကံက အလွန် အားနည်းသည်။ [နှာ–၁၂၀]

ဖြစ်စဉ်နှင့် ကိုက်ကြည့်တော့မှ ဝဋ်ဖြစ်မည့် ကံက အလွန် အားကြီးပြီး ဝဋ်ကျွတ်မည့် ကံက အားသေးနေတာ တွေ့ရပုံကို ရှင်း၍ ဟောသည်။ ရေဝတီကြီး စီးဆင်းလာတာကို တုတ်ချောင်းကလေးနှင့် တား၍ မရကြောင်း ပုံနှိုင်းပြသည်။ ယခု သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ သစ္စာ နှစ် ပါးကို နားလည်ပြီ။ ဒါကြောင့် ဘုရားက ပစ္စုပ္ပန်ခန္ဓာ ဖဿ ဝေဒနာ တဏှာ၊ ဉပါဒါန်ကံတွေကို ဖြစ်ပျက်ရှုဖို့ ဟောသည်။ ရှုမှသာ ဖြစ်ပျက်နောက်က မဂ်လာလိမ့်မည်။ [နှာ–၁၂၆] အားကိုးစရာက ဒါကလေးပဲ ရှိသည်ဟု ဆိုသည်။ သာသနာတွင်းမှာ အားကိုးရာ ဒီ တစ်ချက်ပဲ ရှိသည်။ မဂ်တစ်ချက် ဝင်လိုက်လျှင် အာစိဏ္ဏကံတွေကို နိုင်သည် ဆို၏။ မဂ်တစ်ချက် ဝင်လိုက်သည်နှင့် တဏှာ ဉပါဒါန် ကံတွေ ပြတ်သည်။ ဒါ ဝိပဿနာ မဂ်ဉာဏ်၏ စွမ်းရည် သတ္တိ ဖြစ်သည်။ ပစ္စုပ္ပန် သမုဒယကိုဖြတ်လျှင် အနာဂတ် ဒုက္ခဖြစ်သည်။ [နှာ–၁၂၈]

သာသနာတွင်း ကြုံသဖြင့် မဂ္ဂသစ္စာနှင့် နိရောဓသစ္စာ ပေါ်သည်။ ထုံးစံအတိုင်း မိဘရိုးရာ နေလျှင် သမုဒယနှင့် ဒုက္ခပဲ ဖြစ်သည်။ ဆရာဘုန်းကြီးဆီက နည်းယူပြီး ဘုရား ဟောသလို လုပ်လျှင် မဂ္ဂနှင့် နိရောဓ ဖြစ်သည်။ ဟောနေစဉ် နာရီစေ့သဖြင့် တရားကို ရပ်နားလိုက်သည်။

*

## ၅။ ခန္ဓာကိုယ်တွင်းသား သုံးသပ်နည်း

[၃၁-၈-၆၁ နေ့က အမရပူရမြို့ မဇ္ဈာရုံမှာ ဟောသောတရား]

မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဒမ္မ အမည်ရှိသော ရွာ၌ သီတင်းသုံးနေတော်မူစဉ် ရဟန်း သံဃာများအား 'ရဟန်းတို့ မိမိတို့ ကိုယ်တွင်းမှာ သုံးသပ်ကြရဲ့လား' ဟု မေးကြောင်း အစချီလျက် ဤတရားကို ဟောကြားတော်မူလေသည်။ ရဟန်းတစ်ပါးက ထပြီး သူသည် ကိုယ်တွင်းသားကို သုံးသပ်ပါသည် ဘုရားဟု

လျှောက်ထားသည်။ ဘုရားက ဘယ်လို သုံးသပ်တာလဲဟု မေးသောအခါ သူက သုံးဆယ့်နှစ် ကောဋ္ဌာသကို သုံးသပ်ပါကြောင်း ဖြေလေသည်။ ဘုရားက သစ္စာကို ဟောချင်၍ မေးခြင်း ဖြစ်သည်။ ရဟန်းအဖြေက သမထ ဖြစ်နေသဖြင့် မနှစ်သက်ဟု ဆိုသည်။ ထိုအခါ ညီတော် အရှင်အာနန္ဒာက အရှင်ဘုရား သိအပ်သော တရားတော်ကို အရှင်ဘုရား ဟောမှသာ သိရမည့်အခါ ဖြစ်ပါသဖြင့် ဟောကြားတော်မူပါရန် ပန်ကြား လျှောက်ထားလေသည်။ (ဤတရား ကို ရှေ့ပိုင်းတွင် 'ကိုယ့်ကိုယ်ကိုယ် သုံးသပ်ခြင်း' အမည်ဖြင့် တစ်ကြိမ် နှစ်ကြိမ် ဟောခဲ့ဖူးပြီ)

ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ သင်တို့၏ ခန္ဓာကိုယ်ထဲမှာ ဇရာ၊ မရဏဆိုတာ ရှိပါသည်။ ထို ဇရာ မရဏ သဘောကို သင်တို့ သုံးသပ်ကြရဲ့လားဟု မေးမြန်းတော် မူသည်။ တရားနာနေကြသော ယောဂီများလည်း ဇရာ မရဏကို သုံးသပ်ဖို့ ဆရာတော်က လမ်းညွှန်သည်။ [နှာ–၁၃၂] အိုမင်း ရင့်ရော်အောင်၊ သေအောင် လုပ်နေတာ တဏှာ ဖြစ်သည်။ သတ်တာလည်း (သေမင်းလည်း) တဏှာပင် ဖြစ်သည်။ ခန္ဓာကိုယ်ထဲမှာ ရှိနေသော အိုမင်း၊ သေမင်း တဏှာကို ခွဲ၍ မရပါ။ ဇရာကရော၊ မရဏကရော အမြဲ နှိပ်စက်နေသည်။ ခန္ဓာသည် ဒုက္ခသစ္စာ ဖြစ်သည်။ လူဖြစ်ချင်တာ၊ နတ်ဖြစ်ချင်တာက သေမင်းနှင့် အတူ နေချင်တာ ဖြစ်သည်။ သစ္စာမသိ၍ ဤသို့ နေချင်ခြင်း ဖြစ်၏။ [နှာ–၁၃၃] ဒါကြောင့် သစ္စာ မသိလျှင် သံသရာ ရှည်သည်ဟု ဆိုသည်။ [နှာ–၁၃၈]

မဟာဝဂ္ဂသံယုတ်နှင့် သုတ်မဟာဝါ မဟာနိဒါနသုတ်ကို ညွှန်ပြပြီး ဟောသည်။ ဒါကြောင့် သစ္စာသိသော ဉာဏ်ကို ရောက်ဖို့ အရေးကြီးသည်။ ဤတွင် ခန္ဓာငါးပါးက သမုဒယသစ္စာ အကြောင်း ဖြစ်ပြီး၊ အို နာ သေက အကျိုး ဒုက္ခသစ္စာ ဖြစ်ပုံကို ပြသည်။ [နှာ–၁၃၉] ဝိပဿနာ အကျင့်ကို ကျင့်ကြံ အားထုတ်လို့ သစ္စာသိလျှင် ထိုသူသည် သံသရာ ပြတ်တော့မည်ဟု ဆိုသည်။ [နှာ–၁၄၀] ခန္ဓာငါးပါး ရခြင်း၏ အကြောင်းကို ရှာလိုက်တော့ တဏှာကြောင့် ရခြင်း ဖြစ်သည်။ ဒါကြောင့် ဤတွင် တဏှာက အကြောင်း သမုဒယ၊ ခန္ဓာက အကျိုး ဒုက္ခသစ္စာ ဖြစ်ပြန်သည်။ သို့ဆိုလျှင် တဏှာချုပ်ပါက ခန္ဓာ ချုပ်ရပေတော့မည်။ (တဏှာ နိရောဓော နိဗ္ဗာနံ ဘုရား ဟောသည်။ ) [နှာ–၁၄၁] ဒါကြောင့် မဂ္ဂင် အလုပ်ကို လုပ်ပါ။ ခင်ဗျားတို့ ဝမ်းထဲမှာ မဂ္ဂသစ္စာပေါ်လာလျှင် သစ္စာလေးပါး ပေါ်မည်ဟု ဟောရင်း နာရီစေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၆။ ယာယီအိမ်နှင့် အမြဲနေအိမ် (အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်)

[ ၃-၁၀-၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံ၌ ဟောသော တရား ]

မြတ်စွာဘုရားက သတ္တဝါတွေ အမြဲနေအိမ်နှင့် ယာယီနေအိမ် ရှိသည်ဆိုတာကို ဟောထားကြောင်းဖြင့် အစချီလျက် ဤတရားကို ဟောပါသည်။ သတ္တဝါတွေ အမြဲနေအိမ်က အပါယ်လေးပါး ဖြစ်သည်။ လူ့ပြည် နတ်ပြည် သုဂတိဘုံက ယာယီနေအိမ်ဟု မှတ်ရမည် ဆိုသည်။ ဒါကြောင့် ယာယီနေအိမ် လူ့ဘုံမှာ ရောက်နေစဉ် ကိုယ့်အိုး ကိုယ့်အိမ် ကိုယ့်စီးပွားကလေးကို ဟုတ်လှပြီထင်ပြီး တင်းတိမ် မနေသင့်ဟု ဟောသည်။ [နှာ-၁၄၄] မတင်းတိမ်ကောင်းတာနှင့် တင်းတိမ်နေကြတာဟု ဆရာတော်က ဝေဖန်ပြသည်။ 'စတ္တာရော အပါယာ သကဂေဟာသဒိသာ' သဘောကို ရှင်းပြခြင်း ဖြစ်သည်။ ဥပမာမှာ ကောင်းကင်ပေါ်သို့ မြှောက်တင်လိုက်သော ခဲသည် အရှိန်အဟုန် ကုန်လျှင် မြေပေါ်သို့သာ ပြန်ကျပြီး မြေပေါ်မှာသာ အမြဲနေရသည်နှင့် တူပုံကို ပြသည်။ [နှာ-၁၄၅] ဒါကြောင့် ကောင်းကင်ပေါ်မှာ နေရသော အချိန်သည် မြေပေါ်မှာ နေရသော အချိန်နှင့် နှိုင်းစာလျှင် မပြောပလောက်တော့ပါ။ ဒါကြောင့် လူ့ပြည် ရောက်ခိုက် ကိုယ့်ဘဝကိုယ် ကျေနပ် တင်းတိမ်နေပါက အမှားကြီး မှားသွားလိမ့်မည်ဟု သတိပေးထားသည်။ ဘာကြောင့် သတိပေးရသလဲ ဆိုလျှင် နေ့စဉ် ဝမ်းထဲမှာ ငရဲမျိုးစေ့က အညှောင့်ပေါက်နေ၍ ဖြစ်သည်။ ဒိဋ္ဌိ ဝိစိကိစ္ဆာတွေက မရေမတွက်နိုင်အောင် ဖြစ်ပွားနေကြသည်။ ဒါကြောင့် ဆရာတော်က ခန္ဓာအရှိနှင့် ဉာဏ်အသိ ကိုက်အောင် လုပ်ပါဟု တိုက်တွန်းထားသည်။ ခန္ဓာအရှိနှင့် ဉာဏ်အသိ မကိုက်ညီပါက ဒိဋ္ဌိသိနှင့်သာ နေကြရလိမ့်မည်။ ဒိဋ္ဌိ အုပ်ချုပ်သော ကံကလည်း အပါယ် ဇာတိကိုသာ ဖြစ်ပေါ်စေပါလိမ့်မည်။

မလ္လိကာ မိဖုရားကြီး အသဒိသာဒါန လုပ်တာတောင် ဒိဋ္ဌိ မပြုတ်တော့ အပါယ် ကျရပုံကို နမူနာ ပြသည်။ [နှာ-၁၄၉] အပါယ်လေးပုံက အမြဲနေအိမ်၊ လူ့ပြည်မှာ နေရတာက ကောင်းကင်ပေါ် ပစ်လိုက်သော ခဲ တုတ်တို့ အရှိန်သတ်ကာမျှ အချိန်လောက်ပဲ ကြာကြောင်းကို ဟောသည်။ ဒါကြောင့် ယခု လူ့ပြည်မှာ နေခိုက် သာသနာနှင့် ဆရာကောင်း တွေ့ခိုက်မှာ ဝမ်းထဲက ငရဲမျိုးစေ့ကို ဖြုတ်ရမည်။ သို့မှသာ ငရဲပင် မပေါက်တော့ပါ။ မြန်မြန် လုပ်ပါဟုလည်း သတိပေး တိုက်တွန်းသည်။ [နှာ-၁၄၉] ခန္ဓာကြီးက သေမည့်ဘက်သို့ချည်း အသွားမှန်နေသည်။ ရှင်မည့်ဘက်သို့ ပြန်သည် မရှိပါ။ ခန္ဓာ၏ လမ်းစဉ်က သုသာန်သို့ သွားသော လမ်းစဉ်သာ ဖြစ်၏။ ဒါကြောင့် လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏ဟု

ဆုတောင်းခြင်းသည် အကြိမ်ကြိမ် သုသာန်သွားရပါလို၏ဟု ဆုတောင်းခြင်းနှင့် တူကြောင်း ပြသည်။ [နှာ-၁၅၅]

သစ္စာ မသိလို့ လုပ်နေကြတာ ဖြစ်သည်။ သေရာသွားကိစ္စကို မသိတာသည် ဒုက္ခသစ္စာကို မသိခြင်းပင် ဖြစ်သည်။ ရမ်းပြီး ဒုက္ခသစ္စာကို ဆုတောင်းနေကြတာသည် နှလုံးသွင်း မှားခြင်း ဖြစ်ကြောင်းကိုလည်း ထောက်ပြသည်။ [နှာ-၁၅၈] အယောနိသော မနေသိကာရ ဖြစ်နေကြသည်ဟု ဆိုသည်။ နှလုံးသွင်းမှားတာသည် မြေခံနှင့် တူသည်။ အဝိဇ္ဇာက ဤမြေပေါ်မှာ ပေါက်သော မျိုးစေ့နှင့် တူကြောင်းလည်း ရှင်းထားသည်။ မြေကလည်း မြေကြမ်း၊ မျိုးစေ့ကလည်း အဆိပ် ဖြစ်သည်ဟု ဆိုသည်။ [နှာ-၁၆၀] နှလုံးသွင်းမှားသော မြေပေါ် အဝိဇ္ဇာ အဆိပ် မျိုးစေ့ကျတော့ တဏှာရေက လောင်းပေးပြန်သည်။ အဆိပ်ပင်ကြီး ပေါက်လာပေတော့သည်။ ဤသို့သာ နှလုံးသွင်း မှားတိုင်း အဝိဇ္ဇာပင်ကြီး ပေါက်လာရာ တဏှာရေ လောင်းပြန်တော့ သီးလိုက် ပွင့်လိုက် မျိုးပွားလိုက်သာ မဆုံးတမ်း ဖြစ်နေရတော့သည်။ နှလုံးသွင်းမှန်မှ တဏှာရေ မလောင်းမှ အဆိပ်ပင် မပေါက်ဘဲ ရပ်သွားပေတော့မည်။ သမုဒယရှိနေသရွေ့မှာ ဒုက္ခပင်ကြီး ပေါက်နေမည်သာ ဖြစ်ပါသည်။ ဉာဏ်နှား ဖြင့် နာပါဟု ဆိုသည်။ [နှာ-၁၆၄] ဒါကြောင့် ဒီခန္ဓာ အဆိပ်ပင်ကြီး ဓာတ်မသိမ်း သရွေ့ အဆိပ်မျိုးစေ့ကျပြီး အဆိပ်ပင်ကြီး ပေါက်ဦးမည်သာ ဖြစ်၏။ သေပွဲချည်း ဝင်ရပေဦးမည်။ ဒါကြောင့် ဒီအချိန်မှာ ပြုံးချိန် မဟုတ်သေးကြောင်း ဒိဋ္ဌိစိစိကိစ္ဆာ သေပြီး အပါယ်တံခါး ပိတ်ပြီးမှ ပြုံးချိန် ရောက်သည်။ ပြုံးသင့်သည်ဟု ဟောသည်။ မပြုံးသင့်သော အချိန်မှာ ပြုံးလျှင် အရူးပြုံး ပြုံးတာဟု ဆိုသည်။ ဒါကြောင့် ဝိပဿနာအလုပ်ကို မလုပ်ရသေး၍ ဒုက္ခ ချုပ်သော နိဗ္ဗာန်ကြီးကို မမြင်ရသေးလျှင် မပြုံးပါနှင့်ဦးဟု ဆိုသည်။ [နှာ-၁၆၇] ဝိပဿနာ လုပ်ပါ။ လုပ်ရုံ မဟုတ်သေး၊ အဆုံး လိုက်ပါဟု တိုက်တွန်းထားသည်။ စိတ်ထား ပြင်ကြပါဟု ဆုံးမသည်။ နှလုံးသွင်းမှန်သော မြေပေါ်မှာ ဝိဇ္ဇာ မျိုးစေ့ စိုက်ပါ။ သဒ္ဓါရေ လောင်းပါ။ သို့မှသာ ဒုက္ခပေးသော အဆိပ်ပင် သေပါလိမ့်မည်။ ဒါကြောင့် ဖြစ်ပျက် မြင်အောင် ဝိပဿနာ ရှုပါ။ ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို မြင်ပြီဆိုမှ ပြုံးကြပါဟု ဟောသည်။ [နှာ-၁၇၀]

ယခု ဝမ်းထဲ ငရဲမျိုးစေ့ အပြည့်ဖြင့် အဆိပ်သောက်ထားသူက ပြုံးသလို ပြုံးနေလျှင် သေခါနီး အပြုံးဟု ဆိုသည်။ ထို့နောက် စက်ဝိုင်းကြီးကို ပြပြီး ခန္ဓာ အရှိကို ပြသော စက်ဝိုင်းကြီးဟု ဆိုသည်။ ခန္ဓာ အရှိကို ပြထားသော စက်ဝိုင်းကြီး ဖြစ်သောကြောင့် ဤစက်ဝိုင်းသဘောကို သိလျှင် ခန္ဓာကို လုပ်သော

လက်သည်ကို ရှာတွေ့သည်။ ခန္ဓာ လုပ်သော လက်သည်ရော၊ ခန္ဓာရော၊ ခန္ဓာက ပေါက်ဖွားလာသော တရားတွေကိုရော အကုန် သိနိုင်ပေလိမ့်မည်။ အိမ်တွင်းမှာ လှည့်နေသော ပဋိစ္စသမုပ္ပာဒ်ကို ဆက်ပြသည်။ သံသရာက သေမှ လည်သည်။ အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်က အချိန်တိုင်း လည်သည်။ ဒါ မဟာနိဒါနသုတ်၊ သုတ်မဟာဝါ ပါဠိတော်မှာ လာကြောင်း ဟောသည်။ [နှာ–၁၇၂]

အရှင်အာနန္ဒာက ပဋိစ္စသမုပ္ပာဒ် ခက်တယ်ဆိုသော်လည်း သူ့စိတ်ထဲမှာတော့ လွယ်သယောင်ယောင် ရှိကြောင်း ဘုရားကို လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက အာနန္ဒာ၊ မင်း နားမလည်လို့ ပြောတာဆိုပြီး သံသရာ ပဋိစ္စသမုပ္ပာဒ်ကို မဟောဘဲ အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်ကို ဟောတော်မူသည်။ [နှာ–၁၇၃] ထို့နောက် ခန္ဓာမှာ ဝေဒနာ သုံးမျိုး ပေါ်နေပုံ။ ယခု တရားနာနေကြတာ သုခဝေဒနာဖြင့် နာနေကြပုံကို ရှင်းသည်။ တချို့က ဒုက္ခဝေဒနာနှင့် နာသည်။ တချို့က ဥပေက္ခာဝေဒနာနှင့် နာနေခြင်း ဖြစ်သည်။ တရား နာနေတာ ဝေဒနက္ခန္ဓာချည်း ဖြစ်ကြောင်း ပြသည်။ ထို့နောက် နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်ဖို့ တိုက်တွန်းပြန်သည်။ [နှာ–၁၇၈] ထို့နောက် ဝေဒနက္ခန္ဓာကြောင့် အိုစာ နာစာ ရှာရပုံကို ပြသည်။ ကျန်းမာတုန်း စားဖို့ ရှာရသည်။ မမာတော့ ဆေးကုဖို့ ရှာရပြန်သည်။ အိုနာက ဝေဒနက္ခန္ဓာ၊ ရှာရတာက တဏှာ ဖြစ်သည်။ ကိုယ်ထဲမှာတွင်ပဲ ပဋိစ္စသမုပ္ပာဒ် လည်နေသည်။ ပုထုဇဉ်က မရိပ်မိဘူးဟု ဆိုသည်။ အိုစာ နာစာ ရှာနေတာ ပဋိစ္စသမုပ္ပာဒ် လှည့်နေတာ ဖြစ်ပုံကို ပြသည်။ ခန္ဓာထဲမှာ ဝိုင်းနေသည်။ တဏှာကို အကြောင်းခံပြီး ပရိယေသန ရှာမှီးမှု ဖြစ်ပေါ်လာရသည်။ ရှာဖွေမှု ဖြစ်ပေါ်လာသောအခါ ရပ်၍ မရတော့ပါ။ ဒါတွေအားလုံးသည် ခန္ဓာထဲမှာ ဖြစ်နေသည်။ အိမ်တွင်းမှာ ဖြစ်နေသည်။ ဒါကြောင့် ဘုရားက အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်ဟု ဟောသည်။ (အိမ်တွင်း ပဋိစ္စသမုပ္ပာဒ် အကျယ်ကို ရှေ့မှာ ဟောခဲ့ပြီးပြီ)။ ဤတွင် နာရီစေ့၍ တရား ရပ်နားလိုက်သည်။

*

## ၇။ ဝိပဿနာ အလုပ်လေး တရား

[ ၈–၁၀–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

အလုပ်ကို နားလည်အောင် ကြည့်ရမည် အစချီလျက် ဤတရားကို ဟောတော်မူသည်။ အလုပ်ဆိုတာ မိမိခန္ဓာကို ရှုသော သိမှု ဖြစ်သည်။ ခန္ဓာထဲ ကြည့်၊

သိလို့ရှိလျှင် အလုပ်ပဲဟု ဆိုသည်။ [နှာ–၁၈၆] ခန္ဓာထဲမှာ ရှိတာကို မသိသရွေ့ ကာလပတ်လုံး အကန်းပဲဟု ဘုရား ဟောတော်မူသည်။ အကန်း အရူး မပျောက်သေး လျှင်လည်း အို နာ သေ လှည့်ပြေးနေမှာပဲဟု ဆိုသည်။ ဒါကြောင့် ဘုန်းကြီးက လမ်းဖွင့်ပေးပြီး ခန္ဓာကိုယ်ထဲ အရှိနှင့် ဉာဏ်အသိ ကိုက်အောင် လုပ်ပါဟု ဆုံးမ သည်။ [နှာ–၁၈၇]

ယခု ဟောနေတာ အလုပ် လုပ်တတ်ဖို့ အလုပ်ပေး တရား ဖြစ်သည်။ ပင့်ကူကြီး ဥပမာပြု ဟောသည်။ မြင်စိတ် ပေါ်လျှင် မြင်စိတ်ကိုသိ။ ရှိမရှိ ဆင်ခြင်၊ ရှုဉာဏ် ဆင်ခြင်ဉာဏ် (စိတ်) ပေါ်လျှင် မြင်စိတ် မရှိတော့ပါ။ [နှာ–၁၈၈] ဒါကြောင့် မရှိတာက အနိစ္စ၊ သိလိုက်တာက မဂ္ဂ ဖြစ်သွားသည်။ ဒါ ဝိပဿနာ အစစ်ဟုလည်း ထပ်မံ အတည်ပြုထားသည်။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ် အားလုံးကို ဤနည်းအတိုင်း ရှုလျှင် ဝိပဿနာ မဂ် ဖြစ်သည်။ [နှာ–၁၈၉] ဤအတိုင်း ရှုလျှင် ကိုယ့်ခန္ဓာ ပေါ်ပြီး မရှိ ဖြစ်သွားတာ ကိုယ် သိလိုက်သည်။ အနိစ္စနှင့် မဂ္ဂနှင့် ကိုက်သွားပြီ။ ကိုယ့်ခန္ဓာသည် ခဏခဏ အနိစ္စ ရောက်နေ သေနေသော ခန္ဓာ ဖြစ်ကြောင်းကို ကိုယ် သိလာရသည်။ [နှာ–၁၉၀] ဉာဏ်မျက်လုံး မရခင်တုန်းက ခဏခဏ သေသော ခန္ဓာမှန်း မသိသဖြင့် ထိုခန္ဓာကို ရအောင် ဆုတောင်းခဲ့ခြင်း ဖြစ်သည်။ ယခုလို သိလျှင် ထိုခန္ဓာမျိုးကို ရအောင် ဘယ်သူမှ ဆုမတောင်းတော့ပါ။ မလိုချင်တော့ဘူးဆိုလျှင် ခန္ဓာ ရချင်သော တဏှာ သေသည်။ [နှာ–၁၉၀] ဝိပဿနာက ဒုက္ခ သိမ်းပေးခြင်း ဖြစ်သည်။ အမှန်သိလို့ ဤမဂ် ပေါ်ခြင်း ဖြစ်သည်။ ဉာဏ်မျက်လုံးရ၍သာ ဤသို့ သိခြင်း ဖြစ်သည်။ ဝိပဿနာ မရှုသူ၊ ဉာဏ်မျက်လုံး မရသူက ခဏ ခဏ သေနေသည်ဆိုတာကို မသိပါ။ တစ်သက်မှာ တစ်ခါသေကိုပဲ သိပါသည်။ ဒါကြောင့် မဂ်ရတယ်ဆိုတာ ကိုယ့်အသေ ကိုယ် မြင်တာပဲဟု ဆိုသည်။ သေဆိုတာက ဒုက္ခသစ္စာ ဖြစ်သည် (မရဏမ္ပိဒုက္ခံ) အပြင်ညှော်သည်စိတ် ခြောက်ခုက အပြင်က'သေနေကြတာတွေ။ ပြီးနောက် အတွင်း ညှော်သည်စိတ်တွေကို ပြပြန်သည်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ဤစိတ် များလည်း ပေါ်ပြီး ပျောက်ကြသည်။ သေနေကြသည်။ မသေပါနှင့် ဆို၍ မရပါ။ မရတာ သိလျှင် ကိုယ့်ခန္ဓာ အနတ္တ ကိုယ် သိရသည်။ တစ်ခါတလေ လှူချင် တန်းချင်စိတ် (အလောဘစိတ်) လည်း ပေါ်သည်။ တစ်ခါတလေ အဒေါသ စေတနာ မေတ္တာစိတ်လည်း ပေါ်သည်။ ထို့အပြင် သက်စောင့် စိတ်နှစ်ခုလည်း ရှိသည်။ ဝင်လေစိတ် ထွက်လေစိတ် ဖြစ်သည်။ အိမ်ရှင်စိတ် နှစ်စိတ် ဖြစ်သည်။

စိတ်သည် မိမိသန္တာန်မှာ တစ်ခုပြီးမှ တစ်ခု ပေါ်သည်။ ပြုပြီးပူးပြီး မပေါ်ဘူးဟု ဆိုသည်။ [နာ-၁၉၉] ပေါ်လာသမျှ စိတ်တွေကို နောက်က လိုက်ပြီး ရှုပါ၊ ဆင်ခြင်ပါ၊ မရှိတာကို တွေးမည်၊ မရှိတော့မှန်း သိလျှင် မဂ် ဖြစ်တော့မည်။ မဂ်ရချင်လျှင် ဤအတိုင်း တွေးပါဟု ဆိုသည်။ [နာ-၂၀၀]

ဤအတွေးက သက္ကာယဒိဋ္ဌိကို ပြုတ်စေနိုင်သည်။ ဒိဋ္ဌိ သုံးပါး ပြုတ်လျှင် အပါယ် မကျတော့ပါ။ ငါမဟုတ်လို့ ပျက်နေကြတာ သေနေကြတာဟု သိလျှင် သက္ကာယဒိဋ္ဌိ ပြုတ်သည်။ နိုင်တာ မြဲတာ ဘာမှ မပါဟု သိလျှင် သဿတ ဒိဋ္ဌိ လွတ်ပြီ။ ပျက်သွားသော်လည်း ပြတ်သွားတာ မဟုတ်ဘူး။ နောက် ဓမ္မတစ်ခုက အစားထိုးပြီး ပေါ်လာသည်။ အစဉ်မပြတ် ဖြစ်နေသည်ဟု သိလျှင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သည်။ [နာ-၂၀၁] ဤတရားသည် စိတ္တာနုပဿနာ တရား ဖြစ်သည်။ ဤတရားကို ရှုနိုင်းနေခြင်းသည် ငရဲမျိုးစေ့ကို နှင်ထုတ်နေခြင်း ဖြစ်သည် ဆို၏။ ဒိဋ္ဌိ ပယ်နိုင်လျှင် အပါယ်တံခါး ပိတ်ပြီ။ ဒါ အပါယ်လွတ် တရားဟု ဆိုသည်။ အပါယ်တံခါး ပိတ်ပြီးလျှင် ဤအသိဖြင့်ပင် နိဗ္ဗာန်ကို ရောက်နိုင်ပါသေးသည်။

ဘာကြောင့် အပါယ်တံခါး ပိတ်ပါလိမ့်ဆိုလျှင် ဖြစ်ပျက်ကို သိသော မဂ် ဝင်နေ၍ ဖြစ်သည်။ [နာ-၂၀၂] မသိလိုက်တော့ ဘာဖြစ်သလဲ၊ မြင်တယ်၊ နစ်သက်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ ပြုလုပ်တယ်၊ ပဋိစ္စသမုပ္ပာဒ် တန်းသွားပြီ။ ကမ္မဘဝ ဖြစ်သွားတော့ သေသည်၏ အခြားမဲ့၌ အပါယ်ဇာတိ ဖြစ်ပေါ်လာတော့သည်။ မသိလိုက်လို့ ပဋိစ္စသမုပ္ပာဒ် တန်းသွားတာဟု ဆိုသည်။ [နာ-၂၀၄] မဂ်နှင့် သိလိုက်သောအခါ မဂ်က ကိလေသာနှင့် ကံကို ဖြတ်ပစ်သည်။ [နာ-၂၀၅] အသိလိုက်တော့ ဘာဖြစ်သလဲ၊ ဝဋ်သုံးပါး ကျွတ်သည်။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကျွတ်သည်။ [နာ-၂၀၆] မဂ်လိုက်လို့ ဝဋ်ကျွတ်ရသည် ဆို၏။ အတွင်းဒေသသည်စိတ်၊ အပြင်ဒေသသည်စိတ် ပေါ်ရာကို မဂ် လိုက်ပေးရမည်။ ဘာမှ ရှုစရာ မရှိလျှင် ပင့်ကူလိုလုပ်၊ အလယ် ပြန်ထိုင်။ အိမ်ရှင် စိတ်ကို ပြန်ရှုဟု ဆိုသည်။ [နာ-၂၀၈] ထို့နောက် မဂ္ဂင် ငါးပါးအကြောင်းကို ရှင်းပြပြန်သည်။ ဤငါးခုက ရှုဉာဏ်ဖြစ်သည်။ ရှုဉာဏ်နှင့် ရှုလိုက်တော့ စိတ်က သူ့ အနိစ္စ ဖြစ်ကြောင်းကို ပြောသွားသည်။ မိလိန္ဒပဥှာမှာ ဤရှုနည်း လာသည်ဟု ဆိုသည်။ ဤတွင် နာရီစေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၈။ စိတ္တာနုပဿနာ သင်တန်း

[ ၁၁-၁၀-၆၁ နေ့က အမရပူရမြို့ မြောရုံမှာ ဟောသော တရား ]

စိတ္တာနုပဿနာဆိုတာ စိတ်ကို ရှုခြင်း ဖြစ်သည်ဟု အစချီပြီး ဤတရားကို ဟောကြားတော်မူသည်။ ကိုယ့်သန္တာန်မှာ ပေါ်သောစိတ်ကို ရှုရမည်။ ပုထုဇဉ်ဆို တော့ ပုထုဇဉ် စိတ်ပဲ ပေါ်သည်။ ပုထုဇဉ်စိတ်က ၃၇ ခုပဲ ရှိသည်ဟု (ဤတရားတွင်) ဆိုသည်။ ထိုစိတ် ၃၇ ပါးပဲ လှည့်ပေါ်နေသည်။ ထိုစိတ်တွေကို မဂ္ဂင်ငါးပါး (ရှုဉာဏ်) ဖြင့် ရှုကြရသည်။ ထိုဉာဏ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိသော ဉာဏ် ဒုက္ခသစ္စာကို သိသော ဉာဏ် ဖြစ်သည်။ ဤတွင် အရှုခံ (ရှုစရာ) နှင့် ရှုဉာဏ် (ရှုတာ) ကိုက်သွားဖို့ပဲ အရေးကြီးသည်။ [နှာ-၂၁၅] ရှုဉာဏ်နှင့် အရှုခံကြားမှာ တခြား ကိလေသာစိတ်တွေ ကြားခိုလာနိုင်ကြောင်းကို ပြသည်။ ကိလေသာကြားက ခြားလာလျှင် မဂ်ဉာဏ်ရဖို့ အရေး ကြာတတ်သည်။ မဂ္ဂင်ငါးပါး မှ ရှစ်ပါး ဖြစ်ဖို့ရာ နှေးလိမ့်မည်ဟု ဆိုသည်။ [နှာ-၂၁၆] ကိလေသာ ကြားထိုးတာ မဂ် ဖိုလ်ကို တားသော ရန်သူအကြီးဆုံး ဖြစ်သည်။

အရှုခံတရား စိတ်က သူသည် စိတ်လည်း ဖြစ်ပြီး အနိစ္စလည်း ဖြစ်ကြောင်း ကို ပြသွားလိမ့်မည်။ ဖောက်ပြန် ပျက်စီးသွားသော စိတ်သည် အနိစ္စလည်း ဖြစ် သည်။ ဒုက္ခလည်း ဖြစ်သည်။ အနတ္တလည်း ဖြစ်ပါသည်။ ဖြစ်ပျက်ကို မြင်သည် နှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တစ်ပြိုင်နက် မြင်နိုင်သည်။ ဒါ အနိစ္စဉာဏ်ပေါ်ခြင်း ဖြစ်သည် ဆို၏။ [နှာ-၂၁၈] ဝင်လေစိတ် မပေါ်လျှင် ဝင်လေ မဖြစ်၊ ထွက်လေစိတ် မပေါ်လျှင်လည်း ထွက်လေ မဖြစ်ပါ။ ဝင်လေစိတ် ဖြစ်ပျက်ပြီးမှ လေက အတွင်းကို ဝင်လာသည်။ ထွက်လေစိတ် ပေါ်ပျက်ပြီးမှလည်း ထွက်လေက ထွက်လာသည်။ ဝမ်းထဲကို ဉာဏ်နှင့် စိုက်ပြီး စိတ်၏ ဖြစ်ပျက်ကို မြင်အောင် ကြည့်ပါဟု ဆိုသည်။ အိမ်သည် စိတ်နှစ်ခုကို လိုက်နေပါဟု ဆိုသည်။ [နှာ-၂၂၀] ထိုအချိန်တွင် နားထဲမှာ ကြားစိတ် တစ်ခု ပေါ်လာပါက ထိုကြားစိတ် ဖြစ်ပေါ်ပြီး ပျက်ပျောက်သွားတာကို သိအောင် မဂ္ဂင်ဖြင့် ကြည့်ရမည်။ နံစိတ်ပေါ်လာလျှင် နံစိတ် ဖြစ်ပျက်ကို မြင်အောင် ရှုရမည်။ သူလည်း အနိစ္စပဲဆိုတာကို သိရမည်။ ရှုစရာ မရှိဘူးဆိုလျှင် အိမ်ရှင် စိတ် နှစ်ခုကို ပြန်ရှုပါ။ အအား မထားပါနှင့်ဟု ဆိုသည်။ [နှာ-၂၂၁] ဘာစိတ်ပဲ ပေါ်ပေါ် ပေါ်ရာ စိတ်ကို လိုက်ပြီး ရှုပါ။ မပေါ်လျှင် အိမ်ရှင်စိတ်ကို ပြန်ရှုပါ၊ စိတ်သည် မအားတော့ပါ။ မအားတော့လျှင်ဖြင့် ကိလေသာလည်း ကြားမတိုးနိုင် တော့ပါ။ ကိလေသာကြား မတိုးနိုင်လျှင် အချိန်တိုကလေးအတွင်း မှာပင် မဂ်ဉာဏ်

ဖိုလ်ဉာဏ်ကို ရနိုင်သည်ဟု ဟောသည်။ [နှာ-၂၂၂] ဒေါ်သည် (အတွင်း၊ အပြင်) လာလျှင် ဒေါ်သည်စိတ်တွေကို ဖြစ်ပျက် ရှုပါ။ မလာလျှင် အိမ်သည် စိတ်ကို ပြန်ထိုင်ပါ။ ကြားထဲ ကိလေသာ ကြားတိုးစိတ်တွေလည်း ဝင်လာတတ်သည်။ ဝင်လာလျှင် ကြားတိုးစိတ်ကိုလည်း ဖြစ်ပျက်ရှုဟု သင်ကြားသည်။ [နှာ-၂၂၃] ပေါ်သမျှ စိတ်တွေကို ဖြစ်ပျက်ပဲဟု မြင်လျှင် ဘာမှ မပူနှင့်တော့၊ အနိစ္စ ဉာဏ်ရပြီဆိုသည်။ [နှာ-၂၂၄] အနိစ္စဉာဏ်ကြားထဲ ဘာမှ မဝင်လျှင် ထိုသူသည် 'အနိစ္စာနုပဿီ ပုဂ္ဂိုလ်' ဖြစ်ပြီ ဆို၏။ ဘာကြောင့် အပင်ပန်းခံပြီး ဒါတွေ လုပ်နေရသလဲ မေးလျှင် ဖြစ်ပျက်နောက်က မဂ် မလိုက်တတ်သော သူမှာ တဏှာ၊ ဥပါဒါန် ကံ လိုက်သည်။ ပဋိစ္စသမုပ္ပဒ် တန်းတော့သည်။ ဒါ ရှုရမည့် စိတ်ကို မရှုမိလို့ ဖြစ်သည်။ ပဋိစ္စ သမုပ္ပာဒ် သံသရာလည်တရားနှင့်ပဲ အချိန်ကုန်ရတော့သည်။ [နှာ-၂၂၅]

ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်သော စိတ် မလာလျှင် တဏှာ ဥပါဒါန် ကံ ကိလေသာဝဋ် ဖြစ်သည်။ ကိလေသာဝဋ်နောက်က ကမ္မဝဋ် လိုက်သည်။ နောက် ဇာတိ ဇရာ မရဏဆိုသော ဝိပါကဝဋ် ပါလာတော့သည်။ ပေါ်လာသမျှ စိတ်တွေကို ဖြစ်ပျက် ရှုသဖြင့် ဝိပဿနာ မဂ် ဖြစ်နေလျှင် ကိလေသာဝဋ် ပြတ်ပြီ။ ကိလေသာဝဋ် ပြတ်လျှင် ကမ္မဝဋ် ဝိပါကဝဋ်တွေလည်း ပြတ်တော့သည်။ ဒါကြောင့် မဂ် ဝင်နေလျှင် ဝဋ် သုံးပါး ကျွတ်သည်။ ဖြစ်ပျက်ရှုရတာ ဘာကျေးဇူးရှိသလဲဆိုလျှင် ဝဋ်ကျွတ်ခြင်း ကျေးဇူး ရှိသည်ဟု ဖြေရမည်။ [နှာ-၂၂၇] ဒါကြောင့် ဖြစ်ပျက်ရှုသော ပုဂ္ဂိုလ်မှာ ဝဋ်ကျွတ်သည်။ ဒါကို မရှုဘဲနေလျှင် အိမ်ထဲနေရင်းက အပါယ်ကို သွားနိုင်သည်ဟု ဟောထားသည်။ ဒါကြောင့် အပါယ်တံခါး ပိတ်သော အလုပ်ကို မလုပ်တတ်ကြလျှင် အပါယ်သွားတာ နေရာမရွေးဘူးဟု ဆိုသည်။ [နှာ-၂၂၈] ဒါ စိုးရိမ်စရာ ကောင်းလှသည်။ ဘာကြောင့်တုန်းဆိုတော့ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ကြံတိုင်း တွေးတိုင်း အပါယ်ကို သွားနှင့်ချည်း ဖြစ်နေသောကြောင့် ဖြစ်သည်။ ဒါကြောင့် မြင်စိတ်လည်း ဖြစ်ပျက် ရှုရမည်။ ကြားစိတ်၊ နံစိတ်၊ ဘာစိတ်ဖြစ်ဖြစ် ဖြစ်ပျက် ရှုပါ။ မရှုမိပါက နောက်ထပ် ဇာတိသံသရာ လာနေဦးတော့မည်။ ရှုလျှင် သံသရာ ပြတ်သည်။ ကိလေသာရော၊ ကံရော အကုန် ပြတ်သည်။ [နှာ-၂၃၁] ဒါဆို နိဗ္ဗာန်သည် အနီးကလေး ကျန်တော့သည်။ မဂ်နှင့် မပျက်နိုင်လျှင်တော့ နိဗ္ဗာန် ဝေးသေးသည်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် သနားသော ပုဂ္ဂိုလ်သည် ဖြစ်ပျက်နှင့် မဂ် ကိုက်နေအောင် လုပ်ရမည်။ သံသရာကို ဖြတ်တာ၊ ဒုက္ခသစ္စာကို သိသော ဉာဏ်က ဖြတ်သည်။ [နှာ-၂၃၄]

ဖြစ်ပျက်က ဒုက္ခသစ္စာ မြင်တာက မဂ္ဂသစ္စာ၊ ကိလေသာဝဋ် ကမ္မဝဋ် ကျွတ်တာက သမုဒယသစ္စာ သေတာ ဖြစ်သည်။ ဝိပါကဝဋ် ကျွတ်တာက နိဗ္ဗာန်ရတာ ဖြစ်သည်။ ဒါကြောင့် ဤအလုပ်ကို လုပ်ဖြစ်အောင် လုပ်ကြပါဟု တိုက်တွန်းသည်။ အချိန်စေ့၍ တရားကို ရပ်နားသည်။

*

## ၉။ ဉာဏ်အမြင်နှင့် မျက်လုံးအမြင် (ခန္ဓာငါးပါး ဝိပဿနာရှုပုံ)

[ ၁၄-၁၀-၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

ခန္ဓာငါးပါး ရှိတယ်လို့ မှတ်ထားရမယ်ဟု အစချီလျက် ဤတရားကို ဟောတော်မူသည်။ ကိုင်ကြည့်လို့ ရတာက ရူပက္ခန္ဓာ ဖြစ်သည်။ ရုပ်တရား၏ သဘောက ပူလိုက်၊ အေးလိုက်၊ ပိန်လိုက် ဖောင်းလိုက်၊ ဖွဲ့လိုက်၊ ကျဲလိုက်၊ တောင့်လိုက်၊ တင်းလိုက် အမျိုးမျိုး အဖုံဖုံ ဖြစ်သည်။ ထိုသို့ ဖြစ်နေခြင်းသည် ဖောက်ပြန် ပျက်စီးနေတာဟု သိရမည်။ ဝေဒနာက္ခန္ဓာက နာမ်တရား ဖြစ်သည်။ သူလည်း ဖြစ်ပျက်ပဲ ဖြစ်သည်။ ဉာဏ်အမြင် ဖြစ်မှု ပျက်မှု လိုက်နေလျှင် ပြီးသည်။ [နှာ-၂၃၇] ရေစီးသန်သော မြစ်ဆိပ်မှာ ထိုင်ပြီး ကြည့်နေလျှင် အထက်က စီးလာတာလည်း မကြည့်နှင့်၊ အောက်ကို စီးသွားသော ရေကိုလည်း မကြည့်နှင့်၊ မျက်စိအောက်ကို ရောက်လာသော ရေကိုပဲကြည့်ပါ။ ထိုသို့ ကြည့်လျှင် ကြည့်နေသော ရေ မရှိတော့ဘူး၊ မရှိတော့ဘူး။ ခုရေက စောစောက အလျင် ရေမဟုတ်ဘူး။ အလျင်ရေ မဟုတ်ဘူး။ ဒါပဲ သိနေလိမ့်မည်။ မြစ်ရေစီးမှာ အလျင်ရေ မဟုတ်ဘူးဟု သိသလို ခန္ဓာမှာလည်း အလျင်ရုပ်၊ အလျင်နာမ် မဟုတ်ဘူးဟု သိနေရမည်။ ထိုသို့ သိနေလျှင် ဝိပဿနာဉာဏ် အမြင် ဖြစ်နေပြီ။ [နှာ-၂၃၈] ဒါ ဝိပဿနာ ရှုနည်းပဲဟု ဆိုသည်။ ဒါ ဝိပဿနာဉာဏ်ဟု မှတ်ပါ။ ဉာဏ်အမြင်နှင့် မျက်လုံး အမြင် မရောစေနှင့်ဟု သတိပေးထားသည်။ မျက်လုံးအမြင်က နိဗ္ဗာန် မရောက်ဘူး။ ဉာဏ်အမြင်ကမှ နိဗ္ဗာန်ကို ရောက်စေနိုင်သည်။ [နှာ-၂၃၉] ဉာဏ်အမြင်က ဆင်တူမရှိတာကို သိသည်။ မျက်လုံးအမြင်က ဆင်ကွဲ မရှိတာကိုသာ သိသည်။ ဉာဏ်အမြင်ကိုသာ ဘုရား နှစ်သက်တော် မူသည်။ ဉာဏ်အမြင် မနောအမြင်သာ အမှန်ဟု မှတ်ရမည်။ ဖရဲသီးကို ဥပမာပြု ရှင်းသည်။ [နှာ-၂၄၁]

အပေါ်ယံ အခွံစိမ်းကို မျက်စိက မြင်သော်လည်း ဉာဏ်အမြင်က အထဲမှာ အသားရဲပြီး အစေ့မည်းနေတာကို မြင်သည်။ ပဓာနာတိ ဆိုတာ ဉာဏ်ဖြင့် မြင်ပါဟု

ဆိုခြင်း ဖြစ်၏။ ခန္ဓာငါးပါးကို ဉာဏ်နှင့် သိလျှင် အဆင်းလည်း မဖြစ်ဘူး။ အသံလည်း မကြားဘူး။ ခန္ဓာငါးပါးကို ငါ၊ သူတစ်ပါး၊ ယောကျ်ား မိန်းမလည်း မဖြစ်ဘူး။ ဉာဏ်အမြင်က ဖြစ်ပျက် အနိစ္စကိုပဲ မြင်သည်။ [နှာ–၂၄၃] နိဗ္ဗာန် ရောက်မည့် အမြင်က သမ္မာဒိဋ္ဌိအမြင် ဖြစ်ရမည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိနှင့် ပြည့်စုံသော အမြင် ဖြစ်သည်။ သမ္မာဒိဋ္ဌိကို ကျန်သော မဂ္ဂင်လေးပါးက အကူအညီ အထောက်အပံ့ ပေးသည်။ [နှာ–၂၄၅] လက်ဟောင်းကို ကုတ်ခြစ်လိုက်လျှင် မျက်လုံး အမြင်မှာ လက်ဟောင်းပဲ ဖြစ်သည်။ ဉာဏ် အမြင်မှာက နာလည်း နာသည်။ နာတာလည်း ချက်ချင်း ပျောက်သွားပြီ။ မရှိတော့ဘူးဟု မြင်သည်။ ဖြစ်ပျက် အနိစ္စကို ဉာဏ်က မြင်လိုက်ရသည်။ [နှာ–၂၄၆] ဉာဏ်အမြင်က ထိုးထွင်းပြီး မြင်သည်။ ဘုရားက စက္ခုံ ဥဒပါဒိ ဆိုတာ ဉာဏ် မျက်လုံးကို ပြောတာဟု ဆိုသည်။ ဒါကြောင့် ဝိပဿနာ အမြင်သည် ဉာဏ်အမြင်ပါဟု သိရမည်။ ဝိပဿနာရှုသောအခါ ဉာဏ်အမြင် ပေါ်အောင် မျက်လုံးကို ပိတ်ထားရခြင်း ဖြစ်သည်။

ထို့နောက် အင်္ဂုတ္တိုရ်မှာ လာသော မောဠိယသီဝလိဆိုသော ရဟန်းတစ်ပါး ဝတ္ထုကို ဟောသည်။ သူက ဘုရားအား တပည့်တော်ကို ဉာဏ်အမြင် ပြောစမ်းပါ ဘုရားဟု လျှောက်ထားသည်။ ကိုယ်ကိုယ်တိုင် မြင်သော ဉာဏ်အမြင်ကိုသာ လိုချင်ပါသည်။ သူများပြောသော ဉာဏ်အမြင်ကို မလိုချင်ပါဟုလည်း လျှောက်ထားလေသည်။ ထိုအခါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မောဠိယ သီဝလိကို ရှင်းပြသည်။ မိမိ ခန္ဓာထဲမှာ လောဘစိတ်ကလေး စားချင်စိတ်ကလေး ပေါ်လာသည်။ စားချင်စိတ် ပေါ်လည်း ပေါ်ပြီး ခဏကြာတော့ မရှိပြန်ဘူး။ ထိုသို့ စားချင်စိတ် ဖြစ်ပြီး ပျက်သွားတာကို သိခြင်းသည် ဉာဏ်အမြင် ဖြစ်ပုံကို ရှင်းပြထားသည်။ ဒါဖြင့် လောဘစိတ် လာလည်း၊ ပဇာနာတိ သိအောင် လုပ်ပါ။ ဒေါသစိတ်လာလည်း သိအောင် လုပ်ရမည်။ 'သရာဂစိတ္တံ၊ သရာဂစိတ္တန္တိ ပဇာနာတိ၊ သဒေါသစိတ္တံ၊ သဒေါသ စိတ္တန္တိ ပဇာနာတိ ဉာဏ်နှင့်ချည်း သိအောင် လုပ်ဟု ဆိုထားသည်။ ပေါ်သမျှ စိတ်၏ အနိစ္စ (ဖြစ်ပျက်) ကို သိအောင်လုပ်ပါ။ သန္ဒိဋ္ဌိကော ကိုယ်တိုင် မြင်အောင် လုပ်ရမည်။ [နှာ–၂၅၂] ဘာစိတ်ပဲပေါ်ပေါ် ပျက်ပြီးမှသာ သိသည်။ [နှာ–၂၅၃]ဘာကြောင့်တုံး ဆိုတော့ ဖြစ်ပျက်က ရှေ့၊ သိတာက နောက် ဖြစ်သော ကြောင့် ဖြစ်၏။ ဒါကိုယ်တိုင်သိ ဖြစ်သည်။ သန္ဒိဋ္ဌိကော ဖြစ်၏။ တရားနာ အသိနှင့် ဝိပဿနာ အသိ (ခန္ဓာဉာဏ်ရောက် အသိ) သည် ခြားနားသည်။ [နှာ–၂၅၄]

ဒါကြောင့် တရားလည်း နာပါ၊ ကိုယ်တိုင်လည်း သိအောင် လုပ်ပါဟု ဆိုသည်။ [နှာ–၂၅၅] ဤတွင် အချိန်စေ့၍ တရား ရပ်နားသည်။

*

## ၁၀။ ပဋိစ္စသမုပ္ပာဒ်နှင့် ပဋိစ္စသမုပ္ပန္န

[ ၃၁–၁၀–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

ပဋိစ္စသမုပ္ပာဒ်ဆိုတာ ကိုယ့် ခန္ဓာပဲ ဖြစ်ကြောင်းကို ဆိုပါသည် ဟု အစချီပြီး ဤတရားကို ဟောသည်။ ခန္ဓာထဲမှာလည်း အကြောင်းအကျိုးပဲ ရှိသည်။ ဖြစ်ကြောင်း ဖြစ်ကျိုး လည့်နေတာကို အသက်ရှင်နေသည်ဟု ဆိုရသည်။ ဘုန်းကြီးက အသက်ရှင်နေတာကို သက်ဆိုးရှည်နှင့် သက်ကောင်းရှည်ဟု ခွဲခြား ပြောလိုကြောင်း ဟောသည်။ [နှာ–၂၅၈] တဏှာ၊ ဉပါဒါန်နှင့် အသက်ရှင်နေတာသည် သက်ဆိုးရှည် ဖြစ်သည်။ ကံကျတော့ ကောင်းကံနှင့် အသက်ရှည်လျှင် သက်ကောင်းရှည်၊ မကောင်းကံနှင့် အသက်ရှင်လျှင် သက်ဆိုးရှည်ဟု ဆိုနိုင်ကြောင်း ဟောသည်။ ကြားစိတ်ကလေး ပေါ်ပြီးနောက်က ဒေါသ လိုက်လာလျှင်လည်း သက်ဆိုးရှည် ဖြစ်ပြန်သည်။ သောကနှင့် အသက်ရှင်နေရပြန်လျှင်လည်း သက်ဆိုးရှည်ပဲ ဖြစ်သည်။ တစ်ခါတစ်ရံ ပရိဒေဝနှင့် အသက်ရှင်ရပြန်သည်။ ဝိပဿနာ မရှုမိလျှင် သက်ဆိုးရှည် ဖြစ်ပြန်သည်။ စိတ်ပေါ်တိုင်း စိတ်တစ်စိတ်ဖြင့် အသက်ရှင်နေရခြင်း ဖြစ်သည်။ ပထမစိတ်နှင့် အသက်ရှင်ရာက ဒုတိယစိတ် ဖြစ်တော့ ပထမစိတ် ချုပ်သွားပြီ။ ထိုစိတ်များသည် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဥပါယာသတွေ ဖြစ်နေလျှင် သက်ဆိုးရှည် ဖြစ်တော့မည်။ ဒီစိတ်တွေဟာ ဘာလဲဆိုလျှင် ရှေ့စိတ်က ပဋိစ္စသမုပ္ပာဒ်၊ နောက်စိတ်က ပဋိစ္စသမုပ္ပန္န ဖြစ်သည်။ [နှာ–၂၆၁] လူ့ဘဝ အသက်ရှင်တုန်းမှာ မကောင်းစိတ်နှင့် အသက်ရှင်လျှင် သေပါက အပါယ် သွားဖို့ပဲ ရှိတော့သည်။ ဤသို့ သေလျှင် သေခြင်းဆိုး သေသည်ဟုသာ ဆိုရပေမည်။ [နှာ–၂၆၂] သက်ဆိုးရှည်ကို သက်ကြီး ဝါကြီးဆိုပြီး သွားဝတ်ချလိုက်လျှင် လုံ့ဖြင့် ထိုးတာထက် နာသေးသည်ဟု ဆိုသည်။ [နှာ–၂၆၃] ဤ သက်ဆိုးရှည်များမှာ သေလျှင် ရွေးလမ်း မရှိဘူး။ အပါယ်တစ်လမ်းသွားပဲဟုလည်း ပြသည်။ ရောင်းရင်း ဝယ်ရင်း ရှာရင်း ဖွေရင်း ပေါ်သော စိတ်ကို ဖြစ်ပျက် ရှုတတ်ပါမူကား သက်ကောင်းရှည် ဖြစ်နိုင်ကြောင်းလည်း ဟောသည်။ [နှာ–၂၆၄] ဉာဏ်နှင့် အသက်

ရှင်ခြင်း ဖြစ်သွားသည်။ ဉာဏ်နှင့် အသက်ရှင်မှသာ သက်ကောင်းရှည် ဖြစ်နိုင်သည်။ သက်ဆိုးရှည် ဓာတ်သိမ်းသည်။

ထို့နောက် ပဋိစ္စသမုပ္ပာဒ် အကြောင်းကို သတ်လိုက်လျှင် ပဋိစ္စသမုပ္ပန် အကျိုးသေကြောင်းကို ဟောသည်။ [နှာ–၂၆၅] အကြောင်း သတ်တာက မဂ် ဖြစ်သည်။ မဂ်နှင့် အသက်ရှင်ခြင်း ဖြစ်သွားသည်။ ဒါဆို သက်ကောင်းရှည် ဖြစ်ပြီဟု ဆုံးဖြတ်ချက် ချနိုင်ပြီ ဆို၏။

ထို့နောက် သက်ဆိုးရှည်တွေ သေလျှင် အပါယ်သွားကြောင်းကို ဟောသည်။ [နှာ–၂၆၈] ရှေ့က ဖြစ်ပျက်၊ နောက်က မဂ် ဖြစ်လျှင် ရှေ့က ဖြစ်ပျက်တာလည်း သက်ကောင်းရှည်၊ နောက်က မဂ်ကလည်း သက်ကောင်းရှည်ပဲ ဖြစ်သည်။ [နှာ–၂၇၀] ဤနည်းကိုသိလျှင် မိမိဘာသာ သူတော်ကောင်း သူယုတ်မာ ခွဲနိုင်ပြီဟု ဆိုသည်။ [နှာ–၂၇၁]

ထို့နောက် အရောင်းအဝယ်သမား ကုန်သည်တွေကို သက်ဆိုးရှည် ဖြစ်နေကြပုံကို ဟောသည်။ [နှာ–၂၇၃] သက်ဆိုးရှည်သမားက ကမ္ဘာဝ ပစ္စယာ အပါယ်ဓာတိပဲဖြစ်ကြောင်း သိရမည်။ ယနေ့ တရားသည် ဆရာဘုန်းကြီးက သက်ဆိုးရှည် သက်ကောင်းရှည် ရွေးတတ်အောင် မှန်ထောင်ပြသော တရား ဖြစ်သည်ဟု ဆို၏။ [နှာ–၂၇၆] ပုထုဇဉ်တွေက သက်ဆိုးရှည်၊ အရိယာတွေ ဖြစ်ရင် သက်ကောင်းရှည် ဖြစ်ပုံကိုလည်း ဟောသည်။ စိတ် တစ်စိတ်နှင့် အသက် ရှင်နေသည်ဟု သိလျှင် ပုဂ္ဂိုလ် သတ္တဝါစွဲ ပျောက်သည်။ ဒိဋ္ဌိ ကွာပြီ။ ဒိဋ္ဌိကွာသော ဝိပဿနာ ဖြစ်သွားပြီ။ [နှာ–၂၇၈] သက်ကောင်းရှည် သက်ဆိုးရှည် ရွေးချယ်လိုလျှင် ကိုယ့်စိတ်ကို ကိုယ် သိရမည်။ ကိုယ့်စိတ်က အနိစ္စ၊ သိတာက မဂ္ဂ ဖြစ်သည်။ ဒါ ဝိပဿနာ ဖြစ်ပြီ။ မရွေးသော ပုဂ္ဂိုလ်မှာ တစ်နေကုန် နေလျှင်လည်း ဝိပဿနာ လုံးဝ မဖြစ်ပါ။ သက်ကောင်းရှည် ဖြစ်အောင် လုပ်သော စိတ်၊ သက်ဆိုးရှည် ဖြစ်အောင် လုပ်သော စိတ် အားလုံးကို စိတ်ကို ရှုသောသူက သိသည်။ သိအောင် လုပ်တော့ အသိခံက အနိစ္စ ၊ သိဉာဏ်က မဂ္ဂ ဖြစ်တော့သည်။ [နှာ–၂၇၉] မှန်ကြည့်တတ်လို့ ပဋိစ္စသမုပ္ပာဒ် ပြတ်ခြင်း ဖြစ်သည်။ ဒါ ဝိပဿနာဉာဏ်အစစ် ရလို့ ပြတ်တာဟု ဆိုသည်။ ဒါကြောင့် ကိုယ့်စိတ်ကို ကိုယ် ဝေဖန်သောနည်း ဉာဏ်မှန်နှင့်ကြည့်သော နည်းသည် ဘုရား အကြိုက်ဆုံးနည်းပဲဟု ဆိုသည်။ [နှာ–၂၈၁] ဝိပဿနာသည် ကိုယ့်စိတ်ကို ကိုယ်ရှုနေလျှင် ပြီးသည်။ ကိုယ့်စိတ်ကို သိအောင် လုပ်လိုက်တော့ နောက်စိတ်ပေါ်လျှင် ရှေ့စိတ်တွေ ပျက်သွားတာကို သိသည်။ ပျက်သွားတာ

(မရှိတာ) က အနိစ္စ၊ သိလိုက်တာက မဂ္ဂ ဖြစ်သည်။ [နှာ-၂၈၂] ဒါကြောင့် ရာဂဖြစ်လျှင် ရာဂ ဖြစ်မှန်းသိ၊ ဒေါသ ဖြစ်လျှင် ဒေါသ ဖြစ်မှန်း သိနိုင်သည်။ သိလိုက်လျှင် ပဋိစ္စသမုပ္ပါဒ်က မတန်းတော့ဘဲ ပြတ်ထွက် သွားသည်။ [နှာ-၂၈၃] ဘာစိတ်ပဲလာလာ ငါ့ကို နှောင့်ယှက်ဖို့ လာတာ မှတ်မနေနှင့်၊ အားလုံးကို မိတ်ဆွေလုပ်ပြီး ဖြစ်ပျက်သာ ရှုပစ်ပါ။ ကျေးဇူး များပါလိမ့်မည်။ [နှာ-၂၈၆] တရား ရှုစရာ မရှားပါ။ လာသမျှ စိတ်တွေကို ဖြစ်ပျက်ရှုလျှင် တရားချည်း ဖြစ်သည်။ [နှာ-၂၈၈] ( ဤတွင် တရားတစ်ပုဒ် နားသည်။ နောက်တစ်ပုဒ်ကို ရက်စွဲမပါ၊ ခေါင်းစဉ် မပါဘဲ ထပ်ဆင့် ဖော်ပြထားသည်။ [နှာ-၂၈၉] )

တရား နှလုံးသွင်းကြပုံသတိပေးခြင်းဖြင့် စထားသည်။ တရားဆိုတာ ကိုယ့် သန္တာန်ပေါ်သော စိတ်ကို ဆိုခြင်း ဖြစ်ကြောင်း ဟောထားသည်။ တရားက ရှေ့က ပေါ်သောစိတ် ဖြစ်သည်။ နှလုံးသွင်းပါ ဆိုတာက နောက်စိတ်ဖြင့် ရှုဖို့ ဖြစ်သည်။ ရှုစရာကို ရှုတတ်ရသည်။ ရှုတ်နေရုံဖြင့် မပြီးကြောင်း ဟောသည်။ ဝိပဿနာ လုပ်ငန်းမှာ ရှုတ်နေတာ ခရီး မရောက်ဘူးဟု ဆိုသည်။ 'သတော ဘိက္ခဝေ၊ ဘိက္ခု ဝိဟာရေယျ သမ္ပဇာနကာရေ အယံ ခေါ အမှာကံ၊ အနုသာသနီ' ဟု မြတ်စွာဘုရား ဟောတော်မူသည်။ ရဟန်းတို့ သတော ရှေ့က ဖြစ်သော စိတ်ကို သတိရှိသည် ဖြစ်၍ သမ္ပဇာနကာရေ နောက်က ပညာဖြင့် ရှုသည် ဖြစ်၍ ဝိဟာရေယျ နေပါဟု အနက် ရသည်။ ဤသို့ ရှေ့စိတ်ကို နောက်စိတ်ဖြင့် ရှုနေခြင်းသည် ခေါတုမှာကံ သင်ချစ်သားတို့အား အမှာကံ ငါဘုရား၏ အနုသာ သနီ အကြီးဆုံး အဆုံးအမပေတည်း ဟူလို။

သတိထားပြီး ပညာနှင့် ရှုပါဆိုသော သဘော ဖြစ်၏။ သင်္ခါရ တရားတို့ သည် ဖြစ်ပြီးနောက် ပျက်ခြင်း သဘော ရှိကြကုန်၏။ သင်္ခါရတရား၊ ပြုပြင်၍ ဖြစ်သော တရားမို့ ဖြစ်ပြီး ပျက်ရသည်။ [နှာ-၂၉၃] ဒါကြောင့် သင်္ခါရနယ်က လွတ်ပြီး အသင်္ခတနယ်ကို ကူးကြပါဟု တိုက်တွန်းထားသည်။ ဘာနှင့် သွားမလဲ ဆိုလျှင် မဂ္ဂင်ရထားနှင့် သွားရမည်။ ပြုပြင်ခြင်း ကင်းသော နေရာသည် နိဗ္ဗာန် ဖြစ်သည်၊ သင်္ခါရတရားတိုင်း ပျက်တတ်တာကို မြင်အောင် မဂ်ဏ္ဍ ကြည့်ပေး၊ ကြည့်ရင်း သင်္ခါရတရားတွေကို မုန်းလာလိမ့်မည်။ နောက်ကျတော့ သင်္ခါရ တရားတွေကို မလိုချင်တော့ပါ။ မလိုချင်လျှင် သင်္ခါရညာဏ် ဆုံးလိမ့်မည်။ သင်္ခါရ အဆုံးမှာ အသင်္ခတ နိဗ္ဗာန် ပေါ်သည်။ [နှာ-၂၉၇] ဒါဖြင့် အသင်္ခတကို ရောက်ချင် လျှင် သင်္ခါရကို မုန်းရမည်။ သင်္ခတ ဖြစ်ပျက်မြင်၊ သင်္ခတ ဖြစ်ပျက်မုန်း၊ သင်္ခတ

ဖြစ်ပျက်ဆုံးမှ အသစ်တသို့ ရောက်သည်။ သက်ဆိုး ရှည်လား၊ သက်ကောင်း ရှည်လား သိဖို့ရာလည်း နောက်က မင်္ဂလိုက်လျှင် သက်ကောင်းရှည်၊ မင်္ဂမလိုက်လျှင် သက်ဆိုးရှည်ဟု ခွဲခြား သိရမည်။ [နှာ–၂၉၈] အဖိုးတန်သော အချိန်နှင့် အဖိုး မတန်သော အချိန် ခွဲရန်မှာ မင်္ဂလိုက်သော အချိန် အဖိုးတန်သည်။ မင်္ဂမလိုက်သော အချိန် အဖိုးမတန်ဟု ဆုံးဖြတ်ရမည်။ မင်္ဂစိတ်နှင့် ယှဉ်၍နေသော အချိန်သည် အရိယာ အချိန် ဖြစ်သည်။ နက်ဖြန် မလွဲသာသော ကိစ္စဖြင့် မိုးကုတ် သွားစရာ ရှိသဖြင့် တရားပွဲ နားထားဦးမည်ဆို၍ တရားကို ရပ်နားလိုက်သည်။

*

## ၁၁။ ကလျာဏ မိတ္တကြောင့် လုံးလုံး နိဗ္ဗာန် ရကြောင်း

[ ၁၀–၁၁–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

အတိတ်အကြောင်းခြင်းရာ ငါးပါးဆိုတာ သိကြရဲ့လား အစချီပြီး ဤတရားကို ဟောသည်။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အတိတ်ဘဝများစွာက မိမိတို့ သန္တာန်မှာ ကိန်းအောင်းခဲ့သော တရားများဟု မှတ်ရမည်။ အဝိဇ္ဇာဆိုတာ သစ္စာကို မသိတာ၊ သင်္ခါရဆိုတာက ပြုလုပ်တာ တရားကိုယ် ကောက်လိုက်တော့ ကုသိုလ်၊ အကုသိုလ်၊ စေတနာ ဖြစ်သည်။ အဝိဇ္ဇာ သင်္ခါရဆိုသောကြောင့် မသိလို့ လုပ်ခဲ့ကြခြင်း ဖြစ်သည်။ မသိလို့ လုပ်ရုံမကဘူး။ သာယာနှစ်သက်သော တဏှာကလည်း ပါသေးသည်။ တဏှာအပြင် စွဲလမ်းတတ်သော ဥပါဒါန်လည်း ပါသည်။ ဘဝဆိုတာက ကမ္မဘဝကို ယူရမည်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ဖြစ်သည်။ ဒါ အတိတ် အကြောင်းခြင်းရာ ငါးပါး ဖြစ်သည်။ [နှာ–၃၀၃]

ထို အကြောင်းခြင်းရာ ငါးပါးသည် ကိလေသဝဋ်နှင့် ကမ္မဝဋ်ကို ပြတာ ဖြစ်သည်။ အတိတ်က ကံကုန်လို့စုတိ စိတ်ကလေး ကျတော့ ပစ္စုပ္ပန်မှာ အကျိုး ခြင်းရာ ငါးပါး ဆက်စပ်ပြီး ဖြစ်သည်။ ၁ အကွက်နှင့် ၂ အကွက် ဆက်စပ် သွားသည်။ ပစ္စုပ္ပန် ၂ အကွက်မှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပေါ်သည်။ ခန္ဓာဖွဲ့လိုက်တော့ ခန္ဓာငါးပါး ရသည်။ ဝိညာဏ်ဆိုတာက ပဋိသန္ဓေစိတ်ကို ဆိုခြင်း ဖြစ်သည်။ နာမ်ရုပ်မှာ ရုပ် ၂၈၊ နာမ် စေတသိက် ၅၂။ သဠာယတနက အာရုံ ဒွါရ ခြောက်ခု၊ မျက်လုံး၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော (စိတ်) ဖြစ်သည်။ ဖဿ၊ ဝေဒနာ ပေါင်းလိုက်တော့ ခန္ဓာ ငါးပါးရသည်။ [နှာ–၃၀၆]

ပစ္စုပ္ပန်ဘဝမှာ ပုဂ္ဂိုလ် သတ္တဝါ မပေါ်ပါဘူး။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပဲ ပေါ်သည်။ ဤတွင် အတိတ်နှင့် ပစ္စုပ္ပန် ဆက်စပ်သွားပြီ။ ဒါ အဝိုင်းပြေး စတာပဲ ဖြစ်သည် ဆို၏။ အတိတ်က ကိလေသဝဋ်၊ ကမ္မဝဋ်တွေ လုပ်ခဲ့သည့်အတွက် ပစ္စုပ္ပန်မှာ ဝိပါကဝဋ် အကျိုးကို ရခြင်း ဖြစ်သည်။ ဒါခန္ဓာ ပဋိစ္စသမုပ္ပါဒ်တန်းသွားပုံ ဖြစ်သည်။ သစ္စာဖွဲ့လိုက်တော့ အတိတ် အကြောင်းတွေက သမုဒယသစ္စာတွေ၊ ပစ္စုပ္ပန် အကျိုးတွေက ဒုက္ခသစ္စာတွေ ဖြစ်သည်။ ဒုက္ခသစ္စာ ရထားသောကြောင့် ရှုခိုင်းလျှင်လည်း ဒုက္ခသစ္စာပဲ ရှုနိုင်းရမည်ဟု ဆိုသည်။ သမုဒယ ရင်းလို့ ဒုက္ခ အမြတ် ထွက်ခဲ့ကြသည်။ အတိတ်ကလည်း လူမိုက်၊ ခုလည်း မလိမ္မာသေးဟု ဆိုသည်။ [နာ၁-၃၁၁] သမုဒယသစ္စာသည် ပယ်ရမည့် တရား ဖြစ်သည်။ ရအောင် လုပ်ရသော တရား မဟုတ်ပါဘဲ ကြိုးစားခဲ့ကြသည်။ ခုလည်း ဒုက္ခသစ္စာ ရထားသည်။ သို့သော် ဒုက္ခသစ္စာ ရထားမှန်း မသိတော့။ ထပ်ပြီး မိုက်ပြန်သည်။ သမုဒယတွေချည်း ထပ်လုပ်နေကြသည်။ ဒါ ကိုယ့်ခန္ဓာ ဖြစ်စဉ်ကို ဘုရားဟောခြင်း ဖြစ်သည်ဟု ဆိုသည်။ [နာ၁-၃၁၁] ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတာက ဒုက္ခ ငါးခု ဖြစ်သည်။ ဒီငါးခုနှင့်ချည်း နေရသည်။ ဒါဝိပါက ဝဋ် ဖြစ်သည်။ [နာ၁-၃၁၄]

အတိတ်သမုဒယနှင့် ပစ္စုပ္ပန်ဒုက္ခ ခန္ဓာ စပ်လိုက်တော့ မီးနှင့် ထင်း တွေ့ကြပြီဟု ဆိုသည်။ လောင်တော့မည်။ ဤနေရာတွင် ဆရာသမား မကူလျှင် သံသရာ အဝိုင်း ပြေးတော့မည်။ ပစ္စုပ္ပန် ခန္ဓာ ငါးပါး ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာက ဘာတွေ လုပ်နေသလဲဆိုလျှင် တဏှာ၊ ဥပါဒါန်၊ ကံတွေကို လုပ်နေသည်။ အဝိဇ္ဇာ သင်္ခါရတွေ လုပ်နေသည်။ ပစ္စုပ္ပန် ခန္ဓာကြီးက အနာဂတ် အကျိုးခြင်းရာ ငါးပါး သီးပွင့်လာသည်။ (တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရတွေ) ဒုက္ခသစ္စာကြီး ရထားသည့် အထဲက သမုဒယ အသီးတွေ သီးလာတာ ဖြစ်သည်။ လူတွေက မဇ္ဈိမပဋိပဒါလမ်းကို မလိုက်ဘူး။ ကာမ သုခလ္လိက နုယောဂ လမ်းပဲ လိုက်ကြပုံကို ပြသည်။ [နာ၁-၃၂၁] ဝေဒနာ ပစ္စယာ တဏှာချည်း လုပ်ကြသည်။ လွတ်မြောက်ကြောင်း မဂ္ဂသစ္စာလည်း မပါ၊ လွတ်မြောက်ကျိုး နိရောဓ သစ္စာလည်း မပါဟု ဆိုသည်။ [နာ၁-၃၂၄]

ထို့နောက် ပဋိစ္စသမုပ္ပါဒ် လှည့်ပုံ သံသရာလည်ပုံကို ပြသည်။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝကနေပြီး အဝိဇ္ဇာ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန လှည့်ပုံကို ပြသည်။ [နာ၁-၃၂၅] ဒီ ပဋိစ္စသမုပ္ပါဒ် အစဉ်ကြားထဲမှာ ဘုရားပွင့်နိုင်

သော နေရာ မပါဘူးဟု ထောက်ပြသည်။ ပဋိစ္စသမုပ္ပါဒ် လည်ပုံကို နားလည်လိုက်လျှင် ဝဋ်လည်ပုံကို သိသည်။ ဒိဋ္ဌိ ပြုတ်တာလည်း သိသည်။ အကြောင်းအကျိုး တွေသာ ဆက်စပ်ပြီး ဖြစ်နေခြင်း သဘော သိသဖြင့် သိကြား အလျှာ၊ ဘုရားဖြဟ္မာ ဖန်းဆင်းတာ မဟုတ်ကြောင်းလည်း သိသည်။ ဒါကို နားလည်သဖြင့် ဒိဋ္ဌိလည်း ပြုတ်၊ ဝိစိကိစ္ဆာလည်း ပယ်နိုင်ပြီ ဖြစ်သည်။ [နာ-၃၂၆] ဒိဋ္ဌိ ပြုတ်တာ တရား အစပဲဟု ဆိုသည်။ ဒီက စမှ တရားအစဉ် မှန်သည်ဟု ဆိုသည်။ ခန္ဓာ၊ အာယတန၊ ဓာတ်တို့၏ မပြတ်လည်ရာ သံသရာ ဖြစ်သည်။ သံသရာထဲ လှည့်နေကြတာ ထွက်ပေါက် မရှိပါ။ ယခုမှ ဆရာသမားက သံသရာ ထွက်ပေါက် ပြမည်ဟု ဆိုသည်။ [နာ-၃၃၁] ဘုရား ပရိနိဗ္ဗာန်စံသွားပြီး နောက်တွင် ဘုရား ဟောသောအတိုင်း ပြတတ်သော ကလျာဏမိတ္တနှင့် တွေ့မှ သံသရာ ထွက်ပေါက်ကို တွေ့မည် ဖြစ်သည်။ ကလျာဏ မိတ္တနှင့် ဆုံမှ သံသရာ ဆုံးသည်။

ထို့နောက် ကလျာဏမိတ္တ အရေးပါပုံကို ဟောသည်။ အရှင် အာနန္ဒာက ကလျာဏ မိတ္တ ဘယ်လောက် ကျေးဇူးများသလဲ မေးတာကို ထက်ဝက်လောက် တော့ များပါတယ်ဘုရားဟု ဖြေသည်။ သူက သာဝကဉာဏ်နှင့် ဖြေသည်ကို မြတ်စွာဘုရားက အာနန္ဒာ မဟုတ်ဘူး။ ကလျာဏမိတ္တသည် လုံးလုံး ရာနှုန်းပြည့် အရေးကြီးသည်ဟု ဟောတော် မူလေသည်။ [နာ-၃၃၃]

ထို့နောက် ပုထုဇဉ် ဘဝ တစ်သံသရာလုံး ထင်းနှင့် မီး လောင်လျက်ချည်း သာ ဖြစ်ခဲ့ကြပုံကို ပြသည်။ မီးငြိမ်းပေးမည့် ပုဂ္ဂိုလ်ကို မတွေ့ခဲ့ကြရပါ။ ဒါကြောင့် တာပတ်မြင်းလို အဝိုင်းထဲမှာပဲ လည်နေခဲ့ရသည်ဟု ဆိုသည်။ ထို့နောက် အကွက် ၂ နှင့် ၃ ကြားထဲက မြားကလေး နှစ်ခုကို ပြသည်။ ဝေဒနာ ပစ္စယာ တဏှာ ပစ္စယော ပဋိစ္စသမုပ္ပါဒ်လည်လမ်းကို ပြသော မြား၊ နောက်တစ်ခုက ဝေဒနာ နိရောဓာ၊ တဏှာ နိရောဓောကို ပြသော ပဋိစ္စသမုပ္ပါဒ် ထွက်လမ်းပြ မြား ဖြစ် သည်။ ဤတွင် ၂ ကနေ ၃ ထိ မသွားဘဲ ၂ ကွက်က နိဗ္ဗာန်ကို ကူးနိုင်ပုံကို ဟောသည်။ ဤနေရာမှာ ဝေဒနာကို ဖြစ်ပျက်ရှုရလိမ့်မည်ဟု ဆိုသည်။ စိတ်ပေါ် စိတ်ကို ရှု၊ ဘဝင်စိတ်ကို ရှုတတ်လျှင်လည်း ရသည်ဟု ဆိုသည်။ [နာ-၃၃၈]

ထို့နောက် သတိပဋ္ဌာန် လေးမျိုး ပြားကို ထပ်ဟောသည်။ သတိပဋ္ဌာန် ၄ ပါး တစ်ပါးပါးရှု၊ နိဗ္ဗာန် ရောက်သည်။ ထို့နောက် ပုထုဇဉ်စိတ် ၃၇ ပါးပဲ ရပုံကို ဟောသည်။ ကိုယ့်သန္တာန်ပေါ်ရာ စိတ်ကို ရှုပါ။ ပေါ်တာက ဖြစ်ပျက်၊ ရှုတာက မဂ်ဆိုတော့ ၂ နှင့် ၃ အဆက် ပြတ်ထွက်သွားသည်။ ဝေဒနာနှင့် တဏှာ

အဆက်ပြတ်သွားသည်။ စိတ်နှင့် ဝေဒနာသည် ဆက်စပ်နေသည်။ ဒါကြောင့် တစ်ခုရှုလျှင် တစ်ခု ပါလာမြဲဖြစ်သည်။ ဒါကြောင့် ဝေဒနာရှုလည်း မဂ်က အဆက်ပြတ်သည်။ စိတ်ကို ရှုလည်း ပြတ်သည်။ [နှာ-၃၄၂] ဒီအဆက်ကလေးကို မပြတ်နိုင်လျှင် ဝေဒနာ ပစ္စယာတဏှာ ဖြစ်ပြီး သံသရာ လည်ဦးတော့မည်။ [နှာ-၃၄၃] ပြီးမှ ဆရာတော်က အလုပ်သဘောကို ပြသည်။ အာနာပါနကို နာရီဝက်လောက် ထူထောင်ပါ။ ပြီးနောက် စိတ်ပေါ်လျှင် စိတ်ကို ရှု၊ ဝေဒနာပေါ်လျှင် ဝေဒနာကို ရှုပါဟု ဆိုသည်။ ဟောရင်း အချိန်စေ့သည်။ တရားကို ရပ်နားလိုက်၏။

*

## ၁၂။ တဏှာရေထဲ မမျောပါနှင့်

[ ၁၄-၁၁-၆၀ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

ဒကာ ဒကာမတွေကို သတိပေးခန်းကို ရှေ့ပိုင်းမှာ နည်းနည်း ပြောမယ် အစချီပြီး ဤတရားကို ဟောပါသည်။ သတိပေးခန်းက ဘာလဲဆိုတော့ ဒကာ ဒကာမတွေ အခု သားရေး၊ သမီးရေး၊ ဆွေရေး မျိုးရေးဆိုသော တဏှာရေထဲမှာ မျောနေသည်။ တဏှာရေဆိုတာ ကာမောဃ ဖြစ်သည်။ [နှာ-၃၄၅] ကာမ+ဩဃ= ကာမဂုဏ် ရေထဲ မျောနေကြသည်ဟုလို။ ဝဲထဲက သစ်ရွက်ကလေးလိုပဲ မျောပြီးလျှင် အပါယ်လေးပါးမှာ မြုပ်တော့မည်။ ကာမောဃထဲ မျောသော အလုပ်ချည်း လုပ်နေလျှင် မြုပ်ဦးမှာပဲဟု ဆိုသည်။ တစ်ခုခု လုပ်မည် ကြံလျှင် ၊ သွားမည် ကြံလျှင် အရေးကြီးတဲ့ ကိစ္စလား၊ တဏှာမျောလို့ မျောရတာလား ဆင်ခြင်ပါဟု ဆိုသည်။ ပါးစပ်က အာသဝေါကုန်ရာ ရောက်ရပါလို၏ဆိုပြီး အလုပ်က အမျောပဲ လုပ်နေလျှင် ပါးစပ်က အပြော၊ အလုပ်က အမျော ဖြစ်နေသည်ဟု ဝေဖန်ပြသည်။ [နှာ-၃၄၇] တရားနာချိန် တရားအားထုတ်ချိန်ကလေးပဲ အမျောသမား၊ အမြုပ်သမား ဘဝက ရပ်သော အချိန် ဖြစ်သည်။ တဏှာက လုပ်မစားရတော့ဘူးလားဟု ရှေ့နေ လိုက်ခိုင်းလိမ့်မည်။ ထိုအခါ တဏှာရေ မင်းခိုင်းလို့ သံသရာကြောမှာ မျောခဲ့ရပေါင်းလည်း များလှပြီ။ ဒီတစ်ခါတော့ မင်းကို အပြတ် တော်လှန်တော့မည်ဟု ပြောပါ ဆိုသည်။ [နှာ-၃၅၀] တဏှာကို အပြတ် ဖြတ်ဖို့ ဖြစ်ပျက်နှင့် မဂ်ကိုက်အောင် လုပ်နိုင်မှသာ လူချမ်းသာ ဖြစ်သည်။ လူချမ်းသာ ဖြစ်ချင်လျှင် တဏှာကို နိုင်အောင် လုပ်ပါဟု တိုက်တွန်းထားသည်။

ထို့နောက် လူ့ဘဝ ရခဲကြောင်းကို လိပ်ကန်း ထမ်းပိုးပေါက် ဥပမာကို ပြန်ပြောသည်။ ရခဲလှသော လူ့ဘဝမှာ မျှောလမ်းက လွတ်ဖို့ကို မကြံဘဲ သားရေး သမီးရေး စီးပွားရေးနှင့် မျှောဖို့ချည်း လုပ်နေလျှင် လူဖြစ် ရှုံးရတော့မည်။ လူ့ဘဝကို ကိုယ်က အလွဲသုံးစားသလို ဖြစ်နေသည်။ ရထားသော ဘဝသည် ဒုက္ခသစ္စာမှန်း မသိတော့၊ လုပ်စားရမှာပဲ၊ အိမ်ထောင် ပြုရမှာပဲ၊ သားသမီး မွေးရမှာပဲ၊ မွေးထား တော့ ကျွေးရမှာပဲ၊ ဒါပဲ အသိဉာဏ်မှာ ပေါ်သည်၊ အပါယ်ငရဲက တက်လာတုန်း ကတော့ လူချမ်းသာ ဖြစ်အောင် လုပ်ဖို့ပဲ။ လုပ်တော့ ဆင်းရဲမည့် အလုပ်ချည်း လုပ်ပြီး ထိုအလုပ်နှင့် ပျော်နေတော့သည်။ လုပ်မှ စားရသော ဘဝမှာ ဘယ်သူ လူချမ်းသာ ဖြစ်မလဲဟု မေးထားသည်။ လူချမ်းသာ မဖြစ်ဘဲ ဆင်းရဲနေတာတောင် ဆင်းရဲမှန်းမသိကြဘူးဟု ဟောသည်။ [နှာ-၃၅၂] အပါယ်ငရဲက ရခဲသော လူ့ဘဝ ကို ရောက်လာစဉ် ဒီဘဝထက် သာလွန် မြင့်မြတ်သော နိဗ္ဗာန်ကို အရယူမည်ဟု စိတ်မကူးဘဲ ပတ်ဝန်းကျင် ကာမဂုဏ် အာရုံတွေ လှည့်စားတာပါပြီး ခေါင်ချော စိုင်းပြီး ကာမောဃထဲ မျှောသွားတော့သည်။ မရစဖူး အရထူးသော ဤလူ့ဘဝသည် နိဗ္ဗာန်ကို ကူးနိုင်သော ဘဝ ဖြစ်သည်။ လူ့ဘဝရခိုက်မှာသစ္စာတရား ပဋိစ္စသမုပ္ပါဒ် တရားတွေ ပါသော သာသနာကြီးလည်း မကွယ်သေး၊ ဆရာကောင်းသမားကောင်း လည်း ရှိသေးသည်။ ဤသို့သော အခါကောင်း အခွင့်ကောင်း ကြုံတုန်းမှာ ပတ်ဝန်းကျင် နိပ်စက်လို့ အမြုပ်ကြီး မြုပ်ရသည်ဆိုလျှင် နစ်နာလွန်းကြောင်းကို ဟောသည်။ ဒါကြောင့် ထွက်ရပ်လမ်း အလုပ်ကို လုပ်ပါတော့မည်ဟု စိတ်ကို သန်သန်မာမာ ထားပြီး လုပ်ပါဟု တိုက်တွန်းသည်။ ကိုယ် အရေးမကြီးခင်မှာ ပတ်ဝန်းကျင် အရေးတွေ ဝင်မရှုပ်ပါနှင့်၊ ကိုယ့်အရေးပြီးတော့ ပခုံးပေါ်က မချဘဲ လုပ်ချင် လုပ်ပါဟု တိုက်တွန်းထားသည်။ [နှာ-၃၅၆] ကိုယ့်အရေးကို ရှေ့ထား ပါ။ သားရေးသမီးရေး စီးပွားရေးကို နောက်ထားပါဟုလည်း ဆုံးမသည်။ ရှေ့ နောက် မလွဲပါစေနှင့်ဟု ဆိုသည်။ လူတွေက ပြောင်းပြန် လုပ်နေကြသည်။ သူတော်ကောင်း ဖြစ်ရေးကို နောက်ထားပြီး သားရေးသမီးရေးကို ရှေ့ထားနေ ကြသည်။ ကံမွဲ၊ ဉာဏ်မွဲချိန်ကျမှ ဆရာသမားဆီ လာတော့ ဖြစ်ပျက်တောင် မမြင်တော့ဘူး။ သူများက ဖြစ်ပျက် မှန်းပြီ၊ ကိုယ်က မမှန်းဘဲ ဖြစ်နေသည်။ ကိုယ့်မှာ မှန်းဉာဏ်က မလာဘူး။ ဘာဖြစ်လို့ မလာပါလိမ့်၊ ရှေ့နောက် လွဲနေလို့ ဟု ဆိုသည်။ ဖြစ်ပျက်ဆုံး နိဗ္ဗာန်ဟု ဘုရားက ဟောပါလျက် ကိုယ်က မဖြစ်တာ ဘာကြောင့်လဲဆိုလျှင် ကံမွဲ ဉာဏ်မွဲချိန်ကျမှ လုပ်လို့ဟု ဆိုသည်။ [နှာ-၃၆၀]

ကံကောင်း ဉာဏ်ကောင်းသော အချိန်တွေကို တဏှာထဲ မျောစဉ်က သုံးပစ်ခဲ့ကြသည်။ ကံမဲ့ ဉာဏ်မဲ့ချိန်ကျမှ တရား အလုပ်ကို လုပ်ကြသည်ဟု ဝေဖန်ပြသည်။ ဒါကြောင့် အရင် နေထိုင်ခဲ့သော မှုတွေကို အမြန် ဖျက်ပစ်ပါဟု ဆိုသည်။ ဝိပဿနာ ပညာကို ငယ်စဉ်အခါမှာ ရှာပါ။ ကံကောင်း ဉာဏ်ကောင်းတုန်းမှာ လုပ်ပါဟု အကြိမ်ကြိမ် တိုက်တွန်းသည်။ ဆရာတော်က လူငယ် ကံကောင်း ဉာဏ်ကောင်းတွေရော လူကြီးတွေကို အတုမခိုးကြနှင့်ဟု ဆုံးမသည်။ [နာ–၃၆၂] တရားရအောင် အသေလွတ်အောင် အရင် လုပ်ပါ။ ပြီးမှ သားရေးသမီးရေး စီးပွားရေးကို လုပ်ပါဟု တိုက်တွန်းတော်မူသည်။ မူပြောင်းဖို့ ဟောခြင်း ဖြစ်သည်။

ထို့နောက် အလုပ်စဉ်ကို ပြသည်။ ထိုင်ချင်ရာ နေရာထိုင်ပြီး ပထမ ဝင်လေသိ ထွက်လေသိ အာနာပါနကို လုပ်ပုံ လုပ်နည်း သင်သည်။ ဒါဟာ သမထကို မတည်လိုက်တာဟုလည်း တိတိကျကျ ဆိုသည်။ [နာ–၃၆၃] သမထကို မူတည်ပြီး သမထနှင့် နိဗ္ဗာန် မသွားနိုင်သောကြောင့် ဝိပဿနာဘက်ကို ကူးရမည်ဟု ဆိုသည်။ သမာဓိ ရလာပြီဆိုတော့ ခန္ဓာမှာ ပေါ်ရာကို ဖြစ်ပျက် လိုက်ရမည်။ ခန္ဓာမှာ ဖောက်ပြန်လာတာတွေကို ဉာဏ်ဖြင့် လိုက်ရမည်ဟု ဆိုသည်။ အာနာပါနကို ဖြုတ်ပြီး ဖောက်ပြန်သော နေရာကို ဉာဏ်ဖြင့် လိုက်ကာ ဖောက်ပြန်တာက ဒုက္ခသစ္စာ၊ သိလိုက်တာက မဂ္ဂသစ္စာ ဖြစ်သွားတော့သည်။ [နာ–၃၆၅] ဖောက်ပြန်လာတာတွေသည် ဖြစ်ပြီး ပျက်တာချည်း ဖြစ်သည်။ ထိုဖြစ်ပျက်ကို မြင်အောင် ကြည့်ရမည်။ ရုပ်ပေါ် ရုပ်ရှု၊ စိတ်ပေါ် စိတ်ရှု၊ ဝေဒနာပေါ် ဝေဒနာရှုဟု ဆိုသည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ ဖြစ်သည်။ ထိုသို့ချည်း ကြည့်နေလျှင် တစ်ကိုယ်လုံး ဒုက္ခသစ္စာချည်းသာ တွေ့မည်။ သမာဓိ ရှိပြီး ဉာဏ်ထက်လာတော့ တစ်ကိုယ်လုံး ပေါ်လာသည်ကို တွေ့မြင်ရတော့သည်။ ကိုယ်၏ သဘောက ဒုက္ခသစ္စာချည်းပါလားဟု သိသွားသည်။ (ကာယေသဘာဝံ ဝိဒိတွာန) ဖောက်ပြန်သော နေရာတိုင်းကို ဉာဏ် လှည့်လိုက်ပါ။ ပထမ အာနာပါနကို မူတည်။ ခန္ဓာက ဖောက်ပြန်တာ ပြလာတော့ ဉာဏ်က လိုက်။ သမာဓိ ကျဲသွားပြန်တော့ သမာဓိကို ပြန်ထူထောင်ပါ။ ဒါ အလုပ်စဉ်ပေးခြင်း ဖြစ်သည်။ ခန္ဓာကိုယ်ကြီး တစ်ခုလုံးဟာ ရှုရင်း ဒုက္ခသစ္စာချည်းပဲဟု သိမြင်လာပါက ဓမ္မာနုပဿနာ ဖြစ်သွားသည်။ [နာ–၃၆၇]

ဤတွင်လည်းပင့်ကူ ဥပမာကို ပြသည်။ ရှုစရာ မရှိလျှင် အလယ်မှာ ပြန်ထိုင်၊ နှာသီးဖျားမှာ အာနပါန ပြန်လုပ်ဟု ဆိုခြင်း ဖြစ်သည်။ ဖြစ်ပျက်ကို

မြင်ဖန်များလာလျှင် ခန္ဓာကိုယ်ကြီးသည် ရွံစရာ၊ မုန်းစရာကြီးဟု မြင်လာလိမ့်မည်။ ဉာဏ် ဒုတိယအဆင့် တက်လာတာပဲဟု ဆိုသည်။ [နှာ–၃၆၈] မုန်းသော်လည်း ဆက်ရှုရမည်။ မရှုချင်လည်း ပေပြီး ရှုရမည်။ ထိုအခါ ခန္ဓာကြီး ဒုက္ခသစ္စာကြီးပါ ကလားဟု ဉာဏ်မှာ သစ္စာဉာဏ် သေသေချာချာ ပေါ်လာမည်။ ထိုအခါ ခန္ဓာဒုက္ခ ကြီးကို မလိုချင်သော စိတ် ဖြစ်ပေါ်လာမည်။ မလိုချင်သောစိတ် ပြင်းပြင်းထန်ထန် ဖြစ်လာလျှင် ထိုဒုက္ခသစ္စာတရားကြီးဉာဏ်ထဲမှာ ပျောက်ထွက်သွားတော့မည်။ ဒုက္ခ ပျောက်တာသည် နိရောဓသစ္စာ ဖြစ်ပါသည်။ ဒုက္ခအဆုံးမှာ နိရောဓသစ္စာ နိဗ္ဗာန် ရှိပါသည်။ ထိုသို့ ရှုနေစဉ် ငါ့ကိုယ် ငါ့ဟာ ထင်သော ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်ပါသည်။ သမုဒယချုပ်သည်။ [နှာ–၃၆၉]

ထိုအခါ အပါယ်က လွတ်ပြီဟု သိပါ။ အပါယ် လွတ်ရေးကို ရှေ့မှာ ထားပြီး လုပ်ပါဟု တိုက်တွန်းသည်။ [နှာ–၃၇၀] အပါယ်လွတ်ရေးကို ရှေ့ထား လိုက်တဲ့အတွက် အချိုးကျသွားသည်၊ နောက် ခုနစ်ဘဝ သုဂတိဘဝမှာ ဖြစ်ပြီး နိဗ္ဗာန်ကူးရုံရှိတော့သည်။ သားရေး၊ သမီးရေး၊ စီးပွားရေးစိတ်ကလည်း ပါလာ သဖြင့် ဆက်ပြီး အားထုတ်လိုက်အော့ ဒီဘဝမှာပင် ကိစ္စ ပြီးသွားနိုင်ကြောင်းကို ဟောသည်။ ဘုန်းကြီးက လုပ်မစားနဲ့လို့ ပြောတာမဟုတ်။ ရှေ့နောက် ခွဲဖို့ ပြောတာ ဟု ဆိုသည်။ ခရီးသွားရမည်။ မသွားမဖြစ်လို့ သွားရမယ်ဆိုလျှင်ပင် တရား အားထုတ်ပြီးမှ သွားပါဟု ဆရာတော်က ဆုံးမသည်။ ထမင်းစားမည်ဆိုလျှင်လည်း တဏှာ အားပေး မလုပ်သေးဘဲ စားချင်စိတ်ကလေးကို ဖြစ်ပျက်ရှုလိုက်ပါဦး။ ဖြစ်ပျက် နှလုံးသွင်းပြီးတော့မှ စားပါဟု ဆိုသည်။ [နှာ–၃၇၁] အိပ်မည် ဆိုလည်း မအိပ်ခင် ကြိုက်ရာ ဝိပဿနာကို ရှုလိုက်ပါဦးဟု တိုက်တွန်းသည်။ ဤသို့ နေရာ တိုင်းမှာ တရားကိစ္စကို ပထမထားပြီးလုပ်၊ လုပ်ပြီးမှ တဏှာကိစ္စကို လုပ်ပါ။ ရှေ့နောက် မခွဲလျှင် ကိုယ်ကျိုးနည်းမှာ စိုးရသည်။ [နှာ–၃၇၂] ဤအရေး ကိုယ့် အရေးမို့ ဆရာ့စကား နားထောင်ဖို့လည်း တိုက်တွန်းသည်။ ကံကောင်း ဉာဏ် ကောင်းတုန်း တဏှာခိုင်းတာ လုပ်ပြီး ကံမွဲ ဉာဏ်မွဲမှ တရား အားထုတ်လျှင် မရပုံကို ဟောသည်။ [နှာ–၃၇၂] ရှေ့နောက် မခွဲတတ်လျှင် အသေက ဦးသွားနိုင် သည်။ ဒါကြောင့် အသေ မဦးခင် ဉာဏ်ဦးအောင် လုပ်ဖို့ ဟောသည်။ ဘုရားအဆူဆူ နှင့် လွဲခဲ့ကြတာလည်း ရှေ့နောက် မခွဲတတ်လို့ လွဲခဲ့ကြလို့ ဖြစ်သည်ဟု ဆိုသည်။ ယနေ့ကစပြီး စားတာနဲ့ ဝိပဿနာအလုပ် ဝိပဿနာ ရှေ့ထားပါ။ အိပ်တာနှင့် ဝိပဿနာအလုပ်၊ ဝိပဿနာ အလုပ်ကို ရှေ့ထားပါ။ ဝိပဿနာအလုပ်ကို

ရှေ့ထားမှသာလျှင် ကျေးဇူးများသည်။ ပြီးမှ သိကြားမင်းဝတ္ထုကို ဆက်ပြန်သည်။ (သိကြားမင်းအကြောင်း ဟောတာ ၃ ရက်ရှိပြီဆိုသော်လည်း ဤစာအုပ်မှာ ထည့်သွင်းထားခြင်းမရှိပါ။)

လူတွေသည် မေတ္တာလည်း ပို့ကြသည်။ ကျန်းမာရေး ချမ်းသာရေးလည်း လုပ်ကြပါလျက် ဘာကြောင့် အန္တရာယ်မကင်း ဘေးမရှင်းကြပါသလဲဟု သိကြားက ဘုရားကို မေးသည်။ [နှာ–၃၇၄] ဘုရားက ဣဿာမစ္ဆရိယကြောင့် ဖြစ်ရကြောင်း ဖြေသည်။ အမှိုက်ရှိလို့ ခွေးချေးစုတာဟု ဆိုသည်။ ရတနာရှိရာ ရတနာ လာသည်။ မဂ္ဂင်ငါးပါးနှင့် စုရုံးလျှင် နောက်တော့ မဂ္ဂင်ရှစ်ပါး လာသည်။ ဒါကြောင့် ဆရာတော်က ဣဿာလာလည်း ဖြစ်ပျက်ရှု၊ မ စ္ဆရိယလာလည်း ဖြစ်ပျက်ရှုဟု ဆုံးမသည်။ [နှာ–၃၇၇] မလာခင် ဝိပဿနာရှုနေ၊ သူတို့ မလာနိုင်ဘူး။ ဒါက တစ်နည်း၊ သူတို့လာမှ ရှုလျှင်လည်း ဖြစ်သည်။ ဒါ တစ်နည်းဟု ဆိုသည်။

ထိုအခါ သိကြားမင်းက မစ္ဆရိယ ဘယ်က လာသလဲ မေးပြန်သည်။ ချစ်ခြင်း မုန်းခြင်းက လာသည်ဟု ဘုရားက ဖြေသည်။ ဤတွင် ချစ်ခြင်း (လောဘ) မုန်းခြင်း (ဒေါသ)၊ လောဘ၊ ဒေါသ ဘာပဲလာလာ ဖြစ်ပျက်သာ ရှုပါဟု ဆိုသည်။ ဝိပဿနာရှုနည်းကို ခပ်ကျဉ်းကျဉ်း ပြောလိုက်တာဟု ဆိုသည်။ သာသနာတွင်းမို့သာ ဝိပဿနာရှုနည်းကို သိရခြင်း ဖြစ်သည်။ [နှာ–၃၈၀] သာသနာတော်ကြီး ရှိနေသော်လည်း ကိုယ်က အဆုံးအမကို ခံယူမှသာ သာသနာတွင်းသား ဖြစ်သည်။ မခံယူတတ်လျှင် သာသနာပပဲ ဖြစ်သည်။ သစ္စာတရား သတိပဋ္ဌာန်တရား ပဋိစ္စသမုပ္ပါဒ် တရားတွေကို မနာရဘဲ နားမလည်ဘဲ သေသွားကြသူများသည် သာသနာတွင်းမှ လူဖြစ်ခဲ့သော်ငြားလည်း သူတို့ ကိုယ်မှာ သာသနာ မရှိဘဲ နေခဲ့သောကြောင့် မသေခင်ကလည်း သာသနာပသားပဲ ဖြစ်ခဲ့ကြသည်။ [နှာ–၃၈၁] သေလျှင်လည်း သာသနာ ကွယ်သည်။ အလုပ် မလုပ်လျှင် အဆုံးအမ မတည်လျှင်လည်း သာသနာကွယ်သည်ဟု မှတ်ရမည်။ မြတ်စွာဘုရားကို သိကြားမင်းက ထပ်မေးသည်။ ချစ်ခြင်း၊ မုန်းခြင်း ဘယ်က လာပါသလဲ၊ ဘုရားက ဆန္ဒက လာသည်ဟု ဖြေသည်။ [နှာ–၃၈၃] ဆန္ဒက နှစ်မျိုး ရှိသည်။ ကုသိုလ် ဆန္ဒနှင့် အကုသိုလ်ဆန္ဒတို့ ဖြစ်၏။ ဆန္ဒရှိမှ လောဘလိုက်လာပုံကို ပြသည်။ ဤတွင် ဆန္ဒ လာလျှင်လည်း ဆန္ဒကို ဖြစ်ပျက် ဝိပဿနာဟု ဆိုသည်။ [နှာ–၃၈၄] ဆန္ဒကို ဝိပဿနာ ရှုသဖြင့် လောဘ ဒေါသ သေသည်။ ပဋိစ္စသမုပ္ပါဒ် ပြတ်တော့သည်။ (ဤတရားကိုလည်း ရှေ့မှာဟောခဲ့ဖူးပြီ။) [နှာ–၃၈၆] ဆန္ဒကို ဖြစ်ပျက်

ရှုတော့ အချစ် အမုန်း၊ လောဘ ဒေါသ၊ မောဟ အဝိဇ္ဇာ၊ ပုဂ္ဂိုလ် သတ္တဝါစွဲ ဒိဋ္ဌာသဝပါ အားလုံး ချုပ်သည်။ [နှာ–၃၈၇] ဤတရား ဟောအပြီး မှာ သိကြားမင်း သောတာပန် တည်သည်။

ဆန္ဒ ဘယ်ကလာပါသလဲဟု သိကြားမင်းက ထပ်မေးပြန်သည်။ ဝိတက်က လာသည်ဟု ဘုရားက ဖြေသည်။ ဝိတက်က ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသ ဝိတက် သုံးမျိုး ရှိသည်။ [နှာ–၃၈၉] ဒါကြောင့် ဝိတက်ကိုလည်း ဝိပဿနာ ရှုပါဟု ဆိုသည်။ ထို့နောက် ဝိတက်ရှုနည်း နိဿရည်းကို နက်ဖြန်မှာ ဟောမည် ဆိုပြီး အချိန်စေ့၍ တရား ရပ်နားသည်။

*

## ၁၃။ ကိုယ့်ကိုယ်ကိုယ် အကဲခတ်နိုင်သော တရား

[ ၁၄–၁၁–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

ပဋိစ္စသမုပ္ပါဒ်ဆိုတာ မိမိတို့ ခန္ဓာဖြစ်စဉ် တစ်ဘဝနှင့် တစ်ဘဝ အကြောင်း အကျိုး ဆက်တာလို့ မှတ်ပါ အစချီလျက် ဤတရားကို ဟောသည်။ ခန္ဓာဖြစ်စဉ် ဆက်တာ ပုဂ္ဂိုလ် သတ္တဝါ ဆက်တာ မဟုတ်ဘူး။ ပရမတ် အကြောင်းအကျိုး ဆက်တာ ဖြစ်ကြောင်း ရှင်းသည်။ အတိတ်က ပြုခဲ့သော အဝိဇ္ဇာ သင်္ခါရဆိုတာက ခန္ဓာ၊ ထိုခန္ဓာကြောင့် ပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဒွါရ ခြောက်ခု ပေါ်သည်။ ထိုအခါ ဖဿ ဝေဒနာဆိုသော အကျိုးတွေ ပေါ်သည်။ အဝိဇ္ဇာ သင်္ခါရပဲ ရှိသည်။ သတ္တဝါ မရှိကြောင်း အစတည်းက သိထားရမည်။ အဝိဇ္ဇာသင်္ခါရကြောင့် ပစ္စုပ္ပန်ဘဝမှာ ဝိညာဏ် နာမ်ရုပ် ပဋိစ္စသမုပ္ပါဒ် အစဉ် တန်းပြီး ပေါ်ခြင်း ဖြစ်သည်။ အတိတ်အကြောင်း နှစ်ခု၊ အဝိဇ္ဇာသင်္ခါရကြောင့် ပစ္စုပ္ပန် အကျိုး ငါးခု၊ ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ငါးခု ဖြစ်ပေါ်ရသည်။ ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမဆိုတာက သူများခေါ်ထားသော ပညတ်တွေသာ ဖြစ်သည်။ အကျိုး ငါးခုကို ခန္ဓာ ဖွဲ့လိုက်တော့ ခန္ဓာငါးပါး ဖြစ်သည်။ ပုဂ္ဂိုလ် သတ္တဝါတွေ ဟိုဘဝက ဒီဘဝကို ကူးတာ မဟုတ်ဘူးဟု ပြသည်။ [နှာ–၃၉၃] အကြောင်းရှိလို့ အကျိုးပေါ်တာပဲဟုသာ နားလည်ရမည်။ အကြောင်းကြောင့် အကျိုးပေါ်တာသိတော့ ဝိစိကိစ္ဆာ (သံသယ) သေသွားသည်။ [နှာ–၃၉၅] ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးဆိုတာ သိသဖြင့် သက္ကာယဒိဋ္ဌိ သေသွားသည်။ ဒါက ဒိဋ္ဌိ ပြုတ်လိုက်တာဟု ဆိုသည်။ [နှာ–၃၉၆] ဒိဋ္ဌိ ပြုတ်နည်း နိဿရည်းကို

ပေးခြင်း ဖြစ်သည်ဟု ဆိုသည်။ ဒိဋ္ဌိ ဝိစိကိစ္ဆာ စင်သွားသဖြင့် အပါယ် သွားစေတတ်သော တရားနှစ်ခုကို ပယ်လိုက်နိုင်ပြီ ဖြစ်သည်။ ခုအသိနှင့် ဖြုတ်လိုက်ခြင်း ဖြစ်သည်။ သောတာပန် အစစ်ကတော့ အမြင်နှင့်တကွ အနုသယနှင့် တကွ အပွားနှင့် ဖြုတ်လိုက်ခြင်း ဖြစ်သည်။ [နှာ–၃၉၈] ဒါ နှစ်ခုကို သိပြီး ဖျတ်ခနဲ သေသွားရင်တောင် မကြောက်နှင့်တော့၊ အပါယ် မကျတော့ဘူးဟု ရဲရဲ ဝန်ခံထားသည်။ [နှာ–၃၉၉] အသိနှင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်သောသူသည် ဒုတိယဘဝမှာ အပါယ် မကျတော့ပါ။ အသိနှင့် ဒိဋ္ဌိ ပြုတ်ပြီးလျှင် အကျင့်နှင့် ပြုတ်အောင် ကြိုးစားရဦးမည်။ ဘာကြောင့်လဲဆိုပါက အသိနှင့် ပြုတ်သော ပုဂ္ဂိုလ်သည် နောက်ဘဝမှာ အပါယ်မကျသော်လည်း သုဂတိဘဝမှာ မိမှား ဖမှား ဝမ်းမှာ ပဋိသန္ဓေ ယူနိုင်သေးကြောင်း ထင်ရှားအောင် ဟောသည်။ [နှာ–၄၀၀] ခန္ဓာငါးပါး ဖဿ၊ ဝေဒနာ၊ သဠာယတနထဲက တစ်ခုခုကို ဝိပဿနာရှုလျှင် ဖြစ်ပျက်မြင်ပါက လိုရာ ပြီးစီးသည်။ ဖြစ်ပျက်မုန်း ဖြစ်ပျက်ဆုံးလျှင်ကား ဒိဋ္ဌိအစစ် ပြုတ်ပြီး အပါယ် တံခါး လုံးဝ ပိတ်ပြီ။ သောတာပန် ဖြစ်ပြီ။ သောတာပန် တည်ပြီး ဆက်ကျင့်ပါက ဖြစ်ပျက်ဆုံး လေးခါမြင်လျှင် ရဟန္တာ ဖြစ်တော့သည်။ အသိနှင့် ပြုတ်လျှင် စူဠသောတာပန်၊ အကျင့်နှင့် ပြုတ်လျှင် မဟာသောတာပန် ဖြစ်ပြီ။ [နှာ–၄၀၁] သောတာပန် အငယ်စားလောက်နှင့် မတင်းတိမ်သင့်ကြောင်းလည်း ဟောသည်။ ဆရာတော်၏ ဆန္ဒမှာ အနည်းဆုံး မဟာသောတာပန် ဖြစ်ရေး ဖြစ်သည်။ သောတာပန် အကြီးစား ဖြစ်ပြီးလျှင် သား လင် ခင်ပွန်းတွေ၊ စီးပွားရေးတွေနှင့် ပျော်ပျော်နေပြီး နောက်မှာလည်း အထက် မဂ်တွေကို တက်ဖို့ ကိုယ့်ဘာသာ ရပ်ဦးမှာပဲ။ လုပ်ရင်း ဖြစ်ပျက်မုန်း ဖြစ်ပျက်ဆုံးတာတွေကို မြင်လျှင် အထက် မဂ်တွေကို ကိုယ့်ဘာသာ လုပ်ယူနိုင်ပြီဟု ဆိုသည်။ [နှာ–၄၀၃] ခုဟာက တစ်ချက်ကလေး တိမ်းလျှင် အပါယ်သို့ ဝုန်းခနဲ ကျသွားနိုင်သော အထိမခံ ရွှေပန်းကန် ဖြစ်နေသေးသည်။ ဒါကြောင့် အထိမခံ ရွှေပန်းကန်ဇာတ်ကို သိမ်းပါ။ သမ္မတ္တနိယတမှာ မဖောက်ပြန်ဘဲ မြဲသော ဇာတိကို ခင်းပါဟု တိုက်တွန်းသည်။ အသက်တမ်းကလေးတိုတိုမှာ ခပ်နိုခို မလုပ်ပါနှင့်ဟု ဆိုသည်။ ထို့နောက် ဟိုကိစ္စ ဒီကိစ္စတွေနှင့် အချိန်ကုန် ခံမနေဖို့၊ ဖြစ်ပျက်ရှုဖို့၊ ဖြစ်ပျက်ရှုမှသာ မဂ်ပေါ်ကြောင်းကို ဟောသည်။ [နှာ–၄၀၉] ဒီအရေးကို ထမင်းစားသလို မှန်မှန် လုပ်ရမည်ဟုလည်း ဆိုသည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဖြစ်ပျက် မြင်လျှင် ဒုက္ခမြင်ပြီသာ မှတ်ပါ ဆိုသည်။ ဒါကြောင့် ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးတာသည် ဒုက္ခမုန်း၊ ဒုက္ခဆုံးတာပဲ

ဖြစ်သည်။ ဖြစ်ပျက်မြင်လျှင် ၂ နှင့် ၃ ကြားက အဆက် ပြတ်သည်။ ဝေဒနာ နိရောဓာ တဏှာ နိရောဓော၊ နိဗ္ဗာန် ဖြစ်သည်။ ဤ အဆက်ပြတ်လျှင် နိဗ္ဗာန် ရောက်သည်။ အဝေးကြီး မထင်နှင့်ဟု ဆိုသည်။ [နှာ–၄၁၂] ၂ နှင့် ၃ မကူးအောင် မဂ်နှင့် တားရသည်။ ဖဿ ဖြစ်ပျက်ရှုတာ မဂ်၊ ဝေဒနာ ဖြစ်ပျက်ရှုတာက မဂ်၊ ဒါဆို ၂ နှင့် ၃ အကွက် အဆက် ပြတ်သည်။ [နှာ–၄၁၄] ဒါကြောင့် မဂ်သည် ကိလေသာ ဖြတ်၊ ခန္ဓာ ဖြတ်သည်။ တဏှာ ဥပါဒါန်ကံက ကိလေသာ သမုဒယ သစ္စာ၊ ဇာတိ၊ ဇရာ၊ မရဏက ခန္ဓာ ဒုက္ခသစ္စာ ဖြစ်သည်။ [နှာ–၄၁၅] 'စတူပဟာ ပါယေ ဟိ ဝိပ္ပမုတ္တော' အပါယ်ဇာတိ ပြတ်ပြီ။ အပါယ်ဇာတိ မလာလျှင် သုဂတိ ဇာတိတော့ လာဦးမည်။ ဆက် ကျင့်သုံးသွား၍လျှင် ခရီးဆုံးကို ရောက်သွားလိမ့်မည်ဟု ဆိုသည်။ [နှာ–၄၁၇] ဝိပဿနာမရှုမိဘဲ ငါ မအားသေးဘူးဆိုသူသည် ၂ အကွက်က ၃ အကွက် ကူးနေသူ ဖြစ်သည်။ စိတ်ဖြစ်ဖြစ်၊ ဝေဒနာဖြစ်ဖြစ်၊ ရုပ်ဖြစ်ဖြစ် ဖြစ်ပျက် ရှုနေလျှင် ထိုအချိန်၌ သံသရာ ပြတ်သည်။ ထိုနေ့ သံသရာ ပြတ်သောနေ့ဟု မှတ်ရမည်။ [နှာ–၄၂၀] ဝေဒနာနောက်က တဏှာ မလာလျှင် ပြတ်တာပဲဟု ဆိုသည်။ ဤသို့ ရှုနေနိုင်လျှင် ဘယ်သူ့ကိုမှ မေးနေစရာ မလိုပါ။ ကိုယ့်ဘာသာ သံသရာပြတ်ကြောင်း သိပါသည်။ ဒါ ကိုယ့်ကိုယ်ကိုယ် အကဲဖြတ်နိုင်သော တရားပဲဟု ဆိုသည်။ ၂ က ၃ ကို ကူးလျှင် ဘုရားလည်း မတတ်နိုင်ဘူး၊ တဏှာ ဥပါဒါန် ကံ အကြောင်း သမုဒယကြောင့် အနာဂတ် ဇာတိ ဇရာ မရဏ၊ ဒုက္ခခန္ဓာ လာမည်မှာ မလွဲပါ။ ၂ က ၃ ကို မကူးအောင် ဝိပဿနာဉာဏ်ဖြင့် ဖြတ်နိုင်ပြီ ဆိုပါက စိတ်ချရပြီ။ အပါယ်တံခါး ပိတ်ပြီ။ [နှာ–၄၂၂] ဒါ ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်အောင်လို့ နည်းပေးနေတာ ဆိုသည်။ သံသရာပြတ်လျှင် အပါယ်ဘက် မလှည့်တော့ဘဲ နိဗ္ဗာန်ဘက်ကိုသာ လှည့်သည်။ ဒါက ရဟန္တာကို ဟောတာဟု ဆိုသည်။ သောတာပန်လောက် မှန်းသော ပုဂ္ဂိုလ်တွေမှာတော့ ခန္ဓာက ဆက်ဦးမည်။ သို့သော် အပါယ်ဘက်ကို မသွားတော့ပါ။ ဒီ ဇာတိက နတ်ရွာ သုဂတိ ဇာတိ ဖြစ်သည်။ သောတာပန်ကတော့ ကိလေသာ လေးပုံတစ်ပုံပဲ ပယ်ရသေးသည်။ မပယ်ရသေးတာတွေ ကျန်သေးသည်။ ဒါကြောင့် ဆက်တော့ ဆက်သေးသည်။ သို့သော် ကြောက်စရာ မလိုတော့ပါ။ သက်သာခွင့် ရသွားပြီ။ [နှာ–၄၂၄]

ထို့နောက် ကံနှင့် တဏှာ၊ တဏှာက ပို ကြောက်စရာကောင်းကြောင်းကို ဒေဝဒတ် ဥပမာပြ၍ ဟောသည်။ [နှာ–၄၃၀] တစ်နေ့ကို ပဋိစ္စသမုပ္ပါဒ် ဘယ်နခါ ဆက်သလဲ၊ ဘယ်နကြိမ် ပြတ်သလဲ၊ အကဲခတ်ပါဟု ဆိုသည်။ ဖြစ်ပျက်ပေါ်တိုင်း

ရှုပါ။ အလုပ်နှင့် ဖြတ်မှ ရသည်ဟု သိရမည်။ ဝေဒနာကို ဖြစ်ပျက် ရှုလိုက်လျှင် ဒီနေရာမှာ မင်္ဂပေါ်သည်။ စိတ် ဖြစ်ပျက်ရှုလည်း မင်္ဂပေါ်သည်။ ဒါ အဆက်ကို ဖြတ်တာ။ အဆက်ပြတ်တော့ ဝေဒနာ နိရောဓာ တဏှာ နိရောဓော နိဗ္ဗာန် ဖြစ်သွားသည်။ အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

**၁၄။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းနှင့် ဒိဋ္ဌိစွာနည်း ယှဉ်၍ ဟောသည့် တရား**

[ ၂၃–၁၁–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

**( မှတ်ချက် ၂၃–၁၁–၆၁ နေ့က ဤတရားကို ဟောသည်ဆိုသော်လည်း ၁၄–၁၁–၆၁ နေ့က ဟောသောတရားနှင့် စကားလုံးများပါ တူနေသည်။ ဟောကွက် ထပ်နေသည်။ ခေါင်းစဉ် မတူသော်လည်း ရွေးချယ်သူများ စိစစ်ခဲ့ဟန် မတူပါ)**

*

**၁၅။ လူ့သံယောဇဉ် စွန့်မှ နိဗ္ဗာန်ရောက်**

[ ၂၄–၇–၆၂ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

**( မှတ်ချက် – ၁၉၆၁ ခုနှစ် နောက်ပိုင်း ဟောသောတရားများကိုသာ ဤစာအုပ်တွင် ဖော်ပြထားသော်လည်း ဤနောက်ဆုံးပုဒ်မှာ ၁၉၆၂ ခု၊ ၇ လပိုင်း ဟောသော တရား ဖြစ်နေသည်။ )**

'သူများအရေးထက် ကိုယ့်အရေး ကြီးပါတယ်' အစချီလျက် ဤတရားကို ဟောကြားပါသည်။ ထို့နောက် မြင်စိတ်ပေါ်လျှင် တဏှာ ဥပါဒါန် ကံတွေ လိုက်လာမြဲ ဖြစ်ပုံကို ပြသည်။ ထိုအခါ တဏှာ ဥပါဒါန်က ကိလေသာဝဋ် လိုက်သည်။ ကာယကံ၊ ဝစီကံ အလုပ်တွေ လုပ်ရတာက ကမ္မဝဋ် လိုက်ခြင်း ဖြစ်သည်။ [နှာ–၄၈၃] ကမ္မဝဋ်လာလျှင် စုတေမနေ သေလွန်ပါက ဇာတိဆိုသော ဝိပါက ဝဋ်လိုက်ပေဦးတော့မည်။ ဝဋ်သင့်နေလိုသူများ အရေးထက် ကိုယ့်အရေးကြီးသည်ဟု မှတ်ရမည် ဆိုသည်။ [နှာ–၄၈၃] ဇာတိကလည်း အပါယ် ပဋိသန္ဓေတွေ ဖြစ်သည်။ ဘာကြောင့် ဝဋ်လိုက်ရသလဲဆိုလျှင် ကိုယ့်အရေးထက် သူများအရေး ပိုကြီးခဲ့မိသောကြောင့် ဖြစ်သည်။ [နှာ–၄၈၄] ကိုယ့်အရေးထက် သူများအရေးကြီးမိခဲ့တာကြောင့် ကျန်ရစ်သူ သားသမီးများက ကောင်းမှုကုသိုလ် ပြုပြီး အမျှဝေတာတောင် သာဓု မခေါ်နိုင်သော ဘဝကို ရောက်တတ်ကြောင်းကို ပြသည်။ ခု ဘုန်းကြီးဟောနေ

တာက ကိုယ့်အရေးသာ ကြီး၍ သူများအရေး ဘေးချိတ်ဖို့ ဟောနေတာဟု ဆိုသည်။ [နှာ–၄၈၅] မြတ်စွာဘုရားက ဝိပဿနာရှုကြဖို့ အရေးကြီး ၁၇၉၂ ကြိမ် မှာခဲ့သည် ဆို၏။ ဤမျှ အကြိမ်ကြိမ် မှာခဲ့ခြင်းမှာ အရေးကြီးသောကြောင့် ဖြစ်၏။ သေခါနီး အဖြစ်ဆိုးကြီး မကြုံရအောင် သေလျှင် အပါယ် ချောက်ထဲ ကျမသွားအောင် ဆုံးမခြင်း ဖြစ်သည်။ ဒါကြောင့် လူတွေ နှုတ်ဖျားက လောကွတ် လုပ်တတ်သော ခင်လုံး မင်လုံးတွေကို ရှောင်ရမည်ဟု ဆိုသည်။ ခင်လုံး ငဲ့လုံးတွေသည် သမုဒယ တွေ ဖြစ်သည်။ ပိုပြီး ဒုက္ခရောက်ချင်လို့ ခင်တာဟု ဟောသည်။ [နှာ–၄၉၄]

ထို့နောက် အပါယ်ကျသွားသူသည် သုဂတိဘဝကို ပြန်ရောက်ဖို့ မလွယ်ပုံ ကို လိပ်ကန်း ထမ်းပိုးပေါက် ခေါင်းစွပ် ဥပမာပြ ဟောပြန်သည်။ [နှာ–၄၉၇ ] သံသရာပြတ်ဖို့ အရေးက ဝိပဿနာရှုမှ ရသည်။ မရှုမိပါက သေရာနောက် ဆုံးကျမှ နလုံးမသာ ဖြစ်ကြရကြောင်းကို ဟောသည်။ [နှာ-၄၉၉] ဝိပဿနာ မရှုဘဲနေခြင်းသည် နေခြင်းဆိုးနေခြင်း ဖြစ်သည်။ ထိုသို့ နေလျှင် သေခြင်းဆိုး သေရလိမ့်မည်။ ထို့နောက် ဝိပဿနာလုပ်ခြင်းနှင့် ဆိုင်သော ဝတ္ထုကြောင်းကို ထုတ်ပြသည်။ မြတ်စွာဘုရား ဝေသာလီပြည်မှာ ဆွမ်းခံကြွခိုက် ကေပုဏ္ဏရိက သရက်ဖြူပင်ကျောင်းမှာ နေသော တေဝိဇ္ဇဝစ္ဆ ပရိဗိုဇ်ရှိရာသို့ ဘုရားက အချိန် စောနေသေးသဖြင့် ဝင်နားသည်။ ပရိဗိုဇ်ကလည်း လောကွတ် ပျူငှာ နေရာထိုင်ခင်း ပေးလေသည်။ ထိုအခါ ပရိဗိုဇ်က ရှင်ကြီး ဂေါတမရဲ့ ဂုဏ်သတင်းက အလွန် ကြီးပါသည်။ အရှင်ဘုရားသည် အိပ်နေတုန်းကော သိသလား၊ သွားနေတုန်းကော သိသလား၊ စားနေတုန်းကော သိသလားဟု မေးသည်။ ထိုအခါ ဘုရားက ငါ ပုဗ္ဗေနိဝါသဉာဏ်နှင့် ရှေးအတိတ်က ဖြစ်ခဲ့ဖူးသော အကြောင်းတွေကို သိပါသည်။ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် အနာဂတ် ဖြစ်လတ္တံ့ကိုလည်း သိသည်။ အာသဝက္ခယဉာဏ်ဖြင့် အာသဝေါတရား ကုန်ရာ နိဗ္ဗာန်ကိုလည်း သိသည်ဟု ဖြေသည်။ ထိုအခါ ပရိဗိုဇ်က လူသည် လူ့သံယောဇဉ်ကို မစွန့်ဘဲနှင့် နိဗ္ဗာန် ရပါသလားဟု မေးသည်။ (ဤ အကြောင်းအရာကို ရှေ့မှာလည်း ဟောခဲ့ပြီးပြီ) ဘုရားက လူ့သံယောဇဉ်ကို မစွန့်ဘဲ တရားအားထုတ်ပါက နိဗ္ဗာန် မရကြောင်းကို ဖြေသည်။ သို့သော် ဘုန်းကြီးက လူသည် လူ့သံယောဇဉ်ကို စွန့်သောအချိန်ရှိပုံကို ပြသည်။ ခင်သော လောဘစိတ်၊ မိမိ သန္တာန်မှာ ပေါ်လာလျှင် ဒါ သံယောဇဉ်ပဲ။ ဒါကို ဖြစ်ပျက် ရှုလိုက်ပါ။ ရှုလိုက်တော့ သံယောဇဉ်သည် အနိစ္စ ဖြစ်သွားသည်။ ရှုတာက မဂ္ဂ ဖြစ်သည်။ [နှာ–၅၀၀] သံယောဇဉ်က ဖြစ်ပျက်၊ ရှုဉာဏ်က မဂ် ဖြစ်သွားပုံကို ပြသည်။

ထိုအချိန်၌ လူ့သံယောဇဉ်ကို စွန့်ပြီးသား ဖြစ်နေသည်။ ထိုသံယောဇဉ်စိတ် ပေါ်တိုင်း ဖြစ်ပျက်ရှုလျှင် တဏှာ၊ ဥပါဒါန်၊ ကံကို မဆက်ဘဲ ပြတ်သည်။ ဇာတိ ပဋိသန္ဓေ မလာတော့ပါ။ ဖြစ်ပျက်နှင့် မဂ် ကိုက်နေလျှင် သံယောဇဉ်ကို စွန့်ပါသည်။ [နှာ-၅၁၀] ဒါကြောင့် ဝိပဿနာ ရှုလျှင် နိဗ္ဗာန် ရသည်။ ဒိဋ္ဌိ ဝိစိကိစ္ဆာ သံယောဇဉ်ကို အရင်ဖြတ်၊ နောက်မှ တဏှာ သံယောဇဉ်ကို ဖြတ်ပါဟုဆိုသည်။ ဒိဋ္ဌိသံယောဇဉ် ပြတ်လျှင် အပါယ် မကျတော့ဘူးဟု ဆိုသည်။ ဝိသာခါ ၇ နှစ်အရွယ်မှာ ဒိဋ္ဌိ သံယောဇဉ် ပြတ်သည်။ တဏှာ သံယောဇဉ် မပြတ်လို့ အိမ်ထောင်ကျသည်။ အပါယ် မကျတော့ဘူးဟု ဆိုသည်။ [နှာ-၅၁၂]

ဒါကြောင့် တဏှာထက် ဒိဋ္ဌိက ပို၍ ကြောက်စရာ ကောင်းပုံကို ရှင်းသည်။ ဒါကြောင့် ဒိဋ္ဌိ သံယောဇဉ်ကို ဦးစားပေးပြီး ဖြတ်ဖို့ တိုက်တွန်းသည်။ နည်းလည်း ပေးသည်။ ဒိဋ္ဌိက ငရဲမျိုးစေ့ တဏှာက သုဂတိ မျိုးစေ့၊ ဒါကြောင့် ဒိဋ္ဌိကို အရင်ဖြတ်ပါ ဆိုသည်။ [နှာ-၅၁၅] ထုံးစံအတိုင်း ဒိဋ္ဌိသံယောဇဉ် ပြတ်အောင် စိတ်အပေါ်မှာ ဝိပဿနာရှုဖို့ ဟောသည်။ စိတ်ပေါ်မှာ ဒိဋ္ဌိ အများဆုံး ကပ်လို့ဟု ဆိုသည်။ ပုထုဇဉ် သန္တာန်မှာရှိသော စိတ်တွေကို ရှုရမည်။ ရှုရန် စိတ်က ၃၇ ပါးပဲ ပြသည်။ [နှာ-၅၁၈] သို့သော် ဝိပဿနာ တကယ် ရှုပါက ၃၇ ပါးလုံးလို ရှုစရာ မလို၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ် စသော အပြင် ဧည့်သည်စိတ်များနှင့် လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ စသော အတွင်း ဧည့်သည် စိတ်စသည်ကို ရှုလျှင်လည်း ပြီးသည်။ ဘာစိတ်ပေါ်ပေါ် ပေါ်သောစိတ်က ဖြစ်ပျက် ရှု၍ သိလိုက်တာက မဂ် ဖြစ်သွားပြီ။ စိတ်သည် အနိစ္စသဘောမျှသာ ဖြစ်သည်။ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါ။ ဒါကိုသိလျှင် ဒိဋ္ဌိ ကွာသည်။ ထိုသို့ ရှုလျှင် ကိုယ့်အသေ ကိုယ် မြင်လာမည်။ ကိုယ့်အသေ ကိုယ် မြင်တော့ မုန်းလာလိမ့်မည်။ အသေကြီးကို မလိုချင်သော စိတ် ဖြစ်ပေါ်လာမည်။ မလိုချင်ဘူး ဖြစ်လာလျှင် အဲဒါ မဂ်ဆိုက်တာပဲဟု ဆိုသည်။ [နှာ-၅၂၃] ထိုအခါ ဒိဋ္ဌိသံယောဇဉ် ပြတ်ပြီး အပါယ်တံခါး ပိတ်သည်။ ဒိဋ္ဌိ သံယောဇဉ် ဖြတ်လမ်းကို ကြိုးစားကြပါဟု ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

○

ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၃၈) ပြီး၏။

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား

စာအုပ်အမှတ်(၃၉)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ် (၃၉)

**အမှာစာ**

မြတ်စွာဘုရား သဗ္ဗညုတဉာဏ်အများကို ကယ်တင်လိုသော မဟာ ကရုဏာတော်ကြောင့် ပါရမီ ဖြည့်ကျင့်ခဲ့ရပုံကို ဖော်ပြသည်။ မြတ်စွာဘုရား ပွင့်တော်မူစဉ် ကြုံကြိုက်ဖို့မှာလည်း ခဲယဉ်းသည်။ ခုနစ်ရက် ခုနစ်လီ မိုးမှောင်ကျနေစဉ် ဖျတ်ခနဲ လျှပ်တစ်ပြက် လင်းလက်လိုက်သော ကာလနှင့် နှိုင်းယှဉ်ပြီး ဆရာတော်က ဟောကြားသည်။ ဘုရားသာသနာနှင့် ကြုံဖို့ အလွန် ခဲယဉ်းကြောင်းကိုဟောသည်။ ထို့နောက် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ပွင့်တော်မူပုံ အကြောင်းကို ဖော်ပြသည်။ နှစ်ကျိပ်ရှစ်ဆူဘုရားသည် ဂေါတမ မြတ်စွာဘုရား ပါရမီတော် ဖြည့်ကျင့်စဉ် ကာလမှာ ပွင့်တော်မူကြသော ဘုရားများ ဖြစ်ကြသည်။ မိုးကုတ် ဆရာတော်ဘုရားကြီးက ဗုဒ္ဓမြတ်စွာ သာသနာနှင့် မကြုံကြိုက်နိုင်သော ကျွတ်တမ်း မဝင်နိုင်သော ခဏသည် ရှစ်ခဏ ရှိသည်။ ကျွတ်တမ်း ဝင်နိုင်သော ခဏမှာ တစ်ခဏသာ ရှိကြောင်း ဟောထားသည်။ ရှစ်ခဏဆိုသည်မှာ ရပ်ပြစ်ရှစ်ပါး ဖြစ်သည်။ အပါယ်လေးပါး၊ အသညသတ် ဗြဟ္မာ၊ အရူပဗြဟ္မာ၊ နိယတ မိစ္ဆာဒိဋ္ဌိ အယူရှိသူ၊ ပစ္စန္တရာဇ် အရပ်နေသူ ရှစ်မျိုးသည် သာသနာနှင့် မကြုံနိုင်။ ကျွတ်တမ်း မဝင်နိုင်ပါ။ ကျွတ်တမ်းဝင်နိုင်သူမှာ သာသနာတွင်း လူဖြစ်ပြီး သစ္စာတရားကို ထောင်နိုင်သော နားရှိသူ ဖြစ်မှသာ ဝင်နိုင်သည်။ ယခု ပရိသတ်များ ထိုအခွင့်အရေးကို ကြုံနေရပြီဖြစ်ကြောင်း ဟောသည်။ ယခု သစ္စာတရားလည်း နာကြရပြီ။ ထောင်နိုင်သော နားရှိ၍ နားလည်း လည်ကြပြီ။ နားလည်တိုင်း ကျင့်ကြံ ပွားများ အားထုတ်

ဖို့သာ လိုတော့သည်။ နိဗ္ဗာန် ရောက်လိုလျှင် ယောနိသော မနသိကာရ ရှိပြီး အားထုတ်လျှင် ရောက်နိုင်သည်။ နှလုံးသွင်း မှန်လျှင် ဒိဋ္ဌိ ပြုတ်ပုံကို ဖော်ပြသည်။ အသိဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ တစ်ဒင်္ဂ ပြုတ်လျှင်ပင် စူဠသောတာပန် ဖြစ်ပုံကို ပြသည်။

ခန္ဓာငါးပါး၏ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်သော အမြင်ရလျှင် နိဗ္ဗာန် ရောက်နိုင်ကြောင်း ပြသည်။ ခန္ဓာသည် ဒုက္ခသစ္စာ ဖြစ်ကြောင်း သိလျှင် သစ္စာဉာဏ် ရပြီ။ ဒေဝဒူတသုတ်ကို ကိုးကားပြီး အမြဲ သတိရှိနေရေး၊ မေ့ပြစ်ကြီးပုံကို ဟောသည်။ ကလေးငယ် ပေါက်စကို မြင်တိုင်း သူ့ခြေ သူ့လက် ပါလာပါလျက် ဘာမှ အသုံးမကျ ဒုက္ခရောက်နေပုံကို ဆင်ခြင်မိပြီး ဒုက္ခသစ္စာကလေးဟု သိရမည် ဖြစ်ကြောင်း ပြသည်။ ဒုက္ခဟု မြင်မှ ဒုက္ခသစ္စာက လွတ်ချင်စိတ် ပေါ်ပေါက်ပြီး ဝိပဿနာ အလုပ်ကို လုပ်မည်။ ထို့အတူ လူအို၊ လူနာကို မြင်လျှင် သံဝေဂဉာဏ်ဖြင့် ဒုက္ခ ရောက်နေသူဟု ဆင်ခြင်ပြီး ဒုက္ခမှ လွတ်ချင်သော ဉာဏ်ပေါ်ဖို့ လိုကြောင်းကို ပြသည်။

ထိုသို့ နှလုံးမသွင်းမိပါက ယမမင်းက သင် မေ့ပြစ်သင့်ခဲ့ပြီဟု မှတ်ချက် ချပုံကို ပြသည်။ ထိုသို့ မေ့ပြစ်သင့်သူ မဖြစ်အောင် စိတ်ပေါ်တိုင်း ဖြစ်ပျက် မဂ် ကိုက်အောင် လုပ်ဖို့ သိသိနေဖို့ သတိကပ်ထားဖို့ကို ဟောသည်။ မမေ့သောသူ၊ သတိ အစဉ်အမြဲ ရှိသူသည် ငရဲကို မရောက်တော့ဘဲ နိဗ္ဗာန်ကို ရောက်သူ ဖြစ်ကြောင်း ရှင်းပြသည်။ ထို့နောက် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များ အကြောင်းကို ဖော်ပြထားသည်။

*

## ၁။ ဒီခန္ဓာ စွန့်ပြီးနောက် ခန္ဓာ မရတာသည် အပြစ် အကင်းဆုံး

[ ၂–၁–၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသော တရား ]

တရားနာနိုင်ပါစေ၊ နာကြားသော အတိုင်း သိနားလည်ကြပါစေ သိသည့် အတိုင်းလည်း ကျင့်နိုင်ပါစေဟု မေတ္တာရှေ့ထားကြောင်း အစချီလျက် ဤတရားကို ဟောကြားပါသည်။ ထို့နောက် မန်းစက်တော်ရာ ဝတ္ထုကြောင်းကို ဟောမည်။ ဆန္ဒသုတ်ကိုဟောမည်ဟု မိန့်ကြားသည်။ အရှင်သာရိပုတ္တရာကို သတ္တဝါ တစ်ဦး သေလျှင် နောက်ထပ် ခန္ဓာ မရအောင် သေနည်းသည် အမြတ်ဆုံး၊ အကောင်းဆုံး သေနည်း၊ ကပ်ငြိခြင်း မရှိသော သေနည်း ဖြစ်သည်ဟု ဟောသည်။ နောက် ခန္ဓာ

မရတာ အပြစ်အကင်းဆုံး သေနည်း ဖြစ်သည်ဟု ဆိုသည်။ [နှာ–၂] ဒီခန္ဓာနှင့် သေပြီးနောက် ခန္ဓာ ရချင်တာ၊ လူဖြစ်ချင်တာ၊ နတ်ဖြစ်ချင်တာသည် အပြစ် မကင်းသော သေခြင်း ဖြစ်သည်။ ကပ်ငြိသော သေခြင်း ဖြစ်သည်ဟု ဆိုသည်။ [နှာ–၃] ဒီခန္ဓာကို စွန့်ပြီးနောက် ခန္ဓာရတာသည် ဒုက္ခသစ္စာကို ရတာ ဖြစ်သည်။

ဤအကြောင်းကို မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို ဥပရိပဏ္ဏာသ ဆန္နသုတ်မှာ ဟောကြောင်း အကိုးအကား ပြသည်။ သံယုတ် ပါဠိတော်မှာလည်း ဟောသည် ဆို၏။ ဒီခန္ဓာ စွန့်စဉ် သေရတာ စုတိ ဒုက္ခသစ္စာ၊ နောက် ခန္ဓာရဖို့ ပဋိသန္ဓေ ဇာတိ ဖြစ်ရတာလည်း ဒုက္ခသစ္စာ ဖြစ်သည်။ ဒါကြောင့် သေပြီးနောက် ပဋိသန္ဓေရတာသည် ဒုက္ခကြီး၊ ဒုက္ခရောက်ရတာ ဖြစ်ပုံကို ရှင်းပြသည်။ [နှာ–၇] ဒုက္ခပြီး ဒုက္ခ ဖြစ်ခြင်းကို ဘုရား မကြိုက်ပါ။ ဇာတိကို နောက်ထပ် ရပြန်ပါက ဇရာ၊ ဗျာဓိ၊ မရဏ၊ အို နာ သေ လာပေဦးတော့မည်။ ထို့နောက် ပဋ္ဌာန်းနည်းအရ စုတိနှင့် ပဋိသန္ဓေ ဆက်ပုံ အနန္တရ ပစ္စည်း၏ ပစ္စယုပ္ပန် (အကျိုး) အဖြစ် ဆက်စပ် လာပုံကို ဟောသည်။ ဤအဆက်အစပ်သည် သစ္စာ သိမှသာ ပြတ်ပုံကိုလည်း ဟောသည်။ [နှာ–၁၃] ဒါကြောင့် ပဋိသန္ဓေ ပြတ်သောအလုပ်ကို လုပ်ကြရမည်။ [နှာ–၁၆] ဒါကြောင့် ဒကာ ဒကာမတွေ ပျော်ပြီး မနေကြပါနှင့်ဦး။ စုတိပြီး ဆက်လာသော ပဋိသန္ဓေ မလာအောင် လုပ်လိုက်ကြပါဦးဟု တိုက်တွန်းထားသည်။ [နှာ–၁၇] ဒီအမှားမျိုး မကြုံရအောင် ကြိုးစားကြရမည်ဟု ဆိုသည်။ လျှာပါ တန်းပါ။ သို့သော် ဇာတိဒုက္ခက လွတ်ရပါလို၏ဟု ဆန္ဒ ပြုပြီး လျှူဖို့ တိုက်တွန်း ထားသည်။ [နှာ–၁၈] ဝိပဿနာ ခြံရံပြီး လျှူပါဟု ဆိုသည်။

ဆန္န ဝတ္ထုကို မပြောမီ ဝိပဿနာဉာဏ်အမြင်ကို ပြောဦးမည်ဆို၍ ဟော ပြန်သည်။ [နှာ–၂၀] ဝိပဿနာဉာဏ်ဆိုတာ အမြင်မှန် ဖြစ်သည်ဟု ဆိုသည်။ မိမိတို့ သန္တာန်မှာ မျက်လုံး ဖွင့်ကြည့်လိုက်လျှင် မြင်စိတ် ပေါ်သည်။ ထို စိတ် မြဲ မမြဲ၊ ရှိ မရှိကို အကဲခတ်ပါ။ မြင်စိတ်သည် မြင်ပြီး ပျက်သည်။ အကဲခတ် စိတ်နှင့် ကြည့်လိုက်တော့ မြင်စိတ်မရှိတာဘဲ တွေ့ရမည်။ မရှိတာကိုဘဲ အကဲခတ် စိတ်က မြင်ရသည်။ ဒါကြောင့် ဝိပဿနာဉာဏ် အမြင်မှာ မြင်စိတ် မရှိတော့ ဘူးဟု သိမှသာ အမှန် မြင်သည်ဟု ဆိုရသည်။ [နှာ–၂၂] နာမ်ကို ဉာဏ်နှင့် ရှုလျှင် မရှိတာဘဲ သိရမည်။ ဒါမှ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ ဖြစ်မည်။ [နှာ–၂၄]

လူတွေမှာမသာ ကိစ္စ အရေးကြီးနေကြပုံကို သရုပ်ဖော်ပြီး ဟောသည်။ ကိုယ့်မသာအတွက် အရေးကြီးနေကြတာဟု ဆိုသည်။ ကိုယ့်မသာ မလိုချင်မှ မသာပို့ ငြိမ်းသည်။ ထို့နောက် မြင်စိတ် ပေါ်ပြီး ချက်ချင်း သေပုံကို ပြသည်။ မြင်စိတ်က ဝိညာဏက္ခန္ဓာ ဖြစ်သည်။ ခန္ဓာပေါ်ပြီး ပျက်တာ သေတာ ဖြစ်သည်။ ကိုယ့်အသေကိုယ် မြင်အောင် ကြည့်ရမည် ဆိုသည်။ ဒါမှ မသာဇာတ်သိမ်းမည်။ မသာဇာတ် သိမ်းတာသည် နိဗ္ဗာန် ဖြစ်သည်။ [နှာ–၃၁] သူများ မသာကို မလွှဲသာဆိုပြီး လိုက်ပို့နေကြရတာ ကိုယ့်မသာ လူစည်အောင်လို့ လုပ်နေကြတာဟု ဝေဖန်သည်။ အမှန်မှာ ကိုယ့်မသာကိုယ် မလိုချင်မှ မသာဇာတ်သိမ်းမည့် အကြောင်းကို ဟောသည်။ ဒီခန္ဓာ အသေကို မလိုချင်သောဉာဏ်၊ ခန္ဓာမုန်းဉာဏ်၊ အသေမုန်းဉာဏ်ပေါ်မှသာ အသေဇာတ် သိမ်းမည် ဖြစ်သည်။ ချုပ်တာ မရှိတာကို မြင်တာက ဝိပဿနာဉာဏ် ဖြစ်သည်။ ဝိပဿနာသည် ကိုယ့်အသေကို ကိုယ်မြင်တာဟုလည်း ဆိုနိုင်ကြောင်း ဟောသည်။ [နှာ–၃၆] အသေကို အနေက ကြည့်တာ ဝိပဿနာဟုလည်း ဆိုသည်။ အသေက အနိစ္စ၊ အနေက မဂ္ဂ ဖြစ်၏။ ဒါ စကားဆန်းမဟုတ်ပါ။ ဖြစ်စဉ်ကိုက် ပြောခြင်းသာ ဖြစ်သည် ဆို၏။ ဒါကြောင့် ကိုယ့် မသာကို ကိုယ် အကြည့်နိုင်းတာ ဝိပဿနာပဲဟုလည်း ထပ်ဆင့် ဆိုသေးသည်။ [နှာ–၃၈] အသေကို အနေနှင့် ကြည့်တော့လည်း အသေချည်း တွေ့နေရသည်။ ထိုအခါမှ ဤခန္ဓာသည် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးဟု သိမြင်လာမည် ဖြစ်သည်။ [နှာ–၄၀] ဒါဆို တဏှာ၊ မာန၊ ဒိဋ္ဌိ သေသည်။ ပပဉ္စတရား ချုပ်ခြင်း ဖြစ်သည်။ သံသရာ မရှဲ့နိုင်တော့ပါ။ သံသရာရှဲ့ တရား သေသွားပြီ။ [နှာ–၄၁] သံသရာစခန်း သတ်ပြီ။ အမြင်မှန်ရလို့ သတ်ခြင်း ဖြစ်သည်။ [နှာ–၄၆] လူကြီးဘဝက သေပြီး နောက်ဘဝ ပဋိသန္ဓေ နေကာ လူကြီးက ကလေးပြန်ဖြစ်တာဟု ဆိုသည်။ အရှက်မရှိသော ဘဝကို ပြန်ရောက်တာ ဖြစ်ကြောင်း ဟောသည်။ [နှာ–၄၈] မရှိတာကို မြင်မှ သိမှ အရှင်ဆန္ဒ ရဟန္တာ ဖြစ်ရသည်။ [နှာ–၅၁] သစ္စာမသိ၍ လူတွေမှာ အလုပ်ရှုပ်နေကြရသည်။ ဒါကြောင့် အသေမှာ ဘယ်အသေ အကောင်းဆုံးလဲဟု မေးလျှင် ဒီခန္ဓာကို ပစ်ချပြီးနောက် ခန္ဓာ မရတာ အကောင်းဆုံး အသေ၊ အပြစ်အကင်းဆုံး အသေဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၂။ အနှစ်ကို ရအောင် ရှာနည်း

[ ၂-၁-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသောတရား ]

မြတ်စွာဘုရားက အနှစ်ကို ရွေးတတ်ဖို့ အရေးကြီးကြောင်း သာရောပမသုတ်မှာ ဟောတော်မူသည် အစချီလျက် ဤတရားကို ဟောကြားလေသည်။ ဤတွင် အနှစ်ကို အနှစ်မှန်း သိဖို့ အရေးကြီးပုံကို ပြသည်။ အပွေးသည် သစ်ပင်၏ အနှစ် မဟုတ်။ အကာသည် သစ်ပင်၏ အနှစ် မဟုတ်။ အသားသည် သစ်ပင်၏ အနှစ် မဟုတ်ပါ။ အနှစ်ကိုသိမှသာ အနှစ်ကို ထုတ်ယူနိုင်ပြီး အလိုရှိရာ သုံးစွဲနိုင်မည် ဖြစ်ပါသည်။

ထို့နောက် စုတိပြီးနောက် ပဋိသန္ဓေ နေရခြင်းသည် ဒုက္ခပြီး ဒုက္ခဆက်တာ ဖြစ်၍ ကြောက်စရာကောင်းပုံကို ဟောသည်။ တရားနာကြတာသည် ကုသိုလ်ရရုံ မဟုတ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့အတွက် ဖြစ်သည်ဟု သဘောထားရမည်။ သို့မှသာ အကာလောက်နှင့် မကျေနပ်ဘဲ အနှစ်ကိုရမည် ဖြစ်ပါသည်။ လောကထဲမှာ ပေးနိုင်ကမ်းနိုင်ကြသူများ ဒါနလောက်ကလေးနှင့်လည်း ကျေနပ်မနေသင့်ပါ။ ဇာတိဇရာ မရဏက ထွက်မြောက်အောင် လုပ်နိုင်မှသာ အနှစ်ကို ရကြပါလိမ့်မည်။ သီလလောက်ကလေး ပြည့်စုံပြီဆိုပြီးလည်း အကာဖြင့် ကျေနပ် မနေပါနှင့်ဟု ဆိုသည်။ [နှာ-၅၇] သမာဓိစခန်းလောက်မှာလည်း တင်းတိမ်ပြီး သောင်တင်မနေပါနှင့်ဟု တိုက်တွန်းထားသည်။ မကျေနပ်သင့်တာနှင့် ကျေနပ်၊ မတင်းတိမ်သင့်တာနှင့် တင်းတိမ်နေမည်ကို စိုးသောကြောင့် မြတ်စွာဘုရားက သာရောပမသုတ်ကို ဟောတော်မူခြင်း ဖြစ်သည်။ ဒိဗ္ဗစက္ခု စသော အဘိညာဉ်ရတာလောက်ဖြင့်လည်း တင်းတိမ်မနေသင့်ကြောင်း ဟောသည်။ [နှာ-၅၈] မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို အာရုံပြုနိုင်ရမှသာ တင်းတိမ်သင့်သည်ဟု ဆိုပါသည်။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူစဉ်အခါက ပိင်္ဂလကောစ္ဆပုဏ္ဏားက မြတ်စွာဘုရားအား ဗုဒ္ဓနှင့် စင်ပြိုင်ပေါ်လျက်ရှိသော ဘုရားအမည်ခံ ပုဂ္ဂိုလ်တို့သည် တချို့က သူတို့ အကုန် သိသည် ဆိုသည်။ တချို့က အကုန် မသိဟု ဆိုသည်။ ထိုကိစ္စကို ဘယ်လို မှတ်သင့်ပါသလဲဟု မေးသည်။ ထိုပုဏ္ဏား မေးသော အမေးပုစ္ဆာတွေကို ဘုရားက မဖြေဘဲ ငါဟောတာသာ သင်ပုဏ္ဏား နားထောင်ပါဟု ဆိုသည်။

ထို့နောက် တောထဲကို လူတစ်ယောက် သွားပြီး အနှစ်ပါသော သစ်ကို ရှာဖွေ ခုတ်ယူပုံ ဥပမာပြပြီး ဟောသည်။ [နှာ-၅၉] ထို သစ်ခုတ်သမားသည်

တောထဲ ဝင်ပြီး သစ်ပင်၏ အနှစ်ကို ရှာရာမှာ အကိုင်းကိုပဲ ခုတ်ပြီး ပြန်ဝင်လာလျှင် အနှစ် မရပါ။ လူမှာလည်း မိမိကိုယ်ကို ချီးမြှောက်ပြီး သူတစ်ပါးကို ပြစ်တင်ရှုတ်ချသူသည် အနှစ်မပါသော သစ်ကို ခုတ်သော သစ်ခုတ်သမားနှင့် တူပါသည်။ ငွေကြေးဥစ္စာ ပြည့်စုံကာမျှဖြင့် သေပျော်ပြီ ထင်သူသည် အကာ၊ အကိုင်းကို ထမ်း၍ ပြန်သူသာ ဖြစ်သည်ဟု ဆိုသည်။ [နှာ-၆၃] သစ်ခုတ်သမားတစ်ယောက်က သစ်ပင် အပွေးတွေကို အနှစ်ထင်ပြီး ခုတ်ပြန်လာသည်။ ထိုသူသည် လူ့ဘဝမှာ ဒါန၊ သီလလောက်ကလေးနှင့် တင်းတိမ်ပြီး အပါယ်ကျွတ်ရေးတရားကို ကြိုးစားအားထုတ်ခြင်း မရှိသူ ဖြစ်သည်။ ထိုသို့ တရားကို အားမထုတ်သဖြင့် ထိုသူသည် ဇာတိ၊ ဇရာ မရဏနှင့် မလွတ်ကင်းသူ ဖြစ်သည်။ တတိယ ပုဂ္ဂိုလ်သည် တောထဲဝင်ပြီး အနှစ်ကို ရှာရန် လာခဲ့ပြီးမှ အကာတွေကို အနှစ်ထင်လျက် ခုတ်ယူပြီး ပြန်သူ ဖြစ်သည်။ သမထလောက်ဖြင့် တင်းတိမ်သူသည် အကာကို ထမ်းပြန်သူနှင့် တူသည်ဟု ဆိုသည်။

ထို့နောက် သမထသည် ငါးပါးအာရုံ ကာမဂုဏ်နှင့် တွေ့လျှင် တစ်ခဏအတွင်း ပျက်စီးနိုင်ပုံကို ဣသိသိင်္ဂရသေ့ ဥပမာပြ၍ ဟောသည်။ [နှာ-၆၇] သမထက ပျက်လွယ်သည်။ အထိမခံ ရွှေပန်းကန်နှင့် တူသည်။ ဒါကြောင့် သမထနှင့် တင်းတိမ် မနေသင့်ပုံကို ဟောသည်။ [နှာ-၆၈] နောက် သစ်ခုတ်သမားတစ်ယောက်က တောထဲက သစ်ပင်ကြီးကို လှဲချပြီးနောက် အသားတွေကို အနှစ်ထင်၍ ခုတ်ယူပြီး ထမ်းပြန်သွားသည်။ ထို့အတူ လောကီ အသိဉာဏ်တွေ ရရုံဖြင့်လည်း မတင်းတိမ်သင့်ပုံကို ဟောသည်။ အနှစ် မဟုတ်သေး၊ အသားတွေသာ ဖြစ်သည်။ နောက်လူ သစ်ခုတ် သမားက သစ်ပင် ဖြောင့်ဖြောင့်ကြီးကို ခုတ်ပြီး အပွေးတွေ၊ အကာတွေ၊ အသားတွေကို ပယ်လျက် အနှစ်ကို ထုတ်ယူသွားသည်။ ထိုသူသည် အနှစ်ကို သိသူ ဖြစ်သည်။

ထိုအခါ မြတ်စွာဘုရားက ပိဂ်လ ကောစ္ဆ အနှစ်ဆိုတာ ငါဘုရား သာသနာမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုသာ ဆိုလိုကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကတော့ ဘယ်အခါမှ မပျက်တော့ဘူး။ သောတာပတ္တိမဂ် တစ်ကြိမ် ပေါ်လိုက်ပြီဆိုလျှင် အပါယ်လေးပါး တံခါး အပြီး ပိတ်တော့သည်။ ယုတ်ညံ့သောဘဝမှာ မဖြစ်တော့ဘဲ သုဂတိဘုံမှာသာ ဖြစ်ပြီးနောက် နိဗ္ဗာန်ကို ကူးတော့သည်။ [နှာ-၇၀]

ထိုပုဂ္ဂိုလ်သည် အနှစ်ကို ထမ်းပြန်သော ပုဂ္ဂိုလ်နှင့် တူကြောင်း ဟောသည်။ စူဠသာရောပမသုတ်၊ မဟာသာရောပမသုတ်တွေသည် အနှစ်ကို ရွေးပုံကို ဟောသော သုတ္တန်ဒေသနာတော်များ ဖြစ်ကြပါသည်။ ဝိပဿနာဉာဏ်ကနေ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရသွားကြပြီဆိုပါက ပဋိသန္ဓေနေခြင်း ကိစ္စ ပြီးပါပြီ။ ဒုက္ခသစ္စာမှ အပြီးအပိုင် ကျွတ်ပြီ လွတ်ပြီဟု ဆိုသင့်ပါသည်။ အောက်သံသရာက လွတ်ပါပြီ။ ဤသည်မှာ အနှစ်ကို ထမ်း၍ ပြန်ခြင်း ဖြစ်၏။ မိမိတို့သည် အပါယ် ငရဲက တက်လာကြသူများ ဖြစ်သောကြောင့် ငရဲက လာပြီး ငရဲသို့ ပြန်လိုသော ဆန္ဒ ရှိကြသူများ မဟုတ်ပါ။ အနှစ်ရအောင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရအောင် လုပ်ရမည်။ ဒါ အရေးကြီးသည်။ [နာ–၇၃]

လူ့ပြည်ရောက်သောအခါ အဝိဇ္ဇာနှင့် တဏှာ ဖုံးပြီး ကိုယ်၏ အပြစ်တွေကို မလျှော့ကာ မသိတော့သည့်အတွက် လူ့ဘဝမှာ၊ ပစ္စည်းဥစ္စာ၊ တိုက်တာ၊ ရွှေငွေ တွေနှင့် နေရလျှင် လူဖြစ်ကျိုးနပ်ပြီထင်ကာ ဘဝကောင်းစာရေးလောက်နှင့် ကျေနပ် သူသည် အကိုင်း အခက် အကာ အသားတွေကို အနှစ်ထင်ပြီး ခုတ်ယူထမ်းပြန်သူ နှင့် တူကြောင်း ဟောသည်။ [နာ–၇၄] လိုရာ ကိစ္စ မပြီးပါ။ လိုရာကိစ္စဆိုသည်မှာ ဘယ်တော့မှ အပါယ် မပြန်ဘူး။ အပါယ်ဇာတိကို မယူဘူးဆိုသော စိတ်ထား သဘောထားရှိခြင်း ဖြစ်သည်။ [နာ–၇၅] ရဟန်း သံဃာတွေလည်း ကိုယ့်ဘုန်း ကိုယ့်ကံကလေးနှင့် တင့်တောင့်တင့်တယ် နေရတာကို တင်းတိမ် ကျေနပ်နေလျှင် မဟုတ်သေးပါ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော အနှစ်သာရတွေကို ရမှသာ စိတ်ချရသည်။ ဒါမှသာ အနှစ်ထမ်း၍ ပြန်သူ ဖြစ်နိုင်ပုံကို ဟောသည်။ [နာ–၇၆] သီလလောက်နှင့် တင်းတိမ်မနေပါနှင့်ဆိုတာ သီလမဆောက် တည်ရဘူးဟု ဆိုခြင်း မဟုတ်ကြောင်း၊ သီလလည်း ဆောက်တည်၊ ထိုသီလအပေါ် သမာဓိလည်း ဆင့်ပြီး ကျောက်ဖျာကြီးလိုတင်၊ ထိုကျောက်ဖျာပေါ်မှာ ဝိပဿနာ ဉာဏ်ဓားကို သွေးပါဟု ဆိုထားသည်။ [နာ–၇၈] မတင်းတိမ်သင့်ဆိုသော အဆင့်မှာ မတင်းတိမ်သေးဘဲ ရှေ့ဆက် တက်ကြပါဦးဟု တိုက်တွန်းခြင်းသာ ဖြစ်၏။ ဘဝ၏ အနှစ်သာရကို ရှာသူသည် ဘဝ၏ အကာလောက် တွေ့တာနှင့် အနှစ်သာရထင်ပြီး အကာကို ထမ်းပြန်မိမှာ စိုး၍ ထပ်ကာတလဲ သတိပေးနေခြင်း ဖြစ်သည်။ [နာ–၇၉]

ဆရာတော်က သမထ လုပ်သဖြင့် အဘိညာဉ်ရ၍ ရျာန်ပျံနိုင်တာတောင် ကျေနပ်မနေပါနှင့်။ ဇာတိ၊ ဇရာ မရဏ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ

ဥပါယသတွေက လွတ်ရေး ကျွတ်ရေးကိုသာ ဘ၀၏ အနှစ်သာရဖြစ်သည်ဟု ယူမှတ်ပြီး အနှစ်သာရကို ရအောင်ထိ ကြိုးစားရဦးမည် ဖြစ်ကြောင်းကို ပြသည်။ [နှာ-၈၂] အနှစ်ရှာလာတာ အနှစ်သိပြီး အနှစ်ရမှသာ လိုရာ ကိစ္စ ပြီးနိုင်သည်။ အနှစ်က ဘာလဲ၊ မဂ်ဉာဏ်သည်သာ အနှစ် ဖြစ်သည်ဟု မှတ်ပါ။ ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးလျှင် အပါယ်လေးပါး တံခါးက မပိတ်သေးပါ။ မဖောက်မပြန်ဘဲ ဂတိ မြဲသွားပြီ။ သီလ မြဲသွားပြီ။ သမာဓိ ပညာလည်း မြဲသွားပြီ ဖြစ်၏။ အဲဒါမှသာ အနှစ်သာရ ဖြစ်သည်ဟု မှတ်ရမည် ဆိုသည်။ [နှာ-၈၄]

ထို့နောက် ကာမစိတ် ၅၄ ခုထဲက ပုထုဇဉ် မရနိုင်သောစိတ် ၉ ခုနုတ်၊ ၄၅ ပါး ကျန်သည်။ ထိုစိတ် ၄၅ ကို လှည့်ပြီး စိတ္တာနုပဿနာ ရှုရမည်။ ထိုစိတ်ထဲမှာ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ် ၄ ပါး ကို ထပ်နုတ်ပါ။ ထိုစိတ်သည် ရှုရမည့် ဉာဏ်စိတ်တွေ ဖြစ်သည်ဟု ဆိုသည်။ ၄၁ ပါးပဲ ကျန်သည်။ ထိုစိတ် လေးပါးသည် မဂ္ဂင် ငါးပါး ဖြစ်သည်။ ထို မဂ္ဂင် ငါးပါး ရှုဉာဏ်ဖြင့် ရှုရမည်။ ဘာစိတ်ပဲ မိမိသန္တာန်မှာပေါ်ပေါ် ထိုစိတ်ကို ဖြစ်ပျက် ရှုပါ။ ဝိပဿနာရှုတာ အနှစ်နားကို ကို ရောက်ပြီ။ အသားတော့ တွေ့ပြီဆိုပါစို့။ [နှာ-၈၈] မဂ်မဆိုက်သဖြင့် အနှစ် မဟုတ်သေးပါ။ ဒါကြောင့် ကာမာ၀စရ ကုသိုလ်စိတ်လောက်နှင့်လည်း တင်းတိမ် မနေပါနှင့်ဦးဟု သတိပေးပြန်သည်။ ဝိပဿနာကို ကျုပ် ရှုနေတာပဲဆိုပြီးတောင်မှ မတင်းတိမ်သင့်သေးကြောင်း ဟောသည်။

မြင်စိတ်၊ ကြားစိတ်၊ လောဘစိတ်၊ ဒေါသစိတ်၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ ဘာစိတ်ပဲ လာလာ အားလုံးကို ဖြစ်ပျက် ရှုရမည်။ ကြားတိုးလာသော ကိလေသာစိတ်တွေ ပေါ်ပြန်လျှင်လည်း ပေါ်လာသမျှ ကိလေသာ ကြားထိုးစိတ်တွေကို ဖြစ်ပျက် ရှုရပေဦးမည်။ ဖြစ်ပျက် ရှုခြင်းဖြင့် ဘာကျေးဇူးများသလဲမေးလျှင် ကိုယ့်အသေ ကိုယ် မြင်သည်။ ကိုယ့် အနိစ္စ၊ ကိုယ့်ဒုက္ခ၊ ကိုယ့် အနတ္တ ကိုယ် မြင်သည်။ ထိုအခါ ဖြစ်ပျက် ဝိပဿနာရှုသော ပုဂ္ဂိုလ်မှာသစ္စာနုလောမိက ဉာဏ်ကို ရသည်ဟု ဆိုသည်။ [နှာ-၉၄] ကိုယ့်ဒုက္ခသစ္စာကို ကိုယ်မြင်လျှင် လောကီမဂ် ရပြီ။ လောကီမဂ်ရလျှင် လောကုတ္တရာမဂ် နီးပြီဟု ဆို၏။ ဆရာတော်က အသေကို အရှင်နှင့် ကြည့်ပါဟု တိုက်တွန်းသည်။ စိတ်တစ်ခု ဖြစ်ပြီးပျက်၊ နောက် အစားထိုးသော စိတ်တစ်ခုနှင့် ယှဉ်ပြန်သည်။ ဒါကြောင့် တစ်နေ့မှ အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ဘဲ သေနေသည်။ ခု ကိုယ့်အသေ ကိုယ် မြင်အောင် ကြည့်ဆိုတာ အလောင်းမရတဲ့ အသေကို မြင်အောင် ကြည့်နိုင်းတာ ဖြစ်သည် ဆို၏။ [နှာ-၉၆] ဤကဲ့သို့ ကိုယ့်

ဒုက္ခ၊ ကိုယ့်အသေကို မြင်ဖန်များမှ ဖြစ်ပျက်မြင်၊ ဖြစ်ပျက် မုန်းလာမည်။ ခန္ဓာကို ဉာဏ်စိုက်ပြီး ရှုရင်း ဖြစ်ပျက်မုန်းလာတော့ ဖျတ်ဆို ဒုက္ခတွေ ချုပ်သွားတာကို မြင်လိုက်ရလိမ့်မည်။ ထိုအခါ မဂ္ဂင်ရှစ်ပါး ပြည့်သွားသည်။ ဒုက္ခ ချုပ်ရာကို မြင်မှသာ မဂ္ဂင်ရှစ်ပါး ပြည့်သည်။ မဂ်က တစ်ကြိမ်ပဲ ကျသည်။ ထိုမဂ်က အကျိုး အပါယ် တံခါးပိတ်စေသည်။ ဘယ်တော့မှ မပျက်တော့ဘူး။ အဲဒါသာ အနှစ် ဖြစ် သည် ဆို၏။ [နှာ-၉၇] ဒုက္ခသစ္စာကို သိပြီး မုန်းပြီး မလိုချင်ဘူးဆိုမှ ဒုက္ခ သစ္စာ (ခန္ဓာကြီး) ဆုံးသွားပါသည်။ 'ခန္ဓာနိရောဓော နိဗ္ဗာနံ' ဖြစ်ပါသည်။ ခန္ဓာ ချုပ်တာကို နိဗ္ဗာန် သိလိုက်တာက မဂ်ဉာဏ် ဖြစ်သည်။ ဒါ အနှစ်ထမ်း ပြန်တာနှင့် တူသည်ဟု ဆိုသည်။ မပျက်နိုင်သော ခိုင်မာသော အနှစ်ကို ရမှ ကိစ္စ ပြီးသည်။ အပါယ်ကလာပြီး အပါယ် မပြန်ရတော့ပါ။ နိရောဓသစ္စာ ဆိုက်သဖြင့် အပါယ် တံခါးလည်း ပိတ်ပါပြီ။ မဂ်ဉာဏ် အနှစ်ကိုလည်း ရပါပြီ။ ဤတွင် အချိန်စေ့၍ တရားကို ရပ်နားလိုက်ပါသည်။

*

## ၃။ သေမွဲကွဲ ဒုက္ခသစ္စာ

[ ၂၀-၁-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား ]

သေမွဲကွဲဆိုတာ ဒကာ ဒကာမတွေ လူတိုင်း သိပြီးသား ဖြစ်သည် အစချီ လျက် ဤတရားကို ဟောသည်။ သေမွဲကွဲသည် ဒုက္ခသစ္စာ ဖြစ်သည်။ သေတာ ဘယ်က လာသလဲ။ ပဋိသန္ဓေက လာသည်။ ဇာတိ ပဋိသန္ဓေနှင့် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝသည် အကြောင်းအကျိုးအားဖြင့် ဆက်နေသည်။ ဥပနိဿယ ပစ္စယောချည်း မှတ်ရမည်။ အားကြီးသော အကြောင်းကြောင့် ဖြစ်သော အားကြီး သော အကျိုးတွေပဲ ဖြစ်သည်။ ပဋိသန္ဓေနေခြင်း ဇာတိလည်း ဒုက္ခသစ္စာပဲ၊ ဇရာ၊ မရဏလည်း ဒုက္ခသစ္စာပဲ။ ဤနေရာ၌ ဒုက္ခ ဒုက္ခချင်း အကြောင်းအကျိုး ဆက်သည် ဟု သိရမည်။ [နှာ-၁၀၂] ဒါဆို ဒီဒုက္ခ ဘယ်က လာတာလဲဟု မေးလျှင် ကုသိုလ်၊ အကုသိုလ်ဆိုသော ကမ္မဘဝ သင်္ခါရက လာသည်။ ဤကုသိုလ်သည် အသဝ ခြံရံသော ကုသိုလ်၊ ဤအကုသိုလ်သည်လည်း အာသဝ ခြံရံသော အကုသိုလ် ဖြစ်သည်။ ထို့နောက် ကုသိုလ် ပြုပြီး ဘုံဘဝ ဆုတောင်းထည့်ခြင်းကို ဝေဖန်ပြီး ကန့်ကွက်ထားသည်။ [နှာ-၁၀၄]

ထို့နောက် ဥပရုပဏ္ဏာသမှာ လာသော ကုသိုလ် နှစ်မျိုးကို ခွဲပြောသည်။ ကံ ကံ၏ အကျိုးကို ယုံကြည်သော ကုသိုလ်က တစ်မျိုး၊ ဘာဝနာမယဉာဏ် အုပ်ချုပ်သော ပွားများသော ကုသိုလ်က တစ်မျိုး ဖြစ်ကြောင်း ပြောသည်။ [နှာ- ၁၀၅] ကုသိုလ် တစ်မျိုးက ဝဋ်ကို ကျေးဇူးပြုသည်။ နောက်တစ်မျိုးက ဝဋ်ကျွတ်မှုကို ကျေးဇူးပြုသည်။ သမ္မာဒိဋ္ဌိဆိုတာ ဉာဏ်ကို ပြောတာ ဖြစ်ကြောင်း ရှင်းပြန်သည်။

တစ်ခါ မဟာစတ္တာရီသကသုတ်မှာ ဉာဏ်ကိုလည်း နှစ်မျိုး ပြောကြောင်း ပြသည်။ [နှာ-၁၀၆] တစ်ခုသော ဉာဏ်က အာသဝေါတရား၏ အာရုံ ဖြစ်သည်။ အာသဝေါတရား၏ အရိပ် မကင်းသော ပုညဘာဂိယ ကောင်းမှု ကုသိုလ်ကံ ဖြစ်၏။ ဒါ အာသဝေါတရား နယ်ထဲမှာ ပြုသော ကုသိုလ် ဖြစ်သည်။ ဒီကုသိုလ် အကျိုးပေးတော့ ဘာကို အကျိုးပေးသလဲဆိုလျှင် ခန္ဓာ ဒုက္ခသစ္စာကို အကျိုးပေးသည်။ အာသဝေါတရား နယ်က မလွတ်သေးသော ကုသိုလ် ဖြစ်ခြင်းကြောင့် အာသဝနယ်ထဲပဲ အကျိုးပေးသည်။ [နှာ-၁၀၈] အာသဝနယ် အပြင်ဘက်ကို မထွက်နိုင်သေးပါ။ ကမ္မသကတဉာဏ်လောက်နှင့် ကြည့်လျှင်တော့ ဤကုသိုလ် ကောင်းသည်ဟု ဆိုနိုင်သည်။ သစ္စာဉာဏ်ဖြင့် ကြည့်တော့မှ မကောင်းကြောင်း ပေါ်သည်။ သစ္စာကို မသိသောကြောင့် သံသရာလည်ခဲ့ရကြောင်း ရှင်းပြသည်။ [နှာ-၁၁၀]

ကံကို ယုံသော သမ္မာဒိဋ္ဌိက တစ်မျိုး၊ မဂ္ဂသမ္မာဒိဋ္ဌိက တစ်မျိုး နှစ်မျိုး ပြားသည်ကိုလည်း ပြသည်။ ကုသိုလ်လုပ်သော ဉာဏ် နှစ်မျိုး ပြားပုံကို ခွဲပြခြင်း ဖြစ်သည်။ ထိုနောက် အနာသဝခေါ် အာသဝေါနယ်က လွတ်သော လောကုတ္တရာ ကုသိုလ်၊ မဂ်ကုသိုလ်ကို ဆက် ရှင်းပြသည်။ ထိုကုသိုလ်သည် ခန္ဓာကို မလုပ်တော့ပါ။ အရိယာမဂ် နောက်က ဖြစ်သော ကုသိုလ်သည် ခန္ဓာကို အကျိုး မပေးတော့ပါ။ ဒုက္ခသစ္စာမှ ကျွတ်ချင်သောဉာဏ်နှင့် လုပ်သော ကုသိုလ် ဖြစ်ရမည်။ ဒုက္ခသစ္စာကို သိပြီးမှ လုပ်သော ကုသိုလ်သည် ဒုက္ခကို ရချင်သော ကုသိုလ် မဟုတ်တော့ပါ။ ဒုက္ခကို ကြောက်လို့ လုပ်သော ကုသိုလ်ဖြစ်မှ ဒုက္ခကို မရတော့ကြောင်း ရှင်းထားသည်။ [နှာ-၁၁၆]

ကမ္မသကတ သမ္မာဒိဋ္ဌိနှင့် မဂ် သမ္မာဒိဋ္ဌိ ခြားနားပုံ၊ ကွဲပြားပုံကို ပြခြင်း ဖြစ်သည်။ ဒုက္ခသစ္စာကို သိပြီးမှ ဘာဝနာကို ပွားများပါ။ [နှာ-၁၁၇] ဒုက္ခသစ္စာကို ဉာဏ်က သိနေသည့်အတွက် အဝိဇ္ဇာ မပါတော့ဘဲ ဝိဇ္ဇာသက်သက် ဖြစ်နေပြီ

ဖြစ်၏။ ဝိဇ္ဇာဖြစ်နေစဉ် အဝိဇ္ဇာကို မဂ်က ဖြတ်ချလိုက်သည်ဟု ဆိုသည်။ [နာ–၁၁၈] ဝိဇ္ဇာလာလျှင် အဝိဇ္ဇာ မနေသာ။ ချုပ်ရပါသည်။ ဘာဝနာမယပါမှ ဇာတိ၊ ဇရာ မရဏတွေ ချုပ်ပါသည်။ ဒါကြောင့် ဇာတိ ဇရာ မရဏက ကျွတ်ချင် လွတ်ချင်လျှင် ကျွတ်ချင်သော ဉာဏ်နှင့် လုပ်ရပါမည်။

ထို့နောက် ကံလေးမျိုးရှိကြောင်း ဟောပြန်သည်။ (ရှေ့မှာလည်း ဟောခဲ့ဖူးပြီ) အဖြူကံ၊ အမည်းကံ၊ အဖြူအမည်းရောကံ၊ မဖြူမမည်းသော ကံများ ဖြစ်သည်။ အဖြူကံက ကာမာဝစရ ကုသိုလ်ကံတွေ ဖြစ်သည်။ အမည်းကံက အကုသိုလ်ကံတွေ ဖြစ်သည်။ အဖြူအမည်းရောသော ကံက ကုသိုလ်၊ အကုသိုလ်ကံတွေ ဖြစ်သည်။ စသည်တို့၏ အကျိုးပေးပုံကို ပြသည်။ [နာ–၁၁၉] မဂ်ကုသိုလ်သည်သာ အဖြူ အမည်း မရောသောကံ ဖြစ်သည်။ ဝဋ်ကျွတ်သော ကံ ဖြစ်သည်။ သစ္စာ မြင်ပြီး လုပ်သော ပုဂ္ဂိုလ်၏ ကံက မဖြူမမည်းသော ကံ ဖြစ်သည်။ [နာ–၁၂၀] အဖြူအမည်း မရောသော ကံသည် ကံဖြတ်တရား ဖြစ်သည်။ သူ့အကျိုးပေးက ကံကို ဖြတ်သည်။ ဒါ ပုရေစရိကမဂ်၊ လောကုတ္တရာ မဂ် ဖြစ်သည်။ ဒါကြောင့် အဖြူအမည်း မရောသော ကုသိုလ်သည်သာ အကောင်းဆုံး ဖြစ်၏။ [နာ–၁၂၁]

ထိုကုသိုလ်သည် မဂ္ဂင် ရှစ်ပါး ဖြစ်သည်ဟု အဓိပ္ပာယ် ကောက်ရမည်ဟု ဆိုသည်။ အာရုံကြောင့် အကျိုး အာရမ္မဏိက ပေါ်သည်။ ဤတွင် ဒုက္ခသစ္စာကို မြင်လို့ ဒုက္ခသစ္စာကို မလိုချင်သောစိတ် ပေါ်ခြင်း ဖြစ်ကြောင်း ဟောသည်။ မဂ္ဂင် ရှစ်ပါးသည် အာရမ္မဏိက ဖြစ်သည်။ ဒါကြောင့် ဘာကုသိုလ်ပဲလုပ်လုပ် ဝိပဿနာ အလုပ်ကလည်း ထည့်ပေးပါဟု သတိပေး ဆုံးမထားသည်။ [နာ–၁၂၈]

ဆရာတော်က ဤတွင် ဘုရား အလိုနှင့် လူ့အလို ဆန့်ကျင်ပုံကို ပြသည်။ ဘုရားက ကံပြတ်တာကို ကြိုက်သည်။ လူက ကံကောင်းတာကို ကြိုက်သည်။ [နာ–၁၃၁] ပြဒါးတစ်လမ်း၊ သံတစ်လမ်းဟု ဆိုသည်။ မဂ္ဂင် ထမြောက်ပြီဆိုပါက ပြုလုပ်ထားသော ကံတွေ အဟောသိကံ ဖြစ်သွားသည်။ မဂ်က ကံကို ဖြတ်လိုက်လို့ ဖြစ်သည်။ [နာ–၁၃၄] ဘုရာလည်း ကံဖြတ်နိုင်၍ ဘုရား ဖြစ်သည်။ ကံ ဖြတ်သည် ဆိုရာ၌ပင် ဇာတိ ပဋိသန္ဓေ အကျိုးပေးကံကိုသာ ဖြတ်နိုင်သည်။ ဝိပါကဝဋ်လိုက် သော ကံကိုမူ မဖြတ်နိုင်၍ ခံရသေးသည်။ [နာ–၁၃၅] ဒီဘဝမှာ ခန္ဓာရှိတုန်း တော့ ဝဋ်ကြွေးကို ခန္ဓာဖြင့် ပေးဆပ်ရသေးသည်။ အရှင်မောဂ္ဂလန်ကိုယ်တော်မြတ် ကြီးလည်း ခန္ဓာရှိစဉ်မှာ ဝဋ်ကြွေးကို ပေးဆပ်ရသေးသည်။ ခိုးသား ငါးရာ ရိုက်သတ် ခြင်းကို ခံရသည်။ [နာ–၁၃၆] နောက်ထပ် ပဋိသန္ဓေတော့ မဖြစ်တော့ပါ။

ဒါကြောင့် ကံပြတ် အလုပ် အကောင်းဆုံး ဖြစ်ကြောင်း ထပ်ကာ ဟောပြန်သည်။ [နှာ–၁၃၇] မဂ္ဂင်ဆိုက်အောင် လုပ်မှ ပြီးမည်။ မဂ္ဂင် မဆိုက်သေးသမျှ ထိုကံတွေက ပဋိသန္ဓေ အကျိုးကို ပေးနေဦးတော့မည်။ အပရာ ပရိယ ဝေဒနိယကံတွေသည် အကျိုးမပေးရဘဲနှင့် အဟောသိကံ မဖြစ်ပါ။ မဂ်ရမှသာ ကံပြတ်တော့မည်။ မဂ်အလုပ်၊ ဝိပဿနာအလုပ်ကို လုပ်မှသာ ကံတွေ ပြတ်ပါသည်။ ကံပြတ်မှုသည် ပွားများသော အလုပ်အပေါ်မှာ မူတည်သည်။ [နှာ–၁၃၉] မဂ္ဂင်ငါးပါးက စပြီး မဂ္ဂင် ရှစ်ပါး ပြည့်မှုအပေါ်မှာ မူတည်သည်။

ထို့နောက် နကုလပိတာ၊ နကုလမာတာ ဝတ္ထုကို ဟောသည်။ ခန္ဓာဝဂ္ဂ ပါဠိတော်မှ လာသည် ဆို၏။ [နှာ–၁၄၀] ဘဝပေါင်းများစွာ မြတ်စွာဘုရား၏ မိဘ ဖြစ်ခဲ့ကြဖူးသူများ ဖြစ်ကြပါသည်။ မြတ်စွာဘုရား အဂ္ဂတိုင်းကို ကြွတော်မူစဉ် နကုလပိတာ၊ နကုလမာတာ အဘိုးကြီး အဘွားကြီးက လာဖူးကြသည်။ သူတို့က မြတ်စွာဘုရားကို တွေ့တော့ သားဟု ခေါ်နေကြသည်။ ဘဝပေါင်းများစွာ ဘုရားလောင်း၏ မိဘများ ဖြစ်ခဲ့ကြဖူး၍ ဖြစ်သည်။ သူတို့က မိမိတို့မှာ အိုမင်းပါပြီ။ မိမတို့နှင့် ထိုက်တန်ရာ တရားတစ်ပုဒ်ကို တိုတိုဟောပေးပါဟု လျှောက်ထားကြလေသည်။ မြတ်စွာဘုရားက 'ဃောဟိ ကောဓိ၊ ဂဟပတိ၊ ဤမံကာယံ ပရိမာရန္တော အတ္တာနံ၊ အာရောဂျံ ပရိဇာနေယျ ကိုမညတြဗာလျာ' ဆိုပြီး ဟောလိုက်သည်။ ဤခန္ဓာကြီးကို ဆောင်ထားပါလျက် မိမိကိုယ်ကို အနာကင်းသည်။ ကျန်းမာသည် ဆိုငြားအံ့၊ ထိုသို့ ဝန်ခံခြင်းသည် မိုက်မဲခြင်း ဖြစ်သည် ဟူလို။ ခန္ဓာကို ဆောင်ထားရသောသူမှာ ဘယ်အချိန် ဘယ်အခါမှ အနာမကင်းဘူးဟု မှတ်ချက်ချပါသည်။ [နှာ–၁၄၆] ဒါကြောင့် ဘယ်တော့မှ အနာမကင်းဘူးဟု နလုံးသွင်းကြရမည် ဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားပါသည်။

*

**၄။ တွေးချိန်နှင့် အလုပ်ချိန် တစ်မျိုးစီ ထားပါ။**

[ ၂၀–၁–၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသော တရား]

**(ရှေ့မှာ ဖော်ပြခဲ့သော သေ၊ မွဲ၊ ကွဲ ဒုက္ခသစ္စာ တရားကိုလည်း ၂၀–၁–၆၁ နေ့က မန္တလေး ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောကြောင်း ဖော်ပြထားသည်။ ဤတရားကိုလည်း ထိုရက်စွဲတွင် ဟောကြောင်း ဖော်ပြပြန်သည်။ တစ်နေ့ထဲ နှစ်ပွဲ ဟောသလား၊ နေ့တရားလား ညတရားလား မသဲကွဲပါ၊ မှတ်ချက်)**

ခန္ဓာငါးပါးစလုံး ဒုက္ခသစ္စာ ဖြစ်သည် စချိုလျက် ဤတရားကို ဟောသည်။ ရှုမှတ်သော စိတ်ပင်လျှင် ဖြစ်ပြီး ပျက်ခြင်းကြောင့် ဒုက္ခသစ္စာပဲ ဖြစ်သည်။ ဒါကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကြီးကို ရှုဉာဏ် ဒုက္ခသစ္စာဖြင့်ပင် အာရုံပြုရသောကြောင့် ဒုက္ခ ဒုက္ခ၌ အာရုံပြုရသည်ဟု မှတ်ရမည် ဆိုသည်။ [နှာ–၁၄၈] ရှုဉာဏ်က ဒုက္ခ ဖြစ်သော်လည်း ဉာဏ်ပါသည်။ အရှုခံက ဉာဏ် မပါဟု ရှင်းသည်။ ဉာဏ်ပါသော ဒုက္ခက ဉာဏ်မပါသော ဒုက္ခကို သိမ်းနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပဋိစ္စသမုပ္ပာဒ် ပြတ်လို့ဖြစ်သည်။ ထို့နောက် ဒ က စက်ဆုပ်စရာ၊ ခ က အသုံးမကျတာ၊ သစ္စာက အမှန်။ စက်ဆုပ်စရာ အသုံးမကျတာ အမှန်သည် ဒုက္ခသစ္စာ ဖြစ်သည်။ ခန္ဓာကို ဉာဏ်ဖြင့် ရှုလိုက်လျှင် စက်ဆုပ်စရာ အသုံးမကျတာ အမှန်ကို တွေ့ရမည်။

ဒုက္ခသစ္စာမှာ ဘာသတ္တိ ရှိသလဲ။ ခန္ဓာ ရချင်သော ပုဂ္ဂိုလ်ကို ညှာတာ မဖက် အမြဲ နှိပ်စက်တတ်သော သဘော ရှိသည်။ တဏှာ သမုဒယက လုပ်ထားလို့ ဒုက္ခသစ္စာ ရနေတာ ဖြစ်သည်။ ဒုက္ခသစ္စာအစစ်က အထည်ပျောက် နှိပ်စက်တာ ဖြစ်သည်ဟု ဆိုသည်။ [နှာ–၁၅၀] ဥဒယဗ္ဗယဉာဏ် နှင့် ကြည့်လိုက်တော့ မရှိတာ ချည်း တွေ့ရသည်။

ဤတွင် အထည်ကျန်လျှင် မရဏာထဲသွင်း၊ အထည်ပျောက် နှိပ်စက်လျှင် ဒုက္ခသစ္စာထဲ သွင်းဟု ဆိုသည်။ [နှာ–၁၅၁] မရဏာနုဿတိသည် သမထဖြစ်သော်လည်း ဒုက္ခသစ္စာဘက် ဝင်သည်ဟု ဆိုသည်။ [နှာ–၁၅၂] မရဏာနုဿတိကို အိပ်ရာဝင်တဲ့အခါ နှလုံးသွင်းပြီး ဒုက္ခသစ္စာကို ရှုလိုက်လို့ ရှိလျှင် ပိုပြီး ကောင်းတယ်ဟုလည်း ဟောထားသည်။ ဒုက္ခံပီဠနဋ္ဌော ဆိုသောကြောင့် နှိပ်စက်သည်။ ကာယိက ဒုက္ခနှင့် အရင် နှိပ်စက်သည်။ နောက် ဒုတိယအားဖြင့် စေတသိက ဒုက္ခနှင့် နှိပ်စက်သည်။ ၉၆ ပါး ရောဂါဝေဒနာ ကိုယ်ပေါ်ရောက်တာက ကာယိက ဒုက္ခ ဖြစ်သည်။ မခံနိုင်သော ဒုက္ခစေတသိတ် (ဒေါသ) က စေတသိကဒုက္ခ ဖြစ်သည်။ [နှာ–၁၅၄] ခန္ဓာငါးပါး ဥပါဒါနက္ခန္ဓာကြီးသည် စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန် ဖြစ်သည်ဟု မြင်အောင် ဖြစ်ပျက်ကနေ ဒုက္ခသစ္စာအထိ ဉာဏ်က သွားပေးရမည်။ [နှာ–၁၅၅] ဖြစ်ပျက်ကို သစ္စာဉာဏ်သွင်းပြီး စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန် ထိရောက်အောင် ဉာဏ်သွင်းပေးမှသာ တဏှာက ပါးသွားသည်၊ အနိစ္စ မြင်တာက ခံသာသည့် သဘောပဲ ရှိသေးသည်။ မခံသာတဲ့အထိ

ဖြစ်မှ ဒုက္ခကို မြင်ပြီး တဏှာသေသည်။ ဒါကြောင့် အနိစ္စ ရိုးရိုး မြင်မှုနှင့် သစ္စာမြင်မှု ခြားနားကြောင်းကို ပေါ်အောင် ဟောသည်။

ထို့နောက် ချက်ချင်း သစ္စာကို မမြင်သေး၊ ဖြစ်ပျက် အနိစ္စကို မြင်သော ဉာဏ် တက်လာမှသာ ဒုက္ခသစ္စာကို မြင်သောဉာဏ် ပေါ်လာနိုင်ကြောင်း ဟောသည်။ [နှာ-၁၅၆] သစ္စာဉာဏ်ကို ရမှသာ ကိစ္စဉာဏ်ကို ရသည်။ သစ္စာကို သိတာက သစ္စာဉာဏ်၊ နိပ်စက်သော သူ့ကိစ္စကို သိတာက ကိစ္စဉာဏ်၊ နောက် ကိစ္စ ဉာဏ်ရင့်ပြီးမှ တကဉာဏ် ပေါ်လာသည်ကို ပြသည်။ [နှာ-၁၅၇] သစ္စာ ဉာဏ်သည် ဖြစ်ပျက်မြင်သော ဉာဏ်နှင့် တစ်တန်းတည်း လောက်ပဲ ရှိသည် ဆိုဏ်။

ခန္ဓာရသော ပုဂ္ဂိုလ်မှာ နှိပ်စက်ခြင်းကို ခံရမည်သာ ဖြစ်သည်။ ဘယ်နည်း နှင့်မျှ ရှောင်လွှဲ၍ မရကြောင်း ဟောသည်။ ဤကဲ့သို့ နှိပ်စက်ခံ နေရပါကလား ဆိုတာကို ဉာဏ်ဖြင့် သိမှသာ ကိလေသာက ပါးလာသည်။ ခန္ဓာကြီးကို ဒုက္ခရောက် အောင် စီမံနေတာက တဏှာ၊ သမုဒယသစ္စာ ဖြစ်သည်။ သခ်တဗ္ဗော၊ တဏှာက ပြုပြင် စီမံနေသည်။ တဏှာ ယောက်ျား လက်သမားက ခန္ဓာအိမ်ကို ဆောက်လုပ်၍ ပြုပြင်နေသည်။ ကံက သူ့ချည်း ဘာမှ မလုပ်နိုင်ပါ။ တဏှာ လုပ်ခိုင်းတာကို လုပ်နေရခြင်းသာ ဖြစ်သည်။ ဒါကြောင့် တဏှာ ချုပ်ဖို့သာ အရေးကြီးသည်။ တဏှာချုပ်လျှင် ကံအလိုလို ပါသွားသည်။ တဏှာက သခ်တသဘော၊ ပြုပြင် စီမံတတ်သော သတ္တိ ရှိသည်။ တဏှာ ပို့ရာ ခန္ဓာ သွားနေရတော့ လူ့ဘောလုံး ဖြစ်ရကြောင်းကိုလည်း ရှင်းပြထားသည်။ တဏှာက စုတိနှင့် ပဋိသန္ဓေကိုလည်း ဆက်စပ် ပေးသောကြောင့် တဏှာကို သိပ္ပံခို အုပ်ချုပ်ရေးသမားဟု ခေါ်သည်။ [နှာ-၁၆၄] စုတိလည်း ဒုက္ခသစ္စာ၊ ပဋိသန္ဓေလည်း ဒုက္ခသစ္စာ ဒုက္ခ နှစ်ခုကို ဆက်စပ်ပေးတာသည် တဏှာ ဖြစ်ဏ်။ တဏှာကိန်းနေသော ပုဂ္ဂိုလ်မှာ ဒုက္ခချည်း ဆက်နေမည်သာ ဖြစ်သည်။ [နှာ-၁၆၅]

ပဋိသန္ဓေပြီးတော့ ဘဝင်စိတ်တွေ ဆက်ဖြစ်လာသည်။ ဘဝင်ကလည်း ဒုက္ခသစ္စာပဲ ဖြစ်သည်။ ဒုက္ခ ဒုက္ခချည်း ဆက်ဖြစ်ပြန်သည်။ [နှာ-၁၆၆] အနန္တရ ပစ္စယော သဘောဖြင့် ဒုက္ခ အခြား မရှိအောင် ကျေးဇူးပြုတော့သည်။ အနန္တရ ပစ္စည်းလည်း ဟုတ်သည်။ ဒါကြောင့် ကံကောင်း အကြောင်းသင့်တာဖြင့် တစ်ချက် ကလေးတောင် မပါပါ။ ပဋိသန္ဓေစိတ်၊ နောက် ဘဝင်စိတ်လာသည်။ ဘဝနောက်က အာဝဇ္ဇန်း စိတ်တွေ လာသည်။ ဇောစိတ်တွေ လာသည်။ ဘဝင်ပြီးနောက်မှာ

ကိုယ့်ဘဝကို ကိုယ် နှစ်သက် သော လောဘစော လာသည်။ [နာ–၁၆၇] ဒီစိတ်တွေ အားလုံး ဒုက္ခသစ္စာ ချည်း ဖြစ်သည်။ ဒီစိတ်တွေကို ဆက်ဖြစ်အောင် လုပ်နေတာ အနုသယပစ္စည်း၊ အနုသယပစ္စည်းကို ညြဖာပေးနေတာက တဏှာ ဖြစ်သည်။ ဒါကြောင့် ဘာစိတ်ပဲပေါ်ပေါ် ပေါ်သော စိတ်တွေအားလုံး ဒုက္ခသစ္စာချည်းသာ ဖြစ်ပုံကို ရှင်းပြသည်။ သမ္မာဒိဋ္ဌိမျက်လုံးတပ်ပြီး သမ္မာသင်္ကပ္ပ မျက်မှန်နှင့် ကြည့်လျှင် ဒုက္ခသစ္စာချည်း ဆက်နေတာကို မြင်ရသည်။ ဒါကြောင့် ဒုက္ခသစ္စာမှာ သစ်တဈွေ သဘောရှိသည်။ တဏှာ ပြုပြင်တာကို ခံနေရခြင်း ဖြစ်သည်။ သုံးဆယ့်တစ်ဘုံ နယ်တစ်ခွင်မှာ ဒုက္ခပြီး ဒုက္ခ ဆက်ဖြစ်အောင် ချုပ်စပ်ပေးနေတာက တဏှာ ဖြစ်ပုံကို ပြသည်။ [နာ–၁၇၀] ဒုက္ခသစ္စာချည်း ဖြစ်အောင် တဏှာ လုပ်နေပုံကို သိရမည်။ သစ္စာ ထိအောင် သိမှ နိဗ္ဗာန်ကို ရောက်နိုင်သည်ဟု ဆရာတော်က သုံးသပ် ပြသည်။ [နာ–၁၇၁]

ပဋ္ဌာန်းမှာ မဂ္ဂပစ္စည်းကို ချန်လှပ်၊ ကျန်သော ပစ္စည်းအားလုံးသည် တဏှာ စိမ်တာချည်း ဖြစ်သည်။ မဂ္ဂပစ္စည်းထဲတောင် လောကီမဂ်မှာ တဏှာ စိမ်တာ ပါသေးသည်။ လောကုတ္တရာမဂ်ကျတော့ တဏှာ နောက်ဆုတ်ကြောင်း ဟောသည်။ ထို့နောက် ထမင်းစား၊ ရေချိုး၊ အိမ်သာတက်တာက အစ ဒုက္ခဟူသမျှ အလုံးစုံ သူပေးတတ်ပုံကို ပြသည်။ [နာ–၁၇၂] ဒုက္ခစက်ကြီး လည်နေရတာ ကံမကောင်းလို့ မဟုတ်ပါ။ တဏှာကို မသတ်တတ်လို့ ဖြစ်ကြောင်းကိုလည်း ဟောသည်။ [နာ–၁၇၃] ကာမာသဝလည်း တဏှာနယ်၊ ဘဝါသဝလည်း တဏှာနယ်ပဲ၊ သို့သော် တဏှာ အငယ်စား၊ အကြီးစား ကွာသည်၊ ကာမာသဝကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပယ်နိုင်သည်။ ဘဝါသဝကိုတော့ အရဟတ္တမဂ်နှင့်သာ ပယ်နိုင်သည်ဟု ဆိုသည်။ ဝိပဿနာ အလုပ်မှာ တွေးတဲ့အခါ တွေးပါ၊ ရှုတဲ့အခါ ရှုပါ၊ တွေးတဲ့အခါ မရှုနှင့်၊ ရှုတဲ့အခါ မတွေးနှင့်ဟု လုပ်နည်းပြပြန်သည်။ [နာ–၁၇၄] အလုပ်ခွင်မှာ မတွေးရပါ၊ တွေးတာက စိန္တာမယ ဖြစ်သည်။ ဘာဝနာမယ မဖြစ်ကြောင်း ရှင်းပြသည်။ ဘာဝနာမယက ပွားများရတာဖြစ်သည်။ စိန္တာမယမှာ ကိလေသာ ကြားဝင်နိုင်သည်။ ဘာဝနာမယမှာ ကိလေသာ ကြားမဝင်နိုင်ဟု ဆိုသည်။ [နာ–၁၇၅]

ဒုက္ခပြီး ဒုက္ခဆက်နေတာပဲ ရှိတယ်ဟု အတွေးဉာဏ်ထဲမှာ အတွေး ပိုက်လာပြီဆိုမှ ဒုက္ခဆုံးချင်သော ဉာဏ်ပေါ်လာမည် ဖြစ်သည်။ [နာ–၁၇၆] တွေးလုံးပိုင်သော အချိန်ကျမှ အားထုတ်သင့်ကြောင်း အကြံပြုထားသည်။ အင်္ဂုတ္တိုရ်မှာ စိန္တာမယ

ဉာဏ်ကို တစ်ချိန်ထားဖို့၊ ဘာဝနာမယ ဉာဏ်ကို တစ်ချိန် ထားဖို့ ဟောထားသည်ဟု ဆိုသည်။ [နှာ-၁၇၇]

ဘာဝနာမယနှင့် စိန္တာမယ ဘာကွာသလဲဆိုလျှင် ဘာဝနာမယက ဘဝင်ကျဲသည်။ စိန္တာမယက ဘဝင်ကျဲသည်။ ဒါကွာသည် ဆို၏။ ဘဝင် ဆိုတာက စိတ်တစ်ခုနှင့် တစ်ခုကြားမှာ အစဉ် မပြတ်အောင် အတိတ်ကို အာရုံပြုနေသော သဘောသည် ဘဝင်စိတ်၏ သဘော ဖြစ်သည်။ ဘဝင်များများ ခြားလျှင် စိန္တာမယ။ စိန္တာမယက ဆင်ခြင် စဉ်းစားခြင်း သဘော ဖြစ်သည်။ မဆင်ခြင်ဘဲနှင့်လည်း ဘာဝနာမဂ်ကိုလည်း သွားမလုပ်လိုက်နှင့်ဟု သတိပေးသည်။ [နှာ-၁၇၈] စိန္တာမယမှာ ဘဝင်ခြားတာ များသည်ဟု ဆိုခြင်းမှာ ကိလေသာ ကြားခိုတာများခြင်းကို ဆိုလိုသည်။ တရားအားထုတ်ရာမှာ ဘဝင်ခြားတာ နည်းလျှင် သုခပဋိပဒါ၊ ခပ္ပါဘိညာ ချမ်းသာ လွယ်ကူစွာ လျင်လျင်မြန်မြန် တရားရသူ ဖြစ်သည်။ [နှာ-၁၇၉]

ထို့နောက် တွေးမှုနှင့် လုပ်မှုကို ဆက်စပ်ပြီး ဟောသည်။ [နှာ-၁၈၀] ရုပ်နှင့် နာမ်၊ နာမ်နာမ်ချင်း ဆက်စပ်ပြီး ပေါင်းစည်းပေးတာ၊ တဏှာ အုပ်ချုပ်သမား ဖြစ်သည်။ သူက အနုလုံရပစ္စည်းရော၊ သဟဇာတ ပစ္စည်းလည်း တဏှာပဲ ဖြစ်သည်။ မဂ္ဂပစ္စည်းတစ်ခုပဲ တဏှာနယ်က လွတ်သည်။ ထို့နောက် တဏှာပြုပြင်ပုံ ချုပ်စပ်ပုံများကို ထွေထွေရာရာ ဟောသည်။ ထို့နောက် ဒုက္ခသစ္စာမှာ အနက် ၄ ချက်ရှိသည့်အနက် ပီဠနဋ္ဌနှင့် သင်္ခတဋ္ဌ နှစ်ချက်ကို ရှင်းပေးခဲ့သည်။ ထိုအချက် နှစ်ချက်ကို ပိုင်ပိုင်တွေးပြီးမှ အားထုတ်လိုက်လျှင် လိုရာခရီးကို အပြီး ရောက်နိုင်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၅။ ခန္ဓာကိုယ်ကို ဝိပဿနာရှုရန်

[ ၂၁-၃-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသော တရား ]

တရားကို ကြိုးစား နာကြဖို့ ဘုရားကရော၊ ဆရာကပါ တိုက်တွန်းကြောင်း အစချီပြီး ဤတရားကို ဟောတော်မူသည်။ ယခု တရား နာတာ ကိုယ့်အရေးဟု မှတ်ရမည်။ အိုနာသေအရေးသည် မရှောင်သာမလွှဲသာ တွေ့ရမည့် အရေး ဖြစ်သည်။ အိုနာသေဘေးက လွတ်ပြီး နိဗ္ဗာန်ရာတဲ့ အရေးသည် မလွတ်တမ်း လုပ်ရမည့် ကိုယ့်အရေး၊ ကိုယ့်ကိစ္စ ဖြစ်ကြောင်းကို ဟောသည်။ မြတ်စွာဘုရားက ဥပရိ

ပဏ္ဏာသပါဠိတော်မှာ အရှင်သာရိပုတ္တရာ မေးလို့ ဖြေသော ဆန္ဒောဝါဒသုတ်မှာ ဖြေထားပုံက 'ဣမဿ ကာယံ နိက္ခတိပတိ အညဉ္စကာယံ၊ ဥပါဒိယတိ၊ တမဟံ သဥပစဇ္ဇောတိ၊ ဝဒါမိ' ယခု ရထားသော ခန္ဓာကြီးကို ဘယ်သူမှ သိမ်းဆည်းထား၍ မရပါ။ စွန့်ပစ်ရမည့် ခန္ဓာကြီးသာ ဖြစ်ပါသည်။ စွန့်ပစ်လိုက်ရမည့် ခန္ဓာကြီးကို အမွှမ်းတင်နေလည်း အပိုပဲ ဖြစ်သည်။ ဒီခန္ဓာ ဘာလုပ်ဖို့ ရထားသလဲ၊ ပစ်ဖို့ ရထားတာပဲဟု နားလည်ရမည်။ [နာ-၁၉၄] ဒီခန္ဓာကိုယ်ကိုလည်း စွန့်ပစ်ရပြီး နောက်ထပ် စွန့်ပစ်ရမည့် ခန္ဓာကြီးကို ရချင်ပြန်ခြင်းသည် အကြီးဆုံးသော အပြစ်သင့်မှုပဲ ဖြစ်သည်။ ထိုအပြစ်သည် ကိပ်ငြိမှု အပြစ် ဖြစ်သည်။ (ဒီခန္ဓာကို စွန့်ပြီးနောက် ခန္ဓာ ရတာ၊ စုတိနှင့် ပဋိသန္ဓေ ဆက်တာ၊ အပြစ် အကြီးဆုံး ဖြစ်ကြောင်းကို ရှေ့မှာလည်း ဟောခဲ့ပြီးပြီ။) ဒါကြောင့် ဘဝကူးကောင်းအောင် လုပ်ကြတာသည် ဘုရားကြိုက် အလုပ် မဟုတ်ကြောင်းကို ရှင်းရှင်း ဟောသည်။ ဒီခန္ဓာကို စွန့်ပစ်ရပြီး နောက်ထပ် စွန့်ပစ်ရဦးမည့် ခန္ဓာကို မရခြင်းသာလျှင် အကောင်းဆုံး ဖြစ်ကြောင်း သိရမည်။ [နာ-၁၉၈] ဘဝကူး ကောင်းဖို့က အရေး မဟုတ်၊ ဘဝမလာအောင်၊ နောက်ထပ် ဘဝမရအောင် ခန္ဓာမရအောင် လုပ်ဖို့ အရေးကသာ အရေးကြီးဆုံးဟု သိရမည်။

ထို့နောက် ဆက္ကနိပါတ် အင်္ဂုတ္တိုရ်မှာလာသော သေနည်းကလေးကို သင်ပေးမည်ဟု ဆိုပြီး ဟောသည်။ [နာ-၂၀၁] ဘယ်လို သေရင် ကောင်းမလဲ။ အရှင်အာနန္ဒာကို ဘုရားက ဟောသည်။ ထိုနည်းမှာ ခန္ဓာကိုယ်ကြီး၏ ဖြစ်ပျက် အနိစ္စ၊ လက္ခဏာရေး သုံးပါး မြင်အောင် ရှုဖို့ပင် ဖြစ်သည်။ ယခုဘဝမှာ သားရေး သမီးရေး၊ စီးပွားရေးကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တော့ မရနိုင်ဘူး။ ဝိပဿနာဉာဏ်ပဲ ရသည် ဆိုစေဦး၊ ဝိပဿနာဉာဏ်ပဲရသည်ဆိုလျှင်ပင် သေခါနီးမှာ ကပ်ပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေ ဖြစ်နိုင်သေးသည်။ ရှေးကလည်း ဝိပဿနာကို အားထုတ်ထားသူ၊ ဝိပဿနာဉာဏ် ရထားသူ ဖြစ်ရမည်။ ဖြစ်ပျက် လောက် မြင်ထားသူ ဖြစ်ရမည်။ သေခါနီးမှာ ဘုရားတရား၊ မိမိတို့ ဆရာ သံဃာ တော်တွေ ဟောသော တရားကို နာရင်း သေလျှင် သေခါနီးမှာပင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်သည်ဟု ဟောသည်။ [နာ-၂၀၃] သေခါနီးမှာ ဖြစ်ပျက်ကို မြင်ပြီး သေရမည်။ မဂ်နှင့် ယှဉ်သော စုတိစိတ် ဖြစ်သွားသောကြောင့် ဟိုဘက်ဘဝမှာ ပဋိသန္ဓေစိတ် ဖြစ်သောအခါ မဂ်စိတ်နှင့် ယှဉ်သောကြောင့် သောတာပန်ကလေးအဖြစ် ရွေးလာနိုင်ပုံကို ဟောခြင်း ဖြစ်သည်။ (ဤကား ဗုဒ္ဓ

ဘာသာဝင်များ၊ ဝိပဿနာ အလုပ်ကို လုပ်ဖူးသူများ၊ ဖြစ်ပျက်ကို မြင်ဖူးသူများ အတွက် အကြီးဆုံးသော အခွင့်ကောင်းကြီး တစ်ခု ဖြစ်ကြောင်း မှတ်ယူသင့်ပါသည်။ သေခါနီးမှာ ဘုရားလည်း မတွေ့၊ တပည့်သား သံဃာတော်တွေကိုလည်း မတွေ့ လျှင် တရားတိပ်ခွေကို နာပြီး သေလျှင်လည်း ရသည်။ တရား တိပ်ခွေလည်း မရှိလျှင် မိမိဘာသာ မိမိအားထုတ်ခဲ့ဖူးသော ဖြစ်ပျက် မြင်ဖူးသော တရားကို ဆင်ခြင်ရင်း သေနိုင်သည်။ [နှာ-၂၀၄] နောက်ဘဝမှာ အနာဂါမ်ထိ ဖြစ်နိုင်ကြောင်း ရဲရဲတင်းတင်း ဟောထားသည်။ ဖဂ္ဂုဏသုတ်ကို ကိုးကား၍ ဟောခြင်း ဖြစ် သည်။ အနာဂါမ် တည်ပြီးသား ပုဂ္ဂိုလ် ဖြစ်မှုကား သေခါနီးမှာ ကိုယ့်တရားကို ကိုယ် ဆင်ခြင်ပြီး၊ သေလျှင် နောက်ဘဝမှာ ရဟန္တာ ဖြစ်နိုင်သည်။ [နှာ-၂၀၅]

သေခါနီး ကပ်ပြီး သောတာပန် ဖြစ်နိုင်ပုံ သေနည်းကို ထပ်ဟောပြန်သည်။ အရမ်း မသေနှင့် တရားကို ဆင်ခြင်ပြီး သေဟု ဆိုသည်။ သေခါနီး ဝေဒနကွန္ဓာ ပေါ်မည်။ ဝေဒနာ ပစ္စယာ တဏှာဆိုလျှင် သံသရာလည်ပြီး ထိုအချိန်တွင် ဝေဒနာ၏ ဖြစ်ပျက်ကို မြင်အောင် ရှုရမည်။ ရှုလိုက်တော့ ဝေဒနာနှင့် သမ္ပယုတ္တဓမ္မ၊ သဟဇာတဓမ္မများ ဖြစ်သော သညာ၊ သင်္ခါရ၊ ဝိညာဏ်တွေ အကုန် ချုပ်ပါလိမ့်မည်။ [နှာ-၂၀၆]

ထို့နောက် သံယုတ်ပါဠိတော် နဠကလာပီသုတ်မှာ ဟောတာကို ထပ်ပြော သည်။ ဝေဒနာထဲမှာ ဝိညာဏ် ပါနေသောကြောင့် ဝိညာဏ နိရောဓာ နာမရူပနိရောဓော ဖြစ်ပြီး ရုပ်တွေပါ ချုပ်ပြန်သည်။ ရုပ်နာမ်တွေ ချုပ်ပါက ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ဆုံး နိဗ္ဗာန် မှတ်ရမည်။ [နှာ-၂၀၇] သေခါနီးကျ လျှင် ထိုသို့ ခန္ဓာချုပ်ဆုံးမှုကို လိုချင်သော ပုဂ္ဂိုလ်လည်း များကြပါလိမ့်မည်။ ဒီအချိန် အရေးအကြီးဆုံး အချိန် ဖြစ်နေသောကြောင့် ဖြစ်၏။ ဒါကြောင့် ယခုဘဝမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် အစစ်ကို မရသေးဘဲ ဝိပဿနာ ဉာဏ်လောက်သာ ရသေးသော ပုဂ္ဂိုလ်မှာလည်း စိုးရိမ်စရာ မလိုကြောင်း၊ သေခါနီးမှာ ကပ်ပြီး တရား ရနိုင်သော အခွင့်အလမ်း ရှိသေးကြောင်း အားတက်ဖွယ်ရာကြပါသည်။ ယနေ့ တရားတွင် သေပြီးနောက်ဘဝ ရတာ အပြစ်အကြီးဆုံး ဖြစ်သည်ဆိုသော အချက်နှင့် ယခုဘဝမှာ တရားမရသေး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးတာတောင် သေခါနီးမှာ ဖြစ်ပျက် မြင်အောင် ဝိပဿနာ အလုပ်ကို အာစိဏ္ဏကံ လုပ်ထားသော သူအဖို့ စုတိ စိတ် မကျမီ ကပ်ပြီး သောတာပန် ဖြစ်နိုင်သော အခွင့်ကောင်း ရှိသေးကြောင်း တစ်ချက် ကို ပေါ်အောင် ဟောသည်။ [နှာ-၂၀၈] ဤအတိုင်း ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်နိုင်သူ

ဖြစ်ပါက ရှင်တုန်းက ပုထုဇဉ်သည် သေခါနီးမှာ ကပ်ပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်ပုံကို ပြသည်။ [နှာ–၂၁၂]

ထို့နောက် ကိံသုကောပမသုတ်ကို ပြပြန်သည်။ ပုထုဇဉ် ရဟန်း တစ်ပါးက ရဟန္တာကြီးလေးပါးထံ ချဉ်းကပ်ပြီး ဝိပဿနာ အားထုတ်နည်းကို မေးသော သုတ္တန်ဒေသနာ ဖြစ်သည်။ (ရှေ့မှာ ဟောခဲ့ဖူးပြီ) ပုထုဇဉ် ရဟန်းက ပထမ ရဟန္တာထံ သွားမေးသည်။ နိဗ္ဗာန် ရနိုင်သော အမြင်မှန်ကို ရချင်ကြောင်း လျှောက်ထားသည်။ ပထမရဟန္တာက အာရုံ ခြောက်ပါးကို ဖြစ်ပျက်ရှုလျှင် အမြင်မှန်ပဲဟု ဖြေလိုက်သည်။ ဆရာတော်က ဤအဖြေနှင့် ဆက်စပ်ပြီး သေခါနီးမှ ကပ်ပြီး ပေါ်လာသမျှ စိတ်တွေ၊ ဝေဒနာတွေကို ဖြစ်ပျက်ရှုတတ်လျှင် ရှင်စဉ် ပုထုဇဉ် သေတော့ သောတာပန် ဖြစ်နိုင်ပုံကို ပြသည်။ [နှာ–၂၁၉]

ဆရာတော်က ဤတွင် စိတ်ကို အဓိကထားပြီး ရှုဖို့ကို ဟောသည်။ ပုထုဇဉ် ရဟန်းက ပထမရဟန္တာ၏ အဖြေကို မကျေနပ်ပါ။ ဒါကြောင့် ကျန်သော ရဟန္တာ သုံးပါးထံ သွားပြန်သည်။ အမြင်မှန် ရနိုင်သော နည်းလမ်းကို မေးမြန်း စုံစမ်းပြန်သည်။ ဒုတိယရဟန္တာက ခန္ဓာငါးပါးကို ဖြစ်ပျက် ရှုလျှင် အမြင်မှန်ပုံကို ဟောသည်။ 'ပဉ္စာနံ ခန္ဓာနံ သမုဒယဉ္စ၊ အတ္ထင်္ဂမဉ္စ' စသောက ရဟန္တာက ခြောက်ပါး၊ ဒီကိုယ်တော်က ငါးပါး ရှုဖို့ ပြောသည်ဟု ဖြစ်ပျက်ကို မထည့်ဘဲ အရေအတွက်ကို ပုထုဇဉ်ရဟန်းက ထည့်စဉ်းစားသည်။

သူ မကျေနပ်၍ နောက်တစ်ပါးထံ သွားပြန်သည်။ ထိုရဟန္တာက ဓာတ်ကြီးလေးပါးကို ဖြစ်ပျက်ရှုလျှင်လည်း အမြင်မှန်ရကြောင်း ဟောသည်။ 'စတုန္နံ မဟာဘူတာနံ၊ သမုဒယဉ္စ၊ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာ နာတိ' ဟု ဟောသည်။ ဤပုဂ္ဂိုလ်က လေးပါးပဲ ဟောသည်ဆိုပြီး ပုထုဇဉ် ရဟန်းက မကျေနပ် ဖြစ်ပြန်သည်။ [နှာ–၂၂၉]

ဤတွင် ဆရာတော်ကြီးက ဘုရားဟောထားသောအတိုင်း စိတ်တစ်လုံး ဝေဒနာလုံး ပိုင်ပိုင် ရှုလည်း ကိစ္စပြီးကြောင်းကို ဟောသည်။ [နှာ–၂၃၀]

ပုထုဇဉ်ရဟန်းက စတုတ္ထ ရဟန္တာထံ သွားပြန်သည်။ သူက 'ယံ ကိဉ္စိသမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ' ဆိုပြီး ဖြစ်ပျက် နှစ်ခုပဲ ရှုဖို့ ဟောသည်။ ထိုရဟန္တာက အလုံးစုံသော တရားတို့သည် ဖြစ်ပြီးလျှင် ပျက်ခြင်း အဆုံးရှိ၏။ ထိုဖြစ်ပျက်ကို မြင်လျှင် အမြင်မှန်ဟု ဟောလိုက်လေသည်။ [နှာ–၂၃၂] ဒါကြောင့် ဖြစ်ပျက် မြင်အောင် ရှုရမည်။ အနေကောင်း ဖြစ်အောင် ရှုမှသာ အသေကောင်း

ဖြစ်မည်ဟု ပြသည်။ မဂ်စစ်ရအောင် အားထုတ်မှသာ သေသောအခါ နောက်ခန္ဓာ မလာတော့ပါ။ နောက်ဆုံးပိတ် ရဟန္တာက ဖြစ်ပျက်မြင်လျှင် အမြင်မှန်ပဲဟု ဟောလိုက်သော စကား အလွန် မိပါသည်။ [နှာ–၂၃၅] ဒါကြောင့် အမြင်မှန်ဆိုတာ ဖြစ်ပျက်ကို မြင်တာဖြစ်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၆။ ကုသိုလ်နှင့် အကုသိုလ်ကို ရွေးချယ်ရန်

[ ၂၁–၃–၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ မွှောရုံမှာ ဟောသော တရား ]

**(မှတ်ချက်။ ဤတရားနှင့် ရှေ့က ဖော်ပြပြီး တရား နှစ်ပုဒ်လည်း ၂၁–၃–၆၁ နေ့စွဲ ထပ်နေပြန်သည်။ တစ်နေရာတည်းမှာ ဟောသော တရားလည်း ဖြစ်နေသည်။ တစ်ရက်ထဲမှာ ဆရာတော်သည် နှစ်ကြိမ်ဟောလေသလား မပြောတတ်ပါ။ သုတေသီတို့အတွက် စက်ခဲမှု ဖြစ်စေနိုင်ပါသည်။)**

ဒီဘဝမှာ ဆရာသမားများနှင့် တွေ့ရ၊ သစ္စာတရားကို နာရသည်ဖြစ်၍ ဤဘဝသည် နောက်က ပါလာခဲ့သော ဒုက္ခစပ်သိမ်းကို ဖာတ်သိမ်းအောင် လုပ်နိုင်သော ဘဝ ဖြစ်သည်ဟု မှတ်ယူသင့်ကြောင်း အစချီလျက် ဤတရားကို ဟောကြားပါသည်။ သစ္စာတရားဆိုတာက လမ်းဆုံးတရား ဖြစ်သည် ဆို၏။ [နှာ–၂၃၈] ရှေးက မိုက်မဲစွာ ပြုထားခဲ့သော အကုသိုလ် ကံဟောင်းတွေကိုလည်း သစ္စာသိသော ဉာဏ်က အားလုံး အဟောသိကံ ဖြစ်အောင် လုပ်ပေးလိမ့်မည်ဟု ဆုံးမသည်။ ဒီဘဝမှာ သစ္စာမသိသေးခင် မိုက်မဲစွာ ပြုခဲ့ဖူးသော အကုသိုလ်ကံဟောင်းတွေကိုလည်း ထိုသစ္စာဉာဏ်က အကုန်လုံး ဖြတ်ပေးလိမ့်မည်။ ဒါကြောင့် ဤဘဝမှာ မကြုံစဖူး အရထူးနေပြီ ဖြစ်သောကြောင့် သံသရာစခန်းသတ်ဖို့တော့ သေချာပြီဟု သဘောထားပါရန် တိုက်တွန်းထားသည်။ ဘုရားက သစ္စာကို ဟောတတ်သော ဆရာကောင်းနှင့် တွေ့ရသဖြင့် မိမိတို့ကလည်း သစ္စာဉာဏ်ဖြင့် ခန္ဓာကိုယ်ကို ဒုက္ခသစ္စာပဲဟု အကြည့် တည့်သွားမည်ဆိုပါက မနက်အားထုတ်၊ ညနေ တရားရကြောင်း ဟောသည်။ [နှာ–၂၃၉] ညနေ အားထုတ်လည်း မနက် တရားထူးရသည်။

ထိုအခါ ဘဝပေါင်းများစွာက စုဆောင်းထားသော အပါယ် တွန်းချမည့် ကံတွေ အားလုံး ဟောသိကံ ဖြစ်ရသည်။ [နှာ–၂၄၀] ဆရာ့တာဝန်က ဒကာ ဒကာမများ ရထားသော ခန္ဓာသည် ဒုက္ခသစ္စာ အစစ်ကြီး ဖြစ်ကြောင်းကို မသိသိအောင်၊ မရှင်း ရှင်းအောင် ဟောပြောဖို့ပင် ဖြစ်သည်။ ကိုယ်ကလည်း ကိုယ်ပိုင်

ဉာဏ်နှင့် ကိုယ့်ခန္ဓာကို လှည့်ကြည့်လိုက်သောအခါ ဆရာသမား ပြောထားတာတွေနဲ့ ကိုယ်တွေ့ရတာနှင့် တစ်ထပ်တည်း ကျသွားပါကလားဟု သိလိုက်လျှင် ထိုသို့ သိခြင်းကို မဂ်ဉာဏ်ဟု ခေါ်ရသည်။ လမ်းကောင်း ပြနိုင်သော ဆရာသာ လိုသည်။ တစ်သံသရာလုံး မိုက်လာသော အင်္ဂုလိမာလ လူဆိုးကြီးတောင် လမ်းပြကောင်းနှင့် တွေ့တော့ ချက်ချင်း ကျွတ်သည်။ ယခု ဒကာ ဒကာမများလည်း အချိန်ကောင်း ဆရာကောင်းနှင့် ကြုံနေရသည်။ အခွင့်ကောင်းကို လက်မလွှတ်တမ်း ယူတတ်ရမည်။ အချိန်ကောင်း အခါကောင်း အခွင့်ကောင်းကို မိအောင် ဖမ်းရမည်ဟု ဆိုသည်။ ဘုရားပွင့်တာသည် ဝိပဿနာ သစ္စာ အကျိုးငှာသာ ပွင့်သည်ဟု မှတ်ရမည်။ ခုခေတ်မှာ သာဝက ဝေနေယျပဲ ရှိတော့သည်။ ဗုဒ္ဓဝေနေယျ မရှိတော့ပါ။ ဒါကြောင့် ဒီဆရာနှင့် ချွတ်မှ ကျွတ်မည့်သူတွေ ဖြစ်ကြောင်း သိအပ်သည်။

ထို့နောက် မိလိန္ဒနှင့် အရှင်နာဂသိန် အကြောင်းကို နမူနာပြ ဟောသည်။ မိလိန္ဒကို တခြားသူချွတ်၍ မကျွတ်ဘဲ အရှင်နာဂသေန ချွတ်မှ ကျွတ်ကြောင်း ဟောသည်၊ မိလိန္ဒမင်းက အရှင်ဘုရား လူတိုင်း ဒုက္ခငြိမ်းသော နိဗ္ဗာန်ကို ရောက်နိုင်ပါသလားဟု မေးသည်။ အရှင်နာဂသိန်က မင်းကြီး မရောက်နိုင်ဘူးဟု ဖြေသည်။ [နာ–၂၄၅] ဒါဖြင့် ဘယ်လို ပုဂ္ဂိုလ်ဖြစ်မှ ရောက်ပါသလဲဟု မေးပြန်သည်။ မင်းကြီး ခန္ဓာကြီးသည် ဒုက္ခသစ္စာပဲဟု အမှန်အကန် သိသော ပုဂ္ဂိုလ် နိဗ္ဗာန် ရောက်ပါသည်ဟု ဖြေသည်။ [နာ–၂၄၆] ခန္ဓာသည် ဒုက္ခသစ္စာပဲဟု မပိုင်းခြားနိုင်သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မရောက်နိုင်ပါ။ ခရီး မဆုံးသော ပုဂ္ဂိုလ်မှာ စုတိပြီး ချက်ချင်း ပဋိသန္ဓေ လာကြောင်း ရှင်းသည်။ မိမိသည် ဒါကြောင့် ဤဘဝကို နောက်ဆုံးပိတ်ဘဝ ဖြစ်အောင် လုပ်မည်ဟု ဆုံးဖြတ်ချက် ချရမည်။ စုတိပြီး ပဋိသန္ဓေလာသောသူသည် ခရီးမဆုံးသေးသူ ဖြစ်သည်။ ထိုသူသည် ဒုက္ခပြီး ဒုက္ခပြန်ရသော ပုဂ္ဂိုလ် ဖြစ်သည်။ သစ္စာကို ပိုင်ပိုင်သိသော ပုဂ္ဂိုလ်မှာ စုတိပြီးနောက် ပဋိသန္ဓေ မရှိတော့ပါ။ ပဋိသန္ဓေ မရှိတော့ ဒုက္ခ အကုန် ငြိမ်းပါသည်။ ဒါကြောင့် ဒုက္ခသစ္စာကို ပိုင်ပိုင် မသိသေးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန် မရောက်နိုင်သေးသူ ဖြစ်သည်။

ဘုရားက သတ္တဝါ တစ်ဦး ကျွတ်တမ်းဝင်မှာကို မြင်လျှင် ဒါနကထာက စဟောသည်။ ဒါန အကျိုးပေးပုံတွေကို ဟောသည်။ ပြီးလျှင် သီလကထာကို ဟောသည်။ နောက်ကျတော့ ဒါန သီလတွေကြောင့် နတ်ရွာသုဂတိ ရောက်ကြောင်း သဂ္ဂကထာကို ဟောသည်။ ဒါ တရားဟောစဉ် ဖြစ်သည်။ ထို့နောက်မှ ထိုငါးပါး အာရုံ ကာမဂုဏ် ချမ်းသာဆိုတာတွေသည် အဆိပ်သဖွယ် အန္တရာယ်များ ဖြစ်

ကြောင်းကို ဟောသည်။ အာဒီနဝကထာကို ဟောလိုက်သည်။ [နှာ–၂၅၁] ဘုံဘဝ တဲ တပ်မက်မှု တဏှာ၏ အပြစ်များကို ဟောပြီး ဖျက်ချလိုက်သည်။ ထိုအကြောင်း ကို ဟောပြီးမှ ဘုန်းကြီးကလည်း ဘုရားဟောသလိုပဲ ဟောမည် ဖြစ်ကြောင်း ပြောပြီး စည်းစိမ်ချမ်းသာတို့သည် ဆုပ်ကိုင်ထိုင်သူကို ပူလောင်စေတတ်သောကြောင့် မီးနှင့် တူကြောင်းကို ဟောသည်။ မီးကို လွှင့်ပစ်မှသာ အကပ် မခံရဘဲ ချမ်းသာ ကြောင်းကို ဟောသည်။ သို့သော် မီးမှန်းသိပါလျက် လွှင့်ပစ်ဖို့ကျတော့ မလွယ်ဘူး ဘုရားဟု ဒကာ ဒကာမများက ပြောကြမည် ဖြစ်၏။ ဒါဆို အလောင်ခံချင်လို့ပဲဟု ဆိုရန်မှ တစ်ပါး အခြား မရှိကြောင်း ဟောသည်။ [နှာ–၂၅၃] သားရှိလျှင် သားကြောင့် ပူရသည်၊ ရှင်တုန်းလည်း ပူ၊ နေတုန်းလည်း ပူ၊ သေတော့လည်း ပူ ရသည်။ ပစ္စည်းတွေ အကုန် စွန့်ကြပစ်လိုက်၊ လှူပစ်လိုက်ပါ၊ မရှိသော အချိန်က စပြီး အေးတော့တာပဲဟု ဆိုသည်။ ဘုရားက ကာမာနံ အာဒီနဝကထာ ကာမဂုဏ် ချမ်းသာဆိုတာ လောင်တတ်သော မီးများ ဖြစ်ပုံကို အပြစ်ပြပြီး ဟောလိုက်သော အခါ နာရသော သူ၏ စိတ်ထဲမှာ ဖြူစင်လာသည်။ ထိုသို့ ဖြူစင်နေသော အချိန်ကျမှ သစ္စာကို ဟောရပုံကို ထပ်ဟောခြင်း ဖြစ်သည်။ (ဤတရားမျိုးကိုလည်း ရှေ့မှာ အကြိမ်ကြိမ် ဟောခဲ့ဖူးပြီးပြီ။) ကိလေသာ ဖြူစင်နေချိန်ရောက်မှ သစ္စာကို ဟောလိုက် သည်။ သောတာပန် တည်မည့် ပုဂ္ဂိုလ်ကို ထိုအချိန်ကျမှ သစ္စာကို ဟောရကြောင်း ပြသည်။ သောတာပန် တည်မည့် ပုဂ္ဂိုလ် ထိုအချိန်ကျမှ သစ္စာတရားကို ဉာဏ် သက်ဝင်ပြီး သောတာပန် တည်သွားကြောင်း ဟောသည်။ ပြီးမှ ယနေ့လည်း ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်ပြီး သစ္စာကို ပြမည်ဟု ဆိုသည်။ [နှာ–၂၆၀]

လူတိုင်း နိဗ္ဗာန် ရသလားဟု မေးတော့ အရှင်နာဂသိန်က မရဘူး ဒကာကြီး ဟု ဖြေသည်။ ဘယ်လို ပုဂ္ဂိုလ်မှ ရသလဲ ထပ်မေးတော့ သစ္စာကို ပိုင်ပိုင်သိသော ပုဂ္ဂိုလ်မှသာ ရသည်ဟု ဖြေကြောင်း ထပ်ဟောပြန်သည်။ [နှာ–၂၆၁] ဒါ ပကတိ သာဝကမှာ သစ္စာနာပြီး သစ္စာကို နှလုံးသွင်းနိုင်လျှင် ပြီးသည်၊ ပါရမီ အထူး မလိုဘူး ဟု ဆိုသည်။

ထို့နောက် လူတိုင်းမှာ ကြွေး ဝဋ်ကြွေးရှိပုံကို ဟောပြန်သည်။ သတ္တဝါကို ကုသိုလ်ခွေးနှင့် အကုသိုလ်ခွေး နှစ်ကောင်က ဘယ်မှာနေနေ လိုက်နေသည်ဟု ပြသည်။ [နှာ–၂၆၂] ကံ သတ္တဝါတွေ လိုက်နာခြင်းကို ဆိုလိုသည်။ ကုသိုလ်ခွေး ကလည်း ဝဋ်ကို တောင့်တသည်။ အကုသိုလ် ခွေးကလည်း အပါယ်ကို ပို့ဖို့ သေခြင်းဆိုး သေအောင် ကိုက်သည်။ သစ္စာ မရှိမှ ဤကုသိုလ်၊ အကုသိုလ် ခွေး

နှစ်ကောင် အကိုက်က သက်သာပေတော့မည်။ ဒါဖြင့် ခန္ဓာသိမ်းမှ အကိုက်ငြိမ်းမည်ဟု ဆိုသည်။ [နှာ–၂၆၇] ဒါက ခန္ဓာရခြင်း၏ အပြစ်ကို ပြနေတာ ဖြစ်သည်၊ ပြီးမှ သစ္စာဟောဖို့ ဖြစ်ကြောင်းလည်း ဆိုထားသည်။ [နှာ–၂၆၈] ပဠိနပဟိဏာ ဆိုတာ ဒီ ကံခွေးနှစ်ကောင်ပဲ အယုတ်အမြတ်ကို ပြုံသည်။ ကမ္မ သတ္တေ ဝိဘဇတိ ဆိုတာလည်း ဤခွေးနှစ်ကောင်ပဲဟု ဆိုသည်။ ရောက်ရာဘဝ နေရာ ခန္ဓာကို ဤခွေးနှစ်ကောင်က ကိုက်မှာပဲ ဖြစ်သည်။ ဒါကြောင့် အကိုက် လွတ်အောင် လုပ်ရမည်။ ခွေးကိုက်လွတ်ဖို့ဆိုတာ သစ္စာကို ပိုင်ပိုင်သိမှ ဖြစ်သည်။ [နှာ–၂၇၄] ရထားသော ခန္ဓာက ဒုက္ခသစ္စာ ဖြစ်သည်။ စက်ဆုပ်စရာ၊ အသုံးမကျတာ အမှန် ဖြစ်သည်။ ခန္ဓာထဲမှာ နိပ်စက် သတ်ဖြတ်တတ်သော တရားပါနေပုံကို ငှက်ပျောပင် ဥပမာပြပြီး ဟောသည်။ [နှာ–၂၈၅]

ထို နိပ်စက်တတ် အသုံးမကျအောင် ပြုတတ်သော တရားကို မဂ်နှင့် ပယ်မှ ရသည်။ ဘယ်ခန္ဓာ လာလာ၊ ဘယ်စိတ်လာလာ စိတ်ဆုပ်စရာ၊ အသုံးမကျ တာ အမှန် (ဒုက္ခသစ္စာ) ဟု မြင်ရမည်။ ဘယ်စိတ်ပေါ်ပေါ် ဒုက္ခဖြစ်၍ ဒုက္ခ ပျက်တာပဲ ဖြစ်သည်။ ဒုက္ခသစ္စာ သက်သက်ကြီးပါလားဟု သိရမည်။ ထိုကဲ့သို့ ဒုက္ခသစ္စာကို ပိုင်ပိုင်သိမှသာ ဒုက္ခ ချုပ်သွားသည်။ ဒုက္ခ ချုပ်သွားလျှင် နိရောဓ သစ္စာ ဖြစ်ပြီ။ ဤသို့ ရှုသဖြင့် ဉာဏ် ရင့်ကျက်လာပါက ညနေ အားထုတ် မနက် တရားထူးရကြောင်း ဟောသည်။ သစ္စာကို နှလုံးသွင်း တည့်သွားလျှင် ကိစ္စ ပြီးနိုင်ကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၇။ ဒိဋ္ဌိ ကြိုးတုပ်မှုကို ဖြေပေးမည့် တရား

[ ၂၅–၁–၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံတွင် ဟောသောတရား ]

ဘာအတွက် တရားနာနေကြတာလဲဆိုလျှင် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ဖို့အတွက် တရားနာကြတာဟု အစချီပြီး ဤတရားကို ဟောသည်။ ဒိဋ္ဌိဆိုသော တရားက ခန္ဓာကိုယ်ကို ချုပ်နှောင် တုပ်ထားသည်။ ဘယ်လို တုပ်ထားသလဲ၊ ခြေလည်း ငါ့ဟာ၊ လက်လည်း ငါ့ဟာ၊ ခေါင်းလည်း ငါ့ဟာ ဆိုပြီး ငါ့ဟာတွေနှင့် တုပ်ထားသည်။ ဆံပင် တစ်ပင်ကအစ ငါ့ဟာဆိုတော့ တစ်ကိုယ်လုံးပဲ ငါ့ဟာ ဖြစ်နေသည်။ ဘယ်နေရာမှ ငါ မဟုတ်တာ မပါတော့ပါ။ ဒါကြောင့် 'ဒိဋ္ဌိ ဗန္ဓန ဗန္ဓာ သေ' ဟု ဘုရားက ဟောသည်။ ဒိဋ္ဌိက ကြိုးဖြင့် တုပ်နှောင်ပြီးမှ တဏှာရေထဲ

ကို မျှောလိုက်သည်။ ဒါကြောင့် ဤ ချုပ်နှောင်မှုထဲက လွတ်အောင် ရုန်းနိုင်မှသာ လျှင် ကိုယ့်ကိုယ်ကိုယ် ကယ်တင်ခြင်း ဖြစ်ပါသည်။ [နှာ–၂၉၂] ဒိဋ္ဌိက ကြိုးတုပ် ပြီးမှ တဏှာက ရေထဲ မျှောတာကို ဉာဏ်နှင့် ကြည့်မှ ဒုက္ခရောက်တာ ပေါ်လာ သည်။ တစ်ခါတစ်ရံမှာ ဒိဋ္ဌိက တုပ်နှောင်ထားတာ အိမ်က ခွာလို့ မရဘဲကို ဖြစ်နေတတ်သည်။ တစ်ခါတစ်ရံကျတော့ ကမ္ဘာသကာပဲဆိုပြီး ကံ ကံ၏ အကျိုးကို နားလည်သော သဘော ကမ္မသကတ ဉာဏ်လောက်ဖြင့် ဒိဋ္ဌိကြိုးကို လျှော့ပြီး တဏှာက စားဖို့ သောက်ဖို့က ရှိသေးတယ်၊ မသွားလို့ မဖြစ်ဘူးဆိုပြီး ခိုင်းပြန်သည်။ မျှောပြန်သည်။ အမှန်မှာ ဒါလည်း ဉာဏ်ဖြင့် ကြည့်လျှင် ကြိုးတုပ်ပြီးသား ရေမျှော ခြင်း ဖြစ်သည်။ [နှာ–၂၉၄] ဒိဋ္ဌိက ကြိုးတုပ်ပြီး တဏှာ ရေထဲ မျှောလိုက်တော့ အာရုံ ခြောက်ပါး ကာမဂုဏ်တရားဆိုသော ကာမောဃ (ဝဲထဲ) ရောက်သွား သည်။ ချည်ပြီး တုပ်ပြီး ဖြစ်နေသော ဝဲထဲက ရုန်းထွက်ဖို့လည်း ခက်တော့သည်။ [နှာ–၂၉၈] ဒိဋ္ဌိက တုပ်နှောင်၊ တဏှာက မျှော၊ ဝဲက လှည့်နေတာ နေ့စဉ်နေ့တိုင်း ဖြစ်သည်။ တစ်ခါ ဝဲထဲဘယ်လို လှည့်နေတာလဲ မေးလျှင် သက်သောင့်သက်သာ လှည့်နေတာ မဟုတ်ဘူး။ လုံ့ထိုးခံပြီး လှည့်နေတာဟု ဆိုသည်။ [နှာ–၃၀၁]

ထို့နောက် ဟိုသံယောဇဉ်၊ ဒီသံယောဇဉ်ကြောင့် ရင်ဝလုံ့ထိုးခံနေရပုံများကို ဟောသည်။ ဉာဏ်နှင့် ကြည့်တော့ ဒီဘဝမျိုးများ မလိုချင်စရာပဲဆိုတာ ပေါ်လာ သည်။ လုံ့ကလည်း အာရုံ ခြောက်ချက် ဖြစ်နေသည်။ ဤလုံ့ချက်တွေ အထိုးခံ ရပြီးနောက် အသက် ထွက်ရသည်။ အသက်သေတော့လည်း အပါယ်လေးပါး ရောက်ရပြန်သည်။ [နှာ–၃၀၄] အပါယ်လေးပါးကို ရောက်ပြီးလျှင် တော်တော်နှင့် မပေါ်နိုင်တော့ပါ။ ဤအတိုင်းချည်း နေခဲ့ရသဖြင့် သံသရာမှာ ဘုရားအဆူဆူနှင့် လွဲခဲ့သည်။ ထို့နောက် ကျမ်းဂန်မှာ လာသော ပါဠိတော်ကို ထုတ်ပြသည်။ 'ဒိဋ္ဌိ ဗန္ဓန ဗန္ဓာသေ တဏှာ သောတေန ဝုယှရေ တဏှာ သောတေန ဝုယှန္တိ၊ နတေ ဒုက္ခ ပ မုစ္စရေ' ဤ ပါဠိ အဓိပ္ပာယ်မှာ အထက်က ပြခဲ့သည့်အတိုင်း ဖြစ်သည်။ ဤအဖြစ်သည် အဖြစ်ကောင်း မဟုတ်ပါ။ အဖြစ်ဆိုးသာ ဖြစ်၏။ ဒါကြောင့် အဖြစ်ဆိုးဘဝမှ လွတ်မြောက်အောင် ဘယ်လို လုပ်ရမလဲ စဉ်းစားရမည်။ အလုပ် လုပ်ရန်မှာ ပထမ ချည်တုပ်ထားသော ဒိဋ္ဌိကြိုးကို ဖြတ်ရမည်။ [နှာ–၃၀၈] ဒိဋ္ဌိ ကြိုး ပြတ်လျှင် မိမိမှာ ခြေလက် သန်မာပြီ။ တဏှာ ရေက မျှောချင်တိုင်း မျှော၍ မရတော့ပါ။ ဒါဆို ဝဲထဲကျစရာ၊ လုံ့ချက် မိစရာလည်း မရှိတော့ကြောင်း ရှင်းပြ သည်။ ယနေ့ တရားသည် ဒိဋ္ဌိ ဖြုတ်ရမည့် တရား ဖြစ်သည်။ ဒိဋ္ဌိကြိုး ပြတ်လျှင်

ကိုယ့်ကိုယ်ကိုယ် ကယ်တင်ခြင်းသည် ဖြစ်ပြီ။ [နှာ-၃၀၉] သောတာပတ္တိ မဂ်လိုချင်လျှင် ဒိဋ္ဌိ ဖြုတ်ရမည်။ ဒါလိုရင်း ကျပြီ။ ဒါဆို ဒိဋ္ဌိ ဖြုတ်ရတော့မည်။ ဒိဋ္ဌိ ဖြုတ်မည်ဆိုလျှင် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမည်။ စာသိလောက် မဟုတ်ဘဲ ဉာဏ်ထဲမှာ ထင်မြင်လာအောင် သဘောပေါက်ရမည်။ ဒါကြောင့် ဒိဋ္ဌိကွာမှုမှာ ပဋိစ္စသမုပ္ပါဒ်ကို ပြမပေးဘဲနှင့် မရကြောင်းကို ဟောသည်။ [နှာ-၃၁၀] ဒိဋ္ဌိ ပြုတ်ဖို့အရေးမှာ ရုပ်နာမ် သာမန် ကွဲရုံနှင့် မရသေး၊ ပဋိစ္စသမုပ္ပါဒ် ကိုယ့်ခန္ဓာ၏ ဖြစ်စဉ်ကိုလည်း နားလည်ဦးမှသာ ဖြစ်သည်။ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို နားလည်၍ ဒိဋ္ဌိကြိုး ဖြုတ်လျှင် ဝဲထဲနစ်မြုပ်ပြီး အပါယ်သွားခြင်းမှ ကင်းလွတ် ပြီ။ [နှာ-၃၁၄] ဒါကြောင့် ဒိဋ္ဌိ ပြုတ်အောင် အားထုတ်ကြရမည်။ ပြီးမှ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို ပြသည်။ အတိတ်နှင့် အနာဂတ် အကြောင်းက စပြသည်။ ပစ္စုပ္ပန် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကိုသာ ဝိပဿနာရှုရမှာ ဖြစ်သည်။ ထို ပဋိစ္စသမုပ္ပါဒ်ကိုသိမှ ထို ပဋိစ္စသမုပ္ပါဒ်ထဲမှာ ငါ၊ သူတစ်ပါး ယောကျ်ား မိန်းမ မပါမှန်း သိမည် ဖြစ်သည်။ [နှာ-၃၁၅] ဒါသိမှ ဒိဋ္ဌိပြုတ်သည်။ ပထမ အသိနှင့် ဖြုတ်ရမည်။ နောက် အကျင့်နှင့် ဖြုတ်ရမည်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ပဋိစ္စက စွဲ၍ သမုပ္ပါဒ်က ဖြစ်တာ၊ အကြောင်းကို စွဲ၍ အကျိုး ဖြစ်တာ ဖြစ်သည်။

ထို့နောက် မြင်စိတ် ဖြစ်ပုံက စဟောသည်။ (ရှေ့မှာ အကြိမ်ကြိမ် ပြခဲ့ပြီးပြီ) မျက်စိနှင့် အဆင်းနှင့် တိုက်ပြီး မြင်စိတ်ပေါ်လာသည်။ ထိုစိတ်သည် ယခုမှ ပေါ်လာခြင်း ဖြစ်၏။ အမေမွေးတုန်းက ပါလာတာ မဟုတ်ပါ။ ယခု မြင်စိတ် ပေါ်တာ ငါ မဟုတ်ဘူး။ စိတ်တစ်ခု ပေါ်တာသာ ဖြစ်သည်။ မြင်တာ ငါ မဟုတ်ပါကလား၊ မြင်စိတ်က မြင်တာပါကလားဟု သိလျှင် ပဋိစ္စသမုပ္ပါဒ်ကို သိခြင်း ဖြစ်သည်။ မြင်စိတ်သည် ငါလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်ဟု သိလိုက်ခြင်းသည် ဒိဋ္ဌိ ဖြုတ်ခြင်း ဖြစ်သည်။ [နှာ-၃၂၁] မြင်စိတ်ပေါ်တာ ဝိညာဏက္ခန္ဓာ ပေါ်ခြင်းဖြစ်သည်။ [နှာ-၃၂၂] ထိုခန္ဓာသည် အတိတ်က ပါလာတာ မဟုတ်ပါ။ ယခုမှ ပေါ်ခြင်း ဖြစ်သည်။ ယခုမှ ပေါ်သော ခန္ဓာ ဖြစ်သည်။ ထိုခန္ဓာကို ပစ္စုပ္ပန် တည့်အောင် ရှုရမည်။ မြင်စိတ်ပေါ်တာကို သွားကိုမြင်တယ် လုပ်လိုက်လျှင် နောက်က ခင်စိတ် လာမည်။ မြင်တာနှင့် ခင်သော လိုချင်သော တဏှာ လာတော့သည်။ လိုချင်တာ ခင်တာက လောဘစေတသိက် တဏှာ သင်္ခါရက္ခန္ဓာ ဖြစ်သည်ဟု ဆို၏။ [နှာ-၃၂၃] ဒါကြောင့် ဒိဋ္ဌိ ခွာချင်လျှင် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို သိရသည်။ ဒါမှ တရားစစ် ဖြစ်သည်။ မြင်ပြီး ခင်သည်၊ ခင်ပြီး စွဲလမ်းသည်။ (ဝိညာဏ်

ဝေဒနာ၊ တဏှာ၊ ဥပါဒါန်) ဖြစ်ပုံကို ပြခြင်း ဖြစ်သည်။ ဒါ ခန္ဓာ အစဉ်တန်းပြီး ဖြစ်တာသာ ဖြစ်သည်။ ဒီအထဲမှာ ပုဂ္ဂိုလ် သတ္တဝါ မပါပါ။ ထို့နောက် တဏှာ၊ ဥပါဒါန်ကြောင့် ကံဖြစ်ပုံကို ပြသည်။ ပဋိစ္စသမုပ္ပာဒ်ဆိုတာ ခန္ဓာ တစ်ခုနှင့် တစ်ခု ကြောင်းကျိုးဆက်၍ ဖြစ်ပုံကို ပြသော တရား ဖြစ်သည်။ အသက်ရှင်နေတာ ခန္ဓာတစ်ခု ချုပ်ပြီးနောက် ပေါ်လာသော နောက်ခန္ဓာဖြင့် နေခြင်း ဖြစ်သည်။ [နှာ-၃၂၇] ဒါ ဒိဋ္ဌိကြိုးကို ဖြုတ်ပေးနေခြင်း ဖြစ်ကြောင်း ဟောသည်။ ဒိဋ္ဌိ ဖြုတ် နည်းကို နားလည်မှသာ အမှန်ကို ဆိုက်သည်။ ပဋိစ္စသမုပ္ပာဒ် အစဉ်ကြီးက တန်းနေသော်လည်း ယောဂီသည် ဉာဏ်ရှေ့ရောက်လာတာ တစ်ခုကိုပဲ သိသည်။ ပစ္စုပ္ပန် တည့်တည့်ကိုသာ သိသည်။ ဒါ ဝိပဿနာဉာဏ် ဝင်ခြင်း ဖြစ်သည်။ [နှာ-၃၂၈] ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ်ကို သိတော့ ဒုက္ခသစ္စာကို သိသည်။ ချုပ်စဉ်ကို သိတော့ နိရောဓသစ္စာကို သိပြီး နိဗ္ဗာန်ကို မြင်သည်။ ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို နားလည်ရမည်ဆိုသော်လည်း ခုပေါ်တာပဲ ခုသိရမည်။ ပစ္စုပ္ပန်မှာပေါ်တာကို သိရမည်။ ခန္ဓာပဋိစ္စသမုပ္ပာဒ် ပေါ်တာကို မသိလျှင် သင်္ခါရကို နားမလည်။ သင်္ခါရကို နားမလည်လျှင် အနိစ္စကို မသိနိုင်ပုံကို ရှင်းပြသည်။ [နှာ-၃၃၀] ပဋိစ္စသမုပ္ပာဒ် ဆိုတာ မိမိတို့၏ ခန္ဓာ ဖြစ်စဉ် ဖြစ်သည်။ ဤဖြစ်စဉ်သည် ဒုက္ခသစ္စာ အစဉ် ဖြစ်သည်။ ဒါကြောင့် ဤဖြစ်စဉ် မရပ်သရွေ့ ချမ်းသာ မတွေ့နိုင်ပုံကို ဟောသည်။ မြင်စိတ်သည် ငါမဟုတ်၊ တဏှာ၊ ဥပါဒါန် ကံသည် အကြောင်းအကျိုး ဖြစ်စဉ်သာ ဖြစ်သည်။ ငါ မဟုတ်၊ ဤသို့ ဒိဋ္ဌိကို ဖြုတ်နိုင်လျှင် စူဠသောတာပန် ဖြစ်ပြီ။ တစ်ဘဝ အပါယ်တံခါးပိတ်ပြီဟု ဖော်ပြထားသည်။ [နှာ-၃၃၅] အသိနှင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်ခြင်း ဖြစ်သည်။ ဤတွင် အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၈။ မတင်းတိမ်ကောင်းသော တရားငါးပါး

[ ၂၉-၃-၆၁ နေ့က မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသောတရား ]

ဒကာ ဒကာမတွေ မတင်းတိမ်ကောင်းတာနှင့် တင်းတိမ်နေကြမှာ စိုး၍ ဘုရားက မတင်းတိမ်ကောင်းတရား ငါးပါးရှိကြောင်း ဟောဖော်ညွှန်ပြ ဆုံးမထားသည် အစရှိလျက် ဤတရားကို ဟောကြားလေသည်။ ဘုရားလက်ထက်တော်အခါက ရဟန်းတစ်ပါးက သူသည် သီလ လုံခြုံသည်။ ဖြူစင်သည့်အတွက် နိဗ္ဗာန်ကို လိုချင်လျှင် အချိန်မရွေးရနိုင်ကြောင်း ပြောဆိုနေသည်။ သူက သီလ

စင်ကြယ်မှုကို တင်းတိမ်၍ နေသည်။ တခြား ရဟန်းများကလည်း သူတို့ သန်ရာကို ပြောဆို၍ တင်းတိမ်နေကြလေသည်။ တချို့က ပိဋကကို နှံ့စပ်အောင် တတ်မြောက်ထားလို့ နိဗ္ဗာန်ကို လိုချင်တဲ့ အချိန်မှာ ရနိုင်သည်ဟု ဗဟုသုတနှင့် တင်းတိမ်၍ နေကြလေသည်။ နောက်တစ်ပါးကလည်း သူ့မှာ သမာဓိ အလွန် ကောင်းနေသည်။ ဒါကြောင့် နိဗ္ဗာန်ကို အလွယ်ကလေး ရနိုင်သည်ဟု ဆိုသည်။ နောက်တစ်ပါးကလည်း မိမိသည် ဆိတ်ငြိမ်ရာ အရပ်မှာ နေနိုင်သည့်အတွက် နိဗ္ဗာန်ကို အလွယ်ကလေး ရနိုင်သည်ဟု ဆိုသည်။ နောက်တစ်ပါးကတော့ သူသည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တည်ပြီးပြီ။ ဒါကြောင့် အလိုရှိသော အချိန်မှာ ရဟန္တာဖြစ်နိုင်သည်ဟု ဆိုလေသည်။ [နှာ-၃၃၉]

ဤသို့ ရဟန်းငါးပါး စကား အခြေအတင် ပြောဆိုနေရာသို့ မြတ်စွာဘုရား ကြွလာတော်မူသည်။ ဘုရားက ရဟန်းတို့ ဘာစကားတွေ ပြောနေကြသလဲဟု မေးတော်မူသည်။ ဘုရားက သိပြီးသား ဖြစ်သော်လည်း ကာယကံရှင်တွေထံက စကားရအောင်လို့ ထပ်မေးခြင်း ဖြစ်သည်။ [နှာ-၃၄၀] ထိုအခါ ရဟန်းငါးပါးက မိမိတို့ အသီးသီး ပြောဆိုနေကြသော စကားများကို ပြန်ပြောကြလေသည်၊ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ သင်တို့သည် မတင်းတိမ်စကောင်းသော တရားများဖြင့် တင်းတိမ်နေကြခြင်းမှာ လိုသေးသည်ဟု မိန့်တော်မူလေသည်။ ပြီးမှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက **နသီလဗ္ဗတမတ္တေန** သီလ လုံခြုံကာမျှဖြင့်လည်း တင်းတိမ်၍ မနေနှင့်၊ **နဗာဟုသစ္စေန ဝိပန** ဗဟုသုတများရုံဖြင့်လည်း တင်းတိမ်၍ မနေနှင့်။ **အထဝါသမ္မာဓိလာဘေန** သမာဓိတည်ကြည်ပြီ ဆိုပြီးလည်း တင်းတိမ်၍ မနေနှင့်၊ **ဝါဝိစိတ္တသယနေနဝါ** ဆိတ်ငြိမ်ရာ တောကျောင်း မှာနေနိုင်ပြီဆိုပြီလည်း တင်းတိမ်၍ မနေနှင့်။ နောက်ဆုံးပိတ် ရဟန်းကိုမူ မိမိသည် အနာဂါမင် တည်ပြီဆိုပြီးလည်း စိတ်ချပြီး တင်းတိမ် မနေနှင့်ဟု ဆုံးမတော်မူလေသည်။ မတင်းတိမ်ကောင်းသော တရားငါးပါးကို မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်၏။ [နှာ-၃၄၁] လောကီ ဥပမာဖြင့် ပြရလျှင် ကျင်ကြီး ငါးပုံ ရှိသည်။ ဘယ်အပုံ အသုံးချမလဲ၊ အသုံးမကျပါ။ ဒါကြောင့် ငါးပုံရှိ ငါးပုံစလုံးကို ဆေးကြော သုတ်သင်ပစ်ရမည်။ [နှာ-၃၄၂] အာသဝေါတရား အားလုံး ကုန်မှပဲ အေးသည်။ ရဟန္တာဖြစ်မှပဲ ကိစ္စ ငြိမ်းတော့သည်။ ဘာနှင့်မှ တင်းတိမ် မနေပါနှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရအောင် လုပ်ပါဟု တိုက်တွန်းထားသည်။ [နှာ-၃၄၅] ဤတွင် ဆရာတော် စာချိုးကလေး ပေးထားသည်။ 'သီလဒြ ဝယ်၊ လုံခြုံတယ်ဟု တင်းတိမ်ရုံမျှ မနေရ' ဟု ဆိုသည်။ ထို့အတူ ဗဟုသုတ

တွေချည်း ရှာပြီးလည်း ဗဟုသုတ ဖြင့်သာ တင်းတိမ်၍ မနေသင့်ပုံကို ဟောသည်။ ပဋိစ္စသမုပ္ပါဒ်၊ သံသရာ စက်ရဟတ်ကြီးက လုပ်မှ ဖြစ်မည် ဖြစ်သောကြောင့် အလုပ်လုပ်ဖို့ မှာကြားသည်။ 'ဗဟုသုတဝယ်၊ ပြည့်စုံတယ်ဟု တင်းတိမ်ရုံမျှ မနေရ' ဟု ဆရာတော်က စာချိုး ထားပြန်သည်။ [နှာ-၃၄၉]

သမာဓိတည်ရုံဖြင့်လည်း တင်းတိမ်မနေသင့်ကြောင်း ဟောသည်။ ဆပ္ပါဏာကောပမသုတ်ကို ဟောမည်ဟု ဆိုသည်။ ဆိတ်ငြိမ်ရာ တောကျောင်းမှာ နေနိုင်ပြီ ဆိုပြီးလည်း တင်းတိမ်၍ မနေနှင့်ဟု ထပ်မံ ဆုံးမထားသည်။ အနာဂါမ် တည်ပြီးပြီ ဆိုပြီးလည်း တင်းတိမ်၍ မနေသင့်ကြောင်း ဆက်ဟောသည်။ တင်းတိမ်၍ မနေသင့်သော တရားငါးပါး [နှာ-၃၅၅] ကိလေသာ ခြွင်းချက်မရှိ ချုပ်ငြိမ်း သိမ်းအောင် လုပ်နိုင်မှသာ အကောင်းဆုံး ဖြစ်သည်။

ထို့နောက် ဆပ္ပါဏာကောပမသုတ်ကို စဟောသည်။ သတ္တဝါ (ပိုးကောင်) ခြောက်ကောင်အကြောင်း ဝတ္ထု ဖြစ်သည်။ [နှာ-၃၅၉] သဠာယတန သံယုတ်ပါဠိတော်မှာ လာသည်။ ဒီသုတ်ကို တစ်နေ့တည်းအပြီး ဟောဖို့ မဖြစ်နိုင်ကြောင်း၊ ဆစ်ပိုင်းပြီး ဒကာ ဒကာမများ နားဝင်နိုင်သလောက်စီသာ ဟောသွားမည် ဖြစ်ကြောင်း ဟောသည်။ [နှာ-၃၆၀]

ထို့နောက် ပုထုဇဉ် သန္တာန်မှာ အနုသယ ကိလေသာ အစဉ် ကိန်းနေပုံ၊ အကြောင်း တိုက်ဆိုင်သောအခါ ပေါ်ပုံ၊ အနာဆူးထိ ဖြစ်ပုံများကို ဆက်ဟောပြန်သည်။ လူတွေမှာက ၁၅၀၀ ကိလေသာနာတွေ ရှိကြသည်။ တစ်ကိုယ်လုံး အနှံ့အပြားရှိကြသည်။ ဆပ္ပါဏာကောပမသုတ်မှာ သံဝါရ၊ အသံဝါရ ခေါ် စောင့်စည်းမှု မစောင့်စည်းမှု နှစ်မျိုးကို ဝေဖန်ပြသည်။ သတ္တဝါ ခြောက်ကောင်အကြောင်း ဖြစ်သည်။ မြွေတစ်ကောင်၊ မိကျောင်းတစ်ကောင်၊ ငှက်တစ်ကောင်၊ အိမ်ခွေးတစ်ကောင်၊ တောခွေးတစ်ကောင်၊ မျောက်တစ်ကောင်၊ ဒါက ဒွါရ ခြောက်ပေါက်ကို သတ္တဝါ ခြောက်ကောင်နှင့် ဥပမာပြ ဟောခြင်း ဖြစ်သည်။ (ဤသုတ်ကိုလည်း ရှေ့မှာ ဟောခဲ့ပြီးပြီ။)

ထို သတ္တဝါ ခြောက်ကောင်သည် နေရာ ထိုင်ရာ အကြိုက်ချင်း မတူကြ။ မြွေက တွင်းကြိုက်သည်၊ မိကျောင်းက ရေကြိုက်သည်။ ငှက်က ကောင်းကင်ကြိုက်သည်။ အိမ်ခွေးက ပြာပုံကို ကြိုက်သည်။ တောခွေးက သုသာန် ကြိုက်သည်။ မျောက်က သစ်ပင် ကြိုက်သည်။ မျက်လုံးက မြွေနှင့် တူသည်။ နားက ငှက်နှင့် တူသည်။ နှာခေါင်းက မိကျောင်းနှင့် တူသည်။ လျှာက အိမ်ခွေးနှင့် တူသည်။

ကိုယ်က တောခွေးနှင့် တူသည်။ မနောက မျောက်နှင့် တူပုံကို ပြသည်။ [နှာ-၃၈၂] ထို စရိုက် မတူ၊ အကြိုက် မတူသော သတ္တဝါ ခြောက်ကောင် လူတိုင်းမှာ ရှိသည်။ ထိုခြောက်ကောင်ကို တစ်ယောက်တည်းက ထိန်းရ ကျောင်းရသည်။ မလွယ်ကူ ပုံကို ဟောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၉။ မမေ့တဲ့ ပုဂ္ဂိုလ် နိဗ္ဗာန် ရောက်ပါတယ်

[ ၁၅-၈-၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား ]

တစ်ဘဝတည်းနှင့် နိဗ္ဗာန်ကို ရောက်အောင် ဘုန်းကြီးက ဟောလိုသော ဆန္ဒ ပြင်းပြပြီး ဟောနေခြင်း ဖြစ်ကြောင်း အစချီလျက် ဤတရားကို ဟောကြားတော်မူသည်။ ဘုန်းကြီးက ကယ်တင်နေသည်။ မိမိတို့ ဝင်ကျွတ်ဖို့ အရေးကြီးသည်။ ဒါကြောင့် ကိုယ့်အလုပ် ကိုယ် လုပ်နေတာဟု သဘောထားပြီး အခက်အခဲတွေကို ပဓာန မထားဘဲ နာကြဖို့ကို တိုက်တွန်းထားသည်။ လူကျပ်သည်၊ ပူစပ်သည်၊ ခက်ခဲသည်ဆိုလေ ခန္ဓာထဲမှာ ဒုက္ခသစ္စာ ရှိတာ ပေါ်လေ ဖြစ်သည်။ ခုလိုအချိန်မှာ ပူအိုက်တဲ့အထဲ လူများ၍ ကျပ်ကျပ်တည်းတည်း တရားနာရမှ ခန္ဓာထဲမှာ ဒုက္ခ ရှိတာ ပိုသိနိုင်သည်။ ဒါမှသာ ဆရာက ဟောတာနဲ့ မိမိဉာဏ်က ခန္ဓာလှည့်၍ တွေ့တာနှင့် ကိုက်သွားမည်။ ထိုအခါကျလျှင် သစ္စာဉာဏ်ရသည်။ [နှာ-၃၈၅] ခန္ဓာက ဒုက္ခသစ္စာဟု ဘုရားက ဟောသည်။ ဆရာသမားကလည်း ဆိုသည်။ ကိုယ်ကလည်း ခန္ဓာထဲမှာ ဒုက္ခမှတစ်ပါး ဘာမှ မရှိပါကလားဟု ဉာဏ်ဖြင့် တွေ့ရသည်။ ထိုအခါ သစ္စာဉာဏ်ရသည်။ သစ္စာဉာဏ်ရလျှင် တရားနာရင်းပင် ပဋိစ္စသမုပ္ပါဒ် ပြတ်သွားသည်။ ပဋိစ္စသမုပ္ပါဒ် ၂ အကွက်က ၃ အကွက်ကို မကူးတော့ပါ။ သစ္စာဉာဏ်က သမုဒယသစ္စာကို ချုပ်စေလေပြီ။ [နှာ-၃၈၆] ခန္ဓာက ဒုက္ခသစ္စာမို့ ဒုက္ခကို ပြတာ ဖြစ်ကြောင်း သိရလိမ့်မည်။ ဒုက္ခသစ္စာ ဘယ်သူပေးတာလဲ၊ မဟုတ်ဘူး၊ ခန္ဓာ သူ့အထဲမှာ ဒုက္ခသစ္စာ ပါလာခြင်းသာ ဖြစ်သည်။ ဒုက္ခကို ဒုက္ခဟု သိတာက သစ္စာဉာဏ် လိုက်တာ၊ ဒုက္ခ ရောက်လိုက်တာဟု ညည်းတာက ဒေါမနဿလိုက်တာ၊ တစ်မျိုးစီ ဖြစ်သည်။ [နှာ-၃၈၇] သစ္စာဉာဏ်သာ လိုက်၍ မညည်းပါနှင့်ဟု ဆရာတော်က တိုက်တွန်းထားသည်။ ဉာဏ်မပေါ်ဘဲ ဒေါသ ပေါ်လျှင် သောကပရိဒေဝ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ လိုက်လာမည်။

ပဋိစ္စသမုပ္ပါဒ် တန်းတော့သည်။ သစ္စာဉာဏ် လိုက်ခြင်းက ဒုက္ခ၊ ဒေါမနဿ ချုပ်ပါသည်။ အပါယ် ဒုက္ခကို သိမ်းဖို့အတွက် ခန္ဓာဒုက္ခကို သိသိပြီး နေရမည်။ [နှာ–၃၈၈]

ထို့နောက် ဆရာတော်က ဒေသနာဉာဏ်၊ ဟောဉာဏ်ကို အစဉ် လျှောက်သဖြင့် မိမိ ရထားသော ခန္ဓာသည် ဆင်းရဲတာ အမှန်ဟု သိပေးရမည်။ ဟောတရားကို နားက ထောင်ပြီး ဉာဏ်က ခန္ဓာကို လှည့်ပေးပါဟု တိုက်တွန်း ထားသည်။ 'ဒေသနာ ဉာဏာနုသာရေန ဉာဏံ ပေသန္တဿ ဉာဏုတ္တရသ ဟောတိ' ဟု ဟောသည်။ နားက တရားနာပြီး တရားနာလို့ရသော သစ္စာဉာဏ်ကို ခန္ဓာဘက် လှည့်ပြီး ရှုပါဟု ဆိုလိုခြင်း ဖြစ်သည်။ ဤသို့ ခန္ဓာထဲ ဉာဏ်လွှတ်ဖန်များတော့ ဉာဏ်က ထက်လာပြီးနောက် မဂ်ဉာဏ်ထိအောင် ကျေးဇူးပြုသွားလိမ့်မည်ဟု ဆိုသည်။ [နှာ–၃၉၁] ရှုရင်းမတွေ့ ဉာဏ်ထက်လာပြီး ဒုက္ခတွေ ဤနေရာတွင် ပျောက်ပြီး နိဗ္ဗာန် ပေါ်လာလိမ့်မည်။ ဒီနေရာမှ ဒုက္ခ နိရောဓော သဘော ပေါ်လာသည်။ [နှာ–၃၉၃] ဒုက္ခသစ္စာကို ဉာဏ်က ပိုင်ပိုင်နိုင်နိုင် သိသွားသော ပုဂ္ဂိုလ်သည် ဤဒုက္ခသစ္စာ ခန္ဓာကြီးကို စွန့်ပစ်ချင်သော သဘော ပေါ်လာသည်။ သစ္စာဉာဏ်ရှိသော သူသည် ဤခန္ဓာကြီးကို သိမ်းပိုက်ပြီး အလိုလိုက်၊ အကြိုက်ဆောင်ချင်စိတ် မရှိတော့ပါ။ လွှင့်ပစ်ချင်သောစိတ်သာ ရှိပါတော့သည်။ စွန့်ပစ်ချင်သော ဉာဏ်သည် မဂ်ဉာဏ်အစစ် ဖြစ်သည် ဆို၏။ [နှာ–၃၉၄] ယခု ဟောနေတာ တရားနာနည်း ဟောနေတာဆိုသော်လည်း အလုပ်စဉ်ပါသွားပြီးဟု ဆိုသည်။

ဤတရားတွင် ဆရာတော်က အရေးကြီးသော ကိစ္စတစ်ခုကို ရှင်းရှင်းပြတ်ပြတ် ဟောသည်။ ဟောပုံမှာ ***"ဒကာ ဒကာမတွေ ဒီအရေး တရားနာရင်း နိဗ္ဗာန် ရောက်တယ်ဆိုတဲ့ ဥစ္စာ နာရုံနှင့် ရောက်တာ မဟုတ်ဘူး၊ နာရုံသက်သက် နားသက်သက်နှင့် နိဗ္ဗာန်ကို မရောက်ဘူး၊ သောတဒွါရ သက်သက်နှင့် နိဗ္ဗာန်ကို မရောက်ဘူး၊ မနောဒွါရနှင့်မှသာ နိဗ္ဗာန်ကို ရောက်မယ်"*** ဟု ဆိုထားသည်။ [နှာ–၃၉၅] ဤသို့ ဆိုပြီးနောက် တစ်ဖန် ***"ဒကာ ဒကာမတွေ မှတ်စရာက ဩော် တရားနာရုံသက်သက်နှင့် နိဗ္ဗာန် ရောက်တာ မဟုတ်ပါဘူး၊ တရားနာရင်း ဉာဏ်ရ၊ ဉာဏ်ရလို့ ခန္ဓာ ပေါ်လွယ်၊ ခန္ဓာပေါ်လွယ်လို့ ဉာဏ်ထက်၊ ထက်လာလို့ သာလျှင် ဒုက္ခချုပ်၊ ဒုက္ခချုပ်လို့ နိဗ္ဗာန်ပေါ်တာပဲ ဒီဟာမှသာ အမှန်ယူကြပါ"*** ဟု ထပ်ဆိုသည်။ [နှာ–၃၉၈] ကိုယ့်ဉာဏ်ထက်လို့ နိဗ္ဗာန် ရောက်တာ၊ တရားနာလို့

ရောက်တာ မဟုတ်ကြောင်း ထပ်ဟောသည်။ [နှာ-၃၉၉] တရားနာပြီး သာဓုခေါ်ရုံဖြင့် မပြီးကြောင်း ဉာဏ်ကို ခန္ဓာထဲ လွှတ်ရဦးမည် ဖြစ်ကြောင်း ဟောပြန်သည်။ [နှာ-၄၀၀]

ဤကဲ့သို့ တရားနာနည်း အလုပ်ပေးတရားကို ရှေ့ပိုင်းက ဟောပြီးမှ တရား စကြပါစို့ဟု ဆိုသည်။ [နှာ-၄၀၄] ရှေ့ပိုင်းမှာ ဒေဝဒူတသုတ်ကို ဟောသည်။ မြတ်စွာဘုရားက ငါ ဘုရားဖြစ်၍ ရလာသော ဒိဗ္ဗစက္ခု နတ်မျက်စိဖြင့် ကြည့်လိုက်သောအခါ အပါယ် သွားနေကြသော သတ္တဝါများကိုရော၊ သုဂတိ သွားနေကြသော သတ္တဝါတွေကိုရော မြင်ကြောင်းကို ဟောလို၍ ဒေဝဒူတသုတ်ကို ဟောသည်။ သေမင်းတမန်သုတ်ဟုလည်း ဆိုနိုင်သည်။ လူတစ်ယောက် သေပြီး ငရဲရောက်သွားသောအခါ ဘယ်လို ဘယ်ပုံ ယမမင်းထံ အစစ်အဆေးခံရကြောင်းကို ဟောသော သုတ္တန်ဒေသနာ ဖြစ်သည်။ ငရဲကျသူကို ငရဲထိန်းများက ဖမ်းပြီး ယမမင်းထံ ပို့သည်။ ယမမင်းက ထိုသူကို စစ်ဆေးသည်။ ဘဝ တစ်လျှောက်လုံး လူမမယ် ပုခက်တွင်း ကလေးငယ်ဘဝမှ အိုမင်း မစွမ်းသော အရွယ်တိုင်အောင် သံဝေဂ ရစရာ၊ ခန္ဓာ ဒုက္ခသစ္စာကို မြင်စရာ ဉာဏ်သွင်းစရာတွေ အကြိမ်ကြိမ် ကြုံဖူးပါလျက် ဉာဏ် မသွင်းတတ်ပုံကို ပြသော တရား ဖြစ်သည်။ လူသား မေ့လျော့ခြင်းဖြင့်သာ နေခဲ့သဖြင့် သံဝေဂဉာဏ် တစ်ခါမှ မပေါ်ခဲ့ပုံကို ပြသည့် တရား ဖြစ်သည်။ မေ့ပြီး နေခဲ့ကာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရဖြင့် အချိန်ကုန်ခဲ့ခြင်း ဖြစ်သည်။ [နှာ-၄၁၂] အချိန်ကုန်နေခဲ့သည့်အတွက် ဒုက္ခသစ္စာကို သူ ရသည်။ သင်္ခါရနှင့် ဝိညာဏ် စပ်သွားပြီ။ စပ်သွားတော့ ခန္ဓာငါးပါး သူ ရသည်။ ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဒုက္ခသစ္စာ ဖြစ်ပုံကို ပြသည်။ ပစ္စုပ္ပန် ခန္ဓာငါးပါး ဖြစ်သည်။ ဘာကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကို ရသလဲ၊ အတိတ်ဘဝက မေ့ပြီး လုပ်မိလုပ်ရာ လုပ်ခဲ့၍ ဖြစ်သည်။ ယမမင်းက ကလေးဘဝဟာ သေမင်းတမန် ဖြစ်ကြောင်း၊ သင့်ကို သတိပေးနေတာ၊ ဒုက္ခသစ္စာ ရထားတာကို ပြနေတာကိုပင် သင်မေ့နေသဖြင့် မမြင်မိခဲ့ပုံကို ပြသည်။ ဒီကလေး၊ သေမင်းတမန်ကို ကြည့်ပြီး ဒုက္ခသစ္စာ လွတ်ကြောင်း ဝိပဿနာအလုပ်ဖြင့် မင်္ဂဆိုက်အောင် လုပ်မှုပဲဆိုသော ဉာဏ် သင့်မှာ မပေါ်ခဲ့ဘူးလားဟု ယမမင်းက မေးပုံ၊ ကျွန်တော် မေ့နေ၍ မပေါ်ခဲ့ဘူးကြောင်း ဖြေရပုံကို ရှင်းပြသည်။ [နှာ-၄၁၄] မေ့တာက အဝိဇ္ဇာ၊ သားရေး သမီးရေး စီးပွားရေး လုပ်တာက သင်္ခါရ၊ ဒါကြောင့် သေသည်၏ အခြားမဲ့၌ ခန္ဓာငါးပါး ဒုက္ခသစ္စာကြီးကို ရသည်။ ယမမင်းဟာ မောင်မင်း၏ မေ့ပြစ်ကို မောင်မင်းသာ ခံပေတော့ဟု ဆုံးဖြတ်ချက် ချလိုက်

သည်။ ဆရာတော်က ဒါကြောင့် ကလေးကို မြင်တိုင်း ခန္ဓာဇာတ်သိမ်းသော ဝိပဿနာ အလုပ်ကို လုပ်တော့မည်ဟု နှလုံးသွင်းပါဟု တိုက်တွန်းထားသည်။ [နှာ-၄၁၉]

ထိုမေးပြစ်ကို ယမမင်းက ပြပြီး နောက်တစ်မျိုး စစ်ပြန်သည် ဆို၏။ လူအိုကြီးတွေကို ပြပြီး စစ်မေးခြင်း ဖြစ်သည်။ အိုခြင်း ဆင်းရဲကို မြင်သောအခါ ဤဒုက္ခမှ ကျွတ်အောင် ဝိပဿနာအလုပ်ကို လုပ်မှပဲဟု သင် ဉာဏ်မပေါ်ခဲ့ဘူးလား ဆိုတော့ ကျွန်တော် နှလုံး မသွင်းမိပါဘူး၊ မေ့ခဲ့ပါတယ်ဟုပဲ ဖြေရသည်။ ဒါဆို မောင်မင်း မေ့ပြစ်ကို မောင်မင်းပဲ ခံတော့ဟု ဆုံးဖြတ်ချက် ချပြန်သည်။ ဒုတိယ အချက် သေမင်းတမန် ဖြစ်သော အိုခြင်း ဒုက္ခကို ပြပြီး စစ်မေးသည်ကို ဟောသည်။ ထို့နောက် တတိယသေမင်းတမန်၊ နာခြင်းဒုက္ခကို ပြပြီး စစ်မေးပြန်သည်။ ကျွန်တော် မေ့ခဲ့ပါသည်ဟုပဲ ဖြေရသည်။ ထို့နောက် ရာဇဝတ်ဆေးသင့်သူကို မမြင်ခဲ့ဘူးလား၊ လောကမှာ အပြစ်ဒဏ်တွေ ကျခံနေရသော ဆင်းရဲကို မမြင်ခဲ့ဘူးလား၊ ဒီဆင်းရဲက လွတ်အောင် ဝိပဿနာအလုပ်ကို လုပ်တော့မည်ဟု နှလုံးမသွင်းခဲ့ဘူးလားဟု မေးပြန်သည်။ ကျွန်တော် မေ့ခဲ့ပါသည်ဟုပဲ ဖြေပြန်ပုံကို ဟောသည်။ ထို့နောက် ယမမင်းက လောကမှာ လူတွေ သေနေကြတာ မင်း မမြင်ခဲ့ဘူးလား၊ ဒီလို သေခြင်း ဆင်းရဲက လွတ်အောင် လုပ်မယ်လို့ မင်း နှလုံးမသွင်းခဲ့မိဘူးလားဟု မေးပြန်သည်။ ကျွန်တော် မေ့ခဲ့ပါသည်ဟုသာ ဖြေရပြန်သည်။ ငါးချက် စစ်မေးပြီး သူက မေ့ပြစ် ချည်း သင့်ခဲ့ပုံကို ဖြေတော့ နောက်ဆုံး ငရဲ အပြစ်ဒဏ် ကျခံရပုံကို ပြသည်။ [နှာ-၄၂၇]

သေမင်းတမန် ငါးပါးကို မြင်တိုင်း ဝိပဿနာ လုပ်ရကောင်းမှန်း သိဖို့ကို ထပ်ဟောပြန်သည်။ ပြီးမှ အလုပ်ပေး တရားကလေး ပေးဦးမည်ဆိုပြီး ဆက်ဟော ပြန်သည်။ [နှာ-၄၃၀] ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို သိလိုက်တာက မဂ္ဂသစ္စာ၊ မဂ်ဉာဏ်ကလေး ဝင်လိုက်တော့ ဝေဒနာနှင့် တဏှာကြားမှာ အဆက် ပြတ်သွားသည်။ တဏှာ မလာတော့လျှင် သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ နောက်ထပ် မလာတော့ပါ။ သမုဒယချုပ်လျှင် ဒုက္ခချုပ်ပြီး နိရောဓသစ္စာ နိဗ္ဗာန် ပေါ်တော့သည်။ ဒီနေရာ မဂ်ပေါ်ဖို့ အရေးကြီးကြောင်း၊ ဒါကြောင့် မြင်စိတ်ပေါ်လည်း မဂ် ဝင်အောင် လုပ်ပေးပါ။ ကြားစိတ်ပေါ်လည်း မဂ် ဝင်အောင် လုပ်ပေးပါ။ မြင်စိတ် ကြားစိတ်က ဖြစ်ပျက်၊ ရှုလိုက်တာက မဂ် ဖြစ်သည်။ ဒုက္ခသစ္စာ နောက်က မဂ္ဂသစ္စာလိုက်တော့ သမုဒယသစ္စာ သေသည်။ [နှာ-၄၃၃] ဒါက မမေ့သော ပုဂ္ဂိုလ်မှ လုပ်နိုင်သည်။

မမေ့သော ပုဂ္ဂိုလ်၌ နိဗ္ဗာန်သည် အလွန် နီးပါသည်။ ဒါကြောင့် မမေ့သော ပုဂ္ဂိုလ် နိဗ္ဗာန် ရောက်သည်ဟု ဟောသည်။ [နှာ–၄၃၄] ဝိပဿနာရှုလျှင် နိဗ္ဗာန် မဝေးဘူးဟု ဆိုသည်။ ဒါကြောင့် ကိုယ့်စိတ် ကိုယ်ရှုတာ တန်ဖိုးရှိသည်။ နိဗ္ဗာန် ရောက်ပုံကို ပြသည်။

ထို့နောက် ဟောနေကျအတိုင်း အပြင် ညှိသည်စိတ်၊ အတွင်း ညှိသည် စိတ်များကို ဝိပဿနာ ရှုအပ်ပုံကို ပြသည်။ ရှုစရာ မရှိလျှင် အိမ်သည် စိတ်ကို ရှုနေဟု ပြသည်။ နှာသီးဝ၌ လေကို မရှုနှင့်၊ ဝင်လေစိတ်၊ ထွက်လေစိတ်ကို ရှုပါဟု ဟောသည်။ ဒါ စိတ္တာနုပဿနာပဲဟုလည်း ဆိုသည်။ ဖြစ်ပျက် မင်္ဂဆိုလျှင် မင်္ဂက ကိလေသာကို ဖြတ်သည်။ တဏှာ၊ ဥပါဒါန်၊ ကံကို ဖြတ်သည်။ အသက် ရှူနေတာ ငါ ရှူတာ မဟုတ်ဘူး၊ ရှူစိတ် ရှိုက်စိတ်က လုပ်တာဟု သိလျှင် ဒိဋ္ဌိ ပြုတ်သည်။ ဒါ ဒိဋ္ဌိသတ်တရားလို့ မှတ်ပါ ဆိုသည်။ [နှာ–၄၃၉] စိတ်၏ ဖြစ်ပျက်ကို မြင်သဖြင့် ငါမဟုတ်၊ ငါ့စိတ် မဟုတ်ကြောင်း ဉာဏ်သက်ဝင်နိုင်သည်။ ဖြစ်ပျက်၊ ဒိဋ္ဌိသတ် တာက မင်္ဂ ဖြစ်သည်။ ဒိဋ္ဌိသေလျှင် ဒိဋ္ဌိ အုပ်ချုပ်သော တဏှာ၊ ဥပါဒါန်၊ ကံ အကုန် သေသည်။ အပါယ် ဇာတိ မလာနိုင်တော့ပါ။ [နှာ–၄၄၀] ကိုယ့်စိတ်ကို ရှုလျှင် မေ့ခြင်း သဘော မဟုတ်တော့ပါ။ ကိုယ့် အသေကိုယ် မြင်ခြင်း ဖြစ်ပြီ။ ခန္ဓာ၏ အနိစ္စကို မြင်ပြီ။ ဖြစ်ပျက်က အနိစ္စ၊ သိတာက မဂ္ဂ ဖြစ်သည်။ ထိုအခါ သမုဒယသစ္စာ ချုပ်သည်။ နောက် ဒုက္ခမလာတော့ ဒုက္ခနိရောဓ နိဗ္ဗာန် ဖြစ်တော့ သည်။ ဒါက မေ့သော ပုဂ္ဂိုလ်၏ အလုပ် ဖြစ်သည်။ မမေ့သော ပုဂ္ဂိုလ်မှာ ဝိဇ္ဇာ ဥဒပါဒိ ဖြစ်ပါသည်။ ဒါက ရှုသော ဉာဏ်၊ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်တော့ အာလောကော ဥဒပါဒိ ဖြစ်သည်။ ဒုက္ခသစ္စာဟု သိသော ဉာဏ်က ဉာဏံ ဥဒပါဒိ ဖြစ်သည်။ မမေ့သော ပုဂ္ဂိုလ်မှာ အပါယ်ပို့သော ကံတွေ အကုန် သေပါသည်။ ဤအကြောင်းကို ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

## ၁၀။ ဒုက္ခကို ဘယ်သူပြုတာတုံး

[ ၁၄–၁၁–၆၁ နေ့က အမရပူရမြို့ ဓမ္မာရုံတွင် ဟောသော တရား ]

မနက်မိုးလင်းသောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ထဲကို ဆွမ်းခံကြွ သွားသည်။ ထိုစဉ် အစေလကဿပနှင့် တွေ့ဆုံကြသည်။ အစေလကဿပသည် အဝတ်မပါသော တက္ကတွန်း ဖြစ်သည်။ သူက မြတ်စွာဘုရားနှင့်တွေ့တော့ မေးခွန်း

ပုစ္ဆာ မေးချင်သည်။ သူက 'အရှင်ဘုရား ဒုက္ခကို မိမိ ပြုတာလား' ဟု မေးသည်။ ဘုရားက မိမိ ပြုတာ မဟုတ်ဘူးဟု ဖြေသည်။ ဒါဆို 'ဒုက္ခကို သူတစ်ပါး ပြုတာလား' ဟု ထပ်မေးပြန်သည်။ မြတ်စွာဘုရားက ဒုက္ခကို သူတစ်ပါး ပြုတာလည်း မဟုတ်ဘူး' ဟု ဖြေပြန်သည်။ သူက ထပ်မေးသည်။ 'ဒါဆို ဒုက္ခကို မိမိ၊ သူတစ်ပါး နှစ်ဦးသား အတူပြုတာလား' ဘုရားက ဒါလည်း မဟုတ်ပါဘူးဟု ဖြေလိုက်ပြန်သည်။ ထိုအခါ ကဿပက 'ဒါဆို ဒုက္ခသည် သူ့အလိုလို ပေါ်တာလား' ဟု မေးပြန်သည်။ ဘုရားက 'ကဿပ ဒီလိုလည်း မဟုတ်ပါဘူး' ဟု ဖြေပြန်သည်။ ထိုအခါ ကဿပက 'ရှင်ကြီး ဂေါတမ၊ ဒါဆို ဒုက္ခကို ရှင်ကြီး ဂေါတမ မသိဘူးလား' ဟု မေးသည်။ ဘုရားက 'ဒုက္ခကို ငါသိသည် ကဿပ' ဟု ဖြေတော်မူသည်။ (ဤတရားကို ရှေ့ပိုင်းမှာ အကျယ် ဟောခဲ့ဖူးပြီ) [နှာ–၄၄၇]

ပဋိစ္စသမုပ္ပာဒ်ကို ပြပြီး သမုဒယသစ္စာ၊ အဝိဇ္ဇာ ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံကြောင့် ဒုက္ခသစ္စာ ဖြစ်ရပုံကို ရှင်းပြသည်။ ဒုက္ခကို မိမိ၊ သူတစ်ပါး လုပ်တာ မဟုတ်။ တဏှာ၊ ဥပါဒါန်၊ ကံ (သမုဒယသစ္စာ) က လုပ်ပုံကို ပြသည်။ [နှာ–၄၅၂] ဒုက္ခကို မိမိ ပြုလို့ မိမိ ခံရတာဟုဆိုလျှင် သဿတဒိဋ္ဌိ ဖြစ်ပုံကို ပြသည်။ [နှာ–၄၅၄] အမှန်မှာ ကိုယ်လုပ်လို့ ကိုယ်ရတာ မဟုတ်။ အကြောင်းရှိလို့ အကျိုးပေါ် ခြင်းသာ ဖြစ်သည်ဟု နားလည်ရမည်။ [နှာ–၄၆၃] ဒိဋ္ဌိဖြုတ်ဖို့ကို ထပ်ခါတလဲ တိုက်တွန်းထားသည်။ ဒိဋ္ဌိကို ဉာဏ်ထဲက ရှင်းထားရမည်ဟု ဆိုသည်။ [နှာ–၄၆၅] ဒုက္ခကို သူတစ်ပါးပြုလို့ ကိုယ်ခံရတာဟု ဆိုလျှင် အကြောင်းအကျိုး ပြတ်သွားသည်။ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားသည်။ အမှန်မှာ သမုဒယအကြောင်းရှိ၍ ဒုက္ခ အကျိုးပေါ်ခြင်းသာ ဖြစ်ပုံကို ရှင်းပြသည်။ [နှာ–၄၇၅] အစေလကဿပ၏ တတိယမေးခွန်းမှာ ဒုက္ခကို မိမိ သူတစ်ပါး နှစ်ဦးသား လုပ်တာလား ဖြစ်သည်။ ဘုရားက မဟုတ်ကြောင်း၊ အကြောင်း သမုဒယကြောင့် အကျိုးဒုက္ခ ဖြစ်ကြောင်း ဖြင့် ဖြေသည်။ [နှာ–၄၇၇]

ထို့နောက် အစေလကဿပ၏ အမေးပုစ္ဆာမှာ ဒုက္ခသည် အလိုလို ဖြစ်တာလား ဖြစ်သည်။ ဘုရားက မဟုတ်ဘူး၊ အကြောင်းကြောင့် ဖြစ်တာဟု ဖြေသည်။ သမုဒယကြောင့် ခန္ဓငါးပါး ဒုက္ခသစ္စာ ပေါ်ရခြင်း ဖြစ်ပုံကို ဟောသည်။ ဤသို့ ဖြေလိုက်သဖြင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ အကုန် စင်သွားသည်။ [နှာ–၄၈၀]

ထို့နောက် ပဋိစ္စသမုပ္ပာဒ် သိမှု ကျေးဇူးများပုံကို ဟောပြန်သည်။ [နှာ–၄၈၂] ဒုက္ခ မရှိဘူးလား ဆိုသော အမေးမှာ ဘုရားကို စွပ်စွဲသော အမေးဖြစ်သည်ဟု ဆိုသည်။ ခန္ဓာရှိသရွေ့ ဒုက္ခရှိနေမည် ဖြစ်၏။ နောက်ဆုံးမှာ အစေလကဿပက ရှင်ကြီးဂေါတမ ဒုက္ခကို မသိဘူးလားဟု မေးပြန်သည်။ ဘုရားက သိတယ်ဟု ဖြေလိုက်သည်။ ထိုအခါ သိရင် ပြောစမ်းပါဟု လုပ်ပြန်သည်။ ဘုရားက ခန္ဓာ ငါးပါးသည် ဒုက္ခသစ္စာ ဖြစ်ကြောင်းကို ပြသည်။ [နှာ–၄၈၇] ခင်ဗျားတို့ကော ဒုက္ခသိပြီလား၊ သိတဲ့အချိန်ကစပြီး သစ္စာဉာဏ်ရပြီဟု ဆိုသည်။ ပြီးမှ ဒုက္ခဆုံး အောင်သာ လိုက်ကြ၊ ဒုက္ခဆုံးလျှင် နိဗ္ဗာန်ပဲဟု ဟောသည်။ [နှာ–၄၈၉] ဒုက္ခတွေ ဘယ်အချိန် ပျောက်မလဲ မေးလျှင် ဒုက္ခရယ်လို့ အမှန်သိ၊ ကေန်သိလျှင် ပျောက် တယ်ဟု ဆိုသည်။ [နှာ–၄၉၀] ဘုရားက အစေလကဿပ၏ မေးခွန်းများသည် ပဋိသမုပ္ပာဒ်ကို မသိ၍ မေးသော မေးခွန်းများ ဖြစ်ကြောင်း ရှင်းသည်။ ထို့နောက် ယနေ့ ဒိဋ္ဌိ စင်ပါပြီ၊ ဒါကြောင့် ဖြစ်ပျက် ဝိပဿနာ လုပ်ပါတော့ဟု တိုက်တွန်း ထားသည်။ [နှာ–၄၉၁] ဖြစ်ပျက် မသိဘဲနှင့် ဝိပဿနာ လုပ်ဟု ဆိုလျှင် ဘယ်တော့မှ မရဘူးဟုလည်း တိတိကျကျ ဆိုထားသည်။ ဤတွင် အချိန်စေ့၍ တရား ရပ်နား လိုက်သည်။

*

## ၁၁။ ဖွားဖက်တော် အရှင်ဆန္နမထေရ် (၁)

[ ရက်စွဲမပါ။ ဟောရာ ဌာန မပါ။ ]

**[ မှတ်ချက်– အရှင်ဆန္န နှစ်ပါးရှိသည်။ ဖွားဖက်တော် အရှင်ဆန္နက တစ်ပါး၊ ဂိဇ္ဈကုဋ်တောင်ခြေမှာ သိတင်းသုံးသော အရှင်ဆန္နက တစ်ပါး ဖြစ်သည်။ ထိုအရှင်ဆန္နဝတ္ထုကို စာအုပ် အမှတ် (၂၆) တွင် ဟောခဲ့သည်။ ယခု ဖွားဖက်တော် အရှင်ဆန္နဝတ္ထုကိုလည်း ရှေ့တွင် အကြိမ်ကြိမ် ဟောဖူးပြီ။ ]**

ဝိပဿနာ နှစ်မျိုး ရှိပုံ၊ ကုသိုလ် ဖြစ်ရုံ ဝိပဿနာက တစ်မျိုး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် အားထုတ်သော ဝိပဿနာက တစ်မျိုး ဖြစ်ကြောင်း အစချီ လျက် ဤတရားကို ဟောတော်မူသည်။ ဤခန္ဓာကြီးကို အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဟု ဉာဏ်အမြင် မပါဘဲ ပုတီးစိတ်သလို ရွတ်ဆိုနေတာမျိုးက ကုသိုလ် ဖြစ်ရုံ ဝိပဿနာ ဟု မှတ်ပါ။ တကယ်တမ်း ဖြစ်ပျက်နှင့် မဂ်နှင့် ကိုက်အောင် (အာရုံ၊ အာရမ္မဏိက တိုက်ဆိုင်သွားသော) ဝိပဿနာက မဂ်ဉာဏ်ဖိုလ်ဉာဏ် ကျအောင် ကျေးဇူးပြုသော

ဝိပဿနာ ဖြစ်သည်။ ထို့နောက် ပစ္စုပ္ပန် ခန္ဓာပေါ်ပုံ ပဋိစ္စသမုပ္ပာဒ်ကို မသိသဖြင့် ဒိဋ္ဌိ မပြုတ်ဘဲ အားထုတ်သော ဝိပဿနာသည် ဒုဗ္ဗလ (အားနည်းသော) ဝိပဿနာ ဖြစ်သည်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်ဘူးဟု ဆိုသည်။ [နှာ–၄၉၄] ပဋိစ္စသမုပ္ပာဒ်ကို နားမလည်ဘဲ အားထုတ်သော ဝိပဿနာသည် ဖြစ်ပျက်ကို မြင်ချင်လည်း မြင်မည်။ သို့သော် လိုရာခရီးတော့ မပေါက်ဘူးဟု ဆိုသည်။ ခန္ဓာ ဖြစ်စဉ်ကို မမြင်လျှင် အတ္တဒိဋ္ဌိ တဏှာကြောင့် ဖြစ်သည်။ သောတာပတ္တိမဂ်က ဒိဋ္ဌိ ပယ်တာ အဓိက ဖြစ်သည်။ ဒိဋ္ဌိကို ဉာတပရိညာဖြင့် မပယ်နိုင်ဘဲနှင့် ဝိပဿနာ အလုပ်ကို လုပ်နေကြမည် ဆိုလျှင် မဂ်မရဘူးဟု အရှင်ဆန္နကို ဟောတာကြည့်ပါဟု ဆိုထား သည်။ [နှာ–၄၉၅] ဒါကြောင့် ကိုယ့်ဖြစ်စဉ်ကို ကိုယ် မသိဘဲ ဝိပဿနာရှုသော် မရဘူးဟု မှတ်ရမည် ဆိုသည်။ [နှာ–၄၉၆] ဤအရှင်ဆန္နဝတ္ထုကို ထောက်ရှုခြင်း အားဖြင့် ဝိပဿနာဆိုတာ ရမ်းလုပ်လို့ မရကြောင်း ထင်ရှားစေသည်။ [နှာ–၄၉၇] ကိုယ့်ခန္ဓာဖြစ်စဉ်ကို သိဖို့က အရေးကြီးသည်။ ခန္ဓာ အကြောင်းကို သူမသိဘဲ အားထုတ်တော့ ဖြစ်ပျက်ကိုတော့ မြင်သည်။ သို့သော် ခန္ဓာချုပ်တာ (ဖြစ်ပျက် ချုပ်တာ) တော့ သူတစ်ခါမှ မတွေ့ဖူးဘူးဟု ဆိုသည်။ [နှာ–၄၉၉] တဏှာလည်း သူ့မှာ မကုန်ဘူး၊ နိရောဓနိဗ္ဗာန်ကိုလည်း သူ မတွေ့ဘူးပါ။ ခန္ဓာကို ရှုလို့ အပျက် တွေချည်းတွေ့သောအခါ သူ့စိတ်ထဲမှာ ဒါဆို ဘာကို အားကိုးရမလဲဆိုတာ ဝင်လာ သည်။ အတ္တ ဒိဋ္ဌိ ဝင်လာခြင်း ဖြစ်သည် ဆို၏။ ထိုဒိဋ္ဌိကို ပယ်ပြီး သောတာပတ္တိမဂ် ရအောင် ရှက်ဆောင်မည်ဟု စိတ်သန်သန်ဖြင့် လိုချင် တောင့်တမှုရှိလျှင် ဝိပဿနာ ရှုနည်းကောင်းလည်း ရှိဖို့ လိုသည်။ ထို့နောက် အရှင်ဆန္န ဖြစ်ပျက် မြင်ပါလျက် အတ္တ ဒိဋ္ဌိ သူ့မှာ ခံနေသည့်အတွက် နိဗ္ဗာန် မမြင် မဂ်မဝင် ဖြစ်နေပုံကို ဟောသည်။ [နှာ–၅၀၁] ဤဝတ္ထုကို ထောက်ရှုခြင်းအားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မရှုမီ ဒိဋ္ဌိ ကွာမှုကို ရှေ့ထားရမည်ဆိုသော အချက် ပေါ်လာသည်ဟု ဟောသည်။[နှာ–၅၀၂]

ဤတွင် နောက်တစ်ဆင့် နားလည်ရမည်မှာ ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို နားလည် မှု ရှေ့ထားရေး ဖြစ်သည်။ ဤတရားကို နားလည်မှသာ ဒိဋ္ဌိ ပြုတ်သည်ဟု မှတ် ရမည်။ ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို နားလည်သည်နှင့် သိမှုဖြင့် ဒိဋ္ဌိ ပြုတ်သည်။ (ဉာတပရိညာဖြင့် ဖြုတ်သည်ဟု ဆိုလိုသည်။) ဤ ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို သတိပဋ္ဌာန် ပါဠိတော်မှာ အဇ္ဈတ္တံဝါ မိမိ သန္တာန်မှာ ပေါ်လာသော တရားဟု ဆို သည်။ ပဋိစ္စသမုပ္ပာဒ်ဟု မဆိုသော်လည်း မိမိသန္တာန်ပေါ်သော တရားသည်

ပဋိစ္စသမုပ္ပါဒ်ချည်း ဖြစ်ကြောင်း ဤတွင် သုံးသပ်ပြထားသည်။ [နာ–၅၀၄] အရှင်ဆန္န ပဋိစ္စသမုပ္ပါဒ်ကို နားမလည်သဖြင့် ဒိဋ္ဌိ မပြုတ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်နေရာ ကောသမ္ဗီပြည်ကို လိုက်သွားရသည်။ မိမိတို့လည်း အရှင်ဆန္နအဖြစ် မကြုံရဖို့ အရေးကြီးသည်။ ဒိဋ္ဌိ မဖြုတ်ဘဲ မိမိတို့ဘာသာ တရား အားထုတ်နေလျှင်လည်း မဂ်မရဘဲ ရှိနေမည် ဖြစ်သည်။

သတိပဋ္ဌာန် ပါဠိတော်မှာ ဘုရားက ဟောစဉ်အတိုင်း စိတ္တာနုပဿနာက စဟောပုံကို ပြသည်။ သို့သော် ယောဂီက ပေါ်စဉ်က စရပုံကို ဟောသည်။ [နာ–၅၀၆] ဒကာ ဒကာမတွေ တွေးလုံးပိုင်ဖို့လည်း လိုပုံကို ဟောသည်။ [နာ–၅၀၇] ကိုယ့် သန္တာန်မှာ ဖြစ်ပျက်တွေ ပေါ်စဉ်ကို ကိုယ့်ဉာဏ်ဖြင့် မြင်ရမည်။ ဟောစဉ်အတိုင်း ရှုရသည် မဟုတ်။ ပေါ်ရာကိုသာ ရှုရခြင်း ဖြစ်သည်ဟု ရှင်းလင်းစွာ ဟောကြားသည်။ ဝေဒနာထဲမှာတော့ စုံအောင် ဟောထားသည်။ အနုတ္တရစိတ္တံ၊ အနုတ္တရ စိတ္တန္တိ ပဇာနာတိ တော်ပါသေးသည်။ ဒါက ကျုပ်တို့နှင့် ဆိုင်တာ မဟုတ်ဘူးဟု ကွဲပြားစွာ ဟောသည်။ ခုမှ ကကြီး၊ ခခွေးက စရမည့် ပုဂ္ဂိုလ်သည် စာထဲပါတာတွေ အကုန် လျှောက်ရှုနေလို့ မဖြစ်ဘူးဟု ဆိုသည်။ ဒီတော့ မိမိတို့နှင့် ဆိုင်သော လိုရင်း တစ်ကွက်ကိုပဲ ယူရမည်။ ကိုယ်နှင့် ဆိုင်ရာ၊ ကိုယ်ပိုင်ရာကိုသာ ယူရမည် မှတ်ပါဟု ဆိုသည်။ [နာ–၅၀၈] စာထဲမှာ သရာဂစိတ္တံ၊ သရာဂစိတ္တန္တိ ပဇာနာတိလို့ ဟောထားသော်လည်း ရာဂစိတ် မပေါ်နိုင်သော အချိန်မှာ ပေါ်ရာစိတ်က စရှုရပုံကို ပြသည်။ အကြောင်း တိုက်ဆိုင်ပြီး ပေါ်လာသော အကျိုး ဝိညာဏ်စိတ်ကို ရှုရမှာဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကို ရှုရမည်ဟု နားလည် ရမည်။ စိတ္တာနုပဿနာဆိုတာ အကြောင်းတိုက်ပြီး ပေါ်လာသော အကျိုးစိတ်ကို ရှုတာဟုလည်း ရှင်းရှင်းလင်းလင်း ဟောထားသည်။ [နာ–၅၁၀] ပဋိစ္စသမုပ္ပါဒ် အကြောင်း တရားကို ရှုစရာ မလိုဟုလည်း သင်ကြားထားသည်။ မှတ်ရ လွယ်အောင် ဟောတော်မူသည်။ ဟောစဉ်နှင့် ခန္ဓာ ဖြစ်စဉ် ခြားနားပုံကို ခွဲပြသည်။ ဖြစ်စဉ်အတိုင်း လိုက်ဖို့လည်း တိုက်တွန်းထားသည်။ [နာ–၅၁၃] ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး၊ (ပဋိစ္စသမုပ္ပါဒ်နှင့် ပဋိစ္စသမုပ္ပန္န) ကို သိသဖြင့်လည်း ပုဂ္ဂိုလ် သတ္တဝါစွဲ ဒိဋ္ဌိ ကင်းရှင်းသွားပုံကို ပြပြန်သည်။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းပြီး ရှုတော့ နိဗ္ဗာန် ရောက်နိုင်ကြောင်းကိုလည်း ဟောသည်။ ဤသို့ ထပ်ခါတလဲ ဉာဏ်ထဲ ရှင်းလင်းအောင် ဟောနေခြင်းမှာ ဝိပဿနာ တလွဲဖြစ်မည်စိုးသောကြောင့်ဟု ဆိုသည်။ [နာ–

၅၁၅] ဤသို့ အသေးစိတ် ပြောနေခြင်းမှာ ဆန္ဒမထေရ်လို မဖြစ်ရအောင်လို့ဟုလည်း ဆရာတော်၏ စေတနာကို ထုတ်ဖော် ဟောပါသည်။

ထို့နောက် အကြောင်းတိုက်ဆိုင်မှုအရ စိတ်အစဉ်ပေါ်ပုံကို ပြပြန်သည်။ ပေါ်ရာစိတ်ကို ရှုဉာဏ်နှင့် လိုက်တတ်လျှင် ဖေဟိပဿိကောလည်း ကိုက်သည်။ ဉာဏ်နှင့် အရှိနှင့်လည်း ကိုက်သည်။ ဒါကြောင့် ခန္ဓာခေါ်ရာကို ဉာဏ်နှင့် လိုက်ပါဟု ဆိုသည်။ [နှာ–၅၁၇] ခန္ဓာခေါ်ရာကို ဉာဏ်လိုက်တတ်လျှင် ဝိပဿနာ ဖြစ်ကြောင်းကိုလည်း ရှင်းပြထားသည်။ ပဋိစ္စသမုပ္ပာဒ် ပါပြီးသား ပုဂ္ဂိုလ်မှာ ဒိဋ္ဌိပြုတ်ပြီး ရှုတဲ့အတွက် ဗလဝ ဝိပဿနာဖြစ်ပြီ။ အားကြီးသော ဝိပဿနာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်သော ဝိပဿနာဖြစ်ပြီ။

ထို့နောက် အရှင်ဆန္န ဝတ္ထုကို ပြန်ကောက်သည်။ [နှာ–၅၂၃] အရှင်ဆန္နမှာ ပဋိစ္စသမုပ္ပာဒ် မပါ၍ အတ္တဒိဋ္ဌိ ပြန်ဝင်နေပုံကို ပြသည်။ ဒိဋ္ဌိ မပြုတ်ခဲ့သော အပါယ် လေးပါး မျိုးစေ့ ဘယ်တော့မှ မပြုတ်ဘူးဆိုတာ ဟောလိုခြင်း ဖြစ်ကြောင်း ရှင်းထားသည်။ [နှာ–၅၂၄] ဒိဋ္ဌိ မပြုတ်တာ အပြစ် အကြီးဆုံးပဲဟုလည်း နားထဲစွဲသွားအောင် ထပ်ဟောသည်။ [နှာ–၅၂၅] ဒိဋ္ဌိ အပြစ် ကြီးပုံတွေကို ဟောပြန်သည်။ ဒိဋ္ဌိကြောင့် ပဉ္စာနန္တရိယကံကြီးထိုက်နိုင်ပုံကို ပြသည်။ အဇာတသတ်ကို နမူနာ ပြသည်။ [နှာ–၅၂၇]

ထို့နောက် ကမ္မသကတာဉာဏ်က ဒိဋ္ဌိ မပြုတ်နိုင်ကြောင်း၊ ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို နားလည်မှသာ ဒိဋ္ဌိ ပြုတ်နိုင်ကြောင်း ထပ်ဟောပြန်သည်။ အရှင်ဆန္န ဒိဋ္ဌိ ပြုတ်ဖို့အတွက် အရှင်အာနန္ဒာက ကစ္စာနဂေါတ္တသုတ်ကို ဟောရပုံ ဝတ္ထုကြောင်းကို ပြသည်။ [နှာ–၅၃၁] ပြီးမှ ခန္ဓာပဋိစ္စသမုပ္ပာဒ် အစဉ် တန်းပြီး ဖြစ်ပုံကို ပြသည်။ ထို့နောက် မြင်စိတ်ပေါ်လျှင် မြင်စိတ်ကို ဖြစ်ပျက် ရှုလိုက်ပါက ဝေဒနာ နိရောဓာ၊ တဏှာနိရောဓော ဖြစ်ပြီး ပဋိစ္စသမုပ္ပာဒ် ပြတ်ပြီး ချုပ်ပုံကို ဟောသည်။ အကြောင်း ချုပ်လျှင် အကျိုး ချုပ်ပုံကို ဟောသည်။ ဟောနေကျအတိုင်း ဟောသည်။ ပြီးမှ အကြောင်း သမုဒယသစ္စာချုပ်လျှင် အကျိုးခန္ဓာ ဒုက္ခသစ္စာ မလာနိုင်ပုံကို ဟောသည်။ ဒုက္ခသစ္စာကို သိသော မဂ်ဉာဏ်သည် ရှုသော ပုဂ္ဂိုလ်မှာ ပေါ်သည်။ ဒိဋ္ဌိ ပြုတ်ပြီးမှ ရှုသော ဝိပဿနာသည် ဗလဝ ဝိပဿနာ ဖြစ်ပုံကို ထပ်ဟောသည်။ ဤတွင် အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

*

၁၂။ ဖွားဖက်တော် အရှင်ဆန္နမထေရ် (၂)

[ နေ့စွဲမပါ၊ ဘယ်မှာဟောကြောင်း ဖော်ပြထားခြင်း မရှိပါ။ ]

မြတ်စွာဘုရား:က ရင်ဝ လှံစူးထိပ်ဦး မီးလောင်တာ ဖြည်းဖြည်းမှ ငြိမ်းသတ်ပါ။ သက္ကာယဒိဋ္ဌိ ပယ်သတ်မှုကို အရင် ဦးစားပေးပြီး လုပ်ပါဟု ဟောကြားတော်မူခဲ့ပုံကို အစချီ၍ ဤတရားကို ဟောကြားတော် မူပါသည်။ သံယုတ် ပါဠိတော်မှာ လာပါသည်။ သက္ကာယဒိဋ္ဌိ ပယ်မှုကို ပေါ့ပေါ့ဆဆ မလုပ်ကြဖို့ကို နေ့စဉ် ဆရာတော်က သတိပေး၍ ဟောကြားနေပါကြောင်း ဟောသည်။ [နှာ-၅၄၀] သက္ကာယဒိဋ္ဌိနှင့် တခြား ဒိဋ္ဌိတွေ မပြုတ်ဘဲနှင့် သောတာပတ္တိမဂ်မှာ မတည်နိုင်ပါ။ တဏှာ ကုန်ချင်ကုန်နေပါစေ ရသည်။ ဒိဋ္ဌိ ပြုတ်မှသာ ပြီးပါသည်။ ဒိဋ္ဌိ ဖြုတ်သောနည်းမှာ ပထမ မိမိတို့ သန္တာန်မှာ ခန္ဓာပဋိစ္စသမုပ္ပာဒ် ပေါ်တာကို သိရမည်။ ပဋိစ္စသမုပ္ပာဒ် အစဉ် တန်းသွားပုံကိုသိရမည်။ သိမှ ပြီးသည်။ သိလျှင် ဝိပဿနာဉာဏ် ဖြစ်ပြီ။ မြင်စိတ်၊ ကြားစိတ်ပေါ်တာက စပြီး သိလိုက်လျှင် ဝိပဿနာ မဂ်ဉာဏ်ဖြင့် တားပြီး ဖြစ်သည်။ ဒါကြောင့် ဒိဋ္ဌိ ပြုတ်သည်ဟု ဟောထားသည်။ [နှာ-၅၄၁] အဖြစ်ကို သိလိုက်လျှင် အပျက်ပါသွားပြီ ဖြစ်၏။ ထိုအခါ ဖြစ်ပျက်ကို မြင်သိသော ဝိပဿနာဉာဏ် ဖြစ်ပေါ်လာသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်က ဝိညာဏ် စိတ်ကလေးကို ဒိဋ္ဌိ စင်အောင် သုတ်သင်ပေးသည်။ 'ဝိသောဓိတေသု' ဆိုတာ ငါ့စွဲ သက္ကာယဒိဋ္ဌိကို စင်အောင် သုတ်သင်ပေးခြင်း အနက်ရသည်။ [နှာ-၅၄၃] အပါယ်လေးပါး တံခါး ပိတ်ချင်လျှင် မိမိ သန္တာန်မှာ လာသော ပဋိစ္စသမုပ္ပာဒ် ဓမ္မကလေးတွေကို သိလိုက် အဲဒါ ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်တော့သည်။ [နှာ-၅၄၅]

ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုသောအခါ ရှေ့စိတ် ချုပ်ပျောက်သွားတာကိုသာ နောက်စိတ်က သိရပုံကို ရှင်းပြသည်။ ဒါကြောင့် ဖြစ်ပျက်ရှုနေသော ပုဂ္ဂိုလ်မှာ သက္ကာယဒိဋ္ဌိကို သုတ်သင်ပြီးသား ဖြစ်ကြောင်း ဟောသည်။ ထို့နောက် ဖြစ်ပျက်ကို မြင်သော ဥဒယဗ္ဗယဉာဏ်ကို ရောက်လျှင် ဒိဋ္ဌိကို သုတ်သင်ပြီးသား ဖြစ်နေပြီဟု ဆိုသည်။ [နှာ-၅၄၆] အရှုခံတရားကို ရှုဉာဏ်ဖြင့် မှီအောင် ရှုလိုက်နိုင်လျှင် သက္ကာယဒိဋ္ဌိ သုတ်သင်ပြီးသား ဖြစ်သည်ဟုလည်း ဟောသည်။ ပဋိစ္စသမုပ္ပာဒ် စပေါ်တာရယ်၊ ပျက်သွားတာရယ်ကို သိလိုက်ကာမျှဖြင့် သက္ကာယဒိဋ္ဌိ ပြုတ်သည်။ ပဋိစ္စသမုပ္ပာဒ် စပေါ်တာ ပုဂ္ဂိုလ်သတ္တဝါ ပေါ်တာ မဟုတ်။ ဓမ္မ ပေါ်တာမှန်း သိလျှင် သက္ကာယဒိဋ္ဌိ ပြုတ်နေပြီ။ ဖြစ်ပျက်ကို မိနေသော ယောဂီ အပါယ်ကျလိမ့်မယ်လို့ မပူနှင့်တော့ဟု ဆိုသည်။ [နှာ-၅၄၈] ဖြစ်ပျက်ကို သိလျှင် တဏှာ

ပရိညာဖြင့် သက္ကာယဒိဋ္ဌိ ကွာပြီးသား ဖြစ်သည်။ ခန္ဓာဒိသု ဝိသောဓိသေသု ပစ္စာဝိပဿနာဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိကို ဖြုတ်ပြီးသည့်နောက် ဘူမိလဒ္ဓဉာဏ်၏ တည်ရာကို ရပါသည်။ [နှာ-၅၅၁] ဝိပဿနာဉာဏ်က သက္ကာယဒိဋ္ဌိကို ဖြုတ်ပြီး ဖြစ်သောကြောင့် လောကုတ္တရာမဂ်ပေါ်ဖို့ပဲ ရှိတော့သည်။ ဝိပဿနာဉာဏ်က အမိုက်တွေ ပုံထားပြီး ဖြစ်၍ မဂ်က မီးရှို့ရုံသာ ကျန်တော့ကြောင်း ဟောသည်။ [နှာ-၅၅၂] မဂ်သမ္မာဒိဋ္ဌိက ဒိဋ္ဌိကို အမြစ်ပြတ် သုတ်သင်သည်။ ဝိပဿနာ သမ္မာဒိဋ္ဌိက ဒိဋ္ဌိလည်း ပယ်သည်။ သံသရာစခန်းလည်း ဖြတ်သည်။ တဏှာ၊ ဥပါဒါန်၊ ကံ မလာအောင် ဝိပဿနာ သမ္မာဒိဋ္ဌိက ဖြတ်ပေးခြင်း ဖြစ်သည်။ [နှာ-၅၅၆] ဝိပဿနာဉာဏ်က နှစ်ကိစ္စကို ဆောင်ရွက်သည်။ မဂ်မရသေးသော ပုဂ္ဂိုလ် အားထုတ်သူ ပုဂ္ဂိုလ်မှာ ဖြစ်ပျက် ပျောက်တာ မြင်လျှင် မဂ်သမ္မာဒိဋ္ဌိ ရသည်။ မဂ်ရပြီး ပုဂ္ဂိုလ်မှာ ဖြစ်ပျက် ချုပ်ဆုံးတာကို မြင်လျှင် ဖိုလ်သမ္မာဒိဋ္ဌိ ဖြစ်သည်။ [နှာ-၅၅၇] မဂ်သမ္မာဒိဋ္ဌိပေါ်လျှင် နာမ်ရော ရုပ်ရော ချုပ်သည်။ နာမ်တရား ရုပ်တရားတို့သည် တစ်ခုနှင့် တစ်ခု အညမညအားဖြင့် ကျေးဇူးပြုနေကြသည်။ နာမ်ချုပ်လျှင် ရုပ် ချုပ်သည်။ ရုပ် ချုပ်လျှင်လည်း နာမ် ချုပ်သည်။

ထို့နောက် ဝိပဿနာ သမ္မာဒိဋ္ဌိကို ပြင်းပြင်းထန်ထန် အားထုတ်လျှင် မဂ်သမ္မာဒိဋ္ဌိ အလိုလို လာသည်ဟု ဟောသည်။ [နှာ-၅၆၅] ထို့နောက်မှ အရှင်ဆန္နဝတ္ထုကို ဆက်ဟောသည်။ ကောသမ္ဗီပြည်မှာ အရှင်အာနန္ဒာနှင့် အရှင်ဆန္နသွားတွေ့တော့ အရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ်ကို နားမလည်မှုကြောင့် အရှင်ဆန္နမှာ အတ္တဒိဋ္ဌိ မကွာဘဲ ဖြစ်နေပုံကို သိပြီး သူ့ကို ပဋိစ္စသမုပ္ပါဒ် နားလည်အောင် သင်ပေးပုံကို ဆက်ဟောသည်။ ဘုရားက ကစ္စာန ဂွယ်ဝင် ရဟန်းကို ဟောသော ပါဠိတော်ကို ထုတ်ပြပြီး ဟောသည်။ လောကထဲမှာ အတ္ထိကဋ္ဌဆိုသော သဿတဒိဋ္ဌိနှင့် နတ္ထိကဋ္ဌဆိုသော ဥစ္ဆေဒဒိဋ္ဌိ ရှိကြောင်း လူတွေသည် ထိုဒိဋ္ဌိ နှစ်မျိုးအနက် တစ်မျိုးမျိုးကို စွဲယူထားတတ်ကြကြောင်း၊ သင်္ခါရလောကကြီး၏ ဖြစ်ပုံကို သိနေလျှင် ဥစ္ဆေဒဒိဋ္ဌိ မဖြစ်နိုင်ပုံ။ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ် တန်းနေတာသိလျှင် အစဉ်မပြတ်ဖြစ်တာ သိသည်။ ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်သည်။ ထို့နောက် သင်္ခါရလောက၏ အပျက်ကို မြင်ပြန်လျှင်လည်း သဿတဒိဋ္ဌိ စင်ပါသည်။ [နှာ-၅၇၀]

ဤတွင် ဆရာတော်က ပဋိစ္စသမုပ္ပါဒ်ကို မသိဘဲနှင့် ဒိဋ္ဌိ မကွာဘူးဟု ထပ်မံပြီး အလေးအနက် ဆိုပြန်သည်။ [နှာ-၅၇၁] ဤတရားကို ထောက်ရှုခြင်းအားဖြင့် အဖြစ်ကို သိလျှင် ဥစ္ဆေဒဒိဋ္ဌိ စင်သည်။ အပျက်ကို သိလျှင် သဿတဒိဋ္ဌိ

စင်သည်။ ဒါကြောင့် ဖြစ်ပျက်ကို သိလျှင် ဒိဋ္ဌိ စင်သည်ဟု ပြတ်သားစွာ ဆိုထားခြင်း ဖြစ်သည်။ [နှာ–၅၇၂] ဒိဋ္ဌိ ပြုတ်သွားမှ ခန္ဓာထဲမှာ ဒုက္ခ ဖြစ်၍ ဒုက္ခချုပ်တာပဲ သိသော သစ္စာဉာဏ် ဝင်လာသည်ဟု ဟောပါသည်။ ဒုက္ခသစ္စာကို သူတစ်ပါး ပြော မဟုတ်ဘဲ ကိုယ်တိုင်သိ ဖြစ်သွားသည်။ ထိုအခါ ဒိဋ္ဌိရော၊ ဝိစိကိစ္ဆာပါ အားလုံး စင်သွားသည်။ ထိုအခါကျမှ သမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါးလုံး ဝင်သည်။ [နှာ–၅၇၄] ဖြစ်ပျက်ကို မြင်လျှင် အစွန်းလမ်းနှစ်ခုကို ပယ်ပြီး အလယ်လမ်း မဇ္ဈိမ ပဋိပဒါကို ရောက်သွားကြောင်းကိုလည်း ဟောသည်။ ခန္ဓာထဲမှာ ဖြစ်ဒုက္ခ၊ ပျက် ဒုက္ခမှတစ်ပါး ဘာမှ မရှိဘူးဟု ယူလိုက်လျှင် အလယ်လမ်း ရောက်ပြီ ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ–၅၇၅] ဤတွင် အရှင်ဆန္နကလည်း အရှင်အာနန္ဒာ ဟောစဉ်မှာပင် ခန္ဓာကို ဉာဏ်စိုက်ပြီး ရှုသည်။ ထိုအခါကျမှ သူ့ဉာဏ်ထဲမှာ ခန္ဓာ၏ ဒုက္ခသစ္စာကို ပိုင်ပိုင်သိပြီး မဂ်သမ္မာဒိဋ္ဌိ ဝင်လာတော့သည်။ ဒုက္ခနိရောဓာ နိဗ္ဗာန်လည်း ပေါ် လာတော့သည်။ [နှာ–၅၇၇] ရှေ့က ဒုက္ခနိရောဓာ နိဗ္ဗာန် ပေါ်လာတော့ နောက်က တဏှာ နိရောဓာနိဗ္ဗာန် ပေါ်လာသည်။ တစ်ပြိုင်နက် ပေါ်လာသည်။[နှာ–၅၇၈]

ထို့နောက် မဂ်သည် ဘာဝေတဗ္ဗကိစ္စ ပွားများရသော ကိစ္စရှိသည်ဆိုရာ၌ ဝိပဿနာ မဂ်ပဲ ပွားများရသည်။ လောကုတ္တရာမဂ်က တစ်ကြိမ်ပဲ ဖြစ်ကြောင်း ဟောသည်။ မဂ္ဂဘိညာသကိံမတာဟု ဟောသည်။ မဂ္ဂင်ရှစ်ပါး တစ်ပြိုင်နက် အသီးသီး အလုပ်လုပ်ကြတာကို ပွားများသည်ဟု ဆိုခြင်း ဖြစ်ကြောင်း ဟောပြန် သည်။ [နှာ–၅၈၀] မဂ်ကိစ္စက တစ်ကြိမ်တည်း ဖြစ်သည်။ မဂ္ဂသဿ ဧ ဧ စိတ္တက္ခ ဏိဿ အရှင်ဆန္နသည် အရှင်အာနန္ဒာဟောသော ဒေသနာဉာဏ်ကို ယူပြီး သူ့ခန္ဓာ ကိုယ်ဘက်ကို လှည့်ရှုလိုက်သည်။ ဒေသနာကို အစဉ် လျှောက်သဖြင့် ပေါ်လာသော မိမိဉာဏ်ဖြင့် ခန္ဓာကို လှည့်လိုက်ခြင်း ဖြစ်သည်။ [နှာ–၅၈၆] ခန္ဓာထဲမှာ ဖြစ်ပျက် ကို မြင်ပြီးနောက် ဉာဏ်တက်လာသောအခါ လောကုတ္တရာမဂ်ဉာဏ် ပေါ်လာသည်။ ထို့နောက် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံခါနီးမှာ ကောင်းစွာ ကျင့်ကြံမှု ရှိနေကြလျှင်ဖြင့် ဘယ်အခါမှ ရဟန္တာ မဆိတ်သုဉ်းဘူးဟု ဟောတော်မူခဲ့ ကြောင်းကို ဟောသည်။ ဒါကြောင့် ဉာဏ်နံ့သောသူပင် ဖြစ်စေ အားထုတ်မှု ရှိပါက ဒုတိယဘဝမှာ ရနိုင်သည်။ မည့်သော ပုဂ္ဂိုလ်ဖြစ်လျှင်ကား ယခုဘဝမှာပင် တရားထူး ရနိုင်ကြောင်း နည်းလမ်းတကျ ကြိုးစား အားထုတ်မှုသာ ရှိဖို့လိုကြောင်း ဟောရင်း အချိန်စေ့၍ တရားကို ရပ်နားလိုက်သည်။

၀

ဤတွင် အလုပ်စဉ် တရား စာအုပ်အမှတ် (၃၉) ပြီး၏။

နိဂုံး

မိုးကုတ်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ဟောကြားတော်မူခဲ့သော ဝိပဿနာ အလုပ်စဉ်တရားများကို စာအုပ်အဖြစ် ရိုက်ထုတ်ခဲ့သည်မှာ ဤစာရေးသောအချိန်က စာအုပ်ပေါင်း ၃၉ အုပ် ထုတ်ဝေပြီး ရှိပါသည်။ ဒါကြောင့် အလုပ်စဉ်တရား စာအုပ် ၃၉ အုပ် အနှစ်ချုပ်ဟု ဤစာကို အမည်ပေးခဲ့ပါသည်။ သို့သော် ရေးနေစဉ် နောက်ထပ် စာအုပ်များလည်း ပုံနှိပ်ပြီး ထွက်လာပါသည်။ သို့သော် ဖတ်ကြည့်သောအခါ ဆရာတော်၏ ဟောစဉ်တရားများသည် ဤ ၃၉ အုပ်မျှဆိုလျှင်ပင် နောက်ထပ် အပို ဖြည့်စွက်စရာ မရှိ ပြည့်စုံနေပြီ။ အကြောင်းအရာများလည်း ထပ်နေပြီ ဖြစ်၍ နောက်ထပ် ဖြည့်စွက်စရာ မလိုတော့ဟု သိမြင်နားလည်လာပါသည်။ ထို့ကြောင့် ဤစာကို အတွဲ ၄ တွဲဖြင့် (တစ်တွဲလျှင် ၁၀ အုပ် အကျဉ်းချုပ်) နှုန်းဖြင့် အနှစ်ချုပ် ရေးသားလိုက်ရပါသည်။

၁၃၆၂ ခု၊ တော်သလင်းလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဤစာကို ရေးသားခြင်းကိစ္စ ပြီးပါသည်။

ခန္ဓာဉာဏ်ရောက် သစ္စာအမြင် ပေါက်ကြပါစေ။

ဆန်းလွင်